ရန်ကုန်မြို့ သမိုင်းရပ် မရမ်းခြံ

အောင်ဓမ္မရိပ်သာ

အောင်မင်္ဂလာဆရာတော်ဘုရား

၏

# ဝိပဿနာ
# အောင်
# ဓမ္မဒေသနာ

ဓမ္မ ဒါန



ကျေးဇူးရှင်
အောင်မင်္ဂလာ ဆရာတော်ဘုရား၏ပုံ

၂၁၀၉၃
ရန်ကုန်မြို့ သမိုင်းရပ် (သားရေစက်ရုံကျောင်းကတ်) မရမ်းခြံ

အောင်မြေမြို့ ...
အောင်မင်္ဂလာ ဆရာတော်ဘုရား
ဟောကြားတော်မူအပ်သော

# ဝိပဿနာ
# ပေါ်ရောင်

ဓမ္မဒေသနာ

ကိုယ်တွေ့ဉာဏ်မြင် ခေတ်မြောက်ပါး အခြေခံသည့်
တရားတော်များ
ဒုတိယတွဲ

ဗုဒ္ဓသာသနာ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
သာသနာ ၂၅၂၀။ ကောဇာ-၁၃၃၈။

၄|၄၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၁၀၃၄[illegible])
ကင်းလွတ်ခွင့်အမှတ်(၀၄၁၃၁)

**ထုတ်ဝေသူ-ဦးနန္ဒိယ**

အောင်ခမ္မရိပ်သာ၊ သမိုင်းရပ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ-ဦးသန်းမောင်**

ပုံနှိပ်သူမှတ်ပုံတင်အမှတ်(၀၇၉၄)

ဣစ္ဆာသယ ပိဋကတ်စာပုံနှိပ်တိုက်

အမှတ်-၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

အဖုံး- ကာလာမောင်ဝင်း ပုံနှိပ်တိုက်တွင် ရိုက်သည်
အမှတ်-၁၂၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

# ဓမ္မဒါန

(ဒုတိယအကြိမ်) **စာအုပ်ရေ-၁၅၀၀။**

၁၃၃၉-ခု၊ သီတင်းကျွတ်လ။ ၁၉၇၇-ခု၊ အောက်တိုဘာလ။

# နိဒါန်း

အန္ဓိဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။ ဒေသနာအရ ဉာဏ်ဖြင့်ကြည့်သော် ဘယ်ကလာ၍ ဘယ်ကို သွားရမှန်းမသိ အကန်းအတိ ဖြစ်နေသော လူသား ရောင်လည်လည်ဖြစ်နေသော သတ္တဝါတို့အား ရင်ဝယ်သားသို့ ပမာမခြား သနားတော်မူသော ကရုဏာရှင် လူထူးလူမြတ် ဖြစ်တော်မူသော ဗုဒ္ဓ ဘဘုရားသည် ဒုက္ခနယ်သား သတ္တဝါ များတို့အား လက်ကိုဆွဲကာ ဤလမ်းကိုလျှောက် ဘေး ကင်းရာသို့ကေန်ရောက်လိမ့်မည်ဟုလမ်းပြသည့်ပမာလေးဆယ့် ငါးဝါ နှစ်ရှည်ကြာအောင် ဓမ္မခန္ဓာ အဖြာဖြာကို သချာ ထုတ်ဖော် ဟောကြားမိန့်မှာတော်မူခဲ့လေပြီ။

မျက်စိလည်လမ်းမှား ခရီးသွားယောကျ်ားအား လက်ကို ဆွဲကာ ဤလမ်းကိုလျှောက် ဘေးကင်းရာရောက်လိမ့်မည်ဟု လမ်းပြသူကဲ့သို့၎င်း၊ မျက်စိနှစ်ကွင်း အလင်းမရသူ သူကန်းကို မျက်စိနှစ်ကွင်း အလင်းရအောင် မျက်စိမြင်ဆေး မျက်စဉ်း ခပ်၍ပေးသူ ဆေးဆရာကြီးကဲ့သို့၎င်း၊ ဘယ်ကလာ၍ ဘယ်ကို သွားရမှန်းမသိ ရောင်လည်လည်ဖြင့် မျက်စိလည်လမ်းမှား နေသူ သုံးတိုက်ဘုံသား သတ္တဝါအစားစားတို့အား ရင်၌ ဖြစ်သူ ရာဟုလာသားကဲ့သို့ သနားတော်မူသော ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် လမ်းပြသူအလား ဆေးဆရာကြီးပမာ လေးဆဲ့ငါးဝါ ကာလကြာအောင် ဓမ္မလမ်းညွှန် ဓမ္မဆေး

တော်များကို ကိုယ်တော်တိုင် ဟောကြား၍ ကိလေသာ အပူနာကင်းပျောက်၍ ချမ်းသာ မြေခြင်းသို့ ရောက်ကြပါ စေခြင်းအကျိုးငှာ သောက်သုံးကြဘို့အရေး အလပ်ထပ် သတိပေး၍ တိုက်တွန်းဟောကြားတော်မူခဲ့ပေသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ ဓမ္မဆေးတော်များကား သိလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များပင် ဖြစ် ပေ၏။

ထိုဓမ္မဆေးတော်များကို ရှေးဦးစွာ ဖော်ထုတ်၍ ပေးသူ ဆေးမှူးကြီးဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်ကား ကွယ်လွန် ခဲ့လေပြီ၊ ယခုအခါ၌မူကား ထိုဓမ္မဆေးနည်းကျော်များ သည် ဆေးကျမ်း အစောင်စောင်အလား ပိဋကတ်တော် ကျမ်းစာများ၌သာ ထင်ရှားစွာရှိနေပေသည်။

ပိဋကတ်စာပေတွင် အထင်အရှား ရှိနေလင့် ကစား ထိုဆေးစာကို ရွတ်ဘတ် ဟောပြော၍ နေခြင်းဖြင့်ရင်း၊ ဆေးနည်းညွှန်းအတိုင်း ဆေးမျိုးစုံကို ဖော်စပ်၍ သိမ်း ဆည်း ထားကာမျှဖြင့်ရင်း ကိုယ်၌ ကျရောက်နေသော ဘေးရောဂါ အမျိုးမျိုးကား မကင်းပျောက်နိုင်ကြပေ။ ဆေးညွှန်းအတိုင်း ဖော်စပ်ထားသော ဆေးများမှ အပြင်မှ လိမ်းသင့်သောဆေးကို လိမ်း၍ ရှူသင့်သောဆေးကို ရှူပြီး လျှင် သောက်သင့်သောဆေးကို ရောဂါ မပျောက်မချင်း လိမ်းရှူ သောက်သုံးခြင်းကို အထပ်ထပ် ပြုမှသာလျှင် အနာ ကင်းပျောက် ချမ်းသာခြင်းသို့ ရောက်နိုင်ကြပေသည်။

ထိုနည်း အလားပင် ကိလေသာ ရောဂါ အစားစား တို့သည် ရောဂါသည်သတ္တဝါအများတို့၏ ကိုယ် နှုတ် စိတ် သုံးပါးတို့၌ ကျရောက်၍ နေလေရာ ပိဋကတ်တော်ဆေးဝါး များကို ဖတ် ရွတ် ဟောပြောကာနေရုံမျှဖြင့် ကိလေသာ ပူလောင်သောရောဂါများ မပျောက်ကင်းနိုင်ပေ။ ကိုယ်- နှုတ် နှစ်ပါးတို့၌ ကျရောက်နေသော လွန်ကျူးမှုကိလေသာ ပူလောင်မှုရောဂါကို ပျောက်ကင်းလိုပါမူ သီလ - တည်းဟူ သော ရှောင်ကြဉ်မှုဓမ္မဆေးကို လိမ်းပေးရပေမည်။

စိတ်အစဉ်၌ ကျရောက်နေသော ဆူပွက်မှု ကိလေသာ ပူလောင်မှုရောဂါကို ပျောက်ကင်းလိုပါမူ သမာဓိ - တည်း ဟူသော တည်ငြိမ်မှုဓမ္မဆေးကို ရှူပေးရပေမည်။

ကိုယ်-နှုတ်-စိတ် သုံးပါး ရုပ်နာမ် ၂-ပါးတို့၌ ကျရောက်၍ အမြစ်တွယ်နေသော မျိုးမပျက်မှု ကိလေသာ ပူလောင်မှု ရောဂါကို ပျောက်ကင်းလိုပါမူ ပညာ - တည်းဟူသော မှား-မှန်သိမှု ဓမ္မဆေးကို သောက်သုံးရပေမည်။

ဤသို့ သဘောတရားတို့ကို လက်တွေ့လိုက်နာကျင့်သုံး ကြမှသာလျှင် (ဝါ) သဘောတရားနှင့်လက်တွေ့ တထပ် တည်းကျမှသာလျှင် မိမိတို့၌ကျရောက်နေသော ကိလေသာ ပူလောင်မှု ရောဂါများ ကင်းပျောက်၍ ချမ်းသာခြင်းသို့ ရောက်ရပေမည်၊ ထိုသို့ မဟုတ်ပါက သဘောတရားနှင့် လက်တွေ့ တထပ်တည်း မကျပါက ဘယ်နည်းနှင့်မှ ကိလေသာရောဂါ မပျောက်နိုင်ပေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အရေးအခင်းတို့ကို ရှင်းလင်းစွာ သိမြင်တော်မူသော ကျေးဇူးရှင် အောင်မင်္ဂလာ ဆရာတော်ဘုရားသည် ရန်ကုန်မြို့ သမိုင်းရပ် "အောင်" မေ့ရိပ်သာ၌ သတ္တဝါအစားစား ယောဂီ သူတော်စင်အများတို့အား ကရုဏာမေတ္တာထားလျက်၊ တနင်္ဂနွေနှင့် ဥပုသ်နေ့များတွင် "ကရဇကာယေ ဉာဏံ ဩတာရေတွာ သမဏဓမ္မံ အာရဘတိ" ကိုယ်တွင်း၌ ဉာဏ်သွင်း၍ ရဟန်းတရားကို အားထုတ်၏ဟု လာရှိသည့် စကားအတိုင်း ခန္ဓာ ကိုယ်ရုပ်အတွင်းသို့ သမာဓိစိတ်ကို သွင်းလျက် ရှုပွားစေပြီးနောက် ကိုယ်တွင်း၌ ဉာဏ်ဖြင့် တွေ့မြင်သိရှိရသော ဓမ္မသဘာဝ တရားသဘောတို့ကို အသီးသီးခွဲခြား၍ ဆုံးမ ဟောကြားဆဲပင် ရှိနေပါသည်။

ထိုသို့ ဟောကြား ဆုံးမ တော်မူသော ဓမ္မသဘာဝ တရားအဆီတို့ကို အားထုတ် နာကြားလျက် ရှိကြသော ယောဂီများတို့သာ ခံစားသုံးဆောင်ကြရပေသည်။

တရားရိပ်သာသို့ လာရောက်၍ အားထုတ်မှု နာကြားမှုကို မပြုနိုင်ကြသော ယောဂီ သူတော်စင် အပေါင်းတို့မှာမူ တရားအရသာတို့ကို မစားသုံးကြရပေ။

သို့ဖြစ်၍ ရိပ်သာအတွင်း ဆရာတော်၏ ခြေတော်ရင်းသို့ မလာရောက်နိုင်ကြသော သူတော်စင်အပေါင်းတို့အားလည်း တရား အရသာတို့ကို စားသောက် သုံးဆောင်ကြရလေအောင် အပတ်စဉ် ဟောကြားထားသော တရားတော်တို့ကို စုပေါင်း၍ ဓမ္မစာစောင် အဖြစ်ဖြင့် ပုံနှိပ်

ထုတ်ဝေခွင့် ပြုပါမည့်အကြောင်းဖြင့် ရိုသေစွာ ခွင့်တောင်း လျှောက်ထားသော (သာသနာ့) အကျိုးတော်ဆောင် ဦးလှမြင့်၏ လျှောက်ထား တောင်းပန်မှုကို (အရင်းပြု၍) ငဲ့ညှာ ထောက်ထား သနားသောအားဖြင့် ဤမမ္မစာစောင် ဒုတိယတွဲကို ထုတ်ဝေခြင်းအမှု ပြုလိုက်ရပါကြောင်း။

**အထူးတောင်းပန်လွှာ-**

ဤ မမ္မစာစောင်တွင် ပါရှိသော တရားတော်များသည် တိတ်ခွေမှတဆင့် ကူးယူ ရေးသား ရပါ၍ အမှားများ ပါရှိပါက ကူးယူသူ၏ ချွတ်ချော်မှုသာ ဖြစ်သည်ဟု ခွင့်ပြုတော်မူကြပါမည့်အကြောင်း အထူးပင် တောင်းပန် အပ်ပါသည်။

ဦးနန္ဒိယ (မမ္မာစရိယ)
တိုက်အုပ်ဆရာတော်
'အောင်' မမ္မရိပ်သာ - သမိုင်း၊
ရန်ကုန်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ရုပ်ပုံပါကပ်ပြား၏ ရှင်းလင်းချက် အလုပ်ပေး တရားတော် | ၁ |
| ၂ | အလုပ်ပေးတရားတော် | ၃၁ |
| ၃ | တရားပျောက် ကိုယ်မှာရှာ၊ တရားရှာကိုယ်မှာတွေ့ တရားတော် | ၅၉ |
| ၄ | ဓာတ် ၁၈-ပါး တရားတော် | ၉၉ |
| ၅ | ကံ ၄-မျိုးရှိပုံနှင့် ဒိဋ္ဌိခွါပုံ တရားတော် | ၁၄၆ |
| ၆ | ကံကိုအားမကိုးဘဲ ဉာဏ်ကို အားကိုးရန် တရားတော် | ၁၉၂ |
| ၇ | ကိလေသာဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်၊ ဝဋ်ကြီးသုံးပါးလည်ပုံ တရားတော် | ၂၄၄ |
| ၈ | ဝဋ်သုံးပါးလည်ခြင်းမှ ရပ်စေရန် တရားတော် | ၂၉၆ |
| ၉ | နေ့စဉ် မရဏာဿတိ ကမ္မဋ္ဌာန်း ပွားကာ တရားသာ အားကိုးရာ ဖြစ်ကြောင်းဟူသောတရားတော် | ၃၅၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၀ | ရှာမှီးခြင်းနှစ်ပါးနှင့် အမှတ်မှန်၊ အသိမှန်၊ အယူမှန်ရှိ တရားတော် | ၃၉၁ |
| ၁၁ | ခန္ဓာကိုယ် လောင်စာ သိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်၏ တည်ရာ ထိုနိဗ္ဗာန်သို့ သွားရာ လမ်းပြ တရားတော် | ၄၂၄ |
| ၁၂ | သစ္စာလေးပါး တရားတော် | ၄၇၁ |

# ကာယဝေဒနာနုပဿနာရှုပွားနည်း ★ ပေါ်ရာကိုသာရှုပါ ★

**အနုပဿနာ-၄-မျိုး**

၁။ ကာယာနုပဿနာ
၂။ ဝေဒနာနုပဿနာ
၃။ စိတ္တာနုပဿနာ
၄။ ဓမ္မာနုပဿနာ

၁။ ရုပ်ကိုရှုလျှင် - ရုပ်ကမ္မဋ္ဌာန်း
၂။ နာမ်ကိုရှုလျှင် - နာမ်ကမ္မဋ္ဌာန်း




**ကိုယ်မှာပေါ်ဒါ - ၅ - မျိုး**

| | | |
|---|---|---|
| ကာယ-၁ | ရုပ်က [ မှ ] ဒါ | |
| | ရုပ်က [ အေး ] ဒါ | |
| | ရုပ်က [ လှုပ် ]တာ | |
| ဝေဒနာ-၂ | ရုပ်နာမ်[ ဆင်းရဲ ] ဒါ | |
| | ရုပ်နာမ်[ချမ်းသာ] ဒါ | |

**တပြိုင်တည်းပေါ်နိုင်သည့်ဓါတ်များ**

၁။ မှ-လှုပ်-ဆင်းရဲ -သုံးခုတွဲ
၂။ မှ-လှုပ်-ချမ်းသာ -သုံးခုတွဲ
၃။ အေး-လှုပ်-ဆင်းရဲ -သုံးခုတွဲ
၄။ အေး-လှုပ်-ချမ်းသာ-သုံးခုတွဲ

**ပညာမဂ္ဂင် - ၂ - ပါး**

အမြင်မှန်ဒါ (ဒိဋ္ဌိ)
အကြံမှန်ဒါ (သမ္မာသင်္ကပ္ပ)

**သီလမဂ္ဂင်-၃-ပါး**

အပြောမှန်ဒါ (သမ္မာဝါစာ)
အလုပ်မှန်ဒါ (သမ္မာကမ္မန္တ)
အသက်မွေးမှန်ဒါ (သမ္မာအာဇီဝ)

**သမာဓိမဂ္ဂင် - ၃ - ပါး**

မှန်ရာအားထုတ်မှု (သမ္မာဝါယာမ)
မှန်ဒါသတိရမှု (သမ္မာသတိ)
မှန်သောတည်တံ့မှု (သမ္မာသမာဓိ)

ပညာမဂ္ဂင် ၂ ပါး နှင့် သမာဓိမဂ္ဂင် ၃ ပါး ပေါင်း ညီ-၅-ပါးတို့သည် ရှုမှတ်သောအခါ များ ပြည့်စုံ၏



ဝိပဿနာ

# အောင်-ဓမ္မဒေသနာ

ဒုတိယတွဲ

———

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အလုပ်ပေး တရားတော်

ရန်ကုန်မြို့၊ သမိုင်းရပ်၊ မရမ်းခြံ အောင် ဓမ္မရိပ်သာတွင် (၁၀ - ၄ - ၇၁)နေ့ ညနေမှ (၂၂ - ၄ - ၇၁)နေ့ နံနက်အထိ (၁၀) ရက်ပတ် တရားပွဲတွင် (၁၆-၄-၇၁)နေ့ နေ့လယ်ပိုင်း၊ အလုပ်ပေးတရားထိုင်တရားပွဲ၌ အောင်မင်္ဂလာဆရာတော်ဘုရားသည် ရုပ်ပုံပါကပ်ပြား၏ ရှင်းလင်းချက် - အလုပ်ပေး တရားတော်ကို ဟောကြားသည်။

ဣဋ္ဌာသယ ၅၈၆-၁

## (၂) ဝိပဿနာ'အောင်'ဓမ္မဒေသနာ

ပုံစံပြ စာရွက်ကလေးမှာ ပုံသဏ္ဍာန်ကလေး လူရုပ်ကလေး ရေးထားတာ တွေ့ပါလိမ့်မယ်၊ တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့ ဆိုတဲ့အတိုင်း တရားပျောက်ရင် ဘယ်မှာ ရှာရမယ်၊ (ကိုယ်မှာရှာရပါမယ်ဘုရား) တရားရှာရင် ဘယ်မှာတွေ့မယ်၊ ကိုယ်မှာ တွေ့ပါမယ်ဘုရား)။

ဒါဖြင့် အားလုံးသော တကာ-တကာမတွေဟာ ဒီ ခန္ဓာကိုယ်ကြီးဟာ ကြည့်တတ်တဲ့ဉာဏ်မျက်လုံးနဲ့ကြည့်ရင် တရားစု တရားပုံကြီးပေါ့နော်၊ (မှန်လှပါ ဘုရား) ကြည့်တတ်တဲ့ ဉာဏ်မျက်လုံ့နဲ့ကြည့်ရင် တရားစု တရားပုံကြီးကို မမြင်နိုင်ဘူးလား၊ (မြင်နိုင်ပါတယ်ဘုရား) ကြည့်တတ်တဲ့ဉာဏ်မျက်လုံး ကန်းနေရင်တော့ တရား မြင်ပါ့မလား၊ (မမြင်ပါ ဘုရား) ကြည့်တတ်တဲ့ ဉာဏ်မျက်လုံး မရှိရင် တရား မမြင်၊ ဉာဏ်မျက်လုံး ရှိရင်တော့ ဒီ ခန္ဓာတကိုယ်လုံးဟာ တရားစုကြီးဘဲနော်၊ (မှန်ပါဘုရား)

ဒါဖြင့် ဉာဏ်မျက်လုံးလေး တပ်ပေးဘို့ အရေးကြီးသလား မကြီးဘူးလား၊ (ကြီးပါတယ်ဘုရား) အဲဒီ ဉာဏ်မျက်လုံးကလဲ အမေ မွေးတုန်းက ပါလာသလား၊ (မပါ ပါဘုရား) မပါဘူးဆိုတော့ အကယ်၍များ ဒီ ဉာဏ်မျက်လုံးကို လိုချင်ပါတယ်ဆိုရင် မွေးလာကတဲကအတိုင်း မပြုပြင်ဘဲ ဒီ အတိုင်းဘဲနေမယ်ဆိုရင် ရပါ့မလား၊ (မရပါဘူး ဘုရား) ဒါဖြင့် ဒီဉာဏ်မျက်လုံး လိုချင်ပါတယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ၊ ရှာမှီးရမယ်၊ ဉာဏ်မျက်လုံးရှာပြီးတော့ ဉာဏ်မျက်လုံး တပ်ကြည့်ရမှာနော်၊ (မှန်ပါ့ ဘုရား)။

ဥပမာ-ရေအိုးကြီးတလုံးထဲမှာ ရေမရှိဘူး၊ ခင်ဗျားတို့ကလဲ ရေကို သောက်ချင်တာ အလွန်ဘဲ ဖြစ်နေတယ်၊ ရေကို ချိုးချင်တယ်၊ ဒါပေမဲ့ ရေကလည်း မရှိတော့ ဒီရေအိုးထဲ ရေတွေ ရောက်လာပါစေလို့ ဆုတောင်းလို့၊ (မရပါဘူး ဘုရား) အဲဒါလဲ သတိပြုကြအုံးနော်၊ ဘုရားရှေ့မှာထိုင်ပြီး ဆုတောင်းလို့၊ (မရပါဘူး ဘုရား)ညောင်ပင်မှာသွားထိုင်ပြီး ဆုတောင်းလို့၊ (မရပါဘူး ဘုရား) သိကြားမင်း နတ်မင်းတွေ ကယ်ပါဆိုလို့၊ (မရပါ ဘုရား) အနန္တတန်ခိုးရှင်ကြီးတွေ ရေထည့်ပေးပါဆိုလို့၊ (မရပါ ဘုရား) ခပ်ပြီးတော့မထည့်ဘဲ ဆုတောင်းနေလို့ရပါ့မလား၊ (မရပါ ဘုရား)ဒါဖြင့် ရေရှိရာ ရေတွင်း,ရေဘုံဘိုင်မှ ရေဆွဲထည့်ရင် အိုးထဲ ရေ ရောက် မရောက်၊ (ရောက်ပါမယ် ဘုရား)ရ-မရ၊ (ရပါ့မယ်ဘုရား) ဒီတော့ ခပ်ထည့်ဘို့အလုပ်ကို မြန်မြန်လုပ်ပါ၊ ဒီ ရေကို သုံးချင်ပါတယ်ဆိုရင် ရေအိုးထဲရေမြန်မြန်ရောက်တဲ့အလုပ်ကို မြန်မြန်လုပ်ပါ မဆိုရဘူးလား၊ (ဆိုရပါတယ် ဘုရား) ဒါဖြင့် အလုပ်လုပ်မှဖြစ်မယ်လို့ ဆိုလိုတာဘဲ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒီလိုဘဲ ခင်ဗျားတို့ ကျုပ်တို့ရင်တွင် နာမ်အစဉ်မှာလဲ အမေမွေးတုန်းက ဉာဏ်မျက်လုံးဟာ ပါလာသလား၊ (မပါ-ပါ ဘုရား) ဒါဖြင့် ဉာဏ်မျက်လုံး ကန်းနေတယ်ဆိုတော့ ရေမရှိတဲ့အိုးလို ဖြစ်နေတယ်၊ (မှန်ပါ ဘုရား) ခင်ဗျားတို့ စိတ်မဲကြီးက ရေမရှိတဲ့အိုးလိုဘဲနော်၊ (မှန်ပါ ဘုရား)အသိဉာဏ်က ပါမှ မပါလာတာကိုး၊ ပါရဲ့လား၊ (မပါ-ပါ ဘုရား)မပါ

တော့ ရေမရှိတဲ့အိုး ရေမဲ့တဲ့အိုးလို ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ် ဘုရား) ကောင်းပြီ ဒါကြောင့် ရေမဲ့တဲ့ အိုးလိုဖြစ်နေတဲ့အတွက် စိတ်ထဲမှာလဲအသိဉာဏ်ကန်းနေတော့ ဉာဏ်မျက်လုံးကလဲ မပါတော့ ဘုရားရှေ့ စေတီရှေ့ထိုင်ပြီး အသိဉာဏ်ရောက်ပါစေ၊ မြန်မြန်ရောက်ပါစေလို့ ဆုတောင်း နေလို့ ရပါ့မလား၊ (မရပါ ဘုရား) ရောက်ပါ ရောက်ပါ၊ လာပါ လာပါ ခေါ်နေလို့ ရင်ထဲကို အသိဉာဏ်ရောက်ပါစေ လို့ ဆုတောင်းနေလို့၊ (မရောက်ပါ ဘုရား) ရောက်ပါစေ ရောက်ပါစေလို့ အမိန့်ပေးနေလို့၊ (မရောက်ပါဘုရား)။

ဒါဖြင့် ဆုတောင်းပြီး မျှော်နေလို့ဖြင့် မရဘူး၊ ဒီတော့ ခုနက ရေမရှိတဲ့အိုးကို ရေရောက်အောင် ဘယ်လိုလုပ်ရတယ်၊ (ခပ်ထည့်ရပါတယ် ဘုရား) ခပ်ထည့်မှ ရေရပါတယ်၊ ဒီမှာလဲ ခပ်ထည့်ခြင်းဆိုတဲ့(ဝါ)ပညာရှာမှီးခြင်းဆိုတဲ့အလုပ် ကို လုပ်ပါ၊ ပညာ ရှာမှီးရမယ်၊ ဉာဏ် ရှာမှီးရမယ်၊အသိဉာဏ် ရှာမှီးရမှာပေါ့နော်၊ ဤကဲ့သို့ အသိဉာဏ် ရှာမှီးလိုက်ရင် ကြိုးစားလိုက်ရင် ဉာဏ်မျက်လုံး ရနိုင်-မရနိုင်၊ (ရနိုင်ပါတယ် ဘုရား) ရေခပ်ထည့်သလိုပေါ့၊ ဒီမှာလဲ ရှာမှီးတယ်ဆိုရင် ရပါပြီ၊ (မှန်လှပါ ဘုရား)အကယ်၍ ဒီ ဉာဏ်ပညာမှမရှာမှီး တော့ဘူးဆိုရင်၊ (မရပါဘူး ဘုရား)။

ဒါကြောင့် အသိဉာဏ်ရမဲ့ အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ကိုဖြင့် ယုံယုံကြည်ကြည်နဲ့ ဆုံးဖြတ်ချက်ချနော်၊ (မှန်ပါ ဘုရား)စိတ်-စိတ်အတိုင်းထားလို့ ရပါ့မလား၊(မရပါ ဘုရား)

အဲဒီတော့ တရားရှာရင် ကိုယ်မှာတွေ့တဲ့၊တရားပျောက်တော့ ဘယ်မှာရှာရမယ်(ကိုယ်မှာရှာရပါမယ် ဘုရား)။

ဒါဖြင့် ဒီနေ့ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေ တရားများ တွေ့ကြရဲ့လားလို့မေးတော့ မတွေ့ကြဘူးတဲ့၊ မတွေ့တာ မရှာလို့ဘဲ၊ (မှန်လှပါ) တရားက အဝေးကြီးမှာလား ခန္ဓာမှာရှိတာလား၊ (ခန္ဓာမှာရှိပါတယ် ဘုရား) ခန္ဓာကိုယ်ကြီးက တရားအစု တရားပုံကြီး ဖြစ်နေပါတယ်နော်၊ ခန္ဓာကိုယ် တကိုယ်လုံးက ဘာအစု - ဘာအပုံကြီးလဲ၊ (တရားစု- တရားပုံကြီးပါ ဘုရား)ဘာတရားတွေလဲ-မေးတော့ သိတတ်တဲ့တရားနဲ့ မသိတတ်တဲ့တရား၊ရုပ်ဓာတ်နဲ့ နာမ်ဓာတ်ပေါ့ဗျာ၊ ရုပ်ဓာတ်နဲ့ နာမ်ဓာတ်အစုအခဲကြီးဘဲလို့ မှတ်လိုက်ပေါ့၊ (မှန်ပါ့ ဘုရား) ခန္ဓာကိုယ်ကြီးက ရုပ်ဓာတ်နဲ့ နာမ်ဓာတ် နှစ်ခု အတွဲကြီး၊ အခဲကြီး၊ အစုကြီးပါဘဲနော်၊ (မှန်ပါ)။

နာမ် ဆိုတာကတော့ စိတ်ပေါ့၊ စိတ်ဆိုတာကတော့ စေတသိက်ဆိုတာနဲ့ တွဲနေတယ် ယောဂီတို့၊ စေတသိက်က ၅၂-မျိုးတောင် ရှိတယ်၊ အဲဒီစိတ်နဲ့စေတသိက်ကို နာမ်တရား လို့ မှတ်လိုက်ထားပေါ့နော်၊ (မှန်ပါ)။

စိတ် စေတသိက်ဆိုတဲ့ သိမှု ခံစားမှုတွေကို ဖယ်ထားလိုက်ရင် ခန္ဓာကိုယ်တကိုယ်လုံး ခေါင်း, ကိုယ်, ခြေ, လက်,ဆံဖျား, ခြေဖျားအထိ ဓာတ်တို့ရဲ့အစု တကိုယ်လုံးဟာ ရုပ်ကြီးဘဲ၊ ရုပ်အစု၊ ရုပ်အပုံ၊ ရုပ်ဓာတ်လို့ မှတ်လိုက်ပေါ့နော်၊ ဆံဖျားက ခြေသဲဖျားအထိ စိတ်ကိုနှုတ်ထားရင် တကိုယ်လုံး တကောင်

လုံး ဘာအစုကြီးလဲ၊ (ရုပ်ခေတ်အစုပါ ဘုရား) ရုပ်ခေတ်တွေ စုပုံနေတဲ့ ရုပ်ခေတ်အစုကြီးဘဲလို့ မှတ်လိုက်တာပေါ့နော်၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်မှာ ရုပ်တရားနဲ့နာမ်တရား ရုပ်ခေတ်နဲ့ နာမ်ခေတ်၊ ရုပ်သဘောနဲ့ နာမ်သဘော နှစ်ခု တွဲနေတဲ့ အစု အခဲကြီးဘဲလို့ ဒီလို ယုံကြည်လိုက်ပေတော့နော်၊ ရှင်းသွား ပြီလား၊ (ရှင်းပါပြီ ဘုရား) ခန္ဓာကိုယ်မှာ အရှိတရားကိုသတိ ထားလိုက်တော့ ပညာမျက်လုံးနဲ့ကြည့်လိုက်တော့ ဘယ်နှစ်ခု လာတွေ့သလဲ၊ (နှစ်ခုပါ ဘုရား) နှစ်ခုက (ရုပ်တရားနဲ့ နာမ် တရားပါ ဘုရား) ခေတ်ဘယ်နှစ်ခု လာတွေ့သလဲ၊ (နှစ်ခုပါ ဘုရား) ရုပ်ခေတ်နဲ့ နာမ်ခေတ် သဘောနှစ်ခု၊ ရုပ်သဘောနဲ့ နာမ်သဘော အတူတူပါဘဲ၊ တရားတဲ့ သဘောတဲ့ ခေတ်တဲ့ ပရမတ်တဲ့ အတူတူပါဘဲ၊ နာမည် အခေါ်လွဲနေတာနော်၊ တရားရယ်၊ သဘောရယ်၊ ခေတ်ရယ်၊ ပရမတ်ရယ်၊ အတူတူ ဘဲနော်၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် ယောဂီတို့ခန္ဓာမှာ ပုတ္တခေတ်များ ရှိပါသလား၊ (ရှိပါတယ် ဘုရား) ပုရိန် ပုခိုးတွေများ ရှိပါသလား၊ (ရှိပါတယ် ဘုရား) အဲဒီ ပုရိန် ပုခိုးကိုဘဲ ဖောက်ပြန် တတ်လို့ ရုပ်လို့လဲ ခေါ်တယ်၊ ပုသဘောကို ဆောင်လို့ ခေတ်လို့လဲခေါ်တယ်၊ တရားလို့လဲခေါ်တယ်၊ သဘောလို့လဲ ခေါ်တယ်၊ ပရမတ်လို့လဲ ခေါ်တယ်၊ အဲဒါ ခင်ဗျားတို့က ယောင်ပြီးတော့ တရားလို့ပြောလိုက်ရင်ဘဲ တရားဆိုတာ ဆံပင်နဲ့ဘဲလား၊ ခေါင်းပေါင်းနဲ့လား၊ ဘယ်လိုများတွေ့ရ

အုံးမှာလဲ၊ တမျိုးတစား ဘယ်လိုများ လာအုံးမှာလဲ၊ဘယ်လို အချိုးအစားတွေပါလဲလို့ တွေးတော ပူပင်မနေပါနဲ့၊ ပူရှိန် ပူခိုးသည်ပင်လျှင် ဒါတရားဘဲ သဘောဘဲ ပရမတ်ဘဲ ဓာတ်ဘဲလို့ ဒီလို မှတ်လိုက်ပေါ့၊ (မှန်ပါ)ယောဂီတို့ခန္ဓာမှာ ရှိ-မရှိ၊ (ရှိပါတယ် ဘုရား)တလောကလုံးမှာ၊ (ရှိပါတယ် ဘုရား)ရှိလို့ ဒီနေ့ ပူလိုက်တာ အလွန်ဘဲ၊ အပြင်ကလဲပူ အတွင်းကလဲပူလိုက်တာ မပူဘူးလား၊ (ပူပါတယ် ဘုရား) အဲဒီပူတာဟာ ပူသဘော ပူတရား ပူဓာတ် ပူပရမတ်လို့ဘဲ မှတ်လိုက်ပေတော့နော်၊ (မှန်လှပါ)။

ဒါဖြင့် တရားဆိုတာ လုံးလုံးပြားပြားလှသူး ပူသဘော လား၊ (ပူသဘောပါ ဘုရား)တရားတရားနဲ့ လက်စသတ် တော့ လူလား ပူတဲ့သဘောလား၊ (ပူတဲ့သဘောပါ ဘုရား) တရားတရားနဲ့ ယောကျ်ားလား မိန်းမလား ပူတဲ့သဘော လား၊ (ပူတဲ့သဘောပါ ဘုရား)တရားတရားနဲ့ အတုံးအခဲ အလုံးအပြားလား ပူတဲ့သဘောလား၊ (ပူတဲ့ သဘောပါ ဘုရား)ပူတဲ့သဘောဟာ တရားဘဲ ဓာတ်ပရမတ်ဘဲ ရှင်းပြီ လား၊ (ရှင်းပါပြီ ဘုရား)အားလုံး သဘောပေါက်ပြီလား၊ (ပေါက်ပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ခန္ဓာကိုယ်မှာ ကိုယ်နဲ့စိတ် ရှိတာကိုးဗျ၊ ကိုယ်နဲ့စိတ်ရှိတော့ စိတ်ကသိတာပေါ့၊ စိတ်က သိတတ်တဲ့တရား၊ ကိုယ်ကြီးက ရုပ်ဓာတ် မသိတတ်တဲ့တရား၊ အရပ်သုံးတော့ ကိုယ်နဲ့စိတ်ပေါ့၊ခင်ဗျားတို့ကျုပ်တို့ခန္ဓာကိုယ် ကြီးဟာ အရပ်သုံးတော့ ကိုယ်နဲ့စိတ်နော်၊ (မှန်ပါဘုရား)

စသုံး ပေသုံး တရားသုံးကျတော့ စိတ်ကို နာမ်၊ကိုယ်ကြီးကို ရုပ်ခေါ်လို့ခေါ်ရတယ်၊ အားလုံးရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်တကိုယ်လုံးမှာ နှစ်ခုပေါ့၊ နှစ်စုနှစ်ပုံ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)ဘာနဲ့ဘာ၊ (ရုပ်နဲ့နာမ်ပါ ဘုရား)အရုပ်သုံးတော့(ကိုယ်နဲ့စိတ်ပါဘုရား)စသုံး တရားသုံးတော့ (ရုပ်နဲ့နာမ်ပါ ဘုရား)

ရုပ်ပုံကပ်ပြားကိုကြည့်မယ်ဆိုရင် ပုံသဏ္ဌာန်အရုပ်ကလေး မရှိဘူးလား၊ (ရှိပါတယ် ဘုရား)အဲဒီအရုပ်ကလေးရဲ့ လက်ဝဲဘက်(ယောဂီတို့ကြည့်တဲ့အနေနဲ့ လက်ျာဘက်မှာ)သိတဲ့၊ သိ- အောက်က နာမ်လို့ ရေးမထားဘူးလား၊ (ရေးထားပါတယ် ဘုရား)သိတာ နာမ်တရားလို့ခေါ်တယ်၊ သိတာ စိတ် မဟုတ် ဘူးလား၊ အဲဒီ သိတဲ့စိတ်ဟာ နာမ်တရားဘဲတဲ့။

ဒါဖြင့် သိတဲ့စိတ် ခင်ဗျားတို့ခန္ဓာမှာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)အဲဒါ ဘာတရားတဲ့လဲ၊ (နာမ်တရားပါ ဘုရား)နာမ်တရားရှာချင်ရင် ဘယ်မှာ ရှာရမယ်၊ (ကိုယ်မှာ ပါဘုရား) ရှိကော ရှိရဲ့လား၊(ရှိပါတယ် ဘုရား)တရားရှာရင်၊ (ကိုယ်မှာ တွေ့မှာပါ ဘုရား)တရားပျောက်ရင်၊ (ကိုယ်မှာ ရှာရမှာပါ ဘုရား)လတ်စသတ်တော့ ဒီစိတ်ဘဲ တရားဘဲကိုး၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီ ဘုရား)ဒီစိတ်ပင်လျှင် တရား ပါဘဲ၊ ဘာတရားပါလိမ့်၊ (နာမ်တရားပါ ဘုရား)နာမ်တရား သိချင်ရင် ဘယ်မှာရှာရပါလိမ့်၊ (ကိုယ်မှာပါ ဘုရား) ကိုယ် ထဲမှာ နာမ်တရား ရှိကော ရှိရဲ့လား၊ (ရှိပါတယ် ဘုရား)။

ဒါဖြင့် နာမ်ဆိုတဲ့ စိတ်ကလေးကို နှုတ်ထားရင် ကျန်တဲ့ ခန္ဓာကြီးဟာ ကိုယ်ကြီးဘဲ မနေဘူးလား(နေပါတယ်ဘုရား) ဒါကြောင့် အရုပ်ရဲ့လက်ျာ၊ (ယောဂီတို့ ကြည့်တဲ့ အနေနဲ့ လက်ဝဲဘက်)"ပေါရုပ်"လို့ ရေးထားပါတယ်။

ဒါဖြင့် လူရုပ်ကလေးရဲ့ ဘေးနှစ်ချက်မှာရှိတဲ့ စက်ဝိုင်း ကလေးများကို လက်ဝဲ လက်ျာ လှမ်းကြည့် လိုက်တော့ ပုံသဏ္ဍာန်ရဲ့ လက်ျာဘက်ကရုပ်၊ ပုံသဏ္ဍာန်ရဲ့ လက်ဝဲဘက်က နာမ်တဲ့၊ ရုပ်နဲ့ နာမ်ပါဘဲတဲ့ ရှင်းသွားပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်မျက်စိနဲ့ ဓာတ်ဉာဏ်နဲ့ ဖောက် ထွင်းကြည့်လိုက်တော့ တရားဘယ်နှစ်မျိုး လာတွေ့ပါလိမ့်၊ (နှစ်မျိုးပါဘုရား) ဘာနဲ့ဘာပါလိမ့်၊ (ရုပ်နဲ့နာမ်ပါဘုရား) ရုပ်ဆိုတာ တကိုယ်လုံး၊ နာမ်ဆိုတာ သိတဲ့စိတ်ကလေး ရှင်းပြီ လား(ရှင်းပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ဓာတ်ဉာဏ်နဲ့ ခွဲလိုက်တော့ ဓာတ် ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါ ဘုရား)ဘာနဲ့ဘာ (ရုပ်ဓာတ်နဲ့ နာမ်ဓာတ် ပါဘုရား) တရား ဘယ်နှစ်မျိုး(နှစ်မျိုးပါဘုရား) ဘာနဲ့ဘာလဲ၊ (ရုပ်တရားနဲ့ နာမ်တရားပါဘုရား)။

ဒါဖြင့်ရင် ရုပ်ပရမတ်တဲ့ နာမ်ပရမတ်တဲ့၊ ယောဂီတို့ ခန္ဓာ မှာ ပရမတ္ထတရား ဘယ်နှစ်ပါးရှိတယ်၊ (နှစ်ပါးပါဘုရား) ဘာနဲ့ဘာ၊ (ရုပ်ပရမတ်နဲ့ နာမ်ပရမတ်ပါဘုရား) ပရမတ္ထဆို တာ သဘောမြဲလို့ ပရမတ်တရားလို့သာမှတ်၊ ပူတဲ့ သဘော သည် မာတဲ့သဘောသို့ မပြောင်း၊ မာတဲ့သဘောသည် ပူတဲ့

သဘောသို့ မပြောင်းဘဲ သဘောမြဲသောကြောင့် ပရမတ္ထလို့ ခေါ်တာဘဲ၊ ယောဂီတို့ ခန္ဓာမှာ ခတ်ဘယ်နှစ်မျိုး(နှစ်မျိုး ပါဘုရား)ဘာနဲ့ဘာ (ရုပ်ခတ်နဲ့ နာမ်ခတ်ပါဘုရား)တရား ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဘုရား) ဘာနဲ့ဘာ၊ (ရုပ်တရားနဲ့ နာမ်တရားပါ ဘုရား) သဘော ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါ ဘုရား) ဘာနဲ့ဘာ၊ (ရုပ်သဘောနဲ့ နာမ်သဘောပါဘုရာ့) ခတ်တရားသဘော ပရမတ်တဲ့ အခေါ်သာ လွဲတာ အတူတူ ဘဲနော်၊ (မှန်ပါဘုရား)ရှင်းသွားပြီနော်၊(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရုပ်တရားများ ရှာချင်ပါတယ်၊ကြည့်ချင်ပါတယ်၊ တွေ့ချင်ပါတယ်ဆိုရင် ဘယ်ကိုကြည့်ရမလဲ၊ (ကိုယ်မှာကြည့် ရပါမယ်ဘုရား) နာမ်တရားများ ကြည့်ချင်ပါတယ်၊တွေ့ချင် ပါတယ်၊ သိချင်ပါတယ်ဆိုရင် ဘယ်မှာရှာရမလဲ၊ (ကိုယ်မှာ ရှာရပါမယ်ဘုရား) အောင်မယ်လေး အဝေးကြီး မှတ်တယ် လက်စသတ်တော့ ဒီကိုယ်ကြီးထဲကိုး၊ (မှန်လှပါ) တရား သဘော ခတ်တွေ ပရမတ်တွေဟာ စာအုပ်ထဲမှာလား၊ခန္ဓာ ကိုယ်ထဲမှာလား၊ (ခန္ဓာကိုယ်ထဲမှာပါဘုရား) ပေစာထဲမှာ လား၊ ခန္ဓာထဲမှာလား၊ (ခန္ဓာထဲမှာပါဘုရား) ပါးစပ်ထဲမှာ လား၊ ခန္ဓာထဲမှာလား၊ (ခန္ဓာထဲမှာပါဘုရား) ဘယ်တုန်းက ရှိလာတာလဲမေးရင်၊ ခင်ဗျားတို့ မွေးကတည်းက ရှိလာတာ၊ မွေးကတည်းက ပေါ်လာတာ၊ ဘာကလေးတွေ ဖွားလာတာ လဲမေးရင်၊ (ရုပ်တရားနဲ့ နာမ်တရားကလေး ဖွားလာတာပါ ဘုရား) ဟုတ်ပြီလား၊ (ဟုတ်ပါတယ်ဘုရား) မွေးကတည်းက

သန္ဓေ မှီးကတည်းကိုက "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" ဩက္ကန္တိက္ခဏေ၊ပဋိသန္ဓေခဏ၌။နာမရူပံ၊ နာမ်တရား ရုပ်တရားသည်။(ဝါ)ရုပ်ခေတ် နာမ်ခေတ် နှစ်ပါးသည်။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယ သတ္တိဖြင့်။ အညမညံ၊ နာမ်က ရုပ်ကို ရုပ်က နာမ်ကို အချင်းချင်း။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုပြီး သကာလ ရုပ်ကိုမှီ၍ နာမ်ကဖြစ် နာမ်ကိုမှီ၍ ရုပ်ကဖြစ်ပေါ်၍ လာရသည်။ ဟောတိ၊ ဖြစ်ရလေတော့ သတည်း။ (သာဓု-သာဓု-သာဓုပါဘုရား)။

သန္ဓေ မှီးကတည်းကိုက ဘာနဲ့ဘာ တွဲလာပါလိမ့် (ရုပ်နဲ့ နာမ်ပါဘုရား) ရုပ်သဘောနဲ့ နာမ်သဘောဘဲ ဘာခေတ်နဲ့ ဘာခေတ်လဲ(ရုပ်ခေတ်နဲ့ နာမ်ခေတ်ပါဘုရား) ရုပ်ပရမတ်နဲ့ နာမ်ပရမတ် သန္ဓေ မှီးလာတယ်နော်၊ (မှန်ပါဘုရား)ယောဂီတို့ အစပဌမထဲကိုက ရုပ်နဲ့နာမ်ဖြစ်တာ၊(မှန်ပါ) ဒါဖြင့် အစကတည်းက ရုပ်နဲ့နာမ် ဖြစ်တာဆိုတော့ အလယ်မှာကော (ရုပ်နဲ့နာမ်ပါဘုရား)အဆုံးသေတော့ကော၊(ရုပ်နဲ့နာမ်ပါဘဲ ဘုရား)အဲဒါ မသိကြတော့ ခင်ဗျားတို့က ရုပ်နဲ့နာမ် ဖြစ်လာတာကို လူကလေး မွေးဖွားလာတယ်၊ ယောကျ်ားလေး၊ မိန်းမလေးဖွားလာတယ်၊ ခုတော့ လူကြီးဖြစ်လို့ အဘိုးကြီး ဖြစ်လို့ အိုနေပေါ့၊ ဆံပင်တွေဖြူ၊ သွားတွေကျိုး ဖြစ်နေပေါ့၊ အခု အဘိုးကြီး သေလို့ အဖွားကြီးသေလို့တဲ့၊ အမျိုးသမီးလေး၊အမျိုးသားလေး သေလို့တဲ့၊ စသည်ဖြင့် ပြောကြတယ်၊ ခေါ်ကြတယ်၊ထင်ကြ မှတ်ကြတယ်၊(မှန်လှပါ)အစကတည်း

က မှားလာကြတာကိုး၊ (မှန်လှပါ)အစ ပဋိသန္ဓေမှီးကတည်း က ဘာနဲ့ဘာ ပဋိသန္ဓေ မှီးလာသလဲ၊ (ရုပ်နဲ့နာမ်ပါဘုရား) အဲဒီ ရုပ်နဲ့နာမ် ပဋိသန္ဓေနေတာကို လူကလေး သန္ဓေမှီးတယ်၊ ယောကျ်ားကလေး,မိန်းမလေး,သန္ဓေမှီးတယ်၊ နွားလေး,ခွေး လေး,ကျွဲလေး ဆိုပြီးသက္ကာလ သန္ဓေမှီးကတည်းကိုက အမှတ် ကမှားပြီး မလာဘူးလား၊ (လာပါတယ်ဘုရား)။

အမှတ်မှားတော့ အသိကော၊ (မှားပါတယ် ဘုရား) အသိမှားတော့ အမြင် အယူကော၊ (မှားပါတယ်ဘုရား) စကတည်းက မှားလိုက်တာ အလယ်မှာကော၊(မှားပါတယ် ဘုရား) အဆုံးမှာကော၊ (မှားပါတယ်ဘုရား) ဒါကြောင့် ဒီအမှားတွေ ပြင်ရအောင် တရားနာရတယ်၊ တရားနာပြီး ဉာဏ်မျက်လုံးကို တပ်ရမယ်.(မှန်ပါ့ ဘုရား)။

တရား နာတယ်ဆိုတာ ဘုန်းကြီး ဟောတာတွေ သဘော တရားတွေကို စိတ်တည်းဟူသော ခွက်ကလေးနဲ့ ခံယူတာကို တရားနာတယ် ခေါ်တယ်၊ (မှန်ပါဘုရား) တရားဟောတယ် ဆိုတာ ခင်ဗျားတို့က နာမ်တည်းဟူသော ခွက်ကလေးနဲ့ ခံယူ နေကြတော့ နာမ်ခွက် စိတ်ထဲကို ဝိဇ္ဇာမျိုးစေ့ခေါ်တဲ့ အသိ ဓာတ်အလိမ္မာဓာတ်တွေထည့်ပေးနေတာကို တရားဟောတယ် ခေါ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) တရားနာတယ် ဆိုတာ စိတ်တည်းဟူသော ခွက်နဲ့ ခံယူတာနော်၊ (မှန်လှပါ) တရားဟောတယ်ဆိုတာ အဲဒီစိတ် တည်းဟူသော ခွက်ထဲကို ဝိဇ္ဇာမျိုးစေ့ ထည့်ပေးနေတာနော်၊ (မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က အခုပေးနေတယ် ဆိုတာ ယောဂီတို့ အသိနာမ် စိတ်တည်းဟူသော ခွက်ထဲသို့ အသိဉာဏ် အလိမ်မာဓာတ် တည့်ပေးနေတာ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)ဉာဏ်မျက်လုံး တပ်ပေးနေတာပေါ့၊ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု ဉာဏ်မျက်လုံးနဲ့ တပ်ပြီး ကြည့်လိုက်တော့ တရား တရားနဲ့ ယူဇနာပေါင်း တရာလောက်မှာ တထောင်လောက်မှာ မိုင်ပေါင်း တသိန်းလောက်မှာ ရှိနေသလား၊ တရားသဘောတွေဟာ ဒီခန္ဓာကိုယ်ကြီးထဲမှာလား၊ (ခန္ဓာထဲမှာပါဘုရား)တရားကို တွေ့ပြီလား၊(တွေ့ပါပြီဘုရား) တရားပျောက်ရင်၊ (ကိုယ်မှာရှာ) တရားရှာရင်၊ (ကိုယ်မှာ တွေ့ပါတယ်ဘုရား) တွေ့ပြီလား၊ (တွေ့ပါပြီဘုရား)။

ဘာတရားနဲ့ ဘာတရား၊ (ရုပ်တရားနဲ့ နာမ်တရားပါဘုရား) နာမ်ဆိုတာ အကျဉ်းချုပ်ပါ၊ သိမှုကို အကျဉ်းချုပ်ပြောလိုက်တာနော်။ "သိနာမ်"တဲ့၊တဘက်က"ပေါ်ရုပ်"တဲ့၊ အဲဒီတော့ ရုပ်နဲ့နာမ်၊ ရုပ်ဆိုရင် ယောဂီတို့က နည်းနည်းတော့ တိုးမှတ်လိုက်ပါ၊ ဘယ်လို တိုးမှတ်လိုက်ရမလဲ ဆိုရင် ရုပ်ဓာတ်သည် ငါးပါးရှိတယ်လို့ အကျဉ်းချုံးမှတ်ပါ၊ ဆိုကြစမ်းပါ။

မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ အပေါက်အကြားဓာတ်၊ ဒါပဲပါ။

ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ဒီရုပ်ဓာတ်ငါးပါး ရှိတယ်၊ (မှန်ပါဘုရား) အဲဒီငါးခုကို ပေါင်းရင် ခင်ဗျားတို့ တကိုယ်

လုံး ဆံပင်တွေကလဲ ဒီငါးခုအပေါင်းဘဲ၊ မြေ-ရေ-လေ-မီး ဒါပေါက်အကြားတွေ စုပေါင်းနေတဲ့ ဓာတ်စု ဓာတ်ခဲကြီး ဘဲ၊ ခေါင်းကြီးတခေါင်းလုံးကကော၊ (ရုပ်ဓာတ် ငါးပါး အစုပါ ဘုရား) လက်ချောင်းကြီး တချောင်းလုံးကကော၊ (ရုပ်ဓာတ်ငါးပါး အစုပါဘုရား)ခြေထောက်ကြီးကချောင်း လုံးကကော၊ (ရုပ်ဓာတ် ငါးပါး အစုပါဘဲဘုရား) အူတွေ အသဲတွေ ဆိုတာကကော၊ (ရုပ်ဓာတ်ငါးပါး အစုပါဘဲ ဘုရား) တကိုယ်လုံးကကော၊ (ရုပ်ဓာတ် ငါးပါး အစုပါဘဲ ဘုရား) နာမ်စိတ်ကလေး ဖယ်သွားရင် တကိုယ်လုံးဟာ ရုပ်ဓာတ်ငါးပါး အစုဘဲ၊ ရုပ်ဓာတ်ငါးပါးဆိုရင် မြေဓာတ်၊ ရေဓာတ်၊မီးဓာတ်၊ လေဓာတ်၊ အပေါက် အကြားဓာတ်ပါ ဘုရား၊ မြေ-ရေ-မီး-လေ-အာကာသ၊ ဒီငါးခုဘဲ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မြတ်စွာဘုရား ကလဲ သိသဘောက နာမ်လို့ ဟောတယ်၊ ရုပ်နဲ့နာမ် နှစ်ပါးကိုတွင် ဘယ်သူက သိမှာလဲ၊ (နာမ်ကပါဘုရား)ရုပ်ကသိပါ့မလား၊(မသိပါဘုရား)ဒါဖြင့် ရုပ်ကို နာမ်နဲ့ရှု နာမ်ကို နာမ်နဲ့ရှု **"ရှုတတ်တဲ့တရားက တခု၊ အရှုခံရတဲ့ တရားက နှစ်ခု" လို့ ဒီလိုမှတ်ပါ၊** (မှန်ပါ) စိတ်ကို စိတ်နဲ့ ပြန်ရှုလို့လဲ ရတယ်၊ ရုပ်ကို စိတ်နဲ့ရှုလို့လဲရတယ်၊ ရှင်းပြီ လား၊(ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒီမှာ "ကာယဝေဒနာ နုပဿနာ- ရှုပွား နည်း ပေါ်ရာကိုသာ ရှုပါတဲ့" နာမည် ပေးထားတယ်၊ ကာယဆိုတာ တကိုယ်လုံးကို ပြောတာ ကိုယ်ကြီးပေါ့ဗျာ

ကိုယ်ဆိုတော့ ရုပ် မဟုတ်ဘူးလား၊ ရုပ်ကိုရှုတဲ့၊ ဝေဒနာ ဆိုတာကတော့ ကိုက်တယ် ခဲတယ် ထုံတယ် ကျင်တယ် ဆိုတော့ မဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ် ဘုရား) ဒါ ဒုက္ခဘဲ၊ မကိုက် မခဲ မထုံ မကျင်တော့ မနေသာဘူးလား၊ (နေသာပါတယ် ဘုရား)နေသာတော့ သုခခေါ်တယ်နော်၊ (မှန်ပါ ဘုရား)ခံစားတာက ဝေဒနာခေါ်တယ်၊ (မှန်လှပါ ဘုရား)ဒါကြောင့် ယောဂီတို့ ရှုနေတာကလဲ ပူ၊အေး၊လှုပ်၊ ရှုတယ်ဆိုတာ ကိုယ်ကို ရှုနေတာ မဟုတ်လား၊ (မှန်ပါ ဘုရား) ဒါက ကာယာနုပဿနာ ခေါ်တယ်၊ ဆင်းရဲ ချမ်း သာကို ရှုပါဆိုတော့ ဝေဒနာကို ရှုတာ၊ ဝေဒနာနုပဿနာ ခေါ်တယ်၊အနုပဿနာဆိုတာ ရှုတဲ့စိတ်ကလေးကို ပြောတာ၊ ကာယနဲ့ အနုပဿနာနဲ့ ပေါင်းရင် ကာယက ကိုယ် အနု ပဿနာက ရှုတာဆိုတော့ ကာယာနုပဿနာဆိုတာ ကိုယ်ကို ရှုတာ ရုပ်ကို ရှုတာပေါ့၊ ဝေဒနာဆိုတာ ဆင်းရဲချမ်းသာကို ခံစားတာ၊ အနုပဿနာဆိုတာက ရှုတာ၊ ဝေဒနာနုပဿနာ ဆိုတာ ဆင်းရဲချမ်းသာကိုခံစားတဲ့ဝေဒနာကို ရှုတာ၊ ဝေဒနာ နုပဿနာလို့ ခေါ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ယောဂီတို့ သေသေချာချာ မှတ်ပေတော့၊ ကာယဆိုတာ ကိုယ်ကြီးတခုလုံး၊ ဝေဒနာဆိုတာ ဆင်းရဲ ချမ်းသာကို ခံစားတာ ဆိုတော့ ခင်ဗျားတို့ ယခု ရှုနေ တာဟာ ထင်ရှားရာ ပြောမယ်ဆိုရင် အနုပဿနာလေးမျိုး ရှိတဲ့အနက်က နှစ်မျိုး ရှုပွားနေတယ်လို့ မှတ်ပါ၊ (မှန်ပါ ဘုရား)။

ဒါကြောင့် နှစ်ခု တွဲထားတယ်၊ ကာယာနုပဿနာ ဝေဒနာနုပဿနာ ဒီ နှစ်ခု တွဲပြီးတော့ "ကာယ ဝေဒနာ နုပဿနာ"လို့ ခေါ်ပါတယ်၊ (မှန်လှပါ) ပေါ်ရာကိုသာ ရှုပါတဲ့၊ ဒါကတော့ ရှုတဲ့အခါမှာ ဆင်းရဲ ခံစားတာ ပေါ်နေရင်လဲ ဆင်းရဲကို ခံစားတာ ရှုပေါ့၊ ပူတာလွန်ကဲ နေရင်လဲ ပူတာရှုလို့ ပြောတာနော်၊ (မှန်ပါ့ ဘုရား)ရှင်းပြီ လား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ပရိ နိဗ္ဗာန် စံမြန်းသည်အထိ ယောဂီတို့ သေသေချာချာ မှတ်ပေ တော့၊ တရားအားထုတ်ပုံ အားထုတ်နည်းနဲ့ပတ်သက်၍ ၄- မျိုးဘဲ ဟောခဲ့တယ်၊ အဲဒါ ရုပ်ပုံရဲလကျာဘက်မှာ ကြည့်ကြ၊ အနုပဿနာ ၄-မျိုးတဲ့၊ အနုပဿနာဆိုတာ အဖန်ဖန် ရှုတာ ပွားတာ ဆင်ခြင်တာ၊ အဲဒီ အဖန်ဖန်ရှုစိတ်ကို အနုပဿနာလို့ ခေါ်တယ်နော်၊ (မှန်ပါ ဘုရား) အနုဆိုတာ အဖန်ဖန် အထပ်ထပ်၊ပဿနာဆိုတာ ရှုတာ ပွားတာ၊ ထပ်ကာထပ်ကာ သိ-သိ-ရှု-ရှု နေတာကိုပင်လျှင် အနု-အနု အကြိမ်ကြိမ် အထပ် ထပ်လို့ ဆိုလိုတယ်နော်၊ (မှန်ပါ့ ဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက အကြိမ်ကြိမ်ရှုတာ ၄-မျိုး ရှိတယ်တဲ့၊ အဲဒီ ၄-မျိုးက (၁) ကာယာနုပဿနာ (၂) ဝေဒနာနုပဿနာ (၃) စိတ္တာနုပဿနာ (၄) ဓမ္မာ နုပဿနာလို့ ၄-မျိုးဘဲ ဟောတယ်၊ ကာယဆိုတာ တကိုယ် လုံး၊ အနုပဿနာ ဆိုတာ အကြိမ်ကြိမ် ရှုတာ၊ ကိုယ်ကို

ရှုတာ၊ကိုယ်ဆိုတော့ ရုပ်ကြီး မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)ဒါ ရုပ်ကိုရှုတာ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဝေဒနာ နုပဿနာဆိုတာ ဝေဒနာဆိုတာ ၃-မျိုးရှိတယ်၊ ဆင်းရဲ,ချမ်းသာ,အလယ်အလတ်တဲ့၊ အဲဒီ ၃-မျိုး တမျိုးမျိုး ကိုရှုခဲ့သော် ဝေဒနာ နုပဿနာ ခေါ်တယ် ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ခင်ဗျားတို့ခန္ဓာမှာ စိတ်အမျိုးမျိုး မရှိဘူးလား၊ (ရှိပါ တယ် ဘုရား)မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိစိတ်၊ သိစိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အဲဒီစိတ်တွေ မရှိဘူးလား၊(ရှိပါတယ် ဘုရား)အဲဒီစိတ်တွေကိုနောက်စိတ်နဲ့ ပြန်ပြီး ရှုလို့လဲရတယ်၊ အဲဒီလိုရှုတာကို စိတ်ကိုရှုတော့ စိတ္တာ နုပဿနာလို့ခေါ်တယ်၊ (မှန်လှပါ)။

ဥပမာ-ဆိုပါတော့ မနက်ကတုန်းက ဒေါသတွေဖြစ်ခဲ့ မိတယ်၊ အဲဒီတော့ ဒီဒေါသတွေဟာ မနက်တုန်းကဖြစ်ခဲ့လို့ မနက်တုန်းက ပျက်ခဲ့ပြီးလို့ ပြန်ပြီးတော့ စဉ်းစားလိုက်တယ်၊ ပြန်ပြီးတော့ ရှုလိုက်တယ်ဆိုပါတော့၊ အဲဒါ ဘာလဲဆိုရင် စိတ္တာနုပဿနာ၊ မနက်ကဖြစ်ခဲ့တဲ့ ဒေါသစိတ်တွေ ပျက်လို့ အခု ပြန်ရှုလိုက်တော့ ပြန်သင်ခြင်လိုက်တာ အဲဒါ စိတ္တာ နုပဿနာတဲ့၊ ဒါ ကြဲကြဲပြောလိုက်တာ ရှင်းပြီလား၊ (ရှင်း ပါပြီ ဘုရား)။

ဓမ္မာနုပဿနာကတော့ ခန္ဓာဓမ္မ, နီဝရဏဓမ္မ, ဓာတုဓမ္မ- တရားသဘော သက်သက်ကိုရှုတာ။

**ဍ္ဍဿာသယ ၅၈၆-၂**

ဒါကြောင့် (၁)နံပါတ်သည် ရုပ်သက်သက်ကိုရှုသော ကြောင့် ရုပ်ကမ္မဋ္ဌာန်း၊ နံပါတ်(၂)နှင့်(၃)သည် နာမ်သက် သက်ကိုရှုသောကြောင့် နာမ်ကမ္မဋ္ဌာန်း၊ နံပါတ်(၄)သည် ရုပ်နာမ်(၂)ပါးရောရှုသောကြောင့် ရုပ်နာမ်ကမ္မဋ္ဌာန်း၊အားလုံးပေါင်းလိုက်တော့ ရုပ်ပုံ၏လကျာဘက်မှာ "သိနာမ်"၏ အထက်မှာ ရုပ်ကိုရှုလျှင် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကိုရှုလျှင် နာမ် ကမ္မဋ္ဌာန်း(၂)မျိုးဘဲရှိပါတယ်၊ တဘက်ပါအနုပဿနာ(၄) မျိုးကို ပြန်ချုံးလိုက်ရင်(၂)မျိုးထဲပါတဲ့၊ ရှင်းပြီလား၊ (ရှင်း ပါပြီ ဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်မှာ ပူ အေး လှုပ် ဆင်းရဲချမ်းသာ ရှုရမယ်လို့ မခိုင်းဘူးလား၊ (ခိုင်းပါတယ် ဘုရား)ဒါကြောင့် ရုပ်ပုံကပ်ပြားကို ကြည့် "ပေါ-ရုပ်"တဲ့၊ အဲဒီ ပေါ-ရုပ် အောက်ကို မျှားကလေးယောင်ယောင် ပြထားတယ်-ကိုယ်မှာ ပေါ်တာ ငါးမျိုးတဲ့၊ အဲဒီငါးမျိုးဟာ ဘာတဲ့တုံး၊ နံပါတ် (၅)အောက်က ပူတာ အေးတာ လှုပ်တာ ဆင်းရဲတာ ချမ်းသာတာ တွေ့ပြီလား၊ (တွေ့ပါပြီ ဘုရား)။

ဒါဖြင့် ပူတာသည် ရုပ်ကပူတာလား၊နာမ်ကပူတာလား၊ (ရုပ်ကပူတာပါ ဘုရား)အေးတာကကော(ရုပ်ကအေးတာပါ ဘုရား)အေးတဲ့သဘောသည်ပင်လျှင် ရုပ်ဓာတ် လှုပ်တာ ကတော့(ရုပ်က လှုပ်တာပါ ဘုရား)အခု လေတွေတိုက်နေ တယ် မတွေ့ဘူးလား၊ (တွေ့ပါတယ် ဘုရား) လှုပ်တာဟာ ရုပ်ကလှုပ်တာဘဲ၊ ဒါဖြင့် ပူ အေး လှုပ်(၃)ခုသည် ရုပ်လား နာမ်လား၊ (ရုပ်ပါ ဘုရား)ရုပ်ပုံကပ်ပြားမှာ ရုပ်ကပူတာ

ရုပ်ကအေးတာ ရုပ်ကလှုပ်တာ-လို့ရေးထားတယ်နော်၊ (မှန်ပါ ဘုရား)။

ဒါဖြင့်-ဒီ,ပူ,အေး,လှုပ်,ရုပ်ဓာတ်တွေဟာ တကိုယ်လုံးမှာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ခင်ဗျားတို့ခန္ဓာကိုယ်ကြီးကို အပူဓာတ်၊ အအေးဓာတ်၊ အလှုပ်ဓာတ်(ဝါ)လေဓာတ်တွေနဲ့ ဆောက်လုပ်ထားတဲ့အတွက် ခန္ဓာကိုယ်ကြီးကို(ကာယ-၁)လို့ ရေးထားတယ်၊ ဒါဟာ ကိုယ်ကိုရှုနေတာ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဆက်ပြီးအောက်ကိုကြည့် ဆင်းရဲတာ ချမ်းသာတာတဲ့ နှစ်ခုမရှိဘူးလား (ရှိပါတယ် ဘုရား) ဆင်းရဲတာဟာ နှစ်မျိုး ရှိတယ်၊ "ရုပ်နာမ်" လို့ ရေးထားတယ်၊ တွေ့ရဲ့လား (တွေ့ ပါတယ်ဘုရား) ရုပ် ဆင်းရဲတာကတမျိုး၊ နာမ်ဆင်းရဲတာက တမျိုး၊ ရုပ်ဆင်းရဲတယ်ဆိုတာ နာတယ် - ကိုက်တယ်-ခဲတယ်- ကျင်တယ် - ထုံတယ် - အောင့်တယ် - အကြောတက်လို့-မျက်စိ ထဲကနာလို့-ခေါင်းခဲလို့-ရင်ကနာလို့ အစရှိတဲ့ ၉၆-ပါးတွေ သွက်သွက်လယ်အောင် ဖြစ်ချင်တိုင်းဖြစ်လာတော့ ကိုယ်ကြီး မဆင်းရဲဘူးလား (ဆင်းရဲပါတယ် ဘုရား) အဲဒါ ရုပ်ဆင်းရဲ တာဘဲ၊ (မှန်ပါ)။

စိတ်ဆင်းရဲတယ် နာမ်ဆင်းရဲတယ်ဆိုတာ တခြားမဟုတ် ဘူး၊ ရောင်းရေး-ဝယ်ရေး-နေရေး-ထိုင်ရေး- သွားရေး - သမီး ရေးတွေက အဆင်မပြေတော့ ငါ့နယ်ဟာ စိတ်ဆင်းရဲလိုက် တာ သေပစ်လိုက်တာ ကောင်းတယ်၊ သေ - သေချင်တော့ တယ်လို့ စိတ်မကောင်းတာ၊ စိတ်ဆိုးတာ၊ စိတ်ညစ်တာ၊

စိတ်နောက်တာတွေကို စိတ်ဆင်းရဲတယ်လို့ ခေါ်တယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် ဆင်းရဲတာဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါ ဘုရား) နှစ်မျိုးက ရုပ်ကိုယ်ကြီးဆင်းရဲတာတမျိုး၊ နာမ် စိတ်ဆင်းရဲတာတမျိုး၊ နှစ်မျိုးရှိတယ် ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ထို့အတူဘဲ ချမ်းသာတာလဲ နှစ်မျိုးရှိတယ်၊ ရုပ်ချမ်းသာတာ၊ နာမ် ချမ်းသာတာ၊ ရုပ် ချမ်းသာတယ်ဆိုတာ မကိုက်မခဲ-မထုံမကျင်ဘူးဆိုရင် နေလို့ မကောင်းဘူးလား(ကောင်းပါတယ် ဘုရား)အဲဒါ ရုပ်ချမ်းသာတာဘဲ၊ ရောင်းရေး ဝယ်ရေး သွားရေး သမီးရေး အဆင်ပြေနေတော့ စိတ်မချမ်းသာဘူးလား)ချမ်းသာပါတယ် ဘုရား)အဲဒါ နာမ်ချမ်းသာတာပေါ့၊ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အဲဒီ ရုပ်-ဆင်းရဲတာ၊ နာမ်-ဆင်းရဲတာ၊ ရုပ်-ချမ်းသာတာ၊ နာမ်-ချမ်းသာတာ၊ ရုပ်က ဆင်းရဲ-ဆင်းရဲ၊ နာမ်ကဆင်းရဲ-ဆင်းရဲ၊ ရုပ်ကချမ်းသာ - ချမ်းသာ၊ နာမ်ကချမ်းသာ-ချမ်းသာ၊ ဆင်းရဲလျှင်ဒုက္ခ ချမ်းသာလျှင် သုခလို့ပါဠိလိုခေါ်တယ်နော်၊ (မှန်ပါ့ ဘုရား)ခံစားမှုကိုဝေဒနာလို့ခေါ်တယ်နော်၊ **အဲဒီဝေဒနာကိုရှုလို့ ဝေဒနာကမ္မဋ္ဌာန်းလို့ခေါ်တယ်၊** (မှန်ပါ ဘုရား)။

ဒါကြောင့် ကာယ(၁)၊ ဝေဒနာ(၂)လို့ရေးထားတာတခြားမဟုတ်ဘူး၊ အခု ယောဂီတို့အားထုတ်နေတဲ့ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန် တမျိုး၊ ဝေဒနာ

နုပဿနာ သတိပဋ္ဌာန် တမျိုး၊ မြတ်စွာဘုရား ဟောတဲ့ အထက်ဖော်ပြပါ အနုပဿနာ ၄-မျိုးထဲက နှစ်မျိုးပါဝင်နေပါတယ်လို့ ပြောတာ၊ အထက်ပါ ကာယာနုပဿနာ၊ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ၄-မျိုးကိုတွင် ယခုလက်တွေ့ အားထုတ်နေတာ ဘာနဲ့ဘာလဲ၊ (ကာယာနုပဿနာနဲ့ ဝေဒနာနုပဿနာပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) သဘောပေါက်ပြီနော်၊ (ပေါက်ပါပြီ ဘုရား)။

ပြီးတော့ သူနဲ့တဆက်တည်းဘေးက "တပြိုင်တည်းပေါ်နိုင်သည့် ခေတ်များ" ဆိုပြီး (၁) ပူ - လှုပ်-ဆင်းရဲ သုံးခုတွဲ၊ (၂) ပူ-လှုပ်-ချမ်းသာ သုံးခုတွဲ၊ (၃) အေး - လှုပ် - ဆင်းရဲ သုံးခုတွဲ၊ (၄) အေး- လှုပ် - ချမ်းသာ သုံးခုတွဲလို့ ပြမထားဘူးလား၊ (ပြထားပါတယ် ဘုရား)။

ယောဂီတို့ခန္ဓာမှာ ကိုယ်တွေ့နော်၊ ပူလဲ-ပူ၊ လှုပ်လဲ-လှုပ်၊ ဆင်းရဲလဲ ဆင်းရဲ၊ ဒီသုံးခု တပြိုင်နက်တည်း ပေါ်နိုင်တယ်တဲ့၊ ဥပမာ-ဘုန်းကြီး ရှင်းပြမယ်၊ တင်ပါးထဲက တနေရာထဲမှာ တပြိုင်နက်ထဲ ပူလဲ-ပူတယ်၊ လှုပ်လဲ-လှုပ်တယ်၊ ကိုက်လဲ ကိုက်တယ်ဆိုတော့၊ တနေရာထဲမှာ သုံးခုတွဲပြီး ပေါ်နေတာပေါ့၊ (မှန်ပါ) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒီသဘောကလေး နားလည်ပြီလား၊ (နားလည်ပါပြီ ဘုရား)။

(၁) ပူ - လှုပ် - ချမ်းသာ သုံးခုတွဲ အတူတူဘဲ၊ ရင်ထဲက ပူလဲ-ပူတယ်၊ ဒိတ်ဒိတ်-ဒိတ်ဒိတ်နဲ့ လှုပ်လဲ-လှုပ်တယ်၊နေလို့လဲ

ကောင်းတယ်ဆိုတော့ ပူ - လှုပ် - ချမ်းသာ သုံးခုတွဲ ပေါ်တဲ့ သဘောဘဲနော်၊ (မှန်ပါ ဘုရား)။

နံပါတ်(၃) အေး - လှုပ် - ဆင်းရဲ သုံးခုတွဲ၊ နံပါတ်(၄) အေး - လှုပ် - ချမ်းသာ သုံးခုတွဲလဲ ပေါ်နိုင်တယ်တဲ့၊ ဒါဖြင့် အတူတူ သုံးခုတွဲပေါ်နိုင်တဲ့ခါတ်တွေက (၄)မျိုး ရှိတယ်၊ ရှင်းပြီလား(ရှင်းပါပြီ ဘုရား) ဒါ-ကိုယ်က ရုပ်ကပေါ်နိုင်တဲ့ ငါးမျိုး ပြီးသွားပြီနော်၊ (မှန်ပါ ဘုရား) ကိုယ်ရုပ်ဘက်က ပြီးသွားပြီနော် (မှန်ပါ ဘုရား)။

ကဲ-လက်ျာက "သိ-နာမ်"တဲ့ အဲဒီ သိနာမ်အောက်က ပြထားတယ်၊ ပညာမဂ္ဂင် နှစ်ပါးတဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ တဲ့၊ ပြီးတော့ လူရုပ်ပုံအောက်က သီလမဂ္ဂင်သုံးပါးတဲ့ သမ္မာ ဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတဲ့ သူနဲ့တဆက်တည်း ဘေးက သမာဓိမဂ္ဂင်သုံးပါးတဲ့၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတဲ့၊ အားလုံး ဘယ်နှစ်ပါးလဲ(၈-ပါးပါ ဘုရား) မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတာ ဒါဘဲ ရှင်းပြီလား(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ယောဂီတို့ အခုတရားအားထုတ်နေတာ မဂ္ဂင်အကျင့်-ကျင့်နေတာပေါ့၊ မဂ်အကျင့်-ကျင့်နေတာပေါ့နော်၊ (မှန်ပါ ဘုရား) မြတ်သောအကျင့် - ကျင့်နေတယ်လို့ ခေါ်ပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားသည် ဒီမဂ္ဂင်အကျင့်ကို ဘယ်မှာဟောခဲ့သလဲဆိုတော့ ဓမ္မစကြာမှာ....

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမ

> သုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇ
> နိကော အနရိယော အနတ္ထသံဟိတော။ ။ယော
> စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အန
> ရိယော အနတ္ထသံဟိတော။
> ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ
> မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခု
> ကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ
> သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
> ကတမာစသာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာ
> ဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ
> ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ
> သံဝတ္တတိ။
> အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျ
> ထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ
> ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာ
> သတိ သမ္မာသမာဓိ-

လို့ ဓမ္မစကြာမှာ ဟောခဲ့တယ်။ ဒီ ယောဂီတွေထဲမှာ ရတဲ့ ပုဂ္ဂိုလ်တွေလဲ ပါပါလိမ့်မယ်။

အဲဒီတော့-ချစ်သားတို့ ရုပ်နာမ်ဇာတ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကိုရောက်လိုပါလျှင် အလယ်လမ်းကို လျှောက်ရမယ်၊ အလယ်လမ်း လျှောက်ဆိုကတည်းကိုဂ ဘေးက လက်ဝဲ-လကျာ နှစ်လမ်းရှိရမယ်၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) အလယ်ဆိုကတဲက လကျာဘက် လက်ဝဲဘက်တို့၏

အလယ်မှာဘဲဖြစ်ရမှာကိုး၊ အဲဒီတော့ လက်ျာလမ်း-လက်ဝဲလမ်းတို့၏ အလယ်ဗဟိုတည့်တည့် လမ်းမကြီးက လျှောက်ရမယ်တဲ့။ (မှန်လှပါ)။

လမ်းသုံးလမ်းတို့တွင် လက်ျာလမ်းဆိုတာ ဘာလဲဆိုတော့ အာရုံငါးပါးကို လိုက်စားပျော်ပါးနေတဲ့ လမ်းတဲ့၊ အာရုံငါးပါး လိုက်စားတယ်ဆိုတာ တလောကလုံး ကြည့်ကြပေါ့၊ လူ့လောကကြီးလဲ မျက်မြင်၊ တိရစ္ဆာန်လောကကြီးလဲ မျက်မြင်ဘဲ၊ လူခေါ်ကြတဲ့ ဒီသတ္တဝါတွေဟာ နေ့စဉ်ဘာလုပ်နေကြတာလဲဆိုတော့ ပစ္စည်းရှာနေကြတယ်၊ နေဝင်ကနေထွက်-နေထွက်ကနေဝင် ဘာရှာမှီးနေကြတာတုံး၊ (ပစ္စည်းတွေ ရှာမှီးကြပါတယ် ဘုရား) ပစ္စည်းရှာမှီးတယ်ဆိုတော့ ပိုက်ဆံ ရှာမှီးတယ်ဆိုပါတော့၊ (မှန်လှပါ ဘုရား) ဘာလုပ်ဘို့၊ ကြည့်ချင်တာကြည့်ဘို့၊ နားထောင်ချင်တာနားထောင်ရဘို့၊ နမ်းချင်တာ အချိန်မရွေး နမ်းရဘို့၊ စားချင်တာ အချိန်မရွေး စားရဘို့၊ တွေ့ထိ ဝတ်ရုံချင်တာ အချိန်မရွေး တွေ့ထိဝတ်ရုံရဘို့၊ အဲဒီငါးခုအတွက် ရှာမှီးတယ် ဟုတ်ကဲ့လား၊ (မှန်ပါ့ဘုရား) ကာမဂုဏ် အာရုံငါးပါးအတွက် ရှာမှီးနေကြတာဘဲ၊ လိုချင်လို့လား-မလိုချင်လို့လား၊ (လိုချင်လို့ပါ ဘုရား) ရှာလို့ရတော့ ရတာနဲ့ နေ့စဉ်အာရုံ(၅)ပါးကို လိုက်စားပျော်ပါးပြီး နေကြတာဘဲမဟုတ်လား?၊ (ဟုတ်ပါတယ် ဘုရား)။

အဲဒါ တဏှာလောဘဘဲ၊ ဒါလောဘ လမ်းလျှောက်နေတာဘဲ၊ အဲဒီလောဘ လမ်းလျှောက်နေလို့တော့ (ဝါ) အာရုံငါးပါးခံစားနေလို့တော့ ဘယ်တော့မှ မဂ်ဖိုလ်နိဗ္ဗာန်

မရောက်နိုင်ဘူး၊ရှင်းပြီလား၊(ရှင်းပါပြီ ဘုရား)အာရုံငါးပါး ခံစားနေတာ လက်ျာလမ်းလို့ခေါ်တယ်၊ (မှန်လှပါ)။

လက်ဝဲလမ်းဆိုတာက ဒီအာရုံငါးပါးတွေလိုက်စားနေလို့ လောဘတွေ တဏှာတွေ ပွားနေတာဘဲ၊ လောဘကိလေသာ စားချင်တဲ့စိတ်တွေ ဝတ်ချင်တဲ့စိတ်တွေ နမ်းချင်တဲ့စိတ်တွေ ကြည့်ချင်တဲ့စိတ်တွေ မဖြစ်ပေါ်အောင် တခါတည်း ကိုယ့်ကိုယ်ကို ညှဉ်းဆဲမှဘဲဆိုပြီးတော့ အောက်က သံဆူးတွေ ထောင်၊ အဲဒီ သံဆူးတွေပေါ်မှာ အိပ်၊ အရှေ့ အနောက် တောင် မြောက် လေးဘက်က မီးပုံတွေပုံ၊ နေကလဲပူတုန်း၊ အဲဒီမီးပုံအလယ်ဝင်ပြီး ကိုယ့်ကိုယ်ကို မီးကင်-ရေတွေသွင်းချိုး ဒီလိုကျင့်တာ ကိုယ့်ကိုယ်ကို မသက်သာအောင် ကျင့်တာ၊ အဲဒီလိုအကျင့်မျိုးကိုလဲ လက်ဝဲလမ်းလို့ခေါ်တယ်။

ဒီ လက်ဝဲ လက်ျာလမ်းတွေ လျှောက်နေလို့ဖြင့် ဘယ်လိုမှ မဂ်-ဖိုလ်-နိဗ္ဗာန် မရနိုင်ဘူးတဲ့၊ အခုတော့ မြန်မာပြည်မှာ တော့ မရှိဘူး ဆိုပါတော့၊ အခြားတိုင်းပြည်တွေမှာတော့ အခုထက်ထိလဲ ရှိတယ်၊ ဘုရားလက်ထက်ကလဲ ရှိတယ်၊ အဲဒီ လောက် ပြင်းပြင်းထန်ထန် ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ အဲဒီလိုကျင့်လို့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးတဲ့၊(မှန်လှပါ)။

ဆိုလိုရင်းက ဆူးပေါ်အိပ် မီးလှုံတဲ့ အကျင့်တွေကို ကျင့်သူတွေက ဒေါသမဖြစ်အောင် ကျင့်နေပေမဲ့ ဒေါသ ဖြစ်နေတယ်၊ နာလိုက်တာ၊ တောင့်လိုက်တာ၊ အောင့် လိုက်တာဆိုတာ - ဒါ ဒေါမနဿဒေါသ ဖြစ်နေတာဘဲ၊ (မှန်လှပါ)။

ဒီတော့ တိုတိုပြောရရင် လောဘတွေ ထပ်ခါ ထပ်ခါ ပွားများနေလို့လဲ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးတဲ့၊ ဒေါသတွေ ထပ်ခါထပ်ခါပွားနေလို့လဲ ဘယ်တော့မှ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး၊ (မှန်ပါ)။

ဒါကြောင့် လကျ်ာလမ်းဆိုတာ တဏှာလမ်း၊ လောဘလမ်းကို ခေါ်တယ်၊ လက်ဝဲလမ်းဆိုတာ ဒေါသ လမ်းကို ခေါ်တယ်။ အဲဒီလမ်း ၂-သွယ် လျှောက်နေလို့တော့ ဘယ်တော့မှ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ပါဘူးတဲ့၊ (မှန်လှပါ ဘုရား)။

တနည်းမှာတော့ လကျ်ာလမ်းက သဿတဒိဋ္ဌိလမ်းတဲ့၊ လက်ဝဲလမ်းက ဥစ္ဆေဒဒိဋ္ဌိလမ်းတဲ့၊ (မှန်ပါ ဘုရား)။

ဒါကြောင့် အလယ်ဗဟိုလမ်းမကြီးအတိုင်း လျှောက်မှ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ပါမယ်တဲ့၊ အလယ်ဗဟို လမ်းမကြီး ဆိုတာ ဘယ်လိုလမ်းမျိုးလဲ၊ ဘယ်လိုအကျင့်မျိုးလဲ၊ မြတ်စွာဘုရားလို့မေးတော့ ဟောဒီမှာ-

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ-တဲ့။

မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတာ ဒါဘဲဗျ။

(၁) ပညာမဂ္ဂင် ၂-ပါးဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိဆိုတာ အမြင်မှန်တာ၊ အမှန်ကိုမြင်တာ၊ အယူမှန်တာလို့လဲ ခေါ်နိုင်တယ်နော်၊ သမ္မာသင်္ကပ္ပဆိုတာ

အကြံ မှန်တာ၊ အမှန် ကြံတာ၊ ကြံစည်ပုံကလေး မှန်တာ၊ မှန်တာကိုကြံစည်တာနော်၊ (မှန်ပါ ဘုရား)။

ပြီးတော့မှ သီလမဂ္ဂင် ၃-ပါးတဲ့၊ အပြောမှန်တာက သမ္မာဝါစာ၊ အလုပ်မှန်တာက သမ္မာသမ္မန္တ၊ အသက်မွေး မှန်တာက သမ္မာအာဇီဝ၊ ဒါ သီလမဂ္ဂင် ၃-ပါးလို့ခေါ်တယ် နော်၊ (မှန်ပါ့ ဘုရား)။

သမာဓိမဂ္ဂင် ၃-ပါးဆိုတာက မှန်စွာ အားထုတ်မှုက သမ္မာဝါယာမ၊ မှန်တာသတိရမှုက သမ္မာသတိ၊ မှန်သော တည်တံ့မှုက သမ္မာသမာဓိ။

အဲဒါ နာမ်တရားတွေချည်းဘဲ၊ မဂ္ဂင်ရှစ်ပါး မစုံသေး ဘူးလား၊ (စုံပါပြီ ဘုရား)ဒီမဂ္ဂင်ရှစ်ပါးကို အစဉ်လိုက်ဆိုပါ အုံး၊ (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ဘယ်နှစ်ပါးပါလဲ၊ (ရှစ်ပါးပါ ဘုရား)။

အဲဒီ မဂ္ဂင်ရှစ်ပါးကို အကျဉ်း ချုံးလိုက်တော့ သီလ-သမာဓိ - ပညာ သုံးခုဘဲ ဖြစ်တယ်၊ သုံးမျိုး အကျယ်ချဲ့ရင် (၈)ပါး၊ (၈)ပါးအကျယ်ချဲ့ရင် ဗောဓိပက္ခိယတရား(၃၇) ပါးအထိ ကျယ်လာတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပြောခဲ့ပါပြီ။ ဗုဒ္ဓဘာသာ ဆိုတာ ဘုရားဟောတဲ့တရားပါ။ ဘုရားဟောတဲ့တရားဟာ သီလ-သမာဓိ-ပညာလို့ ချုံးထားတယ်၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီ ဘုရား) အားလုံး သဘော ပေါက်ပြီလား၊ (ပေါက်ပါပြီ ဘုရား)။

သဘောပေါက်မှ တဆင့်တက်ပြီး ပြောဘို့ လိုလာတယ်၊ ဒါဖြင့် တပည့်တော်တို့ ပူတာပျက်-ပူတာပျက်လို့ ရှုနေတော့ အဲဒီရှုတဲ့အထဲမှာ မဂ္ဂင်ရှစ်ပါး ပါသလား-အကုန်ပြည့်ပြည့်စုံစုံ ဘဲလားလို့ မေးဘို့မလိုဘူးလား၊ (လိုပါတယ် ဘုရား) ကဲ-ရှင်းပြမယ်။

သီလမဂ္ဂင်(၃)ပါးတဲ့၊ အပြောမှန်တာ အလုပ်မှန်တာ အသက်မွေးမှန်တာဟာ သီလမဂ္ဂင်(၃)ပါး မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) အဲဒီ (၃)ပါးက တရားဝင်တဲ့နေ့၊ တရားမအပ်ခင်က ရှစ်ပါးသီလယူမထားဘူးလား၊ (ယူထား ပါတယ် ဘုရား) ဒါဖြင့် အဲဒီ(၃)ပါး ခင်ဗျားကို့ခန္ဓာမှာ ကြိုတင်ပြီးတော့ ပြည့်စုံပြီးသားဖြစ်နေတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အခုမှတ်နေတုန်းမှာတော့ ပူ-ပူတာပျက်၊ အဲဒီ မှတ်စိတ်ကလေး တစိတ်ထဲမှာတော့ မဂ္ဂင်ငါးပါးနဲ့ ရှုနေ ပါတယ်၊ (မှန်ပါ) ပညာမဂ္ဂင်က ၂-ပါး၊ သမာဓိမဂ္ဂင်က ၃-ပါး၊ ပေါင်း ၅-ပါး၊ မှတ်စိတ် တချက်-တချက်ထဲမှာ ဤ ငါးပါး တပြိုင်နက်ထဲ ပါနေတယ်၊ (မှန်လှပါ ဘုရား)။

ဒါကြောင့် အောက်ဆုံးမှာရေးထားတာကြည့်၊ ပညာ မဂ္ဂင် ၂-ပါးနှင့် သမာဓိမဂ္ဂင် ၃-ပါး၊ ပေါင်း ဤ ၅-ပါး တို့သည် ရှုတတ်သော တရားများ ဖြစ်၏တဲ့၊ ရှုနေတာ ဘယ်သူလဲ ဤ ငါးပါးဘဲ၊ ပူတာ-ပူတာလို့ ရှုတဲ့စိတ် ကလေးဟာ ဟောဒီ ငါးပါးအပေါင်းဘဲ၊ ပျက်သွားပြီ-ပျက်သွားပြီလို့ရှုတဲ့ စိတ်ကလေးဟာ ဒီ ငါးပါးအပေါင်း

ပါဘဲ၊ဒီငါးပါးဆိုတာ ပညာမဂ္ဂင် ၂-ပါးက သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမာဓိမဂ္ဂင် ၃-ပါးက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ပါဘဲ။ (မှန်လှပါဘုရား)။

သီလမဂ္ဂင် ၃-ပါးက ရှေးဦးစွာ ပြည့်စုံပြီးသား၊သီလယူပြီး ပြီနော် သီလယူပြီးမှ ရှုတာမဟုတ်လား၊ ဒါဖြင့်ရင် သာမည ပေါင်းပြောမယ်ဆိုရင် ခင်ဗျားတို့အားလုံးယောဂီတို့မှာ မဂ္ဂင် ရှစ်ပါးနဲ့ ပြည့်စုံနေပြီလို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ် ဘုရား) လောကီမဂ္ဂင် ပြောတာပေါ့ဗျာ၊ သီလမဂ္ဂင် ၃-ပါးက မရှုခင်ကပင် ယူထားလို့ ပြည့်စုံနေပြီ၊ မှတ်နေ- မှတ်နေတဲ့ စိတ်ကလေးက ငါးပါးဆိုတော့ အားလုံးပေါင်း ရှစ်ပါးမနေ ဘူးလား(နေပါတယ်ဘုရား)။

သို့သော် ရှုတဲ့ ခဏမှာတော့ ရှုတဲ့ မှတ်တဲ့ စိတ်ထဲမှာ ငါးပါးဘဲ၊ ဒါဖြင့် သိနာမ်ဆိုတဲ့ ဒီနာမ်ကလေး တချက် တချက်ဟာ ဘယ်လောက် တန်ဘိုးကြီးသလဲဆိုရင် သီလ- သမာဓိ-ပညာသိက္ခာ ၃-ရပ်တပြိုင်တည်း ပါသွားတယ်(ဝါ) အထူးသဖြင့် ပညာနှင့် သမာဓိမဂ္ဂင် ၅-ပါးနဲ့ ရှုနေပါတယ်၊ သိနေပါတယ်၊ သိလုံး နာမ်ကလေးတခု- တခုသည် မဂ္ဂင်ငါး ပါး ငါးပါးနဲ့ ရှုနေပါတယ်လို့ မှတ်ကြပေတော့၊ ရှင်းကြပြီ လား(ရှင်းပါပြီ ဘုရား) အားလုံး သဘောပေါက်ကြပြီလား (ပေါက်ပါပြီဘုရား)။

ကဲ-ဒါဖြင့် မဂ္ဂင်အလုပ် လုပ်ပါလို့ဆိုတော့ မှတ်ရမယ်၊ ရှုရမယ်၊ ပွားရမယ်-ဒါမှ ခင်ဗျားတို့ရင်တွင် မဂ်ဉာဏ်ဝင်မယ်၊

ဝင်လာမှ ဉာဏ်မျက်လုံးကလေး ပွင့်လာမယ်၊ ဉာဏ်မျက်လုံးကလေး ပွင့်လာမှ အမှားနဲ့အမှန် ခွဲခြားပြီးသိမယ်၊ အမှားကို ပယ်ပြီးတော့ အမှန်နယ်သို့ ဒီဉာဏ်က ကူးသွားပါလိမ့်မယ်လို့ ဆိုလိုပါတယ်၊ အားလုံး ရှင်းသွားပြီလား (ရှင်းပါပြီ ဘုရား) အားလုံး သဘောပေါက်ပြီးလား (ပေါက်ပါပြီ ဘုရား)။

ကဲ-ဒါဖြင့် ဒီကပ်ပြား ပုံကလေးကို အသာအချထားပြီး အမိဋ္ဌာန်နှင့် တရားထိုင်ကြစို့။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# အလုပ်ပေးတရားတော်

၁၉၇၀-ခု နိုဝင်ဘာလ (၁၃)ရက်၊ (တန်ဆောင်မုန်းလပြည့်နေ့)၌ ရန်ကုန်မြို့ သမိုင်းရပ်၊မရမ်းခြံ အောင်ဓမ္မရိပ်သာတွင် အောင်မင်္ဂလာ ဆရာတော် ဘုရားသည် ဤအလုပ်ပေး တရားတော်ကို ဟောကြားသည်။

မျက်လုံးကိုမှိတ်လိုက်တော့ စိတ်နဲ့ ကိုယ်ခန္ဓာမှာ ပြန်လှည့်လိုက်တော့ ခန္ဓာဆိုတာ မြန်မာလိုပြန်လိုက်တော့ အစု၊ ဘာတွေ စုနေသလဲဆိုတော့ ဓာတ်တွေ စုနေတယ်၊ သဘောတွေ စုနေတယ်၊ ရုပ်ဓာတ်တွေ နာမ်ဓာတ်တွေ စုနေတယ်၊ဓာတ်ဆိုတာ သဘော၊ သဘောဆိုတာတရား၊တရားတွေ သဘောတွေ ဓာတ်တွေ စုနေတယ်။

အဲဒီရုပ်ဓာတ်တွေက မြေဓာတ်ဆိုတဲ့ မာတဲ့ ဓာတ်တွေ ရေဆိုတဲ့ ခဲပေးတတ်တဲ့ တွဲပေးတတ်တဲ့ အရေဓာတ်တွေ။

မီးလို့ခေါ်တဲ့ ပူတဲ့ အေးတဲ့ အပူရှိန် အအေးရှိန်၊ အပူငွေ့ အအေးငွေ့ ဓာတ်တွေ။

လေလို့ခေါ်တဲ့ မြေဓာတ်၊ ရေဓာတ်တွေကို တနေရာမှ တနေရာသို့ ရွေ့လျားသွားအောင် ကန်နေတဲ့ သဘောတွေ၊ တိုးနေတဲ့သဘောတွေ၊ ထွန်းနေတဲ့သဘော လေဓာတ်တွေ၊

လေရဲ့ သဘောဟာ ကန်တယ် တွန်းတယ် တိုးတယ်။ အဲဒီ ကန်သဘော တိုးသဘော တွန်းသဘော တွေဟာ လေ ဓာတ်ဘဲ။

အာကာသဆိုတာ အပေါက် အကြားတွေ ကလာပ်တခု နဲ့ ကလာပ်တခု မရောရအောင် ခြားပေးတာပါဘဲ။ **ဥပမာ** သကြား အပုံကြီးကို ဘေးကနေ ကြည့်ရင် တခုထဲ တပုံထဲဘဲ တသားထဲဘဲလို့ ထင်ရတယ်၊ ဒါပေမဲ့ သေသေချာချာ အနား ကပ်ကြည့်မှ သကြားမှုန့်ကလေးတွေ၊ သကြားလုံးကလေးတွေ တခုနဲ့တခု မရောဘဲနဲ့ တခြားစီ တလုံးစီ အသီးသီး ရှိနေကြ တယ်၊ အဲဒီလို သကြားလုံးတွေဟာ တလုံးစီ တလုံးစီ နေကြ တာဟာ ကြားထဲမှာ ခြားပေးထားတဲ့ အကြား အရပ် အာကာသ ဓာတ်တွေရှိတယ်၊ အပိုင်းအခြားတွေရှိတယ်။

**ဥပမာတနည်း-**

ဂျုံမှုန့်တွေ၊ မုန့်မှုန့်တွေကိုဘန်းထဲ ဇကောထဲမှာ ထည့်ပြီး တော့ ဘေးကနေကြည့်ရင် တပုံထဲ၊ တစုထဲ၊ တခုထဲလို့ထင်ရ တယ်၊ ဒါပေမဲ့ဂျုံမှုန့်ကလေးတွေ၊ မုန့်မှုန့်ကလေးတွေကို လက်နဲ့ ကိုင်ကြည့်မယ်ဆိုရင်-

အမှုန့်ကလေးတွေဟာ တမှုန့်နဲ့တမှုန့်တခြားစီ တခုနှင့် တခုရောပြီးတော့ တွဲပြီး ခဲနေတာ မဟုတ်ဘူး၊ တခုစီ-တခုစီ နေကြတယ်၊ အဲဒီလို တခုစီ- တခုစီနေတာကို ဘာမြင်လို့ ပြောတာလဲဆိုရင် အမှုန့်ကလေးတွေ တခုနဲ့ တခု ကြားမှာ ခြားခြား ထားတဲ့ အာကာသဓာတ် အပေါက် အကြား

ကလေးတွေ အပိုင်းအခြားကလေးတွေ ရှိနေတယ်၊ အဲဒါကို အပေါက်အကြားအရပ် အာကာသဓာတ်လို့ ခေါ်တယ်။

**ဥပမာတနည်း...**

သဲသောင်ပြင်ကြီးကို အဝေးကနေကြည့်ရင် တပြင်ကြီးဘဲလို့ မြင်ရတယ်၊ တပြင်တည်း တစပ်တည်း တသားတည်းဘဲလို့ ထင်ရတယ်၊ ဒါပေမဲ့ သေသေချာချာ အနားကပ်ပြီးတော့ သဲမှုန့်တွေ သဲလုံးတွေကို ယူကြည့်ရင် သဲမှုန့်ကလေးတွေ သဲလုံးကလေးတွေဟာ တခုနဲ့ တခု မရောကြဘဲ ခြားပြီးတော့ နေကြတယ်၊ အဲဒါ အာကာသဓာတ် အကြားအရပ်ဘဲ။

အဲဒီလိုဘဲ မျက်မြင်နဲ့ လှမ်းကြည့်မယ်ဆိုရင် ချောင်းကြီးတွေ မြစ်ကြီးတွေ သစ်ပင်ကြီးတွေ တောကြီးတွေ တောင်ကြီးတွေ ဆင်ကောင်ကြီးတွေ မြင်းကောင်ကြီးတွေ လူကောင်ကြီးတွေ ယောကျ်ားတွေ မိန်းမတွေ အကောင်အထည်ကြီးတွေဘဲ တခုထဲ တကောင်ထဲ တလုံးထဲ တစုထဲရယ်လို့ ထင်နေကြတယ်။

ဉာဏ်နဲ့ ကြည့်ရင် အမှန်ကတော့ ရုပ်ကလာပ်ကလေးတွေ အမှုန့်ကလေးတွေ ဓာတ်ကလေးတွေဟာ တခုစီ, တခုစီ တခြားစီ-တခြားစီ နေကြတယ်၊ အဲဒီလို တခုစီ-တခုစီ တခြားစီ နေအောင် ဘယ်သူခြားထားသလဲဆိုရင် အာကာသဓာတ်ဆိုတဲ့ အပေါက်အကြား ဓာတ်က ခြားထားပါတယ်၊ ဒီအကြားဟာ အာကာသ ဓာတ်ပါဘဲ။

ဒါကြောင့် တရားဆိုတာ သဘော၊ သဘောဆိုတာ တရား၊ တရားဆိုတာ ဓာတ်၊ ဓာတ်ဆိုတာ တရား၊ သဘော တရား၊ တရားသဘောတွဲ၊ ဓာတ်ဆိုတာ ရုပ်ဓာတ်နဲ့ နာမ်ဓာတ်၊ ရုပ်သဘောနဲ့ နာမ်သဘော တရားသဘောပါဘဲ၊ ရုပ်ဆိုရင် မြေဆိုတဲ့ အမာဓာတ်တွေ၊ ရေဆိုတဲ့ဖွဲ့စည်း တွဲပေးတတ်တဲ့ အရေဓာတ်တွေ၊ မီးဆိုရင် ပူရှိန်၊အေးရှိန်၊ ပူငွေ့ အေးငွေ့၊ ပူတဲ့ အေးတဲ့သဘောတွေ၊ လေဆိုရင် ကန်နေတဲ့ တွန်းနေတဲ့ တိုးနေတဲ့ သဘောတွေ၊ အာကာသဆိုရင် အပေါက်အကြား တွေ၊ အဲဒါတွေဟာ ဓာတ်တွေ တရားတွေ သဘောတွေဘဲ၊ အဲဒီသဘော ဒီတရား ဒီဓာတ်တွေ စုတွဲပေါင်းနေလို့ ခန္ဓာလို့ ခေါ်တာတဲ့၊ အဲဒါ ရုပ်ဓာတ်ဘဲ။

နာမ်နဲ့ ပတ်တက်ပြီး စိတ်တဲ့၊ ဒီစိတ်ကလေးဟာ ယောဂီ တို့ သိလွယ်အောင်လို့ သိမှုကလေးက စိတ်၊ မြင်မှုကလေးက စိတ်လို့ အကျဉ်းချုပ် ပြောနေတာ၊ အဲဒီစိတ် သိတတ်တဲ့ သဘောဟာ တခုထဲ မဟုတ်ဘူး၊ ဘယ်လောက် များသလဲ ဆိုရင် အကျဉ်းအားဖြင့်(၈၉) တခုယုတ်ကိုးဆယ်လို့လဲ ခေါ် တယ်၊ အကျယ်အားဖြင့်(၁၂၁)စားတောင်ရှိတယ်၊အဲဒီ သိတဲ့ စိတ်မှာ ယှဉ်ပြီးရှိနေတဲ့ ချယ်လှယ်နေတဲ့ စေတသိက်ဆိုတဲ့ နာမ်တရား(၅၂)မျိုးရှိတယ်။

အဲဒီ(၅၂)မျိုးသော စေတသိက်တွေက ဥပမာ-မှတ်တဲ့ သဘောတွေ၊ ခံစားတဲ့သဘောတွေ၊ စေ့ဆော်တဲ့ သဘော တွေ၊ ကြည်ညိုတဲ့ ယုံကြည်တဲ့ သဘောတွေ၊ တပ်မက်တဲ့

သဘောတွေ၊ မတပ်မက်တဲ့ သဘောတွေကို စေတသိက် နာမ် တရားလို့ ခေါ်တယ်။

ဒီတော့ နာမ်တရား အားလုံးကို ပြောရင် နာမ်တရား ပေါင်းဟာ စေတသိက်နာမ်က (၅၂) မျိုး၊ စိတ်နာမ်က (၁၂၁)မျိုး ရှိလေသောကြောင့် (၁၇၃) မျိုးတောင် ရှိပါ တယ်။

အဲဒီ(၁၇၃)မျိုးသော ဓမ္မတွေ သဘောတွေ စုခဲတွဲပြီး တော့နေတဲ့ သူ့ကိစ္စ သူရွက်ဆောင်ပြီးနေတဲ့ ခန္ဓာအိမ်ကြီးမို့ လို့ (ခန္ဓာ) အစုကြီး အပုံကြီး အခဲကြီး၊ သဲတွေပုံထားတော့ သဲပုံကြီးလို မုန့်မှုန့်တွေပုံထားတော့ မုန့်မှုန့်ပုံကြီးလို သကြား တွေ ပုံထားတော့ သကြားပုံကြီးလို စပါးတွေ ပုံထားတော့ စပါးပုံကြီးလိုဘဲ၊ ဒီမှာလဲ ရုပ်တွေ စုပုံထားလို့ ရုပ်စု-ရုပ်ပုံ၊ နာမ်တွေ စုပုံထားလို့ နာမ်စု-နာမ်ပုံ၊ တရားစု- တရားပုံ၊ သဘောစု-သဘောပုံကြီးလို့ ဆိုလိုပါတယ်။

ဒါ့ကြောင့် ခန္ဓာဆိုတာ တရားတွေ သဘောတွေ ဓာတ် တွေ စုခဲတွဲနေတဲ့ အစုအခဲ အတွဲကြီးပါလို့ ဆိုလိုတာ၊ အဲဒါ ခန္ဓာဘဲ။

အဲဒီတော့ မိမိခန္ဓာ မိမိရုပ်အစု ရုပ်အခဲ ဒီခန္ဓာကြီးကို မှီပြီးတော့ သိတတ်တဲ့ နာမ်တရားဆိုတဲ့ (၁၇၃) မျိုးသော တရားသဘောတွေက သူတို့က သိတတ်တယ်၊ ခံစားတတ် တယ်၊ မှတ်တယ်-စိတ်ဆိုးတယ်၊ စိတ်ကောင်းတယ်၊ စိတ်ညစ် တယ်၊ ပျော်တယ်၊ ပျင်းတယ်၊ သဘောကျတယ်၊ သဘော မကျဘူးဆိုတာဟာ အဲဒါ နာမ်သဘော နာမ်တရားတွေဘဲ။

တရားသဘော-သဘောတရားတွေဘဲ၊ သူ့ကိစ္စသူဆောင်ပြီး နေကြတာတွေဘဲ၊တရားသဘောတွေ သူ့ကိစ္စသူ ဆောင်ရွက်တာကို မသိတော့ တရားပေါ်မှာ ငါတပ်ပြီး ငါသဘောကျတာ ငါစိတ်ဆိုးတာ ငါကမုန်းတာ ငါကချစ်တာ ငါကလိုချင်တာ ငါကမလိုချင်တာ ငါကြည်ညိုတာ ငါမှတ်တာ ငါသိတာဆိုပြီး အကောင်အထည် သွားထင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါထင်တယ်၊ ငါကောင် သူကောင်လို့ အထင်မှား အယူမှား အမှတ်မှားနေကြတယ်။

အမှန်ကတော့ တရားသဘော၊ သဘောတရားတွေ၊ သူ့ကိစ္စ သူဆောင်ရွက်ကြတာ ပါဘဲတဲ့၊ ဒါကြောင့် သိတတ်တဲ့ သဘောတရား ခံစားတတ်တဲ့ သဘောတရား ပြုပြင်တတ်တဲ့ ကြည်ညို မကြည်ညို လိုချင် မလိုချင်ဆိုတဲ့ သဘောတရားတွေ၊ အဲဒီ နာမ် သဘောတရားတွေက တိုက်တွန်း နိုးဆော်တဲ့ အတွက် ရုပ်တရားခေါ်တဲ့ ခန္ဓာကိုယ် ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါး အစုအပုံကြီးဟာ ဒီနာမ်တရားတွေ စီမံဖန်တီးတဲ့အတိုင်း နိုးဆော်တိုက်တွန်းတဲ့အတိုင်း ဒီရုပ်ကြီးဟာ တလှုပ်လှုပ်နဲ့ ထိုင်,ထ,သွားလာပြီး လောကကိစ္စ အမျိုးမျိုးတွေကို ဆောင်ရွက်ပြီး နေရပါတယ်။

ဒါကြောင့် ခန္ဓာကိုယ်မှာ အကျဉ်းချုံးလိုက်တော့ ရုပ်သဘောတွေ စုပုံနေတဲ့ ရုပ်စု ရုပ်ခဲ၊ နာမ် သဘောတွေ စုပုံနေတဲ့ နာမ်စု-နာမ်ခဲကြီး ဖြစ်တယ်လို့ သေသေချာချာ ဉာဏ်နဲ့ သိပြီးတော့ အဲဒီ ယခုပြောတာ ဟောတာကို ကြားနေတဲ့ သိနေတာပင်လျှင် ယောကျ်ားက သိနေတာ၊ မိန်းမက

သိနေတာ မဟုတ်၊ လူသားတယောက်က သိနေတာ မဟုတ်၊ စိတ်ကသာလျှင် သိနေပါကလား၊ သိနေပါကလား၊ သိဒါ စိတ်ပါလားလို့မြင်ပြီးတော့ အဲဒီစိတ်ကလေးက တိုက်တွန်းလို့ ရုပ်ကြီးက ရှိခိုးတော့မယ် ဩကာသဆိုတော့မယ်။

ဩကာသ-ဩကာသ-ဩကာသ-ဆိုနေတာက ဩကာသ အသံတွေပေါ်နေတာက ရုပ်ဓာတ်တွေဘဲ ဖြစ်ပျက်နေတာဘဲ၊ ဒီ ဩကာသ - ဩကာသ - ဩကာသ-ရုပ်တွေ တသံပြီးတသံ ဖြစ်ပေါ်လိုက် ပျောက်ကွယ်သွားလိုက်ဖြစ်အောင် ဘယ်သူက တိုက်တွန်းနေတာလဲ ဘယ်သူက တိုက်တွန်းနှိုးဆော်နေတာလဲ ဆိုတော့ အဲဒီ စိတ်စေတနာနာမ်တရားက တစိတ်ပြီးတစိတ် သူက တိုက်တွန်းနှိုးဆော်နေတယ်။

ဒါကြောင့် စိတ်စေတနာဖြစ်လို့ နာမ်ဖြစ်လို့ ရုပ်တွေ ဖြစ်ပေါ်နေတာဘဲ နာမ်ပျက်လို့ ရုပ်ပျက်နေတာဘဲလို့ အဲဒီ အသိကလေးနဲ့ ညီညီညာညာ လေးလေး ကန်တော့ကြ။

**ကန်တော့ကြပြီး ဆရာတော်၏ ဆုပေးခဏ်း**

ဗုဒ္ဓေါစ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်ကား။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ လောကေ၊ လူ့ လောက နတ်လောက ဗြဟ္မာလောကခေါ်တဲ့ ဘုံအပြင်၌။ မင်္ဂလော၊ မင်္ဂလာကြီးအစစ် ဖြစ်တော်မူပါပေ၏။

ဓမ္မောစ၊ ဘုရားရှင်ကိုယ်တော်မြတ် ဟောဖော်ညွှန်ကြား ဆုံးမတော်မူသော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ တရားတော်မြတ်ကြီးသည်ကား။ လောကေ၊ လောကသုံးခွင်

ဘုံအပြင်၌။ မင်္ဂလော၊ မင်္ဂလာအစစ်ကြီး ဖြစ်တော်မူပါပေ၏။

သံဃောစ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းသည်ကား။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ မင်္ဂလော၊ ကောင်းမြတ်သောမင်္ဂလာကြီး ဖြစ်ပါပေ၏။

ဤကဲ့သို့ အကောင်းဆုံး အမြတ်ဆုံး အထက်တန်းအကျဆုံးဖြစ်သော ဘုရားရတနာ မင်္ဂလာအစစ်တွေ၊ တရားရတနာ မင်္ဂလာအစစ်တွေ၊ သံဃာရတနာ မင်္ဂလာအစစ်တွေကိုယုံကြည်သောသဒ္ဓါ ထက်သန်သော စေတနာ အသိ အလိမ္မာတွေ ပြဋ္ဌာန်းကြကုန်လျက် ယခုလို စေတနာက နှိုးဆော်၊ စိတ်က ကြံသော်၊ လေပြည့်ပေါ် ရုပ်နေ‌ော်ရှိခိုးကြလေ၏။ "အသက်လိပ်ပြာ၊ ငါမပါ၊ ပမာရုပ်သေးကြည့်"ဆိုတဲ့အတိုင်း မိမိခန္ဓာမှာ ရှိခိုးချင်တဲ့ စေတနာကလေးက တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ဤကဲ့သို့ စေတနာကလေးက တိုက်တွန်းနှိုးဆော်လိုက်တဲ့အတွက် ရှိခိုးချင်တဲ့စိတ်ကူးတွေ ပေါ်လာပါတယ်၊ ဤကဲ့သို့ စေတနာကနှိုးဆော်၍ စိတ်ကူးတွေပေါ်ပြီးလျှင် တကိုယ်လုံးမှာ ကန်တဲ့လေတွေ၊တွန်းတဲ့လေတွေ ဖြစ်ပေါ်၍လာပါတယ်၊ ဤကန်တဲ့လေတွေ တွန်းတဲ့လေတွေက ကန်လိုက်တွန်းလိုက်တဲ့အတွက် ဩကာသ - ကာယကံ-ဝစီကံစတဲ့ အသံရုပ်ဓာတ်တွေ ပေါ်လာပါတယ်၊ ဤခန္ဓာရုပ်ကြီးသည် တမျိုးပြီးတမျိုး

အဟောင်းကပျက် အသစ်ဆက် ပြောင်းလဲဖြစ်ပေါ်ပြီး နေပါတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ နေကြပါတယ်။

ဒါကြောင့် ခန္ဓာတွင်းဉာဏ်သွင်းပြီးတော့ကြည့်မယ်ဆိုရင် ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ရှိခိုးပါ၊ ရှိခိုးလိုက်ပါလို့ တိုက်တွန်းသူစေတနာကလဲ နာမ်တရား၊ ရှိခိုးချင်တဲ့စိတ်ကူးတွေကလဲ နာမ်တရား၊စေတနာနဲ့စိတ်(၂)ခု ပေါင်းလိုက်တော့ နာမ်တရားပါဘဲ။

ထိုစိတ်စေတနာကြောင့် ဖြစ်ပေါ်လာတဲ့ ကန်တဲ့လေတွေ တိုးတဲ့လေတွေ တွန်းတဲ့လေတွေကလဲ ရုပ်တရား၊ သြကာသ-သြကာသဆိုတဲ့ အသံတွေကလဲ ရုပ်တရား၊ ကန်တဲ့လေ တိုးတဲ့လေ တွန်းတဲ့လေကလဲ ရုပ်၊ အသံတွေကလဲ ရုပ်ဆိုတော့ အဲဒီနှစ်ခုက ရုပ်တရားပေါ့။

သေသေချာချာ ဉာဏ်မျက်လုံးတပ်ပြီးတော့ ခန္ဓာကိုယ်မှာ ပြန်ကြည့်မယ်ဆိုရင် နာမ်တရားနဲ့ ရုပ်တရားတွေ၊ နာမ်ခိုင်းလို့ ရုပ်ကလုပ်ပြီးသကာလ ဖြစ်လိုက် ပျက်လိုက်နေတာကိုပင်လျှင် ရှိခိုးတယ်-ရှိခိုးတယ်လို့ ခေါ်ရပေသည်၊ ပြောရပေသည်၊အသိအမှတ် ပြုရပေသည်။

အမှန်စင်စစ်ကတော့ ရုပ်နဲ့နာမ်နှစ်ပါး အဟောင်းအသစ် ပြောင်းလဲပြီးတော့ ဖြစ်ပျက်နေတာပါဘဲလို့ မိမိကိုယ်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ပြန်ပြီးတော့ကြည့်လိုက်မယ်ဆိုရင် အမှန်ကိုသိနိုင်ပါတယ်၊ မြင်နိုင်ပါတယ်။

ဤကဲ့သို့ အမှန်ကိုမြင်လိုက်ပါလျှင် ရှိခိုးနေတာ ငါလဲ မဟုတ်ပါကလား၊ သူလဲ မဟုတ်ပါကလား၊ ငါ သူ ဆိုတာ

ခေါ်ရုံခေါ်ရ၊ ပြောရုံပြောရ၊ မှတ်ရုံမှတ်ရ၊ ထင်ရုံထင်ရတဲ့ အမှတ်အသထင် အယူအဆတွေပါကလား၊ အမှန်အစစ်ကတော့ ဉာဏ်မျက်လုံးနဲ့ကြည့်ရင် ရုပ်တရား နာမ်တရားတွေ ဖြစ်လိုက် ပျက်လိုက်နေတာပါကလားလို့ မြင်လိုက်ပါလျှင် ဘုရားရှိခိုး နေရင်းနှင့်ပင် အမှားဒိဋ္ဌိတွေစင်ပြီးတော့ အမှန်တွေမြင်သွား ပါတယ်။

ဤကဲ့သို့ မြင်၍နေခဲ့ပါလျှင် အရိယေဟိ ဒိဋ္ဌံ အနိစ္စာဒိ လက္ခဏံ ပဿန္တော အရိယာနံ ဒဿာဝီတိ ဝုစ္စတိ။

"အရိယာဖြစ်ကြောင်း လက္ခဏာကောင်းတွေထင်၊ အရိယာအစစ်ကိုမြင်လို့ဆိုတဲ့အတိုင်း အရိယာဖြစ်ကြောင်းအကျင့် ကောင်းအကျင့်မြတ်ဖြစ်တဲ့ ရုပ်နာမ်ဓမ္မ ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာတွေကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ မြင်၍နေသည်၊ တွေ့၍နေသည် ဖြစ်လေသောကြောင့် ဘုရားအစစ် တရား အစစ် သံဃာအစစ်တွေကို ရှိခိုး၍နေသည် မည်ပါပေ၏။ ဘုရား တရား သံဃာ ရတနာအစစ်တွေကို ပူဇော်၍နေသည် မည်ပါပေ၏။ ဆည်းကပ်၍နေသည် မည်ပါပေ၏။

ဤကဲ့သို့ ရတနာသုံးပါးအစစ် ရုပ်နာမ် ဖြစ်ပျက်တွေကို ရှုရင်း ရှုရင်းမတ္တာနဲ့ လက္ခဏာထင် ဉာဏ်စဉ်တက်၍ မိမိတို့က အရင် မဂ်ဝင်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်နိုင်ကြပါစေ၊မိမိတို့က(ဝါ) မိမိလို့ခေါ်တဲ့ ဒီစိတ်ကလေး ဒီဉာဏ်ကလေးက(ဝါ)မဂ်ဉာဏ် ဖိုလ်ဉာဏ်က နိဗ္ဗာန်ကိုလှမ်းပြီးတော့မြင်ရသလို သူများတကာ တွေကိုလဲ သိရမြင်ရလေအောင် သံသရာ ကမ္ဘာလောကကြီး

အတောအတွင်း၌ ဘုရားရှင်တို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာမှသာလျှင် ဟောပြကြပါတယ်၊ ဆုံးမကြပါတယ်။

ဤကဲ့သို့ ဘုရားရှင်တို့ ပွင့်တန်း အချိန်ကောင်း အခါကောင်းကြီးမှာသာလျှင် တရားမှန် တရားစစ်တွေကို ကြားရနာရပါသည်၊ အိုဘေး နာဘေး သေဘေးလွတ်ကြောင်းအစစ်ဖြစ်တဲ့ သူတော်ကောင်းတို့ရဲ့ အကျင့်ကောင်း အကျင့်မြတ်တွေကို သိရ မြင်ရ နားလည်ရပါတယ် အားထုတ်ရပါတယ်။

ဤကဲ့သို့အခွင့်ကောင်းတွေ လာပြီးကြုံရတဲ့အချိန်ကောင်း အခါကောင်းကြီးမှာ အို့, နာ, သေ,မှဲ့,ဆင်းရဲလွတ်နိုင်တဲ့ ဒီအကျင့်ကောင်း အကျင့်မြတ်တွေကို ကိုယ်တိုင်လဲ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်နာနိုင်ကြပါစေ၊ ကိုယ်တိုင်လဲ မဂ်ဝင် ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ကြပါစေ။

ကိုယ်တိုင်မြင်ရသလို သူများတကာတွေကိုလဲ သိရ မြင်ရလေအောင် ဗုဒ္ဓရှင်တော်ဘုရားတို့မှ ဖော်ထုတ်နိုင်သော ဤအို- နာ- သေ- မှဲ့- ဆင်းရဲမျိုးစုံတို့မှ လွတ်ကြောင်းအစစ်အမှန်ဖြစ်သော မဂ္ဂင်ရှစ်ရပ် ဤသာသနာတော်မြတ်ကြီးကို လိုတဲ့နေရာမှာ ကိုယ့်တာဝန်ဟု အာရုံပြုကြကုန်လျက် သာသနာတော်အရေး အားပေးနိုင်ကြသော သာသနာပြုသူတော်စင်တွေ ရှင်တော်မြတ်ဘုရား၏ သားတော်အစစ်တွေ သမီးတော်အစစ်တွေ အမြန်ဆုံးဖြစ်နိုင်ကြပါစေ။

(ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား)။

## သီလများခံယူပြီးနောက် တရားထိုင်စဉ် ဟောသော အလုပ်ပေး တရား

ကဲ-ချမ်းသာသလို ထိုင်ကြ၊ အထက်ပိုင်း ခန္ဓာကိုယ်ကို ဆန့်ဆန့်ကလေးထား၊ အောက်ပိုင်းကတော့ ကြိုက်ရင်လဲ တင်ပလ္လင်ခွေထိုင်၊ ထိုင်နည်းသည် အမျိုးမျိုး ရှိပါတယ်၊ ဆောင့်ကြောင့်ထိုင်တာလဲ တမျိုးပါဘဲ၊ ကြုံ့ကြုံ့ထိုင်တာလဲ တမျိုးပါဘဲ၊ တင်ပလ္လင်ခွေထိုင်တာလဲ တမျိုးပါဘဲ၊ ပဆစ်တုတ် ထိုင်တာလဲ တမျိုးပါဘဲ၊ ဒူးတဘက်ထောင် တဘက်လှဲ ထိုင်တာလဲ တမျိုးပါဘဲ၊ ခြေဆင်းထိုင်တာလဲ တမျိုးပါဘဲ၊ လက်ထောက်ထိုင်တာလဲ တမျိုးပါဘဲ၊အမျိုးမျိုး ရှိပါတယ်။

အဲဒီတော့ တရားထိုင်တယ်ဆိုတော့ တကာ-တကာမတွေက အောက်မေ့လိမ့်မယ်၊ကြုံ့ကြုံ့ထိုင်မှထိုင်ကောင်းတယ်၊ တင်ပလ္လင်ခွေထိုင်မှ ထိုင်ကောင်းတယ်၊ ဘုရားရှေ့သွားထိုင်မှ ကျောင်းထဲ ဂူထဲ သွားထိုင်မှ ဘုရားကျောင်းမှာမှ ထိုင်ကောင်းတယ်လို့ အဲဒီလို စိတ်ထဲမှာ များသောအားဖြင့် ထင်နေကြပါတယ်။

အဲဒီလို မှတ်မထားပါနဲ့၊ ဒီအမှတ်တွေ လွဲနေပါတယ်၊ ဘာကြောင့်တုံးဆိုတော့ အယုတ်တကာ့ အယုတ်ဆုံး ကမ္မဋ္ဌာန်းကျောင်းထဲတွင် ထိုင်မှ မဟုတ်၊ ဘုန်းကြီးကျောင်း သံဃာတော်တွေနေတဲ့ ကျောင်းမှာ လာပြီးထိုင်မှ မဟုတ်ပါဘူး၊ ဘယ်နေရာမှာဘဲထိုင်ထိုင် ထိုင်လို့ဖြစ်ပါတယ်။

ထိုင်ဆိုတဲ့နေရာမှာ အားလုံး တကာ-တကာမတွေသိဘို့က တရားထိုင်ဆိုတာ စိတ်က တရားကို သိနေဘို့ပြောတာ၊ ခင်

ဗျားတို့ ငုတ်တုတ်ကြီးထိုင်တာကို သွားပြီးတော့ ဒီငုတ်တုတ်ကြီးထိုင် ရှုမှတ်ပွားများတာမှ တရားထိုင်တာဘဲ၊ တရားထိုင်တယ်လို့ ဒီလိုမြင်နေကြ မှတ်နေကြ သိနေကြပါတယ်၊ ငုတ်တုတ်ထိုင်နေတာကို ပြောတာမဟုတ်ပါဘူး၊ တရားထိုင်တာပါတဲ့။

အယုတ်တကာ့အယုတ်ဆုံး အိမ်သာထဲ ကျင်ကြီးကျင်ငယ်သွားနေတုန်းလဲ တရားထိုင်လို့ဖြစ်ပါတယ်၊တရားထိုင်ကောင်းပါတယ်၊ တရားအားထုတ်ကောင်းပါတယ်၊ တရားကိုဆင်ခြင်ကောင်းပါတယ်၊ အိမ်သာသွားရင်းဆိုတော့ လောကမှာ အိမ်သာဟာ မသန့်ရှင်း - မစင်ကြယ်တဲ့ နေရာဘဲ၊ ဒါပေမဲ့ အဲဒီနေရာမှာလဲ တရားထိုင်လို့ တရားရှုလို့ တရားအားထုတ်လို့ ဝိပဿနာအားထုတ်လို့ ဖြစ်ပါတယ် ဆိုတာလေးကို တကာ-တကာမတို့ မှတ်ထားပါတဲ့၊ ဘာ့ကြောင့်တုံးဆိုတော့-

ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက တရားစု တရားပုံကြီးဘဲ၊ တရားသဘောတွေဘဲ၊ ဘာတရားတွေလဲဆိုတော့ သင်ပေးနေကျအတိုင်း တကာ-တကာမတို့ ခန္ဓာမှာ ရုပ်တရားနဲ့ နာမ်တရားတွေက အပို ဘာရှိသေးသလဲ၊ (မရှိပါ ဘုရား)။

မရှိပါဘူး၊ ရုပ်တရား နာမ်တရား ရုပ်ပုံ နာမ်ပုံကြီးဘဲ၊ ဒီရုပ်နာမ်အပုံကြီးကို ဒါလူ၊ ဒါနတ်၊ ဒါဗြဟ္မာ၊ ဒါနွား၊ ဒါကျွဲ၊ ဒါဆင်၊ ဒါမြင်း စသည်ဖြင့် ဤကဲ့သို့ ပညတ်တွေနာမည်တပ်ပြီးတော့ ခေါ်ဝေါ်သမုတ်နေကြတာ မဟုတ်ဘူးလား၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ရုပ်အစု နာမ်အစု ဓာတ်နှစ်ခုပေါ့။ ရုပ်သဘောဆိုရင်ဖြင့်ရင် ခုနက ဘုန်းကြီး ရှင်းပေးခဲ့တဲ့အတိုင်း မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးပေါ့နော်၊ (မှန်ပါ့ ဘုရား)။

မြေဆိုရင် မာတဲ့သဘောတွေပေါ့၊ ရေဆိုရင် ဖွဲ့စည်းယိုစီး၊ ဖွဲ့စည်းတယ်ဆိုတာ ဥပမာ - မုန့်မှုန့်တွေရေထဲထည့်ပြီး ခဲလိုက်မယ်ဆိုရင် အတုံးအခဲ ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ် ဘုရား) အဲဒီလိုဖြစ်သွားအောင်လို့ ဘယ်သူက တွဲ ဘယ်သူက စပ် ဘယ်သူက ခဲပေးတာတုံး၊ (ရေကပါဘုရား)။

ဒါကြောင့် "အာဗန္ဓနလက္ခဏာ အာပေါဓာတု"တဲ့၊ အာပေါဓာတ်လက္ခဏာဆိုတာ ရေ၏လက္ခဏာ၊ရေ၏သဘာဝ၊ ရေ၏စွမ်းအင်သည် ဘာများ သူ စွမ်းဆောင်နိုင်သလဲဆိုရင်ဖြင့်ရင် မြေဓာတ်ခေါ်တဲ့ အမှုန့် အမှုန် အမာဓာတ်ကလေးတွေ တခုနဲ့တခု ဖရိုဖရဲ ပြိုကွဲမသွားအောင် တွဲစပ် ပေါင်းစပ်ပေးတတ်တဲ့ လက္ခဏာ ရှိပါတယ်တဲ့။

ဒါကြောင့် ယောဂီတို့ခန္ဓာကိုယ်မှာ ရေဓာတ်တွေကော မရှိဘူးလား၊ (ရှိပါတယ် ဘုရား)ပူတဲ့ အေးတဲ့ တရှိန်ရှိန် အေးငွေ့ ပူငွေ့ အေးဓာတ် ပူဓာတ်တွေကော မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ကဲ-ယောဂီတို့ခန္ဓာကိုယ်မှာ ကန်-တိုး-တွန်းနေတဲ့ လေဓာတ်တွေကော၊ (ရှိပါတယ် ဘုရား) ရှိလို့ ခင်ဗျားတို့ ယခုစကားပြောလို့ရတာပေါ့၊ ပြောလေ ဆိုလေ အခုစကားပြောတာ လေပေါ့၊ 'ပြောလိုက် ဆိုလိုက် လေ

ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား)လေမရှိ ပြောလို့ရပါ့မလား၊ (မရပါ ဘုရား)။

ထိုင်- ထ- သွား-လာဆိုတော့ ယောဂီတို့ ထိုင်တာကော ဘယ်သူ့သတ္တိပါလိမ့်၊ (လေရဲ့သတ္တိပါ ဘုရား)ခင်ဗျားတို့ လေမရှိရင် အခုလိုထိုင်နေလို့ ရပါ့မလား။ (မရပါ ဘုရား) ဒီရုပ်ကြီးဟာ လေမရှိရင် မတ်မတ်ကြီးနေလို့ မရဘူး၊ လေက တောင့်ထားတာ လေက ဆောင်ထားတာနော်၊ (မှန်ပါ ဘုရား)။

ဥပမာ-ကားကြီးတွေကို ကြည့်မယ်ဆိုရင် အောက်ကနေ ပြီးတော့ ဘီး ၄-ဘီး ၆-ဘီး ၈-ဘီး ရှိကြတယ်၊ အဲဒီဘီးကြီး တွေထဲမှာ ကျွတ်ရှိတယ်၊ ကျွတ်တွေထဲမှာ လေတွေ မထည့် ထားဘူးလား၊ (ထည့်ထားပါတယ်ဘုရား)အဲဒီကားကြီးတွေ ၄-တန် ၅-တန် ၆-တန်၊ အဲဒီလောက် လေးတဲ့ဝန်ကြီးကို ဘယ်သူက ထမ်းထားတာတုန်း၊ (လေက ထမ်းထားပါတယ် ဘုရား)။

လေက ထမ်းတာ လေက ပင့်ထားတာ၊ ဒါကြောင့် လေရဲ့သဘော လေရှိလို့၊ ခင်ဗျားတို့ ထိုင်ဟဲ့-ထဟဲ့ လုပ်နိုင် တာပေါ့၊ ဒါဖြင့် ခင်ဗျားတို့ခန္ဓာထဲ လေရှိတာ ထင်ရှားနေ တာပေါ့၊(မှန်ပါ ဘုရား)ထိုင်-ထ သွားလာနေတာ ဘယ်သူ့ ကိစ္စပါလိမ့်၊ (လေကိစ္စပါ ဘုရား)ဘယ်သူ ဆောင်နေတာပါ လိမ့်၊ (လေက ဆောင်နေတာပါ ဘုရား)။

လေကဆောင်နေတယ်လို့သိတာ အမှန်သိလား - အမှား သိလား၊ (အမှန်သိပါ ဘုရား) ငါဆောင်နေတယ် သိရင်

မှားသွားပြီ၊ လူက ဆောင်နေတယ်လို့ သိရင်၊ (မှားသွားပါပြီ ဘုရား) ယောကျ်ား မိန်းမကဆောင်နေတယ်သိရင် (မှားသွားပါပြီ ဘုရား) အမှန်က ဘယ်လို သိရမယ်၊ (လေက ဆောင်နေတာလို့ သိရမှာပါ ဘုရား)။

လေက သူ့ကိစ္စသူ ရွက်ဆောင်နေတာဘဲ၊ ဒီလိုသိရမှာ နော်၊ (မှန်ပါ့ ဘုရား) ဒါဖြင့် ဒီလေကိုပင် ငါဘဲ သူဘဲ ပုဂ္ဂိုလ်သတ္တဝါပါဘဲလို့ အထင်လွဲတာဘဲ ရှိတယ်၊ အမှန် ဆောင်ရွက်နေတာက လေဘဲ။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာမှာ မြေဓာတ်တွေကလဲ စုခဲနေတယ်၊ ရေဓာတ်တွေလဲ တပုံတစ ပါဝင်တယ်၊ မီးဓာတ်တွေလဲ ပါဝင်တယ်၊ ကန် ကိုး တွန်းတဲ့ လေဓာတ်တွေလဲ ပါဝင်တယ်ဆိုတော့ ယောဂီတို့ ခန္ဓာကိုယ်ဟာ ဓာတ်စု ဓာတ်ပုံကြီးဘဲ၊ (မှန်ပါ့ ဘုရား) သဘောစု သဘောပုံ ကြီးဘဲ၊ (မှန်ပါ့ ဘုရား) သဘာဝတွေစုခဲနေတဲ့ သဘာဝစု သဘာဝခဲကြီး မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် အဲဒီ မြေ- ရေ- လေ- မီး ဓာတ်စုဓာတ်ခဲကြီးကို ဘယ်သူက စီမံနေသလဲဆိုရင် ယောဂီတို့ အကဲခပ်လိုက်တော့ စိတ်က စီမံတယ်၊ ဘယ်သူက ဆရာလုပ်နေပါလိမ့်၊ (စိတ်ကပါ ဘုရား) ဘယ်သူ ချယ်လှယ်နေပါလိမ့်၊ (စိတ်ကပါ ဘုရား) ဒီစိတ်တရား နာမ်တရားက ချယ်လှယ်ပြီးတော့ သူက အမိန့်ပေး၊ သူက စီမံကိန်းချ သူက လက်ညှိုးထိုးခိုင်းနေတယ် နော်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဘာမဆို သိတတ်တာ စီမံတာဟာ ဘယ်သူပါလိမ့် (စိတ်ပါဘုရား) အော်-ဒီစိတ်က စီမံပေးတယ်၊ သူက အမိန့်ချပြီးပေးတော့ဘာမဆိုဘဲသူ့လက်ချက်ကြီးဘဲလို့ ယောဂီတို့ မှတ်လိုက်တာပေါ့နော်(မှန်ပါ့ ဘုရား) သူ့ရဲ့တိုက်တွန်းမှု၊ ဒီနာမ်စိတ်တရား၏ ကိုက်တွန်းစီမံမှုအတိုင်း ဒီရုပ်ကြီးဟာ တလှုပ်လှုပ် တရုတ်ရုတ် တသုတ်သုတ်နဲ့ လုပ်ကိုင် နေရပါလား ဆိုတာ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။

ကိုင်း ဒါဖြင့် ခင်ဗျားတို့ ခန္ဓာမှာ ရုပ် သဘောတွေက တစုတပုံပေါ့၊ နာမ်ဆိုတဲ့ စိတ်သဘောတွေက တစု တပုံ မနေဘူးလား၊ (နေပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာမှာ ဉာဏ်မျက်လုံးနဲ့ကြည့်ရင် ရုပ်အစု၊ နာမ်အစု ခဲတ် (၂) ခုပါဘဲ၊ အော်-သဘာဝ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဘယ်နှစ်ခုတွေ့သလဲ (နှစ်ခုဘဲ တွေ့ပါတယ်ဘုရား)။

ရုပ်အစုနဲ့ နာမ်အစု ခဲတ်နှစ်ခုဘဲ၊ ရုပ် ဆိုရင်ဖြင့် မြေ-ရေ လေ-မီး ခဲတ်ကြီးလေးပါး အာကာသပါထည့် ငါးခုပေါ့ဗျာ၊ နာမ်ဆိုရင်ဖြင့် သာမညပေါင်းရင် သိမှုပေါ့ဗျာ၊ ကိုင်း ဒါကြောင့် ဒီ (၂) ပါးတို့တွင် ဝိပဿနာရှုရှု၊ သမထဘဲ အားထုတ်-အားထုတ်၊ ဘာဘဲ အားထုတ်-အားထုတ်၊ ယောဂီတို့ ဘယ်သူ စီမံတယ် (စိတ် စီမံပါတယ် ဘုရား) စိတ်က နာမ်က စီမံလိုက်တယ်၊ ဘယ်သူခိုင်းတယ် နာမ်က စိတ်က ခိုင်းလိုက်တာဘဲ၊ ဒါဖြင့် ရှုတယ်မှတ်တယ်၊ ပွားတယ် ဆိုတာ ဘယ်သူက (နာမ်ကပါဘဲ ဘုရား) ဒီ နာမ် စိတ် တရားက သိရ ပွားရမှာဘဲ၊ ဟုတ်ပြီလား (ဟုတ်ပါပြီ ဘုရား)။

ဒါဖြင့် တရား အားထုတ်တယ်. တရားအားထုတ်တယ် ဆို တော့ နဂိုတုန်းက ဟာဘဲလုပ်လုပ် ငါလုပ်တယ်၊ငါသွားတယ်၊ ငါပြောတယ်၊ငါဆိုတယ်လို့ ခင်ဗျားတို့ ဒီလိုမှတ် ဒီလိုပြော ဒီလို ယူတယ်နော် (မှန်ပါ့ဘုရား)၊ သေသေချာချာ ဉာဏ် မျက်လုံးနဲ့ ကြည့်လိုက်မှ ခင်ဗျားတို့ခန္ဓာထဲ ငါရှာလို့ မရ တော့ဘူး၊ (မရတော့ပါဘုရား)။

အမှန်ရှိနေတာက ငါမရှိဘဲနဲ့ ရုပ်အစု နာမ်အစုခေတ်(၂) ခုရှိနေတယ်နော်၊(မှန်ပါဘုရား)ရုပ်အစု နာမ်အစုမှာ နာမ်က ဆရာလုပ်တယ်နော်၊ (မှန်ပါ့ဘုရား) ရုပ်က အစေခံ နာမ်က စေသမား ဖြစ်နေတော့ ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ ကြည့်လိုက် တော့ အစေခံသမားနဲ့ အစေသမား (၂) ဦးဘဲရှိတယ်း အဲဒါ အစေခံသမား ရုပ်က စိတ်က နာမ်က စေတဲ့အတိုင်း သူက ရှောက်လုပ်ရတယ်နော်- (မှန်ပါဘုရား)။

အဲဒါ ရုပ်လုပ်သမျှ ခင်ဗျား တို့က ဉာဏ်မျက်လုံး မရှိ တော့ငါလုပ်တာဘဲ၊သူလုပ်တာဘဲ၊ငါသွားတာ၊သူသွားတာ၊ ငါထိုင်တာ၊ သူထိုင်တာ၊ ငါပြော ---ပြောဆိုပြီး သကာလ နာမ်ခိုင်းလို့ ရုပ်လုပ် နေတာတွေကို ငါလုပ်နေတာ ထင်ပြီး တော့ အားလုံးတကာ တကာမတွေ ဒီလိုဘဲ ယူကြ မှတ်ကြ တယ်နော်၊ (မှန်ပါ့ဘုရား)။

အဲဒီ အစေခံတဲ့ အစေခံကလေး ရုပ်က လုပ်နေတာ၊ ခိုင်းစေတဲ့နာမ်က ခိုင်းစေတာ၊ နာမ်ခိုင်းလို့ ရုပ်လုပ်ရတာ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) အဲဒီ ခိုင်းစေတဲ့ နာမ် ဘုရားကလေးကိုလဲ ခင်ဗျားတို့က နာမ့်တရား စိတ်တရားလို့

မသိဘဲ ငါခိုင်းတာဘဲ၊ ငါကစီမံလိုက်တာဘဲ၊ ငါက အမိန့် ပေးလိုက်တာဘဲလို့ ဆိုတော့ တကာ တကာမတို့ စိတ်တရား ပျောက်ပြီးတော့ စိတ်ပေါ်မှာ ငါအထင် မရောက်နေဘူး လား၊ (ရောက်နေပါတယ်ဘုရား)။

အဲ ဒီ အထင်ကိုတော့ဖြင့် ဖယ်လိုက်တော့မယ်၊ (မှန်ပါ့ ဘုရား) ငါထင် သူထင်နေတဲ့ အထင်တွေကို ဖယ်ရှားလိုက် ပါတော့တဲ့၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်လိုက်တော့ ရုပ်အစု နာမ် အစု ခွဲတ်(၂) ခုဘဲရှိတယ်၊ ဟုတ်ပြီလား၊ (ဟုတ်ပါတယ် ဘုရား) ဘယ်သူကခိုင်းပါလိမ့်၊ (စိတ်ကပါဘုရား)၊ ဘယ်သူ က လုပ်ပါလိမ့်၊ (ရုပ်ကပါဘုရား)။

အမြဲတမ်း စိတ်က တစိတ်ထဲနဲ့ ခိုင်းနေတာလားတဲ့၊တစိတ် ပြီးမှ တစိတ်လား၊ (တစိတ်ပြီးမှ တစိတ်ပါဘုရား) ရုပ်ကြီး ကလဲ တရုပ်ပြီးမှ တရုပ်လား၊ တရုပ်ထဲ အမြဲ လုပ်နေတာ လား၊ (တရုပ်ပြီးမှတရုပ်ပါဘုရား) အော်-သူကလဲ တရုပ်ပြီး တရုပ် တလုပ်ပြီး တလုပ်၊ တပူပြီးမှ တပူ၊ တသံပြီးမှ တသံ စကားတလုံးပြောပြီးမှ တလုံး၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ယောဂီတို့ရဲ့ ခန္ဓာ ခွဲတ်အစုံ ၂-ခုသည် ဘယ်လို နေသလဲလို့ အကဲခပ်လိုက်တော့ ပေါ်လိုက် ပျောက်လိုက် ဖြစ်ပေါ်လာလိုက် ပျောက်ကွယ် သွားလိုက်၊ နောက်တခါ ဖြစ်ပေါ် လာလိုက် ပျောက်ကွယ် သွားလိုက်၊ ခင်ဗျားတို့ စကား ပြောတာက စကား တလုံးထဲလား၊ စကား အလုံး

တွေ အမျိုးမျိုးလား၊ (အမျိုးမျိုးပါဘုရား) အမျိုးမျိုး ဆိုက ထဲက တခုပြီးမှတခုဘဲ၊ တသံပြီးမှ တသံ၊ စကားတလုံး ပြီးမှ စကားတလုံးပါဘဲ၊ ဟုတ်ပြီလား၊ (ဟုတ်ပါပြီဘုရား)။

ယောဂီကို စိတ်ကလေးက တစိတ်ထဲ ရှိနေရင် တမျိုးထဲ သူ ပြောနေမှာပေါ့၊ အခုတော့ စိတ်က အမျိုးမျိုး ဖြစ်နေ တော့ ကောင်းတာ ပြောလိုက် ဆိုးတာပြောလိုက် ဖြစ်နေ တယ်မဟုတ်လား၊ (မှန်ပါ့ဘုရား) သဘော ကျတာလေး အပြော ခိုင်းလိုက်၊ သဘော မကျတာလေး အပြောခိုင်း လိုက်၊ မကောင်းတာလေး ပြောဆို ခိုင်းလိုက်၊ ဘုရား ရှိခိုး ခိုင်းလိုက်၊ တရားနာ ခိုင်းလိုက် ဆိုတော့ သူကလဲ ကောင်းတဲ့ စိတ် မကောင်းတဲ့ စိတ် အလှည့်အလည်နဲ့ ဒီလို မနေဘူးလား၊ (နေပါတယ်ဘုရား)။

ဒါဖြင့် ယောဂီတို့ခန္ဓာမှာ ကြည့်လိုက်တော့ နာမ် ရုပ်၊ ဒီ နာမ် ရုပ်ကလဲ တခုတည်း အမြဲရှိနေတာမဟုတ်၊ တစိတ်ထဲ တနာမ်ထဲ တရုပ်ထဲလဲ မဟုတ်၊ အမျိုးမျိုးတွေ သူပြောင်း လဲပြီး သကာလ တမျိုးပြီး တမျိုး ဖြစ်လိုက် ပျက်လိုက် မနေဘူးလား၊ (နေပါတယ်ဘုရား)။

ဒါဖြင့်ရင် ဒီရုပ် နာမ် ၂-ပါးသည် ယောဂီတို့ ခန္ဓာမှာ အမှန်ရှိပါရဲ့လား၊ (ရှိပါတယ်ဘုရား) ကျောင်းသွားတော့လဲ သူနဲ့ဘဲ သွားရတယ်၊ အိမ်မှာ နေတော့လဲ သူနဲ့ဘဲနေရ တယ်၊ ဈေးသွား ရုံးသွားတော့လဲ သူနဲ့ဘဲ သွားရတာဘဲ၊ (မှန်လှပါ)။

အိမ်သာ သွားတယ် ရေချိုးတယ် ဆိုတော့ကော (သူနဲ့ ပါသဲဘုရား) ဒီရုပ်နဲ့ ဒီနာမ်ပင် ရှိနေတော့ ဒီရုပ်နဲ့ ဒီနာမ်ပင် လျှင် တရားသဘော ဖြစ်သောကြောင့် ကျောင်းပေါ်မှာလဲ အားထုတ်၍ ဖြစ်ပါတယ်၊ ဂူထဲမှာ ဇရပ်ထဲမှာကော (ဖြစ်ပါ တယ်ဘုရား) အိမ်မှာကော (ဖြစ်ပါတယ်ဘုရား) ကားပေါ် ရထားပေါ်မှာကော (ဖြစ်ပါတယ်ဘုရား)။

ဘာကြောင့်လဲ ဆိုတော့ ဒီရုပ်နဲ့ ဒီနာမ် ဒီခန္ဓာကြီးပင် လျှင် တရားသဘော ဖြစ်နေတယ်၊ သူက သွားလေရာ ပါနေ တာကိုး၊ (မှန်ပါ့ဘုရား) ကဲ ဒါဖြင့် ရေချိုး နေရင်းကော (ဖြစ်ပါတယ် ဘုရား) အိမ်သာများ သွားနေရင်းကော (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တရား အားမထုတ်ကောင်းတဲ့ အရပ်ကယ်လို့ ရှိသေးသလား၊ (မရှိပါဘုရား) တရား မထိုင်ကောင်းတဲ့ နေရာ ရယ်လို့ ရှိသေးရဲ့လား၊ (မရှိပါဘုရား) ယောဂီတို့က သတိ တလုံး အမြဲသုံးဘို့ ဒါဘဲလိုတော့တယ်နော်၊ (မှန်ပါ့ဘုရား) အားထုတ်လို့ မဖြစ်တဲ့ နေရာရယ်လို့ မရှိပါဘူး။

ခန္ဓာထဲမှာလဲ တရားသဘောတွေက အဟောင်း အသစ် အမြဲတမ်း ပြောင်းလဲနေတော့ ယောဂီတို့ ထိုင်မှ အားထုတ် ကောင်းတယ်လို့ ဒီလို မှတ်မထားပါနဲ့နော်၊ (မှန်ပါ့ဘုရား)

ဒါဖြင့် ထိုင်ရင်းလဲ ဘယ်နေရာ ထိုင်ထိုင် အားထုတ်လို့ ဖြစ် မဖြစ် (ဖြစ်ပါတယ် ဘုရား) သွားရင်းကော ဘယ်နေရာ သွားသွား အားထုတ်လို့ ဖြစ် မဖြစ်၊ (ဖြစ်ပါတယ်ဘုရား) ရပ်နေရင်းကော ဘယ်နေရာ ရပ်ရပ် အားထုတ်လို့ ဖြစ် မဖြစ်၊

(ဖြစ်ပါတယ် ဘုရား) အိပ်နေရင်းလဲ ဘယ်နေရာ အိပ်အိပ် (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တရား အားမထုတ်ကောင်းတဲ့ အနေ အထိုင် ဆိုဒါ ရှိသလား၊ (မရှိပါဘုရား)တရား အားမထုတ်ကောင်းတဲ့ အချိန်ရယ်လို့ကော ရှိသေးရဲ့လား။ (မရှိပါဘုရား) အားမထုတ်ကောင်းတဲ့ အလုပ်အကိုင်ရယ်လို့ ရှိသေးသလား (မရှိပါဘုရား) မထုတ်ကောင်းတဲ့ နေရာရယ်လို့ ရှိသေးလား (မရှိပါဘုရား)။

ဒါဖြင့် ယောဂီတို့ အချိန်လဲ မရွေးပါနဲ့၊ နေရာလဲမရွေးပါနဲ့၊ အလုပ်လဲမရွေးပါနဲ့၊ ဘယ်အလုပ်ဘဲ လုပ်နေနေ အားထုတ်လို့ ဖြစ်ပါတယ်နော်၊ (မှန်ပါ့ဘုရား)။

ကိုယ့်ခန္ဓာဟာ ဒီရုပ်နဲ့ ဒီနာမ် ဒီစိတ်ဘဲ ဖြစ်နေတော့ တစိတ်ပြီး တစိတ် ပြောင်းလဲနေတာ အကဲခပ်ရုံဘဲ၊ ဒီ ရုပ်ကလေး တရုပ်ပြီး တရုပ်၊ တမျိုးပြီး တမျိုး ပြောင်းလဲနေတာကို အကဲခပ်လိုက်ရင် ယောဂီတို့ ဒါတရား ရှုတာပေါ့။ (မှန်ပါ့ဘုရား) ဟုတ်ပြီလား၊ (ဟုတ်ပါပြီ ဘုရား)။

ဒါဖြင့် အနေလဲ ရွေးဘို့ လိုသေးသလား၊ (မလိုပါဘုရား) ထိုင်နေမှ ထနေမှ သွားနေမှ ဒီလိုကော ရွေးဘို့ လိုသေးသလား၊ (မလိုပါဘုရား) ဒါဖြင့် တရားအားထုတ် တရားအားထုတ်နဲ့ လက်စသတ်တော့ တရားက ဒီ ကိုယ်နဲ့ ဒီစိတ်ဘဲ၊ (မှန်ပါဘုရား)။

ယောဂီတို့ ကိုယ်ကြီးသည် ရုပ်အစု စိတ်က နာမ်အစု၊ ဒါဖြင့် ဒီစိတ်ကလေးပင်လျှင် နာမ်တရား၊ ဒီတော့ တရား

အားထုတ်တယ်ဆိုတာကိုက နာမ်တရားက အားထုတ်နေတာလို့မှတ်၊ နာမ်တရားက ရုပ်ကို ရှုမယ်ဆိုရင် ဒါ ရုပ် ကမ္မဋ္ဌာန်းဘဲ၊ နာမ်တရား စိတ်တရားက ရှေ့စိတ်ကို နောက်စိတ်နဲ့ပြန်ရှု၊ ရှေ့က ဝေဒနာကို နောက်က စိတ်နဲ့ ပြန်ရှုပြန်တော့ နာမ်ကိုရှုလို့ နာမ်ကမ္မဋ္ဌာန်းခေါ်တယ်။

ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ ရုပ်နဲ့ နာမ်ဆိုတော့ နာမ်ကိုကော ရှုလို့မရဘူးလား၊ (ရပါတယ် ဘုရား) ရုပ်ကိုရှုရင်ကော၊ (ရပါတယ်ဘုရား) နာမ်ကို မှတ်ရင်ကော (ရပါတယ်ဘုရား) ရုပ်ကိုမှတ်ရင်ကော(ရပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဋ္ဌာန်း (၂) မျိုးဘဲရှိတယ်။ ဒီတော့အားထုတ်စရာက (၂)မျိုးဘဲ၊ ရုပ်ကို ရှုရင် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကိုရှုရင် နာမ်ကမ္မဋ္ဌာန်း၊ ရှုတာကတော့ နာမ်နဲ့ဘဲ ရှုရမှာဘဲ၊ ရုပ်ကို ရှုရင်လဲ ဒီစိတ်ကရှုရမှာဘဲ၊ နာမ်ကိုရှုရင်လဲ ဒီစိတ်ကရှုရမှာဘဲ၊ ဒီစိတ်သည်ပင်လျှင် နာမ်တရားဘဲ၊ ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

အောင်-ငါနှယ် တရားသိချင်လိုက်ပါဘိတော့တယ် ဆိုတာ ဘယ်သူလဲ (စိတ်ကလေးပါဘဲ ဘုရား) တရား သိချင်လိုက်တာနော်-ဆိုတဲ့ သဘောကလေးဟာ ဘယ်သူလေး ပါလိမ့် (စိတ်ကလေး ပါဘဲ ဘုရား) အောင်-ငါမဟုတ် သူမဟုတ် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူးနော်၊ စိတ်ကလေးဘဲတဲ့၊ ဒီစိတ်ကလေးပင် သူပင်တရားဘဲ၊(မှန်လှပါ)။

ဒါကြောင့်-တရား သိချင်ပါတယ် ဆိုတဲ့ သဘောကလေး သည်ပင်လျှင် တရားဘဲလို့ မြင်လိုက်ရင် ယောဂီတို့ အဲဒါမှ

တရားအစစ် မြင်တာဘဲ၊ တရား နားလည် ချင်လိုက်တာ တရားသဘော ပေါက်ချင်လိုက်တာ ဆိုတဲ့ သဘောကလေး သည်ပင်လျှင် အော်.... သူဟာ တရားသဘောဘဲလို့ ဒီလိုမြင် ရမယ်နော်၊ (မှန်ပါ့ဘုရား)။

ကဲ ဒါဖြင့် အားထုတ်ရင် ဘယ်သူက အားထုတ်ရမယ်၊ (စိတ်က အားထုတ်ပါတယ် ဘုရား) ဒါဖြင့် စိတ်ကအား ထုတ် နာမ်က အားထုတ်၊ တရားက ပင်လျှင် တရားကို အားထုတ်ရမှာဘဲ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ကိုင်း ဒါကြောင့်မို့ ခန္ဓာကို ဉာဏ်နဲ့ ပြန်ကြည့်၊ ခန္ဓာမှာ ဉာဏ်စိုက်လိုက်တာနဲ့ တပြိုင်နက်ထဲ လေကို သွင်းလိုက်ထုတ် လိုက် သွင်းလိုက် ထုတ်လိုက် လုပ်နေတော့ ခန္ဓာက ငြိမ်နေ သလား- လှုပ်နေသလား၊ (လှုပ်နေပါတယ်ဘုရား) အဲဒီ လှုပ်တာလေးကို လှုပ်တာမှတ်-ပျက်ပြီသိ၊ လှုပ်တာမှတ်၊ပျက် ပြီလို့ သိလိုက်၊ လှုပ်တာမှတ်-ပျက်ပြီ သိလိုက်၊ (မှန်လှပါ)။

အရင် လှုပ်တာက အရင် လှုပ်တာ၊ နောက် လှုပ်တာက နောက် လှုပ်တာ၊ မရောနဲ့နော်၊ (မှန်ပါဘုရား) အရင် လှုပ် တာက အရင်ရှိတဲ့ လေကြောင့် လှုပ်တာပေါ့၊ နောက် လှုပ်တာက နောက်ရှိတဲ့ လေကြောင့် လှုပ်တာပေါ့၊ နောက် လှုပ်တော့ အရင်လေ ရှိသေးသလား၊ (မရှိပါဘုရား )မရှိ ဘူး၊ နောက်လှုပ်တာက နောက်လေ လာလို့ လှုပ်ရပြန်တာ၊ (မှန်ပါ့ဘုရား။)

ဒါကြောင့် ရှေ့လှုပ်တာလဲ ဒီအလှုပ် ဒီရုပ်ဘဲ၊ နောက် လှုပ်တာလဲ ဒီအလှုပ် ဒီရုပ်ဘဲ၊ နောက် ဆယ်ခါ လှုပ်လှုပ်

ဒီ တလှုပ်ထဲ ဒီ တရှုပ်ထဲဘဲလို့ ခင်ဗျားတို့ယူသွားရင် သဿတဒိဋ္ဌိနော်၊ (မှန်ပါ့ ဘုရား) တခုထဲဘဲ မြဲတယ်သွားယူရင် အနိစ္စလက္ခဏာ မထင်တော့ဘူး၊ (မှန်လှပါ ဘုရား)။

အနိစ္စလို့ မြတ်စွာဘုရားက ဟောထားပါတယ်၊ လေတွေဟာ အနိစ္စတဲ့၊ အနိစ္စဆိုတာ ဖြစ်ပြီးပျက်တာ၊ ဖြစ်ပျက်ဆိုတာ ဘာလဲဘုရားဆိုတော့ လေဖြစ်ပြီး ပျက်တယ်လို့ဆိုလိုတယ်၊ ရှေ့လေ - နောက်လေ၊ ရှေ့လေ - နောက်လေ၊ ရှေ့လေတွေက တိုက်တိုးပြီး ပျောက်သွားလိုက်၊ နောက်တခါလေသစ်တွေက တိုက်တိုးလိုက်၊ နောက်တခါ လေသစ်တွေလာတိုးလိုက် ပျောက်သွားလိုက်၊ အဲဒီလို လေတွေ ဖြစ်ပျက်နေဒါ အနိစ္စပေါ့၊ (မှန်လှပါ ဘုရား)။

မိုးရွာနေသလို အရင်မိုးပေါက် နောက်မိုးပေါက်၊ မိုးပေါက်ကလေးတွေ ပေါက်-ပေါက်-ပေါက်နဲ့ အရင်မိုးပေါက် နောက်မိုးပေါက်၊ အရင်မိုးပေါက် နောက်မိုးပေါက်၊ မိုးပေါက်တွေ ဖြစ်လိုက်-ပျက်လိုက် နေကြတယ်။

အရင်မိုးပေါက်လဲ ဖြစ်ပျက် နောက်မိုးပေါက်လဲ ဖြစ်ပျက်ဘဲ၊ နာရီက သွားနေတဲ့အသံတွေ အရင်စက္ကန့် နောက်စက္ကန့်၊ အရင်စက္ကန့် ဒက် ဆိုပျက်၊ နောက်စက္ကန့် ဒက် ဆိုပျက်ဘဲ၊ ရှေ့အသံနဲ့ နောက်အသံနဲ့ သွားမရောနဲ့ တခြားစီဘဲ၊ (မှန်လှပါ)။

အဲဒီလိုဘဲ ယောဂီတို့ ခန္ဓာမှာ ရိပ်ခနဲဆို လှုပ်ပြန်ပြီ၊ လှုပ်ပြီးရင် မပျက်ဘူးလား၊ (ပျက်ပါတယ် ဘုရား) နောက်

တခါလှုပ်လာပြန်တော့ အရင်လှုပ်တာလား၊ နောက်လှုပ်တာလား၊ (နောက်လှုပ်တာပါ ဘုရား) ဒါဖြင့်ရင် နောက်ပေါ်တာက အသစ်ဘဲ၊ (မှန်ပါ)။

ဒါကြောင့် မြတ်စွာဘုရားက ရုပ် နာမ် ဓမ္မတွေဟာ ဖြစ်တိုင်း ဖြစ်တိုင်း အသစ် အသစ် ဖြစ်ပြီးလဲ ပျက်ကြတယ်လို့ ဒါကိုဟောနေတာ၊ ဒါ မြင်အောင်လို့ ခင်ဗျားတို့ ရှုနေတာ မဟုတ်လား၊ (မှန်ပါ့ ဘုရား)။

ကဲ - ဒါကြောင့် ကြိုးစားပြီးတော့ ခန္ဓာမှာ ရှုပါတဲ့၊ လှုပ်ရင် လှုပ်တာမှတ်၊ ပျက်ပြီလို့ သိနော်၊ (မှန်ပါ ဘုရား) လှုပ်ရင် ဘယ်လို မှတ်ရမယ်၊ (လှုပ်တာလို့ မှတ်ရပါမယ် ဘုရား) လှုပ်တာလို့မှတ်ပြီး ဘယ်လို သိရမလဲ၊ (ပျက်ပြီလို့ သိရပါမယ် ဘုရား) ဒါဖြင့် တပေါ်မှာ (၂)ချက်(၂)ချက် ရှုသွားရမယ်နော်၊ (မှန်ပါ့ ဘုရား)။

တပေါ် တပေါ်ဆိုရင် ရုပ်တခုပေါ်ရင် လှုပ်တာလေး ပေါ်လာရင် (၂)ချက် ရှုရမယ်နော်၊ ပထမက လှုပ်လို့ လှုပ်တာလို့ ရှုပါနော်၊ ဒုတိယက ပျက်ပြီလို့ ရှုပါနော်၊ ဒါဖြင့် လှုပ်တာကလေးပေါ်လာရင် ဘယ်နှစ်ချက်ရှုရမယ်၊ (နှစ်ချက်ပါ ဘုရား) ဘယ်နှစ်ခါ သိရမယ်၊ (နှစ်ခါ သိရပါမယ် ဘုရား) ပထမက လှုပ်တာ သိ၊ ဒုတိယက ပျက်ပြီ သိ။

ဒါဖြင့် လှုပ်တာသိတာနဲ့ ပျက်ပြီလို့သိတာ ဘယ်သူလဲ၊ (စိတ်ကပါ ဘုရား) ဒါဖြင့် တစိတ်ထဲလား၊ တစိတ်စီလား၊ (တစိတ်စီပါ ဘုရား) လှုပ်တာလို့ သိတာက ရှေ့တစိတ်၊ ပျက်သွားပြီလို့ သိတာက နောက် တစိတ်၊ ရှေ့စိတ်က

ဖြစ်ပြီးလဲ ပျက်ရတဲ့တရားကို၊ (မှန်ပါ့ ဘုရား) အကောင် အထည်လဲ မဟုတ် သိတဲ့ သဘောမျှဘဲနော်၊ (မှန်ပါ့ ဘုရား)အားလုံးရှင်းရဲ့လား၊ (ရှင်းပါပြီ ဘုရား)။

ကဲဒါဖြင့် လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။ လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။ လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။ အလိုက်သင့်ဘဲ၊ မြန်လဲ မမြန်နဲ့ နှေးလဲမနှေးနဲ့၊သူ့သဘော သူဆောင်နေတာ ကိုယ့်သဘော မဟုတ်ဘူး၊ အဲဒီတော့ သူ့သဘော သူဆောင် နေတော့ လှုပ်-လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။

အဲဒီလိုမှတ်နေရာမှ ခန္ဓာထဲက ပူလာပြန်ရင် ပူတာမှတ်၊ ပျက်ပြီ၊ သိ။ ပူတာ မတွေ့ဘူး၊ အေးတာ လာပေါ်ရင် အေးတာမှတ်၊ ပျက်ပြီ၊ သိ။ ။လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။ လှုပ်တာမှတ်၊ ပျက်ပြီ၊ သိ။ ။အဲဒီလိုမှတ်နေရာက ကျင်တာ ခဲတာ - ကိုက်တာ-ထုံတာတွေပေါ်လာပြန်ရင် ဆင်းရဲတာလို့ မှတ်၊ ပျက်ပြီ၊ သိ။ ဆင်းရဲတာလို့ မှတ်၊ ပျက်ပြီ၊ သိ။

ကျင် - နာ - အောင့် - ကိုက် - ထုံတက်ပြီးလာတဲ့အခါမှာ ယောဂီတို့ နေသာသလား-မနေသာဘူးလား၊ (မနေသာပါ ဘုရား)ခံသာသလား-မခံသာဘူးလား၊ (မခံသာပါ ဘုရား) နေ ကောင်း သ လား - မကောင်းဘူးလား၊ (မကောင်းပါ ဘုရား)မကောင်းရင် သုခ ဆိုမလား၊ ဒုက္ခ ဆိုမလား၊(ဒုက္ခပါ ဘုရား)ဒုက္ခဝေဒနာတွေ ပေါ်တက်လာတယ်နော်၊ (မှန်ပါ့ ဘုရား)။

အဲဒီလိုပေါ်တက်လာတော့ ဆင်းရဲတာလို့ မှတ်လိုက်တာ ပေါ့၊ ဘယ်သူ-ဘယ်ဝါ ဆင်းရဲတာ မဟုတ်ဘူး၊ ဆင်းရဲတဲ့

သဘောက ဆင်းရဲတာဘဲ၊(မှန်ပါ့ ဘုရား)အဲဒီတော့ ဆင်းရဲတာလို့ မှတ်လိုက်၊ ပျက်ပြီလို့ သိလိုက်၊ ဆင်းရဲတာလို့ မှတ်၊ ပျက်ပြီလို့ သိလိုက်။

နို-ဆင်းရဲတာကကော အမြဲ ရှိသလား၊ (မရှိပါဘုရား) ချမ်းသာတာကကော၊ (အမြဲမရှိပါ ဘုရား)ပူတာကကော၊ (အမြဲမရှိပါ ဘုရား)အေးတာကကော၊ (မရှိပါ ဘုရား)လှုပ်တာကကော၊ (မရှိပါ ဘုရား) သိမှု စိတ်ကလေးကကော၊ (မရှိပါ ဘုရား)။

ဒါဖြင့်-ခန္ဓာထဲ ဘာတခုမှ အမြဲမရှိဘူး၊ တအိမ်သားလုံး (အမြဲမရှိပါ ဘုရား)တလောကလုံး ဘာတခုမှ အမြဲမရှိဘူး၊ ဒါကို မျက်ခြေမပြတ်စေနဲ့နော်၊ (မှန်ပါ့ ဘုရား) ဘာတခုမှ အမြဲမရှိဘူး၊ ဖြစ်ပေါ်လာလိုက် - ပျောက်ကွယ်သွားလိုက်၊ ဖြစ်ပေါ်လာလိုက် - ပျောက်ကွယ်သွားလိုက်၊ ဒါကြောင့် ဖြစ်ပျက်ဘဲရှိတယ်လို့ မြတ်စွာဘုရားဟောတာနော်၊(မှန်လှပါ ဘုရား)။

ကဲ-သေသေချာချာ စူးစူးစိုက်စိုက် ကြည့်စမ်း၊ ငါ မပါစေနဲ့နော်၊ ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မပါစေနဲ့၊ ရှုတာက နာမ်က ရှုမှာနော်၊ (မှန်ပါ)။

ကဲ-ကြိုးစားရှုကြ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# တရားရှာ ကိုယ်မှာတွေ့

## တ ရား တော်

၁၉၆၉ - ခု နိုဝင်ဘာလ (၉) ရက်နေ့၌ ရန်ကုန်မြို့၊ သမိုင်းရပ်၊ မရမ်းခြံ အောင် ဓမ္မရိပ်သာ တွင် အောင်မင်္ဂလာဆရာတော်ဘုရားသည် "တရားပျောက် ကိုယ်မှာရှာ-တရားရှာ ကိုယ်မှာတွေ့" တရားတော်ကို ဟောကြားတော်မူသည်။

ဟောကြားသောတရားတော်ကို အာရုံပြု၍ မှတ်မှတ် သားသား နာယူကြပေတော့။

ယထာဘူတံ အဇ္ဈာနတ္တာ၊ သုဒ္ဓိကာမာပိ ယေ ဇနာ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

ဇနာ ဇနမသ္မိံ လောကေ-၌စကြဝဠာ ကမ္ဘာလောက ကြီး အတောအတွင်း၌၊ ဇနာ ဇနမသ္မိံ ဗုဒ္ဓသာသနေ - ၌ ဘုရားရှင်ကိုယ်တော်မြတ်တို့၏ သာသနာတော်ကြီးအတွင်း၌၊ သုဒ္ဓိကာမာ - စင်ကြယ်ခြင်းကို အလိုရှိကြကုန်သော၊ သုဒ္ဓိ ကာမာ-အမြဲတမ်းအေး အမြဲတမ်းငြိမ်း အမြဲတမ်းချမ်းသာတဲ့ နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကြီးကို အလိုရှိကြကုန်သော၊ ယေ ယောဂိနော - အကြင် ရဟန်းရှင်လူ ယောဂီ သူတော်စင် အပေါင်းတို့သည်၊ သန္တိ-မုချမသွေ ရှိကြပါပေကုန်၏။

တေ - ယောဂိနော - ထိုရဟန်းရှင်လူ ယောဂီသူတော်စင် အပေါင်းတို့သည်၊ ဝါယမန္တာပိ - နေ့ ညဥ့်မယုတ် ကျင့်ကြံ အားထုတ်ကြပါကုန်သော်လည်း၊ ယထာဘူတံ - ဟုတ်တိုင်း မှန်စွာ၊ အဇာနန္တာ-မသိကြကုန်သောကြောင့်၊ ဝိသုဒ္ဓိံ-အမြဲ တမ်းအေး အမြဲတမ်းငြိမ်း အမြဲတမ်းချမ်းသာတဲ့ အအေး ဓာတ်ကြီးကို၊ (ဝါ)နိဗ္ဗာန်ဆိုတဲ့ချမ်းသာမြတ်ကြီးကို၊ နာဓိ ဂစ္ဆန္တိ-မရနိုင် မရောက်နိုင်ဘဲ ရှိကြရလေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

အားလုံး တကာ-တကာမတွေဟာ နိဗ္ဗာန်အလိုရှိကြတဲ့ တကာ-တကာမတွေကြီးပါဘဲနော်၊ (မှန်လှပါ ဘုရား)။

နိဗ္ဗာန် ချမ်းသာကို အလိုရှိကြပါတယ်၊ ဘာ့ကြောင့် နိဗ္ဗာန်ချမ်းသာကိုအလိုရှိသလဲဆိုတော့ အေးချင် ငြိမ်းချင် လွန်းလို့နော်၊ (မှန်လှပါ ဘုရား)။

အေးချင် ငြိမ်းချင် လွန်းလို့ဆိုတော့ ခင်ဗျားတို့ အမြဲ တမ်း ပူလောင်နေကြပါတယ်၊ (မှန်လှပါ ဘုရား)အမြဲတမ်း ပူလောင်-အမြဲတမ်း သင်းရဲပြီးတော့ အမြဲတမ်း ဘေးဒုက္ခ အနန္တတွေနဲ့ နေကြရပါသဖြင့် ဘေးတွေ လွတ်ချင်လှပါပြီ၊ ပူလောင်မှုတွေက အေးချင်လှပါပြီ၊ ငြိမ်းချင်လှပါပြီဆိုတဲ့ အဓိပ္ပါယ်ဘဲနော်၊ (မှန်လှပါ ဘုရား)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ "နိဗ္ဗာနသဒိသံ သုခံ နာမ နတ္ထိ"နိဗ္ဗာန်နဲ့တူသော ချမ်းသာဆိုတာ မရှိတဲ့၊

၃၁-ဘုံ လူလောက နတ်လောက ဗြဟ္မာလောက ရန်ကုန်မြို့မှာဘဲ ရှာရှာ၊ မန္တလေးမှာဘဲ ရှာရှာ၊ မြန်မာပြည်-အင်္ဂလန်-အမေရိကန်-ဘယ်နေရာမှာဘဲရှာရှာ၊နိဗ္ဗာန်ချမ်းသာနဲ့တူသော ချမ်းသာဆိုတာ ၃၁-ဘုံလောကထဲမှာ မရှိဘူးတဲ့ ယောဂီတို့၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် ချမ်းသာအပေါင်းတို့တွင် အမြတ်ဆုံးချမ်းသာသည် နိဗ္ဗာန်ဘဲ၊ (မှန်ပါ့ ဘုရား)တကာ-တကာမတို့လိုလားကြတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်ဘဲ၊ ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်က ဘာလဲ၊ (နိဗ္ဗာန်ပါ ဘုရား)။

ဘာကြောင့် ဒီပန်းတိုင် အရောက် သွားနေကြတာလဲ ဆိုတော့ တပည့်တော်တို့ ပူလောင်မှုတွေ ငြိမ်းချင်လို့ပါ ဘုရားတဲ့၊ ဆင်းရဲတွေ ကင်းချင်လို့ပါဘုရား၊ဆင်းရဲအပေါင်းမှ လွတ်ချင်ပါတယ် ဘုရား၊ (မှန်ပါ့ ဘုရား) ဒါဖြင့် အခုခင်ဗျားတို့ ဆင်းရဲက မလွတ်သေးဘဲ ဖြစ်နေတယ်၊ခင်ဗျားတို့ ဆင်းရဲနဲ့ နေကြရတာပေါ့၊ (မှန်လှပါ ဘုရား)။

ဘာဆင်းရဲတွေနဲ့ နေကြရသလဲ၊ (အိုဆင်းရဲ-နာဆင်းရဲ-သေဆင်းရဲနဲ့ပါ ဘုရား)နေ့လား ညလား အသေက လာအုံးမယ်။ သားကွဲ၊ သမီးကွဲ၊ လင်ကွဲ၊ မယားကွဲ၊ အကွဲဘေးအခွဲဘေးတွေကလဲ ကပ်နေတယ်၊ (မှန်ပါ ဘုရား)သူ့လား-ငါ့လား၊ နေ့လား-ညလား၊ သူ့အလှည့်လား - ငါ့အလှည့်လား၊ ခင်ဗျားတို့ ဒီလို နေကြရတယ်၊ (မှန်လှပါ ဘုရား)။

အဲဒီတော့ ဆင်းရဲနေတာကတော့ ယောဂီတို့ ဖုံးကွယ်နေစရာလဲ မလိုတော့ပါဘူး၊ မသိချင်ယောင်ဆောင်နေဘို့လဲ မလိုတော့ဘူး၊ ဆင်းရဲနေတာကတော့ လက်တွေ့ပါဘဲ၊ (မှန်ပါ)။

လက်တွေ့ ခံစားနေကြရတယ်၊ အိုဘေးတွေကလဲ ကြုံနေပြီ၊ နာဘေးတွေကလဲ တွေ့နေပြီ၊ ဒီခြားထဲမှာ အမျိုးမျိုးသော စားဝတ်နေရေးနဲ့ ပတ်သက်ပြီးသကာလ ဘယ်လိုမှ မအေးကြရတဲ့ ဆင်းရဲတွေ ဒုက္ခတွေ ခင်ဗျားတို့ ပင်လယ်ဝေနေပြီ၊ (မှန်ပါ့ ဘုရား) ဒုက္ခတွေတော့ဖြင့် ပွက်ပွက်ဆူပြီး ပွက်ပွက်ရိုက်နေပါပေါ့လား၊ (မှန်လှပါ ဘုရား) တနေ့ကမှ အေးရတဲ့နေ့ ရှာလို့မရ၊ ရှာရေး ဖွေရေး၊ လုပ်ရေး ကိုင်ရေး၊ နေရေး ထိုင်ရေးတွေ ဒီနေ့တော့ဖြင့် အေးရပြီရဲလို့ မရှိ၊ (မရှိပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဒုက္ခတွေ ဝိုင်းဝိုင်းလည်နေပြီ၊ ရှေ့ကလဲ ဒုက္ခ၊ နောက်ကြည့်ပြန်ရင်လဲ ဒုက္ခ၊ ဟိုဘက်ဘေး ဒီဘက်ဘေး ကြည့်ပြန်လဲ ဒုက္ခ၊ ဆင်းရဲပြီးရင်း ဆင်းရဲရင်း၊ ဒါကြောင့် ဒီဆင်းရဲတွေမှ တပည့်တော်တို့ လွတ်ချင်လှပါပြီဘုရား၊ (မှန်လှပါ) ဒီဆင်းရဲတွေ တပည့်တော်တို့ ကင်းချင်ပါတယ် ဘုရား၊ (မှန်လှပါ)။

ကဲ-ဒါဖြင့် ကင်းချင်ရင်ဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ဟော့ - ဆင်းရဲကင်းတာ နိဗ္ဗာန်ဘဲရှိတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လို ဟောလိုက်ပါလိမ့်၊ (ဆင်းရဲကင်းတာ နိဗ္ဗာန်ပါတဲ့ ဘုရား)။

ဒါဖြင့် ဆင်းရဲကင်းတာ လူ့ပြည်မှာ၊ (မရှိပါ ဘုရား) နတ်ပြည်မှာ၊ (မရှိပါ ဘုရား)ဗြဟ္မာပြည်မှာ၊ (မရှိပါဘုရား) မြန်မာပြည်မှာ၊ (မရှိပါ ဘုရား)အင်္ဂလန် - အမေရိကန်မှာ၊ (မရှိပါဘုရား)ဆင်းရဲကင်းတဲ့နေရာ မရှိဘူး၊ အားလုံးဆင်းရဲချည်းဘဲ အားလုံး ဆင်းရဲဒုက္ခသယ်တွေကြီးဘဲ၊ (မှန်လှပါ ဘုရား)အားလုံး အားလုံးဟာ ဘေးသင့်နေတဲ့လူတွေကြီးဘဲ၊ အိုဘေး နာဘေးကလက်ရှိနဲ့ ဒုက္ခသယ်တွေကြီးဘဲ၊ နေ့လား ညလား သေဘို့လက်ရှိ ဒုက္ခသယ်ကြီးတွေဘဲ၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် ဉာဏ်မျက်လုံးဖွင့်ကြည့်လိုက်တော့မှ တကမ္ဘာလုံး သူလဲဆင်းရဲ ကိုယ်လဲဆင်းရဲ၊ မယ် ဆင်းရဲ-မောင် ဆင်းရဲ ချည်းဘဲ၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ ဆင်းရဲလွတ်ချင်ပါတယ်ဆိုပြီး လူ့ပြည်မှာဘဲ ရန်ကုန် မန္တလေး - အင်္ဂလန် - အမေရိကန် ဒီနိုင်ငံတွေ သွားနေလို့ကော ရပါအုံးမလား၊ (မရပါဘူး ဘုရား)။

လူ့ပြည်မှာမလွတ်ရင် နတ်ပြည်မှာ နတ်ဖြစ်နေရင်ကော (မရပါဘူး ဘုရား)နတ်ပြည်မှာလဲ အအို အနာ အသေဘေး က ဆိုက်လျက်ဘဲ၊ (မှန်ပါ ဘုရား)ဗြဟ္မာပြည်ကျတော့ကော လွတ်ပါအုံးမလား၊ (မလွတ်ပါ ဘုရား)။

ဒါဖြင့် ၃၁-ဘုံမှာ ဘာရှိသလဲဆိုရင် ဆင်းရဲဘဲရှိတယ်၊ ဒါက ပိုမရှိဘူး၊ အဲဒီလို မြင်လိုက်တာ အမှန်မြင်သလား- အမှားမြင်သလား၊ (အမှန်မြင်ပါတယ် ဘုရား)။

၃၁-ဘုံမှာ ဆင်းရဲဘဲရှိတယ်ဆိုတော့ ၃၁-ဘုံမှ လွတ်တာဟာ ချမ်းသာဘဲ၊ ၃၁-ဘုံကလွတ်တဲ့နေရာ ချမ်းသာရှိပါတယ်၊ (မှန်ပါ့ ဘုရား) ၃၁-ဘုံ အကျဉ်းချုံးပြန်တော့ ခတ် ၆-ပါးက ပိုသေးသလား၊ (မပိုပါ ဘုရား) ခတ် ၆-ပါး အကျဉ်းချုံးတော့ နာမ် ရုပ် နှစ်ပါးက ပိုသေးသလား၊ (မပိုပါဘုရား)။

ကိုင်း ဒါကြောင့် ဒီ နိဗ္ဗာန်ချမ်းသာကြီးကို လိုချင်လို့ရှိရင်လဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်းတို့ ရုပ် နာမ် ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ရှုပြီးတော့ သွားရမယ်တဲ့၊ (မှန်ပါ)။

တကာ-တကာမတို့ နိဗ္ဗာန်သွားတဲ့လမ်းက သီလ သမာဓိ ပညာလမ်းက သွား၊ (မှန်ပါ့ ဘုရား) ဒါဖြင့် ဘယ်ယာဉ် ဘယ်ရထား စီးသွားရမလဲဆိုတော့၊ လက္ခဏာယာဉ်ရထား ၃-ပါး စီးသွားပါ၊ (မှန်ပါ ဘုရား) လက္ခဏာ ၃-ပါး ရှုသွားလို့ ပြောတာ၊ (မှန်လှပါ ဘုရား) လက္ခဏာ ၃-ပါး ကြည့်လိုက်ပြန်တော့ အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ ၃-မျိုးဘဲရှိတယ်၊ (မှန်လှပါ)။

အနိစ္စဆိုတာ ရုပ်နာမ်၊ လက္ခဏာဆိုတာက ဖြစ်ပျက်၊ အနိစ္စလက္ခဏာ-ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်တရား-နာမ်တရားတို့ရဲ့ ဖြစ်မှု ပျက်မှုကို ရှုပြီးတော့ သွားပါတဲ့၊ (မှန်ပါ ဘုရား)၊ ရှင်တော် ဘုရားက ဒါကို ပြောလိုက်တာ၊ ဒီ အသိ သိဘို့ကလဲ တော်တော် မလွယ်လှဘူး၊ (မှန်ပါ) ဒုက္ခဆိုတာက ရုပ်နဲ့နာမ်၊ လက္ခဏာ ဆိုတာက ဖြစ်ပျက်

ဒုက္ခလက္ခဏာ ပေါင်းလိုက်တော့ ရုပ် နာမ်-ဖြစ်ပျက်ပါဘဲ၊ အနတ္တဆိုတာကလဲ ရုပ်နဲ့နာမ်၊ ရုပ်နာမ် ဘယ်သူ့မျှားအစိုးရသလဲ၊ (မရပါ ဘုရား)။

ခင်ဗျားတို့ ရုပ်နာမ်ကို အစိုးရရင် မဆာနဲ့လို့ ပြောလို့ (မရပါ ဘုရား)ဝမ်း မသွားချင်နဲ့ ဆီး မသွားချင်နဲ့ ဆိုလို့ (မရပါ ဘုရား) မအိပ်ချင်နဲ့ ဆိုလို့ (မရပါ ဘုရား)ဆံ မဖြူနဲ့ ဆိုလို့(မရပါ ဘုရား) ခါး မနာနဲ့ဆိုလို့ (မရပါ ဘုရား) မညောင်းနဲ့ မကိုက်နဲ့ဆိုလို့(မရပါ ဘုရား)။

သူ့သဘော သူဆောင်နေတာ ဘယ်သူ့စကားမှ နား မထောင်ဘူး၊ ဘယ်မိန်းမ-ဘယ်ယောကျ်ား ပြောလို့မှ နား မထောင်ဘူး၊အရေးပိုင် ဝန်ထောက်အမိန့်နဲ့တားလို့လဲမရဘူး၊ သူ့သဘော သူဆောင်တာဘဲ၊ (မှန်လှပါ)။

သိကြားမင်း နတ်မင်းတွေပြောလို့လဲ မရဘူး၊ တရားက သူ့လမ်း သူသွားတာ၊ (မှန်လှပါ ဘုရား) ခင်ဗျားတို့က တရားလမ်းအတိုင်း သွားနေတာကို မသိတော့ ငါသွား တယ်ထင်လို့ ခက်နေတာ၊ (မှန်ပါ) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

အနတ္တဆိုတာက ရုပ်နဲ့နာမ်၊ လက္ခဏာဆိုတာက ဖြစ်-ပျက်နေတယ်၊ ပေါင်းလိုက်တော့ အနတ္တလက္ခဏာဆိုတာ ရုပ်နဲ့နာမ် ဖြစ် - ပျက်ပါဘဲနော်၊ (မှန်ပါ ဘုရား) ဒါဖြင့် လက္ခဏာ ၃-ပါးကို တိုတို ချုပ်ပေါင်းပြီး ပြောစမ်းပါအုံး ဆိုတော့ ရုပ်နဲ့နာမ် ဖြစ်-ပျက်ပါဘဲ။

ဋ္ဌာဿယ ၇၀၆-၅

ဒီလိုဆိုရင် တိုတိုကလေး မှတ်လိုက်ပါတော့၊ ချမ်းသာ အစစ်ဆိုတာ နိဗ္ဗာန်ပါဘဲ၊ နိဗ္ဗာန်မှ ချမ်းသာပါတယ်၊ အဲဒီ နိဗ္ဗာန်ကို သွားလို့ရှိရင်လဲ ဘယ်လမ်းကသွားရမှာလဲဆိုတော့ သီလ သမာဓိ ပညာလမ်းက သွားရမယ်၊ ဘယ်ယာဉ် ဘယ် ရထားစီးပြီး သွားရမှာလဲဆိုတော့ လက္ခဏာယာဉ် သုံးပါး စီးသွားရမယ်၊ လက္ခဏာယာဉ်သုံးပါး စီးသွားဆိုတော့ ရုပ် နာမ် ဖြစ်ပျက်ကို ရှုသွားလို့ ပြောတာ၊ (မှန်ပါ)ရုပ် နာမ် ဖြစ်ပျက်ကိုရှုပါ ကြည့်ပါ အားထုတ်ပါလို့ ဘုရားရှင်က ပြောတာ၊ (မှန်လှပါ ဘုရား)။

ကိုင်း-ဒါဖြင့်ရင် ရုပ်နဲ့နာမ် ဖြစ်ပျက် ရှုရမယ်ဆိုတော့ ဒီရုပ်နဲ့ ဒီနာမ်ဆိုတဲ့ တရားသည် သဘောသည် ဓာတ်သည် ဘယ်မှာရှိပါသလဲဆိုတာ ယောဂီတို့ သိဘို့ လိုလာတယ်၊ (မှန်ပါ ဘုရား) ကိုင်း-ဒါကြောင့် ယောဂီတို့ တရားရှာရင် ကိုယ်မှာ တွေ့တယ်၊ တရားပျောက်ရင်၊ (ကိုယ်မှာ ရှာပါ ဘုရား)ကိုယ်မှာရှာဆိုတော့ ခင်ဗျားတို့ကိုယ်မှာ တရားက ရှိပြီးသား၊ (မှန်လှပါ ဘုရား) ဒါကို ခင်ဗျားတို့က မရိပ် မိဘူး၊ (မှန်ပါ)။

တရားမမြင်ဘဲ ခင်ဗျားတို့က အမှားဝင်ပြီး ငါဘဲ သူဘဲ ဆိုတော့ တရားပျောက်မနေဘူးလား၊ (နေပါတယ်ဘုရား) တရားကွယ် မနေဘူးလား၊ (နေပါတယ် ဘုရား) တရား မြုပ် မနေဘူးလား၊ (နေပါတယ် ဘုရား) ဘာကြောင့် မြုပ်နေပါသလဲဆိုတော့ ခင်ဗျားတို့မှာ မတရားကအုပ်ထားလို့ (မှန်ပါ)။

ငါဆိုတဲ့ မတရားက အုပ်ထား ဖုံးထားလို့ သတ္တဝါဘဲ ဆိုတဲ့ အထင်မှားကြီး အုပ်ထားလိုက်တာ ခေါင်း ကိုယ် ခြေ လက် ဒူး တတောင်ပါဘဲ ဆိုတဲ့ အထင်မှားတွေက အုပ်ထား လိုက်တာ၊ အမှားတွေက အုပ်ထားတော့ တရား မြုပ်မနေ ဘူးလား၊ (မြုပ်နေပါတယ်ဘုရား)။

ဒါကြောင့် ဒီကနေ့ဖြင့် တကာ-တကာမတို့ တရားရှာ ကိုယ်မှာတွေ့ ဆိုတဲ့အတိုင်း ခင်ဗျားတို့ တကိုယ်လုံးက တရား စု တရားပုံကြီးပါဘဲဆိုတာကို ခုနကဘဲ ဘုန်းကြီးရှင်းပေးခဲ့ ပြီ၊ (မှန်ပါဘုရား)။

ရုပ်ပိုင်း ဆိုင်ရာက နေကြည့်တော့ မြေ- ရေ- လေ- မီး- အာကာသ၊ ရုပ်ခါတ် ၅-ပါး၊ အဲဒီအထဲမှာ အသိခါတ်ကလေး တခုထည့်လိုက်တော့ အားလုံးပေါင်း ၆-ပါး၊ မြေ-ရေ-လေ- မီး-အာကာသက ရုပ်လား၊ နာမ်လား၊ (ရုပ်ပါဘုရား)။

ဒါဖြင့် မြေ- ရေ- လေ- မီး အာကာသ ရုပ်ခါတ် ၅-ပါး သည်၊ ဤသဘောသည် ယောဂီတို့ ခန္ဓာမှာ ရှိ-မရှိ(ရှိပါတယ် ဘုရား) သူတပါး ခန္ဓာကိုယ်မှာ(ရှိပါတယ်ဘုရား) ခွေး-ဝက်- ဆင်-မြင်းတို့ရဲ့ ခန္ဓာကိုယ်မှာ (ရှိပါတယ်ဘုရား) ရှိတာအမှန် ပါဘဲ၊ ငြင်းလို့ မရပါဘူး။

ဒါဖြင့် သက်ရှိ တလောကလုံးမှာ သက်ရှိ ပါတယ်လို့ ခေါ်ကြတဲ့ ခြေ ၂- ချောင်း၊ ခြေ ၄- ချောင်း၊ အခြေ ၆-ချောင်း၊ အခြေ ၈-ချောင်း၊ အခြေ ၁၀-ချောင်း၊ အခြေမရှိ ခြေထောက်များစွာရှိ၊ ဂျီပါ၊ ဂျီမပါ၊ အမြီးပါ၊ အမြီးမပါ၊

အားလုံးသော သတ္တဝါတွေရဲ့ ခန္ဓာမှာ ဉာဏ်နဲ့ ထောက်ကြည့်တော့ ရုပ်ဓာတ် ၅-ပါး၊ နာမ်ဓာတ် တပါး၊ ရှိ-မရှိ၊ (ရှိပါတယ်ဘုရား) တရားသဘော ရုပ်ဓာတ် ၅-ပါး၊ နာမ်ဓာတ် ၁-ပါးတို့ရဲ့ အစုဘဲ၊ (မှန်လှပါဘုရား)။

သက်မဲ့ လောကကြီး ကြည့်လိုက်ပြန်တော့ တောတောင် ရေ-မြေ သမုဒ္ဒရာ နေတွေ လတွေ ကြယ် နက္ခတ်တွေ ကြည့်ပြန်တော့လည်း သူတို့မှာ ရုပ်ဓာတ် ၅-ပါး၊ တနေ့က လဆီမှ ပြန်လာခဲ့ပြီတဲ့၊ ဘာတွေတွေ့လာလဲ ဆိုတော့ မြေကြီးဘဲ တွေ့လာခဲ့တယ်၊ ဘာတွေတွေ့လာခဲ့သလဲ၊ (မြေကြီးပါဘဲဘုရား)။

ဒါဖြင့် မြေကမ္ဘာကြီးပေါ့၊ (မှန်လှပါဘုရား) ဒါဖြင့် မြေရှိရင် ရေလဲရှိရမယ်၊ လေကော- (ရှိရပါမယ် ဘုရား) မီးကော၊ (ရှိရပါမယ်ဘုရား) အာကာသကော (ရှိရပါမယ် ဘုရား) ဒါဖြင့် လကမ္ဘာကြီးလဲ ရုပ်အစု ရုပ်အခဲကြီးဘဲ၊ (မှန်လှပါဘုရား) ဒီ လ-ဟာလဲ ရုပ်တရားဘဲ။

အဲဒါ ပညတ်တင် နာမည်တပ်ပြီးတော့ အရောင်တွေ ထွက်လို့ လဘဲ နေဘဲလို့ ခေါ်ကြတာ၊ အမှန်က ဘာမှမသိကြတဲ့ ရုပ်အစု ဓာတ်သဘော အစုပါဘဲ၊ တရားအစုပါဘဲ၊ (မှန်ပါ)။

ဒါဖြင့် ရေတွေ-မီးတွေ-မြေတွေ-တောတွေ-တောင်တွေက စပြီး သကာလ တော- တောင်- နေ-လ- ကြယ်-နက္ခတ် ဆိုတာတွေဟာ မြေ-ရေ-လေ- မီး-အာကာသ၊ ရုပ်ဓာတ် ၄ါးပါးရဲ့ အစု ရုပ်တရားဘဲ၊ (မှန်ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒီတော့ သက်ရှိတွေ ခန္ဓာကိုယ်မှာလဲ ရုပ်ဓာတ်က ၅-ပါး၊ တလောကလုံး ရှိရှိသမျှ မြင်မြင် သမျှတွေ ကြည့်လိုက်ပြန် တော့လဲ ရုပ်ဓာတ်က ၅-ပါး၊ အားလုံး သက်ရှိ သက်မဲ့ ပေါင်းလိုက်တော့လဲ ရုပ်ဓာတ်က ၅-ပါးဘဲ၊ တူရာ ပေါင်း လိုက်တာကို၊ (မှန်လှပါ ဘုရား)။

ကဲ ဒါဖြင့် သက်ရှိလို့ ခေါ်ကြတဲ့ လူ-နတ်-ဗြဟ္မာ-ခွေး ဝက်-ဆင်-မြင်း-တွေ ကျပြန်တော့လဲ အသိစိတ်ကလေးရှိတယ်၊ အဲဒီ စိတ်ကလေးကို ခင်ဗျားတို့က အသက်ကောင်ကလေး ထင်ကြတယ်၊အမှန်ကတော့ စိတ်ကလေးဘဲ၊(မှန်ပါဘုရား)။

ဒါကြောင့် သေပြီဟေ့ ဆိုရင် တကာ တကာမတွေ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး မျက်မြင်ပါဘဲ၊ ခင်ဗျားတို့ အိမ် မှာလဲ ခင်ဗျားတို့ ရှေ့က သေသွားကြတာ မျက်မြင်ပါဘဲ၊ ကိုယ့်အိမ်မှာ မတွေ့ သူများအိမ်ပေါ့ဗျာ၊ (မှန်ပါ)။

သေပြီ ဆိုတာနဲ့ တပြိုင်နက် မြေ-ရေ- လေ- မီး- အာကာ သ-ရုပ်ဓာတ် ၅-ပါးအစုဖြစ်တဲ့ ခေါင်း-ကိုယ်-ခြေ-လက်-ပေါင် ဆိုတဲ့ ခန္ဓာကိုယ်ကြီးသည် တကာ-တကာမတို့ ဘာများ သိ သေးသလဲ၊ (ဘာမှ မသိတော့ပါဘုရား) ဘာများလုပ်သေး သလဲ (ဘာမှမလုပ်တော့ပါ ဘုရား) ဘာများ ပြောသေး သလဲ၊ (ဘာမှ မပြောတော့ပါဘုရား)။

ဒါကြောင့် ရုပ်တရားသည် ဘာမှ မသိတတ်တဲ့ သဘော ဘဲ၊ ဒါဖြင့် ယခုရုပ်နဲ့ နာမ် တွဲပြီးသကာလ အသက် ရှင်ပါ

တယ် ဆိုတဲ့ သတ္တဝါတွေကျတော့ နေရာတကာ သူက သိပါတယ်၊ (မှန်ပါ)။

ဒီခန္ဓာကိုယ်ကြီးက သွားလိုက် ထိုင်လိုက် လုပ်လိုက် ကိုင်လိုက် ပြောလိုက် ဆိုလိုက် ကြည့်လိုက် ကြားလိုက် ဆိုတဲ့ လောကကိစ္စတွေ မအောင်ရှက်ဘူးလား။ (အောင်ရှက်ပါတယ်ဘုရား) ဘယ်သူ ခိုင်းလို့ပါလိမ့်၊ စိတ်ခိုင်းလို့ နာမ်တရား ခိုင်းလို့ဘဲ၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်ကို သေသေချာချာ ဉာဏ်နဲ့တောက်ပြီး ကြည့်လိုက်ပြန်တော့ ရုပ်က တစု- နာမ်က တစု ၂-စုထဲ ရှိတယ်၊(မှန်ပါ)အကျဉ်းချုပ်လိုက်တော့ ရုပ်က တခု နာမ်က တခု ၂-ခုထဲပါလား ယောဂီတို့၊ (မှန်လှပါ ဘုရား)။

ခေါင်းဆိုတာလဲ ရုပ်ခေတ် ၅-ပါး အစု၊ လက်မောင်းကြီးဆိုတာလဲ ရုပ်ခေတ် ၅-ပါးအစု၊ ပေါင်-ခြေတချောင်းလုံး ဆိုတာလဲ ရုပ်ခေတ် ၅-ပါးအစု၊ အူ-အသဲတွေလို့ ခေါ်ရတာလဲ ရုပ်ခေတ် ၅-ပါးအစု၊ တကိုယ်လုံး နာမ်ကလေး အသိကလေး နှုတ်ထားရင် ရုပ်ခေတ် ၅-ပါး အစုပါဘဲ၊ (မှန်လှပါ)။

ကဲ-ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ရုပ်အစု နာမ်အစု၊ ခေတ် ၂-ခုပါ၊ ရုပ်က ဘာမှမသိတဲ့ သဘော၊ နာမ်ကလေးက သိတဲ့သဘော၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာထဲ ဉာဏ်သွင်းကြည့်ရင် ရုပ်နဲ့နာမ်မှ တပါး ဘာများတွေ့သေးသလဲ၊(မတွေ့ပါဘုရား)။

ယောကျ်ား-မိန်းမ၊ (မတွေ့ပါဘုရား) ပုဂ္ဂိုလ် သတ္တဝါ (မတွေ့ပါဘုရား) ခေါင်း - ကိုယ် - ခြေ-လက်-ဒူး-တတောင် ပေါင်၊ (မတွေ့ပါဘုရား) အောင်-ရုပ်အစု နာမ် အစု ဓာတ် ၂-ခုပါကလား၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်မှာ တရားစု တရားပုံ၊ ဓာတ်စု ဓာတ်ပုံကြီးဘဲ၊ (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီဘုရား) သဘော ပါပြီလား၊ (ပါ-ပါပြီဘုရား) သဘော ပေါက်ပြီလား၊(ပေါက်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ် ရုပ်အစု ရုပ်ပုံ နာမ်အစု နာမ်ပုံ၊ ရုပ်ကလာပ် နာမ်ကလာပ်၊ ရုပ်ဓာတ် နာမ်ဓာတ်၊ ရုပ်ပရမတ်-နာမ်ပရမတ်၊ ရုပ် သဘော-နာမ်သဘော ဆိုတဲ့ သဘော၂-ခု ဓာတ်၂-ခုတို့ရဲ့ အစုချည်း ပါကလား ဆိုတာ ကိုဖြင့် ဒီကနေ့ ဆုံးဖြတ်ချက်ချလိုက်၊ (မှန်ပါဘုရား) တိတိ ကျကျ ပြတ်ပြတ် သားသား ယုံယုံ ကြည်ကြည်ဘဲ ယူလိုက်၊ (မှန်ပါဘုရား)။

ဒီလို ဆိုရင် ငါ သူတပါး ယောကျ်ား မိန်းမဆိုတဲ့ အယူ တွေကို ဖယ်လိုက်၊ (မှန်ပါ) သတ္တဝါ လို့ မှတ်ထားတဲ့ ဒီ အမှတ် ဖျက်လိုက်၊ (မှန်ပါ) ယောကျ်ားတယောက် မိန်းမ တယောက်ဆိုတဲ့ အမှတ်လဲဖျက်လိုက်၊ (မှန်ပါ)။

ကဲ-ပယ်ဖျက်ပြီးတော့ ခေါင်း ကိုယ် ခြေ လက် ဒူး တတောင် ပေါင် ဆိုတဲ့ အချက် တွေလဲ ဖယ်လိုက်တော့ တကာ-တကာမတို့ ခန္ဓာကိုယ်မှာ ဉာဏ်မျက်လုံးနဲ့ ကြည့်စမ်း

ပါဆိုတော့ ရုပ်အစု နာမ်အစု ခေတ် ၂-ခု၊ ဒါဘဲရှိတယ်၊ (မှန်ပါ့ ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောကျ်ား မိန်းမနဲ့ ရုပ်ခေတ် နာမ်ခေတ်နဲ့ ကွဲပါစေ၊ (မှန်ပါ ဘုရား) ပူတာဟာ တကာ-တကာမတို့ ရုပ်လား နာမ်လား၊ (ရုပ်ပါ ဘုရား) ယောကျ်ားလား ခေတ်လား၊ (ခေတ်ပါ ဘုရား) ပူတာသည် မိန်းမလား ခေတ်လား- (ခေတ်ပါ ဘုရား) သတ္တဝါလား ခေတ်လား (ခေတ်ပါ ဘုရား) သိတာကလေးသည် တကာ တကာမတို့ ယောကျ်ားလား မိန်းမလား ခေတ်လား၊ (ခေတ်ပါဘုရား) သိတဲ့ နာမ်ကလေးဘဲ၊ (မှန်ပါ)။

ဒါဖြင့် ခေတ်တွေက သူ့သဘော သူဆောင်ပြီး သိတတ်တဲ့ သဘောမို့ သူသိတယ်၊ ကိုင်း-ဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ရုပ်နဲ့ နာမ် ၂-ခုဘဲ ရှိတယ် ဆိုတာဖြင့် တကာ တကာမတို့က ယုံယုံကြည်ကြည်ဘဲ ဆုံးဖြတ်ချက် ချလိုက်၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း ဒါကြောင့် သဲပုံကြီး တခုမှာ သဲတွေကို ဘယ်ဘက်ကနေ ဆုတ်ယူယူ ရပါတယ်၊ ရေအိုးကြီး တလုံးထဲက ဘယ်ကနေ ခပ်ခပ် ရေဘဲ၊ ငန်ပြာရေ ပုံးကြီး တခုထဲမှာ ဘယ်ကနေ ခပ်ခပ် ငန်ပြာရေဘဲ ရမှာဘဲ၊ (မှန်ပါဘုရား)။ ဘာဖြစ်လို့ ငန်ပြာရေ ရပါလိမ့်၊ တပုံးလုံး ထည့်ထားတာကိုက ငန်ပြာရေတို့ရဲ့ အစုအပုံကြီးသာ ရှိတာကိုး၊ (မှန်လှပါ ဘုရား)။

ဤဥပမာကဲ့သို့ တကာ-တကာမတို့ရဲ့ခန္ဓာကိုယ်မှာလဲ ရုပ်နဲ့ နာမ်ဘဲ ၂-ခုဘဲ ရှိကြတော့ ဘယ်နေရာကရှုရှု ဘယ်နေရာက ကြည့်ကြည့် ဘယ်နေရာကိုင်ကိုင် ဘယ်နေရာစမ်းစမ်း၊ ရုပ်ရင် တွေ့မယ် သို့မဟုတ် နာမ်ရင် တွေ့မယ်၊ ရုပ်နာမ် ၂-ပါး တခုခုတွေ့မှာဘဲ၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဘာကြောင့် ရုပ် နာမ် ၂-ခု တွေ့ပါလိမ့်၊ (ရုပ်နာမ် ၂-ခုသာ ရှိလို့ပါဘုရား)ရှိတာကိုက တကိုယ်လုံးမှာ ရုပ်အစု နာမ်အစု ခတ် ၂-ခုဘဲရှိတာကိုး၊ (မှန်ပါ) ရှင်းကြပြီလား၊ (ရှင်းပါပြီ ဘုရား) သဘောပေါက်ပြီလား၊ (ပေါက်ပါပြီ ဘုရား)။

ကိုင်း-ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်လဲ သတိပဋ္ဌာန် ၄-မျိုးဆိုပြီးသကာလ တမျိုးတမျိုးမှာ နည်းပေါင်း များစွာနဲ့ ဘုရားဟောခဲ့ပါတယ်၊ (မှန်ပါ) ဘာကြောင့် ဟောရပါသလဲဆိုတော့ ခင်ဗျားတို့ သတ္တဝါတွေရဲ့ ဆန္ဒတွေ စိတ်တွေကလဲ အစားစား အမျိုးမျိုးကိုး၊ (မှန်ပါ ဘုရား) တယောက်အလိုနဲ့ တယောက် တူရဲ့လား၊ (မတူပါ ဘုရား) တချို့က အဖြူကြိုက်တယ်၊ တချို့က အမဲ ကလေး၊ တချို့က စိမ်းစိမ်း၊ တချို့က နီနီ၊ (မှန်လှပါဘုရား)။

အဲဒီလိုဖြစ်နေတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ ကရုဏာ မေတ္တာရှင်ကြီးပြီပြီ အေဘ်-ဆင်းရဲမှ ကျွတ်ကြ လွတ်ကြပါစေဆိုပြီးသကာလ ဉာဏ်တော်ကြီးနဲ့ကြည့်ပြီး နည်းမျိုးစုံနဲ့ ခြေချွတ်တော်မူရတယ်၊ (မှန်လှပါ ဘုရား)။

သတ္တဝါတွေအလိုလိုက်ပြီးတော့ ဒီနည်းနဲ့မရ၊ ဟိုနည်းနဲ့၊ ဆရာဝန်များ-ဆရာများ ဆေး ကုသလိုပေါ့၊ ဒီဆေးနဲ့မရ၊ ဟိုဆေး၊ (မှန်ပါ) ဝမ်းနုတ်ဆေး ကျွေးတန်လဲ ကျွေးလိုက်၊ (မှန်ပါ) နှာလေးပေးတန် ပေးလိုက်၊ သောက်ဆေးလေး ပေးတန်ပေးလိုက်၊ (မှန်ပါ) လိမ်းဆေးကလေး ပေးတန်ပေး လိုက်၊ ရောဂါပျောက်ဘို့ နည်းမျိုးစုံနဲ့ကုသရတယ်၊ (မှန်လှပါ ဘုရား)။

အဲဒီလိုဘဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ ခင်ဗျား တို့နဲ့ သင့်တဲ့ တရားဆေးကို ဟောပြပေးရတယ်၊ ခင်ဗျားတို့ သတ္တဝါတွေကလဲ ကိလေသာ အနာရောဂါသယ်ချည်းဘဲ၊ ခင်ဗျားတို့မှာစွဲနေတဲ့ ကိလေသာ ရောဂါကလဲ သေးသေး မဟုတ်ဘူး၊ ၁၅၀၀-ကိလေသာဆိုတော့ ရောဂါ မသေးဘူး နော်၊ (မှန်လှပါ)။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတွေမှာစွဲကပ် နေတဲ့ ၁၅၀၀-ကိလေသာအနာရောဂါကို ပျောက်ကင်းအောင် ငါဘုရား ဘယ်လိုကယ်ရမလဲဆိုပြီး ကာယာနုပဿနာ၊ ဝေ ဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုတဲ့ နည်း မျိုးစုံနဲ့ အနာပျောက်ပါစေလို့ ဆေးပေးရတယ်၊ (မှန်လှပါ ဘုရား) ခင်ဗျားတို့ ကိလေသာရောဂါတွေပျောက်ပါစေတော့ လို့၊ (မှန်လှပါ ဘုရား)ဟိုဘက်က လှဲလိုက်၊ဒီဘက်ကလှဲလိုက်၊ ရှုဆေးလေးပေးလိုက်၊ လိမ်းဆေးလေးပေးလိုက်၊ မျက်စဉ်း လေး ခပ်လိုက်ပေါ့ဗျာ၊ (မှန်လှပါ ဘုရား)။

အဲဒီလိုဘဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီး မှာလဲ တရားတွေ များစွာ ဟောရပါတယ် ဆိုတာဖြင့် တကာ တကာမတို့ရဲ့ စိတ်ဆန္ဒ ကိလေသာ ရောဂါတွေဟာဖြင့် အမျိုးမျိုးဖြစ်လေသောကြောင့် အနာနဲ့ဆေး တည့်အောင်ပေးတော်မူရပါတယ်၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း ဒါကြောင့်မို့ ဒီကနေ့ မြန်မာပြည်မှာ တရားဌာနတွေ၊ တရားတွေ အသီးသီး ပြနေကြ ပါတယ်နော်၊ (မှန်လှပါ ဘုရား) ပြနေကြတော့ သူ့နည်းနဲ့သူကိုမှန်ပါတယ် ယောဂီတို့၊ အဲဒါ ခင်ဗျားတို့ အငြင်း မထွက်ကြနဲ့နော်၊ (မှန်ပါ)။

ဘုန်းကြီးတို့ဆီ လာပြီး အားထုတ်နေတဲ့ ပုဂ္ဂိုလ်များကလဲ ဒို့ ဆရာ သမားဆီ ဒိုလာ အားထုတ် နေတယ်၊ သူများဆီ သွား အားထုတ်လို့ ရှိရင်ဖြင့် ဆရာ သမားက ငါ့တော့ မယုံကြည်ဘူး၊ ငါပြနေတာ ငါ့တရား မယုံကြည်လို့ သွား အားထုတ် တာဘဲလို့ စိတ်မကောင်း ခြင်းများ ဖြစ်များ ဖြစ်လေမလား ဆိုပြီး ခင်ဗျားတို့ မစိုးရိမ်ပါနဲ့၊ (မှန်လှပါဘုရား)။

ကြိုက်တဲ့တရားဌာနတွေ သွား အားထုတ်ပါ၊ ခင်ဗျားတို့ တရားရရင် ပြီးရော၊ ဘယ်နည်းနဲ့ရရ၊ ရရင် ဘုန်းကြီးက ဝမ်းသာတယ် ကျေနပ်ပါတယ် အားရပါတယ်၊ (မှန်လှပါ) ဘုန်းကြီးတို့လဲ စွမ်းနိုင်သမျှ ကိုယ့်နည်းနဲ့ကိုယ် ပြနေတာဘဲ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဟိုဟို ဒီဒီကလဲ လာပြီး အားထုတ်ပြန်တော့လဲ တကာ တကာမတို့ ဘုန်းကြီးတို့က ဟော့ နင်တို့က တို့ဆီကို အစကထဲက အားထုတ်နေတာမှ မဟုတ်ဘဲ အခုမှ လာပြီး ယောင်ဝါးဝါးနဲ့ ယောင်တောင်တောင်နဲ့ တို့ဆီ မလာခဲ့နဲ့ ဒီလို မဟုတ်ဘူး၊ (မှန်ပါ) ဘုရားရဲ့ သားတော်တွေဆိုတော့ သဘော ကြီးကြီးထား တရားကိုရှေ့ရှုရမယ်၊ ကျောသား ရင်သား မခွဲနဲ့၊ (မှန်ပါ) အားလုံး ကျွန်းမာမှု ချမ်းသာမှု အမြင်မှန် ရပါစေလို့ သဘော ထားရတယ် (မှန်လှပါဘုရား)။

ဒါကြောင့် သဘော ကြီးကြီးထားပြီး ဒီမှာ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ထိုထို ဌာနတွေမှာလဲ အားထုတ်နိုင်ပါတယ်၊ ဆရာတော် သိသွား လို့ရှိရင် စိတ်မကောင်းခြင်း ဖြစ်လိမ့်မယ်၊ဒီမှာအားထုတ် ဒီမှာယုံကြည်နေရာမှ ဟိုရောက်သွားပြန်ပြီ စသဖြင့် ဘုန်ကြီးတို့ရဲ့ စိတ်မှာ မထားပါဘူး၊ (မှန်ပါ)။

ဒါကြောင့် အားလုံးဘဲ တရားရရေးကိုသာ ရှေးရှုပြီး သဘော ထားသည်ဖြစ်လေသောကြောင့် တကာ-တကာမတို့ ကိုယ်နဲ့ ဆိုင်ရာ ကိုယ်နဲ့ ထိုက်ရာ ကိုယ့် ပါရမီရှိရာ အကြောင်း အားလျော်စွာ ဒီမှာ မရ ဟိုမှာ၊ ဟိုမှာမရ ဒီမှာ ဆိုသလိုဘဲ တရားရဘို့သာ အရေးကြီးသည် ဖြစ်လေသောကြောင့် တကာ တကာမတို့ မကြောက် မရွံ့ နောက် မတွန့်ဘဲ ကြိုက်ရာမှာ အားထုတ်ပါ၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ-အခု အားထုတ်နေကြတာ တချို့ကလဲ ငယ်ထိပ်ကို စိတ်ထား၊ တချို့ကလဲ နှာသီးဖျားမှာစိတ်ထား၊တချို့ကတော့လဲ ဖောင်းတာ ပိန်တာမှတ်၊ဘုန်းကြီးတို့ကလဲ ရင်မှာစိတ်ထားပြီး ပေါ်တာ ၅-မျိုးမှတ်၊ (မှန်လှပါဘုရား)တချို့ကတော့လဲ မြင်သိပျက် မှတ်တယ်၊ ကြားသိပျက် မှတ်တယ်၊ နံသိပျက် စားသိပျက် လျက်သိပျက် ထိသိပျက် တွေ့သိပျက် မှတ်တယ်၊ (မှန်လှပါ) နည်းအမျိုးမျိုးဘဲ ဆုံးမကြပါတယ်၊ (မှန်လှပါ)။

ဒါတွေ အကုန်လုံး ဇာတ်ပေါင်း ကြည့်လိုက်တော့ တကာ-တကာမတွေ အတူတူပါဘဲ၊ (မှန်လှပါ)ဘာကြောင့်တူသလဲဆိုတော့ ခင်ဗျားတို့ခန္ဓာမှာ ကြည့်ပါအုံးတဲ့၊ ရုပ်နဲ့နာမ်မှတပါး အပို ရှိသေးရဲ့လား၊ (မရှိပါ ဘုရား) ရုပ်ကဘာသိသလဲ၊ (ဘာမှမသိပါ ဘုရား) သိတာက ဘယ်သူကသိသလဲ၊ (နာမ်ကပါ ဘုရား)ဒါဖြင့် တိုတိုကလေးမှတ်လိုက်တာပေါ့၊ တလောကလုံး သိတာနဲ့ သိစရာ ၂-ခုဘဲ ရှိတယ်၊ သိတာက နာမ်၊ သိစရာက(ရုပ်ပါ ဘုရား)။

ကိုင်း ဒါကြောင့် ခုနက ဘုန်းကြီးက နှာသီးဖျားစိတ်ထားဆိုတော့ ထွက်တဲ့ ဝင်တဲ့ လေလေးက နှာသီးဖျားလာထိသည်ဖြစ်လေသောကြောင့် ထိတော့ ထိတာ ထိတာလို့ဘုန်းကြီးက အမှတ်မခိုင်းဘူးလား၊ (ခိုင်းပါတယ် ဘုရား) ထိတယ်ဆိုတော့ နှာခေါင်းခေါ်တဲ့ ရေ-မြေ-လေ-မီး-ဓာတ်ကြီးလေးပါးအစု ကာယအကြည် ကိုယ်ရုပ်မှာ ဝင်တဲ့လေ

ထွက်တဲ့လေ ရုပ်ဓာတ်က လာပြီးထိတာ၊ လာပြီးတိုးတာ၊ (မှန်လှပါ ဘုရား)။

ခင်ဗျားတို့နှာခေါင်းကြီးက နှာခေါင်းသာခေါ်ရတယ် ရုပ်ဓာတ်အစု၊ ဓာတ်ဘဲ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) နှာခေါင်းဆိုတဲ့ ရုပ်ဓာတ်ကို ထိလာ တိုးလာတဲ့ လေကလဲ ဓာတ်ဘဲ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။

ကဲ-ဒါဖြင့် နှာခေါင်းကလဲ ရုပ်ဓာတ်လား နာမ်ဓာတ်လား၊ (ရုပ်ဓာတ်ပါ ဘုရား) ဝင်လိုက် ထွက်လိုက် လုပ်နေတဲ့ လေကကော၊ (ရုပ်ဓာတ်ပါ ဘုရား) ရုပ်ဓာတ်-ရုပ်ဓာတ်ချင်း ထိတာ၊ အဲဒါကို နာမ်ကလေးက သိတယ်၊ ထိတာ ရုပ်၊ သိတာက နာမ်ဘဲ၊ ရုပ် နာမ်က ပိုသေးသလား၊ (မပိုပါ ဘုရား) အောင် - ထိထိနေတာကလေးက ရုပ်၊ သိသိနေတာ ကလေးက၊ (နာမ်ပါ ဘုရား) ရုပ်နဲ့ နာမ်ဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)

ကဲ-ဒါဖြင့် ထိတယ်ဆိုတော့ ဝင်လို့ထိတာ၊ ထွက်လို့ ထိတာဆိုတော့ တကာ-တကာမတို့ ထိတာသည် တထိ တည်းလား၊ တထိပြီး တထိ လာနေသလား၊ (တထိပြီးမှ တထိပါ ဘုရား) သိတာကလေးကလဲ တသိထဲလား တသိ ပြီးမှ တသိလား၊ (တသိပြီးမှ တသိပါ ဘုရား)။

ကဲ-ဒါဖြင့် ထိတာက ရုပ်လား၊ နာမ်လား၊ (ရုပ်ပါ ဘုရား) ထိမှန်းသိတာကလေးက၊ (နာမ်ပါ ဘုရား) ရုပ်နာမ် ဆိုရင် ယောဂီက သိတာလား၊ နာမ်ကသိတာလား၊ (နာမ် ကပါ ဘုရား) ယောကျ်ားက သိတာလား၊ နာမ်ကလား၊

(နာမ်ကပါဘုရား)မိန်းကလေးကသိတာလား၊ နာမ်ကလား၊ (နာမ်ကပါ ဘုရား)။

အောင် - ဒါဖြင့် သိတာ ကလေးဟာ ငါ သူတပါး ယောကျ်ား-မိန်းမ မဟုတ်ပါလား၊ (မဟုတ်ပါ ဘုရား)နာမ် တရားကလေး၊ (မှန်လှပါ) ထိထိနေတာကလဲ ငါလဲမဟုတ်၊ သူလဲ မဟုတ်၊ ခေါင်း-ကိုယ်-ခြေ-လက်-ဒူး-တတောင်၊ ပေါင်လဲ မဟုတ်၊ ရုပ်ခေတ်ပါ၊ လေခေတ်ကလာပြီးတိုးတာ၊ထိတာ၊ ခိုက်တာကိုး၊ (မှန်လှပါ ဘုရား)။

ကိုင်း-ဒါဖြင့် ထိတာကလေးက၊ (ရုပ်ပါဘုရား) ထိမှန်း သိတာကလေးက၊ (နာမ်ပါ ဘုရား)ရုပ်နဲ့နာမ်ဘဲ၊ (မှန်ပါ) နှာခေါင်းဝကနေကြည့်တော့လဲ ရုပ်နဲ့နာမ်ဘဲ၊ (မှန်ပါ)ရုပ်နဲ့ နာမ် ဘယ်လိုနေပါလိမ့်မလဲ၊ ဆက်ပြီးတော့အကဲခပ်ကြစို့။

ထိတာကလေးဟာ တထိပြီးမှ တထိလား၊ တထိတည်း လား၊ (တထိပြီးမှ တထိပါ ဘုရား) သိတာကလေးကကော၊ တသိပြီးမှ တသိလား၊ တသိတည်းလား၊ (တသိပြီးမှတသိပါ ဘုရား)။

ဒါဖြင့် ပထမ ထိတာသည် ဝင်လေကလာတိုးလို့ထိတာ၊ ကဲ ထိပြီးပြီ ရှိသေးသလား၊ (မရှိပါ ဘုရား) ထိမှန်းသိတဲ့ စိတ်ကလေးကကော၊ ထိမှန်းသိပြီးတာနဲ့တပြိုင်နက်ထဲ ဒီအသိ ကလေးကော ရှိသေးသလား၊ (မရှိပါ ဘုရား)

ကဲ-ဝင်တဲ့လေကဝင်ပြီးလို့ပြန်ထွက်တော့ တခါထိပြန်ပြီ၊ (မှန်ပါ)ဒါဖြင့် အရင်ထိတာနဲ့ နောက်ထိတာဟာ ၂-ခုလား၊

ဘာခုတည်းလား၊ (၂-ခုပါ ဘုရား) အရင်ထိတာက ဝင်လေ ဘိုးလို့ နောက်ထိတာက ထွက်လေတိုးလို့ဆိုကတည်းက ထွက်လေနဲ့ဝင်လေ တခြားစီ၊ (မှန်ပါ)။

ဒါဖြင့် ထိတာကလဲ အနိစ္စတရားပါလား၊ (မှန်ပါ) ထိပြီး ပျက်သွားတယ်၊ နောက်ထိတာက အသစ်၊ ထိပြီး ပျက်သွားပြန်ပြီ၊ နောက်သိတာက အသစ်၊ သိတာကလေး ကလဲ သိပြီးပျက်သွား၊နောက် သိတာက စိတ်အသစ်၊သူကလဲ သိပြီး ပျက်သွားပြန်ပြီ၊ နောက် တခါသိရပြန်ပြီ အသစ်ဘဲ၊ (မှန်ပါ) အောင်မာလေး ထိ-သိ မရှိ၊ ထိ-သိ မရှိ၊ ဒီလိုသွား နေတယ် (မှန်လှပါ ဘုရား)။

အနိစ္စလက္ခဏာပေါ်ပြီ၊ ထိတာကလေးက ဘာပါလိမ့်၊ (ရုပ်ပါ ဘုရား) သိတာကလေးက (နာမ်ပါ ဘုရား) ရှိသေး သလား၊ (မရှိပါ ဘုရား) အနိစ္စလက္ခဏာ မြင်ပြီ၊ (မှန်ပါ ဘုရား)။

ထိ-သိ-မရှိ၊ ရှိသေးသလား၊ (မရှိပါ ဘုရား) နောက် တခါ ထိ - သိ - လာပြန်ပြီ၊ ထိ-သိ-မရှိ၊ ထိ-သိ ပြီးတာနဲ့ တပြိုင်နက် ထိတာကော သိတာကော (မရှိတော့ပါဘုရား) အနိစ္စရောက်သွားပြီ၊ (မှန်ပါ ဘုရား) ဘယ်သူနဲ့ ဘယ်သူ ပါလိမ့်၊ (ရုပ်နဲ့နာမ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယောကျ်ား မိန်းမ သေတယ် ဆိုတာ ဘယ်က ဟုတ်ရမလဲ၊ ယောကျ်ား မိန်းမ ဖြစ်တယ် ဆိုတာ ဘယ်က ဟုတ်ရမလဲ၊ (မဟုတ်ပါ ဘုရား)ရုပ် နာမ်

ဖြစ်၍ ရုပ် နာမ် ပျက်တာပါ၊ (မှန်ပါ)အဲဒါ ခင်ဗျားတို့က ငါသိတာဘဲ ယောဂီ မိန်းမက ထိ သိတာဘဲ ဆိုတော့ ခင်ဗျားတို့ အလွဲကြီး လွဲနေပြီ၊ အမှတ်တွေ လွဲနေတယ်၊ အသိတွေ လွဲနေတယ်၊ ထင်မြင်ချက်တွေ လွဲနေတယ်၊ ယူဆချက်တွေ လွဲနေတယ်၊ အဲဒီ အလွဲတွေကို ဒီနေ့ ဖျက်ချလိုက်ပြီ၊ (မှန်ပါ ဘုရား)။

ကိုင်း-ဒါဖြင့် ထိတာသည် ယောဂီ မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး မဟုတ်ပါဘူး ယောဂီတို့၊ (မှန်လှပါ ဘုရား) ရုပ် - ရုပ်ချင်း ထိပါတယ်၊ သိတာကလေးကလဲ ငါ သူတပါး ယောဂီ မိန်းမက သိတာ မဟုတ်ပါဘူး၊ ဘယ်သူက ပါလိမ့်၊(နာမ်ကလေးကသိတာပါ ဘုရား)သိပြီးရင် မရှိ-သေကြပြန်ပေါ့ တစုံ၊ နောက်တခါ ထွက်လေလေး လာပြန်တော့ ထိပြန်ပြီ၊ ထိရင် သိပြန်ပြီ၊ သိပြီး သေပြန်ပြီ၊ မရှိတော့ဘူး၊ (မှန်လှပါ ဘုရား)။

ကဲ-ဒါဖြင့် နှာခေါင်းပေါက်မှ ဝိပဿနာရှုလို့ ရ-မရ၊ (ရပါတယ် ဘုရား) ရုပ်နဲ့နာမ် တွေ့ပြီ၊ (မှန်ပါ) ဖြစ်ပျက်မြင်ပြီ၊ (မှန်ပါ) ထိ-သိ-မရှိ၊ ထိ-သိ-မရှိ၊ နောက်ထိတာနဲ့ အရင်ထိတာသည်၊ နောက်သိတာနဲ့ အရင်သိတာသည် တခုတည်းလား ၂-ခုလား၊ (၂-ခုပါ ဘုရား) အရင်ထိတာသည် နောက်ထိတဲ့အခါ ရှိသေးသလား၊ (မရှိပါ ဘုရား)။

ဒါဖြင့် နောက်ထိတာ အဟောင်းလား အသစ်လား၊ (အသစ်ပါ ဘုရား) နောက်သိတဲ့စိတ်ကကော၊ (အသစ်ပါ

ဘုရား)ဒါဖြင့် ထိတိုင်း-ထိတိုင်း၊ သိတိုင်း-သိတိုင်း၊ အသစ် အသစ် အသစ်၊ အဟောင်းတွေမရှိ၊ မရှိ၊ ဒီလို သိရမယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် နှာခေါင်းပေါက်မှ ဝိပဿနာရှုရင်လဲ ရုပ်နာမ် ဖြစ်ပျက် မြင်တာဘဲ၊ (မြင်ပါတယ် ဘုရား)ဒါကြောင့် တကာ-တကာမတို့ ခုနက ရေအိုးကြီးတွေ ရေအပြည့်ထည့်ထားတော့ ဘယ်ကခပ်ခပ် ရေဘဲရမယ်၊ (မှန်ပါ)။

ခင်ဗျားတို့ ခန္ဓာတကိုယ်လုံးကလဲ ရုပ်နဲ့နာမ်ဘဲဆိုတော့ ဘယ်ကရှုရှု ရုပ်နဲ့နာမ်ဘဲ၊ ဘယ်နေရာကရှုရှု ဖြစ်ပျက်တွေ့မယ်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီ ဘုရား)။

နှာခေါင်းပေါက်မှရှင်းလိုက်ပြီ၊ ဝမ်းဗိုက်ပေါ်မှ ရှင်းကြအုံးစို့၊ ရင်မှာ စိတ်ထားပြီး ခန္ဓာကိုယ်ကို ဉာဏ်စိုက်ထားပါအုံးဆိုတော့ ဗိုက်ကလေးက ရိပ်ရိပ်ရိပ်ရိပ်နဲ့ လှုပ်မလာဘူးလား၊ (လှုပ်ပါတယ် ဘုရား) အမြဲ လှုပ်နေတာလား တလှုပ်ပြီးမှ တလှုပ်လား၊ (တလှုပ်ပြီးမှတလှုပ်ပါ ဘုရား)။

လှုပ်တာက ရုပ်ဘဲ၊ လှုပ်တယ်ဆိုတာ လေကိုးလို့၊ ဘာကြောင့် လှုပ်ပါလိမ့်၊ (လေတိုးလို့ပါ ဘုရား) လေတိုးလို့ လှုပ်တာဘဲ၊ လှုပ်မှန်းသိတာက၊(နာမ်ပါ ဘုရား)ဒီဗိုက်ကနေ ရှုတော့လဲ ရုပ်နာမ်ဘဲ၊ လှုပ်တိုင်း လှုပ်တိုင်း ရုပ်၊ သိတိုင်း သိတိုင်း နာမ်၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အမှတ်မှားနေလို့၊ (မှန်ပါ ဘုရား)။

ငါက လုပ်တာဘဲ ငါ့ဗိုက်က လုပ်တာဘဲ၊ ငါ့ခေါင်းက ငါ့ခြေက လုပ်တာဘဲဆိုတော့ ခင်ဗျားတို့က အမှတ်မှား အထင်မှား နေပါတယ်၊ ရုပ်နာမ်မှန်း မသိဘူး၊ ရုပ်နာမ်ကို ငါက ကွယ်ထားလိုက်တယ်၊ အဲဒီ ကွယ်ထားတဲ့ ငါကို ဘုန်းကြီးက ဖယ်ချလိုက်ပြီ! (မှန်ပါ)။

ကဲ-ဒါဖြင့် လုပ်တာသည် ငါက လုပ်တာလား ရုပ်က လုပ်တာလား၊ (ရုပ်ကပါ ဘုရား)ဗိုက်ကလုပ်တာလား ရုပ်က လုပ်တာလား၊ (ရုပ်ကလုပ်တာပါ ဘုရား)ခေါင်း ကိုယ် ခြေ လက် ဒူး တတောင် ပေါင်က လုပ်တာလား ရုပ်က လုပ်တာ လား၊ (ရုပ်ကပါ ဘုရား)လုပ်မှန်းသိတာကလေးက၊ (နာမ်ပါ ဘုရား)ငါက သိတာလား နာမ်စိတ်ကလား၊ (နာမ်စိတ်ကပါ ဘုရား)အော်....ဒီစိတ်ကလေးက သိတာ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဝမ်းဗိုက်ကနေရှူလဲ ရုပ်နာမ်ဘဲ၊ တလုပ်ပြီးမှ တလုပ်လား တလုပ်တည်းလား၊ (တလုပ်ပြီးမှ တလုပ်ပါ ဘုရား)တသိပြီးမှ တသိလား တသိတည်းလား၊ (တသိပြီးမှ တသိပါ ဘုရား) အရင်လုပ်တာ အရင်သိတာက တရုပ် တနာမ်၊ သိပျက် နောက် လုပ်လာပြန်ပြီ အသစ်၊(မှန်လှပါ) နောက် သိရပြန်ပြီ၊ စိတ်အသစ်၊ (မှန်ပါ)။

ဒါဖြင့် ရုပ်လဲ အသစ် နာမ်လဲ အသစ်၊ အဟောင်း ရုပ် နာမ်ပျက်၊ ရှေ့လုပ်တာ ရှေ့သိတာပျက်၊ နောက်လုပ်တာ နောက်သိတာ အသစ်ဆက်၊ ရှေ့အလုပ် ရှေ့အသိက ပျက်၊ နောက်လုပ် နောက်အသိက ဆက်၊ အော်....လုပ်တာကလဲ မပြီးဘူး၊ သိတာကလဲ မဆုံးဘူး၊ သံသရာလည်နေတယ်ဆိုတာ

ဒါဘဲ၊ (မှန်လှပါ ဘုရား)မဆုံးတော့ဘူး ရှင်းပြီလား၊ (ရှင်း ပါပြီ ဘုရား)။

ခင်ဗျားတို့က သေတယ်ဆိုပြီး ဒီအလောင်းကြီးပစ်လိုက် ပေမဲ့ ရုပ်နာမ် ဖြစ်ပျက်က ဟိုဘဝသွားပြီး ဖြစ်ပျက် ဖြစ်ပျက် နဲ့ သွားနေတာ မဆုံးဘူး၊ (မှန်ပါ) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဗိုက်ကနေရှုရင်လဲ မရဘူးလား၊ (ရပါတယ် ဘုရား) ဗိုက်ကနေရှုပြန်တော့ လှုပ်တဲ့အထဲ သေသေချာချာ ဉာဏ်သွင်းကြည့်ပြန်တော့ ပူတာတွေလဲပါတယ်၊ ဆင်းရဲတာ ကိုက်တာ ခဲတာတွေကကော၊ (ပါပါတယ် ဘုရား) ရှင်းပြီ နော်၊ (ရှင်းပါပြီ ဘုရား)။

တကာ-တကာမတို့ ဗိုက်ကနေရှုပြန်တော့၊ လှုပ်တယ် ဆိုတာ လေကိုးလို့ လှုပ်တာကိုး၊ (မှန်ပါ) ဘာကလှုပ်တယ်၊ (ရုပ်က လှုပ်ပါတယ် ဘုရား)ရုပ်ကလှုပ်တယ်ဆိုတော့ လှုပ်တဲ့ ရုပ်ကလဲ သူတခုတည်း ဖြစ်နေတာ မဟုတ်လေသောကြောင့် ပထဝီ - အာပေါ-တေဇော-ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး တွဲလျက်ကိုးဗျ၊ (မှန်လှပါ ဘုရား)။

လှုပ်တယ်ဆိုတော့ လေဓာတ်ကလှုပ်တာ၊ အဲဒါ သူ ချည်းဘဲ လှုပ်လို့ မရဘူး၊ ဓာတ်လေးပါးတွဲလျက်ဆိုတော့ ဒီအထဲ အပူဓာတ်လဲ ပါလာတယ်၊ မာတဲ့ ပျော့တဲ့ ပထဝီ ဓာတ်ကလဲ ပါလာတယ်၊ ဓာတ်သုံးပါးကို ဖွဲ့စည်းပေးတဲ့ အာပေါဆိုတဲ့ ရေဓာတ်ကလဲ ပါလာတယ်၊ (ပါ - ပါတယ် ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ခင်ဗျားတို့ မြင်တာက လှုပ်တာကလေးဘဲ မြင်တယ်၊ ပါတာကတော့ ခွတ်လေးပါး၊ (မှန်ပါ)မြင်တော့ တခုထဲ မြင်တယ်နော်၊ ပါလာတာကတော့၊ (ခွတ်လေးပါး-ပါ ဘုရား)။

ဒါဖြင့် ဘုရားတပည့်တော်တော့ လှုပ်တာချည်းဘဲ တွေ့ တွေ့နေပါတယ်၊ ကျန်တာတွေ တပည့်တော်တို့ မတွေ့ဘူး ဆိုတော့ ခင်ဗျားတို့က သမာဓိ အား မ ကောင်း သေး လို့၊ (မှန်လှပါ ဘုရား) ကျန်ခွတ်တွေကိုမရှုသေးလို့ လှုပ်တဲ့အထဲ သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်ရင် ကျန်တဲ့ခွတ်တွေလဲ တွေ့ပါတယ်။

တွေ့ရင် ခွတ်လေးပါး ပေါင်းလျက်သား တပြိုင်နက် တည်း ဖြစ်ကြ၊ ပေါ်ကြပါလျက်သားနဲ့ တပည့်တော်တို့ ဘာကြောင့် လှုပ်တာ တခုထဲကို ဉာဏ်နဲ့ နာမ်နဲ့ သိသိ နေပါသလဲဘုရားလို့ မေးတော့ လှုပ်တာ လွန်ကဲလို့ ဝါယော-လေခွတ်က လွန်ကဲလို့ လှုပ်တာတခုထဲ တွေ့ဒါ၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

လွန်ကဲတဲ့ခွတ်က ခေါင်းဆောင်လာတာ၊ လွန်ကဲတဲ့ အားကောင်းတဲ့ သတ္တိကောင်းတဲ့သူက ခေါင်းဆောင်တမ်း ကိုး၊ (မှန်ပါ ဘုရား)ဒီမှာလဲ အားကောင်းတဲ့ လေခွတ်က တွန်းပေးလိုက်တော့ လှုပ်တာက ထင်ရှားတယ်၊ ဒါပေမဲ့ လှုပ်တဲ့အထဲမှာ မြေလဲပါတယ်၊ ရေကော၊ (ပါ-ပါတယ် ဘုရား) မီးကော၊ (ပါ-ပါတယ် ဘုရား)ပါတယ်လို့ သေသေ ချာချာယုံကြည်ပါနော်၊ (မှန်ပါ ဘုရား)။

ကောင်းပြီ - ထင်ရှားအောင်သာဓကပြရရင် ယောဂီတို့ မကျည်းဖျော်ရေ ဖျော်သောက်တဲ့အခါမှာ မကျည်းသီး ရေ ဆား ထန်းလျက်နဲ့ ဖျော်တယ် မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။

သောက်တဲ့အခါကျတော့ ဖျော်ရေက ချဉ်လိုက်တာ ဟယ်-ချဉ်လိုက်တာဆိုတော့ ချဉ်သောအရသာသည် လျှာမှာ ထိစဉ်တုန်းက ယောဂီတို့ ရေကော မထိဘူးလား၊ (ထိပါ ပါယ် ဘုရား) ဆားရဲ့ ငံသော အရသာကော၊ (ထိပါတယ် ဘုရား)ထန်းလျက်ရဲ့ ချိုသော အရသာကော၊ (ထိပါတယ် ဘုရား)တပြိုင်နက်ထဲ လေးပါးလုံး လျှာမှာ ထိပါတယ်။

ဒါပေမဲ့ သိတော့ဖြင့် ခင်ဗျားတို့က ချဉ်လိုက်တာဟယ် ဆိုတော့ ချဉ်တာတခုထဲ သွားသိတယ်၊ ဘာကြောင့် ချဉ် တာတခုထဲ သိပါလိမ့်မလဲဆိုတော့ အသိစိတ်ကလေး ကြည့် လိုက်တော့ အချဉ်ဓာတ် မကျည်းသီးအရသာကလွန်ကဲနေလို့၊ (မှန်လှပါ ဘုရား)ကျန်တဲ့ဓာတ်တွေက နောက်လိုက် ထန်း လျက် ဆား ရေတို့က နောက်လိုက် ဖြစ်နေတယ်၊ (မှန်ပါ ဘုရား)မကျည်းသီး ရေနဲ့ အချဉ်ဓာတ်က အားကောင်း နေတော့ သူက ရှေ့ဆောင်ဖြစ်နေလို့ သူ့အရင် သိရတယ်၊ (မှန်လှပါ ဘုရား)။

အဲဒီ ဥပမာ-ကဲ့သို့ ယောဂီတို့ ဒီ ခန္ဓာမှာလဲ လှုပ်တာ ကလေးက လေက လွန်ကဲပြီးတော့နေတော့ လှုပ်တာပေါ့၊ အဲဒီလှုပ်တဲ့အထဲ မြေဓာတ်လဲ ပါ-ပါတယ်၊ (ပါ-ပါတယ် ဘုရား) မီးဓာတ်ကော၊ (ပါ-ပါတယ် ဘုရား) ရေဓာတ်

ကော၊ (ပါ-ပါတယ် ဘုရား) ဒါဖြင့် ခေတ်၄-ပါးလုံးပါတယ်၊ ခေတ်တခုကို ရှုလိုက်ရင် ခေတ် ၄-ခုစလုံး ပါတယ်၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဝမ်းပိုက်ကနေ ရှုချင်ပါသေးတယ် ဆိုရင်လဲ ဝိပဿနာ ရှုလို့ ဖြစ် မဖြစ်၊ (ဖြစ်ပါတယ်ဘုရား) ရှင်းသွားပြန်ပြီ၊ (ရှင်းပါတယ် ဘုရား) အားလုံး သဘောပေါက်ပြီနော်၊ (သဘောပေါက်ပါပြီ ဘုရား) ဘာကြောင့် ဝမ်းပိုက်ကနေ တရားရှုလို့လဲ ဖြစ်ပါသလဲ ဆိုတော့ တကိုယ်လုံးက ရုပ်အစု နာမ်အစု ခေတ် ၂-ခုဘဲ၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

လှုပ်လှုပ်နေတာက ရုပ်လား နာမ်လား၊ (ရုပ်ပါဘုရား) လှုပ်မှန်းသိတာက၊ (နာမ်ပါဘုရား) ဟော-ရုပ်နဲ့ နာမ်ဘဲ၊ (မှန်လှပါ ဘုရား) လှုပ်ပြီးရင် လှုပ်တာက ငြိမ်းသွားသလား မငြိမ်းဘူးလား၊ (ငြိမ်းပါတယ် ဘုရား) မှတ်တဲ့စိတ်ကလေးကကော မပျက်ဘူးလား ပျက်သလား၊ (ပျက်ပါတယ်ဘုရား) နောက် လှုပ်တာ အဟောင်းလား အသစ်လား၊ (အသစ်ပါ-ဘုရား) နောက်မှတ်တဲ့ စိတ်က အဟောင်းလား အသစ်လား၊ (အသစ်ပါ ဘုရား)။

ဒါဖြင့် ရှေ့က အဟောင်း လှုပ် သိ ပျက်၊ နောက်ကအသစ် လှုပ် သိဆက်၊ (မှန်လှပါ ဘုရား) အော်....အဟောင်းပျက် အသစ်ဆက်၊ အဟောင်းပျက် အသစ်ဆက်၊ အဟောင်းပျက် အသစ်ဆက်၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

နာရီကလေး သွားနေသလို နာရီသွားနေတာ ခင်ဗျားတို့ နားနဲ့ ကြားပါတယ်၊ ဒက်ဆိုမြည်သွားပြီ၊ နောက်တခါဒက် ဆိုတဲ့ အသံဟာ အသစ်လား အဟောင်းလား၊ (အသစ်ပါ ဘုရား) နောက်တခါ လာပြန်ပြီ ဒက်၊ အဟောင်းလား အသစ်လား၊ (အသစ်ပါ ဘုရား) နောက်တခါ လာပြန်ပြီ ဒက်၊ (အသစ်ပါ ဘုရား) ဒါဖြင့် ဒက်တိုင်း ဒက်တိုင်းဟာ အသံဟောင်းလား အသစ်လား၊ (အသစ်ပါ ဘုရား)။

အဲဒီ အတိုင်းဘဲ ခင်ဗျားတို့ ခန္ဓာကိုယ်က ရုပ်နာမ် ၂-ပါး လဲ သိတိုင်းသိတိုင်း ဘာသိသိ စိတ်သစ်နဲ့ချည်းဘဲ သိနေတယ်၊ အသိခံရတိုင်း ဘာဘဲသိသိ ရုပ်သစ်ချည်းဘဲလို့ မှတ်၊ (မှန်ပါ ဘုရား)။ အဟောင်းပျက် အသစ်ဆက်တယ်နော် (မှန်လှပါ ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် နားကနေ့ရှုစမ်းပါအုံး၊ နားမှာ စိတ်ထား ပြီး အပြင်က လာတဲ့ လေလှိုင်းသံတွေ ရှုစမ်းပါအုံး ဆိုတော့ တကာ-တကာမတို့ အပြင်က အသံတွေ လာကြားမှာပေါ့၊ (ကြားပါတယ် ဘုရား) နားဆိုတဲ့ အကြည်ဓာတ်မှာ သဒ္ဒဆို တဲ့ အသံဓာတ်က လာတိုက်တော့ ကြားသိဆိုတဲ့ စိတ်ကလေး ပေါ်ပါတယ်၊ (မှန်ပါ) မပေါ်ဘူးလား၊ (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ယခု တရားနာရင်း အသံတွေ မကြား ဘူးလား အထူးသဖြင့် ကျီးကန်းသံ ထားပါတော့ဗျာ၊ (မှန်ပါ) အ- ဆိုတော့ ရှိသေးသလား တကာ-တကာမတို့၊ (မရှိတော့ပါ

ဘုရား) ဒီ-အ-ဆိုတဲ့ အသံသည် နဂိုတုန်းက နားထဲမှာ ကြား-မကြား၊ (မကြားပါဘုရား) နားအပြင်မှာကော၊ (မရှိပါဘုရား) တလောကလုံးမှာကော၊ (မရှိပါဘုရား) အခုမှ အ-ဆိုတဲ့ အသံကလေး ပေါ်လာတာ၊ (မှန်ပါ)။

အဲဒီ ပေါ်လာတဲ့ အသံ ရုပ်နဲ့ နား ဆိုတဲ့ ရုပ်နဲ့ ရုပ်ရုပ်ချင်း တိုက်လို့ ယောဂီလို့ နားပေါက်က ကြားသိစိတ်ကလေးပေါ်လာပြီ၊ အော်-ဒါ အသံပါလားလို့ သိလိုက်တယ်၊ (မှန်ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ဘယ်သူက-ကြား-သိတာတုံး၊ (နာမ် စိတ်ကလေးကကြားတာပါ ဘုရား) ကြား-သိ စိတ်ကလေး နဂိုက ရှိနှင့် မရှိနှင့် (မရှိပါ ဘုရား) အပြင်က အသံနဲ့ ဒီကနားနဲ့ တိုက်မှ ဘွားကနဲ ပေါ်လာတဲ့ သိစိတ်ကလေးနော်၊ (မှန်ပါ)။

ကောင်းပြီ နားအကြည်သည် ရုပ်ဓာတ် ၅-ပါးအစု၊အသံကကော (ရုပ်ဓာတ် ၅-ပါးအစုပါ ဘုရား) ရုပ်-ရုပ်ချင်း လာတိုက်လို့ ကြားသိစိတ်ကလေး ပေါ်လာတာ၊ (မှန်ပါဘုရား) အဲဒါ-ခင်ဗျားတို့က ငါ့နားကကြားပါတယ်၊ ကြားတာ ငါပါဘဲ ဆိုတော့ တရားပေါ်မှာ ငါအုပ်နေပြန်ပြီ၊ (မှန်ပါ) ငါက တရားကို ကွယ်ထားလိုက်ပြန်ပြီ၊ (မှန်ပါ) ငါ့နားကြီးက ကြားပါတယ် ဆိုတော့ ငါရော နားရော ယောဂီတို့တရားမမြင်အောင် ကွယ်ထား လိုက်တယ်၊ (မှန်လှပါ ဘုရား)။

နားသည် ရုပ်နော်၊ အသံသည် ရုပ်နော်၊ ကြားသိကလေးက၊ (နာမ်ပါဘုရား) ဒါဖြင့် နားပေါက်က အကဲခပ်တော့လဲ

ရုပ် နာမ် ပါလား၊ (မှန်ပါ ဘုရား) ပိုသေးသလား (မပိုပါ ဘုရား) နားပေါက်ကလဲ ရုပ် နာမ်ဘဲ၊ (မှန်ပါ)။

အ-အ-ဆိုတဲ့ အသံ ကလေးတွေကကော တသံပြီးမှတသံ လား တသံထဲလား၊ (တသံပြီးမှ တသံပါဘုရား) ဒီ အသံလဲဖြစ် ပျက်၊ ကြားတဲ့ သိတဲ့ စိတ်ကလေးကကော၊ (ဖြစ်ပျက်ပါဘဲ ဘုရား)။

ရှေ့ အ-ဆိုတဲ့ အသံကို ကြား သိတာက တစိတ်၊ ကြားပြီး သူပျက်တယ်၊ နောက် အ-ဆိုတဲ့ အသံ ကြားတာက နောက် စိတ် အသစ်၊ (မှန်လှပါ) နောက်တခါ အ-အသံ ကြားပြန် တော့လဲ နောက်စိတ် အသစ်၊ ရှေ့ အသိစိတ် ပျက်ပြီး နောက် အသိစိတ် ဆက်နေတယ်၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် နားပေါက်ကနေ ကြည့်တော့လဲ ရုပ်နဲ့နာမ် ရုပ်နဲ့ နာမ်ကလဲ ဖြစ်ပျက်! အော်-တကာ တကာမတို့ နားပေါက် ကနေရှုလဲ ဝိပဿနာရှုလို့ ရတယ်နော်၊ (မှန်လှပါ) ရှင်းကြ ပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နားပေါက်က ရှုလို့ရရင် မျက်စိပေါက်ကကော၊ (ရပါတယ် ဘုရား) မြင် သိ ပျက် ရှုပစ်လိုက်၊ (မှန်လှပါ ဘုရား) နားကဆိုရင် ကြားသိပျက် ရှုလိုက်၊ (မှန်လှပါဘုရား) နှာခေါင်းကဆိုရင် နံ သိ ပျက် ရှုလိုက်၊ (မှန်လှပါဘုရား) ပါး စပ်ကဆို ချို သိ ပျက် ရှုလိုက်၊ (မှန်လှပါဘုရား) ချဉ် သိ ပျက်၊ ကောင်းသိ ပျက်၊ မကောင်း သိ ပျက်၊ ငံ သိ ပျက် လို့ ရှုလိုက်။

ကိုယ်ပေါ်မှာ လာပေါ်လာ ပြန်တော့လဲ ပူ သိ ပျက်၊ အေး သိ ပျက်၊ လှုပ် သိ ပျက်ပေါ့၊(မှန်ပါ ဘုရား)စိတ်ထဲက လဲ တွေးသိ ပျက်၊ ကြံ သိ ပျက်၊ ကဲ တကိုယ်လုံး ဝိပဿနာ ရှုလို့ မရတဲ့နေရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ပေါ်ပြီလား(ပေါ်ပါပြီ ဘုရား)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ တကိုယ်လုံးမှာဖြင့် ရုပ် ခဒတ်နဲ့ နာမ်ခဒတ် တရားကလဲ ၂-ခုတည်း ရှိသည် ဖြစ်သော ကြောင့် ဘယ်နေရာက ရှု-ရှု ရှုချင်တဲ့ နေရာ ရှု၊ ဝိပဿနာ ရှုလို့ ဖြစ် မဖြစ်၊ (ဖြစ်ပါတယ်ဘုရား) ကဲ-ကြိုက်ရာ နေရာ အားထုတ်ရုံဘဲ ရှိတယ်၊ (မှန်လှပါဘုရား) ဒီကနေ့ သေသေ ချာချာ ရှင်းပေးလိုက်တယ်၊ (မှန်လှပါ ဘုရား)။

ကဲ-စိတ်ကလေးကို အကဲခပ်ကြစို့၊ခုနက ကြားသိ ဆိုတာ ရုပ်နဲ့ နာမ်နော်၊(မှန်ပါ)ကြားတာ ၂ ငါလား၊ ကြားသိတာ ကလေးဟာ နာမ်စိတ်ကလေးလား၊ (နာမ်စိတ်ကလေးပါ ဘုရား) ကြားလာတဲ့ အသံသည် ဒါကျီးသံ,နွားသံ,ခွေးသံဘဲ လို့ ကျီး,နွား,ခွေးတွေ မထည့်နဲ့၊ အသံကို အသံအတိုင်း ထား လိုက်၊ (ထားပါတယ်ဘုရား) ရုပ်တရားဘဲ(မှန်ပါ)နားကလဲ ဒီအသံ လာတိုက်တဲ့ အကြည်ခဒတ် ရုပ်တရားဘဲ၊ (မှန်ပါ)။

ဒါဖြင့် ရုပ် ရုပ်ချင်းတိုက်လို့ သိတဲ့ နာမ်ပေါ်တာပါ၊ ရုပ် နာမ်ပါဘဲ၊ (မှန်ပါ) ပေါ်ပြီး ကြားပြီးလဲ ပျောက် တယ်၊ (မှန်ပါ) မပျက်ဘူးလား၊ (ပျက်ပါတယ် ဘုရား) မပျောက်ဘူးလား၊ (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့်ရင် ကြားတိုင်း, ကြားတိုင်း အသံတွေဟာ အဟောင်းလား၊ အသစ်လား၊ (အသစ်ပါ ဘုရား) သိတိုင်း သိတိုင်း သိတဲ့ စိတ်ကလေးတွေက၊ (အသစ်ပါ ဘုရား) အဲဒီလို များ မြင်ရင် ယောဂီကို ဥဒယဗ္ဗယဉာဏ် ပိုင်ပြီ၊ (မှန်လှပါ ဘုရား)။

ကိုင်း-ဒါကြောင့် တကိုယ်လုံး မျက်စိပေါက်ကလဲ နာမ် ရုပ် ဖြစ်ပျက် နားပေါက်ကလဲ၊ (နာမ် ရုပ် ဖြစ်ပျက်ပါဘုရား) နှာခေါင်းပေါက်ကလဲ၊ (နာမ် ရုပ် ဖြစ်ပျက်ပါ ဘုရား) ပါးစပ်ပေါက်ကကော၊ (နာမ် ရုပ် ဖြင်ပျက်ပါ ဘုရား) ကိုယ်ကောင်ကြီး တကောင်လုံးကကော၊ (နာမ်ရုပ် ဖြစ်ပျက် ပါဘဲ ဘုရား) ရင်ထဲကကော၊ (နာမ်ရုပ် ဖြစ်ပျက်ပါဘဲဘုရား) အားလုံးပေါင်းလိုက်တော့၊ (နာမ်ရုပ် ဖြစ်ပျက်ပါ ဘုရား) လောကကြီးကို ငါဘုရား ဒီလိုဘဲ မြင်တယ်တဲ့၊ ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဖြစ်တာ ပျက်တာက မပိုပါဘူး။ အဲဒါ ခင်ဗျားတို့မှာ ဆုံးမမဲ့ ဘုရားအစရှိသော အရိယာ သူတော်စင်တို့နဲ့ မတွေ့ တော့ အမှန်မသိရဘဲ ငါဘဲ သူဘဲ ပုဂ္ဂိုလ် သတ္တဝါတွေဘဲ ယောကျ်ား,မိန်းမ,အထီးတွေ,အမတွေဘဲ မြဲတယ် ချမ်းသာ တယ် အနှစ်ရှိတယ်လို့ အမှတ်တွေမှား အသိတွေမှား အယူ တွေ၊ (မှားပါတယ်ဘုရား) အထင်တွေ၊ (မှားပါတယ် ဘုရား)။

မှားတာ ဘယ်လောက်ကြာပြီလဲဆိုတော့ အနမတဂ္ဂ် သံသရာအဆက်ဆက်က မရေမတွက်နိုင်လောက်အောင်ကမ္ဘာ

လဆန်း(၁)ရက်နေ့ကစ၍မှားလာခဲ့တာ၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

မှားလာတာဘယ်လောက်ကြာပြီဆိုတာ(တပည့်တော်တို့ ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)အဲဒီလောက်မှားလာတဲ့အမှားကြီးကို ဒီကနေ့ တနာရီ ထဲနဲ့ ဖျက်ပေးရတယ်ဆိုတာ မလွယ်ဘူး တကာ-တကာမတို့၊ (မလွယ်ပါဘုရား)တကာ-တကာမတွေ ကံကောင်းထောက်မ တယ်၊ (မှန်လှပါ)။

ကိုင်း-ဒါကြောင့် တကိုယ်လုံး ကြိုက်ရာကနေ၍ ရှုပါ တော့၊ တကိုယ်လုံး တရားအစု တရားအပုံကြီးပါဘဲ၊ (မှန်လှ ပါဘုရား) တရားကို တရားဆိုတဲ့ ပညတ်၊ ငါ-သူ-လူ-နတ်-ဗြဟ္မာ - ပုဂ္ဂိုလ် - သတ္တဝါရှိတယ်လို့ယူဆထားတဲ့အမှားတွေက ဖုံးကွယ်ထားသည်ဖြစ်လေသောကြောင့် တရားသဘောတွေ ပျောက်နေပါတယ်၊ (မှန်လှပါ)။

ဒါကြောင့် ပညတ်တွေကို ဒီကနေ့တော်လှန်ပြီး ဘုန်း ကြီးက ရှင်းပေးလိုက်ပါပြီ၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကဲ-ဒါဖြင့် ဝိပဿနာကို မရှုတတ်စရာ မရှိတော့ပါဘူး၊ (မရှိတော့ပါဘူး ဘုရား) မျက်စိပေါက်ကနေ ဘယ်လိုရှု ရမယ်၊ (မြင်-သိ-ပျက်ပါ ဘုရား)နားပေါက်ကနေ ဘယ်လို ရှုရမယ်၊ (ကြား-သိ-ပျက်ပါ ဘုရား) နှာခေါင်းပေါက်က၊ (နံ-သိ-ပျက်ပါဘုရား) ပါးစပ်ပေါက်က၊ (စား-သိ-ပျက်ပါ

ဘုရား) ကိုယ်ပေါ်က၊ (ထိ-သိ-ပျက်ပါ ဘုရား) ထိ-သိ-ပျက်၊ ပူ-သိ-ပျက်၊ အေး-သိ-ပျက်၊ ချမ်းသာ-သိ-ပျက်၊ ဆင်းရဲ-သိ-ပျက်၊ ဒါအတူတူဘဲ၊ (မှန်လှပါ ဘုရား)။

စိတ်ထဲက ကြံ-သိ-ပျက်၊ တွေး-သိ-ပျက်၊ စဉ်းစား-သိ-ပျက်၊ လိုချင်-သိ-ပျက်၊ မုန်း-သိ-ပျက်၊ ချစ်-သိ-ပျက်၊ အတူတူဘဲ၊ (မှန်ပါဘုရား) ချစ်တဲ့စိတ် အမြဲလား၊ (မမြဲပါဘုရား) မုန်းတဲ့စိတ်၊ (မမြဲပါ ဘုရား)လိုချင်တဲ့စိတ်၊ (မမြဲပါဘုရား) မလိုချင်တဲ့စိတ်၊ (မမြဲပါဘုရား)မိုက်တဲ့စိတ်၊ (မမြဲပါဘုရား) ပိမ္မာတဲ့စိတ်၊ (မမြဲပါဘုရား)ဘာမှအမြဲမရှိဘူး ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

မုန်းတဲ့စိတ်ဟာ အမြဲရှိနေရင် တခါ ရန်တွေ့သွားရင် တသက်လုံး ခေါ်လို့ ပြောလို့ မဖြစ်တော့ဘူး၊ လင်မယား ချင်းရန်ဖြစ်တာ ကြည့်ကြပါအုံး၊ မနက်ရန်ဖြစ် ညနေကျ တဲ့ကြပြန်ရော မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) အဲဒါ ဒီစိတ်က အတည် မရှိဘူး၊ မခိုင်မာဘူး၊ ဖြစ်ပြီး ပျက်တယ် မဟုတ်လား၊ (မှန်လှပါ ဘုရား) ဒါကြောင့် ဖြစ်တာနဲ့ပျက်တာဘဲ ရှိပါကလားဆိုတာ တကာ-တကာမတို့ ယုံယုံကြည်ကြည်ဘဲ မှတ်ပေတော့၊ (မှန်လှပါဘုရား) ရှင်း သွားပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ကြိုက်ရာရိပ်သာမှာ အားထုတ်ပါ၊ ရုပ်နာမ် ဖြစ်ပျက် သိုက်ရင် မှန်ပါတယ်၊ ရုပ်နာမ် ကွဲရင် မှန်ပါ တယ်၊ အနိစ္စ - ဒုက္ခ - အနတ္တ - လက္ခဏာသုံးပါး တပါးပါး

မြင်ရင် လက္ခဏာသုံးပါး ဝင်ပါတယ်၊ (မှန်ပါ) အားလုံး ပေါ်ပြီလား၊ (ပေါ်ပါပြီ ဘုရား) အားလုံး ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)အားလုံး နားလည်ပြီလား၊ (နားလည် ပါပြီ ဘုရား)။

ကိုင်း-တရားဟောတာတနာရီရှိသွားပြီ၊ ပြန်ကြ-သွားကြ ရအုံးမှာမို့ လက်စုံမိုး ရှိခိုးကြ၊ တရားရှာ ဘယ်မှာပါလိမ့်၊ (ကိုယ်မှာပါ ဘုရား)တရားပျောက်ရင်၊ (ကိုယ်မှာပါဘုရား) ကိုယ့်ခန္ဓာမှာတရားတွေ့ရင် သူ့ခန္ဓာမှာကော၊ (တွေ့မှာပါ ဘုရား) အားလုံး အတူတူဘဲ၊ သက်ရှိ သက်မဲ့တွေအားလုံး (အတူတူပါ ဘုရား)။

ပုတ်ခတ် ဘယ်ကပူပူ ပူတာ ပုတ်ခတ်ဘဲ၊ တရားဘဲ၊ လိုချင်တဲ့လောဘကလေးကိုကြည့်၊ လောဘကလဲ သဘော တရားကလေးဘဲ၊ သူ့ခန္ဓာ ကိုယ့်ခန္ဓာဖြစ်တဲ့ လောဘတရား ဟာ လောဘတရားပါဘဲ၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မကောင်းမှုတွေ ဆိုတာကကော ဘယ်မှာရှာရ မလဲ၊ (ကိုယ်မှာ ရှာရပါတယ် ဘုရား) ခင်ဗျားတို့ရင်ထဲက ဖြစ်တာပါဘဲ၊ ကောင်းမှုကုသိုလ်တွေဆိုတာကကော၊(ရင်ထဲ ကဖြစ်တာပါဘဲ ဘုရား)လှူချင်လိုက်တာဆိုတာက၊ (ရင်ထဲက ဖြစ်တာပါဘဲ ဘုရား) မလှူနိုင်ပါဘူးဆိုတာက၊ (ရင်ထဲက ဖြစ်တာပါဘဲ ဘုရား)။

ဒါဖြင့် လှူချင်တဲ့ တကာ မလှူချင်တဲ့ တကာ- တကာမ တွေကို ဘယ်မှာ ရှာရမယ်၊ (ရင်ထဲ မှာပါဘဲ ဘုရား)

# ဓာတ် ၁၈-ပါး

## ဇယား ပုံ-(၂)

| | အခံဓာတ် ၆-ပါး (၁) | အတိုက်ဓာတ် ၆-ပါး (၂) | အပေါ်ဓာတ် ၆-ပါး (၃) |
|---|---|---|---|
| | (၁) (၃) (၂) | | |
| ၁ | ရုပ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် | × နာမ်ဓာတ် |
| ၂ | ရုပ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် | × နာမ်ဓာတ် |
| ၃ | ရုပ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် | × နာမ်ဓာတ် |
| ၄ | ရုပ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် | × နာမ်ဓာတ် |
| ၅ | ရုပ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် | × နာမ်ဓာတ် |
| ၆ | နာမ်ဓာတ် ⋙→ × ←⋘ | ရုပ်ဓာတ် နာမ်ဓာတ် (ပညတ်) | × နာမ်ဓာတ် |

(ရုပ် - နာမ်ဓာတ်) ⋙→ ထိတွေ့ ←⋘ (ရုပ်-နာမ်ဓာတ်) ⋙→ ပေါ်လာ (နာမ်ဓာတ်)

{ (သမုဒယ) အကြောင်းတရား ကော်လံ (၁) နှင့် (၂) } ⋙→ { (ဒုက္ခ) အကျိုးတရား ကော်လံ (၃) }

↓ ↓

ဖြစ် - ပျက် ဖြစ် - ပျက်

ဖြစ်ပျက်သာ

(၁) (၃) (၂)

⋙→ × ←⋘

**သင်္ကေတများကို ရှင်းပြချက်။**

ကော်လံ (၁) ရှိဓာတ်များနှင့် ကော်လံ (၂) ရှိဓာတ်များတို့ တိုက်ဆိုင်ထိခိုက်ကြသဖြင့် ကော်လံ (၃) ရှိ ဓာတ်များ ပေါ်ပေါက်လာရသည်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ခေတ် ၁၈-ပါး တရားတော်

ရန်ကုန်မြို့၊ သမိုင်းရပ်၊ မရမ်းခြံ အောင် ဓမ္မရိပ်သာ၌ (၁၀-၄-၇၁) ညနေမှ (၂၁-၄-၇၁) နေ့ နံနက်အထိ ၁၀-ရက်ပတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာအလုပ်ပေး တရားပွဲ၏ (၂၀ - ၄ - ၇၁) နေ့ နံနက်ပိုင်းအချိန်တွင် ဖော်ပြထားသည့် ဇယားပါ ခေတ်(၁၈)ပါး တရားတော်ကို ဟောကြားလေသည်။

ယောဂီတို့ ယနေ့အထိ ၁၀-ရက်တိုင်တိုင် တရားများ ဟောကြားလာခဲ့တာ ဘာကို သိစေလိုလို့လဲဆိုတော့ စကြဝဠာအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ဤကမ္ဘာကြီးသည် ခေတ်တွေသာရှိပြီး ခေတ် - ခေတ်ချင်းတိုက်၊ ခေတ် - ခေတ်ချင်း ပေါင်းဆုံကြလျက် ခေတ်ချင်းတွေ့ထိကြပြီးတော့ ခေတ်တွေ ဖြစ်၍ ခေတ်တွေပျက်၊ သဘောတရားတွေ ဖြစ်ပြီးတော့ သဘောတရားတွေ ပျက်နေပါတယ်ဆိုတာကို သိစေလိုလို့ဘဲ ဆိုတာ မှတ်ကြပါ။

ဘယ်သူ ဘယ်ဝါ ဘာကောင်မှ မဟုတ်ပါဘူး၊ တောကြီး တောင်ကြီး မြောင်ကြီးဆိုတာလဲ ခေတ်ကြီးလေးပါးက အယောင်ဆောင်ပြနေတာပါ၊ အစစ်မဟုတ်ပါဘူး။ ဆင်ကြီး မြင်းကြီး ကျွဲကြီးတွေဆိုတာလဲ ခေတ်က အယောင်ဆောင် ပြနေတာပါ၊ အစစ်မဟုတ်ပါဘူး။

လူကောင်၊ နတ်ကောင်၊ ပြဟ္မာကောင်တွေဆိုတာလဲ ဓာတ်တွေက အယောင်ဆောင် ပြနေတာပါ၊ အစစ် မဟုတ်ပါဘူး၊ အတုတွေပါ။ မြစ်ကြီးတွေ၊ချောင်းကြီးတွေ၊မြောင်းကြီးတွေ၊ ပင်လယ်၊ သမုဒ္ဒရာကြီးတွေဆိုတာလဲ အစစ်မဟုတ်ပါဘူး၊ အတုတွေပါ။ အစစ်ကတော့ ဓာတ်သဘာဝတွေသာလျှင် ဟုတ်ပါတယ်၊ ဓာတ်တွေက အယောင်ဆောင်ပြနေတာပါ၊ နေတို့ လတို့ ကြယ်တို့ ဂြိုဟ်တာရာ နက္ခတ်တို့ဆိုတာတွေလဲ အစစ်မဟုတ်ပါဘူး၊ ဓာတ်တွေကအယောင်ဆောင်ပြီးပြနေတာပါ။

အစစ်ကတော့ အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ မိမိသဘောကို မိမိ ဆောင်ပြနေကြတဲ့ သဘာဝလောကကြီး ဓမ္မလောကကြီးဘဲ၊ ဓာတ်လောကကြီးဘဲ၊ ဒီဓာတ်တွေဟာ အမှန် ရှိပါတယ်၊ အဟုတ် ရှိပါတယ်၊ တကယ် ရှိပါတယ်၊ သို့သော် အမြဲတော့ မရှိ၊ အမြဲမရှိလျှင် ဘယ်လိုရှိနေတာလဲ၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပျက်ဘဲရှိနေပါတယ်။

အဲဒီလိုဖြစ်ပျက်နေတဲ့အတွက် အမြဲ မရှိဘူး၊အနိစ္စကြီးဘဲ၊ ဖြစ်-ပျက်နေရတဲ့အတွက် ဆင်းရဲအတိ ဒုက္ခကြီးဘဲ၊ ဖြစ်-ပျက်နေရတဲ့အတွက် ဘယ်သူ့အလို ဘယ်သူ့အကြိုက် ဘယ်သူ့အစီအမံကိုမှမခံဘဲ သူ့သဘာဝ သူ့လမ်းစဉ်အတိုင်းသွားနေကြတဲ့ ဘယ်သူမှစိုးမပိုင်တဲ့ အနတ္တ ဓမ္မကြီးပါဘဲ။

အဲဒါကို မိမိဉာဏ်ထဲမှာ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြတ်စွာဘုရားသခင် ဆုံးမ

တော်မူတဲ့အတိုင်း တိတိကျကျ သိကြဘို့ မြင်ကြဘို့ လိုပါတယ်။

အနိစ္စ-ဒုက္ခ-အနတ္တ လောကကြီး၏ အမှန်တရားတွေ မိမိရဲ့ဖြစ်စဉ်တွေ လောကကြီး၏ ဖြစ်စဉ်ပျက်စဉ်တွေကို မြင်သိပြီးတော့ ထို ဖြစ်ပျက်လောကကြီး ဇာတ်သိမ်း၍ အေးငြိမ်းသွားတဲ့ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို ရောက်ဘို့ ရဘို့ရန် အရေးကို အခု လုံးပမ်း ကြိုးစားနေကြပါတယ်။

ဆရာ တကာတွေ စုဝေးပြီးတော့ တိုင်ပင်ပြီးတော့ ကြိုးစား အားထုတ် နေကြပါတယ်၊ ဒါဖြင့် အကျဉ်းချုပ်လိုက်တော့ အမှန်သိဘို့နဲ့ အေးငြိမ်းဘို့အတွက် အားထုတ်နေကြတာလို့ မှတ်ပေတော့၊ ဒါကြောင့် သိစရာက သင်္ခါရခေတ် ဝိသင်္ခါရခေတ်လို့ ၂-မျိုးဘဲ ရှိပါတယ်။

သင်္ခါရခေတ်ဆိုတာ ပစ္စယပရိဂ္ဂဟဉာဏ်မှာ ဟောဆိုစဉ်အခါတုန်းက အကြောင်းအကျိုးမျှသာ ဖြစ်တယ်။ မိမိခန္ဓာအပါအဝင် ၃၁ ဘုံ ကမ္ဘာ လောကကြီး သည် အကြောင်းကြောင့် အကျိုးဖြစ်၊ အကျိုးကြောင့် အကြောင်းဖြစ်ပြီးတော့ ကြောင်း-ကျိုး,ကျိုး-ကြောင်း၊ ကြောင်း-ကျိုး, ကျိုး - ကြောင်း ဓမ္မတွေ ဆက်စပ်နေတဲ့ ပြောင်းလဲနေတဲ့ အကြောင်းဓမ္မ အကျိုးဓမ္မတွေ ဖြစ်ပါတယ်လို့ ဟောခဲ့တယ်။

အကြောင်းဓမ္မကလဲ ရုပ်-နာမ်၊ အကျိုးဓမ္မကလဲ ရုပ်-နာမ်၊ အကြောင်းတရားဆိုတာဟာလဲ ရုပ်နဲ့နာမ်ဘဲ၊ အကျိုးတရားဆိုတာဟာလဲ ရုပ်နဲ့နာမ်ပါဘဲ။

ဒီရုပ်နဲ့ဒီနာမ် ဘယ်လိုနေသလဲ ကြည့်လိုက်ပြန်တော့လဲ အကြောင်းတရား ရုပ် - နာမ်တွေလဲ ဖြစ်လိုက် - ပျက်လိုက်၊ အကျိုးတရား ရုပ် - နာမ်တွေကလဲ ဖြစ်လိုက် ပျက်လိုက်ဘဲ နေပါတယ်၊ အဲဒီလို သေသေချာချာ ထောက်ပြခဲ့ပါပြီ။

အဲဒီလိုပြခဲ့တော့ အကြောင်းတရားဖြစ်တဲ့ ကံ-စိတ်-ဥတု-အာဟာရတွေက ပြုပြင်လိုက်မှ ပြင်ဆင်ပေးလိုက်မှ ထောက်ပံ့ပေးလိုက်တော့မှ ကူညီပေးလိုက်တော့မှ ကျေးဇူးပြုလိုက်တော့မှ ဖြစ်လာနိုင်ကြတဲ့ ဓမ္မသဘောတွေဟာ အကျိုးတရားတွေဘဲ။

အဲဒီ အကျိုးတရားတွေဟာ ဘယ်သူတွေလဲလို့ ဆိုလျှင် ဒီနေ့ ပစ္စက္ခလောကကြီးတခုလုံးမှာ မျက်စိတွေ့ လက်တွေ့ ရှိနေတဲ့ ရုပ်နာမ်တွေမှန်သမျှ သက်ရှိ သက်မဲ့တွေမှန်သမျှဟာ အကျိုးတရားချည်းဘဲ။

ဒီအကျိုးတရားတွေဟာ အကြောင်းမဲ့သက်သက်ဖြစ်ပေါ်လာကြတာ မဟုတ်ပါဘူး၊ သိကြား ဗြဟ္မာ မိုးဒေဝါတို့ ဖန်ဆင်းလို့ဖြစ်လာတာ မဟုတ်ပါဘူး၊ အနန္တတန်ခိုးရှင်ကြီးတွေ ဖန်ဆင်းရှင်ကြီးတွေ ဖန်ဆင်းလို့ဖြစ်လာတာလဲ မဟုတ်ပါဘူး၊ ဘုရားတွေဖန်ဆင်းလို့ ဖြစ်လာတာလဲ မဟုတ်ပါ၊ အကြောင်းမဲ့သက်သက်ဖြစ်လာတာလဲ မဟုတ်ဘူး။

ဆိုလိုရင်းက အကြောင်းကင်း၍ ဖြစ်တာလဲ မဟုတ်ပါ၊ နို့-ဘာကြောင့် ဖြစ်သလဲ ဆိုတော့ အကြောင်းတရားကြောင့် ဖြစ်ရပါတယ်၊ အကြောင်းတရားက ပြုပြင်ပေးနေရပါတယ်၊ အကြောင်း တရားတွေက စီမံ ပေးနေရ

ပါတယ်၊ အကြောင်းတရားတွေက ထောက်ပံ့ပေးနေရ ပါတယ်။

ဒါကြောင့် ဒီကနေ့လက်ရှိဖြစ်နေတဲ့ ပစ္စက္ခမျက်မှောက် လောက ရုပ်ဓမ္မ နာမ်ဓမ္မ အားလုံးတို့သည် သင်္ခါရခေတ် တရားတွေဘဲ၊ ပြင်ပေးနေရတဲ့ အထောက်အပံ့ပေးနေရတဲ့ သဘောတွေလို့ ဆိုလိုတယ်၊ ရုပ်နာမ်အားလုံး စကြဝဠာကြီး တခုလုံး ရုပ်နာမ်ဆိုရင် ကုန်ရောပေါ့။

အဲဒီရုပ်နာမ်ခေတ်မှန်သမျှကို သင်္ခါရခေတ်လို့ခေါ်တယ်။

ဘာ့ကြောင့်တုံး အကြောင်းတရား တို့ဖြင့် အမြဲတမ်း ပြုပြင်မွမ်းမံပြီး စီမံပေးနေရလို့ဘဲ၊ အစားကျွေး-အဝတ်ပေး-ပြောပေး - ကြားပေး - နမ်းပေး - ထိပေး-တွေ့ပေး-သွားပေး-လာပေး - လုပ်ပေး - ကိုင်ပေး - အိပ်ပေး- စားပေး-အပူခေတ် ပေးလိုက် - အအေးခေတ် ပေးလိုက် - အရေ တိုက်ကျွေးလိုက်-အဖတ်ကလေး တိုက်ကျွေးလိုက် - အဝတ်အမျိုးမျိုး အစား အမျိုးမျိုး စသည်ဖြင့် ထောက်ပံ့ပေးနေရလို့ဘဲ။

မျက်မြင်လောက ရှိရှိသမျှ ရုပ်ခေတ် နာမ်ခေတ်တွေ ဟာ ကံတရား စိတ်တရား ပူ-အေးဆိုတဲ့ ဥတု၊ အာဟာရ ဆိုတဲ့ အစားအသောက်တွေဖြင့် အမြဲမပြတ် ထောက်ပံ့ ပြင်ဆင် ပြုပြင်ပြီးတော့ ပေးနေရတဲ့အတွက် ထိုရုပ်နာမ် အားလုံးတို့သည် သင်္ခါရ ခေတ်တရား အပြုခံ တရားတွေ အပြင်ခံတရားတွေလို့ ဆိုလိုပါတယ်၊ ဘယ်သူတွေလဲ၊ ရုပ်-နာမ် ခေတ်တွေပါဘဲ။

ဒီ ရုပ်နာမ်ဓာတ်တွေဟာ ပြင်ပေးနေနိုင်မှ တော်ခါကျတယ်၊ ပြင်မပေးတာနဲ့တပြိုင်နက်ထဲ နေရာမကျတော့ဘူးနော် - ပြင်ပေးရင်ကော အမြဲ နေမှာလားဆိုတော့ ပြင်ခိုက်ကလေးဘဲ၊ ပြင်ပြီးလဲ ပျက်-ပျက်ပြီးလဲ ထပ်ပြင်၊ ဥပမာ၊ ဆံပင်ထုံးတာကြည့်၊ ထုံးပြီးရင် ပြန်ပြေ-ပြေပြီးရင် ထပ်ထုံး၊ ရှင်းပြီးရင် ပြန်ရှုပ်-ရှုပ်ပြီးရင် ပြန်ရှင်း-ပြန်ရှင်းပြီးရင် ပြန်ရှုပ်၊ ရှုပ်ရင်း ရှင်းရင်း - ရှင်းရင်း ရှုပ်ရင်း ကြာတော့ မနိုင်ဘဲ နောက်ဆုံးတော့ လက်မြှောက်လိုက်ရမှာဘဲ။

ဒီ ခန္ဓာအိမ်ကြီးကို အစားနဲ့ ပြင်နေရတယ်၊ ဆာရင်းစားရင်း-စားပြီးရင်း ဆာရင်း-စားရင်း ဆာရင်း-စားပြီးရင်း ဆာရင်း၊ နောက်ပိတ်ဆုံး ဘယ်လိုမှ မနိုင်တဲ့အဆုံး လက်မြှောက်ရတယ်၊ ဘယ်လိုပင်ကျွေးကျွေး-ဘယ်လိုပင်ထောက်ပံ့ထောက်ပံ့ နောက်ဆုံးကျတော့ သေမင်းရဲ့လက် အပ်လိုက်ရတာဘဲ။

ထို့အတူဘဲ ဒီခန္ဓာကြီးကို နေ့စဉ် သုတ်သင်နေရတယ်၊ ရေချိုးပေး ဖီးပေး လိမ်းပေးကြပြီးတော့ ပြန်၍ ညစ်ပတ်တာဘဲ၊ ညစ်ပတ်ရင် ပြန်ချိုးပေး လိမ်းပေး ဖီးပေးကြပြီးတော့ ပြန်ပြီး ညစ်ပတ်တာဘဲ၊ ကံ - စိတ် - ဥတု- အာဟာရတို့ မင်းတို့ ပြုချင်သလောက်ပြု နောက်က အနိစ္စဂဟ စောင့်နေတယ်၊ ပြင်ထားတာတွေကို အကုန် ဖျက်ဆီး ပစ်မှာဘဲတဲ့၊ ပြင်ထားတာတွေ ပြုထားတာတွေ စုထားတာတွေမှန်သမျှ အကုန်လုံး ညက်ညက်ကျေအောင် ဖျက်ပစ်နေတာဘဲ။

ဘာကြောင့်တုံး ရုပ်နာမ်ခတ် မှန်သမျှကို အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ၊ ဆိုတဲ့ လက္ခဏာ သုံးပါးက ဖျက်ဆီးမဲ့တရားကြီး သုံးခုက အဆင်သင့် နောက်က စောင့်နေကြတယ်၊ ဒါကြောင့် ပြင်လို့လဲ မဆုံးနိုင်ဘူး၊ ပြုလို့လဲမဆုံးနိုင်ဘူး၊ ထောက်ပံ့ လို့လဲ မပြီးနိုင်ဘူး၊ အားပေး လို့လဲ မပြီးနိုင်ဘူး။

ဒီ ရုပ်လောက နာမ်လောကကြီးက ဖြစ်ပျက်ဘဲ ရှိတယ်၊ ဖြစ်ပြီးရင်ပျက်၊ ပျက်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင်ပျက်၊ ပျက်ပြီးရင် ဖြစ်၊ မဆုံးတော့ဘူး၊ပျက်ပြီးရင် ဖြစ်အောင်လုပ်၊ ဖြစ်အောင် လုပ်တော့ဖြစ်၊ဖြစ်ပြီး ပျက်သွားပြန်၊ ပျက်တော့ ဖြစ်အောင် လုပ်၊ ဖြစ်အောင် လုပ်တော့ ဖြစ်၊ ဖြစ်ပြီးပျက်သွား၊ အဲဒါ လက်စ မသတ်နိုင်ဘူး၊ အဆုံးသတ်လို့ မရတော့ဘူး။

ဒါကြောင့် ရုပ်နာမ်ခတ် မှန်သမျှ ပြုပြင်ခံ တရားမို့လို့ သင်္ခါရခတ်လို့ခေါ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါဘူး ခတ်ဘဲ သဘောဘဲ တရားဘဲတဲ့။

ဝိသင်္ခါရခတ် ဆိုတာ နိဗ္ဗာန်ကို ပြောတာ၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ခတ် ဇာတ်သိမ်း အေးငြိမ်းသွားတဲ့ သဘော၊ရုပ်မရှိ နာမ်မရှိ အရှင်းဆုံးဘဲ၊ ရုပ်နာမ် လုံးဝမရှိ၊ ဒါကြောင့် ပါဠိတော်မှာ-

"တတ္ထ နာမဉ္စ ရူပဉ္စ အသေသံ ဥပရုဇ္ဈတိ" လို့ ဟောတော်မူတယ်။

တတ္ထ-ထိုနိဗ္ဗာန်၌၊ နာမဥ္စ-နာမ်တရားသည်၎င်း၊ ရူပဥ္စ-ရုပ်တရားသည်၎င်း၊ အသေသံ- အကြွင်းအကျန် မရှိဘဲ၊ ဥပရုဇ္ဈတိ- ချုပ်ငြိမ်းရှိနေ၏....တဲ့။

ရုပ်နာမ်ခေတ် မရှိရင် နိဗ္ဗာန်ဘဲ၊ ရုပ်နာမ်ရှိနေရင် အနိစ္စရှိ၊ ဒုက္ခရှိ၊ အနတ္တရှိ၊ အသုဘ ရှိနေတာဘဲ၊ ဒီရုပ်နာမ် ပင်လျှင် အနိစ္စ တရား၊ ဒုက္ခ တရား၊ အနတ္တ တရား အသုဘ တရားဖြစ်နေတော့ ရုပ်နာမ်ရှိ၊ အနိစ္စရှိ၊ ရုပ်နာမ်ရှိ၊ ဒုက္ခရှိ၊ ရုပ်နာမ်ရှိ အနတ္တရှိ၏။

အနိစ္စ ဆိုတာ ရုပ်ခေတ် နာမ်ခေတ်၊ဒုက္ခဆိုတာ ရုပ်ခေတ် နာမ်ခေတ်၊ အနတ္တ ဆိုတာ ရုပ်ခေတ် နာမ်ခေတ်၊ အသုဘ ဆိုတာ ဒီရုပ်နဲ့ ဒီနာမ်ဘဲ၊ဒီတော့ ရုပ်နာမ်ခေတ်ရှိရင် အနိစ္စရှိ၊ ဒုက္ခရှိ၊ အနတ္တရှိ၊ အသုဘ ရှိနေတာဘဲ၊ ရုပ် နာမ်ကို မရှိမှ အနိစ္စရော ဒုက္ခရော အနတ္တရော အသုဘရော အကုန်ပြောင်သလင်းခါပြီး ဘာမှမရှိဘူး၊ အအေးခေတ်ဘဲရှိတယ်။

ဒါကြောင့် သေသေချာချာ မှတ်ပါတဲ့။ သင်္ခါရ တရား ဆိုသည်ကား ကံ-စိတ် ဥတု-အာဟာရ ဆိုတဲ့ ရုပ်-နာမ် ခေတ်တွေနဲ့ ပြုပြင်ပေးနေရလို့ ရုပ်တရား နာမ်တရားတွေကို သင်္ခါရ တရားလို့ခေါ်တယ်။

သင်္ခါရ တရားဆိုတာ ဘယ်လို တရားလဲ-ပြုပြင်ပေးရတဲ့ တရားတဲ့၊ ဝိသင်္ခါရဆိုတာ အပြုပြင် မခံရတဲ့ တရားတဲ့၊ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် သင်္ခါရခေတ်နဲ့ ဝိသင်္ခါရ ခေတ်ရယ်လို့ ၂-မျိုးရှိတော့ ဝိသင်္ခါရ ခေတ်ဆိုတဲ့ နိဗ္ဗာန် ချမ်းသာဟာ အေးငြိမ်း

တဲ့ သဘောအနေနဲ့ မဖြစ်မပျက်ဘဲ အမြဲတည်တံ့ ခိုင်မာပြီး နေတယ်။

အဲဒီ ဝိသင်္ခါရဓာတ် နိဗ္ဗာန်ကို ရောက်ဘို့ ရဘို့မခက် သင်္ခါရဓာတ်ခေါ်တဲ့ မိမိတို့ရဲ့ ဒီရုပ်နဲ့နာမ် ဒီခန္ဓာကြီးရဲ့ အဖြစ်မှန် စနစ်မှန်ကို သိပြီးတော့ ကြောက်လန့်ထိတ်ပြီး မလိုချင်တဲ့စိတ်တွေ ဒီရုပ်နဲ့ ဒီနာမ်ကို မကြည့်ချင် မမြင်ချင်တဲ့စိတ်တွေ ပြေးချင် ထွက်ချင်တဲ့ စိတ်တွေ ဒီရုပ်နဲ့ ဒီနာမ်ကို စွန့်ပစ်ချင်တဲ့စိတ်တွေ နိဗ္ဗိန္ဒာဉာဏ်တွေ ပေါ်လာဘို့က အရေးကြီးတယ်။

အဲဒီ နိဗ္ဗိန္ဒာဉာဏ်ပေါ်လာဘို့ကလဲ အမှန်ကိုသိဘို့ အရေးကြီးတယ်၊ အခုသိနေတာက ဒီစကြဝဠာ ကမ္ဘာလောက ဓာတ်ကြီး တခုလုံး ရေဘဲ-မြေဘဲ-လေဘဲ-မီးဘဲ၊ ဒါမြေကမ္ဘာ လကမ္ဘာ-ကြယ်ကမ္ဘာ၊ ဒါ လူတွေဘဲ-နတ်တွေဘဲ-ဗြဟ္မာတွေဘဲ-ပုဂ္ဂိုလ် သတ္တဝါတွေဘဲ-အထီး အမတွေဘဲ-ဘုန်းကြီး-ဘိုးသူတော်-မယ်သီလ၊ စိန်တွေဘဲ - ကျောက်တွေဘဲ တောကြီးတောင်ကြီးတွေဘဲလို့ ဒီလို အကုန်လုံး နာမည်တပ် ခေါ်ထားတဲ့အတိုင်း အစဉ်အလာ ပြောကြတဲ့အတိုင်း မှတ်၊ မှတ်တဲ့အတိုင်း ထင်၊ ထင်တဲ့ အတိုင်း စွဲလမ်းပြီး ပညတ်ပေါ်မှာ သိနေကြတယ်။

အမှန်ဆိုးကတော့ ရုပ်ဓာတ် နာမ်ဓာတ်တွေဘဲ၊ ဓာတ်ခေါတ်ချင်းပေါင်းဆုံ ဓာတ်ဓာတ်ချင်းတွေ့ထိ-ဓာတ်ဓာတ်ချင်း ထိခိုက် ဓာတ်ဓာတ်ချင်း ကျေးဇူးပြုပြီး ဓာတ်သဘောတရား

တွေဖြစ်ပြီးတော့ ပျက်နေတယ်၊သဘော တရား တွေသာလျှင် ဖြစ်-သဘော တရားတွေသာလျှင် ပျက်နေပါတယ်။

သဘော တရားတွေ စုပုံပြီး ဖြစ်စဉ် ပျက်စဉ်ကို မမြင် မသိ နားမလည် ကြတော့ ခေတ်သဘော တရားတွေရဲ့အစု အပုံကြီးတွေကို အစဉ်အလာ အားဖြင့် ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ-လူ-နတ်-ဗြဟ္မာ-တော-တောင်-ရေ-မြေ- သမုဒ္ဒ ရာ-အိမ်-ကျောင်း-ဇရပ်လို့ ဤကဲ့သို့ ပြောဆိုကြတဲ့ အတိုင်း နာမည်ပေးထားတဲ့အတိုင်းမှတ်၊ မှတ်တဲ့အတိုင်း စိတ်ကထင် ထင်တဲ့အတိုင်း စွဲလမ်းပြီးတော့ နေကြတယ်၊တကယ် အစစ် အမှန်ဆုံးကို မသိဘဲ သမုတ်ထားတဲ့ သမ္မုတိ သစ္စာတွေကို အဟုတ်ရှိ ဓမ္မအနေနဲ့ စွဲလမ်းပြီး နေကြတဲ့အတွက် အဟုတ် ရှိတဲ့ ဓမ္မသဘောတွေ မမြင်မတွေ့ နားမလည်တော့ဘူး။

ခေတ်စုခေတ်ခဲကြီးတွေကို လူတို့ သမုတ်ထားတဲ့ အတိုင်း တကယ် လူထင်နေကြတယ်၊ လူမှတ်နေကြတယ်၊ လူလို့သိနေ ကြတယ်၊ နတ်ဘဲ-ဗြဟ္မာဘဲ ရယ်လို့ နာမည် တပ်ထားတဲ့ အတိုင်းတကယ်ဘဲ နတ်ဘဲ-ဗြဟ္မာဘဲ-ပုဂ္ဂိုလ်-သတ္တဝါ ပါဘဲလို့ အမှတ်မှား အသိမှား အယူမှား အစွဲမှားနေကြပါတယ်။

အဲဒီ အမှားတွေကို မြတ်စွာဘုရားက ဖျောက်ပစ်စေ တော်မူတယ်၊ အဲဒီ အမှားတွေ ပယ်ဖျက် သုတ်သင် ရှင်း လင်းနေတဲ့ သီလ - သမာဓိ - ပညာဆိုတဲ့ အကျင့်ကောင်း အကျင့်မြတ်ကို သာသနာလို့ ခေါ်တယ်၊ ဆိုလိုရင်းကတော့

အမှားပျောက်တဲ့လမ်းစဉ် အမှားဖျက်တဲ့ ကျင့်စဉ်တွေဟာ သာသနာဘဲ။

အဲဒီတော့ အမှားပျောက်တဲ့ အမှားဖျက်တဲ့ ကျင့်စဉ် လမ်းစဉ်အားဖြင့် ပညာစခန်းအနေနဲ့ မြတ်စွာဘုရားသည် ပုဂ္ဂိုလ်စရိုက် သတ္တဝါတွေရဲ့စရိုက်အမျိုးမျိုးကို ကြည့်ပြီး တော့ ဒေသနာတော်များစွာဖြင့် ဆုံးမတော်မူခဲ့ပါတယ်။

လူ-နတ်-ဗြဟ္မာ-ပုဂ္ဂိုလ်-သတ္တဝါတို့ ပေါက်ပွားနေထိုင်ရာ ဤစကြဝဠာကြီးဟာ ဘာကောင်မှမဟုတ်ပါဘူးကွယ်၊ ရုပ် အစု နာမ်အစု ခေတ် ၂-ခုပါဘဲလို့ ဤလိုလဲ အချုံးနေရာမှာ ခေတ်အနေနဲ့ ဆုံးမတော်မူတယ်၊ အမှန်ဆုံးတရားကို လက် ညှိုးထိုး ပြတော်မူခဲ့တယ်။

အချုံးနေရာကျတော့လဲ ဒီလောကခေတ်ကြီးဟာ ခန္ဓာ ငါးပါးအရ ဓမ္မငါးခုတို့ရဲ့ အစုအပုံကြီးဘဲရယ်လို့ ငါးမျိုး ငါးစားသော ဓမ္မတွေအနေနဲ့ ထောက်ပြပြီးတော့ ဆုံးမ တော်မူတယ်။

ရံခါကျတော့လဲ အချဲ့နေရာမှာ အာယတန ၁၂-ပါး အစုအဝေးကြီးဘဲ ဆိုပြီး ၁၂-မျိုး၊ ၁၂-ပုံဖြင့် ရှင်တော် ဘုရားက အမှားတွေ ဖျက်ပြတော်မူတယ်။

ရံခါ အချဲ့နေရာကျတော့လဲ ခေတ် ၁၈-ပါးဆိုပြီးတော့ မိမိခန္ဓာ သူတပါးခန္ဓာ သက်ရှိ သက်မဲ့ ဤစကြဝဠာ ကမ္ဘာလောကကြီးသည် ဘယ်သူ ဘယ်ဝါ ဘာကောင်မှ မဟုတ် မိမိသဘော မိမိဆောင်ပြနေတဲ့ ခေတ်စု ခေတ်ခဲ ခေတ်သဘော ခေတ်တရားတွေသာလျှင် ဖြစ်တယ်လို့

ဓာတ် ၁၈-ပါးနဲ့ ၁၈-ပုံ ပုံပြီးတော့ ဓာတ်အနေနဲ့ ဆုံးမတော်မူတယ်။

ရုံခါ ကျတော့လဲ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုး ဆက်နေတဲ့လောကကြီးပါ၊ လူ မဟုတ်၊ နတ်မဟုတ်၊ ဗြဟ္မာ မဟုတ်၊ ဓမ္မသဘောတွေသာလျှင် အကြောင်း အကျိုး ဆက်စပ်ပြီးတော့ ဖြစ်ပျက် နေကြပါတယ်လို့ ဆုံးမတော်မူတယ်။

အခုျ နေရာကျတော့လဲ ၂၄-ပစ္စယ သတ္တိတို့ဖြင့် ကြောင်းကျိုး ဆက်ပြီးတော့ ဖြစ်ပျက်နေတဲ့ ဓမ္မတွေဘဲလို့ မြတ်စွာဘုရားသည် ပညာရှင်ကြီးဖြစ်တဲ့အတိုင်း နည်းမျိုး စုံနဲ့ အမှန်သို့ရောက်အောင် စရိုက်အမျိုးမျိုးကိုကြည့်ပြီးတော့ သတ္တဝါတွေကို ဆုံးမတော်မူခဲ့ပါတယ်။

အဲဒီတော့ ယခုလို နည်းမျိုးစုံနဲ့ ဆုံးမတော်မူတဲ့တရား တော်တို့တွင် ယခု ယောဂီတို့ ကျင့်သုံး နေတာ ကတော့ မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် အာကာသဓာတ် ဝိညာဏဓာတ်ဆိုတဲ့ ဓာတ် ၆-ပါးကို အခြေခံမတည်ထားပြီး အခု လေ့လာနေကြပါတယ်၊ အားထုတ်နေကြပါတယ်။

ဤခန္ဓာကိုယ်ကြီးကို ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်-သတ္တဝါကောင်ပါဘဲလို့ အမှတ် အသိ အမြင် အယူတွေကို ပျောက်သွားအောင် မြေတပုံ၊ ရေတပုံ၊ လေတပုံ၊ မီးတပုံ၊ အာကာသဆိုတဲ့ အပေါက်အကြားက တပုံ၊ ဝိညာဏဆိုတဲ့ သိမှုဓာတ်က တပုံ-ပေါင်း ဓာတ်ခြောက်ပါးရဲ့ အစုအခဲ

ခေတ်တွေ တွဲနေတဲ့ ခေတ်ခဲကြီးပါဘဲလို့ ဆိုတာ သိမြင်သွား အောင် ၁၀-ရက်တိုင်တိုင် ဟောခဲ့ပါတယ်။

ခေတ်ဆိုတာလဲ တခြားမဟုတ်ဘူး၊ ပူရင် ပူတဲ့သဘော ဟာ ပူတဲ့ခေတ်ပါဘဲ၊အေးရင် အေးတဲ့ သဘောဟာ အေးတဲ့ ခေတ်ပါဘဲ၊ လှုပ် လှုပ်တဲ့ သဘောဟာ လှုပ်တဲ့ခေတ်ပါဘဲ၊ ဘယ်သူ ဘယ်ဝါ ဘာကောင်မှ မဟုတ်ပါဘူး။

လှုပ်-လှုပ်တာဘဲ ဟုတ်တယ်၊ ပူ- ပူတာဘဲ ဟုတ်တယ်၊ အေး-အေးတာဘဲ ဟုတ်တယ်၊ မာ-မာတာဘဲ ဟုတ်တယ်၊ ပျော့-ပျော့တာဘဲ ဟုတ်တယ်၊ဖွဲ့နေတာ-ဖွဲ့နေတဲ့ သဘောသာ ဟုတ်တယ်၊ယိုစီးသွားတာဟာ-ယိုစီးတဲ့ သဘောဘဲ ဖြစ်တယ်၊ အပေါက်အကြားဟာ အပေါက်အကြားပါဘဲ၊ သိတာဟာ-သိတာပါဘဲ။

ဘယ်သူ ဘယ်ဝါ ဘာကောင်မှ မဟုတ်ပါဘူး၊ ခေတ် သဘော တရားတွေပါလို့ ဆိုဒါကို စိတ်ထဲမှာ ရှင်းလင်း သိမြင်အောင် အားထုတ်လာကြဒါပါဘဲ။

ဒီနေ့တော့ နောက်ဆုံး တရားအားထုတ်ရတဲ့ နေ့ကြီးလဲ ဖြစ်နေတော့ မိမိခန္ဓာကိုယ်နှင့် တကွ လောကခေတ်ကြီး တခု လုံးကို ၁၈-ပုံ ပုံပြီးတော့ ရှင်းသထက်ရှင်း၊ လင်းသထက် လင်းပြီးသွားအောင် ခေတ် ၁၈-ပါးနဲ့ ဝေဖန်ပြမလို့ဘဲ။

အဲဒီတော့ ယောဂီတို့ ခန္ဓာ အပါအဝင် တလောကလုံး ဟာ ခေတ် ၆-ပါးဆိုတာတော့ ရှင်းကြပြီပေါ့နော်၊ (မှန်ပါ ဘုရား) ကဲ ဆိုကြစမ်းပါအုံး၊ (ပထဝီခေတ်- အာပေါခေတ်-

တေဇောဓာတ်- ဝါယောဓာတ်- အာကာသဓာတ်- ဝိညာဏ ဓာတ်ပါဘုရား) ကဲဆက်ဆိုကြ "မာတာ ပျော့တာ ပထဝီ၊ ဖွဲ့စည်း ယိုစီး အာပေါ၊ ပူတာ အေးတာ တေဇော၊ လှုပ်တာ ငြိမ်တာ ဝါယော၊ အပေါက်အကြား အာကာသ၊ သိမှုစိတ်က ဝိညာဏ"။

ယောဂီတို့ ခန္ဓာကိုယ်ကို အဲဒီဓာတ် ၆-ပါးနဲ့ ၆-ပုံ ပုံလိုက်တော့ ဘာများကြွင်းကျန်သေးသလဲ၊ (မကျန်တော့ ပါဘူးဘုရား) ဆံပင်လေး- ခြေသည်း- လက်သည်းလေး ကျန်များကျန်သေးသလား၊ (မကျန်ပါဘုရား) ဒါဖြင့် ဒီခန္ဓာကိုယ်တကိုယ်လုံးဟာ ခြောက်ပါးစု ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် သက်ရှိ လောကကြီးတခုလုံး လူအစားစား နတ်အသွယ်သွယ် ဗြဟ္မာအဝဝ တိရစ္ဆာန် အစားစား တွေပါ ဒီခြောက်ပါးစုထဲ ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား) ဒီဓာတ်ခြောက်ပါး အစု အတွဲ အခဲကြီးကိုပင် လူ-နတ်-ဗြဟ္မာ-ခွေး-နွား-ဆင်-မြင်းလို့ နာမည်တပ်ပြီး ခေါ်ဝေါ်နေကြတာပါ၊ (မှန်ပါဘုရား)။

ဒီခြောက်ပါးကို နှုတ်ရင် လူရယ်လို့ ဖြစ်ရာရှိသေးလား၊ (မရှိပါဘုရား) ယောကျ်ား၊ မိန်းမ ဖြစ်ရာရှိသေးသလား၊ (မရှိပါဘုရား)။

ဒါဖြင့်၊ ဓာတ်ခြောက်ပါးသည် ယောကျ်ား- မိန်းမ ဟုတ်လား၊ (မဟုတ်ပါဘုရား) ဒါဖြင့် ဓာတ်ခြောက်ပါးမှ တပါး ယောကျ်ား မိန်းမ ခေါ်စရာ ပြောစရာ ရှိသေး

ရှိလား၊ (မရှိပါဘုရား) အဲဒီပညတ်နဲ့ပရမတ်နှစ်ခုကို ဒီလို နားလည်ရမယ်။

ဒီခေတ်ခြောက်ပါးမှ တခြား ယောကျ်ား မိန်းမကို ပြစရာလဲ မရှိဘူး၊ ခေတ်ခြောက်ပါးသည် တကယ်အထီး အမ,မဟုတ်တာလဲ အမှန်ဘဲ၊ အဲဒီလိုဒီနှစ်ခုကိုသေသေချာချာ နားလည်ရမယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဤစကြဝဠာ ကမ္ဘာအတွင်းမှာ ရှိကြတဲ့ အသူရိန်နတ်မင်းကြီးတွေ ပင်လယ်ထဲရှိတဲ့ ဝေလ ငါးကြီးတွေ တိမိလ တိမိင်္ဂလ ခေါ်ကြတဲ့ ငါးကြီးတွေက အစ ပိုးရွကလေး မှက်ကလေးတွေ အသေးဆုံး သတ္တဝါတွေ အဆုံး၊ အားလုံးသော ကုန်းသတ္တဝါ ရေသတ္တဝါတွေကို ကြည့်လိုက်တော့ ခေတ်ဘယ်နှစ်ပါးအစုလဲ၊ (ခေတ်ခြောက် ပါးအစုပါ ဘုရား) သက်မဲ့လောကကြီးတခုလုံး ကြည့်ပါအုံး ဆိုတော့ တော- တောင်- ရေ-မြေ-လေ-မီး-သမုဒ္ဒရာ-ဂြိုဟ်တာ ရာ- နက္ခတ်- နေ- လ - တွေပါ အားလုံး ဒီအရာဝတ္ထုတွေဟာ ခေတ်ဘယ်နှစ်ပါးစုခဲနေတာလဲ၊ (ခေတ်ငါးပါးပါ ဘုရား) ဘာခေတ်တွေလဲ၊ (မြေခေတ်၊ ရေခေတ်၊မီးခေတ်၊လေခေတ်၊ အပေါက်အကြားခေတ်ပါ ဘုရား)။

ဒါဖြင့် - သက်မဲ့အရာဝတ္ထုများသည် ရုပ်ခေတ်ငါးပါးရဲ့ အစုသာ ဖြစ်တယ်နော်၊ (မှန်ပါဘုရား) နေမင်းကြီးဆိုတာ လဲ ရုပ်ခေတ်ငါးပါးအစု၊ လမင်းကြီးဆိုတာကကော၊ (ရုပ် ခေတ်ငါးပါးအစုပါဘုရား) မြေကမ္ဘာကြီးကကော၊ (ရုပ်

ဓာတ်ငါးပါးအစုပါ ဘုရား) ရေပြင် - ချောင်း - မြောင်း- သမုဒ္ဒရာ - ပင်လယ်ကြီးတွေကကော၊ (ရုပ်ဓာတ်ငါးပါးအစုပါဘဲ ဘုရား)။

ရုပ်ဓာတ်ငါးပါးအစုပါဘဲ၊ သို့သော် "လွန်ကဲရာဓာတ်၏ လက္ခဏာ ပေါ်မြဲသာ"ဆိုတဲ့အတိုင်း ဤမြေပြင်ကြီးကို မြေဓာတ်အားကောင်းနေတော့ မြေဓာတ်လွန်ကဲနေလို့မြေကြီးလို့ နာမည်တပ်ပြီးတော့ခေါ်နေကြတယ်။

ရေလို့ ခေါ်နေတာလဲ ဒီရေမှာ ဓာတ်ဘယ်နှစ်ပါးလဲ၊ (ရုပ်ဓာတ်ငါးပါးပါဘဲ ဘုရား) ငါးပါးပေမယ့်လို့ ရေလို့ ဘာကြောင့်ခေါ်ကြသလဲ၊ (ရေဓာတ်လွန်ကဲလို့ပါ ဘုရား) ရေဓာတ် အားကောင်းနေလို့၊ ရေလွန်ကဲနေလို့ ရေလို့ခေါ် နေကြတာနော်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် လေတွေ တဟူးဟူးနဲ့ တိုက်ခိုက်နေတဲ့ လေထဲမှာကော၊(ဓာတ်ငါးပါးပါဘဲ ဘုရား)ငါးပါးရှိလျက်သားနဲ့ မြေ ရေ မီးလို့ ဘာဖြစ်လို့ မခေါ်ကြပါသလဲ၊ (လေအားကောင်းနေလို့ပါဘုရား)ဒါကြောင့် ရွေဆောင်အားကောင်းနေတဲ့ဓာတ်ကို နာမည်တပ်ပြီးခေါ်ရပါတယ်၊ အမှန်ကတော့ ငါးပါးအစုကြီးပါဘဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပူတယ် အေးတယ်ဆိုတဲ့မီးတွေမှာကော ဓာတ်ဘယ်နှစ်ပါးရှိသလဲ၊ (ငါးပါးပါ ဘုရား) ဘာကြောင့်မီးလို့ ခေါ်သလဲ၊ (မီးဓာတ်အားကောင်းနေလို့ပါဘုရား)

အအေးဓာတ် အားကောင်းနေတော့ အအေး၊ အပူဓာတ် အားကောင်းနေတော့ အပူ၊ အဲဒီ အပူ အအေး

ထဲမှာလဲ ရုပ်ခေတ်ငါးပါးအစုနေ၌၊ (မှန်ပါ့ ဘုရား)ဒါဖြင့် သက်ရှိတွေကိုဖယ်၊သက်မဲ့လောကကြီးတခုလုံး အိမ်-ကျောင်း-ဇရပ်-တော-တောင်-သမုဒ္ဒရာ-စိန်-ရွှေ-ငွေပါမကျန် အားလုံး သောအရာဝတ္ထုတွေဟာ ခေတ်ဘယ်နှစ်ပါးအစုလဲ၊ (ငါးပါး အစုပါ ဘုရား)။

သက်ရှိလောကကြီး ခေတ်ဘယ်နှစ်ပါးအစုလဲ၊ (ခြောက် ပါးအစုပါ ဘုရား)သက်ရှိ သက်မဲ့ နှစ်မျိုးစလုံး ပေါင်းလိုက် တော့၊ (ခြောက်ပါးပါ ဘုရား) အဲဒီခြောက်ပါးအစုကို အခု ပြမဲ့ ၁၈-ပါးလုပ်ထားတာ အထွေအထူးမဟုတ်ပါဘူး၊ ဒီ ၁၈-ပါးဟာ ဘယ်ကနေထွက်လာပါလိမ့်မလဲလို့ ဇဝေဇဝါဖြစ်မနေ ပါနဲ့၊ (မှန်ပါ)။

ကဲ-ယောဂီတို့ ဒီမှာ ပုံစံရေးထားတာ ကြည့်၊ (ယခု တရားအပုဒ်၏ ရှေးဦးဖျားတွင် ပုံစံဇယားနှင့် ပြထားသည်) အပေါ်က ဘာတုံး၊ (ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဏ်ခြောက်ပါးပါ ဘုရား)ခေတ်ခြောက်ပါးကို အကျယ် ချဲ့ပြီး ခေတ် ၁၈-ပါး လုပ်ထားတာပါ၊ (မှန်လှပါ ဘုရား)။

ဘာဖြစ်လို့ ၁၈-ပါးဖြစ်သလဲဆိုတော့ ယောဂီတို့ ခန္ဓာ ကိုယ်မှာ ကြည့်ပါ၊ ခေတ်ခြောက်ပါး အကျဉ်းချုံးလိုက် စမ်းပါအုံး ရုပ်နဲ့နာမ်ဘဲမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) ရုပ်ဆိုရင် မြေ - ရေ - မီး - လေ-အပေါက်အကြား ဒါတွေဘဲ ဒီရုပ်ငါးပါးကို ဒွါရ ငါးပါးဆိုပြီးတော့ ငါးပုံ ပုံလိုက် တယ်၊ ခန္ဓာကိုယ်မှာကြည့် မျက်စိပေါက် - နားပေါက်-

နှာပေါက်- လျှာပေါက်-ပါးစပ်-ကိုယ်ပေါက်-အားလုံး ဘယ် နှစ်ခုဖြစ်သွားသလဲ၊ (ငါးခုဖြစ်သွားပါတယ် ဘုရား)။

မျက်စိသာ ခေါ်ရတယ် အမှန်က ဘာခေါ်တွေစုနေ တာလဲ၊ (ရုပ်ဓာတ်ငါးပါးပါ ဘုရား)ရုပ်ဓာတ်ငါးပါးရဲ့အစု အခဲဘဲ၊ နားသာခေါ်ရတယ်၊ (ရုပ်ဓာတ်ငါးပါးရဲ့အစုပါ ဘုရား) နှာခေါင်းသာခေါ်ရတယ်၊ (ရုပ်ဓာတ်ငါးပါးရဲ့အစု ပါဘုရား)လျှာသာခေါ်ဆိုရတယ်၊ (ရုပ်ဓာတ်ငါးပါးရဲ့အစု ပါဘုရား)ကိုယ်သာခေါ်ဆိုရတယ်၊ (ရုပ်ဓာတ်ငါးပါးအစုပါ ဘုရား)နံပါတ်စဉ်(၁) (၂) (၃) (၄) (၅)တို့ ပေါင်းလိုက် တော့ကော၊ (ရုပ်ဓာတ်ငါးပါးရဲ့အစုပါ ဘုရား)။

ရုပ်ဓာတ်ငါးပါး မြေ - ရေ - လေ - မီး - အာကာသတို့ကို ငါးပုံ-ပုံထားတာပါ ဟုတ်ပါရဲ့လား၊ (မှန်ပါ့ဘုရား) မျက် စိလို့ခေါ်ဆိုတာဟာ အခေါ်တော့ မျက်စိဘဲခေါ်ရပါတယ်၊ မျက်လုံးအလည်တဲ့တဲ့ကအရိပ်ထင်တဲ့ အကြည်ဓာတ်ကလေးကို ခေါ်တာပါ၊ မြေ-ရေ-လေ-မီး-အာကာသဓာတ်ကြီးငါးပါးမှ ပေါက်ပွားလာတဲ့ သား-သမီးနဲ့တူပါတယ်၊ အသေးစိတ်ရှင်း နေရင် ရှုပ်ကုန်မယ်၊ ဒါတွေ အသာဖယ်ထားအုံး၊ (မှန်ပါ့ ဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်ကြီးဟာ ရုပ်နာမ်ဘဲရှိတော့ ရုပ်ကို ဘယ်နှစ်ပုံ ပုံထားတယ်၊ (ငါးပုံ ပုံထားပါတယ် ဘုရား) အဲဒီ ရုပ်ဓာတ်ငါးပါးကို ဘယ်နှစ်ပုံ ပုံပြထားသလဲ၊ (ငါးပုံ ပါဘုရား) ငါးပုံက ဆိုကြစမ်းပါအုံး၊ (မျက်စိ - နား-

နှာခေါင်း- ရှာ- ကိုယ်ပါဘုရား) အဲဒီ ငါးခုကို ပြန်ပေါင်းလိုက်၊ (ရုပ်ခေတ် ငါးပါးပါ ဘုရား) အဲဒီ ရုပ်ခေတ်ငါးပါးကို အတိုချုံးလိုက်၊ (ရုပ်ပါ ဘုရား)။ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကဲ-ဟိုဘက် အစွန်က ဝိညာဏ် ၆-ပါး ဆိုတာ ယောဂီတို့ ခန္ဓာကိုယ်မှာ သိစိတ် မရှိဘူးလား၊ (ရှိပါတယ် ဘုရား) အဲဒီ စိတ်ကိုပင် ခွဲစိတ်၍ ၆-ပုံ ပုံထားတာဘဲ၊ ခြောက်ပုံကို ဆိုကြစမ်းပါအုံး၊ (မြင်စိတ်- ကြားစိတ်- နံစိတ်၊ စားစိတ်-ထိစိတ်-ကြံသိစိတ်ပါဘုရား) အဲဒီ စိတ် ၆-မျိုးကိုပေါင်းလိုက်တော့၊ (စိတ်ပါဘုရား) အဲဒီ စိတ်ဟာ နာမ်တရားပါလို့ဆိုတာ အဲဒီ ဝိညာဏ် ၆-ပါးရဲ့ အောက်မှာ နာမ်ခေတ်လို့ ရေးထားတယ်နော်၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်မှာ မသိတဲ့စိတ်လဲရှိတယ်၊ အဲဒီ စိတ်ကို ဘဝင်စိတ်လို့ခေါ်တယ်၊ အဲဒီ ဘဝင်စိတ်ကို မနောဒွါရလို့ခေါ်တယ်၊ ဒါကြောင့် ဒွါရ ၆-ပါးကော်လံမှာ အောက်ဆုံးက ဘဝင်စိတ် (၀ါ) (မနောဒွါရ) လို့ ရေးထားပါတယ်၊ ပုံစံကိုကြည့်ပါ။

ကဲ- ဒါဖြင့်ရင် ယောဂီတို့ ခန္ဓာကိုယ် ရုပ် နာမ် နှစ်ပါးကို ကော်လံ (၁) တွင် မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်- လို့ ရုပ် ငါးပုံ ပုံပြီး ဘဝင်စိတ် (၀ါ) မနောဒွါရ နာမ်တပုံ ပေါင်း ၆-ပုံ၊ ကော်လံ(၃) တွင် နာမ်ကို မြင်စိတ်-ကြားစိတ်-နံစိတ်၊ စားစိတ်-ထိစိတ်-ကြံသိစိတ်လို့ ဝိညာဏ် ၆-ပါး ၆-ပုံ ပုံလိုက်တယ်နော်၊ (မှန်ပါ့ဘုရား) အဲဒီတော့ ဘယ်နှစ်ပုံ ဖြစ်သွား

ပြီလဲ၊ (တဆယ့် နှစ်ပုံ ဖြစ်သွားပါပြီ ဘုရား) အဲဒီ မြင်စိတ် ကြားစိတ်-နံစိတ်- စားစိတ်-ထိစိတ်-ကြံသိစိတ် ဆိုတာ ပုဂ္ဂိုလ် သတ္တဝါတွေလား၊ ဓာတ်လား၊ (ဓာတ်ပါဘုရား) ဘာဓာတ် လဲ၊ (နာမ်ဓာတ်ပါဘုရား)။

ဒါဖြင့် မြင်တာဟာ လူကမြင် တာလား၊ ဓာတ်ကမြင် တာလား၊ (ဓာတ်က မြင်တာပါ ဘုရား) ဘာဓာတ်က မြင် တာလဲ၊ (နာမ်ဓာတ်က မြင်တာပါ ဘုရား) ကြားတာကကော (နာမ်ဓာတ်က ကြားတာပါဘုရား) နံတာကကော၊ (နာမ် ဓာတ်က နံတာပါဘုရား) စားတာကကော၊ (နာမ်ဓာတ်က စားတာပါ ဘုရား)ထိတာကကော၊ (နာမ်ဓာတ်က ထိတာပါ ဘုရား) ကြံသိတာကကော၊ (နာမ်ဓာတ်က ကြံသိတာပါ ဘုရား) ဒါဖြင့် ဒီအထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါဘူးပေါ့၊ (မပါ-ပါဘူး ဘုရား) ယောကျ်ား- မိန်းမ မပါဘူးပေါ့၊ (မပါ-ပါဘူးဘုရား)။

ဒါဖြင့် မြင်စိတ်-ကြားစိတ်-နံစိတ်-စားစိတ်-ထိစိတ်၊ကြံ သိ စိတ်တွေဟာ နာမ်ဓာတ်သာလျှင် ဟုတ်တယ်လို့ ဆိုတာ ရှင်း ပြီလား၊(ရှင်းပါပြီ ဘုရား)ဒါဖြင့် မြင်တာဘယ်သူ၊(ဓာတ်ပါ ဘုရား) ကြားတာ၊ (ဓာတ်ပါဘုရား) နံတာ၊ (ဓာတ်ပါ ဘုရား) စားသိတာ၊ (ဓာတ်ပါဘုရား) ထိတာ၊ (ဓာတ်ပါ ဘုရား) ကြံသိတာ၊ (ဓာတ်ပါဘုရား)။

ဒါဖြင့် ဓာတ်လို့ သိရင်ဖြင့် ငါမဟုတ် သူမဟုတ် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူးဆိုတာ ရှင်းမသွားဘူးလား၊ (ရှင်းသွား ပါပြီဘုရား)။

အဲဒီ မြင်တာ- ကြားတာ- နံတာ- စားတာ-ထိတာ-ကြံသိတာတွေဟာ ခေတ်ဆိုရင် ဘာခေတ်တွေလဲ၊ (နာမ်ခေတ်တွေပါ ဘုရား) ရှင်းသွားပြီနော်၊ (မှန်ပါ့ဘုရား) ဒါက နာမ်ပိုင်းဆိုင်ရာကဖြစ်တယ်၊ (မှန်ပါ)

ဒီဘက်က ရုပ်ပိုင်းဆိုင်ရာက မျက်စိ-နား-နှာ-လျှာ-ကိုယ်တို့ဆိုတ ဘာတွေလဲ၊ ယောကျ်ား မိန်းမတွေလား ခေတ်တွေလား၊ (ခေတ်တွေပါ ဘုရား) မျက်စိက ရုပ်ခေတ်လား နာမ်ခေတ်လား၊ (ရုပ်ခေတ်ပါဘုရား) နားကကော၊ (ရုပ်ခေတ်ပါဘုရား) နှာခေါင်းကကော၊ (ရုပ်ခေတ်ပါ ဘုရား) လျှာကကော၊ (ရုပ်ခေတ်ပါဘုရား) ကိုယ်ကကော၊ (ရုပ်ခေတ်ပါဘုရား)။

ဒါဖြင့် မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်သာ ခေါ်ရတယ်၊ ရုပ်စု ရုပ်ခေတ် အခဲကြီးဘဲ၊ (မှန်လှပါ ဘုရား) အဲဒီ မျက်စိ-နား-နှာ-လျှာ-ကိုယ်တွေကို ချုံးလိုက်တော့ ဘာဖြစ်သလဲ (ရုပ်ပါဘုရား) မြင်စိတ်-ကြားစိတ်-နံစိတ်-ထိစိတ်-ကြံသိစိတ်၊ ကော်လံ (၁) အောက်ဆုံးမှ ဘင်စိတ် (၀ါ) မနောဒွါရတွေ ပေါင်းလိုက်တော့ (နာမ်ပါဘုရား) ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ ရုပ်နာမ် ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။

မိမိခန္ဓာကိုယ် သိရင် သူတပါး ခန္ဓာကိုယ်လဲ သိရမယ်-မသိနိုင် ဘူးလား၊ (သိနိုင် ပါတယ် ဘုရား) သိနိုင်တော့ ဒီလောကခေတ် ကမ္ဘာတခုလုံး ရှိရှိသမျှသော မျက်စိတွေကို မျက်စိ အပုံထဲမှာ လာထည့်စမ်းပါ၊ ဒီမှာ လာပေါင်းပါ၊

နားတွေ နားချင်းပေါင်း၊ လျှာတွေ လျှာချင်းပေါင်း ကိုယ်တွေ ကိုယ်ချင်းပေါင်း၊ ပေါင်းတော့ ရုပ်ပိုင်းဆိုင်ရာ က ကုန်ပြီ၊ ကျန်သေးသလား၊ (မကျန်တော့ပါ ဘုရား) ဓာတ်တွေ ပေါင်းစုလိုက်တာနော်၊ (မှန်ပါဘုရား)။

ဒါဖြင့် သတ္တဝါခေါ်နေကြတဲ့ သက်ရှိ အရာဝတ္ထုတွေမှာ ရုပ်နဲ့နာမ် နှစ်ပါးရှိတော့ အဲဒီ ရုပ်ကလဲ မျက်စိ-နား-နှာ လျှာ-ကိုယ်တို့ဖြစ်နေတော့ ဓာတ်တူချင်း ပေါင်းကြပေတော့၊ မျက်စိတွေ ရှိရှိသမျှ တကမ္ဘာလုံးမှာ ရှိနေတဲ့ မျက်စိတွေ ဒီမှာလာပေါင်း၊ မကုန်သေး ဘူးလား၊ (ကုန်ပါပြီဘုရား) နား-နားချင်း၊ (ကုန်ပါပြီဘုရား) နှာခေါင်း နှာခေါင်းချင်း၊ (ကုန်ပါပြီ ဘုရား) လျှာ လျှာချင်း၊ (ကုန်ပါပြီ ဘုရား) ကိုယ်ကိုယ်ချင်း၊ (ကုန်ပါပြီ ဘုရား) ဒါဖြင့် အားလုံးဟာ ဘာတွေလဲ၊ (ရုပ်ချည်းပါဘုရား)။

ကောင်းပြီ ဟိုဘက်က နာမ်ဓာတ်တွေ ကြည့်ပါအုံး၊ နွားခန္ဓာကိုယ်မှာကော မြင်စိတ် ရှိရဲ့လား၊ (ရှိပါတယ်ဘုရား) ငါးခန္ဓာကိုယ်မှာကော မြင်စိတ် ရှိရဲ့လား၊ (ရှိပါတယ် ဘုရား) ဖားခန္ဓာကိုယ်မှာကော မြင်စိတ်ရှိရဲ့လား၊ (ရှိပါတယ်ဘုရား) လူ့ခန္ဓာကိုယ်မှာကော၊ (ရှိပါတယ် ဘုရား) ဒါဖြင့် ဤ စကြဝဠာ ကမ္ဘာလောကကြီး အတွင်းမှာရှိကြတဲ့သတ္တဝါမှန်သမျှ တို့ရဲ့ မြင်စိတ် မှန်သမျှ အကုန် မချန်ထားနဲ့၊ အဲဒီ မြင်စိတ်ထဲ ထည့်ပေတော့၊ မြင်စိတ် မှန်သမျှအကုန်ပေါင်းနော်၊ (မှန်ပါ့ဘု ရား) ကြားစိတ်တွေ၊ (ပေါင်းရပါ့မယ် ဘုရား) နံစိတ်တွေ

(ပေါင်းရပါ့မယ်ဘုရား)စားစိတ်၊ (ပေါင်းရပါ့မယ်ဘုရား) ထိစိတ်၊(ပေါင်းရပါ့မယ်ဘုရား)ကြံသိစိတ်၊ ပေါင်းရပါ့မယ် ဘုရား)။

ဒါဖြင့် ၃၁-ဘုံမှာ စိတ်ပိုင်း ဆိုင်ရာက ဘာကျန်သေးသလဲ၊ (မကျန်တော့ပါဘုရား)ဘဝင်စိတ်ကိုလဲထည့်ယူပါနော်၊ မနေ့ဒွါရ ခေါ်တယ်၊ အားလုံး ပေါင်းထားတဲ့အတွက် မြင်တာ ဘယ်သူပါလိမ့်၊ (စိတ်ပါ ဘုရား)ခွေးက မြင်တာလား၊ (စိတ်ကပါဘုရား) လူက မြင်တာလား ၊(စိတ်ကပါဘုရား)ခလေးကလား၊ (စိတ်ကပါ ဘုရား)လူကြီးကလား၊ (စိတ်ကပါဘုရား)ဒါဖြင့် မြင်မြင်သမျှစိတ်တွေဟာ စိတ်ခုတ်ထဲ အကုန်ပါသွားပြီ၊ စိတ်ဟာ ခုတ်ဘဲနော်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒီပညတ်တွေအကုန်ဖယ်ပြီး ခုတ်လောကကြီးဆိုတာ သေသေချာချာ ရှင်းတော့မယ်၊ ကောင်းပြီ ဒါဖြင့် ကြားတာကတော့ ဘုန်းကြီးက ကြားတာလား၊(စိတ်ကပါဘုရား) ကြားတာကလဲ စိတ်ကဘဲ ခုတ်ဘဲနော်၊ (မှန်ပါ့ဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် မြင်တဲ့စိတ်တွေ ကြားတဲ့စိတ်တွေ နံတဲ့စိတ်တွေ စားတဲ့စိတ်တွေ ထိတဲ့စိတ်တွေ ကြံသိတဲ့စိတ်တွေ ဘဝင်စိတ်တွေ အကုန် ပေါင်းပါဆိုတော့ ၃၁-ဘုံ စကြာဝဠာလောကကြီးမှာ စိတ်တွေလဲ ကုန်ပြီ၊ မြင်စိတ်တွေ မြင်တဲ့စိတ်ထဲမှာ ပေါင်း၊ ကြားစိတ် ကြားစိတ်ချင်း၊ နံစိတ် နံစိတ်ချင်း၊ စားစိတ် စားစိတ်ချင်း၊ ထိစိတ် ထိစိတ်ချင်း၊

ကြံသိစိတ် ကြံသိစိတ်ချင်းပေါင်း၊ ဘင်စိတ် ဘင်စိတ်ချင်း ပေါင်းဆိုတော့ ဒီအထဲမှာ ချေး - ဝက် - ဆင်- မြင်း-ကျွဲ-နွား များပါသေးသလား၊ (မပါ-ပါ ဘုရား) လူတွေ-နတ်တွေ- ဗြဟ္မာတွေ ပါသေးသလား၊ (မပါ-ပါ ဘုရား) ဘာတွေ ပါလိမ့်၊ (စိတ်တွေပါ ဘုရား) ဒီစိတ်တွေဟာ ရုပ်ခဲတ်လား နာမ်ခဲတ်လား၊ (နာမ်ခဲတ်ပါ ဘုရား) ခဲတ်တွေနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီမြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိစိတ် ကြံသိစိတ်တွေဟာ သိကြားမင်း ဗြဟ္မာမင်းတို့ ဖန်ဆင်းလို့ ပေါ်လေသလား၊ သို့မဟုတ် အကြောင်းမဲ့သက်သက် ပေါ် လာသလား၊ ဒီခန္ဓာမှာ ဒီလောကကြီးမှာ ဖြစ်ပေါ်လာရ ခြင်း၏အကြောင်းကိုပြတော့မယ်၊ (မှန်ပါ့ဘုရား)။

အလယ်ကော်လံ(၂)မှာ အာရုံခြောက်ပါး ရှိတယ်တဲ့၊ ကဲ-ဆိုကြစမ်း၊ (အဆင်း-အသံ-အနံ့-အရသာ-အတွေ့-သဘော တရားပါဘုရား)အဲဒါတွေဟာ အပြင် အာယတန ၆-ပါးလို့ ခေါ်တယ်၊ အဆင်းကလဲ ရုပ်ခဲတ်ဘဲ၊ ပုံစံမှာပြထားတယ် အသံကော၊ (ရုပ်ခဲတ်ပါဘဲဘုရား)အနံ့ကော၊ (ရုပ်ခဲတ် ပါဘဲ ဘုရား)အရသာကော၊ (ရုပ်ခဲတ်ပါဘဲ ဘုရား)အတွေ့ ကော၊ (ရုပ်ခဲတ်ပါဘဲဘုရား)သဘောတရားကော၊(ရုပ်နာမ် ပါ ဘုရား)သဘောတရားက သဘောတရားဘဲ မှတ်ထားပါ၊ အမှန်က ဒီသဘောတရားထဲမှာ ရုပ်လဲ ပါတယ်၊ နာမ်လဲ ပါလာတယ်၊ သဘောတရားနဲ့ပတ်သက်လို့အနည်းငယ်စာပေ နည်းအရ ရှင်းပြပါ့မယ်၊ ဓမ္မာရုံကို သဘောတရားလို့

ဘာသာ ပြန်ထားပါသည်၊ အဲဒီတော့ ဓမ္မာရုံလို့ခေါ်တဲ့ သဘောတရားတွေဟာ ဘယ်တရားတွေလဲဆိုရင် "ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆခ္ခာ သင်္ဂယှတိ" လို့ သင်္ဂဟအဌကထာမှာပါလာတယ်။

အဓိပ္ပါယ်က-ဓမ္မာရုံဆိုတာ ဘယ်တရားသဘောတွေလဲလို့ ဆိုတော့၊ ပသာဒရုပ် ၅-ခု၊ သုခုမရုပ်က ၁၆-ခု၊ စိတ်က တခုယုတ်-၉၀၊ စေတသိက်က ၅၂၊ နိဗ္ဗာန်တရား-၁၊ ပညတ်-၁ အားဖြင့် ယခုရေးပြခဲ့တဲ့ တရားသဘောတွေပါဘဲတဲ့။

အကျဉ်းချုပ်ပြောရရင် (၁)ပသာဒရုပ်၊ (၂)သုခုမရုပ်၊ (၃)စိတ်၊ (၄)စေတသိက်၊ (၅)နိဗ္ဗာန်၊ (၆)ပညတ်၊ ပေါင်း ၆-မျိုးသောတရားသဘောတွေကို ဓမ္မာရုံလို့ခေါ်တယ်။

အဲဒီသဘောတရား ၆-မျိုးနဲ့ (၁)ကော်လံက မနောဒွါရ ခေါ် ဘဝင်စိတ်နဲ့ တိုက်ဆိုင်မိကြတာပါဘဲ။

ဓမ္မာရုံအရ ၆-မျိုးတို့တွင် ပသာဒရုပ် ၅-ခုနှင့် သုခုမရုပ် ၁၆-ခုတို့ဟာ ရုပ်တရားတွေပါဘဲ၊ စိတ်နှင့်စေတသိက်နိဗ္ဗာန် တရားတွေက နာမ်တရားပါဘဲ။

ကောင်းပြီ ဆိုကြ၊ "အဆင်းမျိုးစုံ-ရူပါရုံ၊ အသံမျိုးစုံ-သဒ္ဒါရုံ၊ အနံ့မျိုးစုံ-ဂန္ဓာရုံ၊ အရသာမျိုးစုံ-ရသာရုံ၊ အတွေ့ မျိုးစုံ-ဖောဋ္ဌဗ္ဗာရုံ၊ သဘောမျိုးစုံ - ဓမ္မာရုံ" ပါဠိလို ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံလို့ခေါ်တယ်၊ ဒါကို မြန်မာလိုပြန်ရေးထားပါတယ်၊ အဆင်း-အသံ-အနံ့-အရသာ-အတွေ့-သဘောတရားတဲ့၊ (မှန်လှပါ)။

ဒါဖြင့် ဒီစကြာဝဠာ လောကကြီး အတောအတွင်းမှာ ရှိရှိသမျှ ဖြူပါတယ်ဆိုတဲ့ အဖြူတွေ၊ စိမ်းပါတယ် ဆိုတဲ့ အစိမ်းတွေ၊ အဝါ အပြာဆိုတဲ့ အဆင်းမျိုးစုံ ရှိသမျှ မှောင်တာရော လင်းတာရော ကြည်တာရော နောက်တာရော အဆင်းမှန်သမျှ ဒီအဆင်းထဲ အကုန်ထည့်ပါ၊ ကဲ-ဒီလိုဆို ၃၁-ဘုံမှာ အဆင်းမှန်သမျှ ဘာကျန်သေးသလဲ၊ (မကျန်ပါဘုရား)ဒီအဆင်းထဲ ဝင်မသွားဘူးလား၊ (ဝင်သွားပါတယ် ဘုရား)။

အသံဆိုရင်လဲ ဆိုင်းသံ - ဗုံသံ- နွားသံ-ခွေးသံ-လူသံ-လေတိုက်သံ အသံတွေမှန်သမျှ ဒီအထဲကိုထည့်စမ်း၊ ၃၁-ဘုံမှာ ရှိရှိသမျှအသံတွေထည့်လိုက်တော့ ဘာဖြစ်သလဲ အသံဘဲ၊ အသံဟာ အသံဘဲ၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

၃၁-ဘုံရှိရှိသမျှ မွှေးတဲ့အနံ့၊ နံတဲ့အနံ့၊ အနံ့တွေမှန်သမျှ ရှိရှိသမျှ လူ့လောက နတ်လောက ဗြဟ္မာလောက ရှိရှိသမျှ အနံ့တွေ ဒီအထဲမှာထည့်၊ အနံ့ဟာ အနံ့ဘဲ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အရသာ ချို ချဉ် ဖန် ခါး ဆိမ့် ဆိုတဲ့ အရသာတွေ တကမ္ဘာလုံး စကြာဝဠာအတွင်းမှာ ရှိရှိသမျှ အရသာတွေ ဒီအထဲထည့်ပါ၊ ကိုယ်မှာလာ တွေ့-ထိကောင်းတဲ့မြေဓာတ်-မီးဓာတ် - လေဓာတ် - အတွေ့တွေမှန်သမျှ ဒီအထဲမှာထည့်၊ သဘောတရားတွေမှန်သမျှ ၆-မျိုးလုံး သဘောတရားတွေထဲ ထည့်လိုက်ပါ၊ (မှန်လှပါဘုရား)။

အဲဒီလိုထည့်လိုက်ေတာ့ လောကမှာ မြင်စရာအဆင်းေတွ ဘာကျန်ေသးသလဲ၊ (ဘာမျှမကျန်ပါဘုရား) ဒီအထဲ အကုန်ပါသွားပြီ၊ အသံေတွမှန်သမျှ ဘာသံလေး ကျန်ေသးသလဲ၊ (မကျန်ပါ ဘုရား) အသံကို အသံတွင်ဘဲ ရပ်ထားရမယ်နော်၊ (မှန်ပါ့ ဘုရား) ခွေးသံ-နွားသံ-လူသံရယ်လို့ခွဲခြားပြီး မယူနဲ့၊ အသံေတွကို အသံလို့ဘဲ ယူရမယ်၊ အနံ့လဲ ကုန်ပြီ၊ အရသာေတွလဲ ကုန်ပြီ၊ အေတွ့ေတွလဲ ကုန်ပြီ၊ သဘာေဝတရား ၆-မျိုး သဘာဝလဲ ကုန်ပြီ၊ ဒါဟာ အပြင် အာယတန ၆-ပါး၊ အာရုံ ၆-ပါးလို့ ခေါ်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒီေတာ့ မျက်စိ - နား-နှာခေါင်း-လျှာ-ကိုယ်-ဘွင်စိတ် (မနောဒွါရ) ၃၁-ဘုံ ရှိရှိသမျှ ဒီအထဲ သူ့အမျိုးတူတာထဲ ဝင်နေေတာ့ ကုန်ပြီနော်၊ (မှန်ပါ့ဘုရား) ဒါဖြင့် ပုံစံထဲသို့ ကြည့်ပါအုံး၊ ဒီပုံစံထဲမှာ ၃၁-ဘုံ အကုန်ရောက်နေတယ်၊ မရောက်ဘူးလား၊ (ရောက်နေပါပြီဘုရား) အကုန်ပေါင်းထား လိုက်ပြီ၊ (မှန်ပါ့ဘုရား)။

ပေါင်းထားေတာ့ ဒီဘက်က ဒွါရ ၆-ပါးကို ကြည့်ပါအုံး၊ ဘာခေတ်ေတွပါလိမ့်၊ (ရုပ်ခေတ် ၅ါးပါးနှင့် နာမ်ခေတ် တပါး-ပါ ဘုရား) ဟိုက အဆင်းစတဲ့ အာရုံ ၆-ပါးကေတာ့၊ (ရုပ်ခေတ် နာမ်ခေတ်ပါ ဘုရား) ဟိုဘက်က ဝိညာဏ် ၆ - ပါးက၊ (နာမ်ခေတ် ၆ - ပါး-ပါ ဘုရား) ဒီပုံမှာ သေသေချာချာ ကြည့်ပါ၊ ခေတ်-ခေတ် ချင်းတိုက်လို့ ခေတ်ပေါ်တာပါတဲ့၊ မျက်စိ ဆိုတဲ့ ရုပ်

ခတ်နဲ့ အဆင်း ဆိုတဲ့ ရုပ်ခတ် ခတ်ချင်း လာပြီး တိုက်မိကြပါတယ်တဲ့၊ တွေ့ထိကြပါတယ်တဲ့၊ ခတ်ချင်း တွေ့ထိတာနော်၊ (မှန်ပါ့ဘုရား) ခတ်ချင်းတွေ့ထိတဲ့အတွက် မြင်စိတ် ဆိုတဲ့ နာမ်ခတ် ပေါ်ပါတယ်တဲ့၊ ပုံစံ(၂)မှာ ရုပ်ခတ်၊ ရုပ်ခတ်ကြောင့် နာမ်ခတ်ပေါ်ကြောင်း မျှားနဲ့ ပြထားတယ်၊ (မှန်ပါ)။

ဒါဖြင့် ငါကြည့်တာလား၊ ငါသိတာလား၊ မြင်စိတ်က သိတာလား၊ (မြင်စိတ်ကသိတာပါဘုရား)ယောကျ်ား-မိန်းမ ကို မြင်တာလား၊ အဆင်းကိုမြင်တာလား၊ (အဆင်းကိုမြင် တာပါ ဘုရား) မြင်ရတာက အဆင်း၊ မှတ်ထားတာက ယောကျ်ားဘဲ မိန်းမဘဲလို့ အမှတ်လွဲနေတယ်၊ မြင်ရတာက အဆင်းခတ်ကို မြင်ရတာ၊ ခင်ဗျားတို့ အမှတ်လွဲနေတယ် ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ အဆင်းဆိုတဲ့ ဖြူ-နီ-ကြောင်-ကြားဆိုတဲ့ခတ်တွေက ဘယ်မှာလာပြီးထိခိုက်ပါသလဲ၊ ဘယ်မှာလာပြီးတွေ့ပါသလဲ ဆိုတော့ နံပါတ် (၁) မျက်စိဆိုတဲ့ အကြည်ခတ်ကလေး မှန်ပေါ်မှာ လာပြီး အရိပ်တွေလာထင်တယ်တဲ့ ဟုတ်ကဲ့လား၊ (မှန်ပါ့ ဘုရား) မျက်စိဆိုတဲ့ရုပ်ခတ်ပေါ်မှာ အဆင်းဆိုတဲ့ ရုပ်ခတ်တွေ လာပြီး ထိခိုက်ကြတဲ့အတွက် မြင်သိစိတ်ခတ် ကလေးပေါ်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)

ဒါဖြင့် မြင်စိတ်သည် အကျိုးတရားလား၊ အကြောင်း တရားလား၊ (အကျိုးတရားပါ ဘုရား) ဒီစိတ်ဟာ နတ်မင်း၊

သိကြားမင်း ဖန်ဆင်းလို့ ပေါ်လာတာလား၊ (မဟုတ်ပါ ဘုရား) အကြောင်းမဲ့သက်သက်ပေါ်တာလား၊ (မဟုတ်ပါ ဘုရား)မျက်စိနဲ့ အဆင်းနဲ့တွေ့ထိလို့ မြင်သိစိတ်ကလေးပေါ် လာတာ၊ မှိတ်ထားရင် အဆင်းနဲ့ မျက်စိနဲ့ တွေ့သလား၊ (မတွေ့ပါဘုရား)ဖွင့်လိုက်တော့မတွေ့ဘူးလား၊(တွေ့ပါတယ် ဘုရား)မျက်စိနဲ့ အပြင်က ဖြူ - နီ - ကြောင်-ကျား-အဆင်းနဲ့ တွေ့လဲတွေ့ရော မြင်သိစိတ်ကလေး ဘွားကနဲမပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် မျက်စိကလူလား၊(မဟုတ်ပါဘုရား)ယောကျ်ား မိန်းမလား၊ (မဟုတ်ပါ ဘုရား)ဘာပါလိမ့်၊ (ရုပ်ခေတ်ပါ ဘုရား)ဒါဖြင့် အပြင်က အဆင်းဖြစ်တဲ့ ဖြူ-နီ-ကြောင်-ကျား တွေဟာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေလား၊ (မဟုတ်ပါ ဘုရား)အကောင်အထည်တွေလား၊ (မဟုတ်ပါ ဘုရား)ဘာပါလိမ့်၊ (ရုပ်ခေတ်ပါ ဘုရား) အဆင်းရုပ်ခေတ် ဘဲနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရုပ်ခေတ်ရုပ်ခေတ်ချင်းတိုက်ခိုက်မိ ထိမိပြီး ထိမိ တိုက်မိတဲ့အတွက် ဘာပေါ်လာသလဲ၊ (မြင်သိစိတ်ဆိုတဲ့ နာမ်ခေတ်ပေါ်လာပါတယ် ဘုရား) ဒါဖြင့် ငါက သူက ကြည့်လို့ မြင်စိတ်ပေါ်လာတာလား၊ ရုပ်ခေတ်ရုပ်ခေတ်ချင်း တိုက်လို့ ခေတ်ပေါ်လာတာလား၊ (ခေတ်-ခေတ်ချင်းတိုက်လို့ ခေတ်ပေါ်လာတာပါ ဘုရား) မျက်စိရုပ်ခေတ်နဲ့ အဆင်း ရုပ်ခေတ်တိုက်လို့ မြင်စိတ်နာမ်ခေတ် ပေါ်လာတာ ရှင်းပြီ လား၊ (ရှင်းပါပြီဘုရား)။

မျက်စိနဲ့ အဆင်း ရုပ်ခတ်နှစ်ခုက အကြောင်းတရား ခေါ်တယ်၊ သူတို့နှစ်ခု တွေ့ထိ ပေါင်းဆုံ မိကြတယ်၊ ဤကဲ့သို့ ပေါင်းဆုံမိတဲ့အတွက် ဘာခတ်ပေါ်လာသလဲ၊ (မြင်စိတ် နာမ်ခတ် ပေါ်လာပါတယ် ဘုရား) ရုပ်ခတ်ချင်း တိုက်ခိုက်မိတဲ့အတွက် နာမ်ခတ် ပေါ်လာတယ်၊ (မှန်ပါ)။

ဒါဖြင့် ငါ ကြည့်တာလား၊ (မဟုတ်ပါ ဘုရား) ငါ မြင်တာလား၊ (မဟုတ်ပါ ဘုရား) ယောကျ်ား မိန်းမကို မြင်နေတာလား၊ (မဟုတ်ပါ ဘုရား) ဒါဖြင့် ကြည့်တယ်၊ ကြည့်တယ်ဆိုတာ သေသေချာချာ ဉာဏ်နဲ့ ဝေဖန်ကြည့်တော့ မျက်စိဆိုတဲ့ ရုပ်ခတ်နဲ့ အဆင်းဆိုတဲ့ ရုပ်ခတ် ၂-ခု တိုက်ဆိုင်မိတာကို ကြည့်တယ်လို့ လောကသဘော ပြောနေတာ၊ အမှန်က ခတ်ခတ်ချင်းတွေ့ထိတာ၊ ဟုတ်ပြီလား၊ (ဟုတ်ပါပြီ ဘုရား) ရုပ်ခတ် ရုပ်ခတ်ချင်း တိုက်ခိုက်မိတဲ့အတွက် နာမ်ခတ် ပေါ်လာတာနော်၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ရုပ်ခတ် ၂-ခုက အကြောင်းတရား၊ မြင်တဲ့ စိတ် နာမ်ခတ်က အကျိုးတရား၊ ဒီတော့ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ ဒါကြောင့် မြတ်စွာဘုရားက အကြောင်း အကျိုးဘဲ ရှိတယ်လို့ ဟောတော်မူတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ထို့အတူ နားက ရုပ်ခတ်လား နာမ်ခတ်လား၊ (ရုပ်ခတ်ပါ ဘုရား) အဲဒီ နားဆိုတဲ့ ရုပ်ခတ်မှာ အသံ

မျိုးစုံ ဖြစ်တဲ့ ရုပ်ဓာတ်တွေ ထိခိုက်လာတဲ့ အခါမှာ ကြားစိတ် နာမ်ဓာတ် ပေါ်ပြန်ပြီ၊ အဲဒီ ကြားစိတ်သည် အကြောင်းလား-အကျိုးလား၊ (အကျိုးပါဘုရား)။

ဒါဖြင့် ကြားတာ ငါကကြားတာလား၊ စိတ်ကကြားတာလား၊ (စိတ်က ကြားတာပါ ဘုရား) ယောကျ်ားကလေး-မိန်းမကလေးက ကြားတာလား စိတ်ကလား၊ (စိတ်က ကြားတာပါ ဘုရား)လူသား တယောက်က ကြားတာလား၊ စိတ်ကလား၊ (စိတ်ကပါ ဘုရား)။

ဒီစိတ်သည် ဘာဓာတ်ပါလိမ့်၊ (နာမ်ဓာတ်ပါ ဘုရား) ပုဂ္ဂိုလ် သတ္တဝါလား ဓာတ်လား၊ (ဓာတ်ပါ ဘုရား) ယောကျ်ား-မိန်းမလား ဓာတ်လား၊ (ဓာတ်ပါ ဘုရား) နာမ်ဓာတ်လား ရုပ်ဓာတ်လား၊ (နာမ်ဓာတ်ပါ ဘုရား)။

ဒီ နာမ် ဓာတ်သည် အလိုလို ပေါ်လာ တာလား၊ အကြောင်းကြောင့်လား၊ (အကြောင်းကြောင့်ပါ ဘုရား) သိကြားမင်း နတ်မင်းတို့ ဖန်ဆင်းလို့လား၊ အကြောင်းတရားကြောင့်လား၊ (အကြောင်းတရားကြောင့်ပါ ဘုရား)။

အကြောင်းတရားတဲ့၊ ဘာအကြောင်း တရားလဲ၊ (ရုပ်အကြောင်းတရားပါ ဘုရား)နားဆိုတဲ့ ရုပ်ဓာတ်နဲ့ အသံဆိုတဲ့ ရုပ်ဓာတ်၊ ရုပ်ဓာတ် ၂-ခု တိုက်မိ ခိုက်မိခြင်း အကြောင်းတရားကြောင့် ကြားစိတ်ဆိုတဲ့ နာမ်ဓာတ် ပေါ်လာတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါကြောင့် ရုပ်ဓာတ်က

အကြောင်းတရားပေါ့၊ (မှန်လှပါ) နာမ်ဓာတ်က အကျိုးတရားပေါ့၊ (မှန်လှပါ)။

ဒါဖြင့် ငါကြားတယ် ဆိုတော့ ဒီအထဲမှာ ငါပါရဲ့လား၊ (မပါ-ပါဘုရား) နားသည် ငါလား၊ (မဟုတ်ပါ ဘုရား) ငါ့ဉစ္စာလား၊ (မဟုတ်ပါ ဘုရား) နားသည် ယောကျ်ား မိန်းမလား၊ (မဟုတ်ပါဘုရား)ပုဂ္ဂိုလ်သတ္တဝါလား၊ (မဟုတ်ပါဘုရား) အသံသည် ငါလား သူလား၊ (မဟုတ်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါလား၊ (မဟုတ်ပါဘုရား) ယောကျ်ား- မိန်းမလား၊(မဟုတ်ပါဘုရား) ဒါဖြင့် နားသည် ရုပ်ဓာတ်၊ အသံသည် ရုပ်ဓာတ်၊ အဲဒီ နားဓာတ်နဲ့ အသံဓာတ် တိုက်တဲ့အတွက် ဘာဓာတ် ပေါ်လာသလဲ၊ (ကြားသိစိတ် နာမ်ဓာတ် ပေါ်လာပါတယ် ဘုရား)။

ဒါဖြင့် ဓာတ်တွေဖြစ်၍ ဓာတ်တွေ ပျက်နေတာဘဲ၊ ယောကျ်ား-မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မြင်တာ ကြားတာ မဟုတ်ပါ၊ ရှင်းပြီးလား၊(ရှင်းပါပြီဘုရား)နှာခေါင်းကလဲ အတူတူပေါ့၊ နံ့စိတ်သည် ဘာကြောင့် ပေါ်လာသလဲ၊ (နှာခေါင်းနှင့် အနံ့ တိုက်ဆိုင်မိလို့ပါဘုရား၊ နှာခေါင်းသည် ရုပ်ဓာတ်လား နာမ်ဓာတ်လား၊ (ရုပ်ဓာတ်ပါဘုရား) အနံ့ကကော၊ (ရုပ်ဓာတ်ပါ ဘုရား) အဲဒီရုပ်ဓာတ် ၂-ခု တွေ့မိ ထိမိ ခိုက်မိတဲ့အတွက် ဘာဓာတ်ပေါ်လာသလဲ၊ (နံ့သိစိတ် ဓာတ်ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် နံ့သိစိတ်က အကြောင်းလား အကျိုးလား၊ (အကျိုးပါဘုရား) ဒီ နံ့သိစိတ်ကလေးသည် အကြောင်းမဲ့

သက်သက် ပေါ်သလား၊ အကြောင်း တရားကြောင့်လား၊ (အကြောင်း တရားကြောင့်ပါ ဘုရား) သိကြားမင်း, နတ်မင်းတွေ ဖန်ဆင်းလို့ ပေါ်တာလား၊ အကြောင်းတရားကြောင့်လား၊ (အကြောင်းတရားကြောင့်ပါ ဘုရား)။

ကဲ-ဒါဖြင့် အကြောင်းတရား ရှာလိုက်၊ နှာခေါင်း ရုပ်ဓာတ်နဲ့ အနံ့ ရုပ်ဓာတ်၊ ရုပ်-ဓာတ် ၂-ပါး ထိခိုက်ခြင်းသည် အကြောင်း တရား၊ နံ့သိ စိတ်ကလေး ပေါ်တာက အကျိုးတရား၊ ဒီတော့ ငါ နံ့တာလား၊ နံ့သိစိတ်ပေါ်တာလား (နံ့သိစိတ် ပေါ်တာပါ ဘုရား) ရှင်းပြီလား၊(ရှင်းပါပြီ ဘုရား)။

နှာခေါင်း ရုပ်ဓာတ်နဲ့ အနံ့ရုပ်ဓာတ် အကြောင်းကြောင့် နံ့သိစိတ် အကျိုးပေါ်တာ၊ အကြောင်းပျက်ရင် အကျိုးလဲပျက်တယ်၊ (မှန်ပါဘုရား)

ကဲ-အောက်ကို လာခဲ့၊ လျှာကကော ရုပ်ဓာတ်လား နာမ် ဓာတ်လား၊ (ရုပ်ဓာတ်ပါဘုရား) အရသာကကော၊ (ရုပ်ဓာတ်ပါဘုရား) ရုပ်ဓာတ်ချင်း တွေ့တော့ ဘာပေါ်သလဲ၊(စားသိစိတ် ပေါ်ပါတယ်ဘုရား) ဒါဖြင့် စားသိစိတ်ကလေးဟာ အကြောင်းလား အကျိုးလား၊ (အကျိုးပါဘုရား)။

ချိုတယ်-ချဉ်တယ်-ဖန်တယ်-ငန်တယ်-ခါးတယ် သိတဲ့ ဒီစိတ် ကလေး ပေါ်လာတယ်နော်၊ (မှန်ပါဘုရား) ဒီစိတ်ကလေးသည် အလိုလိုပေါ်တာလား၊ အရသာနဲ့ လျှာနဲ့ ထိလို့ ပေါ်တာလား၊ (အရသာနဲ့ လျှာ ထိလို့ ပေါ်လာ

တာပါ ဘုရား) အရသာသည် ရုပ်လား-နာမ်လား။ (ရုပ်ပါ ဘုရား) လျှာကကော၊ (ရုပ်ပါ ဘုရား) ရုပ်-ရုပ်ချင်းတိုက်လို့ နာမ်ဓာတ်ပေါ်တာ၊ ဒါဖြင့် ရုပ်က အကြောင်းတရား နာမ်က အကျိုးတရား ဒီလိုယူပါ၊ (မှန်လှပါ)။

ကိုယ်ဆိုတော့မျက်စိ၊ နား၊ နှာ၊ လျှာ၊ပါးစပ်၊ ကိုယ် ဖယ်ထား၊ကျန် တကိုယ်လုံးဟာ ကိုယ်ကြီးပေါ့၊အဲဒီကိုယ်နဲ့ အပြင်က အပူ အအေး အကြမ်း အချော အနု အလှုပ် အငြိမ်ဆိုတဲ့ အတွေ့ဓာတ်နဲ့ လာထိခိုက်တဲ့ အခါမှာ ထိစိတ်ပေါ်ပါတယ်တဲ့၊ ဘယ်နားမှာပူလိုက်တာ ဘယ်နားမှာ နာတာ ဘယ်နားက ယားတယ်ဆိုတဲ့ ကိုယ်မှာ ထိသိ စိတ်တွေ မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား) အဲဒါ ထိသိစိတ် လို့ခေါ်တယ်။

အဲဒီ ထိသိစိတ်သည် အလိုလို ပေါ်တာလား၊ ကိုယ်နဲ့ အတွေ့ ထိလို့ ပေါ်တာလား၊ (ကိုယ်နဲ့ အတွေ့ထိလို့ပေါ်တာပါ ဘုရား) ကိုယ်ကြီးသည် ရုပ်ဓာတ်လား နာမ်ဓာတ်လား(ရုပ်ဓာတ်ပါ ဘုရား) အတွေ့ကကော၊ (ရုပ်ဓာတ်ပါ ဘုရား) ရုပ်ဓာတ် ရုပ်ဓာတ်ချင်း တွေ့ထိလို့ နာမ်ပေါ်တယ် (မှန်ပါ)။

ဒါဖြင့် ထိစိတ်ဆိုတဲ့ နာမ်ဓာတ်သည် အကြောင်းလား အကျိုးလား၊ (အကျိုးပါ ဘုရား)ကိုယ်ဆိုတဲ့ ရုပ်နဲ့ အတွေ့ ရုပ်သည်၊ (အကြောင်းပါဘုရား) ဒါဖြင့် ရုပ်ဓာတ်ကြောင့် နာမ်ဓာတ်ဖြစ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ အောက်ဆုံးက ၆-နံပါတ် မနောဒွါရ ဘဝင်စိတ်ကို ကြည့်ပါ၊ အဲဒီ ဘဝင်စိတ်ဟာ ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေ

တယ်၊ဟာဒယဝတ္ထုရုပ်က ရင်သားနှစ်ခုတို့ရဲ့ အလည် ရင်ခေါင်း ထဲမှာ ကြာဖူးသဏ္ဍာန်ရှိတဲ့ အသားဆိုင်ပါဘဲ၊ အဲဒီ အသား ဆိုင်ရဲ့ အတွင်း အလည် တည့်တည့်မှာ တလက်ဘက်လောက် ပမာဏ သွေးတည်နေတယ်၊ အဲဒီ သွေးထဲမှာ ပြန့်နှံ့တည် လျက်ရှိပါတယ်၊ အဲဒီ သွေးဝတ္ထု ရုပ်ပေါ်မှာ (မနော) ဘင်စိတ် ဖြစ်နေပါတယ်၊ ဒီဘင် မနောစိတ်နဲ့ (အတွေး) သဘောတရား ၆-မျိုးနဲ့ ပေါင်းဆုံ လိုက်တဲ့အတွက် ကြံသိ စိတ် ပေါ်လာရတယ်။

ဒါဖြင့် ကြံသိ စိတ်ကလေးသည် အလိုလို ပေါ်တာ လား၊ နှလုံးသား အတွင်းက ဘင် မနောစိတ်နဲ့ သဘော တရားနဲ့တွေ့လို့လား၊ (နှလုံးသားအတွင်းက ဘင် မနောစိတ်နဲ့ သဘောတရားတို့ တွေ့လို့ပါ ဘုရား) နှလုံးသားအတွင်း ဘင် မနောကနာမ်ခေတ်၊သဘောတရားက ရုပ်နာမ်၊နာမ်နဲ့ရုပ်နာမ် သဘောနဲ့ တိုက်လို့ ကြံသိစိတ်ပေါ်လာတာဘဲ။ ရှင်းကြပြီ လား၊ (ရှင်းပါပြီ ဘုရား) ဒါဖြင့် ဒီအထဲမှာ ယောကျ်ား- မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ ရှာကြပါအုံး၊ (မပါ-ပါ ဘုရား) ငါ သူတပါး ရှာကြပါအုံး၊ (မပါ-ပါ ဘုရား) အထီး-အမ- ရှာကြ ပါအုံး၊ မပါ-ပါ ဘုရား)။

ဒါဖြင့် မျက်စိ-နား-နှာ-လျှာ ကိုယ်ဆိုတာ ဘာခေတ် တွေတုံး၊ (ရုပ်ခေတ်တွေပါ ဘုရား) နှလုံးသား အတွင်းက ဘင်စိတ်က ဘာခေတ်လဲ၊ (နာမ်ခေတ်ပါ ဘုရား) အာရုံ ၆-ပါး ခေါ်တဲ့ အဆင်း-အသံ-အနံ့- အရသာ-အတွေ့-သဘော တရားတွေကကော၊ (ရုပ်ခေတ် နာမ်ခေတ်ပါ ဘုရား)။

ဟိုဘက်က ဝိညာဏ် ၆-ပါး ခေါ်တဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊စားစိတ်၊ ထိစိတ်၊ ကြံသိစိတ်တွေ ကကော၊ (နာမ်ဓာတ်ပါ ဘုရား)။

ဒါဖြင့် ဆိုင်ရာ ဆိုင်ရာမှာ မျက်စိဆိုတဲ့ ရုပ်ဓာတ်၊အဆင်းဆိုတဲ့ ရုပ်ဓာတ် ထိခိုက်မိလို့ မြင်စိတ် နာမ်ဓာတ်ပေါ်တယ်၊ နားဆိုတဲ့ ရုပ် ဓာတ် အသံခေါ်တဲ့ ရုပ်ဓာတ် ထိခိုက်လို့ သိစိတ် ဆတဲ့နာမ်ဓာတ် ပေါ်တယ်၊ နှာခေါင်းဆိုတဲ့ ရုပ်ဓာတ် အနံ့ခေါ်တဲ့ ရုပ်ဓာတ် ထိခိုက်လို့ နံသိစိတ်ခေါ်တဲ့ နာမ်ဓာတ် ပေါ်လာတယ်၊ (မှန်လှပါ)။

လျှာခေါ်တဲ့ ရုပ်ဓာတ်နဲ့ အရသာခေါ်တဲ့ ရုပ်ဓာတ် ထိတွေ့လို့ စားသိစိတ်နာမ်ဓာတ် ပေါ်လာတယ်၊ ကိုယ်ဆိုတဲ့ ရုပ်ဓာတ်နဲ့ အတွေ့ဆိုတဲ့ ရုပ်ဓာတ် ထိတွေ့လို့ ထိသိစိတ်ဆိုတဲ့ နာမ်ဓာတ် ပေါ်လာပါတယ်။ နှလုံးသား အတွင်းက ဘဝင်စိတ်ဆိုတဲ့ နာမ်ဓာတ်နဲ့ သဘောတရားဆိုတဲ့ ရုပ်ဓာတ် နာမ်နဲ့ ဓာတ် ဓာတ် ဓာတ်ချင်း ထိခိုက်လို့ ကြံသိစိတ် နာမ်ဓာတ် ပေါ်လာပြန်တယ်။ (မှန်လှပါတယ်ဘုရား)။

ဒီအထဲမှာ ယောကျ်ားပါသေးသလား၊(မပါ-ပါဘုရား) မိန်းမ ပါသေးသလား၊ (မပါပါဘုရား) ယောကျ်ား မိန်းမ က မြင်တယ်ဆိုတာ ပါသေးသလား (မပါပါ ဘုရား)ဒါကြောင့် မြတ်စွာဘုရားက ပုဂ္ဂိုလ် သတ္တဝါ ကျား မ အစွဲ ပျောက်အောင်လို့ အစွဲချွတ်ရန် ဓာတ် ၁၈-ပါး နည်းအနေနဲ့ သေသေချာချာ ဓမ္မတွေကို ဓာတ်တွေကို ဟောပြတော်မူတယ်၊ (မှန်လှပါ)။

ဒါကြောင့် ဒီဓာတ် ၁၈-ပါးထဲမှာ သတ္တဝါ ကျား-မ ရှာကြပေတော့၊ မျက်စိသည် သတ္တဝါလား ရုပ်ဓာတ်လား၊ (ရုပ်ဓာတ်ပါ ဘုရား) အဆင်းမျိုးစုံသည် သတ္တဝါအကောင်လား၊ ရုပ်ဓာတ်လား၊ (ရုပ်ဓာတ်ပါ ဘုရား) ဒါဖြင့် ရုပ် ရုပ်ချင်း ထိတွေ့တာဘဲ။

သတ္တဝါက မြင်တာလား စိတ်ကမြင်တာလား၊ (စိတ်က မြင်တာပါ ဘုရား) ဒါဖြင့် မျက်စိထဲမှာလဲ ယောကျ်ား-မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မပါ၊ အဆင်းထဲမှာလဲ ယောကျ်ား- မိန်းမ ပုဂ္ဂိုလ် သတ္တဝါမပါ၊ မြင်စိတ်ထဲမှာလဲ ယောကျ်ား- မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မပါ။

ဒါဖြင့် ရုပ်ဓာတ် ရုပ်ဓာတ်ချင်း ထိခိုက်လို့ နာမ်ဓာတ် ပေါ်တာ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

မြင်တယ် မြင်တယ် ဆိုတာဟာ ရုပ်ဓာတ် ရုပ်ဓာတ်ချင်း ထိခိုက်လို့ နာမ်ဓာတ်ပေါ်တာဘဲ၊ ကြားတယ် ကြားတယ် ဆိုတာဟာလဲ ရုပ်ဓာတ် ရုပ်ဓာတ်ချင်း ထိခိုက်လို့ ကြားသိစိတ် နာမ်ဓာတ် ပေါ်လာတာဘဲ၊ နံတယ်-နံတယ် ဆိုတာလဲ နှာခေါင်း ရုပ်ဓာတ်နှင့် အနံ့ရုပ်ဓာတ် ထိခိုက်လို့ နံသိစိတ် နံဓာတ်ကလေး ပေါ်လာတာဘဲ။

စားတယ်- စားတယ် ဆိုတာဟာ လျှာရုပ်ဓာတ်နဲ့ အရသာရုပ်ဓာတ် ထိခိုက်လို့ စားသိစိတ်- နံဓာတ်ပေါ်လာတယ်၊ ထိတယ်-ထိတယ် ဆိုတာဟာ ကိုယ်ရုပ် ဓာတ်နဲ့ အတွေ့ရုပ်ဓာတ် ထိခိုက်လို့ ထိသိစိတ် နာမ်ဓာတ်ကလေး ပေါ်လာတာဘဲ၊ နှလုံးသားအတွင်းက ဘင်စိတ် နာမ်ဓာတ်နဲ့ သဘော

တရား ရုပ်ခဏ နာမ်ခဏ ထိခိုက်လို့ ကြံသိစိတ် နာမ်ခဏ ပေါ်လာတာဘဲ ရှင်းပြီလား။ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီဘက်က ဒွါရခြောက်ပါးကို ကြည့် ခဏဘဲ၊ အာရုံ ခြောက်ပါးဆိုတာကတော့၊ (ရုပ်ခဏ- နာမ်ခဏပါ ဘဲဘုရား) ဟိုဘက်က မြင်စိတ်- ကြားစိတ်- နံစိတ်- စားစိတ်- ထိစိတ်- ကြံသိစိတ်တွေ အကုန် ပေါင်းလိုက်တော့ နာမ် ခဏဘဲ။

ဒါဖြင့် ဤစကြဝဠာ ကမ္ဘာကြီးတခုလုံးကို ဉာဏ်မျက်လုံး နဲ့ ကြည့်လိုက်တော့၊ (ရုပ်ခဏ နာမ်ခဏဘဲ တွေ့ပါတယ် ဘုရား) ခဏ-ခဏချင်းတွေ့ထိ တိုက်ခိုက်ပြီး ခဏတွေ ပေါက်ပွားလာတယ်၊ ရုပ်ခဏကလဲဖြစ်ပြီး ပျက်၊ နာမ်ခဏ တွေကကော၊ (ဖြစ်ပြီးပျက်သွားတာပါဘဲ ဘုရား) ဤစကြ ဝဠာ ကမ္ဘာကြီးတွင် ဖြစ်ပြီး ပျက်နေတာဘဲ ရှိပါတယ်၊ ဘယ်သူတွေဖြစ်၍ ဘယ်သူတွေ ပျက်နေပါသလဲဆိုရင် ရုပ် ခဏ နာမ်ခဏတွေ ဖြစ်၍ ရုပ်ခဏ နာမ်ခဏတွေ ပျက် ပါတယ်၊ ဘာကောင်မှ မဟုတ်ပါဘူးလို့ မြတ်စွာဘုရားက ဟောခဲ့တယ်၊ ပုဂ္ဂိုလ်သတ္တဝါတွေ အစွဲ အကုန်ချွတ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) အားလုံး သဘောပေါက်ရဲ့ လား (ပေါက်ပါတယ်ဘုရား)။

မျက်စိ- နား- နှာ- လျှာ- ကိုယ်- နှလုံးသားတွင် စိတ်တွေ ကမ္ဘာမှာ ရှိသမျှ အားလုံး ဒီ ၆-ပါး ထဲမှာ ရောလိုက် ပေါင်းလိုက်နော်၊ (မှန်ပါ့ ဘုရား) အဆင်း- အသံ- အနံ့- အရသာတွေ- အတွေ့သဘောတွေလဲ တကမ္ဘာလုံးမှာ ရှိသမျှ

ဒီ ၆-ပါးထဲမှာ ပါ-ပါစေနော်၊ (မှန်ပါ့ ဘုရား) မြင်စိတ်-ကြားစိတ်- နံစိတ်- စားစိတ်- ထိစိတ်- ကြံသိစိတ် စိတ်တွေ ခုနှ်သမျှလဲ ဒီ ၆-ပါးထဲမှာ အကုန်ပါ-ပါစေနော်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ၃၁-ဘုံခေတ်တွေ အကုန်လုံး ခြုံပြီး ကြည့်မယ် ဆိုရင် ဒွါရ ၆-ပါး ရုပ်ခေတ် နာမ်ခေတ်၊ အာရုံ ၆-ပါး ရုပ်ခေတ် နာမ်ခေတ်၊ ဝိညာဏ်ခေတ် ၆-ပါး၊ နာမ်ခေတ် အားလုံးပေါင်း ခေတ် ၁၈-ပါးဘဲရှိတယ်၊ ၁၈-ပါးကို တူရာ ပေါင်းလျှင် ရုပ်ခေတ်နဲ့ နာမ်ခေတ် ၂-ပါးဘဲရှိပါတယ်၊ ဒွါရခြောက်ပါး တံခါးခြောက်ပေါက်ဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်း ပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ နှလုံးအိမ်တွင် ဘဝင် စိတ်တွေက မနောအပေါက်၊ အဲဒါတွေဟာ တံခါးပေါက်နဲ့ တူတယ်။

ဘာကြောင့် တံခါးပေါက်နဲ့ တူသလဲဆိုတော့ ပုံစံမှာ ကြည့်၊ မြင်စိတ်ကလေး ဘာကြောင့် ဖြစ်ပေါ်သလဲ ဆိုတော့ မျက်စိနဲ့ အဆင်း တိုက်ဆိုင်လို့ ဖြစ်တယ်၊ မျက်စိထဲမှာလဲ မြင်စိတ် မပါဘူး။ အဆင်းထဲမှာလဲ မြင်စိတ်က မပါဘူး၊ သူတို့နှစ်ခု မျက်စိနဲ့ အဆင်းတွေမှ ဘွားကနဲ မြင်စိတ် ပေါ်ပေါက်လာတယ်၊ ဒါကြောင့် မျက်စိဟာ မြင်စိတ်၏ ဝင်ရာ ထွက်ရာ တံခါးပေါက်ပါတဲ့။

ပါဠိလို ဒွါရ၊ မြန်မာလို တံခါး၊ လူ၏ ဝင်ရာ ထွက်ရာကို တံခါးပေါက်ခေါ်သလို ဒီမှာလဲ မြင်စိတ်၏ ဖြစ်ပေါ်ရာ

ဌာနမို့ မျက်စိကို တံခါးပေါက်လို့ခေါ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

နား-နှာခေါင်းတို့ကိုလဲ ဒီနည်းနဲ့ဘဲသိပေါ့၊ ကောင်းပြီ၊ ယောဂီတို့ တလောကလုံး ခေတ်ဉာဏ်နဲ့ကြည့်ရင် ဒွါရ ဇ-ပါး၊ အာရုံ ဇ-ပါး၊ ဝိညာဏ် ဇ-ပါးတို့ဟာ ရုပ်ခေတ် နာမ်ခေတ်တွေ သဘောတရားတွေနော်၊ ဘာကောင်မှမဟုတ် ပါဘူး၊ (မှန်ပါ)။

ဒီ ဒွါရ ဇ-ပါးဖြစ်တဲ့ မျက်စိ - နား - နှာခေါင်း - လျှာ- ကိုယ်-နှလုံးသားဘွင်စိတ်တွေ၊ အာရုံ ဇ-ပါးဖြစ်တဲ့ အဆင်း အသံ-အနံ့-အရသာ-အတွေ့-သဘောတရား၊ ဝိညာဏ် ဇ-ပါး ဖြစ်တဲ့ မြင်စိတ်-ကြားစိတ်-နံစိတ်-စားစိတ်-ထိစိတ်-ကြံသိစိတ် တွေဟာ အမြဲမရှိဘူး၊ အမြဲမရှိရင် ဘယ်လိုရှိနေသလဲဆိုတော့ ဖြစ်လိုက် ပျက်လိုက် - ပျက်လိုက် ဖြစ်လိုက် ရှိနေတယ်၊ (မှန်လှပါ)။

ကဲ-ဒါဖြင့် ဒွါရ ဇ-ပါး ရုပ်ခေတ် နာမ်ခေတ်၊ အာရုံ ဇ-ပါး ရုပ်ခေတ် နာမ်ခေတ်၊ ဟိုဘက်က ဝိညာဏ် ဇ-ပါး နာမ်ခေတ်၊ ရုပ်နာမ် ရုပ်နာမ်ခေတ်ချင်းတွေ့ထိပြီး ရုပ်ခေတ် လဲပျက် နာမ်ခေတ်လဲ ပျက်နေတာကို ခေတ်မှန်း သဘော တရားမှန်း မသိကြတဲ့အတွက် ငါ ဖြစ်တယ် သူ ဖြစ်တယ် ငါ မြင်တယ် ငါ သွားတယ် ငါ စားတယ် ငါ သိတယ် ငါ ကြံတယ် စသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါ ငါကောင် သူကောင်အနေနဲ့ အမှတ် မှားမနေကြဘူးလား၊ (မှားပါ တယ် ဘုရား) အသိ မှားမနေကြဘူးလား၊ (မှားပါတယ်

ဘုရား) အထင် မှားမနေကြဘူးလား၊ (မှားပါတယ် ဘုရား)။

အဲဒီ အမှားတွေ ပျောက်အောင် မြတ်စွာဘုရားက ခေတ် ၁၁-ပါး ဟောရပါတယ်၊ဒွါရ-၆၊ အာရုံ-၆၊ဝိညာဏ်-၆၊ ၆×၃=၁၈-ဖြစ်တာပေါ့၊ ခေတ် ၁၁-ပါးဆိုတာ ဒါပါဘဲ၊ အားလုံးရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ခေတ် ၁၁-ပါးကို အကျဉ်းချုံးတော့၊ (ရုပ်ခေတ်နဲ့နာမ် ခေတ်ပါဘုရား) အဲဒီ ရုပ်ခေတ် နာမ်ခေတ်တွေဟာ ဘယ်လို နေသလဲ၊ (ဖြစ်ပျက်နေပါတယ် ဘုရား) ဖြစ်ပျက်နေတာက တမိနစ်လား-မိနစ်တိုင်းလား၊(မိနစ်တိုင်းပါဘုရား)မိနစ်တိုင်း စက္ကန့်တိုင်း နာရီတိုင်း ရက်တိုင်း နှစ်တိုင်း ဘယ်ရုပ် ဘယ် နာမ်မှ အမြဲ မရှိ၊ဖြစ်ပျက်-ဖြစ်ပျက်နဲ့ အစဉ်မပြတ် ပြောင်းလဲ ၍ နေကြပါတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီ ဖြစ်ပျက်မစဲတဲ့ ဖြစ်စဉ် ပျက်စဉ်ကြီးကို သံသရာလို့ ခေါ်ပါတယ်၊ ဝဋ်ဆိုတာလဲ ဒါဘဲ၊ ဒုက္ခဆိုတာလဲ ဒါဘဲ၊ သံသရာ ဝဋ်ဆင်းရဲဆိုတာ တခြားမဟုတ်၊ ဒီ ရုပ်ခေတ် နာမ်ခေတ်တို့၏ မပြတ်မလပ် အထပ်ထပ် ဖြစ်ပျက်နေတဲ့ ဖြစ်စဉ်ကို သံသရာ ဝဋ်ဒသင်းရဲလို့ခေါ်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တလောကလုံး ဘာတွေဖြစ်လို့ ဘာတွေပျက် နေသလဲလို့ မေးရင်၊ (ခေတ်တွေဖြစ်ပြီး ခေတ်တွေပျက်နေ ပါတယ် ဘုရား)ဘာခေတ်တွေလဲ၊ (ရုပ်ခေတ် နာမ်ခေတ် တွေပါ ဘုရား) ရုပ်ခေတ်ကိုအကျယ်ချဲ့တော့ မျက်စိ-နား-

နှာ - လျှာ - ကိုယ် ရုပ်ခဲတ်၊ ဒီဘက် အာရုံ ၆ - ပါးက၊ (အဆင်း - အသံ - အနံ့ - အရသာ-အတွေ့ သဘောတရားပါ ဘုရား)ဒါလည်း ရုပ်ခဲတ် နာမ်ခဲတ်ဘဲ၊ ဒီဘက် ဝိညာဏ် ၆-ပါး နာမ်ခဲတ်ကို အကျယ်ခွဲထားတယ်၊ မြင်စိတ်-ကြား စိတ်-နံစိတ်-စားစိတ်-ထိစိတ်-ကြံသိစိတ်တွေဘဲ။

ဒီရုပ်ခဲတ် နာမ်ခဲတ်တွေဟာ ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက် ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက် ဖြစ်ပျက် ဖြစ်ပျက်နဲ့ နေတယ်ဆိုတာ မြတ်စွာဘုရားက သေသေချာချာ ဆုံးမတော်မူပါတယ်၊ (မှန်လှပါ) အဲဒါ မြင်ချင်လျှင် ဝိပဿနာမျက်လုံးနဲ့ကြည့်မှ မြင်ပါတယ်။

၃၁-ဘုံမှာ ဘာ ကျန်သေးသလဲ ယောဂီတို့၊ (ဘာမှ မကျန်တော့ပါ ဘုရား) ခဲတ် ၁၈-ပါး၊ အဲဒီ ၁၈-ပါးကို အကျဉ်းချုံးတော့ ရုပ်ခဲတ် နာမ်ခဲတ်၊ အဲဒီ ရုပ်ခဲတ် နာမ်ခဲတ်ရဲ့ လက္ခဏာက ဖြစ်ပျက်ပါဘဲ၊ အဲဒီ ဖြစ်ခြင်း ပျက်ခြင်းကို လက္ခဏာ ခေါ်တယ်၊ ရုပ်နာမ် ၂-ပါးကို အနိစ္စ - ဒုက္ခ - အနတ္တ - တရားလို့ ခေါ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် အနိစ္စ လက္ခဏာဆိုတာ ရုပ်နာမ် ဖြစ်ပျက်၊ ဒုက္ခ လက္ခဏာဆိုတာ ရုပ်နာမ် ဖြစ်ပျက်၊ အနတ္တ လက္ခဏာ ဆိုတာ ရုပ်နာမ်ဖြစ်ပျက်၊ ဒါဖြင့် ၃၁-ဘုံကို ခဲတ်အနေနဲ့ လက္ခဏာ တင်ကြည့်ရင် လက္ခဏာ ဘယ်နှစ်ပါး ရှိသလဲ၊ (၃-ပါးပါ ဘုရား)။

၃-ပါးသာ ရှိတယ်ဆိုလျှင် အနိစ္စ - လက္ခဏာ ဒုက္ခ-လက္ခဏာ အနတ္တ - လက္ခဏာလို့ ပြောလိုက်ရင် ၃၁ - ဘုံမှာ ဘာ ကျန်သေးသလဲ၊ (ဘာမှ မကျန်တော့ပါ ဘုရား) အသုဘ-လက္ခဏာလို့ ပြောရင်ကော၊ (ဘာမှ မကျန်တော့ပါ ဘုရား)ဒါကြောင့် မြတ်စွာဘုရားက သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ-တဲ့။ ၃၁-ဘုံမှာ ရုပ်ခေတ်နဲ့ နာမ်ခေတ်ဘဲ ရှိတယ်။ သဗ္ဗေ-အလုံးစုံတို့လို့ ပြောလိုက်တာ ဘာမှ မကျန်တော့ဘူး၊ အကုန်ဘဲ၊ ဘာလေးတခုမှ မကျန်ရစ်ဘူးနော်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ၃၁-ဘုံမှာ ဘာတွေရှိသလဲမေးရင် အနိစ္စတရားတွေ ရှိပါတယ်လို့ ပြောရင် မကုန်ဘူးလား၊ (ကုန်ပါတယ် ဘုရား) ဒုက္ခတရားတွေ ရှိပါတယ် ပြောရင်ကော၊ (ကုန်ပါတယ် ဘုရား) အနတ္တတရားတွေ ရှိပါတယ် ဆိုရင်ကော၊ (ကုန်ပါတယ်ဘုရား)။

အနိစ္စ လက္ခဏာတွေ ရှိတယ် ပြောရင်ကော၊ (ကုန်ပါတယ် ဘုရား) ဒုက္ခ လက္ခဏာတွေ ရှိတယ် ပြောရင်ကော၊ (ကုန်ပါတယ် ဘုရား) အနတ္တ လက္ခဏာတွေ ရှိတယ် ပြောရင်ကော၊ (ကုန်ပါတယ် ဘုရား) ကုန်ပြီ ဆုံးပြီ၊ အဲဒါ ဖြစ်ပျက်ကို မုန်းအောင် ဆုံးအောင်ရှုရင် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကိုမြင်ရုံဘဲ ရှိပါတော့တယ်၊ (မှန်လှပါဘုရား)။

ကဲ-အားလုံးလက်အုပ်ချီကြ၊ လူ - နတ် - ဗြဟ္မာ-သတ္တဝါ ဟူ၍ တော တောင် ရေ မြေ သမုဒ္ဒရာဟူ၍ အမှတ်လွဲ အစွဲလွဲ လွဲချင်တိုင်း လွဲပြီးလာခဲ့ကြတဲ့ အလွဲသမား အစွဲ

သမား၊ တဏှာ မာန ဒိဋ္ဌိ အစွဲအလွဲတရားတွေ ကျွတ်ပြီး သင်္ကာလ အမှန်သဘာဝ ခါတ်တွေပါကလား၊ ဖြစ်ပျက်ခြင်းမျှသာပါကလားလို့ သိရအောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဓာတ် ၁၈-ပါးဆိုတဲ့ဒေသနာကို ဆုံးမတော်မူခဲ့ပါတယ်။

ဘုန်းကြီးများကလဲ တဆင့်သင် ရဟန်းရှင်လူ ယောဂီ သူတော်စင် အပေါင်းတို့အား ဟောပြလိုက်ပါသည်၊ ငါ မဟုတ်၊ သူ မဟုတ် သတ္တဝါ မဟုတ် တော တောင် ရေ မြေ သမုဒ္ဒရာလဲ မဟုတ်။

ဓာတ်တွေက အယောင်ဆောင် ပြနေတာပါ၊ အမှန် အစစ်ကတော့ ရုပ်ဓာတ် နာမ်ဓာတ်တွေပါ၊ ရုပ်ဓာတ်-ရုပ်ဓာတ်ချင်းတိုက်ခိုက်လို့ နာမ်ဓာတ်တွေပေါ်၊ ရုပ်နဲ့နာမ် တိုက်လို့ နာမ်နဲ့ရုပ်နဲ့တိုက်လို့ နာမ်ဓာတ်တွေပေါ်လာကြ၏၊ ပေါ်ပြီးရင် ပျက်၊ ဖြစ်ပျက်ပြီးတော့နေတာပါ၊ ဒါကြောင့် အနိစ္စတရားတွေ ဒုက္ခတရားတွေ အနတ္တတရားတွေချည်း ပါဘဲ၊ (မှန်ပါ့ဘုရား)။

အနိစ္စတရားတွေ ဘယ်သူတွေလဲ ရုပ်နာမ်၊ ဒုက္ခတရား ဘယ်သူလဲ ရုပ်နာမ်၊ အနတ္တတရား ဘယ်သူလဲ ရုပ်နာမ်၊ ဘာကြောင့် ရုပ်နာမ်ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာလို့ ခေါ်သလဲ၊ (ဖြစ်လိုက် ပျက်လိုက် နေလို့ပါဘုရား)။

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ ပြော လိုက်ရင် မိမိခန္ဓာအပါအဝင် ဤစကြဝဠာကမ္ဘာကြီးတခုလုံး

ပါဝင်ပြီးသကာလ အော် - လူ - နတ် - ဗြဟ္မာ-သတ္တဝါဆိုတာ အလွဲ စွဲနေတာပါကလား၊ အမှန်စင်စစ်က ရုပ်ခေတ် နာမ်ခေတ်သာလျှင် အမှန်ရှိပါကလားလို့ သိအောင် ဟောကြားလိုက်ပါသည်။

နာမ်ခေတ် ရုပ်ခေတ်နဲ့ နာမ်ခေတ် ရုပ်ခေတ်ချင်းထိခိုက်လို့ နာမ်ခေတ်တွေပေါ်တာပါကလား၊ဤရုပ်ခေတ်နာမ်ခေတ်တို့သည် စက္ကန့်မလပ် မိနစ်မလပ် ပြောင်းလဲဖြစ်ပျက်နေတဲ့ ဖြစ်ခြင်း ပျက်ခြင်းကလေးမျှပါကလားလို့ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တလောကလုံးကို မြင်ကြပါစေ သိကြပါစေတော့လို့ ခေတ် ၁၈-ပါး ရုပ်ခေတ် နာမ်ခေတ် ၂-ပါး ဖြစ်ခြင်း ပျက်ခြင်းလက္ခဏာကို ၃၁-ဘုံ အကုန်ချုံး၍ ဟောပြလိုက်ပါသည်။

ဤကဲ့သို့ ဟောပြလိုက်တာကို ကြားနာကြရကုန်သော သင်ယောဂီ သူတော်စင်တို့သည် ငါ မဟုတ် သူ မဟုတ် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ခေတ်တွေသာလျှင်ဖြစ်ပြီး ပျက်နေပါကလားလို့ သိကြ မြင်ကြ သဘောပေါက် နားလည်ကြပါစေ။

ရုပ်ခေတ် နာမ်ခေတ်တို့ရဲ့ ဖြစ်ခြင်းပျက်ခြင်း လက္ခဏာတွေ လွန်မြောက်၍ ရုပ်ခေတ် နာမ်ခေတ်တွေ ဇာတ်သိမ်းပြီး အေးငြိမ်းသွားတဲ့နိဗ္ဗာန်ကျမှသာလျှင် ကေန္တ ချမ်းသာအစစ် ရတော့မှာပါကလားလို့ သိကြ မြင်ကြ သဘောပေါက်ကြပါစေ။

ဤ ရုပ်ခဝတ် နာမ်ခဝတ် ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာတွေကို မသိ - သိအောင် မမြင် - မြင်အောင် စက္ကန့်တိုင်း-မိနစ်တိုင်း-နာရီတိုင်း ခြောက်ဒွါရ - ခြောက်တံခါးမှ ရှုဆင်ခြင် ပွားများ အားထုတ်နိုင်ကြပါစေ။

ဤကဲ့သို့ ပွားများ အားထုတ်ကြသဖြင့် မြင်တာ ငါ မဟုတ်၊ မြင်လာတာလဲ သူ မဟုတ်၊ ရုပ်နဲ့နာမ်ပါကလား။

"မြင်မြင်သမျှ မှတ်ကြ ရုပ်ပါ၊ မြင်တာ သိက မှတ်ကြနာမ်ပါ"။

"နံ့-နံ့သမျှ ကြား-ကြားသမျှ မှတ်ကြ ရုပ်ပါ၊ နံ့တာ ကြားတာ သိကြ မှတ်ကြနာမ်ပါ"။

"စား-စားသမျှ မှတ်ကြ ရုပ်ပါ၊ စားတာ သိက မှတ်ကြနာမ်ပါ"။

"တွေ့ထိသမျှ မှတ်ကြရုပ်ပါ၊ တွေ့တာ သိက မှတ်ကြနာမ်ပါ"။

"တွေးတွေးသမျှ ပညတ် နာမ်ရုပ်၊ တွေးတာ သိက မှတ်ကြနာမ်ပါ"။

ဤကဲ့သို့များ ၆-ဒွါရ ၆-တံခါးမှနေပြီး ငါလဲ မဟုတ် သူလဲ မဟုတ် ပုဂ္ဂိုလ် သတ္တဝါလဲ မဟုတ်၊ ရုပ်ခဝတ် နာမ်ခဝတ်တွေသာဖြစ်ပြီး ရုပ်ခဝတ် နာမ်ခဝတ်တွေသာ ပျက်နေပါကလားလို့ မြင်ခဲ့ပါလျှင် အယုတ်ဆုံး လူအစစ်ဖြစ်ပြီး သာသနာတော်နှင့် တွေ့ရကျိုး နပ်ပါပြီ၊ လူလာဖြစ်ရတဲ့ အကျိုး နပ်ပါပေပြီ။

ဤကဲ့သို့ လူဖြစ်ရကျိုး နပ်ပြီးသကာလ သာသနာတော်နဲ့ တွေ့ရတဲ့အကျိုး နပ်ခဲ့ပါလျှင် ဘုရား ကျေးဇူး တရား ကျေးဇူး သံဃာ ကျေးဇူး ကြီးမားပါပေစွဟု ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ချီးကျူးသောအလားဝမ်းမြောက်သော အနေအားဖြင့် ၃-ကြိမ် သာဓု - သာဓု-သာဓု လို့ ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

# ကံ - လေးမျိုးရှိပုံနှင့် ဒိဋ္ဌိခွါပုံ တရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၆၉-ခု၊ ဩဂုတ်လ (၁၀) ရက်နေ့၌ ရန်ကုန်မြို့ သမိုင်းရပ်၊ မရမ်းခြံ၊ 'အောင်' ဓမ္မ ရိပ်သာတွင် 'အောင်'မင်္ဂလာ ဆရာတော်ဘုရားသည် ကံ ၄-မျိုး ရှိပုံနှင့် ဒိဋ္ဌိခွါပုံ တရားတော်ကို ဟောကြားသည်။

မျက်လုံးကလေးတွေ မှိတ်ပြီး နားမှာကြားသော တရားတော်သံကို ရင်က ခွဲခြမ်း စိတ်ဖြာ၍ နာယူကြ ပေတော့၊ စိတ်ကို တရား အာရုံပေါ်၌သာ တည်၍ တခြားအာရုံသို့ မလွင့်ပါး ပါစေနဲ့။

ယခု မိုးရွာနေတယ်၊ အဲဒီမိုးရွာလာတာ မိုးစဲသွားတာ မိုးသဲလာတာ မိုးရပ်သွားတာကို ကြည့်ပြီး လောကကြီးတခု လုံး အမြဲမရှိ၊ ဒီလို သုံးသပ်ရင်လဲ ဖြစ်တယ်၊ နောင်တော့ ဉာဏ်ကြီးလာတဲ့ အခါ အရာရာ မျိုးတွေကို သုံးသပ်လာ နိုင်မယ်။

တလောကလုံး ဘာဘဲဖြစ်ဖြစ် တည်တည် တံ့တံ့ မြဲမြဲ မြံမြံ ဘာမှမရှိဘူး၊ အစဉ် ပြောင်းလဲလျက် အမြဲတမ်း ကုန်ဆုံးလျက် အဟောင်း အသစ် လဲလဲပြီး ရှိနေပါကလား

ဆိုတာတွေ သဘောပေါက် လာပါလိမ့်မယ်၊ ဒါကြောင့် ကြိုးစားပြီး နာယူကြဘို့ တိုက်တွန်းပါတယ်။

ဒီကနေ့ လုပ်ငန်းကလေးတွေနဲ့လဲ ပတ်သက်ပြီးတော့ ကံ-အမျိုး အစားလဲ ခွဲခြား၍ ဗုဒ္ဓဘာသာတွေ သိသင့်သိတိုက်တာတွေ ဘုရားရှင် ယူဆပုံ၊ ဘုရားရှင် ကိုယ်တော်မြတ်မြင်တော်မူပုံတွေ အရင်တပတ်က အာရုံ ၆-ပါး ဒွါရ ၆-ပါးကို ဟောလာခဲ့တယ်။

အထူးသဖြင့် ဒိဝိညာဏ်ဆိုတဲ့ စိတ်ကလေးနဲ့ ပတ်သက်ပြီးတော့ စိတ်တရားတို့ရဲ့ အမျိုးအစား၊ စိတ်တရားတွေ ပြောင်းလဲနေပုံ၊ အမြဲမရှိပုံတွေ၊ အကြောင်းကြောင့် အကျိုးပေါ်လာပုံတွေကို ဘုန်းကြီးတို့ ဟောလာခဲ့ပါတယ်။

ဒါကြောင့် ဒီနေ့တော့ ဟဒယ ဘဝင်မနောနှင့် ဓမ္မာရုံ ထိခိုက်လို့ လောဘ-ဒေါသ-မောဟစတဲ့ မနောဝိညာဏ်စိတ်တွေ ရင်ထဲမှာ ဖြစ်ပေါ်လာပုံတွေ ရှင်းပြသွားပါ့မယ်။

ကဲ-ဒါကြောင့် မျက်လုံး ကလေးတွေ မှိတ်ထားပြီး တရားနာကြ၊ တရားနာတယ်ဆိုတာ "မှတ်နာခြင်းကား- ကြားမြင်များ၏" ဆိုတဲ့အတိုင်း မှတ်မှတ်သားသား နာယူရမှ အကြားအမြင် များမယ်၊ "ကြားမြင်ခြင်းကား- ပညာပွား၏" ဤကဲ့သို့ မှတ်မှတ်သားသား နာယူလို့ အကြားအမြင်များမှ အသိအလိမ္မာတွေ တိုးပွားလာမယ်၊ အသိအလိမ္မာ တိုးပွားလာမှ "ပညာဖြင့်ပင် ကောင်းကျိုးမြင်၏" ချမ်းသာအစစ် ကောင်းကျိုးမင်္ဂလာရမယ်၊ ပညာမှတပါး အားကိုးစရာ မရှိပါဘူး၊ ဒါကြောင့် ဒီနေ့ ဒီကိစ္စ ပေါ်လာပါလိမ့်မယ်။

ဒါကြောင့် မျက်လုံးကလေး မှိတ်၊ နားမှာတရားတော်သံ ကြားလာလိမ့်မယ်၊ အသံက ရုပ်ဘဲ၊ နားမှာ လာတိုက်ထာဘဲ၊ နားကလဲ ရုပ်ဘဲ၊ရုပ်-ရုပ်ချင်းတိုက်လို့ ကြားသိတဲ့ စိတ်ကလေး ပေါ်လာတယ်၊ နောက်ပြီး ပျက်ကုန်ကြတာဘဲ၊ အကြောင်း ကြောင့် အကျိုး ဖြစ်ပြီး အကြောင်းလဲပျက် အကျိုးလဲ ပျက်ဘဲ။

ဒါကြောင့် အဲဒီလို ဖြစ်ပျက်ကလေးကိုလဲ မလွတ်တမ်း အာရုံပြုပြီးတော့ နားမှာ ကြားတာတွေကို ရင်က ခွဲခြမ်း စိတ်ဖြာ၍ မှတ်မှတ်သားသားနာကြပေတော့။

"န ဝတ္ထုရူပါ ပဘာဝန္တိ သင်္ခတာ၊
န စာပိ ဓမ္မာယတနေဟိ နိဂ္ဂတာ။
ဟေတုံ ပဋိစ္စ ပဘာဝန္တိ သင်္ခတာ။
ယထာပိ သဒ္ဒေါ ပဟာဋ္ဌာယ ဘေရိယာ"။

ဝတ္ထု ရူပါ- ဟဒယ နှလုံးအိမ် နှလုံးသား ခေါ်တဲ့ ဝတ္ထု ရုပ်မှ၊ သင်္ခတာ- စိတ် စေတသိက်ဆိုတဲ့ သိမှု မှတ်မှု ခံစားမှု သဘောကျမှု သဘောမကျမှု သဘောတရားတို့သည်၊ ပဘာ ဝန္တိ၊ ဖြစ်ပေါ်၍ လာကြကုန်သည်၊ န-မဟုတ်ပါပေကုန်။

ဓမ္မာယတနေဟိ-သဘောမျိုးစုံ ဓမ္မာရုံတို့မှ၊ သင်္ခတာ-စိတ် စေတသိက်ဆိုတဲ့ သိတဲ့သဘော ခံစားတဲ့သဘော စေ့ဆော် တဲ့သဘော ကြိုက်တဲ့ မုန်းတဲ့ သဘောတရားတို့သည်၊ နိဂ္ဂတာ- ထွက်ပေါ်၍လာကြကုန်ဘည်၊ န-မဟုတ်ပါပေကုန်။

ကိမိဝ-ဥပမာပုံဆို အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း ဟူမူကား၊ ဘေရိယာ-စည်ကြီးကို၊ ပဟဋ္ဌာယ-တီးလိုက် ခတ်လိုက်သည်ရှိသော်၊သဒ္ဒေါ-စည်သံသည်၊ ဟောတိ ယထာ-ဖြင့်ပေါ်၍ လာသကဲ့သို့၊ ဟောတုံ- ဝတ္ထုအာရုံ နှစ်ပါးစုံကို၊ ပဋိစ္စ-စွဲ၍၊ သင်္ခတာ-သဘောကျတယ် သဘောမကျဘူး သိတယ် သဘော ပေါက်တယ်ဆိုတဲ့ စိတ်စေတသိက် သဘော တရားတို့သည်၊ ပဘဝန္တိ-အကျိုးတရား၏ အဖြစ်ဖြင့် ဖြစ်ပေါ်၍ လာကြလေကုန်သတည်း။

(သာခု-သာခု-သာခု ပါဘုရား)

အဲဒါကို နောက်မှာဘဲ ရှင်းကြပါစို့၊ အထူးသဖြင့် ဗုဒ္ဓဘာသာ အားလုံး တကာတကာမတွေ ဘုန်းကြီးတို့တတွေ ဘာဘဲဖြစ်ဖြစ် ကောင်းရင်လဲကံ မကောင်းရင်လဲကံ၊ ကံကောင်းလို့ ရောင်းလို့ ဝယ်လို့ ကောင်းတယ်၊ သွားလို့ လာလို့ကောင်းတယ် နေလို့ထိုင်လို့ ကောင်းတယ်။

ကံမကောင်းလို့ ရောင်းလို့ ဝယ်လို့ မကောင်းဘူး၊ နေလို့ ထိုင်လို့ မကောင်းဘူး၊ ကောင်းရင်လဲကံ မကောင်းရင်လဲကံ၊ ကံစကား သိပ်ပြီးတော့ ပြောကြတယ်၊ (မှန်လှပါ)။

ဒါကြောင့် ကံဆိုတာ ဘာလဲ စေတနာကို ခေါ်တယ်၊ ကံနဲ့ ပတ်သက်ပြီး သကာလ ဘုန်းကြီးတို့ ဘုရားရဲ့ အလိုတော်ကျ ကံ ဘယ်နှစ်မျိုးရှိတယ်၊ ဘယ်ကံမျိုးက ဘယ်လို အကျိုးတွေ ပေးတယ်ဆိုတာ ဒီကနေ့ ရှေ့ပိုင်း အနေနဲ့ ဘုန်းကြီးတို့ ရှင်းပြမယ်၊ (ရှင်းတော်မူပါဘုရား)။

ကာရိယတေ ကမ္မံ တဲ့။ ကံဆိုတာ အလုပ်တွေပါဘဲ၊ အလုပ်ကိစ္စ လုပ်စရာ အဝဝတွေ ပြုဘွယ်ကိစ္စ အဝဝတွေ ပြုလုပ်စရာတွေကို ကံလို့ခေါ်ပါတယ်။

ဒါဖြင့် လောကမှာ ရှိကြတဲ့ ထိုအလုပ်အကိုင်တွေကို ဘာနဲ့ လောကသားတွေ လုပ်ကြသလဲဆိုတော့ ပါးစပ်နဲ့ ပြောပြီးလဲ လုပ်ကြတယ်၊ ထိုင်တယ် ထတယ် သွားတယ် လာတယ် ရွက်တယ် ပိုးတယ် ချတယ် ချီတယ် မတယ် ပစ်တယ် ပေါက်တယ် စသည်တို့ကို ကိုယ်ဆိုတဲ့ ရုပ်ကြီးနဲ့လဲ ပြုလုပ်ကြတယ်။

ဒီတော့ ပါးစပ်နဲ့လဲ ပြော၍လုပ်၏၊ ကိုယ်ကြီးနဲ့လဲ ထိုင် ထ ထမ်း ပိုး လုပ်၏၊ ပါးစပ်နဲ့လုပ်တာကို ဝစီကံ-ခေါ်၏။ ကိုယ်နဲ့လုပ်တာကို ကာယကံ-ခေါ်၏။ ကိုယ်နှုတ် လုပ်သမျှတို့သည် ဘယ်သူခိုင်းလို့လဲ စိတ်ခိုင်းလို့ လုပ်၏၊ ဒါဖြင့် အရင်းခံစိတ်ဘဲ၊ (မှန်လှပါဘုရား)။

ဒါကြောင့်မို့ ထိုထိုကိစ္စအဝဝတွေကို လုပ်ကြ ကိုင်ကြ၏၊ ဘယ်သူခိုင်းလို့ လုပ်တာလဲ စိတ်ခိုင်းလို့ လုပ်၏၊ စိတ်ကို ဘယ်သူခိုင်းသလဲ စေတနာက ခိုင်းတယ်၊ စေတနာဆိုတာ တိုက်တွန်းတဲ့သဘောကလေးဘဲ ဒါကြောင့်။

"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"တဲ့။

ဘိက္ခဝေ - အို ချစ်သား ချစ်သမီးများတို့၊ စေတနာ-ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ် ထိုထိုကိစ္စ အဝဝ၌ တိုက်တွန်း နှိုးဆော်တတ်တဲ့ စေတနာကလေးကို၊ ကမ္မံ-ဘဝံမျိုးစွာ သံသရာ၌ နှစ်ဖြာယုတ်မြတ် ရောနှော

စပ်၍ မပြတ်ဖန်ဖန် ရုပ်နှင့်နာမ်ကို စီမံလေဪား အလှူရှင်ပြု လုပ်တဲ့ ကံတရားဘဲဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-မုချ ကိန်းသေ သဘောစိမ့်အောင် ဟောမိန့်တော် မူလိုက်လေ သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

အားလုံး ယောဂီတို့ ပြောစရာ ရှိတာတွေ ပါးစပ်နဲ့လဲ မပြောကြဘူးလား၊ (ပြောကြပါတယ် ဘုရား) ထိုင်ဟယ်၊ ထဟယ်၊ သွားဟယ်၊ လာဟယ်၊ သယ်ဟယ်၊ ပိုးဟယ်၊ ယူဟယ်၊ ချဟယ် စသည်ဖြင့် ကိုယ်ကြီးနဲ့ကော မလုပ်ကြ ဘူးလား၊ (လုပ်ကြပါတယ် ဘုရား)ဒါဖြင့် ပါးစပ်ဆိုတာလဲ ရုပ်ဘဲ၊ ကိုယ်ကြီးဆိုတာလဲ ရုပ်ဘဲ၊ (မှန်ပါ)။

ဒီတော့ ပြောသမျှ လုပ်သမျှတွေဟာ ဘယ်သူခိုင်းလို့ လုပ် သလဲ ဆိုရင် စိတ်စေတနာက ခိုင်းလို့ ဟုတ်ကဲ့လား၊(ဟုတ်ပါ တယ် ဘုရား) စိတ်စေတနာက လုပ်ချင်ရင် စိတ်စေတနာက လုပ်ပါ-လုပ်ပါလို့ ခိုင်းလို့၊ ကိုယ်ဆိုတဲ့ ရုပ်ကြီးက နှုတ်နဲ့ပြော ကိုယ်နဲ့ လုပ်ရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

ဒါဖြင့် ပြောသမျှ လုပ်သမျှတို့သည် လက်သည်ရှာ လိုက်တော့ စေတနာစိတ်ကို သွားတွေ့တယ်၊ ဘယ်သူအရင်း ခံနေသလဲ၊ (ရင်ထဲက စေတနာစိတ်ပါ ဘုရား) ရင်ထဲက စိတ်စေတနာ အရင်းခံဘဲ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ပရမတ္ထဆတ်ဆတ် တရားသဘောအနေနဲ့ အရ ကောက်လိုက်တော့ ကံဆိုတာ စေတနာကို အရ

ကောက်ရတယ်၊ တရားခံအစစ်ကို ဘုရားရှင်က လက်ညှိုးထိုး ပြတယ်နော်၊ (မှန်ပါ့ဘုရား)။

ပြောလိုရင်းက အလုပ်ကိစ္စ အဝဝတွေကို ပြောကြ လုပ်ကြတာဟာ အရင်းခံ ခိုင်းတဲ့လူက စေတနာဘဲ၊ ဒီ စေတနာကလေးက ခိုင်းလို့ လုပ်တာပါတဲ့၊ (မှန်ပါ့ဘုရား) ဒါကြောင့်မို့ ပြုလုပ်သူအစစ်သည် စေတနာကလေးပါဘဲလို့ ရှင်တော်ဘုရားက ပရမတ္ထအနေနဲ့ အလုပ်လုပ်သူ အလုပ်ကိစ္စ အဝဝ ဆောင်ရွက်သူ အရင်းခံတရားကို ဘုရားရှင်ကလက်ညှိုး ထိုးပြလိုက်ပါတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ကံဆိုတာ စေတနာ အရ ကောက်ရတယ် နော်၊ ကံဆိုတာ အလုပ်ဘဲလို့ ပြောကြတာက အများ ကြည့်၍ ပြောကြတာပါ၊ လောကကိစ္စ အဝဝ၊ လုပ်စရာ ကိုင်စရာ အဝဝတို့ဟာ အလုပ်ကိစ္စတွေဘဲ၊ ထိုအလုပ်ကိစ္စ တွေကို ဘာနဲ့ လုပ်သလဲ၊ ကိုယ်နှုတ်နဲ့ လုပ်တယ်၊ ဘယ်သူ ခိုင်းလို့လဲဆိုတော့ စေတနာက ခိုင်းလို့ပါဘဲ။

ဒါကြောင့် "စေတယိတွာန ကမ္မံ ကရောတိ"။ စေ တယိတွာန-စေတနာက စေ့ဆော် စိတ်ထဲက စဉ်းစား စိတ်ထဲက ကြံစည် စိတ်ထဲက တွေးတော၍၊ စေတယိတွာန- စေ့ဆော်တိုက်တွန်း၍၊ ကမ္မံ-ထိုထို ပြုဘွယ် ကိစ္စကို၊ ကရောတိ- ပြုလုပ်ပေ၏။

ထိုထိုပြုဘွယ်ကိစ္စတို့ကို မပြုမီ စိတ်ကူး ကြံစည်တာက အရင်၊ ပြုလုပ်တာက နောက်ပါတဲ့၊ ပြုလုပ်တာက နောက်မှ၊

ပြောတာတွေကလဲ နောက်မှ၊ ပြောချင်တာ လုပ်ချင်တာက စိတ်ထဲမှာ အရင်ဖြစ်ပါတယ်တဲ့ ယောဂီတို့၊ (မှန်ပါ့ဘုရား)။

"စေတယိတွာန ကမ္မံ ကရောတိ"။ ဒီ စိတ်ထဲက တိုက်တွန်းနေတဲ့ စေတနာလေးကို ကံ-ကံလို့ ဘာဖြစ်လို့ ဘုရားက ဟောပါသလဲဆိုတာကို အဋ္ဌကထာဆရာက ရှင်းပြပါတယ်၊ ဘယ်လိုရှင်းပြသလဲဆိုရင် "ကသ္မာ ပန စေတနာ ကမ္မန္တိ ဝုတ္တာ၊ စေတနာ မူလ ကတ္တာ ကမ္မသ" ဟာကြောင့် စေတနာကို ကံလို့ ဆိုရပါသလဲ။ အလုပ်ကိစ္စ ဟူသမျှမှာ စေတနာသာ ကြောင်းရင်းမူလ ဖြစ်သောကြောင့်တဲ့၊ရှင်းကြပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါကြောင့် ဘယ်ကိစ္စဘဲဖြစ်ဖြစ် စေတနာဟာ အကြောင်းရင်းဘဲလို့ မှတ်ကြပေတော့၊ (မှန်လှပါ ဘုရား)။

ယောဂီတို့ခန္ဓာမှာ ကြည့်လိုက်ပါအုံး ရုပ်နဲ့နာမ် မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ရုပ်ဆိုတာ အထက်ပိုင်းဆိုရင် ဆံဖျား၊ အောက်ပိုင်းဆိုရင် ခြေသည်းဖျားအထိ တကိုယ်လုံးဟာ ဒါ မြေ - ရေ - လေ - မီး - ဓာတ်ကြီးလေးပါး အစုအခဲကြီး မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ဟုတ်ခဲ့လျှင် တကိုယ်လုံးဟာ ရုပ်စုရုပ်ခဲ ရုပ်တရားကြီးပေါ့နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီ ရုပ်ခန္ဓာ မျက်စိ - နား - နှာ - လျှာ - ကိုယ် ဟဒယမှာ တွယ်ပြီး ဖြစ်နေတဲ့ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိစိတ် ကြံသိစိတ်၊ ဒီ စိတ်ခြောက်ပါးဟာ စိတ်ဘဲပေါ့၊ နာမ်တရား မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်

ဘုရား) ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ ပြန်ကြည့်လိုက်တော့ ကိုယ်နဲ့စိတ်ဘဲ ရှိတယ်၊ ဘာနဲ့ ဘာပါလိမ့်၊ (ကိုယ်နဲ့ စိတ်ဘဲ ရှိပါတယ် ဘုရား)ကိုယ်က ရုပ်အစုဘဲနော်၊ စိတ်က၊ (နာမ် အစုပါ ဘုရား)။

ဒါဖြင့် ယောဂီတို့က အကဲခပ်လိုက်စမ်းပါအုံး၊ ဒီကိုယ် ရုပ်ကြီးဟာ ထိုင် - ထ - သွား-လာ-လုပ်နေတာ ဘယ်သူခိုင်း လို့လဲ၊ (နာမ်ခိုင်းလို့ပါ ဘုရား)ဒါဖြင့် ခေါင်းဆောင် ဘယ် သူတုံး၊ (နာမ်ပါ ဘုရား) နာမ်တရားဘဲ၊ အဲဒီလို တိုကို ကျဉ်းကျဉ်း သိရမယ်နော်၊ (မှန်ပါ့ ဘုရား) ဒါ အရှင်းဆုံး အမိပ္ပါယ်ဘဲ၊ (မှန်လှပါ ဘုရား)။

ကဲ-ဒါဖြင့် ဘာလုပ်လုပ် ဘယ်သူခိုင်းလို့၊ (စိတ်ကခိုင်း လို့ပါ ဘုရား) ဘာပြောပြော ဘယ်သူခိုင်းလို့၊ (စိတ်က ခိုင်းလို့ပါဘုရား) သူက ခေါင်းဆောင်ဘဲ၊ (မှန်လှပါ)။

ဒါကြောင့် သံယုတ်ပါဠိတော်ကြီးမှာ နတ်သားတဦးက

ကေနဿု နီယတိ လောကော၊
ကေနဿု ပရိကဿတိ။
ကိဿဿ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူ တိ။
လို့ မေးလျှောက်လိုက်ပါတယ်။

မြတ်စွာဘုရားတဲ့ ဤလောကကြီးကို (ဝါ) ဤရုပ်နဲ့ နာမ်ကို ဘယ်တရားက ဆောင်ထားတာလဲတဲ့၊ ဤရုပ် လောက နာမ်လောကကြီးကို ဘယ်တရားက ဆွဲငင်ထား တာလဲတဲ့၊ အလုံးစုံသော လောကကြီးဟာ (ဝါ) အား

လုံးသော ရုပ်နာမ်ဓမ္မတွေဟာ ဘယ်တရားရဲ့ အလိုကို လိုက်နေကြရပါသလဲတဲ့၊ အဲဒီလို သုံးခွန်းသော အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်လိုက်ပါတယ်၊ (မှန်လှပါဘုရား)။

ဒီလောကကြီး တလောကလုံးနဲ့ ရုပ်နဲ့ နာမ်မှ တပါး အပို ရှိသေးသလား၊ (မရှိပါဘုရား) ခင်ဗျားတို့ ကြားနာနေတာ ကြာပြီ၊ အားထုတ်နေတာလဲ ကြာပြီ၊ တလောကလုံး ပရမတ်နဲ့ပြောရရင် ရုပ်နဲ့နာမ် တရားသဘော သဘောတရားချည်းဘဲနော်၊ (မှန်ပါ ဘုရား) ရုပ်နဲ့နာမ်မှ တပါး ပိုသေးသလား၊ (မပိုပါဘူး ဘုရား)။

သက်ရှိ သတ္တဝါတွေဆိုတာ ရုပ်နဲ့နာမ် တွဲနေတယ်၊ သက်မဲ့အရာဝတ္ထု တလောကလုံးက၊ (ရုပ်အစုပါ ဘုရား) နေမင်း - လမင်းကြီးတွေ ကကော၊ (ရုပ်အစုပါ ဘုရား) ပင်လယ် ကြီးတွေ၊ သမုဒ္ဒရာ ကြီးတွေ၊ တော ကြီးတွေ၊ တောင်ကြီးတွေ ဆိုတာကကော၊ (ရုပ်တရားပါ ဘုရား) မြေ - ရေ - လေ - မီး - အာကာသဟာ၊ (ရုပ်ဓာတ်တွေပါ ဘုရား) အဲဒီ ရုပ်ဓာတ်ငါးပါးမှတပါး မပိုပါဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါ အခြေခံသင်တန်းပေးလိုက်တာနော်၊ (မှန်ပါ ဘုရား)။

ကဲ-ဒါဖြင့် အားလုံး သက်ရှိ သက်မဲ့တွေ အကုန် ဉာဏ်မျက်လုံးနဲ့တပ်ကြည့်လိုက်တော့ ဤစကြာဝဠာကမ္ဘာလောကကြီးသည် ရုပ်အစုနာမ်အစု ဓာတ်နှစ်ခုဘဲ ရှိတယ်ဆိုတာ ဟုတ်ပြီလား၊ (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် ဤရုပ်နာမ်ဓာတ် နှစ်ခုဘဲရှိတော့ နတ်သားက မေးတာကို ရှင်တော်ဘုရားက အဖြေပေးလိုက်တယ်။

စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ-တဲ့။

အမောင်နတ်သား (၁) ဤလောကကြီးကို (ဝါ) ရုပ်နာမ်တွေကို စိတ်တရားကဆောင်ထားပါတယ်တဲ့။ (၂) ဤလောကကြီးကို (ဝါ) ရုပ် နာမ်တွေကို စိတ်တရားက ဆွဲငင်ထားပါတယ်တဲ့။ (၃) ဤလောကကြီးတခုလုံးဟာ (ဝါ) လူ,နတ်,ဗြဟ္မာ,အပါယ် သတ္တဝါ အစားစားတွေဟာ (ဝါ) ရုပ်နာမ်မှန်သမျှတွေဟာ တခုတည်းသောစိတ်တရားရဲ့အလိုသို့ လိုက်ပါ၍ နေကြရပါတယ်လို့ အဖြေ ပေးလိုက်ပါတယ်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် စိတ်၊ စေတနာဆိုတာ ပေါ်လာတော့မယ်နော်၊ အဲဒီ ရုပ်နာမ်နှစ်ပါးတို့တွင် နာမ်သည် သူက အရင်းကျကျ အခြေခံဘဲ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ဒါဖြင့် အဲဒီ စေတနာဆိုတဲ့ တရားကလေးက သူကလဲ နာမ်တရား လေးဘဲ ဖြစ်တယ်၊ စေတသိက် တရားလို့လဲ ခေါ်တယ်၊ စေ့ဆော် တိုက်တွန်းတဲ့ သဘောကလေးဘဲပေါ့၊ အဲဒီ သဘောကလေးက ကောင်း မကောင်း ၂-မျိုး ရှိတယ်၊ (မှန်လှပါ)။

စေတနာ ကောင်းတယ်၊ စေတနာ မကောင်းဘူး၊ စေတနာမကောင်းတော့ မကောင်းတဲ့စိတ်တွေကို တိုက်တွန်းတာပေါ့၊ မကောင်းတဲ့စိတ်တွေတိုက်တွန်းတော့ ရင်ထဲမှာ

တဖွားဖွားနဲ့ မကောင်းတဲ့ စိတ်တွေ ပေါ်လာတာပေါ့၊ စေတနာလေးကကောင်းတော့ ရင်ထဲမှာ ကောင်းတဲ့စိတ်တွေ တဖွားဖွား ပေါ်လာတာပေါ့၊ ကောင်းတဲ့စိတ်တွေ ပေါ်လာတော့ ဒီစိတ်တွေက ကိုယ်နဲ့နှုတ်ဆိုတဲ့ ရုပ်ကြီးကို ကောင်းတာ အပြောခိုင်း ကောင်းတာ အလုပ်ခိုင်းတယ်၊ မှန်ကြရဲ့လား၊ (မှန်ပါတယ် ဘုရား)။

ဒီစိတ် ဒီစေတနာလေးက ရင်ထဲက မကောင်းတော့ ဒီ ပါးစပ်နဲ့ ဒီ ကိုယ်ကြီးကို မကောင်းတာတွေ အပြောခိုင်း၊ မကောင်းတာတွေ အလုပ်ခိုင်းနေတယ်၊ ဒါဖြင့်ရင် ကိုယ်ဆိုတဲ့ ရုပ်စု-ရုပ်ခဲကြီးက ပြောရ-ပြုရ လုပ်ရတာဟာ ယောဂီတို့ ဘယ်သူ့လက်ချက်လဲ၊ (စိတ်ရဲ့ လက်ချက်ပါ ဘုရား) ဒီစိတ်ကို ဦးစီးတာကလဲ စေတနာဘဲ ဆိုတာ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့်မို့ တလောကလုံး ဒီစိတ်စေတနာရဲ့အလိုကို လိုက်နေရတာဘဲ ယောဂီတို့နော်၊ (မှန်ပါ့ ဘုရား) တကာ တကာမတို့မှာ ရုပ်နဲ့နာမ်ဘဲရှိတော့ တရားနာ သွားပါလို့ ဘယ်သူက ခိုင်းတာလဲ၊ (နာမ်က ခိုင်းတာပါ ဘုရား) အခု တရားနာနေတာ ဘယ်သူခိုင်းတာတုံး၊ (နာမ်ကပါ ဘုရား) တရားနာ မသွားတော့ပါဘူးဆိုတာ၊ (နာမ်ကပါ ဘုရား) ဒါဖြင့် ကောင်းတာ ပြုတာလဲ စိတ်က ခိုင်းလို့၊ မကောင်းတာပြုတာလဲ စိတ်ကခိုင်းလို့ဘဲ၊သူခေါင်းဆောင်ဘဲ ဆိုတာရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တလောကလုံး လူရော နတ်ရော သတ္တဝါခေါ် သမျှ ရုပ်နာမ်တွေဟာ ဘယ်သူ့အလိုသို့ ကောက်ကောက်ပါ အောင်လိုက်နေကြရသလဲလို့မေးတော့ ယောဂီတို့ စိတ်အလို လိုက်နေရပါတယ်၊ (မှန်ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါ ပြီဘုရား)။

အဲဒီစိတ်ကလေးမှာလဲ ကောင်းတဲ့ စေတနာနဲ့တွဲတော့-ကောင်းတဲ့စိတ်၊မကောင်းတဲ့စေတနာနဲ့တွဲတော့ မကောင်းတဲ့ စိတ်၊ ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့က အရင်အပတ်က-ကံနဲ့ ပတ် သက်ပြီး ၃၁-ဘုံကို ခုနစ်ပုံ-ပုံပြီးတော့ လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာဘုံ-ဒါတွေက အထက်ပိုင်းက ပညတ်နဲ့ပေါ့ဗျာ၊ အောက်ပိုင်းက တော့ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်၊ အပါယ်လေးပါး ဆိုပြီး အဲဒီလို ၂-ပိုင်း မပြခဲ့ဘူးလား (ပြခဲ့ပါတယ်ဘုရား)။

ဒါဖြင့် လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာဘုံ-ဘယ်သူ ဖန်ဆင်းတာလဲ မေးတော့ ကုသိုလ်စိတ်က ဖန်ဆင်းတယ်၊ လူရုပ်နာမ် နတ်ရုပ် နာမ် ဗြဟ္မာခေါ်တဲ့ ဒီရုပ်နာမ် ၂-ပါးကို ဘယ်သူဖန်ဆင်းတာ လဲ ဘယ်သူ့အလိုကျ ဖြစ်ရတာလဲဆိုတော့ ဟောဒီကုသိုလ် စေတနာရဲ့ အလိုကျ ဖြစ်ရတယ်၊ ကုသိုလ်စေတနာကဖန်ဆင်း တယ်လို့မှတ်လိုက်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် ငရဲ- တိရစ္ဆာန်- ပြိတ္တာ-အသူရကာယ်-အပါယ် လေးပါးမှာငရဲသူ ငရဲသားဆိုတဲ့ရုပ်နာမ်တွေတိရစ္ဆာန်ခေါ်တဲ့ ရုပ်နာမ် တရားတွေ ပြိတ္တာခေါ်တဲ့ ရုပ်နာမ်တရားတွေ-အသူရ

ကာယ်ခေါ်တဲ့ ရုပ်နာမ်တရားတွေဘယ်သူဖန်ဆင်းတာလဲမေး ရင် မကောင်းတဲ့ ကုသိုလ်စေတနာဖန်ဆင်းတာဘဲ၊ အကုသိုလ် စိတ်ဖန်ဆင်းတာဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် အဲဒီလို နားလည်ထားပြီးတော့ ကံနဲ့ပတ်သက် ၍ ဗုဒ္ဓဘာသာ တကာ-တကာမတွေဟာ ကံကိုအားကိုးကြ၊ ကံကိုရိုးရာဖွဲ့ပြီး သကာလ ကံစကားကို သိပ်ပြီးပြောကြတော့ ကံနဲ့ပတ်သက်၍ ဘယ်နှစ်မျိုးရှိသလဲဆိုတာ အားလုံးတကာ- တကာမတွေကို ဘုန်းကြီးတို့က တမျိုးရှင်းပေးအုံးမယ်နော်၊ (မှန်ပါ့ဘုရား)။

အဲဒီ ကံနဲ့ ပတ်သက်၍ သက်တော်ထင်ရှား မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီးသည် အခါတပါး၌ ကောဠိယတိုင်း ဟလိဒ္ဒဝသန-အမည်ရှိတဲ့ နိဂုံးရွာကြီးမှာ သီတင်းသုံးပြီးနေပါ တယ်နော်၊ (မှန်ပါဘုရား)။

အဲဒီ ဟလိဒ္ဒဝသန နိဂုံးရွာမှာ နွားလိုကျင့်နေသော ပုဏ္ဏ အမည်ရှိသော အမျိုးသားတယောက်နဲ့ ခွေးလိုကျင့်နေသော သေနိယ အမည်ရှိသော အမျိုးသားတယောက်၊ အဲဒီ နှစ် ယောက်တို့ဟာ နွားလို-ခွေးလို ကျင့်ကြံ ကြိုးကုတ် အားထုတ် လို့ရှိရင် ကိလေသာ ကုန်ခန်း ချမ်းသာအစစ် ရလိမ့်မယ်လို့ ယူဆပြီး ပုဏ္ဏ အမည်ရှိသော အမျိုးသားက နွားလိုကျင့်ပါ တယ်၊ သေနိယ အမည်ရှိသောအမျိုးသားက ခွေးလိုကျင့်ပါ တယ်။

နိကာယ် ငါးရပ်တို့တွင် မဇ္ဈိမနိကာယ် ကျမ်းအားဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော် ဝဂ်အားဖြင့် ဂဟပတိဝဂ် သုတ်

အမည်အားဖြင့် ကုက္ကုရဝတိက သုတ်မှာ အထင်အရှား ဘုရား ဟောထားတာရှိတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

အဲဒီ ဘုရားဟောထားတဲ့အတိုင်း တရားကိုဖြင့် ဘုန်းကြီး ကတဆင့် ဟောကြားလိုက်မယ်၊ သေသေချာချာ နာကြပါ နော်၊ (မှန်ပါ့ဘုရား) ပုဏ္ဏနဲ့သေနိယတို့ဟာ ဘာကြောင့် နွား လို-ခွေးလို ကျင့်နေကြသလဲ ဆိုတော့ အမှန်တရားကို မသိကြ လို့ဘဲ။

နွားလိုကျင့်ရင် မကောင်းတဲ့စိတ်တွေ ကိလေသာတွေကုန် လိမ့်မယ်လို့ သူတို့ဒီလိုယူဆကြတယ်၊ ခွေးလိုကျင့်ရင် ရင်ထဲမှာ မကောင်းတဲ့စိတ်တွေ ကိလေသာ စိတ်ယုတ်မာတွေ ကုန်သွား လိမ့်မယ် ခန်းသွားလိမ့်မယ်လို့ ယူဆပြီးသကာလ ခွေးလို-နွား လို ကျင့်နေကြပါတယ်၊ (မှန်လှပါ ဘုရား)။

နွားလိုကျင့်တယ်ဆိုတော့ နွားဆိုတာ တကာ-တကာမတို့ မြင်ဘူးတဲ့အတိုင်း နွားက အဝတ်လဲမဝတ်ရဘူး၊ စားတော့ မြက်စားတယ်၊ လေးဘက်တွားသွားပြီး သကာလ ကျင်ကြီး, ကျင်ငယ်စွန့်လို့ရှိရင်လဲ မတ်တတ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါ တယ်ဘုရား)။

ခွေးကတော့ သွားရင်လဲ လေးဘက်ထောက်ပြီး မသွားရ ဘူးလား၊ (သွားရပါတယ်ဘုရား) စားတော့ဖြင့် လက်နဲ့ယူ မစားဘဲ လက်လဲ မရှိလေသောကြောင့် မြေကြီးပုံထား၊ ဖက် ပေါ်ပုံထား၊ ခွက်ထဲမှာထည့်ထားတဲ့ ထမင်းဟင်းကို ပါးစပ် နဲ့ဘဲ ကုန်းဟပ်ပြီး မစားရဘူးလား၊ (စားရပါတယ်ဘုရား)

ကျင်ကြီး,ကျင်ငယ် စွန့်ပြန်တော့လဲ မတ်တတ်ဘဲ စွန့်ကြရတယ်၊ (မှန်ပါတယ်ဘုရား)။

အဲဒီလိုကျင့်ရင် ကိလေသာ ကုန်ခန်းပြီး နတ်ရွာနိဗ္ဗာန်ရလိမ့်မယ်လို့ ဒီလိုယူ ဒီလိုထင်ပြီး ပုဏ္ဏနဲ့သေနိယတို့ဟာ ကျင့်ကြံ အားထုတ် နေတယ်ဆိုတာ မှတ်လိုက်ကြပါ၊ (မှန်ပါဘုရား)။

ဤကဲ့သို့ ကျင့်ကြံ အားထုတ်ပြီး သကာလ ခွေးလိုလေးဘက်ထောက်ပြီး သွား၊ နွားလိုဘဲလေးဘက်ထောက်ပြီးသွား၊ စားစရာရှိရင်လဲ ပါးစပ်နဲ့ဟပ်ပြီး လျက်စား၊ ကျင်ကြီးကျင်ငယ် စွန့်ပြန်တော့ မတ်တတ်ဘဲစွန့်တယ်၊ (မှန်လှပါ)။ အဲဒီလို ကျင့်ကြံအားထုတ်နေရာမှ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟာလိဒ္ဒဝသန နိဂုံးရွာမှာ သီတင်းသုံးတော်မူတဲ့ အခါသူတို့ကလဲ ဘုရားရှင် ကိုယ်တော်မြတ်သည် ဘုန်းတန်ခိုးကလဲ အင်မတန်ကြီး နာမည်ကလဲကြီး အစစ အလုံးစုံသော တရားတွေလဲ သိတော်မူတယ် ဆိုတာ ကြားသိတော့ ငါတို့ဟာ ဘုရားထံ ချဉ်းကပ်ပြီး သကာလ ငါတို့ရဲ့ ကျင့်ပုံ ကြံပုံ အားထုတ်ပုံတွေ မှားတယ် မှန်တယ် ကောင်းတယ် ဆိုးတယ် သိရအောင်လျှောက်ထားမှဘဲဆိုပြီးတော့ ပုဏ္ဏနဲ့သေနိယ ဆိုတဲ့ ပရဗိုဇ် နှစ်ယောက်ဟာ ဘုရားထံ လာရောက်ပြီး ဘုရားရှင်နဲ့ အလ္လာပ- သလ္လာပ ဆွေးနွေးကြတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

ရုက္ခသယ ၅၀၆-၁၁

ဤကဲ့သို့ ဆွေးနွေးလို့ပြီးတဲ့အခါမှာ ခွေးလိုကျင့်သော မောင်သေနိယက မလှမ်းမကမ်းမှာ ခွေးလိုဘဲ တွားပြီးသွားကာ ခွေးလိုဘဲ ဝပ်ပြီးတော့ နေတယ်တဲ့၊ (မှန်ပါ့ဘုရား)။

မောင်ပုဏ္ဏကတော့ ဘုရား နွားမှာ လေးဘက်ကလေး ထောက်၍ သူက နွားလို ဘုရားနွားမှာ ချဉ်းကပ်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မေးမြန်းလိုက်တယ်၊ (မှန်ပါ)။

မြတ်စွာဘုရားတဲ့- ဘုရားနဲ့တွေ့ရတာ ဝမ်းလဲသာ ဝမ်းလဲမြောက်ပါတယ်၊ တပည့်တော်တို့ ပြဿနာတရပ် မေးလိုပါတယ်၊ မေးခွင့် ပြုရင် မေးပါရစေလို့ လျှောက်တော့ မြတ်စွာဘုရားက မေးချင်ရင် မေးတာပေါ့လို့ ခွင့်ပြုတယ်။

နွားလိုကျင့်သော မောင်ပုဏ္ဏက တနေရာမှာ ခွေးလိုဝပ်ပြီးနေတဲ့ မောင်သေနိယအား လက်ညှိုးထိုးပြီးတော့ အရှင်ဘုရား- သူ့နာမည်ဟာ သေနိယလို့ ခေါ်ပါတယ်၊ သူသည် ခွေးလို ကျင့်ပါတယ်ဘုရား၊ ဤကဲ့သို့ ကျင့်ခြင်း အားထုတ်ခြင်းသည် မကောင်းတဲ့စိတ် ကိလေသာတွေကုန်ပြီး သကာလ ချမ်းသာရလိမ့်မယ်လို့ ဆိုပြီး ယူဆပြီး ကျင့်ကြံ အားထုတ်နေပါတယ်ဘုရား။

မြတ်စွာဘုရား- ထိုခွေးလို ကျင့်နေသော သေနိယသည် သေသည်၏အခြားမဲ့၌ အဘယ်ဘဝသို့ ရောက်မှာလဲ ဘုရားလို့ သေနိယ၏ လားရာဂတိကို မောင်ပုဏ္ဏက သေနိယ၏ ကိုယ်စား လျှောက်ထားလိုက်တယ်၊ (မှန်လှပါ)။

ဒီတော့ မြတ်စွာဘုရားက မောင်ပုဏ္ဏ-တဲ့ ဒီမေးခွန်းကို ငါ့ကို မမေးပါနဲ့လို့ ဘုရားရှင်က ကန့်ကွက် လိုက်တယ်၊ (မှန်လှပါ)။

အရှင်ဘုရားဟာ အလုံးစုံသော တရားကို သိတော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်လေသောကြောင့် တပည့်တော်များယုံကြည်အားကိုးပြီး မေးတာ ဖြစ်ပါတယ်၊ ဒီ သေနိယ ခွေးလို ကျင့်နေတာဟာဖြင့် နှစ်ပေါင်း များစွာ ကြာပါပြီ၊ ဒါကြောင့် သေရင် ဘယ်ဘဝ ဘယ်လောက ရောက်မယ်ဆိုတာ သိလိုသောကြောင့် အရှင်ဘုရားအား မေးတာဖြစ်ပါတယ်၊ အရှင်ဘုရား- ဖြေကြားတော် မူပါဘုရားဟု ဒုတိယ အကြိမ် ထပ်မေးပြန်တယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ နှစ်ကြိမ် ပယ်လိုက်တယ်၊ မမေးပါနဲ့တဲ့၊ ပယ်တာမရဘူး၊ ထပ်ပြီး မောင်ပုဏ္ဏက တတိယ သုံးကြိမ်မြောက် မေးပြန်တယ်၊ (မှန်လှပါ)။

ဘုရားရှင်ကလဲ မင်း ဒီလောက် မေးလို့ရှိရင် ငါဘုရား ဖြေရမှာပေါ့၊ မဖြေလို့လဲ မဖြစ်တော့ဘူး၊ တိုတိုဘဲ ဖြေရမှာဖြင့် ခွေးလိုကျင့်သော ပုဂ္ဂိုလ်သည် သေသည့် အခြားမဲ့၌ ခွေးဘဲ ဖြစ်မယ်တဲ့၊ (မှန်လှပါ)။

ဘယ်လို ဖြေလိုက်သလဲ၊ (ခွေးဖြစ်မယ်လို့ပါ ဘုရား) ခွေးဝမ်းထဲ ရောက်ပြီး ခွေးဘဝလား၍ ခွေးဖြစ်ရုံမှ တပါး တခြားမရှိဘူးလို့ ဘုရားရှင်က ဖြေလိုက်ပါတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

အဲဒီလို ဖြေလိုက်တော့ မောင်သေနိယက ချုံးပွဲချပြီး ငိုပါတယ်တဲ့၊ ဖြစ်မှ ဖြစ်ရပလေ-ငါ့မှာဖြင့် ဤကဲ့သို့ကျင့်ခဲ့ လို့ရှိရင် ကိလေသာ စိတ်ယုတ်မာတွေ ကုန်ခန်းပြီးသကာလ ချမ်းသာအစစ် ရလိမ့်မယ်ထင်ပြီး နှစ်ပေါင်းများစွာ အား ထုတ်လာခဲ့တယ်၊ မှားခြင်းကြီး မှားလေပေါ့ဟု ဝမ်းနည်း ပြီးတော့ ငိုတယ်တဲ့၊ (မှန်ပါ)။

အဲဒီတော့ မြတ်စွာဘုရားက ပြောတယ်၊ ဒါကြောင့် မောင်ပုဏ္ဏ-ငါ့ကို မမေးပါနဲ့ မမေးပါနဲ့လို့ ငါ အကြိမ်ကြိမ် ကန့်ကွက်တယ်၊ မင်းက အကြိမ်ကြိမ် မေးတာကိုး၊ မေး တော့လဲ ငါဘုရား ဖြေရတယ်၊ ဟိုမှာကြည့် မသက်မသာ ဖြစ်နေပြီတဲ့၊ (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "မိစ္ဆာ ဒိဋ္ဌိဿ ခေါ အဟံ ပုဏ္ဏ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဝဒါမိ နိရယံ ဝါ တိရစ္ဆာန ယောနိံ ဝါ"လို့ ဟော လိုက်တယ်၊ (မှန်ပါဘုရား)။

ခွေးလို ကျင့်လို့နေတော့ မှားသော အကျင့်တွေဘဲ၊ သေသည့်အခြားမဲ့၌ ခွေးဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ငရဲကျရုံမှ တပါး တခြား သွားစရာမရှိဘူးလို့ ဆိုတော့ အင်မတန် ဝမ်းနည်းပြီးငိုပါတယ်၊ငိုကြွေးပြီးတဲ့နောက် မောင်သေနိယက တခါထပ်လျှောက်ပြန်တယ်။

အရှင်ဘုရား - တပည့်တော်ရဲ့ လားရာ ဂတိကိုတော့ဖြင့် အရှင်ဘုရားဟောကြားလို့ သိရပါပြီ၊ အခုနက လျှောက်တဲ့ ပုဏ္ဏ-က နွားလိုကျင့်ပါတယ်ဘုရား၊ သူကော သေပြီးသည်၏

အခြားမဲ့၌ ဘယ်ဘဝ လားမှာပါလဲ ဘုရားလို့ လျှောက်ပြန်ရော၊ အဲဒီလိုမေးတော့ ဘုရားရှင်ကဘဲ ဒါမမေးပါနဲ့လို့ ကန့်ကွက်တယ်၊ ဒုတိယတကြိမ် ထပ်လျှောက်တယ်၊ မမေးပါနဲ့လို့ ဒုတိယအကြိမ် ဘုရားရှင်က ကန့်ကွက်ပြန်တယ်။

တတိယတကြိမ် ထပ်လျှောက်တဲ့အခါကျတော့ မြတ်စွာဘုရားက ဖြေလိုက်တယ်၊ နွားလို ကျင့်နေသော သူသည်တဲ့ သေပြီးသည်၏အခြားမဲ့၌ နွားဘဝမှတပါး တခြားဘဝ သွားစရာမရှိဘူးလို့ ဖြေလိုက်ပြန်တယ်၊ မောင်ပုဏ္ဏလဲ ချုံးပွဲချ ငိုပြန်ရောတဲ့၊ (မှန်လှပါဘုရား)။

အဲဒါနဲ့ ၂-ယောက်စလုံး မသက်မသာနဲ့ ငိုပွဲကြီးတွေ ဆင်ပြီးကာမှ မြတ်စွာဘုရား တပည့်တော်များဟာ ဤကဲ့သို့ ကျင့်ကြံအားထုတ်ရင် ကိလေသာတွေကုန်ပြီးသကာလ ချမ်းသာအစစ် ရလိမ့်မယ်ထင်ပြီး ယူဆပြီး ကျင့်မိပါတယ်တဲ့၊ (မှန်လှပါ)။

ဒါကြောင့် ဤကဲ့သို့ ကျင့်ကြံ အားထုတ်မှုနှင့် ပတ်သက်ပြီးသကာလ ဘယ်လိုကျင့်ရင် ဘယ်လို အကျိုးရတယ် ဆိုတာ တပည့်တော်များ သိလိုပါတယ်ဘုရား၊ အရှင်ဘုရား ဟောကြားတော်မူပါဘုရားလို့ ဘုရားထံ လျှောက်ပါတယ် ယောဂီတို့၊ (မှန်လှပါ)။

ဤကဲ့သို့ လျှောက်တဲ့အခါကျတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကောင်းပြီ - မင်းတို့ သိလို နာလိုတဲ့ ဆန္ဒက အင်မတန် ပြင်းပြနေတဲ့အတွက် ငါဘုရား ဟောရတော့မှာဘဲ၊ မင်းတို့ သေသေချာချာ နာပေတော့ ဆိုကာ

ဘုရားရှင်ကိုယ်တော်မြတ်သည် ဒီနေရာမှာ ဗုဒ္ဓဘာသာတွေ တတွတ်တွတ်ပြောနေတဲ့ ကံနှင့်ပတ်သက်၍ ကံလေးမျိုးကို ဘုရားရှင် ဟောတော်မူပါတယ်၊ ကံဘယ်နှစ်မျိုးတဲ့၊ (လေး မျိုးပါ ဘုရား)။

အဲဒါ ခင်ဗျားတို့ တိုတိုဘဲမှတ်ပါတော့၊ တနာရီနဲ့အပြီး ဟောရမှာ ဖြစ်လေသောကြောင့် (၁) မဲသောကံ တမျိုး၊ (၂) ဖြူသောကံက တမျိုး၊ (၃) အမဲ-အဖြူရောသောကံက တမျိုး၊ (၄) အမဲ-အဖြူ မရောသော ကံကုန်ခြင်းကိုဖြစ်စေ တတ်တဲ့ကံက တမျိုး၊ လေးမျိုးရှိတယ်လို့ ဘုရားရှင် ဟော လိုက်တယ်၊ အဲဒါ တကာ တကာမတွေ သေသေချာချာ မှတ်ထားနော်၊ (မှန်ပါ့ဘုရား)။

ဘယ်နှစ်မျိုးပါလိမ့်၊ (လေးမျိုးပါ ဘုရား) ကံဆိုတာ အလုပ်ကို ပြောတာနော်၊ (မှန်ပါ့ ဘုရား) အဲဒီ အလုပ် ကလဲ စေတနာ အရင်းခံ လုပ်တာကိုး၊ (မှန်ပါ့ ဘုရား) ဒါကြောင့်မို့ မဲသောကံက တမျိုး၊ ဖြူသောကံက တမျိုး၊ အမဲ-အဖြူ ရောသောကံက တမျိုး၊ အမဲ-အဖြူ မရောသော ကံကုန်ခြင်းကို ဖြစ်စေတတ်သော ကံက တမျိုးလို့ မောင်တို့ ကံလေးမျိုးကို မှတ်ကြပေတော့လို့ ရှင်တော်ဘုရားက ဟော လိုက်တယ်၊ (မှန်ပါ့ဘုရား)။

ကံ လေးမျိုးကို ဟောပြီးတဲ့နောက် ရှင်တော်ဘုရားက ကံ၏အကျိုးကို ဟောလိုက်တယ်၊ မဲသောကံသည် မဲသော အကျိုးကိုပေးတယ် မောင်တို့တဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဖြူသောကံက ဖြူသော အကျိုးကို ပေးပါတယ်၊

အဖြူ-အမဲ ရောသောကံက အဖြူ-အမဲ ရောသောအကျိုးကို ပေးပါတယ်၊ အဖြူ - အမဲ မရောသောကံသည် အဖြူ - အမဲ မရောသော အကျိုးကို ပေးပါတယ်တဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အကျိုးတရားနှင့်ပတ်သက်၍ ယောဂီတို့ တိုတို ကလေး မှတ်လိုက်တော့၊ အပါယ်လေးပါးကို ကံမဲတို့က ပို့လိုက်တာဘဲ၊ ဒါဖြင့် အပါယ်လေးဘုံပေါက်ဖွားနေတာ ဖြစ်ပွားနေတာဟာ မကောင်းတဲ့ ကံမဲ စေတနာမဲက ဖန်ဆင်းတာ၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် အပါယ်လေးဘုံကိုမကြောက်ပါနဲ့၊ စေတနာ မဲ ကံမဲကို ကြောက်ပါ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) စေတနာမဲ ကံမဲက ဘယ်မှာ အကျိုးပေးမှာလဲ၊ (အပါယ် လေးဘုံမှာ အကျိုးပေးပါတယ်ဘုရား)။

အဲဒီ အပါယ်လေးဘုံကို ရောက်မဲ့ စေတနာက ဘယ် မှာ ဖြစ်မှာလဲ၊ (ရင်ထဲမှာဖြစ်ပါတယ် ဘုရား) ခင်ဗျားတို့ ရင်ခေါင်းထဲမှာ ဖြစ်တယ်၊ မနော ဟဒယဝတ္ထုဆိုတဲ့ ဒီ ဟဒယဝတ္ထုတွင် မနောမှာ မနောဓာတ် မနောဝိညာဏ ဓာတ်ဖြစ်တယ် ယောဂီတို့၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အပါယ်လေးပါးသို့ မဲသောကံက မဲသော စေတနာက ပို့လိုက်တာ၊ (မှန်ပါ့ ဘုရား) ဒါဖြင့် ငရဲကြီး ရှစ်ထပ်သို့ ကံမဲက တွန်းချလိုက်တယ် ယောဂီတို့၊ (မှန်ပါ့ ဘုရား)

တိရစ္ဆာန်အမျိုးမျိုးဖြစ်ရတာလဲ ယောဂီတို့-ဒီကံမဲ့ဘဲ၊ (မှန်ပါ ဘုရား)ပြိတ္တာ အမျိုးမျိုး ဖြစ်ရတာကော၊ (ဒီကံမဲ့ကြောင့်ပါဘုရား) အသူရကာယ်တွေ အမျိုးမျိုး ဖြစ်ရတာကော၊ (ဒီကံမဲ့ကြောင့်ပါ ဘုရား) မဲ့သောကံ မဲ့သောစေတနာက တွန်းချလိုက်တာဘဲ ဆိုတာ သေသေချာချာ မှတ်ပါတော့၊ (မှန်ပါ့ဘုရား) ဒါဖြင့် အပါယ်လေးပါးဟာ အကျိုးတရား၊ မဲ့သောစေတနာကံက အကြောင်း တရားလို့ ဒီလိုမှတ်နော်၊ (မှန်ပါ့ဘုရား)။

အဲဒါကိုရှင်းအောင် ပြောရင် မကောင်းသော စေတနာ ကံတရားကြောင့် အပါယ်လေးပါး ဆိုတဲ့ ရုပ်-နာမ် ၂-ပါး အကျိုးတရား ပေါ်လာပါတယ်၊ ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

ကဲဒါဖြင့် ဖြူသောကံက ဖြူသောအကျိုး ပေးပါတယ်၊ ဖြူသော အကျိုးက ဗြဟ္မာအဖြစ် ဗြဟ္မာခေါ်တဲ့ ရုပ်နာမ်ဖြစ်အောင် လုပ်ပေးတာ ဖန်ဆင်းပေးတာဟာ ဖြူသောစေတနာ ဖြူသောကံက ဖန်ဆင်းတာလို့မှတ်လိုက်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဗြဟ္မာတွေဟာ ဗြဟ္မာအခေါ်ခံရတဲ့ ရုပ်နာမ်ဖြစ် မနေဘူးလား၊ (ဖြစ်နေပါတယ် ဘုရား)ကံဖြူ၊ ဖြူသောကံ၊ ဖြူသော စေတနာက ဖန်ဆင်းလိုက်တာ၊ (မှန်ပါ့ ဘုရား) သဘောပေါက်ကြပြီနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဗြဟ္မာဖြစ်တယ်လို့ အခေါ်ခံရတဲ့ ရုပ်နာမ် ဗြဟ္မာ ဘုံတွေ ဖန်ဆင်းထားတာ ဘယ်သူပါလိမ့်လို့ မေးတော့မှ ဖြူသော စေတနာကံက ဖန်ဆင်းတယ် ဖြူသော စေတနာကံ

သည့် အကြောင်းတရားဖြစ်၍ ဗြဟ္မာဘုံ ဗြဟ္မာ ရုပ်နာမ်တွေဟာ အကျိုးတရားလို့ မှတ်လိုက်၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် ကံမဲက ဘယ်ကိုပို့ပါလိမ့်၊ (အပါယ်လေးပါးသို့ပါ ဘုရား) ကံဖြူက (ဗြဟ္မာဘုံသို့ပါဘုရား) ဒါ သေသေချာချာ မှတ်ပါ၊ဗုဒ္ဓဘာသာ တယောက်အနေနဲ့ ဒါကိုမသိရင် မဖြစ်ဘူး၊ ဘာကြောင့်မသိရင် မဖြစ်သလဲဆိုတာ နောက်ပိတ်ဆုံး အဖြေထွက်လာလိမ့်မယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အဖြူအမဲရောသော စေတနာကံက ဘာအကျိုးပေးမှာလဲ ဆိုတော့၊ အဖြူအမဲရောသော အကျိုးကို ပေးတယ် ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဖြူအမဲ ရောနေသော စေတနာ၏ အကျိုး တရားတွေဟာ ဘယ်လို အကျိုးတွေလဲဆိုတော့ လူ့ပြည်ရှိသော လူတွေ အချို့သော ဆင်-မြင်း စတဲ့ တိရစ္ဆာန်တွေ နတ်ပြည်က တချို့သော နတ်သားတွေပါဘဲ။

လူတွေကိုကြည့်မယ် ဆိုလျှင် ရံခါချမ်းသာကြ၍ ရံခါ ဆင်းရဲဝေဒနာကို ခံစားကြရတယ်။

ဆင်တွေ မြင်းတွေထဲမှာလဲ အမဲကံကြောင့် တိရစ္ဆာန်ဖြစ်ရသော်လည်း ဘုရင်ရဲ့ စီးတော်ဆင်တို့ မြင်းတို့ဖြစ်တော့ တခြားတိရစ္ဆာန်တို့လောက် မဆင်းရဲဘူး၊အဲဒီ သက်သာမှုကို အဖြူကံက အကျိုးပေးတာပေါ့။

တာဝတိံသာက ရောဝဏ် နတ်သား ကြီးကို ကြည့်မယ်ဆိုရင်လဲ....

သိကြားမင်းသည် တာဝတိံသာ နတ်ပြည်ကို တိုင်းခန်းလှည့်လည်ချင်ပြီ ဆိုရင် ဧရာဝဏ် နတ်သားက ဆင်ယောင် ဖန်ဆင်း ပေးရတယ်၊ နတ်က တိရစ္ဆာန် ဖြစ်ရရှာတယ်၊ ဆင်ယောင် ဖန်ဆင်း ပေးပြီး သကာလ မိဖုယားတွေက ငါး ရာ ပါမယ်ဆိုရင် ခေါင်း ငါးရာ ဖန်ဆင်းရတယ်၊ ခေါင်း တလုံးပေါ်မှာ ပြာသာဒ်ဆောင်တခုနဲ့ နတ်သမီးတွေ နေဘို့ ပေါ့ဗျာ၊ ဘေးက အခြွေအရံတွေကလဲ ကကြ, ခုန်ကြ, ပျော်မြူးပြီး လိုက်ပါနိုင်အောင် ဒီ ဧရာဝဏ်နတ်သားတ ဖန်ဆင်း ပေးရတယ်။

ဧရာဝဏ်ဟာ နတ်သားနော်၊ သိကြားမင်း ခရီးသွားလို တော့ ဆင်ယောင် ဖန်ဆင်းပေးရပြီး တိရစ္ဆာန်ဖြစ်ရတယ်၊ ဒါဖြင့် တိရစ္ဆာန်တလှည့် နတ်တလှည့်၊ နတ်ပင်ဖြစ်ရသော် လည်း စင်စင်ကြယ်ကြယ်မရှိဘူး၊ တိရစ္ဆာန်တလှည့် ဖြစ်လိုက်၊ နတ်ဖြစ်လိုက် ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီတော့ နတ်ဖြစ်တာက ဖြူသောကံက အကျိုးပေးလိုက် တယ်၊ ဆင်ဖြစ်လိုက်ရတာက သူများ အစီးခံလိုက်ရတာက မဲသောကံ အကျိုးပေးလိုက်တယ်၊ ဒါဖြင့် သူ့ခမြာ တလှဲ့စီ ဖြစ်နေတယ်၊ ကြည့်ကြပေတော့၊ ဧရာဝဏ်နတ်သားရဲ့ ဖြစ်ရတဲ့ ဘဝနော်၊ အဲဒါ အဖြူ-အမဲ ရောသောကံက ပစ်ချပေးလိုက် တယ် ယောဂီတို့၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

လူတွေလဲ အဖြူ-အမဲ ရောသောကံရဲ့အကျိုးတရားဘဲ၊ လူ့ ပြည် လောကမှာ ကြည့်မယ်ဆိုရင်လဲ ရှင်ဘုရင်ရဲ့ စီးတော်

ဆင်၊ စီးတော်မြင်းတွေဟာ အဖြူ-အမဲ ရောသောကံရဲ့ အကျိုးဘဲလို့ မှတ်ပေတော့၊ (မှန်လှပါ ဘုရား)။

ရှင်ဘုရင်ရဲ့ စီးတော်ဆင်ဆိုတော့ ရှင်ဘုရင် ထွက်တော်မူတဲ့အခါလေး အစီး ခံရတာပေါ့ဗျာ၊ တခြား ဆင်တွေလို သစ်ဆွဲဟာ၊ ကုန်တင်ဟာ-ဆိုတဲ့ အလုပ်တွေ ကြမ်းကြမ်းတမ်းတမ်း မလုပ်ရဘူး ဟုတ်ကဲ့လား၊(မှန်ပါ့ ဘုရား)စီးတော်မြင်းတို့ ဆိုလဲ ရှင်ဘုရင်စီးတဲ့ အခါလေးဘဲ အစီးခံရတယ်၊ ကျန်တဲ့အချိန်မှာ ချမ်းချမ်းသာသာ နေရတယ်၊ အခြားမြင်းတွေလို ကုန်တင် လှည်းဆွဲ ကြမ်းတမ်းတဲ့ အလုပ်တွေ မလုပ်ရဘူးပေါ့၊ (မှန်ပါဘုရား)။

အဲဒီတော့ ဆင်- မြင်း- ဖြစ်ရတာ မဲသော ကံအကျိုးပေးလိုက်၍ ဖြစ်ရတယ်၊ သို့သော်လည်း ပင်ပင်ပန်းပန်း မလုပ်ရအောင် ဖြူသောကံက အကျိုးပေးတယ် ရှင်းပြီလား၊(ရှင်းပါပြီဘုရား) သန့်သန့်ရှင်းရှင်း မဟုတ်ဘူးပေါ့နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် အဖြူ-အမဲ ရောသောကံဆိုတာဟာ ဘယ်လိုကံမျိုးလဲလို့ အရှင်ဘုရား ရှင်းပါ ဆိုတော့ ပြုလုပ်တဲ့အကြောင်း တရားအနေနဲ့ ရှင်းကြပါစို့ ယောဂီတို့၊(မှန်လှပါဘုရား)ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေ ရှင်ပြုတယ်-ရဟန်းခံတယ် ထုံးစံအတိုင်း မလုပ်ကြဘူးလား၊ (လုပ်ကြပါတယ် ဘုရား)။

အဲဒီလို ရဟန်းခံ-ရှင်ပြုတွေ လုပ်တော့ ရိုးရိုး မပြုဘဲ ဗျောကလေးကလဲ ပါအုံးမှဘဲ၊ ဆိုင်းကလေးလဲ ထည့်အုံးမှဘဲ၊ အငြိမ့်ကလေးလဲ ထည့်အုံးမှဘဲ၊ အောင်ပွဲခံတဲ့အနေနဲ့

ဇာတ်လဲ ထည့်အုံးမှာဘဲ ဆိုပြီးတော့ တကာ - တကာမတွေ ဒီလိုဘဲ လုပ်ကြတယ်၊ (မှန်လှပါ) အချို့ တောအရပ်တွေမှာ ဆိုရင် အခုနေ့ခေါက်ပိုင်းမှာ ဘုန်းကြီးတို့ကြားရတာပါ၊ မြင်တော့ မမြင်ရပါဘူး၊ ရှင်ပြုတယ်ဆိုရင် ထမင်းချက်တဲ့လူတွေကိုလဲ မီးပူခံနိုင်အောင် သူတို့ကိုလဲ အရက်ပေးရသတဲ့၊ ရှင်လောင်းလှည့်တဲ့လူတွေလဲ နေပူခံဆိုပြီး သူတို့ကိုလဲ အရက်တိုက်ရသတဲ့၊ အဲဒီတော့ အရက်ပွဲကြီး ဖြစ်နေတာပေါ့၊ (မှန်လှပါ)။

အလှူပွဲကြီးတခုမှာ အလှူ့ အမ - အလှူ့ တကာတွေဟာ ရင်တမမနဲ့ ထမင်းချက်တဲ့ ထမင်းရုံကဘဲ သတ်ကြမလား၊ အရက်မူးနေကြတော့ ပြောချင်တာပြော လုပ်ချင်တာတွေ လုပ်နေကြတာပေါ့၊ ရှင်လောင်း လှည့်တဲ့ဆီကဘဲ ရန်ဖြစ်မလားဟဲ့နဲ့ ပူပင်နေကြရတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာ-တကာမတို့ ကြည့်ကြပါအုံး၊ ဗုဒ္ဓဘာသာတွေ လုပ်နေတဲ့ အကြောင်းတရားတွေ တကာ-တကာမတို့ စင်ကြယ်ရဲ့လား၊ (မစင်ကြယ်ပါ ဘုရား) ပြောတော့ အလှူ၊ ပေးနေတာက အရက်ရော ဆိုင်းကောဗုံရော ပြောစရာ မရှိဘူး၊ ပွဲရော အငြိမ့်ရော ဆိုတော့ တကာ-တကာမတို့ ဒီကိသည် မကောင်းမှုတွေ ရောမနေဘူးလား၊ (ရောပါတယ် ဘုရား) ကေန္တ အကျိုးပေးရင်ဘယ်တော့မှ သန့်သန့်ရှင်းရှင်း မပေးတော့ဘူး ဆိုတာမှတ်ပေတော့၊ အဖြူ-အမဲအကျိုး ကိန်းသေလာတော့မှာဘဲ၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် စကားစပ်တဲ့အခါ ဘုန်းကြီးတို့ကလဲ ကရုဏာ မေတ္တာနဲ့ဘဲ တကာ-တကာမတို့ ခင်ဗျားတို့ကို အသိပေးလိုက်ပါတယ်နော်၊ (မှန်ပါ့ဘုရား) ကိုယ်ပြုတာ ကိုယ်ခံဘဲ၊ တိုတိုကတော့ ကိုယ်ပြုရင် ကိုယ်ခံဆိုတာ မှတ်လိုက်တာပေါ့၊ (မှန်ပါ့ဘုရား) ကိုယ်ပြုရင် ဘယ်သူခံရမလဲ၊ (ကိုယ်ခံရပါ့မယ် ဘုရား)။

အခု တကာ-တကာမတို့ ဒီဘဝမှာ ဒီရုပ် ဒီအရည် ဒီအချင်း ဒီသဏ္ဌာန် ဒီအဆင့်အတန်းကို ရနေတာ ဘယ်သူမှ လုပ်ပေးတာ မဟုတ်ဘူး၊ ကိုယ်ပြုခဲ့တာဘဲ အတိတ်က ကိုယ်ပြုလာခဲ့တဲ့အတိုင်း အခုခံစားနေရတာဘဲ၊ ဒါဖြင့်ရင် ယခုလုပ်သမျှ ပြောသမျှ တွေဟာလဲ အကြောင်းကံတွေ ဖြစ်နေတော့ နောင်ကိုလဲ ပြုထားတဲ့အတိုင်း အကျိုးတရားတွေ လာလိမ့်မယ်၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ရှင်တော်ဘုရားသည် အကြောင်းအကျိုး ဟောတာကိုး အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်တယ်၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ငါ့ကြောင့် ဖြစ်တာ သူ့ကြောင့် ဖြစ်တာ ယောက်ျား မိန်းမကြောင့် ဖြစ်တာ နတ်တွေ သိကြားတွေ ဗြဟ္မာတွေကြောင့်ဖြစ်တာလို့ ဒီလို မယူပါနဲ့၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တာတဲ့၊ (မှန်လှပါဘုရား)။

အဲဒါ အကျယ်ချဲ့ပြောရင် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်

အင်္ဂါ ၁၂-ပါးရှိတယ်၊ ဗောဓိပက္ခိယတရား ၃၇-ပါးရှိတယ်၊ ပဋ္ဌာန်း ၂၄-ပစ္စည်း ရှိတယ်လို့ ဒါ ဓမ္မအနေနဲ့ ပုဂ္ဂိုလ်အဗျာသယကိုကြည့်ပြီး မြတ်စွာဘုရားက အမျိုးမျိုးဟောပါတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် သဘောတရား တရားသဘောသာ ရှိတယ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်လို့ ရှင်တော်ဘုရား မြင်တော်မူပါတယ်။

ဒါကြောင့် ယောဂီတို့ ကုသိုလ်ကောင်းမှုပြုတယ် ဆိုပေမယ်လို့ ရှေ့ဆောင်လမ်းပြ အမှန်အတိအကျ ဆုံးမပေးမဲ့ ဆရာသမား မရှိရင် ခင်ဗျားတို့ရမဲ့အကျိုးဟာ ကြောက်စရာကြီးဘဲ၊ ကိုယ့်အပြစ်တွေကိုယ်ခံဘို့ အပြစ်ရှာတာနဲ့တူပါတယ်နော်၊ (မှန်ပါဘုရား)။

တနည်းအားဖြင့် ရှင်းအောင် ပြောရရင် မကောင်းကျိုးတွေ ဝယ်ယူတာနဲ့ တူတယ်ဗျား၊(မှန်ပါဘုရား)ဒီငွေဟာ ပေါ့ပေါ့နဲ့ ရထားတဲ့ငွေ မဟုတ်ပါဘူး၊ နဖူးကချွေး ခြေမ, ကျ-ဆိုသလို ကိုယ်နဲ့ရင်းနှီး ချွေးနဲ့သွေးနဲ့ရင်းနှီး ရှာဖွေထားရတဲ့ ပစ္စည်းနဲ့ငွေတွေဘဲ၊ အဲဒီလို ပင်ပင်ပန်းပန်း ရှာထားရတဲ့ပစ္စည်းတွေ ငွေတွေကို လှူတဲ့ ဒါန်းတဲ့ စွန့်ကြဲတဲ့အခါမှာ မသန့်မရှင်းဖြစ်တော့ ဒီမသန့်မရှင်းတာတွေက နောက်က လိုက်ပြီး အကျိုးပေးတယ်၊ (မှန်ပါ ဘုရား) ပြီး-ပြီးရောလို့ ဒီလို မမှတ်ပါနဲ့၊ (မှန်လှပါ)။

မပြီးတာကို သာဓကထုတ်ပြရရင် လှူသတ်ပြီး တောခိုနေတဲ့လူဟာ တောခိုနေလို့ ဒီအမှု ပြီးရောတဲ့လား၊ (မပြီး

ပါဘုရား) တောထဲမှာ ၉-နှစ်, ၁၀-နှစ် ရှောင်နေတယ် ထားပါတော့ နောင် ဒီအမှု ပေါ်ပေါက်ထာနဲ့တပြိုင်နက် အဖမ်းခံရမှာဘဲ၊ အဖမ်းခံရပြီး ရုံးတင်စစ်ဆေးကာ တကျွန်းတန် တကျွန်း၊ ဒါမှမဟုတ် ကြိုးတန်ကြိုး မခံရဘူးလား၊ (ခံရပါတယ်ဘုရား)။

ပုန်းရှောင်နေလို့ တကာ-တကာမတွေ လွတ်ကရောလား၊ (မလွတ်ပါဘုရား) ကိုယ်ပြုထားတဲ့အမှုတခုဟာ ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူးနော်၊ (မှန်ပါ့ဘုရား) ကောင်းကင်တက် နေနေ၊ မြေကြီးထဲ ဝင်ပုန်းလို့ နေနေ၊ ဘယ်မှာနေနေ ဘယ်တော့မှ မလွတ်ဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ရှင်တော်ဘုရား လက်ထက်က ကျီးကန်းလေး တကောင်ဟာ ကောင်းကင်မှာ ပျံသန်းနေရင်းမတ်တတ် တမင်းချက်နေတဲ့ အိမ်တဆောင်က မီးပိုထဲမှနေပြီး မီးလောင်လို့ အိမ်ခေါင်ကို မီးစွဲတော့ အိမ်ခေါင်မိုးက မြက်မီးကွင်းကြီးတခု မီးတောက်ပြီး ကောင်းကင်ပေါ်သို့စင်ထွက်၍ ပျံသန်းနေတဲ့ ကျီးကန်းကလေးရဲ့လည်ပင်းမှာစွပ်ပြီး မီးလောင်ကာ ကောင်းကင်မှာ ပျံသွားနေရင်းက မြေမှာကျပြီး သေရတယ်။

အဲဒါ ရဟန်းတွေကမြင်တော့ ဘုရားရှင်အား လျှောက်တယ်၊ ဒီ အကုသိုလ် တယ်ကြီးပါကလား၊ ကောင်းကင်မှာ သူ့ဟာသူ ပျံသန်းသွားနေတုန်း လည်ပင်း မီးကွင်းစွပ် သေရတယ်၊ ဘာကြောင့် ပါလဲ ဘုရားလို့ ဘုရားရှင်ထံ လျှောက်တဲ့ အခါ ဘုရားရှင် ကိုယ်တော်မြတ်က အတိတ်အကြောင်းကို ဟောပါတယ်၊ (မှန်လှပါဘုရား)။

ဒီကျီးကန်းကလေးဟာ ရှေးအတိတ်ဘဝက လယ်သမား တယောက်ဖြစ်ပြီး နွား ၂-ကောင်နဲ့ လယ်ထွန် နေတယ်၊ နွားတကောင်က တယ်ကပ်တဲ့နွား ကောင်းကောင်းမရုန်းဘဲ မကြာမကြာ ဝပ်တတ်သတဲ့၊ ဘယ်လိုရိုက်ရိုက် မရဘူးတဲ့၊ ဒါနဲ့ဘဲ တနေ့ကျတော့ လယ်သမားက စိတ်ဆိုးပြီး အဲဒီနွား ကို ခြေရော လက်ရောတုတ်ကာ ကောက်ရိုးတွေပုံပြီး မီးရှို့ သတ်ခဲ့တာကိုး၊ အဲဒီအကုသိုလ်ကံကြောင့် ယခုကျီးကန်းလာ ဖြစ်တဲ့ ဘဝမှာ ကောင်းကင်မှာ ပျံသန်းနေရင်း လည်းပင် မီးကွင်းစွပ် ခံရပြီး သေရပါတယ်တဲ့၊ (မှန်လှပါ)

ဒါကြောင့် မိမိပြုခဲ့တဲ့အမှုဟာ ကောင်းကင်မှာနေပေမဲ့ မလွတ်ဘူး၊ ဒီဘဝမှာ ငါကောင်းကောင်း နေတာဘဲ၊ ငါ ဘာမှ မကောင်းတာ ပြုတာမှမဟုတ်ဘဲ ဆိုပြီးတော့ ဒီလိုဘဲ သွားမတွက်လိုက်နဲ့၊ ဘယ်တော့မှ မကောင်းကျိုး မလာတော့ ဘူးလို့ မထင်ပါနဲ့၊ ဘာကြောင့်လဲဆိုတော့ တကာ-တကာမ တို့ ဘုန်းကြီးတို့ ဒီရုပ်နာမ် ၂-ပါးဟာ အစမထင် သံသရာက ကြောင်းကျိုးဆက်ပြီး လာခဲ့တယ်၊ မနေ့တနေ့ကမှ ဖြစ်လာ တဲ့ ကြောင်းကျိုးကင်းတဲ့ ရုပ်နာမ်မဟုတ်ဘူးနော်၊ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဇေတဝန်ကျောင်းမှာ ဖြစ်ရတဲ့ သာကေတခု ဟောပြအုံးမယ်၊ ဥပါသကာကြီး တယောက်ဟာ ဥပုသ်စောင့် တရားများ နာယူပြီး အိမ်မပြန်ဘဲ 'ညဘက် ကျောင်းမှာ အိပ်တယ်၊

မိုးလင်းခါနီးတော့ ရေကန်မှာ သွားပြီး မျက်နှာသစ်တယ်တဲ့၊ ၊ရေကန်ကလဲ ကျောင်းအပြင်မှာကိုး။

အဲဒီလို မျက်နှာသစ်နေတုန်း မြို့ထဲကလဲ သူခိုးလိုက်လာကြတယ်၊ ပစ္စည်းထုပ် ထမ်းလာတဲ့ သူခိုးက ကျောင်းဘက်ပြေးလာတယ်၊ ပြေးလာပြီး မျက်နှာသစ်နေတဲ့ ဥပုသ်သည်တကာကြီးနောက်မှာ ခိုးလာတဲ့ အထုပ် အသာကလေးချပြီး သူက တဘက်ကို ဖြတ်ပြေးတယ်၊ နောက်က တုတ်တွေ ဒါးတွေ လှံတွေနဲ့ လိုက်တဲ့လူတွေက ဟ-သူခိုး ဒီဘက်ပြေးတယ် ဆိုပြီး လိုက်လာတော့ အထုပ်နဲ့ ဥပုသ်သည်ကြီးကို သွားတွေ့ကြတယ်၊ ဒီကောင်ဘဲကွာ ဆိုပြီး ရိုက်လိုက်ကြတာ သေရောတဲ့၊ (မှန်လှပါ)။

ကျောင်းတိုက်က ရဟန်းတော်တွေက ဒါယကာကြီး သေနေတာ တွေ့ရတော့ အံ့အားသင့်ပြီး ဘဲ့နဲ့လဲ ဒီတကာကြီး ညက ဒို့နဲ့ ကျောင်းမှာ အတူတူအိပ်တယ်၊ မနေ့ကလဲ တနေ့လုံး ဥပုသ်စောင့်တယ်၊ သူ့မှာလဲ တသက်လုံးခိုးတာ တိုက်တာလဲ မရှိဘူး၊ ဘုရားတကာ ကျောင်းတကာကြီးဘဲ ဖြစ်မှ ဖြစ်ရလေတယ်၊ ဒီ အကျိုးအကြောင်းကို ရှင်တော်ဘုရားကို လျှောက်မှဘဲဆိုပြီး ရှင်တော်ဘုရားထံ လျှောက်ထားကြတယ်။

ဒီတော့ ရှင်တော်ဘုရားက ချစ်သားတို့တဲ့- ချစ်သားတို့က သူ့ရဲ့အကြောင်းကို ဒီဘဝသာ သိတာကိုးတဲ့၊ အတိတ်ဘဝတုန်းက သူပြုလာတဲ့ သူ့ကံအတိုင်း သူခံရပါတယ်လို့

ဘုရားရှင်က အတိတ် အကြောင်းကို ဟောတော်မူတယ်၊ (မှန်လှပါ ဘုရား)။

အတိတ် ဘဝတုန်းက တိုတိုဘဲ ပြောရရင် သူက ကင်းလှူကြီးတယောက် ဖြစ်ခဲ့ပါတယ်၊ ကင်းလှူကြီးဆိုတာ တမြို့နဲ့ တမြို့ကြားမှာ တောတန်းကြီး တခုရှိတယ်၊ အဲဒီတောတန်းကြီးထဲ ဖြတ်သွားရင် ဒါးပြက သိပ်တိုက်တယ်၊ တိုက်တာနဲ့ အစိုးရက တောတန်းရဲ့ ဟိုဘက်ထိပ် ဒီဘက်ထိပ်မှာ ရဲအစောင့်အရှောက်နဲ့ တာဝန်ချထားတယ်၊ဒီတောကို ဖြတ်ရင် မင်းတို့လိုက်ပို့ကြ၊ သူခိုး ဒါးပြ သူပုန်တွေ မတိုက်နိုင်အောင် လိုက်ပို့ကြဆိုပြီး တောစပ်ကနေပြီး ကင်းတဲ ချထားတယ်၊ အဲဒီကင်းတဲမှာ သူက အကြီးအမှူးဖြစ်တယ်။

အဲဒီလို ကင်းမှူးဖြစ်၍ ကင်းစောင့်နေတုန်း တနေ့သောအခါ ခရီးသွားလိုကြတဲ့ အမျိုးသားနဲ့ အမျိုးသမီး ကလေး ၂-ယောက် လှည်းယာဉ်ကလေး တစီးနဲ့ လာတဲ့ အခါ သူ့ကင်းတဲနား ရောက်လာတယ်၊ ဒီအမျိုးသမီးကလေး အပေါ် သူ့စိတ်ထဲက သဘောကျနေပြီ၊ ဒီအမျိုးသမီးကလေး ငါရရင်တော့ တော်လေရဲလို့ သူ့စိတ်ထဲမှာစွဲနေတယ်တဲ့။

ခရီးသည် အမျိုးသားက နောင်တော်ရယ် ကျွန်တော်တို့ ဒီတောတန်းကို ဖြတ်သွားပါရစေ၊ လိုက်ပို့ပေးပါလို့ ပြောတော့ ဟေ့-အချိန်မရှိဘူး၊ ဒို့ လိုက်မပို့နိုင်ဘူးဟု ပရိယာယ်ဆင်တယ်၊ သူ့ကိုသတ်ပြီး သူ့ အမျိုးသမီးကို သူယူမလို့၊ (မှန်လှပါ)။

ဟော့-မပို့နိုင်ဘူး အချိန် မရှိဘူး၊ မဟုတ်ပါဘူးဗျာ အချိန် ရှိပါသေးတယ်၊ ဟာ-မပို့နိုင်ဘူး၊ မပို့နိုင်ရင် ကျွန်တော်တို့ ဘယ်မှာ အိပ်ရမှာလဲလို့ မေးတော့ ငါ့အိမ်ရှိတယ်၊ငါ့အိမ်မှာ ဘဲအိပ် ငါ့အိမ်မှာဘဲတဲ့ ညတည နေတာပေါ့၊ နံနက် မိုး လင်းတော့ လိုက်ပို့မယ်ဆိုတော့ သူတို့ချည်းဘဲလဲ ဖြတ်မသွား ရဲတော့ သူ့အိမ်မှာဘဲအိပ်ရတယ်တဲ့၊ (မှန်လှပါ)။

ညကျတော့ အိမ်က ပတ္တမြား လက်စွပ်ကို လှည်းပေါ်မှာ တင်ပြီး ဝှက်ထားတယ်တဲ့၊ နံနက် မိုးလင်းတော့ အိမ်မှာ လက်စွပ် ပျောက်ပါတယ်၊ ကေန္တ ညကအိပ်တဲ့ လှည်းသမား လင်မယားတို့ ခိုးမှာဘဲဟော့၊ ခရီးထွက်သွားတဲ့ လှည်းသို့လိုက် ပြီးရှာကြစမ်းဆိုတော့ အမှီလိုက်ပြီး လှည်းပေါ်မှာရှာတော့ တွေ့ရော၊တွေ့တော့ကာ မင်း ကျေးဇူးမသိတတ်တဲ့ အကောင် ဆိုပြီး ရိုက်သတ်လိုက်တာ အမျိုးသားလေး သေတော့မှ ဒီ အမျိုးသမီးလေးကို သူက သိမ်းပိုက်တာကိုး၊ (မှန်ပါ့ ဘုရား)။

အဲဒီတော့ အဲဒီအကုသိုလ်ကံ လိုက်လာတာကွယ်တဲ့၊ဒီဘဝ မှာ ဥပါသကာကြီး တယောက်ဖြစ်၍ ဘုရားဒကာ ကျောင်း ဒကာ ဥပုသ်စောင့်ပြီး ကျောင်းမှာအိပ်၊ တရားတွေနာနေ သူဖြစ်၍ အပြစ်မရှိခဲ့သော်သည်း အတိတ်က ပြုခဲ့တဲ့ မိမိ၏ အကုသိုလ်ကံအား လျော်စွာ အကြောင်းတရားကြောင့် ဒီမှာ သူခိုး အထင်ခံရပြီး အရိုက်သတ် ခံရတဲ့ အကျိုးရတယ်လို့ မြတ်စွာဘုရားက ဟောတယ် ယောဂီတို့၊ (မှန်ပါဘုရား)။

အဲဒါဘယ်သူပြုတာလဲဆိုတော့ ကိုယ်ပြုခဲ့တာဘဲ၊ ရှင်းကြ ပြီလား၊ (ရှင်းပါပြီဘုရား) ဘယ်နေရာမှာသွားနေလို့မှ မရဘူး

နော်၊ ကိုယ်လုပ်ထားတဲ့ အပြစ် ကိုယ်ခံရမှာဘဲ၊ တိုတိုကလေး မှတ်လိုက်စမ်း၊ ဒို့တော့ ဒီဘဝမှာ မကောင်းလဲ မကြံပါဘူး၊ မကောင်းလဲ မလုပ်ပါဘူး၊ ဘေးတွေ အန္တရာယ်တွေ အမျိုးမျိုး မတွေ့နိုင်တော့ဘူးလို့ ဒီလိုလဲ တထစ်ချ မှတ်ထားလို့ မရဘူး၊ အတိတ်က ကိုယ် ဘယ်လို ပြုလာသလဲဆိုတာ မသိပါဘူး ယောဂီတို့နော်၊ (မှန်လှပါ ဘုရား)။

ဒါကြောင့် တိုတို မှတ်ရမှာက ကိုယ်ပြုတဲ့ ကံ ကိုယ်ခံရလိမ့်မယ်၊ ဒါလေး မှတ်လိုက်ပါ၊ (မှန်ပါ့ဘုရား) ကိုယ်ပြုတဲ့ အပြစ်ဒဏ် ကိုယ် ခံရလိမ့်မယ်ဆိုတာ မမေ့ပါနဲ့။ အတိုချုပ်က "ကိုယ်ပြု-ကိုယ်ခံပေါ့ဗျာ" ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် အဖြူ-အမဲ ရောသော စေတနာသည် အဖြူ-အမဲ ရောသောအကျိုးကို ပေးတယ်လို့ မှတ်လိုက်ပါ၊ သို့ဖြစ်၍ လူတဲ့ ဒါန်းတဲ့အခါ အဖြူထဲကို အမဲ မရောပါစေနဲ့၊ရောရင် ဒီအမဲက ဘဝများစွာမှာလိုက်ပြီး မဲသောအကျိုး ပေးလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ပါနော်၊ (မှန်ပါ့ဘုရား)။

ကဲ-ဒါဖြင့် မဲသောကံသည် မဲသောအကျိုး၊ ဖြူသောကံသည် ဖြူသောအကျိုး၊ အဖြူ-အမဲ ရောသောကံသည် အဖြူ-အမဲရောသော အကျိုးပေးတယ်ဆိုတာ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဖြူ-အမဲ မရောသော ကံသည် အဖြူ-အမဲ မရောသော အကျိုးကို ပေးပါတယ်လို့ မြတ်စွာဘုရားက ဟောလိုက်တယ်၊ ဒါဖြင့်အဖြူ-အမဲ မရောသော ကံသည် ဘယ်လိုကံမျိုးလဲဆို

တော့ သေသေချာချာ မှတ်ပေတော့၊ အခု ယောဂီတို့ အားထုတ်နေတဲ့ ဝိပဿနာကံ မဂ်လေးပါးနှင့်ယှဉ်တဲ့ မဂ်စေတနာကံလို့မှတ်လိုက်ပါ၊ (မှန်ပါ့ဘုရား)။

အဖြူ အမဲ မရောသောကံသည် ဝိပဿနာကံ မဂ် စေတနာကံ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဘယ် ကံပါလိမ့်၊ (ဝိပဿနာကံ မဂ်စေတနာကံပါဘုရား)။

ဝိပဿနာ ကံကလဲ အဖြူ-အမဲ ရောတဲ့ အကျိုး မပေးတော့ ဘူးတဲ့ "ဝိပဿနာ သမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကဍ္ဎတိ"တဲ့ မြန်မာ လိုပြောလိုက်တော့ ဝိပဿနာ-ကုသိုလ်ကံ၊ (ဝါ) သမ္မာဒိဋ္ဌိ ဉာဏ်သည် ပဋိသန္ဓေနောက်ဘဝတခုရအောင် ဒီကံကအကျိုး မပေးဘူးတဲ့၊ ဒါဖြင့် ဘာပေးမှာလဲလို့ ဆိုတော့ တိုတိုမှတ် တော့ ယောဂီတို့ အဖြူအမဲ မရောသော ဝိပဿနာဉာဏ် ဝိပဿနာကံက မဂ်ဉာဏ်အကျိုးကို ပေးလိမ့်မယ်တဲ့၊မဂ်ကံလေး ခုက ဖိုလ်ဉာဏ်လေးခု အကျိုး ပေးပါလိမ့်မယ်၊ နိဗ္ဗာန်ဆိုတဲ့ အကျိုးများကို ပေးပါလိမ့်မယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် အဖြူလဲမဟုတ်၊ အမဲလဲမဟုတ်၊ အဖြူ အမဲကော ရောနေသလား၊ (မရောပါဘူးဘုရား) နိဗ္ဗာန်ဆို တာ အင်မတန် သန့်ရှင်းစင်ကြယ်သော အေးငြိမ်းတဲ့ဓာတ်ဘဲ လို့ မှတ်ပါ၊ (မှန်ပါ့ဘုရား)ဒါကြောင့်အဖြူအမဲ မရောသော ကံသည်ကား ဝိပဿနာကံ မဂ်ကံ ဝိပဿနာဉာဏ် မဂ်ဉာဏ် လို့ မှတ်ပါ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ယောဂီတို့ အခု အားထုတ်နေတာဟာ ဘာကံလဲ၊ (အဖြူအမဲ မရောသောကံပါ ဘုရား) ဒါဖြင့် ဘယ်ကဲ့သို့ အကျိုးရမယ်၊ (အဖြူအမဲ မရောသော အကျိုးရပါမယ် ဘုရား) နိဗ္ဗာန်တည်းဟူသော အဖြူအမဲ မရောသော အကျိုးရလိမ့်မယ်ဆိုတာ ယုံပေတော့၊ (မှန်လှပါဘုရား)။

အဲဒီတရားကို ပုဏ္ဏနဲ့ သေနိယတို့အား ဟောလိုက်တဲ့အခါကျတော့မှ ပုဏ္ဏ,သေနိယတို့က မြတ်စွာဘုရား တပည့်တော်များ မသိလို့ နွားလို ခွေးလို ကျင့်မိခဲ့ပါတယ်၊ အခု မြတ်စွာဘုရားဟောပြလို့ အကြောင်းနဲ့အကျိုး ကောင်းစွာ နားလည်ပါပြီ ဘုရား၊ ဒီအယူကိုစွန့်ပြီး မြတ်စွာဘုရားနှင့် တရားသံဃာကို အားကိုးပါတယ် ဆည်းကပ်ပါတယ်လို့ လျှောက်ထားကြတယ်။

သေနိယကတော့ သာသနာတွင်းသို့ ဝင်လိုပါတယ်လို့ လျှောက်ထားတယ်၊ ဒီတော့ မြတ်စွာဘုရားက ဝင်လိုက ဝင်ရပါတယ်၊ ဒါပေမဲ့ မိစ္ဆာဒိဋ္ဌိဘောင် အယူမှားတဲ့ ဘဝမျိုးက ငါဘုရားရဲ့ သာသနာကို ဝင်၍ ရဟန်းပြုချင်တယ်ဆိုရင် လေးလတိတိ ပရိဝါသ် နေရတယ်တဲ့၊ လေးလ တိုင်တိုင် ကျင့်သုံးပြီးသူကိုမှ ရဟန်းသံဃာတော်များက ကျေနပ်လောက်ပြီ နှစ်သိမ့်လောက်ပြီ ယုံကြည်လောက်ပြီ ဆိုတဲ့အခါမျိုးကျမှ သာသနာတွင်းကို သွင်းပေးတယ်တဲ့၊ ယခုချက်ချင်း ဒိဋ္ဌိဘောင်က ဝင်လာတဲ့ပုဂ္ဂိုလ်ကို ချက်ချင်း ရဟန်း ပြုမပေးဘူးဟု ဘုရားက ဟောလိုက်တယ်၊ (မှန်ပါ ဘုရား)။

ဟောလိုက်တော့ မြတ်စွာဘုရား-ဘုရားတပည့်တော်သည် အရှင်ဘုရား၏ သာသနာထဲ ဝင်ရမယ်ဆိုရင် လေးလ မှ,က ပါဘူး၊ လေးနှစ် ကျင့်သုံးပါမယ်တဲ့၊ လေးနှစ်လွန်မြောက်တဲ့ အခါမှာ သာသနာတော်ထဲ ဝင်ရရင် ကျေနပ်ပါပြီလို့ အင်မတန် ဆန္ဒပြင်းပြစွာနဲ့ လျှောက်ထားပါတယ်။

ဤကဲ့သို့လျှောက်တဲ့အခါကျတော့ ကောင်းပြီတဲ့ "ပုဂ္ဂလ ဝေမတ္တတာ"လို့ မြတ်စွာဘုရား ဟောပါတယ်၊ မြန်မာလို ပြန်လိုက်တော့ လေးလ ကျင့်သုံးရမယ်ဆိုတာ ကျင့်သုံးသူရဲ့ စိတ်ဆန္ဒပေါ်မှာ အခြေခံပြီးတော့ ငါဘုရားပြောတာပါ တဲ့၊ အင်မတန် လိုလားလို့ အင်မတန်ဘဲ သာသနာတော် ယုံကြည်ကိုးစားတဲ့ပုဂ္ဂိုလ်ကျတော့လဲ လေးလတိုင်တိုင် ကျင့် သုံးနေဘို့ မလိုပါဘူးလို့ ဟောပြပြီးတော့ ရဟန်းတပါးကို ခေါ်တော်မူ၍ သေနိယအား ရှင်ရဟန်းပြုစေပါတယ်။

ဤကဲ့သို့ ရဟန်းပြု၍ ရဟန်းအဖြစ်ကို ရပြီး တရား အားထုတ်လိုက်တာ မကြာမီဘဲ ရဟန္တာဖြစ်သွားပါတယ်၊ "ကတံ ကရဏီယံ"ပြုဘွယ်ကိစ္စ မှန်သမျှအားလုံး ပြုပြီးသား ဖြစ်သွားတယ်၊ ရဟန်းကိစ္စ ပြီးသွားသတဲ့၊ နောက်ထပ်ပြီး အားထုတ်စရာ မလိုတော့ဘူးပေါ့၊ ကဲဒါဖြင့် ရဟန္တာ ဖြစ် သွားတယ် ဆိုပါတော့၊ (မှန်ပါ့ဘုရား)။

ဒီဝတ္ထုကလေးကို ထုတ်ဟောနေတာ တခြားမဟုတ်ဘူး၊ "ပုထုဇ္ဇနော ဥမ္မတ္တကော"ပုထုဇဉ်ဆိုတာ အရူးဘဲ၊ ပုထုဇဉ် ဆိုတာ ရင်ထဲမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတဲ့ သူဘဲ၊ ဘုန်းကြီးလဲ ပုထုဇဉ်ဘဲ၊ လူလဲ ပုထုဇဉ်ဘဲ၊ နတ်လဲ ပုထုဇဉ်ဘဲ၊

ဖြဟ္မာလဲ ပုထုဇဉ်ဘဲ၊ ရင်ထဲသို့ အရိယာတို့ရဲ့ သိသင့် သိထိုက်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရောက်သေးရင် ဒါ ပုထုဇဉ်လို့ခေါ်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီလို ပုထုဇဉ်ဘဝနဲ့ ဒီ သံသရာစက်ကြီးထဲမှာ ပြေးသွားနေရတာ တဘဝနဲ့ တဘဝ ကူးသွားနေရတာ ယောဂီတို့ စိတ်မချရဘူး၊ ဘာ စိတ်မချရသလဲဆိုတော့ ဒီမှာကြည့်၊ သေနိယဟာ ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ် မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) ဘုရားနဲ့မတွေ့ခင် သူ ခွေးလိုကျင့်နေတယ်၊ အာသဝေါကုန်ခန်း၍ ဘုရားနဲ့တွေ့တော့ ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ်ကြီးတောင် တရားမှန်မသိတဲ့အတွက် တရားမှန်မရတဲ့အတွက် ယောဂီတို့ ထင်မိထင်ရာ ခွေးလိုကျင့်နေရတယ်၊ ရှင်းပြီလား ယောဂီတို့၊ (ရှင်းပါပြီဘုရား)။

ဟိုဘဝ . ဒီဘဝတော့ ထည့်မတွက်နဲ့တော့၊ ဒီဘဝမှာကို ဘုရားနဲ့တွေ့ရတော့မယ်၊ တွေ့ပြီးရင် ဘုရားရဲ့တရားတော်ကို နာပြီး၍ လက်ခံပြီးသောအခါ သာသနာဝင်ပြီး ရဟန္တာဖြစ်တော့မည့်ပုဂ္ဂိုလ်ကြီး၊ အဲဒီပုဂ္ဂိုလ်ကြီးတောင် ဘုရားနဲ့တွေ့တဲ့အချိန်အထိ အယူမှားပြီး သူ ခွေးလိုကျင့်နေခဲ့တယ်၊ စဉ်းစားကြည့်ကြပေတော့၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ အထူးတိုက်တွန်းလိုတာကတော့ ဒီအချိန်ဟာ အချိန်ကောင်းဘဲ၊ နိဗ္ဗာန်တံခါးပွင့်နေတဲ့အချိန်၊ မဂ်တံခါး ဖိုလ်တံခါးတွေ ပွင့်နေတဲ့အချိန်၊ မဂ်လမ်းကြီးဖွင့်နေတဲ့အချိန်၊ ခင်ဗျားတို့မှာလဲ လူ့ရုပ်နာမ်ကို ရပြီး သကာလ တရားတော်တွေကို နာကြားရလို့ အမှားအမှန်

ဝေဖန်ပြီး သိနိုင်တဲ့အချိန်မျိုးမှာ ဒီလောက်ကောင်းတဲ့အချိန် နောက်ထပ်ရနိုင်ဘို့ မလွယ်တော့ဘူး၊ ဒါကြောင့် ဒီအချိန် ဒီအခါမှာ မရမနေ အားထုတ်ဘို့ ခင်ဗျားတို့တာဝန်ဘဲ၊ (မှန်ပါ့ဘုရား)။

ဒီအချိန်ကိုလက်လွှတ်သွားရင် ခင်ဗျားတို့ဘဝ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ သေရင် ဘယ်သွားကြမလဲ၊ (မသိပါဘူး ဘုရား) ဒီလောက်ဆိုရင် ကိုယ့်ဟာကိုယ် စဉ်းစားကြပေါ့၊ သေမှာကလဲ ဧကန္တဘဲ၊ ဒီလင် ဒီသား ဒီပစ္စည်းတွေနဲ့ ကျိန်းသေပေါက် ခွဲပြီး တယောက်ထဲ သွားရမယ်ဆိုတာ သေချာပါတယ်၊ (မှန်လှပါဘုရား)။

သေပြီးရင် နတ်ပြည်လား ဗြဟ္မာပြည်လား လူ့ပြည်လား၊ သို့မဟုတ် ငရဲလား ပြိတ္တာလား တိရစ္ဆာန်လား၊ အသူရကာယ်လားလို့ ဘယ်သူ သိသလဲ၊ (မသိပါဘူးဘုရား) ဘယ်သူမှ မသိဘူး၊ (မှန်လှပါဘုရား)။

အပါယ်လေးပါးကို ချနေတာကလဲ မကောင်းတဲ့ဒိဋ္ဌိနဲ့ တွဲတဲ့စေတနာက ချနေတယ်၊ ကံမဲက တွန်းချနေတာ မဟုတ်လား၊ (မှန်ပါ့ဘုရား) အဲဒီကံမဲကလဲ သူ့ချည်းဘဲ မတတ်နိုင်ဘူး၊ သူ့မှာ ဆရာရှိတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

အဲဒီဆရာဟာ တခြားမဟုတ်ဘူး၊ ဒိဋ္ဌိဘဲ၊ အတ္တဒိဋ္ဌိလို့လဲ ခေါ်တယ်၊ သက္ကာယဒိဋ္ဌိလို့လဲ ခေါ်တယ်၊ အတ္တာနုဒိဋ္ဌိလို့လဲ ခေါ်တယ်၊အဲဒါဘာလဲ၊ငါ မဟုတ်ဘဲ ရုပ်တရားနာမ်တရားကို အတ္တ ငါ သူ ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းနေတဲ့ အစွဲကြီးဘဲ၊ အဲဒါ ဒိဋ္ဌိဘဲ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒီနေ့ ကံ ၄-ပါးကိုလဲ ရှင်းလိုက်ပြီနော်၊ (မှန်ပါ ဘုရား) ရှင်းပြီးသကာလ ဒီကံမဲသည် ဘယ်ကို ပို့တယ်၊ (အပါယ်လေးပါးပါ ဘုရား) ဖြူသောကံက (ပြဟ္မာပါ ဘုရား) အဖြူအမဲ ရောသော ကံက၊ (အဖြူအမဲ ရောသော အကျိုးပါဘုရား) အဖြူအမဲ မရောသော ကံက၊ (အဖြူအမဲ မရောသော နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကိုရောက်အောင် ပို့ပေး ပါတယ် ဘုရား)။

ဒါကြောင့် အဖြူအမဲ မရောသောကံ ဝိပဿနာကံ မဂ်ကံလို့ သေသေချာချာ မှတ်ကြပေတော့၊ ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့မှာ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာကို လိုချင်ပါတယ် ဆိုရင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဝိပဿနာကံ မဂ်ကံမှတပါး အားကိုးစရာ မရှိ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကံ ၄-ပါးတွင် အားကိုးရာကံ ပေါ်လာပြီ လား၊ (ပေါ်လာပါပြီ ဘုရား) ဘယ်ကံကို အားကိုးရမလဲ၊ (အဖြူအမဲ မရောသော ကံပါ ဘုရား) ဒါဖြင့် အားမကိုးရမဲ့ ကံကတော့၊ (ကံမဲ ကံဖြူ-အဖြူ အမဲ ရောသော ကံပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဘုရားရှင် ဟောပေလို့ သိရတယ်၊ သို့မဟုတ်ရင် ကံမဲ အားမကိုးရရင် ကံဖြူလေး ဟုတ်လှပြီဟု အားကိုးမိတယ်၊ အားမကိုးဘူးလား၊ (ကိုးမိပါတယ် ဘုရား) ရှာရဖွေရတယ်၊ တရားမနာနိုင်သေးဘူး၊ အားမထုတ်နိုင်သေးဘူး၊ဒါမှ လူရေး တန်းရေးအတွက် ကိုယ်လုပ်မှ ကိုယ်ရမှာကိုး၊ ဒါ ကံဖြူ အားကိုးပြီး ပြောနေတာနော်၊ (မှန်လှပါဘုရား)။

ကဲ - ဒါကြောင့် နောက်အကြိမ်ကျမှ ဒီကံလမ်းကနေ ဉာဏ်လမ်း တက်ပုံကို အသေအချာ ဟောပြပေးအုံးမယ်နော်၊ (မှန်ပါ့ ဘုရား) ဝိပဿနာဉာဏ်အမြင်က ဒီလောကကြီးကို ဘယ်လိုမြင်တယ် ဒိဋ္ဌိအမြင်က ဘယ်လိုမြင်နေတယ်၊ ဘာ ကြောင့် ကံအားကိုးနေကြတယ်ဆိုတာ နောက်အကြိမ်ကျရင် ဘုန်းကြီး ရှင်းပေးမယ်နော်၊ (မှန်ပါ့ဘုရား)။

ကဲ ဒီအကြိမ်တော့ဖြင့် ကံလေးမျိုးကိုလဲ အသေအချာ မှတ်ပါ၊ အားကိုးရမဲ့ ကံနဲ့ အားမကိုးရမဲ့ ကံလဲ သေသေ ချာချာမှတ်ပါ၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ခန္ဓာ ပြန်လှည့်ကြည့်၊ ဒိဋ္ဌိကို ခွါကြစို့၊ အပါယ်လေးပါးကို တွန်းချနေတယ်ဆိုတာ အတ္တ ဒိဋ္ဌိပါဘဲ၊ အတ္တဒိဋ္ဌိဆိုတာ ရုပ်တရား နာမ်တရားကို အတ္တဘဲ ငါ-သူ-လူ-နတ်-ဗြဟ္မာဘဲဟူ၍ စွဲလမ်းနေသော အမှားစွဲလို့ မှတ်ပါနော်၊ (မှန်ပါ့ဘုရား) အဲဒါ အမှန်မသိလို့ အမှားကို စွဲလမ်းနေတာပေါ့၊ (မှန်ပါ)။

ဒါကြောင့် ယောဂီတို့ခန္ဓာကိုယ်မှာ မျက်စိ - နား-နှာ- လျှာ - ကိုယ်- ဟဒယနှလုံးအိမ်လို့ ၆-မျိုး ဘုန်းကြီး တရား ပွဲတိုင်း ရှင်းပေးခဲ့တယ်၊ ခင်ဗျားတို့ ခန္ဓာမှာ ရုပ်နာမ်ဘဲ ရှိတယ်၊ ရုပ်က မျက်စိရုပ် နားရုပ် နှာရုပ် လျှာရုပ် ကိုယ်ရုပ် နှလုံးသားရုပ် ဘယ်နှစ်မျိုးရှိပြီလဲ၊ (ခြောက်မျိုးပါ ဘုရား) ခြောက်မျိုးစလုံး ပေါင်းလိုက်တော့၊ (ရုပ်တခုတည်းပါ ဘုရား) ရုပ်တရား ရုပ်စု ရုပ်ကြီးပေါ့ ရှင်းပြီလား၊ (ရှင်း ပါပြီ ဘုရား)။

ကဲ နာမ်နဲ့ ပတ်သက်ပြီး စိတ်ကလေးနဲ့ ပတ်သက်၍ ဆိုကြ"မြင်စိတ် - ကြားစိတ်- နံစိတ်-စားစိတ်-ထိသိစိတ်-ကြံသိစိတ်" ဘယ်နှစ်မျိုး၊ (ခြောက်မျိုးပါဘုရား)အဲဒီခြောက်မျိုးမှာ ငါးမျိုး ဟောခဲ့ပြီ၊ ဒီနေ့ သိစိတ်ကလေး ပေါ်လာပုံကလေးကို ရှင်းပေးလိုက်မယ်နော်၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ခန္ဓာကိုယ်မှာ ရင်ထဲ၌ နှလုံးအိမ် နှလုံးသားဆိုတဲ့ရုပ်ဝတ္ထုရှိတယ်၊ နှလုံးသား နှလုံးအိမ်၊ အဲဒီ နှလုံးသားအတွင်းမှာ ဘင်မနော ရှိတယ်၊ ဒီဘင်အစဉ် မနောမှာ အပြင်က ဓမ္မာရုံလို့ခေါ်တဲ့ သဘောမျိုးစုံ ဓမ္မာရုံ၊ခင်ဗျားတို့နားလည်အောင်ပြောရင် တွေးလုံးတွေ ကြံလုံးတွေ ဘယ်ကနေတွေး ဘယ်ကနေ ကြံနေပါသလဲဆိုတော့ ရင်ထဲကနေတွေးကြံနေတာ နှလုံးအိမ်ကနေ တွေးတာနော်၊ (မှန်ပါ့ဘုရား)တွေးပုံကို ဘုန်းကြီးက ပြောပြပါမည်၊ (မှန်လှပါ)။

မနေ့က ထမင်းစားလို့ ကောင်းလိုက်တာလို့ မနေ့က စားတာ အခု ပြန်တွေးတယ်နော်၊ ပြန်တွေးတော့ စိတ်ထဲမှာ မနေ့က စားကောင်းတာကို အခုဘဲ ကောင်းနေသလို စိတ်ထဲက ပြန်သိမလာဘူးလား၊ (သိလာပါတယ် ဘုရား) အဲဒီ သိလာတဲ့စိတ်ကလေး ရင်ထဲမှာ ပေါ်လာတာဟာ မနေ့က စားတုန်းကောင်းနေတဲ့ စိတ်မဟုတ်ဘူး၊(မှန်လှပါ)။

မနက်ကစိတ်လဲ မဟုတ်ဘူး၊ မတွေးခင်ကပေါ်တဲ့စိတ်လဲ မဟုတ်ဘူးတဲ့၊ ဟောဒီ နှလုံးသား နှလုံးအိမ်အတွင်း ဘင်မနောပေါ်မှာ အတွေးဆိုတဲ့ မနေ့က စားခဲ့တာကို တွေး

တောတဲ့ အာရုံနဲ့ ဒီက နှလုံးသား ဘွင်မနေ့ာနဲ့ ၂-ခု ထိခိုက်မိလို့ ဘွားကနဲ ကောင်းတာသိတဲ့စိတ် ပေါ်လာတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နှလုံးသား အတွင်း ဘွင် မနေ့ာပေါ်မှာ ကောင်းစိတ်လေး ဖြစ်ပေါ်လာပုံမှာ မနေ့က စားကောင်းတာ ပြန်သိတဲ့ စိတ်ကလေးဟာ အလိုလို ဖြစ်လာတာလား၊ တွေးလို့ ဖြစ်လာတာလား၊ (တွေးလို့ ဖြစ်လာတာပါဘုရား)။

ဒါဖြင့် ဒီက နှလုံးသား နှလုံးအိမ်တွင်းရှိ မနေ့ာဘွင်ကလဲ အကြောင်းတရား တွေးတဲ့ဓမ္မာရုံကလဲ အကြောင်းတရား နှလုံးသား ဘွင်မနေ့ာနဲ့ ဓမ္မာရုံခေါ်တဲ့ မနေ့က စားကောင်းတာကို တွေးလုံးနဲ့ ထိခိုက်ပြီး မနေ့က စားကောင်းတာ သိတဲ့စိတ် ဘွားကနဲဆို ပေါ်လာပါတယ်၊ ဘွားကနဲ ပေါ်တဲ့ သိတဲ့ စိတ်က အကျိုး တရားဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မနေ့က စားတာသိတဲ့ စိတ်ဟာ စိတ်ဘဲ၊ ယောဂီတို့ ယောကျ်ားလေး မိန်းမလေး ငါ-သူ-မဟုတ်ပါဘူး၊ မနေ့က စားတာ ကောင်းတာကို ပြန်သိတဲ့ စိတ် ကလေးဟာ သဘောတရား တရားသဘောပါ၊ တရားကလေးသာ ဖြစ်ပါတယ်ဆိုတာ သေသေချာချာ မှတ်ပေတော့၊(မှန်ပါ့ဘုရား)။

ဒါဖြင့် မနေ့က စားတာ သိတာကို ငါဘဲ သူဘဲ ယူရင် ဒိဋ္ဌိ ကပ်မနေဘူးလား၊(ကပ်နေပါတယ် ဘုရား) အမြင်မှား

အယူမှား ရောက်မနေဘူးလား- (ရောက်နေပါတယ် ဘုရား) ဒါဖြင့် အမြင်မှား အယူမှား ပျောက်သွားအောင် ဘယ်လို ယူမလဲ စိတ်ကသိတာ သိတာဟာစိတ်၊ တရား သဘော သဘောတရားဘဲလို့ သိရင် ယူလိုက်ရင်- ကဲ ဒိဋ္ဌိရှိသေးသလား အယူမှားရှိသေးသလား၊ (မရှိပါဘုရား)။

ဒါဖြင့် ဒီစိတ်ဟာ အလိုလို ဖြစ်လာလား တွေးစရာအာရုံ နဲ့ ဘွင်မနောတိုက်လို့ ဖြစ်လာတာလား(အတွေးနဲ့ ဘွင်မနော တိုက်လို့ပါဘုရား) အတွေးနဲ့ ဘွင်မနောတိုက်ဆိုင်မိလို့ ပေါ် လာတဲ့ ဥပ္ပတ္တိ အာဂန္တုကလေးဘဲ မှတ်တော့၊ (မှန်လှပါ ဘုရား) ကဲ ဒါဖြင့် ဒိဋ္ဌိခွါပေးလိုက်ပါပြီ၊ (မှန်ပါ)။

အချိန်လဲ စေ့ပြီဖြစ်ပါ၍ လက်အုပ်ချီ ရှိခိုးကြပေတော့၊ အားလုံးသော တပည့်တကာ· တကာမတွေ ယနေ့ရှေပိုင်းက ကံလေးမျိုး ရှိပုံနဲ့ အားကိုးရမဲ့ ကံ အားမကိုးရမဲ့ကံတို့ကိုငင်း ထိုမဲ့သောကံသည် အပါယ်လေးပါးကို တွန်းချ၍ မဲ့သော အကျိုးတွေကို ပေးနေပုံကိုငင်း၊ အပါယ်လေးပါးသို့ ထို မဲ့သော စေတနာပေးရခြင်းသည် ငါဘဲ သူဘဲ လူဘဲ နတ်ဘဲ ဗြဟ္မာဘဲ ဟူ၍ ရုပ်တရား နာမ်တရား တရားသဘော သဘော တရားကို မမြင်ကြ မသိကြဘဲနဲ့ တရားကို ပုဂ္ဂိုလ်သတ္တဝါ ငါဘဲ သူဘဲလို့ အမှတ်မှား အသိမှား အယူမှားပြီးတော့ နေတဲ့ ဒိဋ္ဌိတရားကြီးရှိနေသောကြောင့် ထိုဒိဋ္ဌိတရားကြီးက တွန်းကန်ပြီးတော့ အပါယ်လေးပါးသို့ ချပုံကိုငင်း။

ဒါကြောင့် ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်အစု နာမ်အစု ခေတ် ၂-ခုတည် ငါမဟုတ် သူမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ် တရား

သဘော သဘောတရားသာဟု ယူလိုက်ရင် အယူမှား ဒိဋ္ဌိကြီး ကွာသွားပုံကိုရှင်း ကရုဏာတရား, မေတ္တာ ပွားရှိ ဟောကြား ဆုံးမလိုက်ပေသည်။

ဤကဲ့သို့ ဟောပြ ဆုံးမလိုက်သော အရင်းကျကျ တရားမှန် တရားစစ်တွေကို ကြားနာသိမြင် အားထုတ်ကြကုန်သော အားလုံးသော သင်ယောဂီ သူတော်စင် အပေါင်းတို့အား ဤကဲ့သို့သော တရားတော်များကို ကြားနာ လိုက်ရတာ မိမိတို့အတွက် အသိအလိမ္မာတွေ တိုးပြီးသကာလ တရားနာ တရားအားထုတ်ရတာ အကျိုးများ များခဲ့ပါလျှင် တရားတော် ချီးကျူးသောအလား ဝမ်းမြောက်သော အနေအားဖြင့် သုံးကြိမ် သာဓု- သာဓု- သာဓု- ခေါ်နိုင် ကြပါစေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

# ကံကို အားမကိုး ဉာဏ်ကို အားကိုးရန် တရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

"၁၉၆၇-ခု၊ ဩဂုတ်လ (၂၂) ရက်နေ့၌ ရန်ကုန်မြို့ သမိုင်းရပ်၊ မရမ်းခြံ၊ 'အောင်' ဓမ္မ ရိပ်သာတွင် 'အောင်'မင်္ဂလာ ဆရာတော်ဘုရားသည် ကံကိုအား မကိုးဘဲ ဉာဏ်ကို အားကိုးရန် တရားတော်ကို ဟောကြားတော်မူသည်။

ကဲ-မျက်လုံးကလေးတွေ မှိတ်ပြီးတော့ နာကြားကြပေ တော့၊ တရားတော်များကလဲ အင်မတန်နက်နဲတော့ သိစရာ တွေများတယ်။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ကမ္မဿ-ကောင်းမှု မကောင်းမှု ကုသိုလ်ကံ အကုသိုလ် ကံတွေကို၊ ကာရကော- ပြုလုပ် အားထုတ်တတ်သော တစုံ တယောက်သော လူ, နတ်, ဗြဟ္မာ သတ္တဝါသည်၊ နတ္ထိ-မရှိ တာစင်စစ် အမှန်ပင် ဖြစ်ပါပေ၏။

ဝိပါကဿ-ကောင်းသောအကျိုး မကောင်းသောအကျိုး တရားတွေကို၊ဝိပါကဿ-ကောင်းကျိုး ဆိုးကျိုး ဆိုတဲ့အကျိုး တရားတွေကို၊ ဝေဒကော-ခံစားတတ်သူ တစုံတယောက်သော

လူ,နတ်,ဗြဟ္မာ သတ္တဝါသည်၊ နတ္ထိ-မရှိတာ စင်စစ် အမှန်ပင် ဖြစ်ပါပေ၏။

သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ရုပ်ဓမ္မ နာမ်ဓမ္မ သက်သက်တို့သာလျှင်။ ပဝတ္တန္တိ-ကြောင်းကျိုးတွေဆက်၍ ဖြစ်ပျက်ဖြစ်ပျက်နဲ့ နေကြလေကုန်၏။

ဝေ-ဤသို့၊ တေ-ဤယခု ပြောဆိုခဲ့တဲ့အတိုင်း ကံကိုပြုလုပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါလဲ မရှိပါတကား၊ ကံ၏အကျိုးကို ခံစားကြတဲ့ လူ,နတ်,ဗြဟ္မာ သတ္တဝါလဲ မရှိပါတကား၊ အမှန်ကတော့ အကြောင်းတရားကလဲ စေတနာ နာမ်၊ အကျိုးတရားတွေကလဲ ဝေဒနာ နာမ်ဆိုတဲ့ ဓမ္မသဘာဝတွေ သာလျှင် အကြောင်းအကျိုးတွေဆက်၍ ဖြစ်ပျက်ပြီး နေကြပါကလား လို့ မြင်လိုက် သိလိုက်ခြင်းသည်။ သမ္မဒဿနံ- ဘုရားအစများလှ သောင်းသောင်း အရိယာ သူတော်ကောင်း တို့၏ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် သိလိုက် မြင်လိုက် သဘောကျလိုက်တဲ့ အမှန်မြင်ခြင်း ဖြစ်ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

အရင် တပတ်က တရားကို ဆက်ဟောရတော့ အရင် တပတ်က တရားတွေ နဲ့နဲ ဟောရအုံးမယ်၊ ဒီကမ္ဘာပေါ်ရှိ တလောကလုံး သတ္တဝါတွေဟာ ကြောင်းကျိုး မရှိဘူး၊ အကြောင်းကံ အကျိုးဝိပါက် မရှိဘူးလို့ဆိုရင် မိစ္ဆာဒိဋ္ဌိဖြစ်တယ်။

ဇူလိုင်သ၊ ၁၉၆၆-၁၃

အကြောင်းကံလဲ ရှိပါတယ်၊ အကျိုးကံလဲ ရှိပါတယ်၊ ကောင်းတဲ့ကံ ပြုရင် ကောင်းကျိုးခံစားရပါတယ်၊ မကောင်းတဲ့ကံပြုရင် မကောင်းကျိုး ခံစားရပါတယ်။ ဤကဲ့သို့ ယုံကြည်ယူဆရင် သမ္မာဒိဋ္ဌိ ဖြစ်တယ်၊ နှစ်စား ထွက်လာတယ်။

ကံဆိုတာမရှိဘူး၊ အကျိုးတရားဆိုတာ မရှိပါဘူးလို့ ယူလျှင် မိစ္ဆာဒိဋ္ဌိ အယူမှား၊ကံဆိုတာလဲ ရှိပါတယ်၊ အကျိုးတရားလဲရှိပါတယ်လို့ ယူလျှင် သမ္မာဒိဋ္ဌိ အယူမှန်၊ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိ ၂-ပါးကို ဒီလိုနားလည်ပါတဲ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအယူ နှစ်မျိုးဟာ ဒီကမ္ဘာလောက ကြီးမှာ ခင်ဗျားတို့ ကျုပ်တို့ ဤလောကဓာတ်ကြီးအတောအတွင်းမှာ ဘုရားတွေ ပွင့်တဲ့ အခါမှာလဲ ရှိပါတယ်၊ ဘုရားတွေ မပွင့်တဲ့ အခါမှာလဲ ရှိနေပါတယ်၊ ဘုရားဟောမှ ရှိတဲ့တရား မဟုတ်ပါ၊ လောကကြီးရဲ့ တံထွာ တုံးတမ်းစဉ်လာ ဓမ္မတာရှိနေတဲ့ အယူအဆတွေပါဘဲ။

အချို့အချို့ သတ္တဝါတွေက ကံ-ကံ၏ အကျိုးကို မယုံကြဘူး၊ အချို့ သတ္တဝါတွေက ယုံကြတယ်၊ အဲဒါ ကမ္ဘာရိုးရာ ဓမ္မတာဘဲ၊ ကံ-ကံ၏ အကျိုးကို မယုံကြည်တော့ ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်ပါတယ်၊ ကံ-ကံ၏ အကျိုးကို ယုံကြည်တော့ သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်၊ သဿတနဲ့ ဥစ္ဆေဒ အယူ နှစ်မျိုးကို သိမြင်ခြင်းဟာ သမ္မာဒိဋ္ဌိ အမြင်မှန် အယူမှန်ပါဘဲတဲ့။

ကောင်းတာလုပ်ရင် ကောင်းတာ ခံစားရ ပါတယ်၊ မကောင်းတာလုပ်ရင် မကောင်းတာ ခံစားရပါတယ် လို့။

ဤကဲ့သို့ ယုံကြည် ပြီးတော့ ကောင်းတာတွေ ပွားကြ၊ မကောင်း တာတွေ ရှောင်ကြ၊ ကောင်းတာတွေပွားတဲ့အတွက် လူ့ပြည်, နတ်ပြည် ဗြဟ္မာပြည်မှာ လူကောင်း နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်တယ်၊ မကောင်းတာတွေ ပွားတဲ့အတွက် အပါယ်လေးပါးလားတယ်၊ အဲဒါ အကြောင်းအကျိုးတွေ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကံတရားဘဲ။

သတ္တဝါတို့၏ အကြောင်းအကျိုးကို ယုံကြည်မှု မယုံကြည်မှု ဒီ ၂-ခုဟာ ကမ္ဘာ လောကကြီး အတွင်းမှာ ဘုရားရှင် ကိုယ်တော်မြတ်တွေ ပွင့်တဲ့အခါမှာလဲ ရှိနေပါတယ်၊ ဘုရားရှင်တွေ မပွင့်တဲ့ အချိန်အခါမှာလဲရှိနေပါတယ်၊ ကမ္ဘာ့ရိုးရာ အစဉ်အလာ ဓမ္မတာ အယူအဆကြီးတွေလို့ ဆိုလိုပါတယ်။

ဒါဖြင့် ဘုရားရှင် ပွင့်လာတော့ ဘာထူးလာသလဲ ဆိုရင် ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်တရားတွေ ပေါ်လာပါတယ်၊ဘုရားရှင်က သတ္တဝါတို့ရဲ့ ယူဆချက်တွေ အားလုံး ပယ်ပစ်သလား ဆိုတော့ မိစ္ဆာဒိဋ္ဌိ အယူတော့ မှားတယ်ဆိုပြီး ပယ်ပစ်လိုက်တယ်၊ သမ္မာဒိဋ္ဌိ အယူကိုတော့ ဘုရားရှင်က မပယ်ပါဘူး၊ ရှင်တော်ဘုရားက ထောက်ခံပါတယ်။

ကောင်းတာ လုပ်ရင် ကောင်းကျိုး ခံစားရတယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး ခံစားရပါတယ်လို့ ကျုပ်တို့ ဘုရားရှင်ကလဲ ဟောတယ်၊ သမ္မာဒိဋ္ဌိ-ဒီ အယူဝါဒကြီးကို ဘုရားရှင်က ထောက်ခံပါတယ်။

ဒါပေမဲ့ ဘုရားရှင်ကတော့ ဗုဒ္ဓ-သိသူ၊ ဘာတွေကို သိသလဲ၊ မှားတာ မှန်တာတွေကို သိတယ်၊ လောက

သားတွေသိကြတာက အခုပြောခဲ့တဲ့အတိုင်း ကောင်းတာပြုရင် ကောင်းတာ ရ၏။ မကောင်းတာပြုရင် မကောင်းတာ ရ၏၊ ဒါဘဲ သိကြတယ်။

ဘုရားရှင်ကတော့ ဒီအသိတွေထက် ပိုလာတယ်၊ ဘာတုံး၊ အမှားအမှန်တရားကို သိမှုတခု ပိုလာတယ်၊ ကောင်းမှုပြု၍ ကောင်းကျိုး ရ၏၊ မကောင်းမှုပြု၍ မကောင်းကျိုး ခံစားရတာကိုလဲ သိတယ်၊ ဘုရားရှင် ထပ်သိတာကတော့ မဇ္ဈိမပဋိပဒါတဲ့။

အမှန်ယူ အမှန်ပြော အမှန်ပြုရင် အမှန်အားထုတ်ရင် ဝိမောက္ခ-ဒုက္ခက လွတ်မြောက်နိုင်၏ဆိုတဲ့ အလယ်အလတ် အကျင့်မြတ်ပါဘဲ။

အဲဒီတော့ သုဂတိ, ဒုဂ္ဂတိ, ဝိမောက္ခ ဆိုပြီးတော့ ရှင်တော်ဘုရားက ၃-မျိုး သိတော်မူတယ်၊ လောကသားတွေကတော့ အကျင့်မြတ်ကို မသိ၊ လောကသားတွေသိကြတာက ကောင်းတာလုပ်ရင် လူ နတ် ဗြဟ္မာ ကောင်းကျိုး ရ၏၊ မကောင်းတာလုပ်ရင် အပါယ်လေးပါး မကောင်းကျိုး ရ၏။ ဒါဘဲ သိကြတယ်။

ရှင်တော်ဘုရားသိတာက ဒါတွင်မကဘူး၊ ကျော်တက်လာတယ်၊ မှန်တာလုပ် နိဗ္ဗာန်သို့ ရောက်၏၊ ဟော-မှန်တာကိုသိ မှန်တာကိုကျင့် မှန်တာကိုကြံပါလျှင် အို-နာ-သေ-ရေး ဒုက္ခဘေးက လွတ်နိုင်တယ်လို့ မဂ္ဂနဲ့ နိရောဓကို သိတော်မူတယ်၊ အဲဒီအသိတခု ဘုရားပွင့်လာတော့ ပိုလာပါတယ်။

ရှင်တော်ဘုရားက ဝေဖန်ပြလိုက်တယ်၊ တကာ-တကာမ တွေက ဉာဏ်မျက်လုံးနဲ့ ကြည့် ဉာဏ်နားနဲ့ ထောင်လိုက် ကြပေါ့၊ တကာ-တကာမတွေက ကံ - ကံ၏ အကျိုးကို ယုံကြည် ကြပါတယ်၊ အားကိုး ကြပါတယ်၊ ဒါကြောင့် ကုသိုလ်ကောင်းမှု ဒါန သီလ သမထ ဘာဝနာတွေ ပြုလုပ် အားထုတ်နေကြတာပေါ့၊ ပါဏာတိပါတာ - အစရှိတဲ့ မကောင်းမှုတွေ ရှောင်ကြဉ်နေကြတာပေါ့၊ ဟုတ်ကြပါ ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ကောင်းတာလုပ်ရင် ကောင်းကျိုး ရတယ် ဆိုတာ တကာ-တကာမတို့ ယုံကြည်ကြပါတယ်နော်၊ (မှန်ပါ့ ဘုရား) မကောင်းတာလုပ် မကောင်းကျိုး ခံရတယ်ဆိုတာ ကော၊ (ယုံကြည်ပါတယ်ဘုရား)။

ဒါပေမဲ့ ရှင်တော်ဘုရားက ဒီ ကံ-ကံ၏ အကျိုးတွေကို ယုံကြည်မှုဟာ မှန်တော့ မှန်ပါတယ်တဲ့၊ သို့သော်လည်း ဤယုံကြည်ချက်သည် အမှန်ဆုံးတော့ မဟုတ်သေးဘူးတဲ့၊ ဘာကြောင့် အမှန်ဆုံး မဟုတ်တာလဲဆိုတော့ ဉာဏ်နဲ့ကြည့် လိုက်ကြစမ်းပါအုံး၊ (မှန်လှပါ)။

ချစ်သားတို့-ချစ်သမီးတို့-မကောင်းတာလုပ်ရင် အပါယ် လားတယ်ဆိုတာ ဟုတ်ပါတယ်၊ မှန်ပါတယ်တဲ့၊ ကောင်းတာ ကုသိုလ် ပြု တဲ့ အတွက် လူ့ ပြည် နတ် ပြည် ဗြဟ္မာ ပြည် ရောက်ပြီးသကာလ လူ-နတ်-ဗြဟ္မာ-သတ္တဝါတွေ ရုပ်နာမ်တွေ ဖြစ်ပေါ်ကြပါတယ်ဆိုတာ ဟုတ်ပါတယ်တဲ့၊ ဒါ ကောင်းလဲ

ကောင်းပါတယ်၊ မှန်လဲ မှန်ပါတယ်၊ ဒါပေမဲ့ အကောင်းဆုံး အမှန်ဆုံးတော့ မဟုတ်သေးဘူးတဲ့။

အမှန်ဆုံးက အရိယသစ္စာဘဲ၊ အရိယာသူတော်စင်တို့မှ မြင်နိုင်တဲ့ အမှန်တရား၊ အဲဒါသိမှ အမှန်ဆုံးရောက်မယ်တဲ့၊ ဒါဖြင့် အရိယာတို့ရဲ့ သစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့ ကောင်းမှု ဒါန သီလ သမထ တရားကြောင့် လူရယ် နတ်ရယ် ဗြဟ္မာရယ် ဖြစ်ကြရတယ်၊ ဖြစ်ပြီးတော့ ပျက်တယ် အပျက်ကို မြင်တယ်၊ သတ္တဝါများ ကတော့ အဆုံး က အပျက်ကို မမြင်ဘူး၊ အစသာ မြင်နေတာကိုး၊ (မှန်ပါ့ ဘုရား) ဘုရား အစရှိတဲ့ အရိယာ အရှင်တွေ ကတော့ အပျက်ကို မြင်ကြတယ်၊ ဖြစ်တယ်ဆိုတဲ့တရားဟာ ပျက်တဲ့ ဆီမှာ အဆုံးသတ်တယ်တဲ့၊ ဒါကြောင့် အပျက်လဲ ရှုကြပါ အုံးတဲ့၊ (မှန်ပါဘုရား)။

တကာ - တကာမတွေ ဖြစ်ပြီးရင် မပျက်ရဘူး လား၊ (ပျက်ပါတယ် ဘုရား) သတ္တဝါတွေမြင်နေတာက အဖြစ် ကလေးသာ မြင်နေတယ်၊ ငါးနဲ့ တူတယ်၊ ငါးများဟာ အစာကိုသာ မြင်တယ်၊ သေဘေးကို မမြင်ဘူး၊ စားရမဲ့ အစာကိုသာ လှမ်းပြီး မြင်တယ်၊ ငါးမျှားကို မမြင်ဘူး၊ (မှန်ပါ့ဘုရား) အစာကိုမြင်ပြီး သွားဟပ်လိုက်တော့ ငါး မျှားချိတ်က အာခေါင်ကိုချိတ်ပြီး တံငါလက်တွင် အသက် ထွက်ရတယ်၊ သတ္တဝါတွေဟာ ဒီအတိုင်းပါဘဲ၊ (မှန်လှပါ)။

မြတ်စွာဘုရား-အမြင်ကတော့ တဏှာဒိဋ္ဌိဦးစီးတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကြောင့် လူရယ်, နတ်

ရယ်,ဖြုဟွာရယ် ဖြစ်ကြတယ်၊ ဖြစ်ပြီးရင် ကံ-ကုန်တဲ့အခါ ပျက်ကြတယ်၊ လူရယ်,နတ်ရယ်,ဖြုဟွာရယ် မွေးကြတယ်၊ ကံ-ကုန်တော့လဲ သေကြရတယ်၊ တကာ-တကာမတို့ သတ္တဝါ တွေဟာ သေတဲ့ဆီမှာ အဆုံးမသတ်ကြဘူးလား၊ (အဆုံးသတ် ပါတယ် ဘုရား) ကံ-တရားသည် ဘယ်မှာအဆုံးသတ်သလဲ ဆိုတော့ သေတဲ့ဆီမှာအဆုံးသတ်တယ်၊ ရှင်းပြီလား၊ (ရှင်း ပါပြီ ဘုရား) အဲဒီအမြင်ဟာ အရိယာသူတော်စင်တွေမြင်တဲ့ အမြင်ဘဲ။

ခင်ဗျားတို့ ကျုပ်တို့က အစကလေးသာ ကြည့်နေတယ်၊ အလယ် အဆုံးအထိ မကြည့်ဘူး၊ တလောကလုံးရှိ လောက သားတို့ရဲ့ဖြစ်စဉ်ကို အစ - အလယ် - အဆုံး သုံးပါးလုံးကို ကြည့်ပါ၊ သမ္မုတိနယ်ကနေပြီးကြည့်ပါ၊ မွေးပြီး ဒီ ခန္ဓာက ရပ်မနေဘူး၊ ကြီးလာတယ် အိုလာတယ် နာလာတယ် သေတယ်၊ ဒါ ခန္ဓာကြီးရဲ့လမ်းစဉ် လောကကြီးရဲ့လမ်းစဉ် လူ့ရဲ့လမ်းစဉ်ဘဲနော်၊ (မှန်ပါ့ဘုရား)။

အဲဒါ သူ့လမ်းစဉ် သူ သွားနေတာဘဲ၊ ကျုပ်တို့က ရှေ့ပိုင်းကလေး ပွဲဦးကလေး ကောင်းတာလေးသာကြည့်ပြီး နောက် ပိုင်း မှာ အ ကွဲ တွေ အ ခွဲ တွေ မျက် ရည် တွေ အအို အနာ အသေနဲ့ ဇာတ်သိမ်းရတာကိုဟော့ ထည့်မှ မတွက်ဘဲကိုး၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) အဲဒါ ထည့်တွက်တဲ့အထဲ မပါဘူး၊ နောက်ပိုင်းကျတော့ ဇာတ်ပွဲများလိုပေါ့၊ ငိုခန်းတွေ ဆွေးခန်းတွေ ရှုံးခန်းတွေ ကွဲခန်း ခွဲခန်း သေခန်းနဲ့ ဇာတ်သိမ်းကြသလိုဘဲ၊ ခင်ဗျား

တို့ လောကကြီးကလဲ ဒီအတိုင်းဘဲမဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။

အဲဒီတော့ အရိယာအရှင် သူတော်စင် တို့ကတော့ အစ အလယ် အဆုံး သုံးပါး စလုံးကြည့်ကြတာကိုး၊ဒီတော့ အမှန် ကို မြင်ကြတာပေါ့၊ ခင်ဗျားတို့ ကျုပ်တို့လို အစလေး ကြည့် တာ မဟုတ်ဘူး၊ အရိယာတွေလို ရှေ့ပိုင်း ညှဉ့်ဦးပိုင်း နောက် ပိုင်း မြင်ရမယ်နော်၊ (မှန်ပါဘုရား)။

ဤကဲ့သို့ စ-လယ်-ဆုံး ကြည့်လိုက်တဲ့ အခါကျတော့ လူ့ရယ်-နတ်ရယ်-ဗြဟ္မာရယ် ဖြစ်တယ်၊ ဖြစ်ပြီးလဲ ပျက်ပါ ကလား၊ လူ့ရယ်-နတ်ရယ်-ဗြဟ္မာရယ် မွေးတယ်၊ မွေးပြီးလဲ သေပါကလား၊ ဘာကြောင့် သေပါလိမ့်၊ မွေးလို့၊ ဘာလုပ် ဘို့ မွေးပါလိမ့်၊ သေဘို့မွေးလာတယ်၊ ဒါဖြင့် မွေးရင်တော့ သေတော့မယ်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

အပါယ်လေးပါးလဲ အတူတူပါဘဲဗျာ မွေးသေပါဘဲ၊ သုဂတိခေါ်တဲ့ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်ကကော၊ (မွေး သေပါဘဲဘုရား) ဒီလိုဆိုတော့ ယောဂီတို့-ဒီဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်စမ်းပါအုံး၊ ဘယ်မှာကောင်းတာ ပါသေးသလဲ၊ (မပါ-ပါဘူးဘုရား)။

ဒါအစနဲ့ အဆုံး ပြောလိုက်တာဘဲနော်၊ ကြားထဲမှာ အိုဘေး နာဘေး အပူဘေး အငိုသေး အဆွေးဘေး သောက ပရိဒေဝ ဒုက္ခ-ဒေါမနဿ ဥပါယာသတွေ လာလိမ့် အုံးမယ်၊ သောက-စိုးရိမ်စရာတွေကလဲ တနေ့ကမှ မအေးရ၊ ပရိဒေဝ-ခဏခဏ မျက်ရည်တွေ ကျရတယ် မလာဘူးလား၊

(လာပါတယ်ဘုရား) ဒုက္ခ-ကိုယ်ဆင်းရဲမှု မျိုးစုံ ဒေါမနဿ စိတ်ဆင်းရဲမှုမျိုးစုံ မလာဘူးလား၊ (လာပါတယ် ဘုရား) တနေ့-တနေ့ ဒါတွေနဲ့ အချိန်ကုန်နေရတာဘဲ၊ ဒါတွေ ထပ်နေဒါပါဘဲ၊ (မှန်လှပါတယ်ဘုရား)။

ရှင်တော်ဘုရားတို့ရဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ အော်-ကံဆိုတဲ့တရားဟာ အပူဘေး အဆွေးဘေး အအိုဘေး အနာဘေး အသေဘေးတွေ တွေ့အောင် လုပ်ဆောင်နေတာ သူတို့ပါကလားလို့၊ ဟော ဒီလိုမြင်တယ် ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် တိုတိုမှတ်လိုက်တော့ ကံနဲ့ ဉာဏ် ၂-မျိုးကို ရှင်တော်ဘုရားက မြင်တော်မူတယ်၊ သတ္တဝါတွေ အားကိုးကြတာက ကံ၊ ဘုရားအားကိုးတာက အရိယာ အရှင်သူတော်စင်တွေအားကိုးတာက ဉာဏ်ဘဲ၊ သာသနာတော်နဲ့ တွေ့တဲ့ အခါမှာ ခင်ဗျားတို့ ဘာအားကိုးရမလဲဆိုရင် ဉာဏ် အားကိုးရမယ်၊ ကံ အားကိုးရင်တော့ သေဘေးနဲ့ တွေ့အုံးမှာဘဲ၊ ကံရဲ့ အကျိုးက သေတဲ့ဆီမှာ အဆုံးသတ်တာကိုးဗျ (မှန်ပါဘုရား)

ဒါကြောင့် လူဖြစ်တယ် နတ်ဖြစ်တယ် ဗြဟ္မာဖြစ်တယ် သေတယ်၊ ဘာလို့ သေပါသလဲ ဆိုတော့ မွေးလို့သေတယ်၊ ဖြစ်လို့ ပျက်တယ်၊ ဘာကြောင့် ဖြစ်သလဲလို့ မေးတော့ ကံကြောင့် ဖြစ်တယ်၊ ဘဝပစ္စယာ- ဇာတိလို့ ဟောထားတာကိုး။

ဘဝပစ္စယာ- ကမ္မဘဝဟူသော(ဝါ)ကုသိုလ်- အကုသိုလ် ဟူသောအကြောင်းကြောင့်၊ ဇာတိ ၃၁-ဘုံမှာ လာပြီးသကာ

လ သတ္တဝါ အစားစားသည်၊ သမ္ဘဝတိ- ဖြစ်ပေါ်ရလေ၏၊ ဇာတိပစ္စယာ-ဖြစ်ပေါ်လာခြင်းကြောင့်၊ ဇရာ မရဏ သော က ပရိဒေဝ ဒုက္ခ-ဒေါမနဿ ဥပါယာသာ အို သေ စိုးရိမ် ငိုကြွေး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပြင်းစွာ ပင်ပန်းခြင်းတို့ သည်။ သမ္ဘဝန္တိ-ဖြစ်ပေါ်၍ လာကြလေကုန်၏-တဲ့။

ဒီအန္တရာယ်တွေနဲ့ နေကြပေတော့၊ တလောကလုံး ဒီဘေး တွေနဲ့ဘဲ နေကြရတယ်၊ (မှန်ပါ့ဘုရား) ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

တနေ့ တနေ့ ဘာတွေနဲ့ တွေ့နေကြသလဲဆိုတော့ ဒါတွေ နဲ့ဘဲ တွေ့နေကြတယ်၊ ဒါတွေဆိုတာ အိုဘေးကြီးကလဲ အို လျက်ဘဲ၊ နာဘေးကြီးကလဲ နာလျက်ဘဲ၊ ဒီကြားထဲမှာ သားရေး သမီးရေး စီးပွားရေးတွေကလဲ ရင်ထဲမှာ လောင် ဆူပူပြီးတော့ တခါထဲ ယောက်ယက်ခပ်ပြီး ပြေးရတယ် သွားရတယ် ရောင်းဟယ် ဝယ်ဟယ် မှန်တာရော မမှန်တာ ရော ကောင်းတာရော မကောင်းတာရော တင်းကြမ်းပြည့် ဖြစ်ချင်တိုင်းဖြစ်ပြီး ဂျမ်းထိုးမှောက်ခုံ လိမ့်နေတော့တာဘဲ၊ ဒီ အပူတွေနဲ့ဘဲ သွက်သွက်လည်ပြီ ဗွက်ပေါက်ပြီး နေကြ တော့တာဘဲ၊(မှန်ပါ့ဘုရား)။

ပူလိုက်ရတာတွေ တွေးလိုက်ရတာတွေ ကြံလိုက်ရတာ ဖန်လိုက်ရတာ အားထုတ်လိုက်ရတာ အားရတယ် နားရတယ် ကို မရှိတော့ပါဘူး၊ လင် အတွက် မယားအတွက် သားသမီး အတွက် ကိုယ့်အတွက် ဒါတွေတင် မဟုတ်သေးဘူး၊ ဆွေမျိုး ညီအကို မောင်နှမ ကိုယ့်ဘက်က သူ့ဘက်က ဘာဖြစ်ပြန်ပြီ

ဘာကိစ္စ၊ ဟာ-ချာလပတ်ကို ရမ်းပြီး ခင်ဗျားတို့ဟာ ဗွက်ပေါက်နေတာဘဲ၊ (မှန်လှပါဘုရား။)

အပူလုံးတွေလေ၊ အဲဒါတွေနဲ့ဘဲ အချိန်ကုန်ကြရတယ်၊ တနေ့တနေ့ ဒါဘဲ၊ ဒါတွေထဲမှာဘဲ နစ်မျောပြီး နေကြတယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် အရိယာအရှင် သူတော်စင်တို့က ဒီလိုလှမ်းမြင်လိုက်တာကိုး၊ ကောင်းတာလဲ တခုမှမပါပါ ကလား-ဒီဘေးတွေ ဒီအန္တရာယ်တို့နဲ့တွေ့အောင် ဘယ်သူဖန်ဆင်းနေပါသလဲဆိုတာ အကြောင်းရှာတော့မှ ကံပါ-လားလို့ ဒီလိုမြင်လာတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

ဒါကြောင့် ကံရဲ့အကျိုးတရားကို ကြည့်လိုက်တော့ ဘေးအမျိုးစုံ အန္တရာယ်အမျိုးစုံ ရန်မျိုးစုံနဲ့ တွေ့ရ ကြုံရ ဆုံရတဲ့ဆီမှာ သွားပြီး လက်စသတ်နေပါကလားလို့ သူတော်စင်တို့က မြင်တယ်၊ ဒါဉာဏ်နဲ့ မြင်လိုက်တာနော်၊ (မှန်ပါ့ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ဟာ ဉာဏ်အားကိုးတဲ့ အရိယာအရှင် သူတော်စင်တို့လို မဟုတ်ဘဲ ကံအားကိုးတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာတော့ အခု ခင်ဗျားတို့မှာ အပူသည်ဘဝ ရနေတာဘဲ၊ အဆွေးသည်ဘဝ ရနေတာဘဲ၊ ဒုက္ခဘဲရနေတယ်၊မရဘူးလား၊ (ရနေပါပြီ ဘုရား)။

ဒီ ရထားတဲ့ ဒုက္ခတုံး ဒုက္ခခဲကြီးကို ခင်ဗျားတို့ ဘယ်သွားသွား ထားခဲ့လို့ မရတော့ဘူး၊ ဘာဖြစ်လို့ဘာလဲ ဆိုတော့ အမှားက လက်လွှန်ခဲ့ပြီ- ကံ-က လက်လွန်ခဲ့ပြီ ဖြစ်နေတယ်

နေ၁်၊ (မှန်ပါ့ ဘုရား)။ ဒါကြောင့် လက်လွှန်ပြီးသား ဖြစ်နေတော့ ကံ-ရှဲအကျိုး ခန္ဓာကို ရထားပြီးတဲ့ ဒုက္ခကို ဖယ်ထားလို့လဲမရ စွန့်ထားလို့လဲ မရဘူး ဖြစ်နေပြီ။

ခန္ဓာကလဲ စားချိန်ကျ ကျွေးပါအုံး ခန္ဓာကြီးက တောင်း ခံလာတယ်၊ မှန်မှန်သာရှာကျွေး မကျွေးရင်တော့ သေမယ် တဲ့၊ အိုမယ် နာမယ် သေမယ် ဆိုတော့ ဒီဒုက္ခကြီးက ကြီး လှပါတယ်၊ ငါ ကျောင်းသွားမယ် ဒီနားမှာနေခဲ့ ဆိုလို့လဲ မရဘူး၊ မိုက်ပြစ် သင့်နေတာ၊ (မှန်လှပါတယ်) အဲဒါ မိုက်ပြစ် သင့်နေလို့လဲ သင့်မှန်းမသိဘူး ယောဂီတို့၊ (မှန်လှပါ ဘုရား)။

ဒါကြောင့် တကာ-တကာမတွေ မှတ်လိုက်စမ်းပါ တဲ့၊ ဒုက္ခသစ္စာ ပရိဇာနန္တောလို့ မြတ်စွာဘုရား ဟောတော်မူလေ သောကြောင့် ကိုယ့်ခန္ဓာ ဒုက္ခကြီးကို ပိုင်းခြားပြီး သိရမယ် တဲ့၊ မဂ်ဖိုလ်နိဗ္ဗာန် ရဘို့က မခက်ဘူး၊ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို သိဘို့ကခက်တယ်၊ (မှန်လှပါဘုရား)။

ကိုယ်ရထားတဲ့ ခန္ဓာကြီးနဲ့တကွ ငါပိုင်တယ် ငါဆိုင် တယ် ဆိုတဲ့ ပစ္စည်းဥစ္စာ ရတနာတွေဟာ ဒုက္ခပါလားလို့ မသိတာက ခက်တယ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရဘို့က အလွယ်ကလေး တဲ့၊ (မှန်လှပါဘုရား)။

ဒီ ရထားတဲ့ ခန္ဓာကိုယ်နဲ့တကွ ပစ္စည်းဥစ္စာတွေကို ဒုက္ခ မှန်းမသိတော့ ခင်ဗျားတို့က ဒီဒုက္ခတွေကိုဘဲ ငါ့ဟာ ငါ့ဥစ္စာ လို့ စွဲလမ်းပြီး ထင်းတွေထဲ ရေနံဆီတွေ ထပ်လောင်းနေတော့ မီးဟုန်းဟုန်း တောက်နေတော့တာဘဲ၊ မီးက အရှိန်ကို မစဲ

ဘူး။ စဲမယ်ကြံရင်း ခင်ဗျားတို့က ထပ်ထည့်ရင်း၊ နည်းသွားတာ မကြိုက်တော့ ထပ်တပ် လောင်းထည့်နေကြတာကိုး၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီနေ့ ဒီစကားတလုံး သေသေချာချာ မှတ်စမ်းပါ၊ ခင်ဗျားတို့ ကျုပ်တို့ဟာ ဘေးရန် အန္တရာယ်တွေ တွေ့မှာ အင်မတန် ကြောက်ပါတယ်၊ မကြောက်ဘူးလား၊ (ကြောက်ပါတယ်ဘုရား)။

ကြောက်လိုက်ထာ ဘုရား ရှိခိုးတိုင်း ဆုတောင်းလိုက်ရတာ အမောဘဲ။ အရှင်ကြီး အရှင်ကောင်း မပါစပါ၊ ပသလိုက်ရတာလဲ မပြောနဲ့တော့၊ အမျှအတမ်းတွေ ပေးဝေပြီး ကာကွယ်လိုက်ရတာလဲ အကြိမ်ကြိမ် ပါဘဲ၊ အိမ်လဲ အိမ်မို့ သွားလေရာ လာလေရာတွင် ဘေးတွေ အန္တရာယ်တွေ ကြောက်လွန်းလို့ ပသ ကိုးကွယ် ကြရတယ်၊ (မှန်ပါတယ်ဘုရား)။

ဒါပေမဲ့ ခင်ဗျားတို့ကြောက်ကြတာက အဇ္ဈတ္တ အတွင်းရန်သူကို မကြောက်ဘဲ ဗဟိဒ္ဓ-အပြင် ရန်သူကို ကြောက်နေတယ်၊ အပြင်ရန်သူက ရေ-မီး-မင်း-ခိုးသူ-မချစ် မနှစ်သက်သောသူတွေဘဲ၊ အဲဒီ ၉၆-ဖြာ အနာရောဂါနဲ့တကွ ရန်သူ အပေါင်းအား မတွေ့ပါရစေနဲ့၊ မကြုံပါရစေနဲ့၊ ကင်းပါရစေ ဆိုပြီး ခင်ဗျားတို့က ဆုတောင်း ဆုယူပြီး ခဏခဏတောင့်တနေကြတယ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကြောက်နေတဲ့ အပြင်ရန်သူတွေဟာ အမြဲတမ်းလဲ မတွေ့ပါဘူး၊ တွေ့မယ်ဆိုရင်လဲ အဝေးကနေ

ရှောင်မယ်ဆိုရင် ရနိုင်ပါသေးတယ်၊ (မှန်လှပါ) ခင်ဗျား တို့မှာ အကြီးဆုံးဖြစ်နေတဲ့ အတွင်း အန္တရာယ် တွေက အိုဘေး-နာဘေး-သေဘေးတွေ အထင်အရှား ရှိနေကြပြီ၊ (မှန်ပါတယ်ဘုရား)။

ခင်ဗျားတို့ခန္ဓာမှာ အိုဘေးကြီးက ဆိုက်မနေဘူးလား၊ (ဆိုက်နေပါတယ်ဘုရား) နာဘေးကြီးကကော၊ (ဆိုက်နေ ပါတယ် ဘုရား) သေဘေးကြီးကကော၊ (ဆိုက်နေပါတယ် ဘုရား)အပူဘေးကြီးကကော၊ (ဆိုက်နေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကြောက်တာတွေက အပြင်ရန် အပြင် အန္တရာယ်တွေကိုသာ ကြောက်တာကိုး၊ အတွင်း ရန်တော့ မကြောက်ဘူး၊ အိုဘေး-နာဘေးက နှိပ်စက်၊ သေဘေးက နှိပ်စက်လျက် ဖြစ်နေတော့ ဒီ အို-နာ-သေတာ ဘယ်သူလဲလို့ မေးတော့ ရုပ်နာမ် ၂-ပါး၊ ခင်ဗျားတို့ခန္ဓာ ကိုယ်ကြီးဘဲ၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီ ခန္ဓာကိုယ် ရုပ်နာမ် ၂-ပါးကတော့ ခင်ဗျားတို့ရဲ့ အတွင်းရန်သူ အကြီးဆုံး ရန်သူဆိုတာ ခင်ဗျားတို့က ထည့်ကို မစဉ်းစားဘူး၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ငါတို့မှာ အကြီးဆုံးရန်သူသည် ဘယ်သူပါလိမ့် မလဲဆိုတာ ခင်ဗျားတို့ မစဉ်းစားဘူး၊ အပြင်ရန်သူကိုတော့ ခင်ဗျားတို့က ကြောက်လိုက်ရတာ၊ တောင်းပန်လိုက်ရတာ၊ ပသ လိုက်ရတာ၊ ကာကွယ်လိုက်ရတာ မပြောပါနဲ့တော့၊ (မှန်ပါဘုရား)။

တကာ-တကာမတို့ အပြင်ရန်သူဟာ အပြင်မှာ နေလေသောကြောင့် ရံခါလဲ တွေ့ရမယ်၊ ရံခါလဲ မတွေ့ဘူး၊ ရှောင်လို့ ရတဲ့အခါ ရပါတယ်၊ ခင်ဗျားတို့ရထားတဲ့အတွင်းရန်က ရှောင်လို့ ရသေးရဲ့လား၊ (မရပါ ဘုရား) ဒါဖြင့် အတွင်းရန်နဲ့အပြင်ရန် ဘယ်ရန်ကို ပိုကြောက်ရမလဲ၊(အတွင်းရန်ကို ပိုကြောက်ရမှာပါဘုရား)။

အတွင်းရန်ကိုပိုကြောက်ရမှာ၊ ခင်ဗျားတို့က အကြောက်လွဲပြီး အပြင်ရန်ကို ပိုကြောက်နေတယ်၊ (မှန်လှပါဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ရုပ်နာမ် ၂-ပါး ဒီခန္ဓာမှမရှိရင် ဒီဘေးမျိုးစုံကဘယ်လိုလုပ်နှိပ်စက်မလဲ၊ (မနှိပ်စက်နိုင်ပါဘုရား) မီးဘေးကကော၊ (မနှိပ်စက်နိုင်ပါ ဘုရား) ရေဘေးကကော၊ မနှိပ်စက်နိုင်ပါဘုရား) မချစ်မနှစ်သက်သူ ဘေးကကော၊ (မနှိပ်စက်နိုင်ပါဘုရား) သူခိုးဘေးကကော၊ (မနှိပ်စက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီရုပ် ဒီနာမ် ရှိနေလို့ အပြင်ရန်သူတွေက နှိပ်စက်နိုင်တာ၊ မရှိရင် မနှိပ်စက်နိုင်ဘူးနော်၊ (မှန်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ရန်သူနံပါတ်(၁)ကို သေသေချာချာရှာကြစမ်းပါအုံးတဲ့၊ အပြင်ရန်သူ နှိပ်စက်နိုင်တာ အတွင်းရန်သူ ရှိနေလို့၊ အတွင်းရန်သူ ဒီရုပ်နဲ့ ဒီနာမ် ရှိနေလို့၊ (မှန်ပါ ဘုရား) ဒီရုပ်နဲ့ ဒီနာမ် မရှိရင် အပြင်ရန်သူ နှိပ်စက်လို့ ရ-မရ၊ (မရပါဘုရား) ရှိမှ မရှိဘဲ ဘယ်နှိပ်စက်လို့ရပါ့မလဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရုပ်သူ အရှာလဲ့နေတာ၊ ဘေးတွေ ရန်တွေ အန္တရာယ်တွေ အရှာလဲ့နေကြတယ်၊ ခင်ဗျားတို့မှာ အကြီးဆုံး ဘေးရန် အန္တရာယ်က ယခု ခင်ဗျားတို့ တရားနာနေတဲ့ ရုပ်နာမ် ၂-ပါးဘဲလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဒီအန္တရာယ်ကြီးကို ရထားလေသောကြောင့် ခင်ဗျားတို့မှာ အိုဘေး နာဘေး သေဘေးကြီးတွေက တွေ့လျက်ဘဲ၊ (မှန်ပါ့ဘုရား) ဒါဖြင့် အိုဘေး နာဘေး သေဘေးထက် ကြောက်စရာကောင်းတာ ရှာလို့ ရသေးရဲ့လား၊ (မရပါဘုရား)။

ဒီတော့ ဒီဘေး ဒီရန် ဒီ အန္တရာယ်ကြီးတွေကို ဘုရားပေးတဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့မှ ဒီခန္ဓာကြီး ပါလားဆိုတာ တွေ့ရတယ်၊ (မှန်ပါ့ဘုရား) ဒီ ရုပ်နာမ် ၂-ပါး-ပါကလား၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အတွင်းအန္တရာယ်ကို ယောဂီတို့ ရှောင်လို့ရပါ့မလား၊ (မရပါ ဘုရား) အပြင်အန္တရာယ်ကို ရှောင်တိမ်းလို့ (ရပါတယ် ဘုရား) ဒါဖြင့် ရှောင်လို့ရတဲ့ အန္တရာယ်က ကြောက်စရာကောင်းသလား၊ မရတဲ့အန္တရာယ်က ကြောက်စရာ ကောင်းသလား၊ (မရတဲ့ အန္တရာယ်က ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တကာ-တကာမတို့ ဒီတလုံး မှတ်လိုက်ပါ၊ ငါတို့ ရှောင်လို့ရတဲ့ ဘေးအန္တရာယ်နဲ့ ရှောင်လို့မရတဲ့ အန္တရာယ် ဘေးရန်ကို အသိလဲ့နေပေါ့၊ အပြင်ကအန္တရာယ်က ရှောင်လို့

ရတယ်၊ အတွင်းကအန္တရာယ်က ယခု တရားနာနေတဲ့ ဒီရုပ်နာမ် ၂-ပါး ခန္ဓာကိုယ်သည် အကြီးဆုံးအန္တရာယ်ကြီးပါကလား၊ ရှောင်လို့မရတဲ့အန္တရာယ်ကြီးပါကလား၊ အကြီးဆုံးဘေးကြီးပါကလား၊ အကြီးဆုံးရန်သူကြီးပါကလားလို့ ဒီနေ့ယောဂီတို့ သတ်မှတ်ကြပေတော့၊ (မှန်ပါ့ ဘုရား) ဒီနေ့ဆုံးဖြတ်ချက်ချ၊ ဒီနေ့ အသိအမှတ်ပြုပါတော့တဲ့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) ကဲ-ပေါ်ပြီနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အန္တရာယ်ကင်းပါစေလို့ ပါးစပ်က ဆုတောင်းနေလို့ ရကို မရနိုင်ဘူး၊ ဆုတောင်းနေတဲ့ပါးစပ်ကိုက အန္တရာယ်ကြီးဖြစ်နေတာ၊ (မှန်ပါ) ဒီ ခန္ဓာကိုယ်ကြီးကိုက ဘေးကြီး အန္တရာယ်ကြီး ဖြစ်နေတာကိုးဗျ၊ (မှန်ပါ့ဘုရား) ဒါကြောင့် ဘေးမကင်းနိုင်ပါဘူးဆိုတာ သေသေချာချာ မှတ်ပေတော့၊ (မှန်လှပါ)။

အတွင်း အန္တရာယ်ကို ပြောတာနော်၊ (မှန်လှပါ) အိုဘေး - ကင်းရပါလို၏ ဆိုလို့ ရသေးရဲ့လား၊ (မရပါဘုရား) နာဘေး၊ (မရပါ ဘုရား) သေဘေး၊ (မရပါဘုရား) စက္ကန့်လောက်လေး မအိုပါနဲ့လို့ တောင်းပန်ထားလို့၊ (မရပါ ဘုရား) အောင့်ထားလို့ကော၊ မရပါဘုရား) နာဘေးကကော-မလာပါနဲ့ဆိုလို့၊ (မရပါဘုရား)။

သေဘေးကလဲ အချိန်ပိုင်းဘဲ လိုတော့တယ်၊ အနေးနဲ့ အမြန်ပေါ့ဗျာ၊ (မှန်ပါ့ ဘုရား) အနေးနဲ့ အမြန်ဆိုတော့

၄-နာရီမှာ သေမလား၊ ၆-နာရီမှာ သေမလား၊ တပ်အပ် မပြောနိုင်ဘူး၊ (မှန်ပါတယ်) လေး နာ ရီ သ မား ဆို ရင် နောက် နှစ် နာ ရီ ဘဲ ကျန်တယ်၊ ဇာတ်သိမ်း ရတော့မယ်၊ ဒါလဲ ဘယ်သူမှ တပ်အပ် မသိဘူး၊ ရှင်းကြပြီလား၊ (ရှင်း ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရထားတဲ့ ဘေးကြီး ရန်ကြီး အန္တ ရာယ်ကြီးဟာဖြင့် ယောဂီတို့ အကြီးဆုံးသော အန္တရာယ်ကြီး ပါကလား၊ (မှန်ပါ့ဘုရား)ကြောက်စရာအကောင်းဆုံးသော အန္တရာယ်ကြီးပါကလား၊ (မှန်ပါ့ ဘုရား) အကြီးဆုံးသော ဘေးကြီးကိုရနေပါကလားယောဂီတို့၊ (မှန်လှပါဘုရား)။

အရိယာရှင် သူတော်စင်တို့က ဒီလိုမြင်လိုက်တာ၊ ဒီလို မြင်လိုက်တော့မှ ဒီ အိုဘေး နာဘေး သေဘေးဆိုးကြီး ဒီရန်ကြီး ဒီအန္တရာယ်ကြီးတွေကို ဘယ်သူ လုပ်ပေးပါလိမ့် မလဲလို့ တရားခံလိုက်ရှာတယ်၊ တရားခံရှာလိုက်တော့ ကံဘဲလို့ သွားမြင်တယ် ယောဂီတို့၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကျုပ်တို့ ကံအားကိုးသမားတွေ ဖြစ်နေလေသောကြောင့် ဒီ သံသရာ စက်ကြီးထဲမှာ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ အပါယ်လေးဘုံမှာ သတ္တဝါတွေ မစဲဘဲနဲ့ မွေးလိုက် သေလိုက် မွေးလိုက် သေလိုက် ဆုံးတယ်လို့မရှိ ရပ်တယ်လို့မရှိတော့ဘူး ယောဂီတို့၊ (မှန်လှပါဘုရား)။

ကဲ-ဒီတော့ ဒီလို မှတ်လိုက်ပါတော့၊ ကံက အကြောင်း တရား၊ ရုပ်နာမ် ၂-ပါး ခန္ဓာကိုယ်က အကျိုးတရားနော်၊

(မှန်လှပါ) ဒါဖြင့် ကံကြောင့် ခန္ဓာပေါ်တယ်၊ ဒီခန္ဓာက ကံကို ပြန်လုပ်ပြန်ရော၊ ဒီခန္ဓာကိုယ်ကြီးထဲက ကံတွေ ထပ်ဖြစ်ပြန်တော့၊ ယောဂီတို့ နောက်ထပ်ပြီး ခန္ဓာအသစ်ပေါ်ပြန်တယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့်ရင် ခန္ဓာကြောင့် ကံဖြစ်တယ်၊ ကံကြောင့် ခန္ဓာဖြစ်တယ်၊ ခန္ဓာကြောင့် ကံဖြစ်တယ်၊ လုံးလယ် လိုက်နေပြီဗျာ၊ (မှန်ပါ့ဘုရား) အဲဒါ မဆုံးတော့ဘူး၊ လုံးလယ်လိုက်နေတော့တာဘဲ၊ မျိုးစေ့တွေကြောင့် အပင်ဖြစ်၊ အပင်ကြောင့် မျိုးစေ့ ဖြစ်ပြန်ရော၊ အပင်ကြောင့် မျိုးစေ့ဖြစ်၊ မျိုးစေ့ကြောင့် အပင်ဖြစ်၊ အို အပင်နဲ့ မျိုးစေ့ အဖြစ်လယ်နေတာ မဆုံးဘူးဗျာ၊ ဆုံးပါ့အုံးမလား၊ (မဆုံးပါဘူးဘုရား)။

အဲဒီလိုဘဲ ဒီမှာလဲ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ကံကြောင့် လူရယ် နတ်ရယ် ဗြဟ္မာရယ်ဖြစ်ပြီး ဒီရုပ်နာမ်နဲ့ ကာယကံ ဝစီကံ မနောကံ ကောင်းသောကံ မကောင်းသောကံတွေ လုပ်လိုက်၊ ဒီကံတွေက မျိုးစေ့တွေ ထပ်ဖြစ်ပြီး တခါ လူရယ် နတ်ရယ် ဗြဟ္မာရယ် အပါယ်လေးပါးရယ် ရုပ်နာမ် ၂-ပါးဖြစ်လိုက်ဆိုတော့ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ် ဆုံးပါ့အုံးမလား၊ (မဆုံးပါဘူးဘုရား)။

ဘယ်သူက အစလို့ပင် မပြောနိုင်ဘူး၊ မျိုးစေ့နဲ့သစ်ပင် ဘယ်သူကစသလဲလို့ မပြောနိုင်သလိုဘဲ၊ ဒီမှာလဲ ကံနဲ့နာမ်ရုပ် ဘယ်သူက စသလဲလို့ မပြောနိုင်အောင် ဖြစ်နေတယ်၊ ရှင်းကြ

ပြီလား၊ (ရှင်းပါပြီ ဘုရား) ခင်ဗျားတို့ကျုပ်တို့ ဖြစ်ပုံတွေကို ရှင်တော်ဘုရားက ဟောတော်မူတယ်နော် ယောဂီတို့၊ (မှန်ပါ ဘုရား)။

ကဲ-ဒါဖြင့် လုံးလယ် လိုက်နေတာပေါ့၊ အကြောင်း တရားကြည့်လိုက်တော့ တဏှာဒိဋ္ဌိဦးစီးတဲ့ကံဘဲ၊ (မှန်လှပါ) ဒါဖြင့် ဒီလိုမြင်တော့မှ ခင်ဗျားတို့မှာ ကံကြောင့် ဘေးတွေ အနန္တ တွေ့နေပေါ့၊ (မှန်လှပါ) ဘယ်သူ ပို့လိုက်လို့ပါလိမ့်၊ (တဏှာဒိဋ္ဌိဦးစီးတဲ့ ကံကပါဘုရား)ကံပို့လိုက်တဲ့အတွက် အခု ခင်ဗျားတို့ကျုပ်တို့မှာ အိုဘေး နာဘေး သေဘေးတွေသင့်လို့ အပူတွေ အဆွေးတွေကလဲ ထပ်လို့ ကြပ်လို့ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

အဲဒါ တဏှာဒိဋ္ဌိ ဦးစီးတဲ့ ကံရှဲလက်ချက်ဘဲဆိုတာမြင်လို့ မြတ်စွာဘုရားက ဝိပဿနာဉာဏ်နဲ့ မဂ်ဖိုလ်ဉာဏ်နဲ့ ချစ်သမီး ချစ်သားတို့ ဒီကံကိုဖြတ် ဒီကံကို သတ်ပါတဲ့၊ ဘာနဲ့သတ်ရ မလဲဆိုတော့ ပညာလက်နက်နဲ့ ဉာဏ်လက်နက်နဲ့ သတ်မှဘဲ ကံ သေမယ်တဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ဒီသတ္တဝါတွေ ဒီကံကို အားကိုးနေပါ လိမ့်မလဲလို့မေးတော့ အမှန်မသိလို့တဲ့၊ တကာ-တကာမတို့ အမှန်မသိကြတော့ ကုသိုလ်ကံရှိမှ ကံကောင်းမှ လူနတ် ချမ်းသာရမှာ၊ ဗြဟ္မာ ချမ်းသာရမှာ၊ ကိုယ်က ကောင်းတဲ့ ကံတွေပြုထားမှ ကောင်းကျိုးခံစားရမှာလို့ ဒီလို ထင်မှတ် နေကြတယ်၊ လူ, နတ်, ဗြဟ္မာ ခေါ်တဲ့ ရုပ်နာမ်ဆင်းရဲ ဖြစ်လာတာကို လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ

လို့ ဒီလို ထင်နေကြတယ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

မိတ္တ ဝိန္ဒက ဆိုတဲ့ အမျိုးသားလေးတယောက်ဟာ ငရဲ ပန်းကို ရွှေပန်း ထင်နေသလိုပေါ့၊ ငရဲပန်းဆိုတာ ငရဲပြည်မှာ ငရဲခံနေရတဲ့ ငရဲသားခေါင်းပေါ်မှာ သင်ဓုန်းဓား-အသွား တွေနဲ့ အမြဲတမ်း တဝီဝီလည်ပြီး ဓားသွားတွေက ခေါင်းကို အစိတ်စိတ် အလွှာလွှာ ပိုင်းဖြတ်နေတယ်၊ ပိုင်းဖြတ်နေတော့ သွေးသံတွေကလဲ ကျလို့ ရဲလို့ အမယ်လေး - အမယ်လေးနဲ့ အော်နေရတယ်၊ (မှန်လှပါဘုရား)။

အဲဒါကို မိတ္တဝိန္ဒက-က ဘယ်လိုအောက်မေ့သလဲဆိုတော့ လှလိုက်တဲ့ကြာပန်းကြီး၊ ရွှေပန်းကြီး ငါ့ခေါင်းပန်ရင် လှမှာ ဘဲတဲ့၊ သွေးတွေ-သံတွေ ကျနေတာကို သူ့မျက်စိထဲ မမြင်ဘူး မသိဘူး၊ ရွှေပန်း - ပန်ထားတယ်လို့ သူက သွားထင်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ သူက ငရဲသားကို သွားပြော တယ်တဲ့၊ မောင်ရယ် - မင်းခေါင်းပေါ်က ရွှေပန်းကြီး ငါပန်ပါရ စေလို့ တောင်းသတဲ့၊ ယောဂီတို့ သေသေ ချာချာ မှတ် ထားနော်၊ အကုသိုလ်ဖိစီးလာရင် ငရဲပန်းကို ရွှေပန်းထင် တော့တာဘဲ၊ မသိတဲ့တရားကြီး ဝင်လာပြီလုံးဆိုရင် မှား ကုန်ပြီ ယောဂီတို့၊ (မှန်ပါ့ဘုရား)။

အဲဒီလို သွားတောင်းတော့ ဟိုက ငရဲသားက မောင်ရယ် ဒါရွှေပန်းမဟုတ်ဘူး၊ ငါ့မှာ မချိမဆန့် ခံနေရတယ်၊ သင်ဓုန်း ဓားကြီး ခုတ်နေတာ ပါကွယ်၊ မယူချင်ပါနဲ့လို့ တောင်းပန်

ပြောတယ်- မိတ္တဝိန္ဒက-က ကျုပ်သနားရင် ဒီလိုလိမ်ပြီးမပြော ပါနဲ့၊ ကျုပ်ကို မိတ်ကောင်းဆွေကောင်းအနေနဲ့ အသိအမှတ် ပြုရင် ဒီလိုမပြောပါနဲ့၊ ဒီရွှေပန်းကြီးကို ကျုပ်ပန်ပါရစေတဲ့၊ အကုသိုလ်ကံဖိစီးလာပြီနော်၊ (မှန်ပါ့ဘုရား)အတင်းတောင်း နေတယ်၊ (မှန်ပါ)။

ဟိုက သင်ခုန်းစက်လား ရွှေပန်းလား (သင်ခုန်းစက်ပါ ဘုရား) ငရဲ ခံနေရတာကိုး၊ ငရဲမှန်းမသိဘူး၊ သူ့စိတ်ထဲ ရွှေပန်းလို့ ထင်နေတော့တာဘဲ၊ အတင်း တောင်းတော့ ငရဲ သားကြီးက အောက်မေ့သတဲ့၊ ငါလဲ သူလို မကောင်းတာ တွေပြုခဲ့လို့ ငရဲခံနေရတယ်၊ ငါ့မှာ ကံကုန်ခါနီးပြီ ထင်ရဲ့၊ သူ့မှာ ဒီမကောင်းတဲ့ ကံအကျိုးတွေ ဆိုက်တော့မယ် ထင် တယ်၊ သူတော့ ငါ့လိုခံနေရတော့မယ်လို့ အောက်မေ့သတဲ့၊ (မှန်ပါ့ဘုရား)။

ကဲ ဒါလောက်လိုချင်ရင် အနားကပ်ဆိုပြီး အရင်တုန်းက ကံမကုန်သေးတော့ မ, လို့မရဘူး၊ ဘယ်လိုမှ လုပ်လို့မရဘူး၊ အခုမှ သူ့မှာလဲ ကံကျွေးက ဝဋ်ကျွေးက ကုန်ပေါ့ကိုး၊ သူက ကံကုန်ချိန် မိတ္တဝိန္ဒက ကံအပြစ် ခံချိန်ရောက်လာတော့ တခါ ထဲ သူ့ခေါင်းပေါ်က အသာကလေး မ,ပြီး မိတ္တဝိန္ဒကရဲ့ ခေါင်းပေါ် လှမ်းတင်လိုက်တယ်၊ တင်လိုက်တော့မှ သင်ခုန်း စက်က လည်ပြီး ခုတ်တော့တာပေါ့၊ ဒီတော့ အမယ်လေး, အမယ်လေး အော်ပြီး ငရဲခံနေရတော့တယ်၊(မှန်ပါ့ဘုရား)။

အဲဒီလိုဘဲ ပုထုဇဉ် အရှုးအမိုက်ဆိုတာ ငရဲပန်းကို ရွှေပန်း ထင်တဲ့ မိတ္တဝိန္ဒကလိုဘဲ၊ လူရယ် နတ်ရယ် ဗြဟ္မာရယ် ဖြစ်ရ

တယ်ဆိုတာ ခင်ဗျားတို့မှာ ခေါင်းထဲဆင်းဘို့ သင်းချိုင်းရောက်ဘို့၊ ဒါဘဲရှိတယ်၊ သေဘို့က သေချာနေပြီ၊ သေသေချာချာ ဉာဏ်နဲ့စဉ်းစားကြပါအုံး ယောဂီတို့၊ (မှန်လှပါဘုရား)။

သေတယ်ဆိုတာနဲ့ ဒီလင် ဒီသား ဒီပစ္စည်း ဆိုတာတွေ မခွဲချင် ခွဲချင်နဲ့ ခွဲပြီးသကာလ မျက်ရေကလေးတွေ ကျပြီး ပူဆွေးသောကဖြစ်ကာ ဒီခန္ဓာ မသာလောင်းကို စွန့်ရမှာပါကလား၊ မှန်လှပါဘုရား။

ဒီ သေဘေးကြီးကလဲ နောက်နားမှာ ကပ်နေပါတယ်၊ ကပ်လျက် ကလေးပါ၊ နတ်သက် ငရဲသက်တို့နှင့် လူ့အသက်နဲ့ နှိုင်းယှဉ်ရင် လူ့သက်တမ်းဟာ မျက်စိ တမှိတ်ခန့်လောက်ဘဲ ရှိပါတယ်၊ လူ့သက်တမ်းတရာဟာ ငရဲပြည်မှာ မျက်စိ တမှိတ်ခန့်လောက်ဘဲ ရှိတယ်။

လူ့ပြည် လူရယ် လို့ လာဖြစ်ပြီး နေရတာ ကိုပုနဲ့ မပု၊ ကိုဆင်းရဲနဲ့ မ ဆင်းရဲတွေချည်း ဖြစ်နေတယ်၊ တပူပူ တဆူဆူနဲ့ အေးရတယ်လဲမရှိပါလား ယောဂီတို့၊ (မှန်လှပါဘုရား) အဲဒါနဲ့ဘဲ အိုဘေး နာဘေး သေဘေး သင့်ပြီး သကာလ ခန္ဓာကိုယ်ကြီးကို မြေဇာအဖြစ်နဲ့ အခွန်ဆက်ပြီး ခင်ဗျားတို့ ကျုပ်တို့သေရမှာကိုး၊ (မှန်ပါဘုရား)။

ဒီဘေး ဒီအန္တရာယ်ကြီးကို ဘေးဘဲရန်ဘဲ အန္တရာယ်ဘဲလို့ မြင်ကို မမြင်ကြဘူး၊ သိကို မသိကြဘူး၊ ချမ်းသာတယ်လို့ ထင်နေကြတယ် (မှန်လှပါဘုရား) ကောင်းတယ် နေရာကျတယ် လို့ချည်း ထင်နေတာ့ တောဘဲ၊(မှန်လှပါတယ်ဘုရား)။

သတ္တဝါတွေမှာလဲ ဒီလိုဟောပြနိုင်တဲ့ သူတော်စင်တွေကို မတွေ့ရတော့ ယောဂီတို့ ငါဘဲ၊ ငါ့ဟာဘဲ၊ ဟုတ်တာဘဲ၊ ကောင်းတာဘဲ၊ ဖြစ်အောင် ရအောင် လုပ်မှာဘဲ၊ ဖြစ်ရင် ရရင်တော့ချမ်းသာတာဘဲလို့ အဲဒီလိုထင်ပြီး ကံတွေ အားကိုး၍ လုပ်လာခဲ့တော့ ယောဂီတို့ သတ္တဝါဟာ အမှန်သိလို့လား မသိလို့လား၊ (မသိလို့ပါဘုရား)မသိတာတယ်ကြောက် စရာကောင်းပါလား၊ (ကောင်းပါတယ် ဘုရား) ဒါဖြင့် အခု ခင်ဗျားတို့ ခံနေရတဲ့ အဖြစ်ဟာဖြင့် မသိပြစ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ပုထုဇဉ်ဆိုတဲ့ သတ္တဝါတွေဟာ သေသေချာချာ ဉာဏ်နဲ့ကြည့်မှ မသိဘူး ဆိုတော့ ငရဲပြည်က ငရဲပန်းကို ရွေပန်ထင်တဲ့ မိတ္တဝိန္ဒကတွေဘဲ၊ (မှန်လှပါဘုရား) ခင်ဗျားတို့ဟာ ရချင်ရောက်ချင်လွန်းလို့ မြန်မြန် ရောက်စမ်း ပါရစေလို့ တောင်းယူခဲ့ကြတယ်၊ အို နာ သေဘေးတွေကို ယည့်ကိုမတွေက်ခဲ့ဘူး မမြင်ခဲ့ကြဘူး၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)

ဒါကြောင့် အရိယာအရှင် သူတော်စင်တို့က အမှန်မြင်တယ်၊ အရိယာအရှင် သူတော်စင်တို့လို အမှန်မြင်ရင် သမ္မာဒိဋ္ဌိ ဖြစ်ပြီပေါ့၊ ဒါကြောင့် ကံအားမကိုးနဲ့ ဉာဏ်အားကိုးလို့ ပြောတာ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကံအားကိုးရင် အိုဘေး နာဘေး သေဘေး သင့်ပါလိမ့်မယ်၊ ဉာဏ်အားကိုးရင် လွတ်ပါလိမ့်မယ်၊ ဒါကိုတော့ဖြင့်

ခင်ဗျားတို့ လေးလေးနက်နက် ပိုင်းပိုင်းခြားခြား မှတ်လိုက်စမ်းပါ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါကြောင့် ရှင်တော်ဘုရား ပွင့်လာတဲ့ အခါကျတော့မှ ရှင်တော်ဘုရားက ဟောတော်မူပါတယ်၊ ကောင်းမှုတွေပြုတဲ့အတွက် လူ နတ် ဗြဟ္မာ သတ္တဝါဖြစ်တယ်၊ အကုသိုလ်ပြုတဲ့အတွက် အပါယ်လေးပါး ကျပါတယ် ဆိုတာတွေဟာမှန်ပါတယ်တဲ့၊ သို့သော် အမှန်ဆုံးမဟုတ်သေးဘူးတဲ့၊ အမှန်ဆုံးက သတ္တဝါတွေမှာ ဒိတ္ထာဒိဋ္ဌိ ဦးစီးတဲ့ ကံတည်းဟူသော အကြောင်းတရားကြောင့် အိုဘေး-နာဘေး-သေဘေးသင့်တယ်တဲ့၊ (မှန်လှပါ)။

ဒါကြောင့် သတ္တဝါတွေမှာ ဖြစ်နေတာ သမုဒယနဲ့ဒုက္ခဘဲ၊ သမုဒယကြောင့် ရုပ်နာမ် ဒုက္ခတွေနေတာ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ဘာကြောင့် ဘာဖြစ်ပါလိမ့်၊(သမုဒယကြောင့် ဒုက္ခဖြစ်တာပါဘုရား) ဒိတ္ထာဒိဋ္ဌိ ဦးစီးတဲ့ကံတွေဟာ သမုဒယတွေဘဲ၊ သမုဒယအကြောင်းကံ တရားကြောင့် ဒုက္ခကောင်းကောင်းတွေနေတာ၊(မှန်လှပါဘုရား)။

အဲဒီလို သစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့မှ အမှန်ဆုံးကိုမြင်တယ်၊ ဒါကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆိုတာ အမှန်ဆုံး မြင်တာပါ၊ အမှန်သိတာပါ၊ အမှန်သိ၍ အမှန်တရားကိုမြင်တော်မူ၍ ဘုရားရှင်က ဟောပြတော်မူခဲ့ပါတယ်၊(မှန်ပါဘုရား)။

ဒါဖြင့် ယခု ယောဂီတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပရိနိဗ္ဗာန် စံလွန်ပြီဖြစ်၍ သက်တော်ထင်ရှား မရှိသော်လဲ

ကိုယ်တိုင် ကိုယ်ကျ ဟောကြားထားခဲ့တဲ့ တရားတော်များ အမှန်ပင် ရှိနေပါတယ်၊ မရှိဘူးလား (ရှိနေပါတယ်ဘုရား) ရှိလို့ဘဲ ယခု ဘုန်းကြီးများထံမှ တဆင့် ကြားနာလိုက်ရတဲ့ အတွက် မသိရသေးတာတွေ သိရပြီး အမှားအမှန် ဝေဖန် ပိုင်းခြားနိုင်တယ်၊ (မှန်ပါတယ်)။

ဒါအမှန်ဘဲ ဒါအမှားဘဲလို့ ပိုင်းခြားသိတဲ့ အသိဟာ ဘုရားပွင့်သွားလို့ တရားတွေ ဟောသွားလို့တဆင့် ဆရာ သမားတွေက ဟောပြလို့ ခင်ဗျားတို့ ရင်ထဲ ရောက်တာဘဲ၊ ဘုရားရဲ့အသိဉာဏ်တွေဟာ ခင်ဗျားတို့ရင်တွင် နာမ်အစဉ်မှာ ဝင်ပြီးတော့ ကိန်းတော်မူတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ ဘုရား) ၊ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် ရှင်တော်ဘုရား ပွင့်လာတော် မူတဲ့အခါမှာ ဘုရားရှင် ဟောတော်မူတဲ့ ဝိပဿနာဆိုတဲ့ ဉာဏ်အမြင်နဲ့ ကြည့်လိုက်တော့မှ ဝိ-ဆိုတာက အထူး၊ ပဿနာဆိုတာက မြင်တာ အထူးမြင်တာ အမြင်ထူးတာ၊ အသိထူးတာ အယူ ထူးတာ ဝိပဿနာ ဉာဏ်ပေါ့ဗျာ၊ (မှန်ပါဘုရား) အမှားနဲ့ အမှန်ကိုတော့ဖြင့် ထူးထူး ခြားခြားဘဲ သိကြရပေတယ်၊ (မှန်လှပါ)။

ဘဝများစွာက ယူဆလာခဲ့ကြတာကတော့ သတ္တဝါတို့ ထုံးစံအတိုင်းဘဲ ကောင်းတာလုပ် ကောင်းကျိုးရတာပေါ့၊ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်တာပေါ့။ ဒါက သိရိုးသိစဉ် မှတ်ရိုးမှတ်စဉ် နားလည်ရိုး နားလည်စဉ်တွေဘဲ၊ အခု ဘုရားပေးလိုက်တဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့မှ

သမုဒယကြောင့် ဒုက္ခဖြစ်တာပါကလားလို့ အမှန်မြင်သွားပြီ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်တို့နဲ့ ကြည့်လိုက်တဲ့ အခါကျမှ အမှန်ဆုံးမြင်တယ်၊ အမှန်ဆုံးမြင်တော့ အများတွေ စင်မသွားဘူးလား၊ (စင်သွားပါတယ်ဘုရား) ငါတို့ကံကိုဖြင့် ကံအမိ-ကံအဖဆိုပြီး သိပ်အားကိုးလာလို့၊ ကံကြောင့် ငါတို့မှာ အိုဘေး-နာဘေး-သေဘေးတွေသင့်နေပြီ၊ အားကိုးတော့ လွဲခဲ့ပြီလို့ မဆုံးဖြတ်နိုင်ဘူးလား၊ (ဆုံးဖြတ် နိုင်ပါတယ် ဘုရား)။

ဒါဖြင့် အားကိုးတော့ လွဲခဲ့ပြီ ခင်ဗျားတို့ ကျုပ်တို့ ရှင်တော် ဘုရားရဲ့ သာသနာနဲ့ တွေ့တုန်း ဉာဏ်အားကိုးမှ တော်တော့မယ်၊ ဒီဉာဏ်ကလဲ ဘုရားသာသနာ အတွင်းမှာ သာ ရနိုင်ပါတယ်လို့ မှတ်ပါ၊ သာသနာအပြင်မှာ ရနိုင် မရနိုင်၊ (မရနိုင်ပါဘုရား) ခင်ဗျားတို့မှာလဲ ကံအားလျော်စွာ သာသနာအတွင်းမှာ ဖြစ်လာတယ်၊ သာသနာတွင်းဖြစ်တယ် ဆိုတာ သာသနာခေတ်ရှိတဲ့ အခါမှာ လူလာဖြစ်ရတယ်လို့ ပြောတာနော်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သာသနာကြီးနဲ့ ကြုံနေတာပေါ့၊ (မှန်လှပါဘုရား) သို့သော် ခင်ဗျားတို့လုပ်မှ အားထုတ်မှ ဒီဉာဏ်ရမယ်၊ အားထုတ်မှ နာမ်နဲ့ဉာဏ် ဆုံသွားမယ်၊ ကိုယ့် နာမ်နဲ့ ဘုရားပေးတဲ့ဉာဏ်နဲ့ ဆုံသွားမယ်၊ ပေါင်းမိသွားမယ်၊ သို့မဟုတ်ရင် ခင် ဗျား တို့ နာမ် ထဲ မှာ ဘုရားပေးတဲ့ဉာဏ်

ရောက်မှာမဟုတ်ဘူး၊ (မှန်လှပါဘုရား)ဘယ်တော့မှမရောက်ဘူးလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ရှေးဦးစွာ တရားနာပြီးသကာလ ဆရာသမားတို့ ညွှန်ကြားတဲ့အတိုင်း တရားများ အားထုတ်မယ်ဆိုရင် ယောဂီတို့ နေ့ယျပုဂ္ဂိုလ်ကိုယ်ဟာ မဂ်ဖိုလ် နိဗ္ဗာန်သုံးတန်သောချမ်းသာရနိုင်တယ်လို့ ဆုံးဖြတ်လိုက်ပါ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

သို့သော် အားထုတ်မှဘဲ ရမယ်၊ ဒါကိုတော့ လေးလေးနက်နက် မှတ်ရမယ်၊ မလုပ်ရင်တော့ ဘယ်တော့မှ မရဘူး၊ မသွားရင် ရောက် မရောက်၊ (မရောက်ပါဘူး ဘုရား)မတီးရင် မြည် မမြည်၊ (မမြည်ပါဘုရား)။

ဆွဲရင်တော့ ပါတော့မှာဘဲ၊ မဆွဲရင်၊ (မပါ-ပါဘူးဘုရား)သွားရင်တော့၊ (ရောက်မှာပါ ဘုရား)တီးရင်တော့၊ (မြည်မှာပါ ဘုရား) လောကကြောင်းကလဲဒီအတိုင်းမို့ ဓမ္မအကြောင်းကလဲ ဒီအတိုင်းပါဘဲ၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါကြောင့် ကံနဲ့ဉာဏ် ကွာခြားပုံ ကြည့်ကြ၊ ကံအားကိုးလျှင် ဘယ်မှာဆုံးမှာလဲ၊ (အို နာ သေ မှာပါဘုရား) ဉာဏ်အားကိုးလျှင် (အို နာ သေ လွတ်မှာပါဘုရား) အို နာ သေ လွတ်ဆိုတော့ နိဗ္ဗာန်ဘဲရှိတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကံသမားက ဘာကြောင့် ကံကိုသာ အားကိုးနေပါသလဲလို့မေးတော့မှ ဉာဏ်မရှိတော့ ငါလုပ်ရင် ငါ

ရတာကွ၊ ငါပြုရင် ငါခံစားရမှာ-ယောဂီကို၊ ကံသမားက ဒီ ယုံကြည်ချက် ရှိ-မရှိ၊ (ရှိပါတယ် ဘုရား) ရှိလို့လုပ်နေကြတာပေါ့၊ (မှန်ပါ့ဘုရား)။

မြတ်ဘုရားပေးတဲ့ ဝိပဿနာ ဉာဏ်နဲ့ ကြည့်တော့ ဘုရားက "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော"တဲ့။

ကမ္မဿ-ကုသိုလ် အကုသိုလ်ကံကို၊ ကာရကော-ပြုလုပ်တတ်သော တစုံတယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါသည်၊ နတ္ထိ-မရှိတာ စင်စစ် အမှန်ပင် ဖြစ်ပါပေ၏။ ဝိပါကဿ-ကောင်းကျိုး ဆိုးပြစ်ကို၊ ဝေဒကော-ခံစားတတ်သော တစုံတယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါသည်၊ နတ္ထိ-မရှိတာစင်စစ် အမှန်ပင်ဖြစ်ပါပေ၏-တဲ့။

မြတ်ဘုရားက ကုသိုလ်ကံ အကုသိုလ်ကံပြုတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါဆိုတာ မရှိတဲ့၊ ကောင်းကျိုး မကောင်းကျိုး ခံစားတတ်တဲ့ လူ နတ် ဗြဟ္မာ သတ္တဝါဆိုတာလဲ မရှိဘူးတဲ့။

ဒါဖြင့် မြတ်ဘုရားက သတ္တဝါဆိုတာ ပရမတ္ထအနေနဲ့ ရှိကို မရှိဘူးတဲ့၊ ဒီတော့ သတ္တဝါမှမရှိဘဲ၊ ပုဂ္ဂိုလ်ဆိုတာကော၊ (မရှိပါ ဘုရား) ယောကျ်ား မိန်းမ ဆိုတာကော၊ (မရှိပါဘုရား)။

ကဲ - ဒါဖြင့် ကံကိုပြုတဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးလို့ ဘုရားရှင်က ဟောနေတော့ ဒီလို မရှိခဲ့လျှင် စကြဝဠာ အတွင်းမှာ ဘာတွေဖြစ်၍ ဘာတွေ ပျက်နေတာလဲဆိုတော့မှ၊ သုဒ္ဓဓမ္မာ-ပုဂ္ဂိုလ် သတ္တဝါ မပါမရှိ ရုပ်ဓမ္မ နာမ်မှတို့

သည်သာလျှင်၊ ပဝတ္တန္တိ - ကြောင်းကျိုး ကြောင်းကျိုးတွေ ဆက်၍ ဖြစ်ပျက် ဖြစ်ပျက်၍ နေကြရလေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

ရုပ်နဲ့နာမ်ဘဲရှိတယ်လို့ ဘုရားရှင်က ဟောနေပြီ၊ ရုပ်နဲ့ နာမ်ကလဲ မမြဲတဲ့ဗျာ၊ သဘောတရား ပါဘဲတဲ့၊ အဲဒါကို ခင်ဗျားတို့က ရုပ်နဲ့နာမ် မမြဲသဘောကို မသိတော့ ရုပ်နာမ် ဓမ္မကို ပုဂ္ဂိုလ် သတ္တဝါ ငါဘဲ သူဘဲလို့ မစွဲဘူးလား၊ (စွဲပါတယ် ဘုရား)။

မှတ်မထားကြဘူးလား၊ (မှတ်ထားကြပါတယ် ဘုရား) ဒီအတိုင်း သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)ဒီအတိုင်း စွဲစွဲလမ်းလမ်း ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ် ဘုရား) ဒီအစွဲ ဘယ်ကလာတာပါလဲ၊ (အသိများတာကပါ ဘုရား) ဒီ အသိများ ဘယ်က လာတာပါလိမ့်၊ (အမှတ်များတာက လာပါတယ် ဘုရား)။

နံပါတ် (၁) အမှတ်များတာ သညာလို့ ခေါ်တယ်၊ ဒီသညာဟာ အင်မတန်ဆိုးတယ်၊ မှတ်ထား လိုက်တာလဲ စုံနေပြီ၊ ငါဘဲ၊ သူဘဲ၊ လူဘဲ၊ နတ်ဘဲ၊ ပုဂ္ဂိုလ်-သတ္တဝါဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲ၊ ထမင်း၊ ဟင်း၊ စိန်ဘဲ၊ ရွှေဘဲ၊ ငွေဘဲ၊ ဟာ-မှတ်ထားတာတွေကို တလောကလုံးမှာ မရေ မတွက်နိုင်ဘူး၊ အဖြူတဲ့၊ အနီတဲ့၊ အဝါတဲ့၊ ပါးတဲ့၊ နားတဲ့၊ သွေးတဲ့၊ အကြောတဲ့၊ အရေတဲ့၊ ခန္ဓာကိုယ်မှာလဲ မှတ်ထား လိုက်တာတွေ နည်းသလား၊ (မနည်းပါဘုရား)။

မိမိခန္ဓာကိုယ်ဘဲ ပြန်ကြည့်စမ်းပါအုံး၊ မှတ်ထားလိုက်တာတွေ မနည်းပါဘူး၊ ခေါင်းဘဲ- ကိုယ်ဘဲ- အသဲဘဲ- အူဘဲ စသဖြင့် ၃၂-ကောဋ္ဌာသ စုံရောဘဲ၊ မှတ်ထားတာတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီအမှတ်တွေကိုက မှားနေတာတဲ့၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အမှတ်မှားတဲ့အတွက် အသိကလဲ လိုက်မှားနေတယ်၊ အမှတ်မှား အသိမှားတဲ့အတွက် ခင်ဗျားတို့စိတ်ထဲမှာ ဒိဋ္ဌိက ဖျက်မရနိုင်လောက်အောင် စွဲနေတယ်၊ မစွဲဘူးလား၊ (စွဲနေပါတယ်ဘုရား)။

စွဲတာမှ တကယ်တန်း စွဲနေလို့ ဘယ်လိုဘဲ ဟောဟော မရနိုင်လို့ အခု မကြာမကြာ ထပ်တလဲလဲ ဟောနေရတာ၊ (မှန်ပါတယ် ဘုရား) ဒီအစွဲ ဖျက်နေရတာ ခင်ဗျားတို့မှာ စွဲချက်သန်လွန်းလို့၊ ဒီအစွဲကို အတင်းဖျက်ပေးနေရတယ်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုရားရှင်ကလဲ ရုပ်ခေတ်နဲ့ နာမ်ခေတ်ဘဲ ရှိတယ်လို့ ဟောခဲ့တယ်၊ ရုပ်ခေတ်နာမ်ခေတ် ကြည့်ချင်ရင် ဘယ်ကြည့်ရမလဲ ဆိုတော့ ခန္ဓာကိုယ်ကို ကြည့်တဲ့၊ (မှန်လှပါ)။

စိတ်ကလေး ဘယ်မှာထားလိုက်၊ (ရင်မှာထားရပါ့မယ် ဘုရား) ဘာတွေ ရှုနေရမှာပါလိမ့်၊ (ပူဒါ အေးဒါ လှုပ်ထာဆင်းရဲဒါ ချမ်းသာဒါပါ ဘုရား) ကိုယ်မှာပေါ်ဒါ ၅-မျိုး ရှုနေပါဆိုတော့ ယောဂီတို့ ပူဒါ မတွေ့ဘူးလား၊ (တွေ့ပါ

ဘယ် ဘုရား) အေးတဲ့ သဘောတွေ၊ (တွေ့ပါတယ် ဘုရား) လှုပ်တဲ့သဘောတွေ၊ (တွေ့ပါတယ်ဘုရား)။

ပူဒါ အေးဒါ တေဇောဓာတ် ရုပ်ဓာတ်ဘဲ၊ လှုပ်ထာကလေးတွေက ဝါယောဓာတ် ရုပ်ဓာတ်ဘဲ၊ ဒီတေဇောနဲ့ ဝါယောဓာတ်ကို သွားတွေ့တော့ ပူ - အေး - လှုပ်သည်၊ သတ္တဝါလား ရုပ်ဓာတ်လား၊ (ရုပ်ဓာတ်ပါ ဘုရား) ပူဒါလေးဟာ ယောကျ်ားလား၊ မိန်းမလား၊ ပူဒါလေးဘဲလား၊ (ပူဒါလေးပါဘဲဘုရား)ခေါင်း - ကိုယ် - ဒူး- တတောင်လား၊ ပူတဲ့သဘောလား၊ (ပူတဲ့သဘောပါဘုရား)။

အဲဒီ ပူတဲ့သဘောကို သဘောမှန်း မသိဘူး၊ ရုပ်မှန်း မသိဘူး၊ တရားမှန်း မသိဘူး၊ ဓာတ်မှန်းမသိတော့ ငါဘဲ သူဘဲ ခေါင်းဘဲ ကိုယ်ဘဲ ခြေဘဲ လက်ဘဲလို့ မှတ်ထားကြတယ်၊ (မှန်လှပါ) မှတ်ထားတဲ့အတိုင်း ခင်ဗျားတို့က ရှေးက သညာက လက်ညှိုး ထိုးထိုးပြနေတယ်၊ (မှန်လှပါ)။

ဒီ ပူတာဟာ ခေါင်းက ပူတာဘဲ လက်က ပူတာဘဲ မှတ်ထားတာက ဒီအတိုင်း မှတ် ခဲ့ တော့ ပူ တာ လေး တွေ့လိုက် အမှတ်သညာက ရှေ့ကနေပြီး ညွှန်ပြနေတာ၊ ခေါင်းက ပူပြန်ပြီဟော့၊ ခင်ဗျားတို့ကလဲ ခေါင်းထဲပူလိုက်တာ ရင်ထဲက ပူလိုက်တာဆိုတော့ အပူကို ခေါင်းဘဲ ကိုယ်ဘဲလို့ ဘာကယ်ဘဲ စွဲသွားပြီ၊ (မှန်လှပါ)။

ဒါဖြင့် ရှေးကမှတ်ထားတဲ့ သညာတွေ အမှတ်တွေကို ဖျက်ရင်ဖျက် မဖျက်ရင် ခင်ဗျားတို့ ခက်ပြီ၊ ဒီအမှတ်ကို ဖျက်ပစ်ရပါလိမ့်မယ်နော်၊ (မှန်ပါဘုရား)အမှတ်တွေမှားနေ

လေသောကြောင့် ပူတာသည် ရုပ်ဓာတ်လို့ မှတ်လိုက်တာ ပေါ့ဗျာ၊ အေးတာ ရုပ်ဓာတ်လို့မှတ်၊ လှုပ်တာ ရုပ်ဓာတ်လို့ မှတ်၊ ရုပ်ဆိုတာ တရားဘဲ သဘောဘဲ၊ တနည်းအားဖြင့် ဓာတ်လို့မှတ်ပါ၊ (မှန်ပါ)။

ဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ ကြည့် လိုက်စမ်းပါအုံး၊ ကိုယ်နဲ့စိတ်ဘဲ ရှိတော့ ဒီ ကိုယ်ကြီးဟာ မြေ ရေ လေ မီး ဓာတ်ကြီးလေးပါး အစုဘဲ၊ အဲဒီ ဓာတ်ကြီးလေးပါးကဘဲ မျက်စိ - နား - နှာ - လျှာ- ကိုယ်လို့ ရုပ်ဒြပ်ရငါးပါး ဖြစ်လာပြန်တယ်၊ ဒီ ဒြပ်ရတွေလဲ မြေစု-ရေစု-လေစု-မီးစုတွေပါဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ခန္ဓာမှာ မျက်စိကော မရှိဘူးလား၊ (ရှိပါ တယ်ဘုရား)နားကော၊ (ရှိပါတယ် ဘုရား)နှာခေါင်းကော၊ (ရှိပါတယ် ဘုရား)လျှာဆိုတာကော၊ (ရှိပါတယ် ဘုရား) ကိုယ်ကြီးဆိုတာကော၊ (ရှိပါတယ် ဘုရား) ဒါတွေကလဲ နာမည် ပညတ်တပ်ပြီး ခေါ်ထားတာပါ၊ ဒါတွေလဲ ရုပ် တရားကြီးပါဘဲ၊ ရုပ်ဓာတ် ရုပ်ခဲကြီးပါ၊ (မှန်ပါ)။

အဲဒီ ရုပ်ဓာတ် ရုပ်ခဲကြီးကို မျက်စိရုပ် နားရုပ် လျှာရုပ် ကိုယ်ရုပ်၊ အဲဒီ ရုပ်တွေကို အကုန် ပြန်ပေါင်းလိုက်ပြန်တော့ မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးပါးပါဘဲ၊ ဓာတ်ကြီးလေး ပါးကိုပေါင်းလိုက်ပြန်တော့၊ (ရုပ်ပါဘဲဘုရား)။

"ရုပ်ဆိုတာ ဖောက်ပြန်တာ ဖောက်ပြန်တဲ့ သဘောပါ" ဖေါက်ပြန်ဆိုတာ တမျိုးပြီးတမျိုး ဖြစ်နေတာ၊ ရှင်းပြီလား၊

(ရှင်းပါပြီဘုရား) ဒါဖြင့် တမျိုးပြီးတမျိုး ဖြစ်နေတယ်ဆို ရင် ပျက်လို့ ဖြစ်ရတာပေါ့၊ ဖြစ်လို့ပျက်ရ တာပေါ့၊ ဒီတော့ တိုတိုကလေး မှတ်လိုက်ပါ၊ "ရုပ်ဆိုတာ အမြဲ အသစ်အသစ် ဖြစ်ပေါ်နေတဲ့ သဘောကလေး" ဘဲ၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့ ရုပ်ကို ခင်ဗျားတို့ ပြန်ကြည့်စမ်း၊ ဖြစ်တာ လေးတွေ ပြန်ကြည့်၊ ပူတာလေးတွေ ပြန်ကြည့်၊ အောင့်တာ လေးတွေ လှုပ်လှုပ်ကလေးတွေ ရွရွကလေးတွေ မွမွကလေး တွေ၊ အဲဒါ ခန္ဓာ တကိုယ်လုံး ပြန်ကြည့်၊ တမျိုးပြီးတမျိုး ပြောင်းလဲ နေတာဘဲ၊ နံနက်တမျိုး ညတမျိုး ဒီနေ့တမျိုး မနက်ဖန်တမျိုး ရှေ့လတမျိုး နောက်လတမျိုး ဖြစ်နေတယ်၊ (မှန်လှပါ)။

အခု ယောဂီတို့ ပူတာ ပူတာလို့ မှတ်နေတော့ ရှေ့အပူနဲ့ နောက်အပူ တမျိုးစီ၊ ရှေ့က တောင့်တင်းတာနဲ့ နောက်က တောင့်တင်းတာဟာ တမျိုးစီဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါဖြင့် ရုပ်ခတ်တွေ အမြဲ ပြောင်းလဲနေတာပေါ့၊ ကိုယ့်ရုပ်ကို ကိုယ်ပြန်ကြည့်ပြီး အကဲခပ်စမ်းပါအုံး ဝိပဿနာ ဉာဏ်နဲ့ သေသေချာချာ ကြည့်ပါ၊ ရှေ့-နောက် မတူပါဘူး၊ (မှန်ပါတယ်ဘုရား)။

ဒီနေ့ မနေ့ကရုပ်ရှိသေးသလား၊ (မရှိပါဘုရား) မနက်က ရုပ်ရှိသေးလား (မရှိပါဘုရား) ရှေ့နာရီကရုပ် ခုချိန်ထိအောင်၊ (မရှိပါဘူး ဘုရား)၊ ရှေ့မိနစ်က ရုပ် ခုချိန် ထိအောင်၊ (မရှိပါဘူး ဘုရား) ရှေ့စက္ကန့်ကရုပ် ခုချိန်ထိအောင်၊ (မရှိ ပါဘူးဘုရား)။

ဖြတ်ကနဲ့ဆို ပျက်၊ဖြတ်ကနဲဆို ပျက်၊အဲဒီလို ပျက်နေပေမဲ့ ပုံသဏ္ဌာန် မပျက်တာက နောက်က အသစ် ဆက်နေလို့၊လက်မောင်းကြီးတခုလုံး ပျက် လက်မောင်းကြီး တခုလုံးကို ရုပ်ဓာတ်တွေက အားလုံး အသစ် ပြန်ဆက် ပေးနေတာကိုး၊ (မှန်ပါ့ဘုရား)။ ဒါကြောင့် ပုံမပျက်ဘဲဖြစ်နေတာ၊(မှန်ပါ့ဘုရား)။

မြစ်ထဲကို ကြည့်လိုက်စမ်းပါ၊ ရန်ကုန်မြစ်ထဲကို ဒီကနေ ဉာဏ်နဲ့ကြည့်လိုက်စမ်းပါ၊ ဒီကနေ့ ရေဟာ မနေ့က ရေ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါ ဘုရား) အခု မြစ်ထဲရေတွေ အပြည့်ပါဘဲ မနေ့ကရေလား၊ (မဟုတ်ပါ ဘုရား) မနက်က ရေလား၊ (မဟုတ်ပါ ဘုရား) အရင်နာရီက ရေကော၊ (မဟုတ်ပါဘုရား) အရင်မိနစ်ကရေ၊ (မဟုတ်ပါ ဘုရား) အရင်စက္ကန့်ကရေ၊ (မဟုတ်ပါဘုရား)။

မဟုတ်ရင် မြစ်ကြီးဟာ ရေတွေခန်းပြီး ဟာလာ ဟင်းလင်း ကွက်လပ်ကြီး ဖြစ်နေရမယ်၊ ယခု ကွက်လပ် ဖြစ်မနေတာ ဘာကြောင့်လဲ၊ (အသစ်က ဆက်နေလို့ပါဘုရား)။

ထိုနည်းတူစွာ ခန္ဓာကိုယ်ကြီး တခုလုံးဟာ ဖြစ်ပျက် ဖြစ်ပျက်နေတော့ ပုံပန်းသဏ္ဌာန်က မပျက်ဘူး၊ ပျက်ပြီးတာနဲ့ တပြိုင်နက် အသစ်ဖြစ်တာက ဆက်နေလို့ဘဲ၊ ဉာဏ်နဲ့ သေသေချာချာ ကြည့်ပါ။

ဒါဖြင့် ရုပ်ပိုင်း ဆိုင်ရာက သေသေချာချာ မှတ်ပါ၊ ရှေ့မိနစ်က ရုပ်သည် နောက်မိနစ်သို့ မပါဘူး၊ ရှေ့စက္ကန့်က ရုပ်သည် နောက်စက္ကန့်သို့ မပါဘူး၊ တကျပ်သားပျက်ရင်

တကျပ်သား အသစ်ဆက်တယ်၊ တစလယ်သား ပျက်ရင် တစလယ်သား အသစ်ဆက်တယ်၊ တပြည်သား ပျက်ရင် တပြည်သား အသစ်ဆက်တယ်၊ တတင်းသား ပျက်ရင် တတင်းသား အသစ်ဆက်တယ်၊ တကိုယ်လုံး ပျက်တော့ တကိုယ်လုံး အသစ်ဆက်လို့ ဒီပုံမပျက်တာပေါ့၊ (မှန်လှပါ)။

အသစ် မဆက်ဘူးဆိုရင် တနေရာရာမှာ ချို့ယွင်းနေမှာ ပေါ့၊ ခြေထောက်မှာ အသစ်မဆက်ရင် ခြေထောက်အပြတ်ကြီး ဖြစ်နေမှာပေါ့၊ ခေါင်းက မဆက်ရင်လဲ ခေါင်းရှိတော့မှာ မဟုတ်ဘူး၊ (မှန်လှပါ)။

အခုတော့ ကံ- စိတ်- ဥတု- အာဟာရ- အကြောင်းတရားလေးပါးက အတင်းပြုပြင်ပြီး အတင်း ဆက်ပေးနေတယ်၊ မြန်လွန်းအားကြီးတော့ ယောဂီတို့ ကြားထဲ အပြတ်မထင်ဘူး၊ အပြတ်ကို မျက်လုံးနဲ့ မမြင်ရဘူး၊ ခင်ဗျားတို့ ရန်ကုန်မြစ်ကြီးကို တနေ့လုံးမျက်စိနဲ့ စောင့်ကြည့်နေ ရေပြတ်တာ တွေ့ပါ့မလား၊ (မတွေ့ရပါဘုရား)။

အပျက်ကို မမြင်ဘူး၊ ကွက်လပ်လဲ မတွေ့ပါဘူး၊ တနေ့လုံးကြည့်၊ တလလုံးကြည့်၊တနှစ်လုံးကြည့်၊ တသက်လုံးကြည့် မမြင်ဘူး၊ ဒါပေမဲ့ ရေအဟောင်းနဲ့အသစ် စက္ကန့်တိုင်းလဲ မလဲ၊(လဲပါတယ်ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကို ဉာဏ်နဲ့ကြည့်ရင် မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) မြင်ရင် ယောဂီတို့ ခန္ဓာကိုယ်မှာ ပူရှပ်-အေးရှပ်-လှုပ်ရှပ်တွေဟာ တကိုယ်လုံး အပြည့်

ရှိပါတယ်၊ ရှိတော့ ဒီရုပ်တွေဟာ တည်ငြိမ် နေသလား၊ ဖြစ်လိုက် ပျက်လိုက် နေသလား၊ (ဖြစ်ပျက် နေပါတယ် ဘုရား)။

အဟောင်းချည်းဘဲလား၊ အသစ်အသစ် ပြောင်းလဲပြီး တော့ နေသလား၊ (အဟောင်း အသစ်ပြောင်းလဲ နေပါ တယ်ဘုရား) အဟောင်းပျက် အသစ်ဆက်ပြီး အမြဲတမ်း ဖြစ်ပျက်နေပါတယ်၊ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခေါင်း- ကိုယ်- ခြေ-လက် စတဲ့ အခေါ်အသုံး ဒီနာမည်တွေ ဖျက်လိုက်စမ်းပါ၊ ရုပ်ဓာတ်ပါကလား၊ ရုပ်အစု ရုပ်ပုံ ပါလားလို့သိပါ၊ ရုပ်၏ သဘောသည် ပြောင်းလဲ ဖောက်ပြန်တဲ့သဘော၊ ဘယ့်လောက်ပြောင်းလဲ နေသလဲဆို ရင် စက္ကန့်တိုင်း ပြောင်းလဲနေတယ်၊ ဒါ ယောဂီ အနေနဲ့ ပြောတာ၊ (မှန်လှပါဘုရား)။

ဘုရားအစရှိတဲ့ သူတော်စင်တွေ အမြင်နဲ့ ပြောလို့ရှိရင် ဖြင့် တစက္ကန့်မှာ ကုဋေ ငါးထောင် ကျော်လောက် အဟောင်း အသစ် ပြောင်းလဲတယ်တဲ့၊ (မှန်လှပါ ဘုရား) မြန်လွန်းအားကြီးလို့ ပုံမပျက်တာပေါ့၊ ရေတွေလဲ အထက် ရေ အောက်ရေ ဆက်ဆက်နေတော့ ပုံမပျက်ဘဲ နေတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီလိုဘဲ ယောဂီတို့၊ ဘုန်းကြီးတို့ ခန္ဓာကိုယ်နဲ့ တကွ တလောကလုံး ရုပ်စု ရုပ်ခဲတွေဟာ-သက်ရှိ သက်မဲ့ တွေဟာ ဒီအတိုင်းဘဲ၊ (မှန်ပါ) ခန္ဓာထဲ ပြန်ရှုတဲ့အခါ တရားအား ထုတ်မယ်ကြံရင် ရှေးဦးစွာ မြစ်ရေ ဥပမာပြုပြီး ခန္ဓာထဲ

ဉာဏ်ပြန်သွင်းလိုက်စမ်း၊ ပူပူ-လှုပ်လှုပ်-မွမွ-ရိပ်ရိပ်-သုတ်သုတ်နဲ့ တကိုယ်လုံး ရေမျှား စီးသလို အဟောင်း အသစ် လဲပြီးနေတာ သမာဓိရှိရင် သေသေချာချာမြင်တယ်၊ အဲဒီလို ဖောက်ပြန်ပြီး ရွေ့ရှားပြီး အသစ်အသစ် ဖြစ်နေလို့ ရုပ်ခေါ်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒီလို တရွရွ တဖြစ်ဖြစ် တလှုပ်လှုပ်နဲ့ ပြောင်းလဲတိုင်း အသိ ဓာတ်လေးက သိ-သိ၊ သိ-သိ နေရင်းဘဲ အသိကလေးကလဲ သိပြီးရင်ပျက်တယ်၊ မပျက်ဘူးလား၊ (ပျက်ပါတယ် ဘုရား) ဒါဖြင့် ပူတာကလေး ပေါ်လိုက်တော့ ပူတာကိုမသိလိုက်ဘူးလား၊ (သိပါတယ် ဘုရား)သိပြီး ပူတာရော သိတာပါ မရှိတော့ဘူးဗျ၊ (မှန်ပါ့ဘုရား)။

သိတာလေးက ဘယ်သူလေးက သိပါလိမ့်၊ (စိတ်ကသိပါတယ် ဘုရား) နာမ်တရားလေးက သိတယ်၊ သဘောကလေးက သိတယ်၊ သိမှုကို နာမ်လို့ ခေါ်ပါတယ်၊ ဘာကြောင့်နာမ်ဟု ခေါ်သလဲ ဆိုတော့ ညွတ်ကိုင်းပြီး သိတတ်လို့၊ ညွတ်ကိုင်း၍ သိတယ်ဆိုတာ ခေါင်းထဲ ရိပ်ကနဲ ပေါ်လျှင် ခေါင်းထဲကိုသိလိုက်တာဘဲ။

အော် ပေါ်တာကရုပ်၊ သိတာက နာမ်ကိုး၊ တကိုယ်လုံး ပေါ်ချင်တဲ့နေရာကပေါ် နာမ်က ပေါ်တိုင်းသိတယ်၊ ပေါင်ခြေသလုံးမှာ အောင့်တယ် နာတယ် ပူတယ် အေးတယ်ဆိုရင်လဲ သိလိုက်တာဘဲ။

စိတ်က ညွတ်တတ်တဲ့ သဘော၊လှမ်းလှမ်းပြီး ထိုထိုနေရာကို လှမ်းပြီး သိတတ်တဲ့ သဘော ညွတ်တတ်တဲ့ သဘောတဲ့၊

ဒါကြောင့် ဒီသိစိတ် သိသဘောကလေးကို နာမ်ခေါ်တယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ယောဂီတို့ ညွတ်ညွတ် သိသိနေတဲ့ သဘောကလေးသည် ယောကျ်ားကလေးက သိတာလား၊ နာမ်က သိတာလား၊(နာမ်ကသိတာပါဘုရား)မိန်းကလေးက သိတာလား၊ နာမ်ကလား၊ (နာမ်ကပါဘုရား) ပုဂ္ဂိုလ် သတ္တဝါက သိတာလား၊ နာမ်ကလား၊(နာမ်ကပါဘုရား)။

ဒါဖြင့် ပူသိ ဆိုတော့ ဒီအထဲမှာ ယောကျ်ား ပါသေးသလား (မပါ-ပါ ဘုရား) မိန်းမကော၊ (မပါ-ပါဘုရား) ပုဂ္ဂိုလ် သတ္တဝါကော၊ (မပါ-ပါ ဘုရား) ဒါဖြင့် မြတ်စွာဘုရားက ကံကို ပြုလုပ်တတ်သူ မရှိဘူးဟော့၊ ကံ၏အကျိုးခံစားတတ်သူ မရှိဘူးလို့ ဘုရားရှင်ဟောနေတယ်၊ ဒီလို ယောကျ်ား မိန်းမမရှိဘူးဆိုရင် ဘာတွေဖြစ်နေပါသလဲဘုရားလို့ မေး၊ ရုပ်ခဏ်တ် နာမ်ခဏ်တ် အကြောင်း အကျိုး ဆက်နေတာတဲ့၊ ရုပ်နဲ့ နာမ် အကြောင်းအကျိုး ဆက်၍ ဖြစ်ပျက်နေတာပါတဲ့၊ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဘုရားရှင်က ဟောလိုက်တော့ ဘုရားရှင်ဟောတဲ့တရားကိုယ်မှာတွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ရှာလို့ရသေးရဲ့လား၊ (မရပါ ဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အခေါ်အဝေါ် နာမည်တွေဟာ ပညတ်တွေပါ သမုတ်ထားတာ ဆိုင်းဘုတ်တွေပါ၊ အဲဒါကို ခင်ဗျားတို့က အမှတ်က အလွန်အကျွံမှတ်ထားပြီးသကာလ အလွန်အကျွံ စိတ်ကအသိနာပြီး ဒိဋ္ဌိ

အစွဲက သန်နေတော့ ဖျက်လို့မရနိုင်အောင် ဖြစ်နေကြတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဘုရားရှင် ဟောသော တရားတော်သည် မျက်မြင် မဟုတ်ဘူး၊ ဉာဏ်မြင် ဖြစ်တယ်၊ မျက်လုံး ဖွင့်မကြည့်နဲ့ သညာက ဖုံးလိမ့်မယ်၊ ဉာဏ်မြင်ဆိုတော့ မျက်လုံးကို မှိတ်ကြည့်ရမယ်၊ မျက်လုံးမှိတ်ပြီး စိတ်ကိုရင်မှာထား၊ ဒီ စိတ်ကလေးနဲ့ ကြည့်လိုက်တော့ ပူ-အေး-လှုပ်တွေက ရုပ်ခတ်ဘဲ၊ သိသိနေတဲ့သဘောကလေးက နာမ်ခတ်ဘဲ၊ ရုပ်ခတ်နဲ့နာမ်ခတ်သာ အမှန်ပါကလား။

ရုပ်ခတ်နဲ့နာမ်ခတ်သည် ယောကျ်ား - မိန်းမ - ဟုတ်မဟုတ်၊ (မဟုတ်ပါ ဘုရား) ပုဂ္ဂိုလ်-သတ္တဝါ၊ (မဟုတ်ပါဘုရား) အသက်လိပ်ပြာ၊ (မဟုတ်ပါ ဘုရား) ဘာကောင်မှ မဟုတ်ဘူး၊ ဓမ္မတွေလို့ မှတ်လိုက်စမ်းပါ၊ သဘောဘဲ တရားဘဲ သင်္ခါရဘဲ၊ (မှန်လှပါ)။

အဲဒီ သဘောတရား ဓမ္မကို မမြင်နိုင်ဘဲ ဒီရုပ်နာမ်ခတ် ၂-ပါးကို ငါဘဲ သူဘဲ လူဘဲ နတ်ဘဲ ဗြဟ္မာဘဲ ရယ်လို့ အမှတ်ကလွဲ အသိကလွဲ အယူကလွဲနေလို့ မိစ္ဆာဒိဋ္ဌိဖြစ်နေရတာ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ပရမတ်အနေနဲ့ ပုဂ္ဂိုလ် သတ္တဝါရှိသေးသလား၊ (မရှိပါ ဘုရား)ငါ-သူတပါးကော၊ (မရှိပါ ဘုရား)ဒါဖြင့် ငါ-ဆိုတာ ရှိသေးသလား၊ (မရှိပါ ဘုရား) သူ-ဆိုတာကော၊ (မရှိပါဘုရား)ခေါ်ရရုံ ပြောရရုံ ရှိတယ်၊ သမုတ်ထားတာ၊ သမုတ်ရှိလို့ ခေါ်တယ်၊ အဟုတ်ရှိတာကတော့

ရုပ်နဲ့ နာမ်ဘဲ၊ သမုတ်ရှိတာက၊ (ငါ-သူ-ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါတွေပါ ဘုရား) အဲဒါ ပညတ်တွေလို့ တလောကလုံး မှတ်လိုက်ပါ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကို သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်လိုက်တော့မှ ပူသိ ပူသိ ပူသိ သို့မဟုတ် ပူဒါ ပူဒါလို့ မှတ်နေတယ်နော်၊ ဘယ်သူက မှတ်နေတာပါလိမ့်၊ (စိတ်ကပါ ဘုရား) ယောဂီတို့မှတ်တာလား စိတ်ကလား၊ (စိတ်ကပါ ဘုရား) အယူမှားတွေ ရှင်းသွားပြီ ယောဂီတို့၊ (မှန်လှပါ ဘုရား)။

ယောကျ်ားကလေးက မှတ်တာလား၊ စိတ်က မှတ်တာလား၊ (စိတ်ကပါဘုရား) မိန်းမကမှတ်တာလား၊စိတ်ကလား၊ (စိတ်ကပါ ဘုရား)ပုဂ္ဂိုလ် သတ္တဝါက မှတ်တာလား၊ (စိတ်ကပါဘုရား) ဒီစိတ်ကို စိတ်မှန်းမသိဘဲ ခင်ဗျားတို့ကျုပ်တို့က ငါဘဲ သူဘဲ ပုဂ္ဂိုလ်-သတ္တဝါဘဲလို့ အလွဲစွဲနေတာကိုး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

တရားလဲ မြင်ရော ဒီ အစွဲမှားလဲ ပျောက်ရောပေါ့၊ (မှန်ပါ)ဒါဖြင့် ပူသိ ပူသိ၊ ပူတာက ရုပ်၊ သိတာက နာမ်၊ ပူတာလို့ သိပြီး ပျက်သွားပြန်ပေါ့၊ နောက် ပူတာက အသစ် ဆက်လာတယ်၊ မှတ်တဲ့စိတ်ကလဲ အသစ်ဘဲ၊ မှတ်ပြီး ပျက်သွားပြန်ပေါ့၊ နောက်တခါ အသစ်ပူပြန်ပေါ့၊ မှတ်တဲ့ စိတ်က အသစ်လာပြန်ပြီ။

ဒါဖြင့် ပစ္စုပ္ပန် တည့်တည့်ကြည့်နေတယ်ဆိုတာ မှတ်လိုက်ပေတော့၊ ပူတာလို့ သိတဲ့အချိန် ယောဂီတို့ ခန္ဓာ

ကိုယ်မှာ တကိုယ်လုံး ပူတာနဲ့ မှတ်တဲ့စိတ်ကလေး ရှိ-မရှိ (ရှိပါတယ်ဘုရား) အဲဒါ ဘယ်သူနဲ့ဘယ်သူ၊ (ရုပ်နဲ့နာမ်ပါဘုရား)သူ - ငါ - ပုဂ္ဂိုလ် - သတ္တဝါ-ဟုတ်-မဟုတ်၊ (မဟုတ်ပါဘုရား)ရုပ်နဲ့နာမ်မှ ရုပ်နဲ့နာမ်သက်သက်၊ သဘောကလေးမှ၊ သဘောကလေး၊ သဘာဝကလေးမှ သဘာဝကလေး သက်သက်ပါဘဲ။

မြတ်စွာဘုရားက ခန္ဓာကို ဉာဏ်နဲ့ ပစ္စုပ္ပန်ကာလ တည့်တည့်ကြည့်၊ ရှေ့က ပြီးခဲ့တာတွေ ထည့်မစဉ်းစားနဲ့၊ နောက်ကို လာအုံးမှာတွေ ထည့်ကိုမစဉ်းစားနဲ့၊ ပစ္စုပ္ပန် ပေါ်တုန်း ပေါ်ခိုက် ဖြစ်တုန်း ဖြစ်ခိုက် ဖြစ်ဆဲကလေးကို တည့်တည့် ဖမ်းကြည့်စမ်းပါတဲ့ ယောဂီတို့၊ (မှန်လှပါဘုရား)။

အခု ဖမ်းကြည့်လိုက်တော့ ဘာနဲ့ဘာတွေ့သလဲ၊ (ရုပ်နဲ့နာမ် တွေ့ပါတယ် ဘုရား) အမှန်အတိုင်း တွေ့ပါတယ်၊ ရုပ်ဓာတ်လဲ သဘော၊ နာမ်ကလဲ သဘော၊ ရုပ်ကလဲ တရား၊ နာမ်ကလဲ တရား၊ ရုပ်ကလဲ ဓာတ်၊ နာမ်ကလဲ၊ (ဓာတ်ပါဘုရား) အော်-ဓာတ် ၂-ခု တရား ၂-ခု သဘော ၂-ခုဘဲ၊ ရှင်းနေတာဘဲ ယောဂီတို့၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒီရုပ်ဓာတ်ကလဲ ပူတဲ့ရုပ်ဆိုပေမဲ့ ပူတဲ့ရုပ်ဓာတ် တခုထဲကို မယူလိုက်ပါနဲ့၊ ဓာတ် ၄-ပါးအစုလို့ ယူပါ၊ မိမိရဲ့ ခန္ဓာကိုယ်မှာ မြေ-ရေ-လေ-မီး ဓာတ်ကြီးက လေးပါးရှိတယ်၊ လေးပါးကလဲ တခုနဲ့တခု ပေါင်းမိ တဲ့မိမှ သူတို့ကိစ္စ ဆောင်ရွက်နိုင်တယ်၊ (မှန်လှပါ)။

ဥပမာ မုန့်မှုန့်ကလေးတခုဟာ သူချည်း ဘာမှ အသုံး မဝင်ဘူး၊ မုန့်မှုန့်တွေ တပြည်သားလောက်နဲ့ ရေနဲ့အပူနဲ့ လေနဲ့ ရောပေါင်းစပ်တော့မှ အသုံးချလို့ရတယ်၊ (မှန်လှပါ ဘုရား)။

အဲဒီလိုဘဲ ခန္ဓာကိုယ်မှာက ပထဝီဓာတ် အမှုန့်သဘော ကလေးတွေ ရှိတယ်၊ အဲဒီအမှုန့် ပထဝီဓာတ်တွေကို ရေ-အာပေါက တွဲပေးတယ်၊ အဲဒီ အတွဲ အခဲ ကလေးကို မပုပ် မသိုးအောင် တေဇော မီးဓာတ်က စောင့်ရှောက်ပေးရတယ်၊ ဒီအတွဲအခဲတွေကို တနေရာမှ တနေရာသို့ ရွေ့ရှားသွားအောင် လေဓာတ်က တွန်းပို့ပေးရတယ်၊ (မှန်ပါဘုရား)။

ဒါကြောင့် ခန္ဓာကိုယ်မှာ အပူဓာတ်ကို ရှုရင်ဖြင့် ဒီ အပူဓာတ်ထဲမှာ မြေ-ရေ-လေ ဆိုတဲ့ ကြွင်းဓာတ် သုံးပါး တို့လဲ တပြိုင်နက် ပါလာတယ်လို့ ဒီလိုယူပါနော်၊ (မှန်လှပါ ဘုရား)။

ကဲ-ဒါဖြင့် ခန္ဓာမှာ ရေ - မြေ - လေ-မီးနှင့် အာကာသ ဓာတ်ကြီးငါးပါးက ရုပ်၊ သိသိနေတာက နာမ်၊ ဒီတော့ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အလှူဒါနတခု ပြုတယ်ဆိုကြပါစို့၊ ဘုရားရှင် ဟောတာက ကံကိုစွပြုတဲ့ ပုဂ္ဂိုလ် မရှိပါဘူးတဲ့၊ ကံ၏ အကျိုးခံစားတဲ့ပုဂ္ဂိုလ်လဲ မရှိဘူးတဲ့၊ ဘာတွေဖြစ်နေပါလဲ ဆိုတော့ ရုပ်ဓာတ်နဲ့ နာမ်ဓာတ် ကြောင်းကျိုး ဆက်၍ ဖြစ်ပျက်နေပါတယ်တဲ့၊ (မှန်ပါဘုရား)။

ဒါဖြင့် ယောဂီတို့ခန္ဓာမှာ ဉာဏ်နဲ့ကြည့်လိုက်တော့ ရုပ်နဲ့ နာမ်ကို တွေ့နေပြီပေါ့၊ ဒီတော့ ကောင်းမှုကုသိုလ်ကံပြုတဲ့ နေရာမှာ ဘယ်လိုဖြစ်၍ ဘယ်လိုပျက်ကြသလဲဆိုတာ ဖော်ပြပါစို့။

ကဲ-ခင်ဗျားတို့က ဆွမ်းကျွေးချင်တယ်ဆိုကြပါစို့၊ (မှန်ပါဘုရား) ဆွမ်းကျွေးချင်တာ ဘယ်သူပါလိမ့်၊ (စိတ်ပါဘုရား) ယောကျ်ားကလား စိတ်ကလား၊ (စိတ်ကပါဘုရား) မိန်းမကလား စိတ်ကလား၊ (စိတ်ကပါဘုရား) သတ္တဝါတယောက်ကလား စိတ်ကလား၊ (စိတ်ကပါ ဘုရား)ပေါ်လာပြီ ပေါ်လာပြီ၊ ဒါကြောင့် မြတ်စွာဘုရားက ပရမတ်နယ်ကကြည့်၍ ခိုင်းစေသူ ပုဂ္ဂိုလ် သတ္တဝါ မရှိလို့ ဟောနေတာ၊ (မှန်လှပါဘုရား)။

လှူချင်တဲ့ စိတ်ကူးလေး ပေါ်လာတော့ စိတ်က ခိုင်းလို့ ကိုယ်ရုပ်ကြီးက ထိုင် ထ သွား လာ တလှုပ်လှုပ်နဲ့ အလုပ်တွေကို မလုပ်ဘူးလား၊ (လုပ်ပါတယ် ဘုရား) ပါးစပ်ခေါ်တဲ့ ဒိဝစိဝိညတ်ရုပ်ကြီးက တလှုပ်လှုပ်နဲ့ ခေါ်တဲ့ ပြောတဲ့ အလုပ်တွေကို မလုပ်ဘူးလား၊ (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပြောသမျှ ဆိုသမျှတွေဟာ ရုပ်ခဓာတ်တွေဘဲ၊ လုပ်သမျှ ကိုင်သမျှတွေဟာ ရုပ်ခဓာတ်ကြီးဘဲ၊ လုပ်တယ်ဆိုတာ ရုပ်ဖြစ်ပျက်ဘဲ၊ ပြောတယ်ဆိုတာလဲ ရုပ်ဖြစ်ပျက်ဘဲ၊ ပါးစပ်က အသံတခု ပြောလိုက် ပျောက်သွားလိုက်၊ နောက်တခါ အသံတခု ထွက်လာလိုက် ပျောက်သွားလိုက်၊ လှုပ်လှုပ် လှုပ်လှုပ်နဲ့ လှုပ်လိုက် ငြိမ်လိုက် ပါးစပ်ကလဲ ဖြစ်ပျက်နေ

တာဘဲ၊ အသံတွေကလဲ တသံပြီးတသံ တသံပြီးတသံ ဖြစ်ပျက်နေတာဘဲ၊ ထိုင်တာကလဲ ထိုင်ရာမှ ထ၊ ထတော့ထိုင်တဲ့ ရုပ်တွေပျောက်၊ မတ်တပ်ရပ်နေရာက ထိုင်လိုက်ပြန်တော့ မတ်တပ်ရပ်တဲ့ရုပ်ခဲတ်တွေ အကုန်ပျက်ဆိုတော့ ရုပ်ခဲတ်ကလဲ ဖြစ်လိုက် ပျက်လိုက်ဘဲ၊ (မှန်ပါဘုရား)။

ဒါဖြင့် နာမ်ခိုင်းတာနဲ့ ရုပ်ကလုပ်နေတာကိုး၊ နာမ်စိတ်ကလေးကလဲ ဖြစ်ပျက်၊ ရုပ် ခန္ဓာ ကိုယ် ကြီး က လဲ တရွရွတလှုပ်လှုပ် တသုတ်သုတ်နဲ့ ဖြစ်ပျက်ဘဲ၊ ဒါကြောင့် ဘုရားရှင်က နာမ်ရုပ်သာ ကြောင်းကျိုး ဆက်၍ ဖြစ်ပျက်နေပါတယ်လို့ ဟောတာဘဲ၊ ကောင်း မှု ကု သိုလ် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးတဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် သေသေချာချာ ကြည့်လိုက်တော့ ပြုလုပ်နေတာ ဘယ်သူတုံး မေးလိုက်တော့မှ ရုပ်ပါ၊ ဘယ်သူကခိုင်းလို့ လုပ်ပါလိမ့်မလဲဆိုမှ နာမ်ခိုင်းလို့ စိတ်စေတနာကခိုင်းလို့ပါတဲ့၊ ဒါဖြင့် အလှူရှင် သေသေချာချာ ရှာစမ်းပါအုံး ဘယ် သူ ပါ လိမ့်၊ နာမ် စိတ် က လေး စေ တ နာကလေးဘဲ၊ သူတိုက်တွန်းလို့ သူ နှိုး ဆော် လို့ ဒီ ရုပ် ကြီးဖြစ်ပျက်နေရတာ အလုပ်လုပ်နေရတာ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ပြုလုပ်တတ်သူ ယောကျ်ား၊ (မဟုတ်ပါဘုရား) မိန်းမ၊ (မဟုတ်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ၊(မဟုတ်ပါဘုရား)

ပရမတ္ထအနေနဲ့ ကျား-မ ပုဂ္ဂိုလ် မရှိကို မရှိဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီလိုဆိုလျှင် ကောင်းကျိုးခံစားတယ်ဆိုတော့ ယောဂီတို့ ယခုဘဝဘဲ ကြည့်ကြပါစို့၊ ထောပတ်ထမင်းတွေ ကြက်သားဟင်းတွေ စားချင်လှပါတယ်ဆိုတော့ ယောဂီတို့က အကဲခပ်လိုက်စမ်း ဘယ်သူက စားချင်ပါလိမ့်၊ (နာမ်ကစားချင်တာပါဘုရား)ဘယ်သူက စားရပါလိမ့်၊ (ရုပ်ကစားရပါတယ်ဘုရား)။

ဒါဖြင့် ရုပ်က နာမ်မရှိဘဲ စားလို့ ဖြစ်-မဖြစ်၊ (မဖြစ်ပါဘုရား)ပါးစပ်ထဲကိုထည့်လို့ ရ-မရ၊ (မရပါ ဘုရား) ဒါဖြင့် ဘယ်သူက စားချင်တာပါလိမ့်၊ (စိတ်ကပါဘုရား) စိတ်က စားချင်တော့ ရုပ်ကြီးက စားရပြီဗျာ၊ ရုပ်ကြီးကစားတော့ ချိုတာလေး ချဉ်တာလေး ငန်တာလေးတွေ လျှာမှာ လာလာထိတော့ နာမ်က ဘယ့်နှဲပါလိမ့်၊ (သိပါတယ်ဘုရား)ဒါလေးက ကောင်းတယ်၊ ဒါလေးက ချဉ်လိုက်တာ၊ ဒါလေးက အရသာ ရှိလိုက်တာ၊ ဒါက ချိုလိုက်တာ ဆိုတာတွေဟာ ဝေဒနာ နာမ်ဓာတ်က ခံစားတယ်လို့ မှတ်တော့ ကောင်းတဲ့ အရသာလေး ခံစားတယ်ဆိုတာ ဝေဒနာပေါ့၊ ပါးစပ်ပေါက်ကနေပြီး ဝေဒနာက ခံစားတာနော်၊ (မှန်ပါ့ဘုရား)။

ကဲ-ဒါဖြင့် လျှာက ခံစားနေသလား၊ ဝေဒနာ နာမ်က ခံစားနေသလား၊ သေသေချာချာ ကြည့်ကြစမ်းပါအုံး၊ (နာမ်ကပါ ဘုရား) စိတ်ဓာတ်မှာယှဉ်တဲ့ဝေဒနာက ခံစား

နေတာ၊ ဒါဖြင့် ကောင်းသဘောက ကိုယ်ပေါ်မှာ ကျရောက်ဖြစ်ပေါ်လာတယ်၊ ကောင်းတဲ့သဘောကလေး လျှာပေါ်မှာဖြစ်ပေါ်လာတယ်၊ (မှန်လှပါဘုရား)။

လျှာပေါ်မှာဖြစ်တဲ့ ရုပ်ပေါ်မှာဖြစ်တဲ့ ကောင်းသဘောကို(နာမ်က)စိတ်မှာယှဉ်တဲ့ဝေဒနာကခံစားတယ်၊ ဘယ်သူက ခံစားပါလိမ့်၊ (စိတ်၌ယှဉ်တဲ့ဝေဒနာက ခံစားတာပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)ခံစားသူ ဝေဒနာ နာမ်ဘဲ ဆိုတာ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဘုရားရှင်က ဟောနေတယ်၊ ကောင်းကျိုးဆိုးကျိုး ခံစားသူ ပုဂ္ဂိုလ် သတ္တဝါလဲ မရှိဘူးဟေ့၊ ဒါဖြင့် မြတ်စွာဘုရား - ဘယ်သူ ခံစားတာပါလိမ့်မလဲ ဆိုတော့မှ ဝေဒနာ နာမ်က ခံစားတာ၊ (မှန်ပါဘုရား) ရုပ်မှာပေါ်သမျှ နာမ်က ခံစားတာ၊ (မှန်ပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီလို မြင်လိုက်တော့မှ ပုဂ္ဂိုလ်-သတ္တဝါ အမှတ်တွေ ပျောက်၊ အစွဲတွေ၊ (ပျောက်ကုန်ပါတယ် ဘုရား) ဟောနာမ်နဲ့ရုပ် ဉာဏ်ထဲမှာ ပေါ်လာပြီနော်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ တရားမှာ အကျဉ်း ချုံးလိုက်တော့ ယောဂီတို့-တရားသဘောအနေနဲ့ ပုဂ္ဂိုလ်-သတ္တဝါ မရှိ၊ ငါ-သူတပါး ယောကျ်ား-မိန်းမ ဆိုတာလဲ မရှိ၊ ရုပ်နဲ့နာမ်ဘဲ ရှိတယ်၊ (မှန်လှပါဘုရား)။

ကုသိုလ်ကောင်းမှုပြုတာလဲ ဒီရုပ်နဲ့နာမ်ဘဲ၊ ဒီရုပ်နဲ့နာမ်ကလဲ ဒီနေရာမှာဖြစ်၍ ဒီနေရာမှာ ပျက်တယ်၊ နောက်ကို ကောင်းကျိုး မကောင်းကျိုးခံစားတယ်ဆိုတာ ဒီရုပ် ဒီနာမ် အကြောင်းတရားကြောင့် ပေါ်လာတဲ့ အကျိုး ရုပ်နာမ်ဘဲ၊ ရုပ်နာမ်ဖြစ်ပျက်ဘဲ၊ အကျိုးတရားကကော၊ (ရုပ်နာမ်ပါဘဲဘုရား)။

ကောင်းမှုကုသိုလ်ပြုတာကကော၊ (ရုပ်နာမ်ပါဘဲဘုရား) မကောင်းမှု အကုသိုလ်ပြုတာကကော၊ (ရုပ်နာမ်ပါဘဲဘုရား) ခိုင်းသူက စေတနာ၊ ကောင်းတဲ့ စေတနာ မကောင်းတဲ့ စေတနာ၊ ကောင်းတဲ့စိတ် မကောင်းတဲ့စိတ်၊ ဒီနာမ်က ချယ်လှယ်တာဘဲ၊ (မှန်လှပါ)။

ဒါဖြင့် ကောင်းကျိုး ဆိုးကျိုး ခံစားပြန်တယ်ဆိုတော့ အကြောင်းတရားကြောင့် နောင် အနာဂတ်မှာ အကျိုး ရုပ်နာမ်ပေါ်ပြီးတော့ အကျိုးဝေဒနာနာမ်က ခံစားတာ၊ (မှန်လှပါဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပြုလုပ်သူ ခံစားသူ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ယောကျ်ား မိန်းမ၊ (မရှိပါဘုရား) ငါ သူတပါး၊ (မရှိပါဘုရား) အကြောင်းတရားကလဲ ရုပ်နာမ်ဘဲ၊ အကျိုးတရားကကော ရုပ်နာမ်ဘဲ၊ ပေါ်ကြပြီလား၊ (ပေါ်ပါပြီဘုရား)။

ဤကဲ့သို့ မြင်လိုက်တော့မှ ငါခံစားတာလဲ မဟုတ်၊ သူ ခံစားတာလဲ မဟုတ်ပါလား၊ ရုပ်နာမ်သာလျှင် အကြောင်း အကျိုးတွေဆက်၊ ဖြစ်လိုက် ပျက်လိုက် နေပါကလားလို့

မမြင်ဘူးလား၊ (မြင်ပါတယ် ဘုရား) ဒီလိုမြင်မှ အမြင်မှန်တဲ့၊ (မှန်ပါ)။

ဒါဖြင့် ငါမှခံစားတာမဟုတ်ဘဲ၊ သူမှခံစားတာ မဟုတ်ဘဲ၊ ခံစားသူ ရှိ-မရှိ၊ (မရှိပါ ဘုရား) ခံစားသူ မရှိဘဲနဲ့ ခင်ဗျားတို့က ဝေဒနာကို ငါသူဘဲ ခံစားသူဘဲလို့ မြင်နေကြတော့ အမြင် မှန်-မမှန်၊ (မမှန်ပါဘူး ဘုရား) အယူမှန်-မမှန်၊ (မမှန်ပါဘုရား) အမှတ်တွေ မှား-မမှား၊ (မှားပါတယ်ဘုရား) မှားနေပြီ၊ (မှန်ပါ)။

ဒါကြောင့် မြတ်စွာဘုရားက ဝိပဿနာဉာဏ်နဲ့ ကြည့်ပေ့၊ ငါ - သူတပါး - ယောကျ်ား - မိန်းမ - ပုဂ္ဂိုလ်-သတ္တဝါ ဆိုတာမရှိ၊ ကောင်း မကောင်း ပြုလုပ်သူ သတ္တဝါလဲ မရှိ၊ ကောင်းကျိုး ဆိုးကျိုး ခံစားသူတွေလဲ မရှိ။

အကြောင်း ရုပ်နာမ်ကြောင့် အကျိုးရုပ်နာမ် ဖြစ်ပျက်နေတာဘဲ ရှိပါတယ်၊ ဖြစ်ပျက်နေတာ ဘာသစ္စာ၊ မွေးသေနေတာ ဘာသစ္စာခေါ်မလဲ၊ (ဒုက္ခသစ္စာပါ ဘုရား) ဒါဖြင့် ဒုက္ခဖြစ်၍ ဒုက္ခ ပျက်နေ တာ ဘဲ ရှိ တယ် တဲ့၊ (မှန်လှပါဘုရား)။

မွေးလိုက် သေလိုက်တွေဘဲ ရှိတယ်တဲ့ ဒါဘဲ ရှိတယ်ကွဲ့လို့ ဘုရားရှင် ဟော တဲ့ အ တိုင်း နောက် က ဉာဏ်ကလေးနဲ့ လိုက်ကြည့်လိုက်တော့ အမြင် မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား) အမှန်ကို မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) အမှန်ကို မသိဘူးလား၊ (သိပါတယ်ဘုရား) အဲဒါ

ဘုရားသာသနာဘဲ၊ ဘုရားရဲ့အဆုံးအမဘဲ၊ ဝိပဿနာဉာဏ် ဆိုတာ ဒါဘဲ ယောဂီတို့၊ သမ္မာဒဿန အမြင်မှန်ဘဲ၊ (မှန်လှ ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ- တနာရီလဲ ပြည့်ပြီ၊ ဒီ ဝိပဿနာဉာဏ် အမြင်မှန် ရောက်လာတော့မှ ဓမ္မတာ လွန်မြောက်ပြီး သာသနာနယ် တွင်းကို ရောက်တယ်လို့ မှတ်လိုက်စမ်းပါ၊ ဒီကိုမရောက်သေး သမျှ သာသနာ အပြင်ပမှာဘဲ ရှိသေးတယ်၊ ရိုးရာဓမ္မတာ နယ်မှာဘဲ ရှိသေးတယ်လို့ မှတ်ပေတော့ (မှန်လှပါဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ- ဒါကြောင့် အားလုံးသော တပည့် ယောဂီတွေ၊ ကံ အားကိုးတယ် ဉာဏ်အားကိုးတယ်လို့ ကံရယ်ဉာဏ်ရယ် ၂-မျိုး ရှိရာတွင် ကံ အားကိုးနေရင် အိုတဲ့ နာတဲ့ သေတဲ့ ဆီမှာ အဆုံးသတ်ကြပါလိမ့်မယ်၊ ဉာဏ်အားကိုးမှသာလျှင် အမှန်သိ ပြီး သင်္ကာလ အို-နာ-သေ လွတ်တဲ့ နိဗ္ဗာန်မှာ အဆုံးသတ်ကြ ပါလိမ့်မယ်လို့ ဆိုတဲ့ အကြောင်းကို ကရုဏာတရား မေတ္တာ များများဖြင့် ဟောပြ ဆုံးမလိုက်ပါတယ်။

ဤကဲ့သို့ ဆုံးမ ဟောပြလိုက်သော တရားမှန် တရားစစ် တို့ကို ကြားနာလိုက်ကြ ရကုန်သော သင်ယောဂီ သူတော် စင် အပေါင်းတို့မှာဖြင့် ဤကဲ့သို့ တရားများနာရတာ မိမိ တို့ အတွက် အသိ အလိမ္မာတွေ တိုးပါရဲ့လား၊ (တိုးပါ တယ်ဘုရား) တရားနာရတာ တရားအားထုတ်ရတာ အကျိုး တွေကော များပါရဲ့လား၊ (များပါတယ် ဘုရား) ဒါဖြင့် အကျိုးရှိတာပေါ့နော်၊ (မှန်ပါဘုရား)။

အသိ အလိမ္မာတွေ တိုးပြီးသကာလ အကျိုးတွေများခဲ့ပါလျှင် တရားတော်ကို ချီးကျူးသောအလား ဝမ်းမြောက်သော အနေအားဖြင့် သုံးကြိမ် သာဓု- သာဓု- သာဓုလို့ ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# ဝဋ်ကြီးသုံးပါးလည်ပုံ တရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၇၀-ခု၊ နိုဝင်ဘာလ (၁၃) ရက်၊ (တန်ဆောင်မုန်းလပြည့်နေ့) ၌ ရန်ကုန်မြို့ သမိုင်းရပ်၊ မရမ်းခြံ 'အောင်' ဓမ္မရိပ်သာတွင် အောင်မင်္ဂလာ ဆရာတော်ဘုရားသည် (ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်) ဝဋ်ကြီးသုံးပါး လည်ပုံ တရားတော်ကို ဟောကြားတော်မူသည်။

မျက်လုံးတွေမှိတ်ထား၊ နားမှာကြားသော တရားတော်သံကို ရင်က မနေဘဲ ဝိညာဏဓာတ်အသိစိတ်ဖြင့် ပိုင်းပိုင်းခြားခြား မှတ်မှတ် သားသား နာယူကြပေတော့။

"သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" သူတော်မြတ်တို့ ဒုက္ခ လွတ်ငြိမ်းရေး အတွက် ဟောဖော် ညွှန်ကြားဆုံးမသော တရားကို နာရဘို့သည် လွယ်တာမဟုတ်ဘူး၊ ခဲယဉ်း၏။ ခဲယဉ်းတကာ့ ခဲယဉ်းတဲ့အထဲမှာ အလွန့်အလွန် အခဲယဉ်းဆုံးဘဲတဲ့။

ဒါကြောင့် ကြုံတောင့် ကြုံခဲ ကြုံရဆဲအခါမှာ ကိုယ့်အတွက် ကိုယ့်ဘို့ ကိုယ့်ကိစ္စ ကိုယ့်အလုပ်ဘဲလို့ ဤကဲ့သို့ အသိကလေးနဲ့ ရှေးရှုပြီးတော့ နာယူကြပေတော့။

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။

ကမ္မာ- ကုသိုလ် အကုသိုလ် ဆိုတဲ့ စေတနာ ကံတရား ကြောင့်၊ဝိပါကာ-ရုပ်နာမ် (၂)ပါး အကျိုး တရားတို့သည်၊ ဝိပါကာ- သုံးဆယ့်တဝ ဘုံလောကကြီး အတောအတွင်း၌ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာ အသီးအသီးသော ခန္ဓာကိုယ် ရုပ်နာမ်(၂)ပါး အကျိုး တရားတို့သည်၊ ဝဋ္ဋန္တိ-ဖြစ်ပေါ်၍ လာကြရလေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)။

ဝိပါကေ-ရုပ်နာမ် (၂) ပါးအကျိုး တရားသည်၊ ဝိပါ ကော-သုံးဆယ့်တဝ ဘုံလောကကြီးမှာ ယခုမျက်မြင်ဖြစ်ပျက် ပြီးတော့နေရတဲ့ ရုပ်နာမ် ၂-ပါး အကျိုးတရားသည်၊ကမ္မသမ္ဘ ဝေါ-မိမိတို့ကိုယ်တိုင် ဘဝများစွာ သံသရာက ပြုလုပ် အား ထုတ်ပြီးတော့ လာကြတဲ့ ကုသိုလ် အကုသိုလ်ကံ ဆိုတဲ့ စေတ နာ တရားကြောင့် မုချမသွေ တကယ်ပင် ဖြစ်ပေါ်၍လာရ ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ကမ္မာ-မိမိတို့ ကိုယ်တိုင် ပြုလုပ် အားထုတ်ကြတဲ့ ကုသိုလ် စေတနာ အကုသိုလ် စေတနာ ခေါ်တဲ့ ကံတရားကြောင့်၊ ပုနဗ္ဘဝေါ-နောက်တဖန် ဘဝအသစ်သည်၊ ဟောတိ-ဖြစ်ပေါ် ၍ လာရပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ဧဝံ- ဤသို့ ဆိုအပ်ခဲ့ပြီးတဲ့အတိုင်း၊ လောဂေ- လောက ကြီးသည်၊ လောကော- သတ္တလောကခေါ်တဲ့ သတ္တဝါတွေ့,

ဩကာသလောကလို့ ခေါ်တဲ့ ဘုံဗိမာန်မြို့ရွာ နိုင်ငံ တော- တောင် ရေ မြေ သမုဒ္ဒရာ ဩကာသတွေ, ရုပ်ဓမ္မ နာမ်ဓမ္မ သဘာဝတရားတို့၏ အမြဲမပြတ် ဖြစ်ပေါ် ပြောင်းလဲနေတဲ့ သင်္ခါရ လောကကြီးသည်၊ ဝါ-လောကော- သတ္တလောက ဩကာသလောက သင်္ခါရလောက ခေါ်တဲ့ ဤလောကကြီး သည်၊ လောကော- လူ့လောက နတ်လောက ဗြဟ္မာလောက ခေါ်တဲ့ ဤ(၃၁)ဘုံ လောကကြီးသည်၊ လောကော- ရုပ် တရား နာမ်တရား ရုပ်ဓမ္မ နာမ်ဓမ္မခေါ်တဲ့ တရားသဘော ဤ လောကကြီးသည်၊ ပဝတ္တတိ- အကြောင်း အကျိုးတွေ ဆက်ပြီး သကာလ ဘယ်ကစ၍ ဘယ်မှာ ဆုံးမှန်းလဲ မသိ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်၍ နေရလေတော့သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ဒီကနေ့ အားလုံး တပည့်တကာ- တကာမ ယောဂီ သူတော်ကောင်းတို့အား ဝဋ်သုံးပါး လည်နေပုံ ဟောမယ်လို့ အရင်တပတ်က ဘုန်းကြီး ကတိပေးလိုက်တဲ့အတိုင်း ဝဋ်သုံး ပါးလည်နေပုံကို ရှင်းရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ဝဋ်သုံးပါး နားလည်ဘို့လိုတယ်၊ ဝဋ္ဋ-ဝဋ်တရား ဝဋ်တရား နဲ့ ပြောနေကြ ဆိုကြ ခေါ်ကြ အသိအမှတ် ပြုကြတယ်၊ ဝဋ်ဆိုတာ ပါဠိစကား၊ မြန်မာလိုဆိုတော့ လည်နေတယ်၊ လုံးလည်လိုက်နေတယ်၊ လည်ပတ်နေတယ်၊ လှည့်ပတ်နေတယ် လို့ ဆိုလိုပါတယ်၊ ဒါကြောင့် ဝဋ္ဋဆိုတာ လှည့်လည်နေတဲ့ သဘော, လည်နေတဲ့ သဘောပါဘဲ၊ (မှန်လှပါ)။

ဘာတွေ လည်နေတာလဲဆိုတော့ နံပါတ် ၁-က ကိလေသာ၊ နံပါတ် ၂-က ကံ၊ နံပါတ် ၃-က ဝိပါက်၊ ကိလေသာဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋတဲ့၊ ကိလေသာကြောင့် ကံဖြစ်တယ်၊ ကံကြောင့် နာမ်-ရုပ် ဖြစ်တယ်၊ နာမ် ရုပ်ကြောင့် ကိလေသာတွေ ဖြစ်ပြန်တယ်၊ ကိလေသာဖြစ်လို့ ကုသိုလ် အကုသိုလ်စေတနာကံတွေ ဖြစ်ပြန်တယ်၊ ဤ ကုသိုလ် အကုသိုလ် စေတနာ ကံတွေကြောင့် ရုပ်နာမ်တွေ ဖြစ်ပေါ်လာရပြန်တယ်၊ မဆုံးတော့ဘူး၊ (မှန်လှပါဘုရား)။

ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကိလေသာ၊ ကိလေသာကြောင့်ကံ၊ ကံကြောင့် နာမ်ရုပ်၊ ဤကဲ့သို့ ဝဋ္ဋသုံးပါးတို့သည် ဤ ၃၁-ဘုံ လောကကြီးဝယ် လည်နေပါတယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်က ဟောတော်မူလိုက်တယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့်"ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ"တဲ့။

ဘန္တေ- အရှင် မြတ်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော-သံသရာဝဋ္ဋဆင်းရဲမှ၊ မောစနတ္ထာယ-လွတ်မြောက် ပါရခြင်း အကျိုးငှာ၊ နိဗ္ဗာနဿ-နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကြီးကို၊ သစ္ဆိကရဏတ္ထာယ-မျက်မှောက် ထင်ထင် သိမြင်ပါရခြင်း အကျိုးငှာတဲ့၊ ဗုဒ္ဓအာသာဝင်တို့ ဒါန-သီလ-ဘာဝနာ ပြုလုပ်တဲ့ အခါမှာ ရည်ရွယ်ချက် ဆုံးဖြတ်ချက်က သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ချင်ပါတယ်၊ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပြီး သကာလ နိဗ္ဗာန်သို့ ဆိုက်ရောက်ချင်ပါတယ်ဆိုတဲ့ အဲဒီ ရည်

ရှုယ်ချက်နဲ့ တကာ-တကာမတွေ ဒါန သီလ ဘာဝနာတွေ ပြုကြတာ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်ပါတယ်တဲ့၊ ဘယ်က လွတ်မြောက်ချင်တယ်၊ (သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက် ချင်ပါတယ် ဘုရား) သံသရာကလဲ လွတ်မြောက်ချင်တယ်၊ ဝဋ်ကလဲ လွတ်မြောက် ချင်ပါတယ်၊ ဆင်းရဲကလဲ လွတ်မြောက် ချင်ပါတယ်၊ ဟုတ်ကဲ့လား၊(ဟုတ်ပါတယ်ဘုရား)။

ဘယ်ကျမှ လွတ်မြောက်ပါ့မလဲ ဆိုတော့ နိဗ္ဗာန်ရောက်မှ လွတ်မြောက်မယ်နော်၊ (မှန်ပါ့ဘုရား) ဘယ်ရောက်မှလွတ်မှာလဲ၊(နိဗ္ဗာန် ရောက်မှပါ ဘုရား)။

ဒါကြောင့် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်ပါရခြင်း အကျိုးငှာ တတ်နိုင်သလောက် လှူဒါန်းပါတယ်ဆိုတဲ့ အဓိပ္ပါယ်နော်၊ (မှန်ပါ့ ဘုရား)သီလ ကျင့်သုံးကြတယ်၊ သမထ ဘာဝနာ ပွားကြတယ်၊ ယခုလို တရားတွေနာကြ တရားတွေအားထုတ်ကြတယ် ဆိုတာတွေလဲ နိဗ္ဗာန်ရောက်ဘို့ဘဲ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဗုဒ္ဓဘာသာဝင်တွေရဲ့ပန်းတိုင်က နိဗ္ဗာန်မဟုတ်ဘူးလား-?၊ (ဟုတ်ပါတယ် ဘုရား) ဒါဖြင့် နိဗ္ဗာန် ဆိုက်ရောက် မျက်မှောက်ပြုမှဘဲ သံသရာက လွတ်မြောက်မယ်၊ ဝဋ်ကျွတ်သွားလိမ့်မယ်၊ ဆင်းရဲ လွတ်ကင်း သွားမယ်လို့ ဆိုလိုပါတယ်နော်၊ (မှန်ပါဘုရား)။

ဒါကြောင့် နိဗ္ဗာန် မရောက်သမျှ ကာလပတ်လုံး သံသရာက လွတ်ပါ့မလား၊ (မလွတ်ပါ ဘုရား) ဝဋ်က ကျွတ်ပါ့

မလား၊ (မကျွတ်ပါဘုရား) ဆင်းရဲက ကင်းပါ့ မလား၊ (မကင်းပါဘုရား)။

ဒါကြောင့် သံသရာတဲ့ ဝဋ်တဲ့ ဆင်းရဲတဲ့၊ပြောတော့ပြော ကြတယ်၊ ဗုဒ္ဓဘာသာဝင် သူ့တော်စင် တယောက် အနေနဲ့ ကိုယ်ကျင့်နေတဲ့ ကိုယ်အားထုတ်နေတဲ့ တရားကို သိဘို့မလို ဘူးလား၊ (လိုပါတယ် ဘုရား)။

ပြောတော့ ပြောနေကြတာဘဲ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရန် အလို့ငှာ ဆွမ်းလှူဒါန်းပါတယ်၊ ပန်းကို လှူဒါန်းပါတယ်၊ ရေကို လှူဒါန်းပါတယ်၊ သီလကိုကျင့်သုံး ပါတယ်၊ သမထ ဘာဝနာတွေ အားထုတ်ပါတယ် ဆိုတော့ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ချင်ကြလို့၊ ဘာက လွတ် မြောက်ချင်တယ်၊ (သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ချင် လို့ပါ ဘုရား)။

သံသရာထဲက ထွက်ချင်ပါတယ်၊ လည်နေတဲ့ ဝဋ်ကလဲ ကျွတ်သွားချင်ပါတယ်၊ ဆင်းရဲနေတဲ့ ဘဝမျိုးကလဲ လွတ် မြောက်၍ ချမ်းသာ ရောက်ချင်ပါတယ်ဆိုတဲ့ ရည်ရွယ်ချက် ဘဲ၊ (မှန်ပါ့ဘုရား)။

အဲဒီ ရည်ရွယ်ချက်နဲ့ ဒါန-သီလ ဘာဝနာတွေ ပြုကြ တော့ သံသရာဆိုတာဘာလဲ၊ ဝဋ်ဆိုတာဘာလဲ၊ ဆင်းရဲဆို တာဘာလဲလို့ တိတိကျကျ သိဘို့လိုလာတယ်၊ မလိုဘူးလား၊ (လိုလာပါတယ်ဘုရား)။

သံသရာ,ဝဋ်,ဆင်းရဲဆိုတဲ့ စကားသုံးခု အနက် အလယ်က ဝဋ်၊ ဝဋ်ဆိုတာကို ဒီကနေ့ဝ၍ ရှင်းရမယ်၊ (မှန်ပါ့ဘုရား)၊

ဝဋ္ဋဆိုတာ ပါဠိစကား၊ မြန်မာလိုတော့ လည်ပတ်နေတယ်၊ လည်နေတယ်လို့ဆိုတဲ့ စကားဘဲ၊ ဘာတွေလည်နေသလဲဆိုတော့ (၁)ကိလေသာ၊ (၂)ကံ၊ (၃)ရုပ်နာမ် နှစ်ပါး အကျိုးတရား၊ ဒီ ၃-ချက်ကို နားလည်ရမှာနော်၊ (မှန်ပါ့ဘုရား)။

နံပါတ်(၁)က၊ (ကိလေသာပါဘုရား) နံပါတ်(၂)က၊ (ကံပါဘုရား) နံပါ(၃)က၊ (ရုပ်နာမ်ပါဘုရား) ရုပ်နာမ်က အကျိုးတရားဘဲ၊ အကျိုးတရားလား အကြောင်းတရားလား၊ (အကျိုးတရားပါဘုရား)။

အဲဒါဖြင့် နံပါတ်(၁)က ကိလေသာဝဋ်၊ နံပါတ်(၂)က ကမ္မဝဋ်၊ နံပါတ် (၃)က ဝိပါကဝဋ်တဲ့၊ အဲဒါကို အဖြောင့်ကလေး ပြောလိုက်တော့ နံပါတ် (၁)က ကိလေသာ၊ နံပါတ် (၂)က ကံ၊ နံပါတ်(၃)က ရုပ်နာမ်နှစ်ပါး အကျိုးတရားပေါ့နော်၊ (မှန်ပါ့ဘုရား) တနည်းအားဖြင့် ပြောလိုက်တာ ရှေ့စကားနဲ့ အတူတူပါဘဲ။

အဲဒီ ၃-မျိုးကို သေသေချာချာ နည်းလည်ဘို့ လိုနေပြီ၊ ဝဋ်ဆိုတာ လည်နေတယ် ရပ်မနေဘူး၊ လှည့်ပတ်ပြီး နေတယ်လို့ မြတ်စွာဘုရားက ဟောလိုက်တာ ယောဂီတို့၊ (မှန်လှပါဘုရား)။

ကောင်းပြီ လည်နေပုံကို ပြောစမ်းပါအုံးဆိုရင် ဒီမှာ (၁) (၂) (၃)ကို ရောထွေး ရှုပ်မသွားရအောင် သေသေချာချာ မှတ်ရမယ်၊ နံပါတ်(၁)က ဘာပါလိမ့်၊ (ကိလေသာဝဋ်ပါဘုရား) နံပါတ်(၂)က၊ (ကမ္မဝဋ်ပါဘုရား) နံပါတ်

(၃)က (ဝိပါကဝဋ်ပါဘုရား) ဒါပါဋ္ဌိလို ဖြစ်နေပြန်တယ်၊ ရှင်းသထက် ရှင်းသွားအောင် နံပါတ်(၃)က စကြစို့။

နံပါတ်(၃) ဝိပါကဝဋ်ဆိုတာ ရုပ်နာမ်နှစ်ပါး အကျိုးတရားကို မြတ်စွာဘုရား ဟောလိုက်တယ်၊ ရုပ်နာမ်နှစ်ပါး အကျိုးတရားဆိုတာ ဘာခေါ်တယ်၊ (ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ်ဆိုတာ ရုပ်နာမ် နှစ်ပါးကို ဟောလိုက်တာနော်၊ (မှန်ပါဘုရား) ရုပ်နာမ် နှစ်ပါးကို ဘာဝဋ်လို့ ဟောလိုက်ပါလိမ့်၊ (ဝိပါကဝဋ်ပါဘုရား)။

ကဲ-ဒါဖြင့် အဲဒီ ဝိပါကဝဋ် ခေါ်တဲ့ ရုပ်နာမ် နှစ်ပါး အကျိုးတရားသည် ဘယ်မှာ ပါလိမ့်မလဲ ဘယ်သူပါလိမ့်မလဲ လို့ ရှေးဦးစွာသိဘို့ လိုတယ် ယောဂီတို့၊ (မှန်ပါဘုရား) မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

ဒါကြောင့် ရုပ်နာမ် နှစ်ပါး ဝိပါကဝဋ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ယခု တရားနာနေတဲ့ ယောဂီတို့ ခန္ဓာကိုယ်ကို ဘုရားက ဟောလိုက်တာ၊ (မှန်ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား။

ယောဂီတို့ အခု ရရှိထားတဲ့ ခြေဖျားက ဆံဖျားအထိ ဤခန္ဓာကိုယ်ကြီးသည် တရားသဘော သဘောတရားအနေနဲ့ ဉာဏ်မျက်လုံး တပ်ကြည့်လိုက်တော့ ဘာတရားတွေ စုနေပါလိမ့်၊ (ရုပ်နာမ် တရားတွေပါဘုရား) ရုပ်တရား နာမ်တရားတွေစုနေတယ်၊ ရုပ်တရားရဲ့ အစုအပုံ နာမ်တရားရဲ့ အစုအပုံကြီးပေါ့နော်၊ (မှန်ပါဘုရား)။

ကဲ-ဒါဖြင့် ယောဂီတို့ ရထားတဲ့ ခန္ဓာကိုယ်သည် ရုပ်တရား နာမ်တရား ရထားပါပြီ၊ ဘာကို ရထားတယ်၊ (ရုပ်တရားနဲ့ နာမ်တရားပါ ဘုရား) ရုပ်တရားနဲ့နာမ်တရား၊တရားသဘော သဘောတရား ဓာတ်တွေကို ကောင်ကောင်းကြီးရရှိ ထားပါ ပြီနော်၊ (မှန်ပါ့ဘုရား)။

ကဲ-ဒါဖြင့် ယခုရရှိထားတဲ့ ရုပ်နာမ် နှစ်ပါးဟာ အကျိုး တရားလို့ မှတ်လိုက်ပါနော်၊ (မှန်ပါဘုရား)အကျိုးတရားတို့ မည်သည်မှာ အကြောင်း တရား မရှိဘဲ ဖြစ်ရိုးထုံးစံမရှိဘူး (မှန်ပါ့ဘုရား)အကျိုးတရားသည် အကြောင်းတရားကြောင့် ဖြစ်ရတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီရုပ်နာမ် နှစ်ပါး အကျိုးတရားသည် ယောဂီတို့ ခန္ဓာကိုယ် ဘုန်းကြီးတို့ ခန္ဓာကိုယ်၊ လူလောက နတ်လောက ဗြဟ္မာလောက သတ္တဝါခေါ်ကြတဲ့ ပိုးမွှား တိရစ္ဆာန် ခြပုန်း ကစ၍ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါး အထက် ဆိုရင်ဖြင့် နေဝသညာ နာသညာ ယတန ဗြဟ္မာထိ အောင် ၃၁-ဘုံမှာ သတ္တဝါတွေ အသီးသီး မရှိဘူးလား၊(ရှိပါ တယ်ဘုရား) အဲဒီ သတ္တဝါတွေလို့ ခေါ်ကြတဲ့ ခန္ဓာကိုယ်မှာ တရားသဘော သဘောတရားနဲ့ ကြည့်လိုက်တော့ ဘာနဲ့ဘာ သာ ရှိသလဲ၊ (ရုပ်နဲ့နာမ်သာ ရှိပါတယ်ဘုရား)။

ရုပ်နာမ် နှစ်ပါးကိုပင်လျှင် လူဘဲ နတ်ဘဲ ဗြဟ္မာဘဲ၊ ခွေး နွား ဆင် အစရှိသဖြင့် နာမည်တပ် ပညတ် ခေါ်ကြပြောကြ တာနော်၊ (မှန်ပါ့ဘုရား)။

လူ-နတ် - ဗြဟ္မာ - သတ္တဝါတွေခေါ်ကြတဲ့နာမည်တွေက ပညတ်ဘဲ၊ အခေါ်ခံရတဲ့ ခန္ဓာကိုယ်ကြီးထဲမှာ တခုချင်း တခုချင်း တရားသဘော သဘောတရားတွေကို ဉာဏ်နဲ့ ခွဲကြည့်လိုက်တော့ ရုပ်နဲ့ နာမ်ဆိုတဲ့ သဘောတရားက ခတ်ဘဲ၊ နာမည်တွေက ပညတ်ဘဲ၊ ပညတ်နဲ့ခတ် ပရမတ်ကို ကွဲကွဲ ပြား ပြား သိရမယ်နော်၊ (မှန်ပါ့ဘုရား)။

ခတ်တဲ့ သဘောတဲ့ ပရမတ်တဲ့ အတူတူဘဲနော်၊ (မှန်ပါ့ဘုရား) နာမည်တွေက ပညတ်၊ ရုပ်နာမ် နှစ်ပါးက ပရမတ်ပေါ့၊ ပညတ်တရားသည် တကယ်မရှိဘူး၊ ပရမတ် တရားက တကယ်ရှိပါတယ်။

ဒါကြောင့် ရှေးဦးစွာ ယောဂီတို့ ခန္ဓာကိုယ်မှာ တကယ် ရှိတာနဲ့ တကယ် မရှိတာကို သိရမယ်နော်၊ (မှန်လှပါဘုရား) တကယ် မရှိတာက အခေါ် အဝေါ်တွေဘဲ ယောဂီတို့ ခန္ဓာကိုယ်ကြီးကို သတ္တဝါလို့ကော၊ (ခေါ်ပါတယ်ဘုရား)ယောကျ်ား - မိန်းမ - လို့ကော၊ (ခေါ်ပါတယ်ဘုရား)။

တကိုယ်လုံး ခေါင်း - ကိုယ် - ခြေ - လက်- ဒူး-တတောင်-သွေးသား-အရေ-စသည်ဖြင့် ၃၂-ကောဋ္ဌာသကို နာမည်တွေ တပ်ပြီးတော့ မခေါ် ဘူးလား၊ (ခေါ်ပါတယ် ဘုရား) အဲဒါတွေ နာမည်တွေ တပ်ထားတာ၊ အကုန်ပညတ်ကြီးဘဲ၊ (မှန်လှပါဘုရား)။

အခေါ် ခံ ရ တဲ့ အ ရာ ဝတ္ထု တွေကို ခတ်ဉာဏ်နဲ့ကြည့် လိုက်တော့ ရုပ်ခတ် နာမ်ခတ်ဘဲ ရှိတယ်၊ ရုပ်နဲ့နာမ်

ခါတ်က ပရမတ်၊ ရုပ်နဲ့နာမ်ခါတ်က တကယ်ရှိတဲ့ တရား၊ ငါဘဲ - သူဘဲ - ယောကျ်ား- မိန်းမ-လူဘဲ၊ ခေါင်း-ကိုယ်-ခြေ-လက်-ဒူး-တတောင်-ပေါင်-ကိုယ်-ဆိုတာတွေက ခေါ်ရုံခေါ် ပြောရုံပြောရ ထင်ရုံ ထင်မှတ်ရတဲ့ ပညတ်တွေနော်၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် ၃၁-ဘုံမှာ ရှိရှိသမျှ သတ္တဝါမှန်သမျှတွေကို နှစ်ပိုင်း ခွဲလိုက်ကြစို့ ယောဂီတို့၊ (မှန်ပါ့ ဘုရား) နှစ်ပိုင်း ခွဲတော့ သုဂတိ ဒုဂ္ဂတိရယ်လို့ နှစ်ပိုင်းဖြစ်ပါတယ်၊(မှန်ပါ)။

သုဂတိဆိုတော့ လူ-နတ်-ဗြဟ္မာ-အခေါ်ခံရတဲ့ ရုပ်နာမ်တွေက သုဂတိဘဝ ရောက်နေကြတာပေါ့၊ သုဂတိဆိုတာ ကောင်းသော သတ္တဝါတို့ရဲ့ လား-ရောက်ရာ ကောင်းသော သတ္တဝါတို့ရဲ့ ဖြစ်ပွားရာ အရပ်ကို သုဂတိဘဝလို့ ခေါ်တယ်၊ (မှန်လှပါဘုရား)။

ဒုဂ္ဂတိဆိုတာက အပါယ် လေးရွာ အပါယ်လေးဘုံ မကောင်းသော သတ္တဝါတို့ရဲ့ လားရောက်ရာ အရပ်လို့ ခေါ်ပါတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ၃၁-ဘုံမှာ ရှိရှိသမျှ ရုပ်နာမ်တွေကို နှစ်ပိုင်း ခွဲကြစို့ ယောဂီတို့၊ (မှန်ပါ့ ဘုရား) သုဂတိ ရောက်နေတဲ့ ဖြစ်နေတဲ့ရုပ်နာမ်က တမျိုး၊ ဒုဂ္ဂတိရောက်နေကြတဲ့ ဖြစ်နေကြတဲ့ ရုပ်နာမ်က တမျိုး၊ ဘယ်နှစ်မျိုးပါလိမ့်၊ (နှစ်မျိုးပါ ဘုရား) နှစ်မျိုးက ဘာတွေပါလိမ့်၊ (သုဂတိ ရောက်နေတဲ့ ရုပ်နာမ် ဒုဂ္ဂတိရောက်နေတဲ့ ရုပ်နာမ် နှစ်မျိုးပါဘုရား)။

ကောင်းပြီ ဒါဖြင့် သုဂတိ ရောက်နေတဲ့ရုပ်နာမ်ဆိုတာ လူ-နတ်-ဗြဟ္မာ အခေါ်ခံရတဲ့ ဒီသတ္တဝါတို့ရဲ့ ရုပ်သဘော နာမ်သဘောတွေဟာ သုဂတိဘဝဖြစ်နေတဲ့ ရုပ်နာမ်ပေါ့၊ (မှန်ပါ့ဘုရား)။

ခွေး - ဝက် - ဆင် - မြင်း - ငရဲ - တိရစ္ဆာန် - အသူရကာယ် အပါယ်လေးပါးမှာ ကျရောက်ပြီးနေကြတဲ့ ခန္ဓာမှာ အရှိ တရားဖြစ်ကြတဲ့ ရုပ်ဓမ္မ နာမ်ဓမ္မတွေဟာ ဒုဂ္ဂတိဖြစ်နေတဲ့ ရုပ် နာမ်တွေပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သုဂတိဘဝမှာ ဖြစ်နေတဲ့ ရုပ်နာမ်က တမျိုး၊ ဒုဂ္ဂတိဘဝမှာ ခံစားနေရတဲ့ ရုပ်နာမ်ကတမျိုး၊ ဘယ်နှစ်မျိုး ပါလိမ့်၊ (နှစ်မျိုးပါဘုရား) ရုပ်နာမ်သည် နှစ်မျိုး ကွဲလာ တယ်နော်၊ (မှန်ပါဘုရား)ထိုရုပ်နာမ်သည် ဘာဝဋ္ဋပါလိမ့်၊ (ဝိပါကဝဋ္ဋပါ ဘုရား) ဝိပါကဝဋ္ဋ အကျိုးတရားနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အဲဒီ အကျိုးတရား ရုပ်နာမ်တွေကို ၃၁-ဘုံ အကုန်ချုံးပြီးတော့ ဒီနေ့ ဒီနေရာကနေပြီး ဉာဏ်မျက်လုံးနဲ့ ပိုင်းခြားပြီး ကြည့်လိုက်တော့ နှစ်မျိုး ထွက်မလာဘူးလား၊ (ထွက်လာပါတယ် ဘုရား) သုဂတိ ဖြစ်နေတဲ့ ရုပ်နာမ်က တမျိုး၊ ဒုဂ္ဂတိ ဖြစ်နေတဲ့ ရုပ်နာမ်က တမျိုး၊ နှစ်မျိုးနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီရုပ်နာမ်တွေ သုဂတိဖြစ်နေတဲ့ ရုပ်နာမ်ဘဲ ဖြစ်ဖြစ်၊ ဒုဂ္ဂတိဖြစ်နေတဲ့ ရုပ်နာမ်ဘဲဖြစ်ဖြစ်၊ ရုပ်နာမ်မှန်သမျှ အကျိုးတရားလို့ မှတ်လိုက်ပါနော်၊ (မှန်ပါ့ဘုရား)။

ဝဋ်အားဖြင့်တော့ သာဝဋ်တုံး၊ (ဝိပါကဝဋ်ပါ ဘုရား) ဒါဖြင့် ဝိပါကဝဋ်ဆိုတော့ အကျိုးတရားလို့ ဆိုလိုတာပါ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒီအကျိုးတရား ရုပ်နာမ် နှစ်ပါးက နှစ်မျိုး မနေဘူးလား၊ (နေပါတယ် ဘုရား) နံပါတ် ၁-က ဘာတဲ့၊ (သုဂတိ ဖြစ်နေတဲ့ ရုပ်နာမ်ပါ ဘုရား) နံပါတ် ၂-က၊ (ဒုဂ္ဂတိ ဖြစ်နေတဲ့ ရုပ်နာမ်ပါ ဘုရား)။

ဒုဂ္ဂတိ ဖြစ်နေတယ်ဆိုတော့ အပါယ်လေးပါးမှာ ဖြစ်နေတဲ့ ရုပ်နာမ်ကို ပြောတာ၊ (မှန်ပါ့ဘုရား) ခွေး-ဝက်-ဆင်-မြင်း-ကျွဲ-နွား-ဖား-ငါးကစ၍ မှက်-ခြင်-ယင် တိရစ္ဆာန် လောကကြီး၊ ပြိတ္တာလောကကြီး၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဝတွင် ကျရောက်နေကြတဲ့ ရုပ်နာမ် မှန်သမျှကတော့ ဒုဂ္ဂတိဘဝ ဖြစ်နေရတဲ့ ရုပ်-နာမ် ပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

သုဂတိဖြစ်နေတဲ့ ရုပ်နာမ်ဆိုတာက လူ နတ် ဗြဟ္မာတို့ ရုပ်နာမ်နှစ်ပါးကို ပြောတာပေါ့၊ (မှန်ပါ့ ဘုရား) ဒါဖြင့် ရုပ်နာမ်နှစ်မျိုးနော်၊ (မှန်ပါ့ဘုရား) ဒီနှစ်မျိုးစလုံး ပေါင်းလိုက်တော့ ရုပ်နာမ်ပါဘဲ၊ (မှန်ပါ့ဘုရား)။

အကျိုးတရားလား အကြောင်းတရားလား၊ (အကျိုးတရားပါ ဘုရား) အကျိုးတရားခေါ်တဲ့ ဝိပါကဝဋ်၊ ဝိပါက ဆိုတာ အကျိုးတရား၊ ဝဋ်ဆိုတာက လည်နေတာ၊ အကျိုး တရားကြီး လည်ပြီးတော့နေတာကို ပြောတာ၊ (မှန်ပါ့ ဘုရား)။

ကောင်းပြီ ဒါဖြင့် သင်္ခတဖြစ်နေတဲ့ ရုပ်နာမ်၊ ဒုဂ္ဂတိဖြစ်နေတဲ့ ရုပ်နာမ် နှစ်မျိုးလုံး အကျိုးတရား ဆိုတော့ အော်...ထမင်းအိုး ဆူတယ်ဆိုတာ အလိုလို ဆူတာလား- မီးကြောင့်လား၊ (မီးကြောင့်ပါဘုရား) ရေနွေး ဆူတယ်ဆိုတာ အလိုလို ဆူတာလား-မီးကြောင့်လား၊ (မီးကြောင့်ပါဘုရား)။

ဆဲကြ ဆိုကြ အော်ကြ ငေါက်ကြ ပါးစပ်ကအသံတွေဖြစ်လာတာ အလိုလို ဖြစ်လာတာလား၊ ရင်ထဲက စိတ်ကြောင့်လား၊ (ရင်ထဲက စိတ်ကြောင့်ပါ ဘုရား) ဒါဖြင့် ဆဲတယ်ဆိုတာ ရင်ထဲက ဆဲချင်တဲ့ စိတ်ကြောင့် ဖြစ်တာ၊ (မှန်ပါ ဘုရား) ဆဲတယ်ဆိုတာ အကြောင်း ခေါ်မလား၊ အကျိုးခေါ်မလား၊ (အကျိုးပါဘုရား)။

ပါးစပ်က နေပြီး နင်ဘဲ ငါဘဲ ဆဲကြ ငေါက်ကြတယ် ဆိုတာ အကျိုးတရား ခေါ်တယ်၊ အကြောင်းတရားက ဘယ်မှာတုံး၊ (စိတ်ကဆဲချင်တာပါဘုရား) ဒါဖြင့် အကြောင်းတရားက ဆဲချင်တဲ့ စိတ်ပေါ့၊ (မှန်လှပါဘုရား)။

အဲဒီလိုဘဲ လမ်းသွားနေတယ်ဆိုတာ အကြောင်းလား အကျိုးလား၊ (အကျိုးပါဘုရား) ဒါဖြင့် အကြောင်းတရား ဘယ်သူတုံး၊ (စိတ်ပါဘုရား)သွားချင်တဲ့ စိတ်က အကြောင်းတရားနော်၊ (မှန်ပါဘုရား) ဒီစိတ်က သွားဟယ် သွားဟယ် တိုက်တွန်းလို့ ခန္ဓာရုပ်ကြီးက သွားရတာ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းနဲ့ အကျိုး သေသေချာချာ မှတ်ပါနော်၊ အကျိုးတရားဆိုတာ အကြောင်းတရားမရှိဘဲ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)ဖြစ်လို့မရဘူးနော်၊ (မှန်ပါ့ဘုရား) ဒါဖြင့် အကြောင်းရှိမှ အကျိုးရှိရမှာပေါ့၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ၃၁-ဘုံမှာ သုဂတိမှာ ဖြစ်နေတဲ့ ရုပ်နာမ်က တမျိုး၊ ဒီသုဂတိဘုံမှာ ဖြစ်နေတဲ့ ရုပ်နာမ်ထဲ ခင်ဗျားတို့ ရုပ်နာမ်ကော ပါ-ပါရဲ့လား၊ (ပါ-ပါတယ်ဘုရား) လူ့ဘုံ နတ်ဘုံ-ဗြဟ္မာဘုံ အခေါ်ခံရတဲ့ ရုပ်နာမ်တွေဟာ သုဂတိဖြစ်နေတဲ့ ရုပ်နာမ်ကြီးပေါ့၊ (မှန်လှပါဘုရား) အပါယ်လေးပါး ကျရောက်နေတဲ့ ရုပ်နာမ်တွေက၊(ဒုဂ္ဂတိမှာ ခံစားနေရတဲ့ ရုပ်နာမ်တွေပါဘုရား)။

သုဂတိရုပ်နာမ် ဒုဂ္ဂတိရုပ်နာမ် နှစ်မျိုးစလုံး ပေါင်းရင် အကြောင်းလား အကျိုးလား၊ (အကျိုးတရားပါဘုရား) ဒီအကျိုးတရား ရုပ်နာမ်နှစ်ပါးသည် အလိုလိုဖြစ်တာ မဟုတ်ဘူးတဲ့ ယောဂီတို့၊ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုး ရုပ်နာမ်ပါတဲ့၊ (မှန်လှပါဘုရား)။

ဒါကြောင့် ခုနက နံပါတ်(၁) ဘာဝဋ်ပါလိမ့်၊ (ကိလေသာဝဋ်ပါဘုရား) နံပါတ်(၂)က၊ (ကမ္မဝဋ်ပါဘုရား) ကမ္မဆိုတာ ကံတရား၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြောတာ၊ (မှန်ပါ့ဘုရား) ကမ္မ-ကမ္မနဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ကုသိုလ်စေတနာ အကုသိုလ်စေတနာကို ပြောနေတာနော်၊ (မှန်လှပါ့ ဘုရား) ဒီစေတနာကလဲ ဝဋ်ဘဲ ဝဋ်တရားဘဲ။

အဲဒီ စေတနာ၊ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာနှစ်ပါး ကြောင့် သုဂတိရုပ်နာမ် ဒုဂ္ဂတိရုပ်နာမ်တွေ ဖြစ်ကြတယ်၊ ကောင်းသော စေတနာကြောင့် ကောင်းသော သုဂတိ ရုပ် နာမ်တွေ ဖြစ်တယ်၊ မကောင်းသော စေတနာကြောင့် မကောင်းသော ဒုဂ္ဂတိရုပ်နာမ် ဖြစ်ပါတယ်တဲ၊ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ကမ္မာ-ကုသိုလ် အကုသိုလ်ဆိုတဲ့ စေတနာ နှစ်ပါးကြောင့်၊ ဝိပါကာ-ရုပ်နာမ် နှစ်ပါး အကျိုးတရားတို့ သည်၊ ဝဋ္ဋတ္တိ-၃၁-ဘုံ လောကကြီး၌ ဖြစ်ပေါ်၍ နေကြရလေ ကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

အော်-အကြောင်းတရား ရှာလိုက်တော့ တွေ့ပြီယောဂီတို့၊ (မှန်လှပါ ဘုရား) ယောဂီတို့ ခန္ဓာစုက ရုပ်နာမ် နှစ်ပါး အကျိုးတရား ကြီးသည် သိကြားမင်း ဖန်ဆင်း တာလား၊ ကံကြောင့် ဖြစ်တာလား၊ (ကံကြောင့်ပါဘုရား) ဗြဟ္မာမင်း တွေ နတ်မင်းတွေ ဖန်ဆင်းလို့ ဖြစ်တာလား၊ ကံကြောင့်လား၊ (ကံကြောင့်ပါ ဘုရား) အနန္တ တန်ခိုးရှင်တွေက ဖြစ်စေ သတည်း-ဆိုလို့ ဖြစ်တာလား၊ ကံကြောင့်လား၊ (ကံကြောင့် ပါဘုရား)။

ဒါဖြင့် ကံဆိုတော့ဒီကံကလဲဘဲ ကမ္မဝဋ်က နှစ်မျိုးရှိတယ်၊ ကုသိုလ် ကမ္မဝဋ် အကုသိုလ် ကမ္မဝဋ် နှစ်မျိုးပေါ့၊ (မှန်ပါ့ ဘုရား) ကုသိုလ် ကမ္မဝဋ်က သုဂတိ ရုပ်နာမ်ကို ဖြစ်စေတာ

ပေါ့၊ (မှန်ပါ့ဘုရား) အကုသိုလ် ကမ္မဝဋ်က ဒုဂ္ဂတိ ရုပ်နာမ်ကို ဖြစ်အောင် လုပ်တာပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကံသည် အကြောင်းတရားလား၊ အကျိုးတရားလား၊ (အကြောင်းတရားပါ ဘုရား) ကံအကြောင်း တရားကြောင့် ရုပ်နာမ်ဆိုတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်လာတာ၊ (မှန်လှပါ ဘုရား) ဒါဖြင့်ရင် အကြောင်းမှန်ကို သိပြီ ယောဂီတို့၊ (မှန်လှပါဘုရား) ကုသိုလ် အကုသိုလ် ကံကြောင့် ဘာဖြစ်တယ်၊ (ရုပ်နာမ် ဖြစ်ပါတယ် ဘုရား)။

ကုသိုလ်-အကုသိုလ် ကံသည် အကျိုးလား အကြောင်းလား၊ (အကြောင်း ပါဘုရား) ဘုန်းကြီးတို့ခန္ဓာ ယောဂီတို့ ယခု ရရှိထားတဲ့ ခန္ဓာသည် အကြောင်းလား၊ အကျိုးလား၊ (အကျိုးပါ ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အကြောင်းကြောင့် အကျိုး တရားတွေ ဖြစ်ပေါ်လာတယ်ဆိုတာ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား) ဒါဖြင့် ဤနေရာမှာ ရုပ်ပြီးတော့ ဤရုပ်နာမ် ၂-ပါး အကျိုးတရားနဲ့ ပတ်သက်ပြီး သကာလ ဘုန်းကြီးတို့လဲ ထပ်ပြန် တလဲလဲ ဟောပြီး နေခဲ့ပါတယ်၊ (မှန်လှပါ)။

ဤစကြဝဠာကြီး အတွင်းမှာ ရုပ်နာမ် ၂-ပါးက လွဲ၍ အပိုရှိသေးသလား၊ (မရှိပါဘုရား) ယောဂီတို့ ခန္ဓာမှာလဲ ဘာနဲ့ ဘာတုံး၊ (ရုပ်နဲ့နာမ်ပါဘုရား) တအိမ်သားလုံး၊ (ရုပ်နဲ့နာမ်ပါဘုရား) တရပ်ကွက်လုံး တမြို့လုံးကကော၊ (ရုပ်နဲ့နာမ်ပါဘုရား) တနိုင်ငံလုံးကကော၊ (ရုပ်နဲ့နာမ်ပါဘုရား)

နာမည် ပညတ်တွေ ရှောက်ကြည့်မနေနဲ့ အတွင်းသဘော ခတ် သဘော ကြည့်ရမယ်နော်၊ (မှန်လှပါဘုရား) နာမည်တွေကတော့ တယောက် တမျိုး၊ တမျိုးစီ တခြားစီဘဲ၊ နာမည်တွေ ရှောက်ပြော နေလို့တော့ ကုန်နိုင်မှာ မဟုတ်ပါဘူး၊ ဟုတ်ကြရဲ့လား၊ (မှန်ပါ့ ဘုရား)။

ကဲ-ဒါကြောင့်မို့ အတွင်း သဘော၊ ခတ်သဘော၊ ပရမတ်သဘော၊ အရင်းခံသဘော၊ အရင်းခံ တည်ဆောက်ထားတဲ့ အမာခံသဘော၊ ခတ်သဘောကို ကြည့်ရမယ်နော်၊ (မှန်ပါဘုရား) တမြို့လုံးက ဘာနဲ့ဘာလဲ၊ (ရုပ်နဲ့ နာမ်ပါ ဘုရား) တနိုင်ငံလုံးက ကော၊ (ရုပ်နဲ့ နာမ်ပါ ဘုရား) တကမ္ဘာလုံး၊ (ရုပ်နဲ့နာမ်ပါ ဘုရား) သုံးဆယ့်တဘုံ၊ (ရုပ်နဲ့နာမ်ပါ ဘုရား) စကြဝဠာ လောကခတ်ကြီးတခုလုံး ကော၊ (ရုပ်နဲ့နာမ်ပါဘဲ ဘုရား)။

ဒါဖြင့် ရုပ်နဲ့ပတ်သက်ပြီးတော့ ရုပ်ခတ် ငါးပါးကို ဘုန်းကြီးတို့ ဟောနေကျဘဲ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)အဲဒီ ရုပ်ခတ်ငါးပါးက ဘာတွဲတုံး၊ (မာတာ-ပျော့တာ-ပထဝီ၊ ဖွဲ့စီးယိုစီး-အာပေါ၊ ပူတာ-အေးတာ-တေဇော၊ လှုပ်တာ-ငြိမ်တာ ဝါယော၊ အပေါက်အကြား-အာကာသပါ ဘုရား) သိမှုစိတ်က ဝိညာဏ နာမ်ခတ်ဘဲ၊ ပေါင်းခတ် ခြောက်ပါး ရှိတယ်၊ (မှန်ပါ)။

ရုပ်ခတ်ငါးပါးကို ရေပြစမ်းပါအုံး၊ (မြေခတ်၊ ရေခတ်၊ မီးခတ်၊ လေခတ်၊ အပေါက်အကြားခတ်ပါ ဘုရား) ဒါဘဲ အကျဉ်းချုပ် ပြောတာနော်။

ဒါဖြင့် ဝိညာဏဓာတ် သိမှုကလေးက နာမ်ဓာတ်လို့ ခေါ်ပါတယ်နော်၊ (မှန်ပါ့ ဘုရား) နောက်က သိမှု စိတ်ကလေးက နာမ်ဓာတ်နော်၊ (မှန်ပါ့ဘုရား)။

ဓာတ် ခြောက်ပါးတို့တွင် ရုပ်ဓာတ်က ဘယ်နှစ်ပါး၊ (ငါးပါး-ပါ ဘုရား) နာမ်ဓာတ်က၊ (တပါး-ပါ ဘုရား) အကျဉ်းချုံးလျှင် ရုပ်နဲ့နာမ် ၂-ပါးပါဘဲ၊ (မှန်လှပါတယ် ဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်ထဲမှာ စိတ်ကလေး မရှိဘူးလား၊ (ရှိပါတယ် ဘုရား) အဲဒါ နာမ်ဓာတ်၊ နာမ် ပရမတ်၊ နာမ်တရား၊ နာမ်သဘော၊ သဘောတရား - တရားသဘော ဆိုတာ ဒီစိတ်ကလေးကို ဘုရားဟောတာပါ။

ယောဂီတို့က အတွေးခေါင် ပြီးတော့ တရားတွေ ကျောင်းမှာ ရှိနေတယ်၊ ကမ္မဋ္ဌာန်းကျောင်းထဲမှာ တရားရှုကောင်းတယ်လို့ ဒီလိုယူမနေနဲ့၊ ဒီစိတ်ဘဲ၊ သွားလေရာ ဒီစိတ်က စိတ်ဟောင်း စိတ်သစ် စိတ်ဟောင်း စိတ်သစ်၊ အသစ် အသစ် ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား)

သွားလေရာ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှိနေတော့ ဘယ်နေရာမှာဘဲရှုရှု ဖြစ်တာပေါ့၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဓာတ်က ခြောက်ပါး မနေဘူးလား၊ (နေပါတယ် ဘုရား) ဒါဖြင့် ယောဂီတို့ ခန္ဓာကိုယ်ကြီး ဆံဖျားက- ခြေဖျားတိုင်အောင် ဓာတ်ခြောက်ပါးတို့ရဲ့ အစုအဝေးကြီးမို့

ခြောက်ပုံ-ပုံပြီး မြတ်စွာဘုရားက ဟောလိုက်တယ်၊ ဒါဉာဏ်နဲ့ မြင်ရမယ်နော်၊ (မှန်ပါ့ဘုရား)။

ဥပမာ-လမ္ဘု ကျောက်တုံးကြီးယူလာပြီး သိပ္ပံဆရာတွေက ဘာဓာတ်တွေ ပါသလဲလို့ ခွဲခြမ်းပြီး စစ်ဆေးကြည့်သလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ဒီသတ္တဝါတွေမှာ ဘာဓာတ်တွေ စုပေါင်းတွဲနေတာလဲလို့ ဉာဏ်တော်ကြီးနဲ့ခွဲခြားကြည့်တယ်။

ဤကဲ့သို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဓာတ်ခွဲကြည့်တဲ့အခါ အခြေခံ တရားကို သွားတွေ့တယ်၊ အဲဒီ အခြေခံ တရားက ဓာတ်ကြီး ခြောက်ပါး ဘဲ၊ အဲဒီ ဓာတ်ခြောက်ပါးကို အကျဉ်းချုံးလိုက်တော့ ရုပ်နာမ် ၂-ပါးသာ ရှိတယ်၊ (မှန်ပါဘုရား)။

မြေကြီးကလဲ ရုပ်လား နာမ်လား၊ (ရုပ်ပါ ဘုရား) ရေတွေကော၊ (ရုပ်ပါဘုရား) မီးတွေကော၊ (ရုပ်ပါ ဘုရား) လေတွေက၊ (ရုပ်ပါ ဘုရား) အပေါက် အကြားတွေ၊ (ရုပ်ပါဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်မှာ မြေဓာတ် မြေကြီးတွေသာ ရှိတာ မဟုတ်၊ အပြင်လောကမှာလဲ မြေဓာတ်တွေ မြေကြီးတွေရှိတယ်၊ ယောဂီတို့ ခန္ဓာမှာကော၊ (ရှိပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခန္ဓာထဲမှာ မြေကြီးတွေ ရေတွေ မီးတွေ လေတွေ အပေါက်အကြားတွေ ရှိတယ်ဆိုတော့ အသေးစိတ်သိဘို့ လိုလာပြန်တယ်၊ (မှန်လှပါ ဘုရား) ဒါကြောင့် ဉာဏ်နဲ့ ခွဲကြစို့နော်၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ ခန္ဓာကိုယ်ကြီးကို မျက်မြင် ကြည့်လိုက်စမ်း၊ ယောကျ်ား တယောက် မိန်းမ တယောက် သတ္တဝါတယောက် ဘဲလို့ ဒီလို မမြင်ဘူးလား၊ (မြင်ပါတယ် ဘုရား) ဒီလို မသိဘူးလား၊ (သိပါတယ် ဘုရား) ဒီလိုဘဲ မှတ်မထားဘူးလား၊ (မှတ်ထားပါတယ် ဘုရား)ဒီလိုဘဲ မပြောဘူးလား၊ (ပြောပါတယ် ဘုရား) ဒီလိုဘဲ မစွဲဘူးလား၊ (စွဲပါတယ် ဘုရား)။

ဉာဏ်နဲ့ ခွဲကြည့်၊ ဉာဏ်နဲ့ စိတ်ကြည့်၊ သခွါးသီး-ဘူးသီး တွေကို ဒါးနဲ့ စိတ်စိတ် ခွဲခွဲပြီးကြည့်သလို ယောဂီတို့ ခန္ဓာကိုယ်ကြီးကို ဉာဏ်ဒါးနဲ့ စိတ်စိတ် ခွဲခွဲပြီး ကြည့်လိုက်တော့ ဘယ်နှစ်မျိုး ဘယ်နှစ်ပုံ ထွက်လာသလဲ၊ (ခြောက်ပုံပါ ဘုရား)။

ခြောက်ပုံက ဘာတွေတုံး၊ (မြေဓာတ်၊ရေဓာတ်၊မီးဓာတ်၊ လေဓာတ်၊ အပေါက်အကြားဓာတ်၊ အသိဓာတ်ပါ ဘုရား) အမှန်က ဓာတ်ခြောက်ပါးအစုဘဲ၊ တကယ်ရှိ တကယ်အဟုတ် တကယ်အမှန် ငြင်းလို့မရအောင် ဒီဓာတ်ကြီးခြောက်မျိုးက တကယ်ရှိပါတယ်၊ (မှန်ပါဘုရား)။

အဲဒီဓာတ်ကြီးခြောက်မျိုးကို ဓာတ် ခြောက် မျိုး ရယ်လို့ မသိပါဘဲ ငါ - သူတပါး- ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ ရယ်လို့ ခေါ်ဝေါ်ပြောဆိုရအောင်လို့ ဆိုင်းဘုတ်ကလေးတွေ တပ်ပြီးတော့ ထားတာကို ခေါ် ကြ ပြော ကြ တဲ့ အ တိုင်း တကယ်ရှိ တကယ်မှတ် တကယ်ထင် တကယ်စွဲပြီးနေကြတယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ဓာတ်ခြောက်ပါး တရားခြောက်ခုပေါ်လာပြီလား၊ (ပေါ်လာပါပြီဘုရား) ဒါဖြင့် ဓာတ်ခြောက်ပါးထဲက နံပါတ်(၁)က ဘာဓာတ်တုံး၊ (မြေဓာတ်ပါ ဘုရား) အဲဒီမြေဓာတ်ဆိုတာ ယောဂီတို့ ခန္ဓာတကိုယ်လုံးမှာ ဉာဏ်နဲ့ကြည့်နော်၊ (မှန်လှပါဘုရား)။

ယောဂီတို့ခန္ဓာမှာ ဘယ်ဟာတွေဟာ မြေဓာတ်တွေလဲ သိရအောင် ကဲ-ဆိုကြပါအုံး....

ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်း ချဉ်ဆီ အညှို နှလုံး အသဲ အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်၊ အားလုံးပေါင်း (၂၀) ရှိတယ်၊ အဲဒါ မြေကြီးတွေ မြေဓာတ်ဆိုတာဒါဘဲ။

ဦးနှောက် ဦးနှောက်နဲ့ ဘာဓာတ်တွေပါလိမ့်၊ (မြေဓာတ်ပါ ဘုရား) မြေဓာတ်တွေကို နာမည်ပညတ်တပ်ပြီး ခေါ်ကြတာပါ၊ ဒီအထဲမှာ လိုက်ပြီး ယောကျ်ား မိန်းမ ရှာကြပါအုံး၊ ယောကျ်ား မိန်းမ ပါရဲ့လား၊ (မပါ-ပါဘုရား)။

ဆံပင်သည် လူ ဟုတ်ကဲ့လား၊ (မဟုတ်ပါ ဘုရား) ငါကော ဟုတ်ကဲ့လား၊ (မဟုတ်ပါ ဘုရား) သူကော ဟုတ်ကဲ့လား၊ (မဟုတ်ပါဘူး ဘုရား) ဒါဖြင့် ဆံပင်သည် ဘာဓာတ်ပါလိမ့်၊ (မြေဓာတ်ပါဘုရား)။

ကဲ မယုံရင် ဆံပင်ကလေးကို လက်တဘက်မှာထားပြီးတော့ တခြားလက်တဘက်မှာ သုသာန် က မြေကြီးကလေး

သွားပြီးတော့ နှစ်ဘက်ယှဉ်ကြည့်လိုက်မယ်ဆိုရင် မျက်မြင်ကတော့ ဒါက ဆံပင် ဒါက မြေကြီးလို့ မြင်ရမယ်၊ ဉာဏ်မြင်နဲ့ကြည့် ယောဂီတို့ ဘယ် ဘက် လက် ပေါ် ရှိတဲ့ ဆံပင် သုသာန်မှာ မြှုပ်နှံလိုက်တော့ ဘာ ဖြစ် မှာ လဲ၊ (မြေကြီးဖြစ်မှာပါ ဘုရား) အဲဒီလို တသားထဲ မြင်ရမယ်၊ တထပ်ထဲ မြင်ရမယ်နော်၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ ခေါင်းမှာရှိတဲ့ ဆံပင်တွေ ဘာတွေတုံး၊ (မြေကြီးတွေပါ ဘုရား) ဘာတွေ ဖြစ်မှာတုံး၊ (သုသာန်မြေတွေ ဖြစ်မှာပါ ဘုရား) ဖြစ်မှ ဖြစ်ပါ့မလား၊ (ဖြစ်မှာပါ ဘုရား)။

ဒါကြောင့် မဖြစ်ခင်ကလေး တရားကို ကြိုးစားထားပါ၊ (မှန်ပါ့ ဘုရား) သုသာန်မြေ ဖြစ်မှာနော်၊ သေသေချာချာ ဉာဏ်မျက်လုံးနဲ့ကြည့်ပြီး စဉ်းစားပါ၊ ဉာဏ်နားနဲ့ ထောင်ပြီး တချင်း တချင်း လိုက်ပြီးတော့ ခွဲ ကြ ပေ တော့ နော်၊ (မှန်ပါ့ဘုရား)။

ထိုဆံပင်သည် ငါလား သူလား သတ္တဝါလား ယောကျ်ား မိန်းမလား၊ (မဟုတ်ပါ ဘုရား) ငါ့ဥစ္စာလား၊ (မဟုတ်ပါဘုရား)ဒါဖြင့် ငါစွဲ ပြုတ်သွားပြီပေါ့၊ (မှန်ပါ့ဘုရား) ဓာတ်တွေ တရားသဘော သ ဘော တ ရား တွေကို တချင်း တချင်းလိုက်ပြီး ကြည့်ရင် ယောကျ်ား မိန်းမ ရှာလို့ ရသေးရဲ့လား၊ (မရပါ ဘုရား) ယောကျ်ား မိန်းမ ကော ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ် သတ္တဝါကော ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) ဘာခေါ်တွေပါလိမ့်၊ (မြေခေါ်တွေပါဘုရား) မြေခေါ်တွေ မခေါ်တဲ့ခေါ် မာမာဆတ်ဆတ် သဘောတွေ မြေကြီးတွေ ယောဂီတို့၊ (မှန်လှပါဘုရား) ဒါကြောင့် မြေစာတွေ ဖြစ်မှာပါဘဲ။ တိုးပွားနေတာကလဲ မြေတွေ တိုးပွားနေတာပါဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ ၂၀-သော ခေါ်တွေဟာ မြေခေါ်တဲ့၊ အနိစ္စ ခေါ် ဒုက္ခခေါ် အနတ္တခေါ် အသုဘ ခေါ်တွေဘဲ၊ အသုဘတွေပါ၊ (မှန်ပါဘုရား) ယောဂီတို့ ခေါင်းက ဆံပင်တွေကို မွေးတဲ့နေ့က ယနေ့အထိ ဖီးရ-လိမ်းရတာ အကြိမ်ပေါင်းရေလို့ ရသေးရဲ့လား၊ (မရပါဘုရား)။

ခေါင်းမှာနေတုံး ဘယ်လောက်ပင် သ-သ၊ ဒီ ဆံပင်ကို ဘယ်လိုပင် ဦးစားပေး ပြုပြင်သော်လည်း ယောဂီတို့ ထမင်း ပန်းကန်ထဲ ပါလာရင် ရွံတယ်ဗျ၊ (မှန်လှပါဘုရား)။

သုဘမို့လား၊ အသုဘမို့လား၊ (အသုဘမို့လို့ပါဘုရား) အသုဘ ဒီမှာ ထင်ရှားသွားပြီနော်၊ (မှန်ပါဘုရား) နည်းနည်း ပါလာရင် မစားချင်တော့ဘူး၊ ဟင်း တပန်းကန်လုံး သွန်ပစ်ဟဲ့ ဖြစ်ကုန်ပြီနော်၊ (မှန်လှပါဘုရား) အသုဘ နိမိတ်ပြနေတာ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ မြေခေါ်က ၂၀-ရှိတယ်၊ ဆံပင်ကစပြီး ဦးနှောက်အထိ ၂၀-သော သဘာဝ အစုတွေ

ဟာ မြေဓာတ်တွေဘဲလို့ သေသေချာချာ မှတ်လိုက်ပေတော့၊ (မှန်လှပါဘုရား) ရှင်းပြီနော်၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ ရေဓာတ်တွေ ယိုစီးတဲ့ သဘောဘဲ ရှိတယ်ဆိုတော့ ရေရဲ့သဘောသည် ဖွဲ့စည်းယိုစီးတဲ့ သဘောဘဲ၊ နည်းရင် ရေသည် ခဲသည်၊ ရေများရင် ကျဲတယ်ပေါ့၊ ခဲတော့တွဲနေတယ်၊ကျဲတော့ စီးသွားတာပေါ့၊ ဟုတ်ပြီလား၊ (မှန်လှပါဘုရား)။

ကိုင်း-ဒါကြောင့် အပြင် လောကကြီး တလောကလုံး မှာလဲ ရေဓာတ်တွေ ရှိသလို ယောဂီတို့ ခန္ဓာထဲ မှာလဲ ရေဓာတ်တွေ ရှိတယ်၊ အဲဒီ ရေဓာတ် တွေဟာ ဘယ် သဘော ဘယ်ဓါတ်တွေ ဘယ်ဟာတွေလဲလို့ သိရအောင် လိုက်ဆိုကြ။

"သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊
မျက်ရည်၊ ဆီကြည်၊တံထွေး၊နှပ်၊အစေး၊ကျင်ငယ်"။

အားလုံး ၁၂-ပါးရှိတယ်၊အဲဒီ ၁၂-ပါးဟာ အာပေါ၊ ရေဓာတ်ဆိုတာ သူတို့ဘဲ၊(မှန်ပါ့ဘုရား) ယောဂီတို့ ခန္ဓာထဲ ရှိမှ ရှိရဲ့လား၊ (ရှိပါတယ်ဘုရား) သည်းခြေဆိုတာ ရှိရဲ့လား၊ (ရှိပါတယ် ဘုရား) သလိပ်တွေကော၊ (ရှိပါတယ်ဘုရား) ပြည်တွေ၊ (ရှိပါတယ်ဘုရား) ပြည်ဆိုတာ အာဂန္တုကတဲ့၊ အနာ ဖြစ်လာတဲ့ အခါမှာ သွေးသား ကပင် ပုပ်သိုးပြီး ပြည်ရေတွေ ဖြစ်လာပြန်တယ်နော်၊(မှန်ပါ့ဘုရား)။

သွေးတွေကော-မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ဒါ အာပေါ အရေဓာတ်တွေပေါ့၊ ချွေးတွေကော၊ (ရှိပါတယ်

ဘုရား) မျက်ရည်တွေကော၊ (ရှိပါတယ်ဘုရား)တံထွေးတွေကော၊ (ရှိပါတယ်ဘုရား) အစေးတွေကော၊ (ရှိပါတယ်ဘုရား) ကျင်ငယ်တွေကော၊ (ရှိပါတယ် ဘုရား) နှပ်တွေကော၊ (ရှိပါတယ်ဘုရား) အဲဒါ အာပေါဓာတ် ရေဓာတ်ဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ အာပေါဓာတ်က ၁၂-ပါး ရှိတယ်၊ ရေဓာတ်တွေနော်၊ အဲဒီရေဓာတ်ထဲမှာ ယောကျ်ား ရှာကြပါအုံး၊ (မရပါဘုရား) မိန်းမ ရှာကြပါအုံး၊(မရပါဘုရား) လူ ရှာကြပါအုံး၊ (မရပါဘုရား) သတ္တဝါ ရှာကြပါအုံး၊ (မရပါဘုရား)။

ထို ၁၂-ပါးသော ရေဓာတ်တွေဟာ ငါလား၊ (မဟုတ်ပါဘုရား) ငါ့ဥစ္စာလား၊ (မဟုတ်ပါဘုရား) သူလား၊ (မဟုတ်ပါဘုရား) သူ့ဥစ္စာလား၊ (မဟုတ်ပါဘုရား)ဒါဖြင့် ဘာတွေပါလိမ့်၊(ရေဓာတ်တွေပါဘုရား)ရေဓာတ်တွေ အရေတွေ သဘောတရား တရားသဘောတွေဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ငါမဟုတ်ဘူးပေါ့၊ (မဟုတ်ပါဘုရား) ဒါဖြင့် ယောဂီတို့ ခန္ဓာမှာ ရေဓာတ်တွေ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ရှိကော ရှိရဲ့လား၊ (ရှိပါတယ်ဘုရား) ဟုတ်ကော ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) မှန်ကော မှန်ရဲ့လား၊ (မှန်ပါတယ်ဘုရား)။

ဤ ၁၂-ပါးသော အရာကိုကို ရေဘဲလို့ သိလိုက်တာ အမှန်သိတာလား၊ အမှားသိတာလား၊ (အမှန်သိတာပါ

ဘုရား) အဲဒါ သမ္မာဒိဋ္ဌိဘဲ၊ သာသနာနဲ့ တွေ့ရတယ်ဆိုတာ ဒါဘဲ၊ ဘုရားပွင့်တယ်ဆိုတာ ဒါဘဲ၊ ဘုရားပွင့်တာဟာ အပြင်မှာ သွားပြီးတော့ ရန်ကုန်မြို့မှာ မန္တလေးမှာ နိုင်ငံခြားမှာ အပြင် လောကကြီးမှာ ပွင့်တာနဲ့ ယောဂီတို့နဲ့ မဆိုင်ဘူး၊ (မှန်လှပါဘုရား)။

ဗုဒ္ဓဆိုတာဘုရား၊ ပရမတ္ထဉာဏ်နဲ့ကြည့်ရင် အမှန်သိတာ ဗုဒ္ဓခေါ်တယ်၊ ဗုဒ္ဓဆိုတာ ဉာဏ်တော်၊ ဉာဏ်ဆိုတာ သိတာနော်၊ (မှန်ပါ့ဘုရား) ဘာသိတာလဲဆိုရင် အမှန်သိတာနော်၊ (မှန်ပါ့ဘုရား) ဒါဖြင့် အဲဒီ အမှန်သိတာလေးဟာ ဘုရား အစစ်ဘဲ၊ (မှန်လှပါ)။

ယောဂီတို့ရင်တွင် နာမ်အစဉ်မှာ ဒီ အသိဓာတ်ကလေး ဝင်လာပြီ၊ ဒီ ၁၂-ပါးသော သဘောတရားတွေဟာ ငါလဲ မဟုတ် သူလဲမဟုတ် ပုဂ္ဂိုလ် သတ္တဝါတွေလဲမဟုတ်၊ အာပေါ ဆိုတဲ့ ရေဓာတ်တွေဘဲလို့ မြင်လိုက် သိလိုက်တာ ယောဂီတို့ ရင်ထဲမှာ ဘုရားပွင့်ပြီလို့ သိပါ၊ (မှန်ပါ့ဘုရား) ဘုရားရောက် ပြီ၊ တရားရောက်ပြီ၊ သံဃာရောက်ပြီလို့ မှတ်တော့ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဘုရားပွင့်ရမှာက အပြင်မှာ ပွင့်ရမှာလား၊ ရင်တွင် နာမ် အစဉ်မှာ ပွင့်ရမှာလား၊ (ရင်တွင် နာမ်အစဉ်မှာ ပွင့်ရမှာပါ ဘုရား) မိမိစိတ်အစဉ်မှာ ဘုရားပွင့်ရမှာ၊ ဉာဏ်ရောက်ရမှာ၊ အသိရောက်ရမှာ ယောဂီတို့၊ (မှန်လှပါဘုရား)။

အဲဒီဘုရားက ယောဂီတို့ကို ကယ်မှာ၊အပြင်ကဘုရားတွေ က ဖူးရင် မျှော်ရင် ကုသိုလ်တော့ ရပါတယ်၊ ကမ္မဝဋ္ဋ်တော့

ဖြစ်နိုင်ပါတယ်၊ ဝဋ်မကျွတ်ဘူး ဝဋ်ထဲ ပြန်ရောက်တယ်၊ (မှန်ပါဘုရား) ပြန်လည်တယ်၊ (မှန်လှပါဘုရား) ရင်ထဲမှာ ဉာဏ်ဘုရား ရောက်တော့မှ ဒီဉာဏ် ဘုရားကမှ ယောဂီတို့ ကံတရားတွေ ဖြတ်ပြီးတော့ ဝဋ်က ကျွတ်သွားအောင် ဒီဉာဏ် ကမှ ကယ်မှာ၊ (မှန်လှပါဘုရား) ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အမှန်သိဘို့ အရေးမကြီးဘူးလား၊ (ကြီးပါတယ် ဘုရား) အမှန်မြင်ဘို့ကော၊ (ကြီးပါတယ်ဘုရား) အမှန် နားလည်ဘို့၊ (ကြီးပါတယ် ဘုရား) ဒါဖြင့် အမှန်သိဘို့ ဒီအတိုင်း နေလို့ သိပါ့မလား၊ (မသိပါ ဘုရား) အမှန် သိအောင် အမှန်သိတဲ့ ဆရာသမားက ရှင်းမပြရင် သိပါ့ မလား၊ (မသိပါဘုရား)တရားမှမနာရင်၊ (မသိပါဘုရား) တရားမှ အားမထုတ်ရင်၊ (မသိပါဘုရား)။

အလုပ်ကလဲ ၂-လုပ်ဘဲ ရှိတယ်၊ တရားအလုပ်နဲ့ မတရား အလုပ်၊ တလောကလုံး ယောဂီတို့ ချုံးကြည့်စမ်းပါအုံး၊ (အလုပ်က ၂-လုပ်သာ ရှိပါတယ် ဘုရား) တရားအလုပ်နဲ့ မတရားအလုပ် ၂-မျိုးဘဲ ရှိပါတယ်၊ (မှန်လှပါ) တရား အလုပ်တွေ တရားအားထုတ် တရားတွေနာနေတဲ့အခါ ဒါ တရားအလုပ်ပေါ့၊ တရားလဲ အားမထုတ် တရားလဲ မနာ တရားလဲ မသင်ကြား တရားလဲ နှလုံးမသွင်းဘဲနေရင် မတရား အလုပ်ပေါ့၊ (မှန်လှပါ)။

တလောကလုံး ဘာတွေ လုပ်နေကြတာ များသလဲ၊ (မတရားတွေ လုပ်တာ များပါတယ် ဘုရား) ဒါကြောင့်

စိုးရိမ်နေရတာတွေ များ သ လား၊ စိုး ရိမ် ကင်း တာ တွေ များ လာ သ လား၊ (စိုး ရိမ် ရ တာ တွေ များလာပါတယ် ဘုရား) ဝမ်းသာစရာတွေ တိုးသလား၊ ဝမ်းနည်းစရာတွေ တိုးလာသလား၊ (ဝမ်းနည်းစရာတွေ တိုးလာပါတယ်ဘုရား) အဲဒါ တရားအလုပ် မလုပ်လို့၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါကြောင့် ယောဂီတို့ တရားအလုပ်နဲ့ မတရား အလုပ် ၂-မျိုးလုံးကိုတွင် တလောကလုံး မတရားအလုပ် နဲ့သာ အချိန်ကုန်နေကြတဲ့အတွက် မတရားတွေရ - မတရား တွေနဲ့ကြုံ မတရားတွေနဲ့ဆုံပြီးတော့ ပူပန်ဆင်းရဲတွေကိုခံစား နေကြရပါတယ်နော်၊ (မှန်လှပါဘုရား)။

အခု ယောဂီတို့ခန္ဓာကိုယ်ကြီး အိုဘေးကြီးက နှိပ်စက် နေပြီနော်၊ (မှန်ပါ့ ဘုရား) လဲတော့ မလဲသေးဘူး၊ နာ ဘေးက မချသေးလို့၊ (မှန်ပါ့ဘုရား) တနေ့မှာ နာဘေးက မနေဘူး ချပါလိမ့်မယ်၊ နာဘေးက တွန်းလှဲပြီးသကာလ ဟိုဘက်ဒီဘက် မလှုပ်သာအောင် နာဘေးက ဖိလိမ့်မယ်၊ (မှန်လှပါ)။

အဲဒီအခါကျတော့မှ တရား အားထုတ်ချင်လို့ တရား သွားနာချင်လို့ဆိုလို့ ဖြစ်ပါအုံးမလား၊ (မဖြစ်ပါ ဘုရား) ကယ်မဲ့လူ ဝေးပြီ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဒီခန္ဓာအိမ်ကြီး အိုမင်း နာမင်းနှိပ်စက်လို့ သေရာ ညောင်စောင်းပေါ်မှာ ဟိုဘက် ဒီဘက် မလှုပ်နိုင်တဲ့

အခြေသို့ မရောက်ခင်ကလေး အမှန်သိအောင် လုပ်ထား၊ အားကိုးစရာ ဒါဘဲရှိတယ်၊ (မှန်ပါ့ဘုရား)။

မိဘ ဆွေမျိုး ညီအစ်ကို မောင်နှမ ဆရာသမားဆိုတာ ဘေးကနေပြီးသကာလ မျက်ရည်ဘဲ ကယ်နိုင်မယ်၊ မျက်ရေဘဲ အကူအညီ ပေးနိုင်မယ်၊ တခြားဘာမှ အကူအညီ မပေးနိုင်ဘူးနော်၊ (မှန်ပါ့ဘုရား)။

ကိုင်း-ဒါကြောင့် အမှန်သိအောင် ရင်ထဲ ဘုရားရောက် အောင် ဉာဏ်ရှိတဲ့ဆရာသမားထံ ချဉ်းကပ်ပြီးသကာလ ကိုယ့် ရင်ထဲ ဉာဏ်ရောက်အောင် သွင်းထားပါ၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) တွေ့ပြီနော်၊ (တွေ့ပါပြီဘုရား)။

ယောဂီတို့ ခန္ဓာထဲ ရေဓာတ်တွေ တွေ့ပြီလား၊ (တွေ့ ပါပြီဘုရား) မြေဓာတ်တွေက ဘယ်နှစ်မျိုးပါလိမ့်၊ (၂၀-ပါ ဘုရား) ကောင်းပြီ ရေဓာတ် မြေဓာတ်တော့ ရှင်းသွားပြီ။

မီးဓာတ်က ယောဂီတို့ ခန္ဓာကိုယ်မှာ ၄-မျိုးရှိသတဲ့၊ ကဲ ဆိုကြ....

ရက်ခြားဖျားသော အပူ၊ ရက်မခြားဘဲ ဖျားသောအပူ၊
အစာချက်သော အပူ၊ တကိုယ်လုံး လောင်သောအပူ၊
(ဝါ) အိုမင်းအောင် လောင်သောအပူ။

ရုံခါကျတော့ ဖျားကြနာကြတယ်နော်၊ (မှန်ပါ့ဘုရား) ဖျားတယ်ဆိုတာ မီးလောင်တာဘဲ၊ ဒါကြောင့် ဆရာဝန်များ လဲ ဖျားတယ် ဆိုရင် ဒီရောဂါကို တော်တော် ကြောက်

တယ်နော်၊ ဘာ့ကြောင့်လဲ ဆိုတော့ မီးလောင်တာကိုးဗျ၊ မီးလောင်ရင် မြန်မြန် ကျွမ်းတတ်တယ်၊ သေတတ်တယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ရက်ခြား ဖျားသော အပူ၊ ရက်မခြားဘဲ ဖျားသော အပူ၊ ရက်မခြားဘဲ ဖျားတဲ့အပူက “တိုက်ဖွိုက်” ခေါ်တာ၊ အဖျားက ၁၀၄°-၁၀၅° အထိ အပူတွေ တက်လာတာပေါ့ဗျာ၊ အဲဒီ အပူတွေက အာဂန္တု ဩဇာသည်တွေ၊ ရံခါမှ ပေါ်တတ်တယ်နော်၊ (မှန်ပါ့ဘုရား)။

အစာချက်သော အပူ ဆိုတာ ရင်ထဲမှာ အစာသစ်အိမ်ရဲ့ အောက်ကနေ၍ စားလိုက်တဲ့အခါ ရေစာတွေကို ကျေညက်ပြီးတော့ သွားအောင် ချက်ပြီးတော့ ပေးနေတဲ့ ရင်ထဲမှာ တငွေ့ငွေ့ လောင်ပြီး ပူနေတဲ့ အပူဓာတ် ကလေးကို အစာချက်တဲ့မီးလို့ မှတ်ပါ၊ (မှန်လှပါဘုရား)။

တကိုယ်လုံး ပူပြီးတော့ နေတဲ့ တကိုယ်လုံး တရှိန်ရှိန် တငွေ့ငွေ့ လောင်နေတဲ့ အပူကတော့ အိုမင်းအောင် လောင်တဲ့ အပူတဲ့ဗျ၊ (မှန်ပါ့ဘုရား) ယောဂီတို့ ခန္ဓာကိုယ်မှာ ခေါင်းစမ်းစမ်း၊ ခြေစမ်းစမ်း၊ တကိုယ်လုံးစမ်းချင်တဲ့နေရာကို စမ်းကြည့်၊ တငွေ့ငွေ့နဲ့ အပူ မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား) အဲဒါ တကိုယ်လုံး လောင်တဲ့ မီးတဲ့နော်၊ (မှန်ပါ့ဘုရား) အဲဒီ မီးက မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

တနေ့ထက် တနေ့၊ တလထက် တလ၊ တနှစ်ထက် တနှစ်၊ ပါးရေ နားရေတွေ တွန့်၊ ဆံပင်တွေ ဖြူ၊ သွားတွေ ကျိုး၊

ခါးတွေ ကိုင်း၊ နားတွေထိုင်း၊ မျက်စိတွေမှုံပြီး ကိုယ်တွေ လက်တွေ လေးလံ၊ အမျိုးမျိုး ခန္ဓာကိုယ်ကြီးက ဟောင်းနွမ်း ယိုယွင်းပြီး လာတာ အဲဒီ မီးလောင်လို့ဘဲ၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ယောဂီတို့ခန္ဓာကိုယ်မှာမွေးကထဲက ပါလာတဲ့ မီးလို့လဲ ခေါ်တယ်၊ အဲဒီမီးက ယောဂီတို့ ခန္ဓာမှာ မပြတ်လောင်နေ တယ်၊ ယောဂီတို့ ထမင်းစားနေတဲ့ အခါလဲ မီးက လောင် လျက်ဘဲ၊ယောဂီတို့ တဟားဟား ပျော်နေတဲ့ အချိန်လဲ မီးက လောင်လျက်ဘဲ၊ ရှူးရှူးနဲ့ အိပ်နေတဲ့အခါလဲ မီးကလောင် လျက်ဘဲ၊ မီးငြိမ်းတဲ့ အချိန် ရှိသေးရဲ့လား၊ (မရှိပါ ဘုရား) တငွေ့ငွေ့ အမြဲလောင်နေတယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် အိုမင်း ရင့်ရော်တယ် ဆိုတာ တခြားက အိုမင်းလာပြီး ယောဂီတို့ကို နှိပ်စက်တာ ညှဉ်းဆဲတာ မဟုတ် ဘူး၊ ကိုယ့်မီးက ကိုယ့်လောင်နေတာဘဲ၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မီး ၄-မျိုးတွေ့ပြီလား၊(တွေ့ပါပြီဘုရား) ယောဂီ တို့ ခန္ဓာကိုယ်မှာ အပူဓာတ်တွေ တွေ့ပြီလား၊ (တွေ့ပါပြီ ဘုရား) ဘယ်နှစ်မျိုး၊ (လေးမျိုးပါဘုရား) အဲဒါ မီးဓာတ် ဘဲ၊ ရှင်းပြီနော်၊ (ရှင်ပါပြီဘုရား)။

ကိုင်း ဒီလေးမျိုးက မီးအပူဓာတ်ဆိုတော့ ဒါဖြင့် အအေး ဓာတ်ကကော ဘယ်လိုလဲဘုရား ဆိုတော့ အေးတယ်ဆိုတာ ပူတာထောက်ပြီးတော့ အေးတယ်၊ ပူတယ်ဆိုတာ အေးတာ ထောက်ပြီးတော့ ပူတယ်လို့ ခေါ်တာ၊ (မှန်ပါ့ဘုရား)။

ဥပမာ- ဘုန်းကြီးရှင်းပြမယ်၊ အပူဒီဂရီ ၁၀၁ ိရှိပါတယ် တဲ့၊ ၉၉ ိ-နဲ့ ၁၀၀ ိ-ဘယ်သူက အေးတယ် ဘယ်သူက ပူတယ်၊ (၁၀၀ ိ-က ပူပါတယ်ဘုရား)၁၀၀ ိ-ကို ထောက်ရင် ၉၉ ိ-က၊ (အေးပါတယ်ဘုရား) တကယ်တော့ အေးသလား၊(မအေး ပါဘုရား) သို့သော် ၁၀၀ ိ-နဲ့ ယှဉ်ရင် အေးတယ်လို့ (ပြောရ ပါတယ်ဘုရား)အဲဒီလို တခုတခုထောက် ပြောရတယ် (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါ့ဘုရား)။

ဒါကြောင့် ဒီမှာလဲ အဆင့်ဆင့်ယူကြပေတော့၊ ယောဂီ တို့ခန္ဓာထဲမှာ အအေးဓာတ် မီးဓာတ်တွေလဲ ရှိပါတယ်၊တွေ့ပြီ နော်၊ (တွေ့ပါပြီဘုရား) မီးဓာတ်ကို မီးဓာတ်လို့ သိတာဟာ အမှန်သိတာလား အမှားသိတာလား၊ (အမှန်သိတာပါ ဘုရား)အမှန်သိရင်ဖြင့် ဉာဏ်မြင်လား မျက်မြင်လား၊(ဉာဏ် မြင်ပါဘုရား) ဘုရားပွင့်တာလား ဘုရားကွယ်တာလား၊ (ဘုရားပွင့်တာပါဘုရား) အဲဒီလို ကိုယ့်စိတ်အစဉ်တွင် ဉာဏ် ဝင်မှ ဘုရားပွင့်တယ် ယောဂီတို့၊ (မှန်လှပါဘုရား) ရှင်းပြီ လား၊(ရှင်းပါပြီဘုရား)။

ဒါကြောင့် ရှေးဦးစွာ သမ္မာဒိဋ္ဌိ အမြင်မှန် အသိမှန် ရချင်လျှင် ဘုရားပွင့်ချင်ရင် အင်္ဂါနှစ်ချက်နဲ့ ညီရမယ်လို့ အရှင် ကောဋ္ဌိကရဲ့ အမေးကို ရှင်သာရိပုတ်က ဖြေဆိုခဲ့ ပါတယ်။

> ဒွေ ခေါ အာဝုသော ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါ
> ဒါယ ပရတော စ ဃောသော ယောနိသောစ မနသိ
> ကာရော-တဲ့၊

ပရတောစ ဃောသော-ဆိုတာက မိမိအားလျှောက်ပတ်တဲ့ တရားကို ကြားနာရမယ်တဲ့၊ (မှန်လှပါဘုရား) ယောနိသောစ မနသိကာရော-ဆိုတာက တရားနာပြီးတော့ ပြီးပျောက်တော့ မနေလိုက်ပါနဲ့၊ အဖန်ဖန် နှလုံးသွင်းရမယ်တဲ့၊ (မှန်လှပါ)။

ရှေးဦးစွာ တရားနာ၊ နောက် ပြန်ပြီးတော့ အဖန်ဖန် နှလုံးသွင်းမယ်ဆိုရင် သမ္မာဒိဋ္ဌိအစစ် အမြင်မှန်ရှိသူ ဖြစ်ပါလိမ့်မယ်တဲ့၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ကဲ-ဒါဖြင့် တရားနာဘို့ အရေး မကြီးဘူးလား၊ (ကြီးပါတယ်ဘုရား) သူက နံပါတ်(၁)က နေတယ်၊ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ယောဂီတို့ ခန္ဓာမှာ မီးဓာတ်တွေ တွေ့ပြီ၊ မီးဓာတ်တွေကို မီးဓာတ်လို့ သိပေါ့၊ ငါသူ ဟုတ်သေး ရဲ့လား၊ (မဟုတ်ပါ ဘုရား) ငါ့ဥစ္စာကော၊ (မဟုတ်ပါ ဘုရား) သူ့ဥစ္စာကော၊ (မဟုတ်ပါဘုရား) လူနတ်တို့ရဲ့ ဥစ္စာကော၊ (မဟုတ်ပါ ဘုရား) ဘာတွေတုံး၊ (မီးဓာတ်တွေပါ ဘုရား) မီးဟာ မီးဘဲ၊ ပူတာဟာ ပူတာဘဲ၊ အေးတာဟာ အေးတာဘဲ၊ အေးဓာတ် ပူဓာတ်၊ အေးသဘော ပူသဘော၊ အေးပရမတ် ပူပရမတ်၊ အေးသင်္ခါရ ပူသင်္ခါရပေါ့၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-မီးဓာတ်ပြီးတော့ နံပါတ် (၄) လေဓာတ်တွေလဲ ယောဂီတို့ခန္ဓာမှာရှိတယ်ဆိုတော့ လေဓာတ်တွေကို ရေတွက်ကြအုံးစို့-လိုက်ဆိုကြ....

"ထွက်သက် ဝင်သက်လေ"ယောဂီတို့ ရှုလိုက် ရှိုက်လိုက် မလုပ်ဘူးလား၊ (လုပ်ပါတယ် ဘုရား) အဲဒါ ထွက်သက် ဝင်သက်ပေါ့၊ ထွက်သက်ဆိုတော့ အတွင်းကလေ အပြင်ထွက်တာ၊ ဝင်သက် ဆိုတော့ အပြင်ကလေ အတွင်းသို့ သွင်းတာ၊ (မှန်ပါ့ဘုရား)။

လေကို စားလိုက် ပြန်ထုတ်လိုက် လုပ်နေတာ၊ လုပ်မနေဘူးလား၊ (လုပ်နေပါတယ် ဘုရား) လေကို ရှုတယ်ဆိုတာ လေကိုစားတာပါဘဲ၊ ပြန်ထုတ်လိုက်တယ်ဆိုတော့ ကျင်ကြီး ကျင်ငယ်တွေ စွန့်သလို၊ ဒါ ပြန် ထုတ် လိုက် တာ ပါ ဘဲ၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ယောဂီတို့ လေကိုလဲ ရှုနေတယ်၊ ရေကိုလဲ သောက်နေတယ်၊ ထမင်းကိုလဲ စားနေတယ်၊ စားသောက်နေတာတွေ သေသေချာချာ ကြည့်စမ်း၊ ထမင်းဆိုတော့ အဖတ်တွေ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ဟင်းတို့ ကော်ဖီတို့ လဘက်ရည်တို့ ဖျော်ရည် အစရှိသည့်တို့သည် ရေတွေ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ရေတွေ - မြေတွေကို အထဲသွင်းလိုက်၊ အထဲကနေပြီး အဟောင်းတွေ အပြင်ထုတ်လိုက်၊ သွင်းလိုက် ထုတ်လိုက်၊ သွင်းလိုက် ထုတ်လိုက်နဲ့ လုပ်နေရတာ၊ ဒါနဲ့ တဘဝလုံး အချိန်ကုန်နေကြတာဘဲ၊ (မှန်ပါ့ဘုရား)။

ရေတွေ - မြေတွေ - လေတွေ-မီးတွေကို အထဲသွင်းလိုက်၊ အပြင် ထုတ်လိုက်၊ ဒါနဲ့ အချိန် ကုန်နေရတာ၊ (မှန်ပါဘုရား) လုပ်ကော လုပ်နေရသလား၊ (လုပ်နေရပါတယ်ဘုရား)။

ဘာကြောင့် လုပ်နေရသလဲဆိုတော့ သင်္ခါရ-ခေါ်တယ်၊ သင်္ခါရဆိုတာ ပြင်ပေးနေရတာတဲ့၊ ပြင်မပေးရင် လဲသွားမယ်၊ အသက် မရှူတော့ဘူး၊ နှာခေါင်း ပါးစပ်တွေပိတ်ထားရင် အခု သေသွားမယ်၊ ထမင်း မစားတော့ပါဘူး၊ ရေ မသောက်တော့ပါဘူးဆိုရင် သေသွားမှာပေါ့၊ (မှန်ပါ့ဘုရား)။

အအေးချင်တိုင်းအအေးလိုက်စမ်းပါ၊ အအေးခံရင်းသေသွားမှာပေါ့၊ ပူချင်တိုင်း ပူစမ်းပါ၊ အပူခံရင်းသေသွားမှာပေါ့၊ အတွင်းခါတ်နဲ့အပြင်ဓါတ် မျှတအောင် ယောဂီတို့ သွင်းသင့်တာ သွင်း၊ ထုတ်သင့်တာ ထုတ်ပြီးတော့ နေရတယ်နော်၊ (မှန်ပါ့ဘုရား) အမြဲတမ်း ပြင်ပေးမနေရဘူးလား၊ (ပြင်နေရပါတယ်ဘုရား)။

ဒါကြောင့် ဒီရုပ် ဒီနာမ် မြေ - ရေ - မီး - လေ တွေကို သင်္ခါရလို့ ခေါ်တယ်၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)သဘောပေါက်ပြီလား၊ (ပေါက်ပါပြီ ဘုရား)။

ဒါ့ကြောင့် ဆိုကြ "ထွက်သက်ဝင်သက်လေ၊ အထက်သို့ဆန်သောလေ၊ အောက် သို့ စုန် သော လေ၊ ဝမ်း ခေါင်းရင်ခေါင်း၌ အောင်းသောလေ၊ အူခေါင်း၌ အောင်းသောလေ၊ တကိုယ်လုံး လျှောက်သောလေ"။

ဘယ်နှစ်မျိုး၊ (ခြောက်မျိုးပါ ဘုရား) ယောဂီတို့ခန္ဓာကိုယ်တကိုယ်လုံးမှာ လေတွေ ရှိတယ်၊ ရင်ခေါင်း ဝမ်းခေါင်းထဲမှာကော၊ (ရှိပါတယ် ဘုရား) အထက်ကို တဟေးဟေးနဲ့

ဆန်တက်နေသော လေကော၊ (ရှိပါတယ် ဘုရား)အောက်ကို စုန်သောလေကော၊ (ရှိပါတယ် ဘုရား) ထွက်လေ ဝင်လေ ကော၊ (ရှိပါတယ် ဘုရား) တကိုယ်လုံး လျှောက်နေတဲ့လေ၊ (ရှိပါတယ်ဘုရား)။

ခုနတုံးက ထွက်လေ ဝင်လေ အူခေါင်းထဲမှာတည်တဲ့ လေတွေ၊ ဝမ်းခေါင်းထဲမှာရှိတဲ့ လေ၊ အထက်ဆန်တဲ့ လေ၊ အောက်စုန်တဲ့ လေတွေ၊ အဲဒီ ၆ါးမျိုးသော လေတွေကို ဖယ်ထားရင် အသား အသွေး အကြော ပထဝီဓာတ် အာပေါဓာတ်တွေကြားထဲမှာလျှောက်သွားနေတဲ့ တကိုယ်လုံး ပြန့်နှံ့နေတဲ့လေကို တကိုယ်လုံး လျှောက်သောလေလို့ ခေါ် တယ် ယောဂီတို့၊ (မှန်လှပါဘုရား)။

လေ သင်ဒုန်းဖြတ်တယ်ဆိုတာ အဲဒီလေပေါ့၊ (မှန်ပါ့ ဘုရား) ယောဂီတို့ လေ သင်ဒုန်းဖြတ်တာ ကြားဘူးရဲ့လား၊ (ကြားဘူးပါတယ် ဘုရား) ကြားဘူးမနေနဲ့ ယောဂီတို့ ခန္ဓာလဲ အချိန်မရွေး လေဖြတ်နိုင်တယ်ဆိုတာ သိထား ရမယ်၊ (မှန်ပါဘုရား) ဘာ့ကြောင့်လဲဆိုတော့ ယောဂီတို့ ခန္ဓာမှာ လေက ရှိပြီးသား၊ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)။

လေဖြတ်လို့ သေတယ်တဲ့၊ လေသင်ဒုန်း ခုတ်သွားလို့ ပါးစပ်ကြီးရွဲ့၊ ခြေတဘက် တရွတ်တိုက်ဆွဲသွားတယ်၊ ကိုယ် တခြမ်းသေသွားတယ် စသည်တို့ ကြားဘူးမှာပေါ့၊ (ကြား ဘူးပါတယ်ဘုရား)အဲဒါ တခြားက လေက လာဖြတ်တယ်လို့ မအောက်မေ့နဲ့နော်၊ ဘယ်လေက ဖြတ်တာတုံး၊ (ကိုယ့်ခန္ဓာ

ထဲကလေက ဖြစ်တာပါဘုရား) ကိုယ့်ခန္ဓာထဲကလေက ကိုယ့် ပြန်နှိပ်စက်တာဘဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလေကိုပင် ငါဘဲ သူဘဲ ငါ့ဥစ္စာ သူ့ဥစ္စာလို့ ယောဂီတို့ ထင်မှတ်စွဲလမ်း မနေဘူးလား၊ (ထင်နေပါတယ် ဘုရား) ကြပ်ကြပ်သာစွဲ၊ စွဲလေသတ်လေလို့ မှတ်ပေတော့၊ (မှန်ပါ့ ဘုရား) လေက စွဲတဲ့လူကို သတ်တယ်၊ ခင်တဲ့လူကို သတ်တယ်၊ လေက မ,ခင်တဲ့လူကို မသတ်ဘူး၊ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါတွေ ဘဝဇာတ်သိမ်း၍ နိဗ္ဗာန်သို့ စံမြန်း ကြလေပြီ၊ ဒီလေတွေကို စွန့်သွားပြီ၊ မြေဓာတ် ရေဓာတ် မီးဓာတ်တွေကိုလဲ စွန့်သွားပြီ၊ (မှန်လှပါ)။

ဒါဖြင့် ဘုရား ရဟန္တာ နိဗ္ဗာန်ဝင် စံမြန်းသွားကြတဲ့ ဂင်္ဂါသဲလုံးမက ပွင့်တော်မူကြတဲ့ ဘုရားတွေကို လေများ ဖြတ်စရာ ရှိသေးလား၊ (မရှိပါ ဘုရား) ဘာ့ကြောင့် မရှိ ပါလိမ့်၊ (လေမရှိလို့ပါ ဘုရား) လေရှိနေရင် ဖြတ်မှာဘဲ၊ လေရှိလျှင် သတ်မှာချည်းဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ယောဂီတို့ခန္ဓာမှာ လေ-လေနဲ့ အကောင်းများ ထင်မနေကြနဲ့၊ ကျွေးမွေးပြုစုလိုက်ရတာ အမောဘဲ၊ အမှန်က ရန်သူ သေမင်းရောက်နေတာ ယောဂီတို့၊ (မှန်ပါ ဘုရား) ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ရန်သူအစစ်တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ဘယ်မှာလဲ၊ (ခန္ဓာမှာပါ ဘုရား) ရန်သူကို မိတ်ဆွေလုပ်ပြီး နေ့တိုင်း ကျွေးနေရတာ၊ (မှန်ပါ့ ဘုရား) မနစ်နာဘူးလား၊ (နစ်နာပါတယ်ဘုရား) အစာမှားမယ်တော့

မကြုံနဲ့၊ သူက လေဖြတ်မယ်တဲ့၊ (မှန်ပါ ဘုရား) လေဖြတ်ပြီး သတ်မလို့ လေအောင့်ပြီးတော့သတ်မလို့တဲ့၊ ဘေးထိုးရင်ကြပ် ဖြစ်ပြီးတော့ သတ်မလို့၊ (မှန်ပါ့ ဘုရား)ရှင်းပြီလား၊ (ရှင်း ပါပြီဘုရား)။

ဒါကြောင့် ယောဂီတို့ ဒီလေကိုစွန့်လျှင်စွန့်၊ မစွန့်လျှင် ဒုက္ခပါဘဲ၊ (မှန်ပါ့ဘုရား) ဒါဖြင့် လေဓာတ်က ဘယ် နှစ်ပါး၊ (ခြောက်ပါးပါ ဘုရား) အဲဒီ ခြောက်ပါးစလုံး ပေါင်းလိုက်တော့လဲ လေပါဘဲ၊ (မှန်ပါ့ဘုရား) ရှင်းပြီ နော်၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် အာကာသနဲ့ပတ်သက်၍ အာကာသဓာတ် ဆိုတာ အပေါက်အကြား အာကာသ မဟုတ်လား၊ (မှန်ပါ့ ဘုရား) ကဲ လိုက်ဆိုကြ။

"နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ အစာ ဝင်ရာ လည်ချောင်း ပေါက်၊ အစာတည်ရာ အူခေါင်း ပေါက်၊ အစာရေစာထွက်ရာ (ဝါ) ကျင်ကြီး ကျင်ငယ် ထွက်ရာ ကျင်ကြီးကျင်ငယ်ပေါက်"။

အာကာသဆိုတဲ့ အပေါက်အကြားဓာတ်ကလဲ ယောဂီ တို့ ခန္ဓာကိုယ်မှာ ခြောက်မျိုးရှိတယ်ဗျ၊ (မှန်လှပါဘုရား) ဒီ ခန္ဓာကိုယ်ကြီးဟာ အိမ်ကြီး တဆောင် ကျောင်းကြီး တဆောင်နဲ့ တယ်တူတယ်၊ (မှန်ပါ့ဘုရား)။

ယခု ယောဂီတို့ ကျောင်းထဲမှာ ထိုင်နေကြတာပေါ့၊ အပြင်ကနေပြီးတော့ ဒါကျောင်းပေ့....မခေါ်ကြဘူးလား၊ (ခေါ်ကြပါတယ် ဘုရား) အပြင်ကနေ ကြည့်တာနော်၊

(မှန်ပါ့ ဘုရား)ကျောင်းလို့ ခေါ်တဲ့နေရာ ယောဂီတို့ ထိုင်နေတဲ့ခေါင်းပေါ်မှာလဲကြည့်၊ ဘေးကိုလဲကြည့်၊ လေဟာပြင် ကွက်လပ်ကြီး မဟုတ်လား၊ (မှန်ပါ့ဘုရား) ဒီလေဟာပြင်ကြီးဟာ အပြင်က ခေါ်နေတဲ့ ကျောင်းကြီးထဲမှာ အာကာသခေါ်တဲ့ ဒီလေဟာပြင်ကြီး ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)။

အဲဒီလိုဘဲ၊ ယောဂီတို့ ခန္ဓာအိမ်ကြီးကိုလဲ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာနဲ့ ယောဂီတို့ အထင်မှားနေတယ်၊ အဲဒီ အထင်မှားတဲ့ ခန္ဓာထဲမှာ ဘာမျှမရှိတဲ့ လေဟာပြင် အပေါက် ကွက်လပ်တွေလဲ ပါတယ်၊ မပါဘူးလား၊ (ပါပါတယ်ဘုရား)။

အဲဒါ ယောဂီတို့ အပေါက် အကြားကို အပေါက် အကြားမှန်း မသိဘဲ ငါဘဲ၊ သူဘဲ၊ ပုဂ္ဂိုလ် - သတ္တဝါဘဲ ထင်တော့ ယူတော့ မှားသလား မှန်သလား၊ (မှားပါတယ်ဘုရား) အပေါက် အကြားဟာ အပေါက် အကြားဘဲယူတော့ မှန်သလား၊ မှားသလား၊ (မှန်ပါတယ်ဘုရား) အဲဒါမှ သမ္မာဒိဋ္ဌိ ဘုရားပွင့်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) သဘောပါပြီလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် အာကာသဓာတ် အပေါက်အကြားက ဘယ်နှစ်မျိုး၊ (ခြောက်မျိုးပါ ဘုရား) ဒါဖြင့် ရုပ်ဓာတ်တွေ ပြန်ပေါင်းကြည့်ရင် ပထဝီဓာတ်က ၂၀၊ အာပေါဓာတ်က ၁၂၊ ကဲ ၃၂-ရှိပြီနော်၊ (မှန်ပါ့ ဘုရား) တေဇောဓာတ်က

၄-ပါး၊ ဝါယောဓာတ်က ၆-ပါး၊ အာကာသဓာတ်က ၆-ပါး၊ ပေါင်း ၄၀-ပါးနော်၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ခန္ဓာကိုယ်ကြီးကို ၄၀-ပုံ ပုံထား၊ အစိတ်စိတ် တခုချင်း တခုချင်း ပုံထား၊ အဲဒီထဲမှာ လိုက်ရှာကြပေတော့၊ ယောကျ်ား-မိန်းမ ရှာစမ်း၊ (မရှိပါဘုရား) ငါ-သူတပါး၊ (မရှိပါဘုရား)ငါ့ဥစ္စာ-သူ့ဥစ္စာ၊(မရှိပါဘုရား)။

အမှန်ရှိတာက မြေ - ရေ - လေ - မီး - အာကာသ ဆိုတဲ့ ရုပ်ဓာတ်ငါးပါး ရုပ်တရားဘဲ ရှိပါတယ်၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)ဒါဖြင့်ရင် ငါစွဲ့ပြုတ်သွားပြီလား၊ (ပြုတ်သွားပါပြီဘုရား)။

ကဲ-ဒါဖြင့်ရင် သိမှုစိတ်က လေးနဲ့ ပတ်သက်ပြီးတော့ ဤ ဝိညာဏ်ဓာတ်က ဘယ်နှစ်မျိုးရှိသလဲဆိုတော့ ယောဂီတို့ သူက ၆-မျိုးရှိတယ်၊ ကဲ-လိုက်ဆိုကြ။

"မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ ကြံသိစိတ်" ဘယ်နှစ်မျိုးလဲ၊ (ခြောက်မျိုးပါဘုရား) မျက်စိကို မှီပြီးသကာလ မြင်စိတ် ဖြစ်တယ်၊ မြင်တာ စိတ်နော်၊ (မှန်ပါ ဘုရား)ဘယ်သူက မြင်တာလဲ၊ (စိတ်ကပါဘုရား) မြင်တဲ့အလုပ် ဘယ်သူလုပ်တာလဲ၊ (စိတ်ကပါဘုရား) မြင်တဲ့ ကိစ္စ ဘယ်သူ့ကိစ္စလဲ၊ (စိတ်ကိစ္စပါဘုရား) စိတ်ကိစ္စကို စိတ်ဘဲလို့သိရင် အမှန်သိတာလား၊ အမှားသိတာလား၊ (အမှန်သိတာပါဘုရား)။

အမှန်သိရင် ဘုရား ပွင့်ပြီလား၊ မပွင့်သေး ဘူး လား၊ (ပွင့်ပါပြီ ဘုရား) ဘုရားနဲ့တွေ့ပြီလား - မတွေ့သေးဘူးလား၊

(တွေ့ပါပြီဘုရား) တရားနဲ့တွေ့ပြီလား- မတွေ့သေးဘူးလား၊ (တွေ့ပါပြီဘုရား) သံဃာအစစ်နဲ့ တွေ့ပြီလား - မတွေ့သေး ဘူးလား၊ (တွေ့ပါပြီ ဘုရား) အဲဒီ ဘုရား တရား သံဃာ ရတနာသုံးပါး အစစ်အမှန်သိတဲ့ ဉာဏ်ကမှ ယောဂီတို့ကို ကယ်မယ်လို့ မှတ်လား၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် မြင်စိတ်က မြင်မယ်၊ ကြားစိတ်က၊ (ကြားပါ မယ်ဘုရား) နံစိတ်က၊ (နံပါမယ် ဘုရား) ဒါဖြင့် မြင်တာက ဘယ်သူ၊ (စိတ်ပါ ဘုရား) ကြားတာကဘယ်သူ၊ (စိတ်ပါ ဘုရား) နံတာ ဘယ်သူ၊ (စိတ်ပါ ဘုရား) ချိုချဉ်သိတာ ဘယ်သူ၊ (စိတ်ပါဘုရား) ပူမှန်း အေးမှန်းသိတာ ဘယ်သူ၊ (စိတ်ပါ ဘုရား) တွေးကြံ စဉ်းစားသိတာ ဘယ်သူ၊ (စိတ် ပါဘုရား) ဒါဖြင့် စိတ်ကို စိတ်ဘဲလို့ သိရင် အမှန်သိတာ လား-အမှား သိတာလား၊ (အမှန် သိတာပါ ဘုရား) ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နာမ်ခေတ်က ၆-ပါး၊ ခုနက ရုပ်ခေတ်က ၄၈-ပါးနဲ့ နာမ်ခေတ် ၆-ပါးနဲ့ပေါင်းရင်၊ (၅၄-ပါးပါ ဘုရား) ၅၄-ပါးသော ဓမ္မသဘောတရားတွေ စုပေါင်း တွဲခဲနေလို့ ဒီအတွဲ ဒီအခဲကြီးကို ယောကျ်ား၊ ဒီအတွဲ ဒီအခဲကို မိန်းမ၊ ဒီပုံစံရှိရင် မိန်းမ၊ ဒီပုံစံရှိရင် ယောကျ်ား၊ ဒီပုံစံရှိရင် လူ-နတ်- ဗြဟ္မာ-ခွေး-ဝက်-ဆင်-မြင်း-ကျွဲ-နွား ခေါ်ရမယ်လို့ အစဉ် အလာ ပညတ်တင် သမုတ်၍ နာမည်တပ် ဆိုင်းဘုတ်တပ် ထားတဲ့အတိုင်း ခေါ်ဝေါ် သမုတ် ပြောကြ မှတ်ကြပါတယ်၊

အမှန်ကတော့ ၅၄-ပါးသော ဓာတ်အစု အခဲကြီးပါ ယောဂီတို့၊ (မှန်ပါ့ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

၅၄-ပါး ထဲမှာ တပါးစီ တပါးစီ ကြည့်ကြစမ်း၊ ယောကျ်ား မိန်းမရှိကြရဲ့လား၊ (မရှိပါဘုရား) ပုဂ္ဂိုလ် သတ္တဝါ၊ (မရှိပါဘုရား)ကဲ-ဒါဖြင့် ၅၄-ပါးကို အကျဉ်းချုံးတော့ ဓာတ် ခြောက်ပါးပါဘဲ၊ ဓာတ် ၆-ပါး အကျဉ်း ချုံးတော့၊ (ရုပ်နာမ်ပါဘုရား)။

ရုပ်နာမ် နှစ်ပါးဟာ ၃၁-ဘုံဘဲ၊ ဒီ ၃၁-ဘုံလို့ခေါ်တဲ့ ရုပ်နာမ်၂-ပါးဟာ အကျိုးတရားတဲ့၊ (မှန်ပါ့ဘုရား)ဘာဝဋ်တဲ့တုံး၊(ဝိပါက ဝဋ်ပါဘုရား)။

ဝဋ်ခံနေရတာတဲ့ဗျ၊ (မှန်လှပါဘုရား) ဘာခံနေရတာ၊ (ဝဋ်ခံနေရတာပါဘုရား) အမယ်လေး ဝဋ်ကောင် တွေ့ပြီ ယောဂီတို့၊ (မှန်လှပါဘုရား) ဒါကြောင့် ဒုက္ခံ တေဘူမကံ ဝဋ္ဋံ-လို့ သင်္ဂဟ အဋ္ဌကထာက ဆိုဒါပေါ့။

သံသာရဝဋ္ဋ ဒုက္ခတော-သံသရာ, ဝဋ်, ဆင်းရဲမှ၊ သံသရာတဲ့ ဝဋ်တဲ့ ဆင်းရဲတဲ့ သုံးမျိုးနော်၊(မှန်ပါ့ဘုရား) ဝဋ်ကိုတွေ့ပြီလား၊ (တွေ့ပါပြီ ဘုရား) ဘယ်မှာလဲ၊(ရုပ်နာမ် ၂-ပါးပါဘုရား) ၃၁-ဘုံ အမှန်ရှိတဲ့ ရုပ်နာမ်တရား၊ ထို ဝိပါကဝဋ်ဆိုတဲ့ ဤရုပ်နာမ် ၂-ပါးကိုပင်လျှင် ဒုက္ခဆင်းရဲလို့ ဘုရားဟောလိုက်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆင်းရဲ ဆင်းရဲဆိုတာ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ဘယ်သူပါလိမ့်၊ (ရုပ်နာမ်ပါ ဘုရား) ဝဋ်တရား ဝဋ်တရား ဆိုတာကကော၊ (ဒီရုပ်နဲ့ ဒီနာမ်ပါဘဲ ဘုရား)

သံသရာ သံသရာ ဆိုတာလဲ၊ (ဒီရုပ်နဲ့ ဒီနာမ် ပါဘဲဘုရား) အခေါ်လေးသာ လွဲနေတယ်၊ ဒီရုပ် ဒီနာမ်ပါဘဲ၊ (မှန်ပါ့ဘုရား) ဒီရုပ်နဲ့ဒီနာမ်ကို ဘာကြောင့် သံသရာ ခေါ်သလဲ၊ ဖြစ်မဆုံးနိုင်လို့ သံသရာ ခေါ်တယ်၊ (မှန်ပါ)။

ဖြင်တာ ဆုံးလား မဆုံးလား သိရအောင် အကဲခပ်ကြစို့ ယောဂီတို့၊ ကြည့်လို့ဆုံးပြီလား၊ (မဆုံးပါဘုရား) ကြည့်ပြီးရင်း ကြည့်ရင်း ပြီးကိုမပြီးဘူး၊ အဲဒါကြောင့် မျက်စိက ရုပ်မဟုတ်လား၊ မြင်တဲ့ စိတ်ကလေးက နာမ်မဟုတ်လား၊ (မှန်လှပါဘုရား) ဒါဖြင့် မျက်စိနှင့် မြင်မှုစိတ်ဟာ မဆုံးနိုင်ဘူး၊ ကြည့်လို့ကို မပြီးတော့ဘူး၊ အဲဒါကြောင့် သံသရာ ခေါ်တာ၊ (မှန်လှပါဘုရား)။

ဖြစ်မဆုံးနိုင်တာ အဖြစ်မဆုံးတာမြင်လို့မပြီးကြားလို့မပြီး နံလို့မပြီး စားလို့မပြီး သွားလို့မပြီး လုပ်လို့မပြီး ဘာမှမပြီး၊ ဖြစ်ပြီးပျက် ပျက်ပြီးဖြစ် ဖြစ်ပြီးပျက်၊ ဒါကြောင့် ဒီရုပ်နဲ့ ဒီနာမ် သံသရာ ခေါ်တာ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် ဒီရုပ်နဲ့ ဒီနာမ် ဘယ်လိုနေတယ် ဖြစ်ပြီးရင်၊ (ပျက်ပါတယ် ဘုရား) ပျက်ပြီးရင်၊ (ဖြစ်ပါတယ် ဘုရား) ဖြစ်တာက နံပါတ် (၁) ထားလိုက်ပါတော့၊ ပျက်တာက နံပါတ်(၂)ထား၊ ဖြစ်ပြီး၊ (ပျက်ပါတယ်ဘုရား)ပျက်ပြီးရင်၊ (ဖြစ်ပါတယ်ဘုရား) ဟော နံပါတ်(၁)ကို ပြန်လည်တယ်၊ ဒါဖြင့် ဖြစ်ပြန်ပြီ၊ ဖြစ်ပြီးရင်၊ (ပျက်ပါတယ်ဘုရား) ပျက်ပြီးရင်၊ (ဖြစ်ပါတယ်ဘုရား)တပတ်လည်လာပြန်ပြီနော်၊(မှန်ပါဘုရား) တပတ်လည်လာပြန်ပြီ။

ဒါကြောင့် ဝဋ္ဋဆိုတာ လည်နေတယ်တဲ့၊ ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား) ဒီရုပ်နဲ့ဒီနာမ်ကို ဝဋ္ဋလို့ ဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူပြန်တယ်၊ (မှန်ပါ့ဘုရား) ဒီလိုဖြစ်လိုက် ပျက်လိုက် နေရတာ ဆင်းရဲလား-ချမ်းသာလား၊ (ဆင်းရဲပါဘုရား)။ ဒါကြောင့် ဒီရုပ်နဲ့ ဒီနာမ်ကို ဆင်းရဲပါဘဲလို့ ဘုရားရှင် ကိုယ်တော်မြတ် ဟောတော် မူပြန်တယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် သံသရာဆိုတာလဲ ဒီရုပ်နဲ့ ဒီနာမ်၊ ဝဋ္ဋဆိုတာလဲ ဒီရုပ်နဲ့ ဒီနာမ်၊ ဆင်းရဲဆိုတာကကော၊ (ဒီရုပ်နဲ့ ဒီနာမ်ပါဘုရား) ဒါဖြင့် ဒီရုပ်နဲ့ ဒီနာမ် ဇာတ်သိမ်း ချင်ပါတယ် ဒါကြောင့် လူပါတယ်၊ (မှန်လှပါ)။

ကိုယ့်ခန္ဓာမှာလဲ ဒီရုပ်နဲ့ ဒီနာမ်၊ တလောကလုံးကကော၊ (ဒီရုပ်နဲ့ ဒီ နာမ်ပါဘုရား) ဒါဖြင့် သံသရာ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ဝဋ္ဋတရားတွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ဆင်းရဲတွေ့ပြီလား၊ (တွေ့ပါပြီဘုရား)။

ယောဂီတို့အိမ်နဲ့ ဘယ်နှစ်အိမ်ခြားပါလိမ့်၊ (မခြားပါဘူးဘုရား) ကိုယ့်ခန္ဓာနှင့်တကွ တလောကလုံး ရုပ်အစု နာမ်အစု ခတ်အစု ဆင်းရဲတရား ဝဋ္ဋတရား သံသရာကြီးဆိုတာ ဒါပါဘဲလို့ သေသေချာချာ ဆုပ်ကိုင်ပြီး ပြလိုက်ပါပြီ ယောဂီတို့၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒီသံသရာဝဋ္ဋဆင်းရဲကြီးသည် အကျိုးတရားဗျ၊ (မှန်ပါ့ဘုရား) ဘာကြောင့် ဒီရုပ်နာမ် ၂-ပါး သံသရာ

ဝဋ်ကြီး လည်နေရပါသလဲ ဖြစ်ပျက်နေရပါသလဲ ဆိုတော့ ကံကြောင့်တဲ့၊ (မှန်လှပါဘုရား)။

နံပါတ် (၂)က ကမ္မဝဋ်တဲ့ ကမ္မဝဋ်ဆိုတာ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ဒီကံ ၂-ပါးကြောင့် ဒီရုပ်နာမ် ၂-ပါး အကျိုး တရား ဝိပါကဝဋ်ကြီး ဖြစ်ပေါ် လာရပါတယ်၊ (မှန်ပါ ဘုရား)။

ဒီကမ္မဝဋ်ဆိုတဲ့ ကုသိုလ် အကုသိုလ်တရားသည် နတ်မင်း ပြဟ္မာမင်းတွေ ဖန်ဆင်းလို့ ဖြစ်တာလား၊ (မဟုတ်ပါဘုရား) သို့မဟုတ် အလိုလို ဖြစ်တာလား၊ (မဟုတ်ပါဘုရား) ဒီကုသိုလ် အကုသိုလ် ကံတွေဟာ ဘာကြောင့် ဖြစ်ပေါ် လာရပါလိမ့် မလဲလို့၊ သူ့ကို အကြောင်း ရှာလိုက်ပြန်တော့ နံပါတ် ၁- ကိလေသာ ဝဋ်ကြောင့်ဖြစ်တာ၊ (မှန်ပါဘုရား)။

နံပါတ် (၁) က ဘာလဲ၊ (ကိလေသာပါဘုရား) ကိလေ သာဆိုတာ တိုတိုမှတ်ကြပါတော့....

> အဝိဇ္ဇာနဲ့ တဏှာပါကွယ်၊
> ဥပါဒါန်နဲ့ ကံလဲပါတယ်၊
> ရုပ်နာမ် ၂-မျိုး အကျိုးကိုကွယ်၊
> သူတို့ဘဲ အမြဲ ဖြစ်စေတယ်။

နံပါတ်(၁)က အဝိဇ္ဇာ၊ဘာတဲ့လဲ ယောဂီတို့၊ (အဝိဇ္ဇာပါ ဘုရား) ဒီတလုံး မြဲမြဲမှတ်ထားနော်၊ (မှန်ပါဘုရား) နံပါတ် (၂) က တဏှာ၊ နံပါတ်(၃)က ဥပါဒါန်၊ ဘယ်နှစ်မျိုး၊

(၃-မျိုးပါ ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား) အဲဒီ ၃-မျိုး၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကို ကိလေသာလို့ ခေါ်တယ်၊ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာက မြန်မာလိုပြောရင် မသိတာ၊ တဏှာက ဖြစ်ချင်တာ လိုချင်တာ၊ ဥပါဒါန်က မရမနေ စွဲလမ်းတာ၊ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါဖြင့် ယောဂီတို့ စွဲလမ်းတယ်ဆိုတာ လိုချင်လို့ပေါ့၊ လိုချင်တာ မသိလို့ပေါ့၊ (မှန်ပါ့ဘုရား)။

အဲဒီ ကိလေသာ တရား ၃-ပါး တို့ကြောင့် ကံဆိုတဲ့ ကောင်းမှု မကောင်းမှုတွေ လုပ်ကြတတ်။ ကောင်းမှု၊ မကောင်းမှုတွေ လုပ်ကြတော့ ကုသိုလ်- အကုသိုလ်တွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား) အဲဒီ ကုသိုလ် အကုသိုလ် ကံတွေကြောင့် သံသရာ ဝဋ်ဆင်းရဲဆိုတဲ့ ရုပ်နာမ် ၂-ပါး အကျိုးတရားကြီး ဖြစ်ပေါ်လာရပါတယ်တဲ့၊(မှန်ပါ့ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် နံပါတ်(၁)က ဘာဝဋ်ပါလိမ့်၊ (ကိလေသာ ဝဋ်ပါ ဘုရား) နံပါတ် (၂)က၊ (ကမ္မဝဋ်ပါဘုရား) နံပါတ် (၃)က (ဝိပါက ပဋ်ပါဘုရား) ဝိပါက ဝဋ်ခေါ်တဲ့ ရုပ်နာမ် ၂-ပါး သံသရာ ဝဋ်ဆင်းရဲကြီးသည် ဘာကြောင့်ဖြစ်ပါလိမ့်၊ (ကမ္မဝဋ်ကြောင့်ပါ ဘုရား) ထိုကမ္မဝဋ်သည် ဘာကြောင့်ဖြစ်ပါလိမ့်၊ (ကိလေသာ ဝဋ်ကြောင့် ပါ ဘုရား)။

ကိလေသာ ဝဋ်မှာ ကြည့်စမ်း နံပါတ် (၁)က အဝိဇ္ဇာ၊ နံပါတ် (၂)က တဏှာ ၊နံပါတ်(၃)က ဥပါဒါန်၊ အဝိဇ္ဇာ

တဏှာ ဥပါဒါန်ကြောင့် ကံဖြစ်ပြီးတော့ ဒီကံက စီမံလိုက်တယ်၊ ရုပ်နာမ်တွေ ဖြစ်ကြပေတော့၊ ဆင်းရဲတွေ ဖြစ်ကြပေတော့၊ မွေးသေ မွေးသေ နေကြပေတော့လို့ ကံက စီမံလိုက်တယ် ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ကံကို အဝိဇ္ဇာနဲ့ တဏှာ ဥပါဒါန်က စီမံတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် နံပါတ်(၁)က ကိလေသာ ဝဋ်၊ ကိလေသာဝဋ်ကြောင့် ဘာဖြစ်တယ်၊ (ကမ္မဝဋ်ပါဘုရား) ကမ္မဝဋ်ကြောင့်၊ (ဝိပါက ဝဋ်ပါဘုရား) ဝိပါကဝဋ် ဆိုတဲ့ ရုပ်နာမ် ၂-ပါး ပေါ်လာပြန်တော့ စားရေး ဝတ်ရေး သွားရေး သမီးရေးတွေ ရှုပ်ပြီးတော့ ကိလေသာတွေ ဖြစ်ပြန်ရော၊ (မှန်ပါဘုရား)။

ယောဂီတို့မှာ ဒါတွေ အခုရှုပ်နေတာဘဲ၊ အဲဒီ ကိလေသာတွေဖြစ်တော့ ရှာဟဲ့ ဖွေဟဲ့ လုပ်ဟဲ့ ကိုင်ဟဲ့ တရားတယ် မတရားတယ် မဟုတ်ဘူး၊ စားရေး ဝတ်ရေး နေရေးအတွက် ကောင်းတာ မကောင်းတာတွေ ဆိုတဲ့ ကုသိုလ်အကုသိုလ် မလုပ်ရ ဘူးလား၊ (လုပ်ရပါတယ် ဘုရား) ဒါကြောင့် ကံတွေ ဖြစ်ပြန်ရော၊ (မှန်ပါဘုရား) ဒီကိလေသာနဲ့ ကံတွေကြောင့် အနာဂတ် ဘဝ မှာ ရုပ်နာမ် ဆိုတဲ့ အကျိုးတရားတွေ ရလာပါလိမ့်အုံးမယ်၊ (မှန် ပါ ဘု ရား) ဒီ သံသရာဝဋ်ကြီး ဆင်းရဲကြီး ရလာပါလိမ့်အုံးမယ်၊ (မှန်ပါဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နံပါတ် ၁-ကိလေသာကြောင့် ဘာဖြစ်တယ်၊ (ကံ-ဖြစ် ပါ တယ် ဘု ရား) ကံကြောင့် ဘာ ဖြစ် တယ်၊

(ဝိပါကဝဋ် ဖြစ်ပါတယ် ဘုရား) အဲဒီ ဝိပါကဝဋ်ဆိုတာ ဘယ်သူခေါ်တာတုံး၊ ရုပ်နာမ် ၂-ပါးကို ခေါ်တာပါ ဘုရား)။

အဲဒီ ရုပ်နာမ် ၂-ပါးကြောင့် ဘာပြန်ဖြစ်အုံးမလဲ၊ (ကိလေသာ ပြန်ဖြစ်ပါမယ် ဘုရား) ကဲ-ကိလေသာကြောင့် ဘာဖြစ်မယ်၊ (ကံဖြစ်ပါမယ် ဘုရား) ကံကြောင့် ဘာဖြစ်မယ်၊ (ဝိပါကဝဋ်ပါ ဘုရား) ဝိပါကကြောင့် ဘာပြန်ဖြစ်မယ်၊ (ကိလေသာပြန်ဖြစ်ပါမယ်ဘုရား)။

နံပါတ် ၁-ပြီးရင် နံပါတ် ၂-လာတယ်၊ နံပါတ် ၂-ပြီးရင် နံပါတ် ၃၊ နံပါတ် ၃-ပြီးရင် နံပါတ် ၁-ပြန်လာတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါကြောင့် ဝဋ် ၃-ပါးလည်ပြီး ဘဲဥ အစ ရှာမရသလို သံသရာလောကကြီး ဒီလို လည်နေပါတယ်လို့ မြတ်စွာ ဘုရားက ဟောပြလိုက်တာ၊ (မှန်ပါ့ ဘုရား) ဘုရားဟောလို့ သိရတာ၊ ဘုရားဟောလို့ ကျုပ်တို့ပြန်ဟောနိုင်တယ်၊ ကိုယ့်အစွမ်းနဲ့ကိုယ် သိတာ မဟုတ်ဘူး၊ (မှန်ပါ့ ဘုရား)။

ဝဋ် - ဆိုတာ ချာလည် လည်နေတဲ့ အဓိပ္ပါယ်ဘဲ၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကိလေသာဖြစ်၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ ဝဋ် ၃-ပါးလည်နေတာ မဆုံးတော့ဘူး ယောဂီတို့၊ (မှန်ပါ့ဘုရား)။

မျိုးစေ့ကြောင့် အပင်ဖြစ်၊ အပင်ကနေ အသီး သီးပြန်တော့ မျိုးစေ့ဖြစ်ပြန်ရော၊ မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ဖြစ်၊ မျိုးစေ့ကြောင့် အပင်ဖြစ်၊ အဲဒါ အစမထင် အဆုံးမမြင် ဘဲ ချာလည် လည်နေ သလို ဘဲ တဲ့၊ (မှန်လှပါ)။

သတ္တလောကကြီးကို ဘုရားရှင် ကိုယ်တော်မြတ် ဉာဏ်ကြီးနဲ့ ကြည့်လိုက်တာ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကိလေသာ၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ ဆုံးစ မြင်သေးရဲ့လား၊ (မမြင်ပါဘုရား) အစမထင် အဆုံးမမြင် လည်မနေဘူးလား၊ (လည်နေပါတယ်ဘုရား) ဒါကြောင့် ဝဋ်သုံးပါး လည်နေပါတယ်လို့ ဘုရားက ဟောတော်မူတယ်၊ (မှန်ပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ခန္ဓာမှာ ရှိကြတဲ့ ရုပ်နာမ် ၂-ပါး၊ တလောကလုံးမှာရှိကြတဲ့ ရုပ်နာမ် ၂-ပါးဟာ ဝိပါကဝဋ် အကျိုး တရား ဘဲ၊ ဤ အကျိုး တရား သည် ဘာ့ကြောင့် ဖြစ်သလဲ၊ နံပါတ် ၂-ကမ္မဝဋ်ကြောင့် ဖြစ်တယ်၊ နံပါတ် ၂-ကမ္မဝဋ် ဘာ့ကြောင့် ဖြစ်သလဲ၊ နံပါတ် ၁-ကိလေသာဝဋ်ကြောင့် ဖြစ်၏။

နံပါတ် ၁-ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကိလေသာ၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် နံပါတ် ၁-ကိလေသာသို့ ပြန်ခဲ့အုံး၊ ကဲ-အဆုံး မြင်သေးရဲ့လား၊ (မမြင်ပါ ဘုရား)

အစကော မြင်သေးရဲ့လား၊ (မမြင်ပါ ဘုရား) ချာလည်လည် နေပါပေါ့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ချာလည်လည်နေတာ ဘာတုံး ဝဋ္ဋ - ဝဋ် တဲ့၊ ဒီအထဲမှာ ဝဋ်ကင်းတဲ့သူ ပါသေးသလား၊ (မပါ-ပါ ဘုရား) ရန်ကုန်မြို့ကြီးထဲ ဝဋ်ကင်းတာ ပါသေးသလား၊ (မပါ-ပါ ဘုရား) ၃၁-ဘုံ ဝဋ်ကင်းတာ ပါ သေး သလား၊ (မပါ-ပါ ဘုရား)။

၃၁-ဘုံမှာ ဝဋ်လည်နေတာ ဝဋ်ကောင်ကြီးဘဲ၊ ဆင်းရဲနေတာကြီးဘဲ၊ သံသရာကြီးဘဲ၊ ရုပ်နာမ် ၂-ပါးဘဲ၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) သဘောပါပြီလား၊ (ပါပါပြီ ဘုရား)။

ဒီဝဋ်က ကျွတ်လွတ်အောင်လို့ ဒါန - သီလ - ဘာဝနာ အလုပ်ကို လုပ်ကြတာနော်၊ (မှန်ပါ့ဘုရား)။

နောက်တရားပွဲကျတော့မှ ဒီဝဋ်ကြီးကို ရပ်သွားအောင် ဒီစက်ကြီးကို ရပ်သွားအောင် ဘယ်လိုလုပ်ပြီး ဖြတ်ရတယ်၊ ဘယ်ကနေ ရပ် ရ တယ် ဆို တာ ဆက် ပြီး ရှင်း ကြ စို့ နော်၊ (မှန်ပါ့ဘုရား)။

အချိန် များသွားပြီ လက်အုပ်ချီကြ အား လုံး သော သင်ယောဂီ သူတော်စင် အ ပေါင်း တို့ အား ကိ လေ သာ ကြောင့် ကံ၊ ကံ ကြောင့် နာမ် ရုပ်၊ နာမ် ရုပ် ကြောင့် ကိလေသာ၊ ကိလေသာကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးသည် ဤရုပ်နာမ် ၂-ပါးပင်ဖြစ်၍ သံသရာ,ဝဋ်,ဒုက္ခဆင်းရဲစက်ကြီး

လည္ေနပုံကို ကရုဏာတရား ေမတၱာထား၍ ဆုံးမသြန္သင္ ေဟာျပလိုက္ပါသည္။

ဤကဲ့သို႔ ဆုံးမသြန္သင္ ေဟာျပလိုက္ေသာ အရင္းက်က် အတြင္းက်က် တရားမွန္ တရားစစ္ေတြကို ၾကားနာလိုက္ရ ကုန္ေသာ အားလုံးေသာ သင္-ရဟန္း ရွင္လူ ေယာဂီသူေတာ္ စင္အေပါင္းတို႔မွာ ဝဋ္လည္ေနတာ ေယာဂီတို႔ ရွင္းသြား ၿပီလား၊ (ရွင္းပါၿပီ ဘုရား) ကိုယ့္ကိုယ္ကို ဝဋ္ေကာင္မွန္း သိၿပီလား၊ (သိပါၿပီဘုရား) သံသရာဆိုတာ ရွင္းသြားၿပီလား၊ (ရွင္းပါၿပီဘုရား) ဒုကၡဆိုတာ တျခားမွတ္တယ္ ဒီရုပ္နဲ႔ဒီနာမ္ ဆိုတာ ေပၚသြားၾကၿပီလား၊ (ေပၚပါၿပီဘုရား)။

ဒါျဖင့္ တရားနာရတာ အသိ အလိမၼာတိုး႐ဲ႕လား၊ (တိုး ပါတယ္ ဘုရား) အက်ိဳးမ်ား႐ဲ႕လား၊ (မ်ားပါတယ္ ဘုရား) အသိ အလိမၼာေတြတိုး၍ တရားနာရတာ အက်ိဳးမ်ား မ်ားခဲ့ပါလွ်င္ တရားေတာ္ကို ခ်ီးက်ဴးေသာအလား ဝမ္း ေျမာက္ေသာအေနအားျဖင့္ သုံးႀကိမ္ သာဓု-သာဓု-သာဓုလို႔ ေခၚနိုင္ၾကပါေစကုန္သတည္း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# ဝဋ် ၃-ပါး လည်ခြင်းမှ ရပ်စေရန် တရားတော်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၇၀-ခု၊ နိုဝင်ဘာလ (၁၅) ရက်နေ့၌ ရန်ကုန်မြို့ သမိုင်းရပ်၊ မရမ်းခြံ 'အောင်'ဓမ္မရိပ်သာ၌ အောင်မင်္ဂလာ ဆရာတော်ဘုရားသည် ဝဋ် ၃-ပါးလည်ခြင်းမှ ရပ်စေရန် တရားတော်ကို ဟောကြားတော်မူသည်။

ကဲ-အားလုံးဘဲ မျက်လုံးကလေးတွေမှိတ်ထားပြီး နားမှာ ကြားသော တရားတော်သံတို့ကို ရင်က ခွဲခြမ်းစိတ်ဖြာ မှတ်သားပြီး နာယူကြ။

ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

ဘိက္ခဝေ - သံသရာဘေး လာမည့် အရေးတွေကို ဖြင့် မျှော်တွေး ကြောက်ငြား အို-ချစ်သား ချစ်သမီးများတို့၊ ဒဿနဿ ဝိသုဒ္ဓိယာ - မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင်သန့်လျက် အမှန်တိတိ နိဗ္ဗာန်တိုင်အောင် ထိုးထွင်း၍ သိမြင်ခြင်းငှာ၊ ဧသေဝမဂ္ဂေါ-ဤမဂ္ဂင်ရှစ်ရပ် အကျင့်မြတ် သည် သာလျှင်၊ အတ္ထိ - အမှန်တိတိ တကယ်ပင် ရှိပါပေ၏၊ အညော - မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်မှ တပါး သော၊ မဂ္ဂေါ-နိဗ္ဗာန်ရောက်

ကြောင်း အကျင့်ကောင်းသည်၊ နတ္ထိ-ကေန်တိတိ မရှိရိုး အမှန်ပင် ဖြစ်ပါပေ၏။

တော်-ဤမဂ္ဂင်ရှစ်တန် အကျင့်မှန်ကို (ဝါ) အတ္တအယူ မှားရှုပြောက်' အနတ္တအယူမှန် ရောက်အောင် အားထုတ်မှုကို၊ တုမ္ဟေ-နိဗ္ဗာန်လိုလား သင်ချစ်သား ချစ်သမီးများ တို့သည်၊ ပဋိပတ္တိ-မနေမနား အစွမ်းကုန်ကြိုးစားအားထုတ် လိုက်ကြပါကုန်လော့။

တော်၊ ဤမဂ္ဂင်ရှစ်တန် အကျင့်မှန်သည်၊ မာရဿ- ကိလေသာမာရ်စစ်သည် ဆယ်ပါး၏၊ ပမောဟနံ - မိန်းမော တွေဝေ မျက်ခြေကင်းပြတ် မချဉ်းကပ်နိုင်ဘဲ နိဗ္ဗာန်ရောက် ကြောင်း အစစ်အမှန် ဖြစ်ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

အားလုံး တကာ-တကာမတွေဟာ လူရယ်လို့ ဖြစ်လာ ကြတော့ ဖြစ်တာနဲ့တပြိုင်နက်ထဲ သေပွဲဝင်ဘို့က တကာ- တကာမတွေ ပါကြရဲ့လား၊ (ပါပါတယ် ဘုရား) အော် ဒါဖြင့် ယောဂီတို့ ဒီသေပွဲက ရှောင်လွဲလို့ ရသေးရဲ့လား၊ (မရပါ ဘုရား) သေချာနေပြီပေါ့နော်၊ (မှန်ပါ့ ဘုရား) ကိုင်း-ဒါကြောင့် ဆိုကြပါအုံး။

"ခန္ဓာပြိုကွဲ သေမှာဘဲ၊ သေရဲအောင်သာ ကြိုးစားပါ" ခန္ဓာကြီးက သေမှာဘဲတဲ့၊ ယောဂီတို့ကတော့ မသေချင်ဘူး ပေါ့နော်၊ (မှန်ပါ့ ဘုရား) ခန္ဓာကတော့ သေရမှာက မလွဲ တော့ဘူးပေါ့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုပင် ကြောက်ပါတယ်၊ ဘယ်လိုပင် ထိတ်ပါတယ် ဆိုပင်ဆိုသော်လဲ သေမဲ့ခန္ဓာကြီးရနေတဲ့အတွက် ရှောင်လွဲလို့ ရသေးရဲ့လား၊ (မရပါ ဘုရား) အားလုံး သေမှာကော မကြောက်ကြဘူးလား၊ (ကြောက်ပါတယ်ဘုရား)။

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊
သဗ္ဗေ ဘာယန္တိ မစ္စုနော-တဲ့။

သဗ္ဗေ - ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ မစ္စုနော- သေရခြင်းမှ၊ ဘာယန္တိ-ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။

တကာ-တကာမတို့ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါမှတပါး ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ သေဘေးကိုဖြင့် ပုထုဇဉ်ကို မဆို ထားနှင့်တော့ သောတာပန်ပုဂ္ဂိုလ်တွေလဲ ကြောက်တာဘဲ၊ သကဒါဂါမ်လဲ ကြောက်သေးတာဘဲ၊ ဘာကြောင့် ကြောက် သေးသလဲဆိုတော့ ရင်ထဲမှာ ဒေါသ ရှိသေး တာ ကိုး ဗျ၊ (မှန်ပါ့ဘုရား)။

ဒေါသဆိုတဲ့ တရား ရင်ထဲမှာ ရှိနေတော့ ကြောက် သေးတာဘဲ၊ (မှန်ပါ့ဘုရား) ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါကြီး တွေဖြစ်သွားတော့ ကြောက်တတ်တဲ့ ဒေါသ တရားဆိုးတွေ တရားမိုက်တွေကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မီးမြှိုက် သုတ် သင် ပြီးတဲ့အတွက် ရင်ထဲမှာ မ ရှိ တော့ ဘူး၊ (မှန်ပါ့ ဘုရား) သူတို့က မြန်မြန်သေလေ သ ဘော ကျ လေ ဘဲ၊ (မှန်ပါ့ ဘုရား)။

ဘာကြောင့်လဲဆိုတော့ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ ဆိုတာ ပညတ်တင်ပြီးတော့ သမ္မု တိ သစ္စာ အနေ ပြောရ

တယ် ယောဂီတို့၊ အမှန်စင်စစ်ကတော့ ဘုန်းကြီးတို့ ယောဂီတို့ခန္ဓာမှာလဲ ရုပ်နာမ် ၂-ပါးဘဲ၊ ခန္ဓာငါးပါးဘဲ၊ သဘောတရားအစုကြီး မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါတွေရဲ့ ကိုယ်မှာလဲ ခန္ဓာငါးပါး ရုပ်နာမ် သဘောတရားအစုကြီးဘဲ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီသဘောတရား အစုကြီးကလဲ ဖြစ်လိုက် ပျက်လိုက်နေတယ်၊ ရပ်ထားလို့ ရသေးရဲ့လား၊ (မရပါဘုရား)အဲဒီလိုဖြစ်ပျက်နေရတော့ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာကြီးတွေက ဒီခန္ဓာဒုက္ခကြီးတွေရှိနေသမျှ ဖြစ်လို့မဆုံး ပျက်လို့မဆုံးရှိနေတော့ ဒီခန္ဓာကြီးတွေကို မြန်မြန် ဇာတ်သိမ်း ချင်ကြတယ်၊ ဖြစ်ပျက်နေရတာ ဒုက္ခရောက်နေရတယ်၊ ဖြစ်ပျက်နေရတာ အနိစ္စဘေး၊ နှိပ်စက်ခံနေရတာ သက်သက်ဆင်းရဲနေရတာဘဲ၊ ငါလဲ မဟုတ် သူလဲ မဟုတ် ပုဂ္ဂိုလ် သတ္တဝါလဲ မဟုတ်၊ ခံစားနေတာလဲ ငါလဲ မဟုတ်ဘူးနော်၊ (မှန်ပါ့ ဘုရား) ပုဂ္ဂိုလ် သတ္တဝါလဲ မဟုတ် ခမ္မသဘောတွေဘဲဟု သေသေချာချာ သိတော်မူပြီးသကာလ အနိစ္စနဲ့-ဒုက္ခ-အနတ္တ-တွေဘဲဖြစ်နေတော့ မြန်မြန်ဇာတ်သိမ်းမှ ဒီ ဒုက္ခ အစုကြီးဟာဖြင့် မြန်မြန်ငြိမ်းမယ်လို့ ဒီလို မြင်တော်မူကြတယ်၊ ဒါကြောင့် မြန်မြန်သေလေ သဘောကျလေဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ယောဂီကိုမှာတော့ ရင်ထဲမှာ လောဘ - ဒေါသ - မောဟတွေ၊ တဏှာ မာန ဒိဋ္ဌိတွေ အပြည့် ရှိနေတယ်၊ လန့်

စရာရှိလဲ လန့်ပစ်လိုက်တာဘဲ၊ ထိတ်စရာရှိလဲ ထိတ်ပစ်လိုက်တာဘဲ၊ လိုချင်စရာတွေရှိရင်လဲ လိုချင်လိုက်တာ မပြောပါနဲ့၊ ဝမ်းသာစရာရှိရင်လဲ ဝမ်းသာလိုက်တာ၊ ဝမ်းနည်းစရာရှိရင်လဲ မျက်ရေက ဘယ်ကလာမှန်းမသိ၊ ရင်ထဲမှာ လောဘ-ဒေါသ-မောဟ-တဏှာ-မာန- ဒိဋ္ဌိ- တရားမိုက်တွေ အပြည့် ရှိနေတယ် နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် သေမှာကို ကြောက်ကြတယ်၊ သေဘေးကို ဘယ်လိုပင် ကြောက်သော်လဲ သေရမှာတော့ အမှန်ဖြစ်နေပါပြီ၊ ဒီပရိသတ်ထဲ အသေလွတ်တဲ့လူ ပါသေးရဲ့လား၊ (မပါ-ပါ ဘုရား)။

ရန်ကုန်မြို့ကြီး ဒီနေ့ အသက်ရှိတယ်ဆိုတာတွေ အနှစ်တရာအတွင်း ယနေ့ လှုပ်ရှားနေတာတွေ အကုန် ငြိမ်းသွားမှာချည်းဘဲ၊ နှစ်တရာအတွင်း သူရော၊ ကိုယ်ရော ငြိမ်းသွားမှာပါဘဲ၊ (မှန်ပါ့ ဘုရား) အကုန် သေရမှာဘဲ၊ (မှန်ပါ့ဘုရား)။

သေရမှာ သေချာနေတယ်၊ သေချာနေတော့ ဘာလိုနေသလဲ၊ သေရဲအောင် မကြောက်တဲ့တရားကလေး ရင်ထဲမှာ ရောက်အောင်လုပ်ဖို့ လိုနေတယ်၊ ဒါ အရေးကြီးဆုံးဘဲ၊ (မှန်လှပါ)။

သေရမှာက မလွဲတော့ဘူး၊ (မှန်ပါ့ဘုရား) အဲဒီတော့ သေတဲ့အခါမှာ သေတတ်ဘို့အရေး ရဲရဲတင်းတင်းသေတတ်အောင် ဒီနေ့ ယောဂီတို့ကို သေနည်း သင်ပေးရမယ်၊ (မှန်ပါ့ဘုရား)။

ကြောက်စရာကြီး-သော်နည်း သင်ပေးရမယ်-တဲ့၊ နိမိတ်မရှိတဲ့ စကားကြီး ကြားရတယ်လို့ မအောက်မေ့နဲ့၊ သေရမှာကလဲ မလွဲဘဲကိုး၊ (မှန်ပါ့ဘုရား) သေတာမှာလဲ ကောင်းသောသေခြင်း၊ မကောင်းသော သေခြင်း၊ ဒီလိုခွဲမယ်ဆိုရင် ရသေးတာကိုး၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဒို့တော့ သေခြင်းဆိုးနဲ့ မသေချင်ဘူးဆိုတော့ ဒါက ကြောက်တာ၊ (မှန်ပါ့ ဘုရား) သေခြင်းဆိုးနဲ့ သေရမှာ ကြောက်တယ်ဆိုတော့ အသေ ကောင်း နဲ့ သေချင်တာပေါ့၊ (မှန်ပါ့ဘုရား) အဲဒီတော့ အသေကောင်းအောင် ဒီနေ့ သေနည်း သင်ပေးရလိမ့်မယ်၊(မှန်ပါ့ဘုရား)။

မသေဘဲ အမြဲနေလို့က မဖြစ်ဘူး၊ သေခြင်းက ကပ်နေတာယောဂီတို့၊ သေဘို့ ရက်ပိုင်း လပိုင်း နှစ်ပိုင်း စာချုပ်ရှိသလား၊ (မရှိပါ ဘုရား) မိနစ်ပိုင်းအတွင်းမှာလဲ သေသွားနိုင်တာဘဲ၊ (မှန်ပါ့ ဘုရား) ရက်ပိုင်း အတွင်းမှာကော၊ (သေနိုင်ပါတယ် ဘုရား) နေကောင်းနေတယ်၊ စားကောင်းနေတယ်လို့ ယောဂီတို့ လက်မ,ထောင်မနေနဲ့၊ သေချင်ရင် ခဏကလေးရယ်၊ (မှန်ပါ့ဘုရား)။

သေတာနဲ့တပြိုင်နက် ရုပ်နဲ့နာမ်နဲ့ ကွဲတာနဲ့ တပြိုင်နက်ထဲ ဘယ်သူမှ အသိအမှတ် မပြုတော့ဘူး၊ ပြုပါအုံး မလား၊ (မပြုပါ ဘုရား) ယောဂီတို့ အိမ်ပေါ်မှာ ထားရင် ၃-ရက် သို့မဟုတ် ၅-ရက်ပေါ့၊ (မှန်ပါ)။

အဲဒါ ရုပ်နဲ့နာမ် ကွဲတာနဲ့ တပြိုင်နက် ချစ်လှစွာသော ဇနီး မယား သမီး သားတွေက အဖက်မလုပ်တော့ဘူး၊

ဟိုတုံးကတော့ ချစ်လှပါတယ် ဆိုတာတွေက မုန်းကုန်ပြီ၊ မကြည့်ရ မမြင်ရ မနေနိုင်ဘူး ဆိုတာတွေဟာ အခုမကြည့်ချင် တော့ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ ခန္ဓာကြီး ကောင်းသေးရဲ့လား၊ (မကောင်း ပါဘူးဘုရား) မကောင်းတော့ဘူး၊ မကြည့်ချင်တော့ဘူး၊ တချို့ အသက်ထွက်ခါနီး အသက်ကလေးငင်နေတာနဲ့ တပြိုင် နက်ထဲ အနားကို မကပ်တော့ဘူး၊ ·မကြည့်ချင်တော့ဘူးတဲ့။

အစ ပထမတုံး ကတော့ ချစ်လွန်းလို့ မြတ်နိုးလွန်းလို့ မမြင်ရလျှင် မနေနိုင်ဘူးလို့ ပြောခဲ့တဲ့ လူတွေဟာ မကပ်ချင် တော့ဘူး မကြည့်ချင်တော့ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ယောဂီတို့သေရင် ဘယ်နှစ်ရက်ထားမှာလဲ၊ (သုံးရက်ပါ ဘုရား)သုံးရက်ဘဲ တော်ပြီ ငါးရက်ဆို စရိတ်သိပ်ကုန်တယ်၊ မဖြစ်ဘူး သုံးရက်ဘဲ ထားမယ်နော်၊ (မှန်ပါဘုရား) ရှင်းကြ ရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

ဒါတောင် ကံကောင်း အခါကောင်းပါမှနော်၊ (မှန်လှ ပါ)ရုပ်နဲ့ နာမ်နဲ့ ကွဲတာနဲ့ တပြိုင်နက် သိတတ်တဲ့ စိတ်ကလေး ကင်းသွားတာနဲ့ တပြိုင်နက်ထဲ အိမ်ပေါ်မှာ ကြာကြာမထား ဘူးနော်၊ (မှန်ပါ့ဘုရား)ရုပ်ကွက်က အသုံးပြုကြအုံးမလား၊ (မပြုပါဘူးဘုရား)မိတ်ဆွေတွေကကော၊(မပြုပါဘူးဘုရား) ချစ်လှစွာသော ဇနီး သားသမီးတွေ လင်တွေကကော (မပြု တော့ပါဘူးဘုရား)။

သေပြီဆိုတာနဲ့ မြန်မြန်သုသာန်ပို့ဘို့ဘဲ စဉ်းစားကော့ တယ်၊ (မှန်ပါ့ဘုရား) ယောဂီတို့က သူတပါးကို အဲဒီလို

စဉ်းစားလာတော့ ယောဂီတို့လဲ စဉ်းစားခံရ အုံးမယ်၊ ဝဋ်လိုက်တာ၊ ဝဋ်ခံရအုံးမှာ သေချာပါတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့်မို့ သေရမှာအမှန်ဖြစ်နေပါပြီ၊ သေရဲအောင်ရင်ထဲမှာ အမှန်တရားရဖို့ အရေးကြီးနေပြီ ယောဂီတို့၊ (မှန်ပါ့ဘုရား) ဒါကြောင့် သေရဲတဲ့ တရား ယောဂီတို့ ဒီနေ့ရထားမှ မရရင် မဖြစ်တော့ဘူး၊ ကဲ-ဆိုကြပါအုံး။

"ခန္ဓာပြိုကွဲ၊ သေမှာဘဲ၊ သေရဲအောင်သာ ကြိုးစားပါ"

သေရဲအောင် ကြိုးစားဖို့လိုတယ်၊ အခုတော့ဖြင့် ရင်ထဲမှာ တရားမရောက်သေးတော့ ယောဂီတို့က သေမှာကြောက်သေးတယ်၊ (မှန်ပါ့ဘုရား) တရားတွေရင်ထဲမှာ ရောက်လာရင် အမှန်တရားတွေ မြင်လာရင် သေမှာ မကြောက်တော့ဘူး၊ (မှန်လှပါဘုရား)။

ဘာကြောင့်လဲဆိုရင် စက္ကန့်တိုင်း မိနစ်တိုင်း သေနေတဲ့ရုပ်နာမ်အလောင်းတွေ မြင်လာရင် သေမှာမကြောက်တော့ဘူး၊ စက္ကန့်တိုင်း မိနစ်တိုင်း ရက်တိုင်း လတိုင်း နှစ်တိုင်းနားနေတယ်လို့ မရှိဘူး၊ ဖြစ်လိုက် ပျက်လိုက် မွေးလိုက်သေလိုက် မွေးသေနေတာကိုး၊ (မှန်ပါ) ဤကဲ့သို့ အသေတွေအလောင်းတွေ အထပ်ထပ် မြင်နေတော့ သေမှာမကြောက်တော့ဘူးပေါ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် သေရဲတဲ့တရား ရင်ထဲရောက်ဖို့ အရေးမကြီးဘူးလား၊ (အရေးကြီးပါတယ် ဘုရား) သေခါနီးကျမှ

ယောဂီတို့ သေရဲတဲ့ တရားမရှိရင် ကြောက်လာလိမ့်မယ်၊ မကြောက်ပေဘူးလား၊ (ကြောက်မှာပါဘုရား)။

တချို့ကပြောသေးတယ်၊ စားရမဲ့ သောက်ရမဲ့ ဖြစ်နေလို့ ငါ သေသာ သေလိုက်ချင်တော့တယ်၊ သားရေး-သမီးရေး တွေ စီးပွားရေးတွေ အဆင်မပြေတော့ ငါသေတာကောင်း တယ်၊ နင်တို့နဲ့ နေရတာ မနေချင်ဘူး၊ ငါ သေတာ ကောင်း တယ်နဲ့နေ၁်၊ (မှန်ပါ့ဘုရား)။

သေချင်တယ် စိတ်ညစ်တယ်ဆိုတဲ့ အမိပ္ပါယ်ပေါ့၊ အဲဒီ သေချင်ပါတယ်လို့ ရွတ်နေတဲ့ သူတွေဟာ တကယ်သေရ တော့မယ် ဆိုတော့ ကြောက်တယ်ဗျ၊ (မှန်ပါ့ဘုရား) မယုံ လျှင် သေခါနီး မျက်နှာကိုကြည့်၊မျက်ရည်ကလေးတွေလည် လာတယ်- သူ့ဟာသူ သိပြီ၊ ဒီတောင်က မကျော်နိုင်တော့ ဘူး ကိုယ့်လက် ကိုယ့်ခြေမှ မသယ်နိုင်တော့ဘဲကိုး (မှန်ပါ့ ဘုရား)

ပါးစပ်က ပြောလို့မရဘူး၊ မေးစေ့နေပြီ၊ မျက်စေ့တွေ လဲ ကောင်းကောင်း မမြင်တော့ဘူး၊ အဲဒီတော့ မျက်ရည် ကျလာတယ်၊ ဒီတောင်က ငါမတက်နိုင်တော့ဘူးလို့ သိတော့ အဲဒီ အခါမှ မျက်ရည်တွေ လည်လာတယ်၊(မှန်ပါ့ ဘုရား) ယောဂီတို့လဲ မျက်ရည်လည်ရအုံးမယ်၊ သေရာ ညောင်စောင်း မှာ လျောင်းရအုံးမှာ အမှန်ဘဲ မဟုတ်လား၊(မှန်ပါ့ဘုရား)။

အဲဒီ အခါကျတော့မှ သားတွေ သမီးတွေ ဇနီး လင် ဆွေမျိုးတွေက အမေရယ် အဖေရယ် သားတွေ သမီးတွေ နဲ့ ဘယ်တုံးကဥပုသ်စောင့်သွားတယ်၊ဘယ်တုံးကကျောင်းတွေ

ဆောက် ဘုရားတွေ တည်တယ်၊ ဘုရားဖူးသွားတယ်၊ တရားကိုနာတယ် အဲဒီ အာရုံတွေကို အာရုံပြုပါတော့လို့ဗုဒ္ဓဘာသာတို့ ထုံးစံအတိုင်း သတိပေးကြတာပေါ့ဗျာ၊ (မှန်ပါဘုရား)။ တချို့ကတော့လဲ သံဃာတော်များ ပင့်ပြီး ပရိတ်တော်နာကြတာပေါ့ဗျာ၊တချို့ကျတော့လဲ တတ်နိုင်တဲ့ ထီးကလေးဘိနပ်ကလေး သင်္ကန်းတို့ ဝယ်ပြီး ကိုယ်ကိုးကွယ်တဲ့ ဆရာဘုန်းကြီးပင့်ပြီး အမေရေ အဖေရေ ဒါကလေးတွေ လှူလိုက်ပါလို့ အနားမှာ ကပ်ပြောကြတယ်၊ (မှန်ပါ)

အဲဒီလို လှူလိုက်ပါ ဆိုကထဲက လူမမာက ငါတော့မျှော်လင့်ချက်မရှိဘူး၊ ဒါ့ကြောင့် သူတို့ ခိုင်းတော့တာဘဲလို့ လူမမာ စိတ်ထဲမှာ ဒီလို ဖြစ်မှာဘဲ၊ ယောဂီတို့ ကိုယ်ချင်းစာကြည့်ပါအုံး၊ ဒါသေမယ်ထင်လို့လုပ်တာ မဟုတ်ဘူးလား၊ (မှန်ပါဘုရား)။

ယောဂီတို့လဲ လုပ်ဘူးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါလိမ့်မယ်၊ မျှော်လင့်ချက်မရှိဘူး သိတာနဲ့တပြိုင်နက်ထဲကောင်းရာသုဂတိလားပါစေတော့လို့ ပရိတ်တော်တွေ နာ တရားတွေနာတတ်နိုင်သလောက် လှူကြ ဒါန်းကြ ဟုတ်ကဲ့လား၊ (မှန်ပါဘုရား။

မိမိလှူခဲ့တာတွေ အာရုံပြုပါ၊ တခြား ဘာမှ မစဉ်းစားပါနဲ့၊ သားငယ် သမီးငယ်တွေကို စိတ်သာချပါ စသဖြင့် အနားက မပြောကြဘူးလား၊ (ပြောကြပါတယ် ဘုရား) ယောဂီတို့လဲ အပြော ခံရအုံးမှာဘဲ၊ အပြောခံရရင်

ယောဂီတို့ ကိုယ့်အဖြစ်ကို ကိုယ်တိုင် ကြုံကြည့်စမ်းပါအုံး၊ အဲဒီလို အနားက ပြောကြတော့ ဝမ်းသာမလား ဝမ်းနည်းမလား၊ (ဝမ်းနည်းပါမယ်ဘုရား)။

ငါတော့ ခွဲရတော့မယ်၊ ဒီသား ဒီမယား ဒီအိမ် ဒီစိန်ရွှေတွေနဲ့ ငါတော့ခွဲရတော့မှာဘဲ သေချာနေပြီနော်၊(မှန်ပါ့ဘုရား)အဲဒီလိုဖြစ်လာတော့ဝမ်းသာမလား၊ ဝမ်းနည်းမလား၊ (ဝမ်းနည်းပါမယ် ဘုရား) အဲ-ဝမ်းနည်းတော့ မျက်ရေလာတာဘဲ၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ကို ချောက်နေတာ မဟုတ်ဘူး၊ ယောဂီတို့ကိုယ်တိုင် မျက်ရေလည်ရအုံးမှာသေချာရဲ့လား၊ (သေချာပါတယ်ဘုရား) မျက်ရေလာတယ် ဆိုတော့ ရင်ထဲက ဒေါသကြောင့်မျက်ရေကျတာ၊ ရင်ထဲက စိတ်မကောင်းခြင်းတွေဖြစ်ကုန်ပြီ၊ဝမ်းနည်းကုန်ပြီ၊ အဲဒါ ဒေါသစိတ်လို့ ခေါ်ပါတယ်၊ (မှန်လှပါ)။

အဲဒီလို ဒေါသစိတ်ကလေးနဲ့ မျက်ရေတွေ ကျပြီးသေသွားခဲ့ပါလျှင် ဒေါသဇောနဲ့ သေသွားတယ်လို့ခေါ်ပါတယ်၊ ဒေါသဇောနဲ့ သေရင် ဘယ်ရောက်မှာလဲ ဆိုရင် ငရဲကျရုံမှတပါး တခြားကို သွားစရာ မရှိဘူးတဲ့ဗျ၊ (မှန်ပါ့ဘုရား။

ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ
နိရယံ ဥပပဇ္ဇန္တိ။

ဟိ-ဟုတ်ထာ မှန်တာတွေကို ပြောဆိုလိုက်ပါဦးအံ့။ ဒေါသေန-ဒေါသ ဆိုတဲ့ တရားသည်၊ စဏ္ဍဇာတိတာယ-

ကြမ်းထမ်းသော သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဒေါသ သဒိသံ-ဒေါသနှင့် တူသော၊နိရယံ-ငရဲကြီး ရှစ်ထပ်သို့၊ ဥပ ပဇ္ဇန္တိ-ကျရောက် ရလေကုန်တော့သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ဒေါသနဲ့ သေရင် ဘယ်သွားမယ်၊ (ငရဲ သွားပါမယ် ဘုရား)ငရဲကြီးရှစ်ထပ် တထပ်ထပ် သွားရတော့မှာဘဲ၊ရှင်းပြီ လား၊ (ရှင်းပါပြီဘုရား) ဒါဖြင့် ဒေါသနဲ့ မသေဘို့ အရေး ကြီးနေပြီ၊ (မှန်လှပါဘုရား)။

ဒီတော့ ဒေါသဖြစ်မဲ့ ဒေါသ စိတ်ကလေးနေရာမှာ ယောဂီတို့ သူတော်ကောင်း တရား ပညာကို အစား ထိုးဘို့ အရေး ကြီးတယ်၊ အရေး မကြီးဘူးလား၊ (ကြီးပါတယ် ဘုရား( အင်မတန် အရေး ကြီးတယ်လို့ မှတ်လိုက်ပါနော်၊ (မှန်ပါဘုရား) အစားထိုးရင်ထိုး၊ မထိုးရင် ဒေါသကလာမှာ သေချာတယ်၊ (မှန်ပါဘုရား)။

ဒေါသနဲ့ သေရင်တော့ ငရဲကြီးရှစ်ထပ် တထပ်ထပ် သွား ဘို့ သေ ချာ တယ်၊ ဒါကြောင့် အ စား ထိုး ဘို့ လိုပါတယ်၊ (မှန်ပါဘုရား) ဒီဒေါသနေရာမှာ မေတ္တာသော် ရင်း, ဒါန သီလ ဘာဝနာသော်ရင်း,ပညာသော်ရင်း, တခုခု အစားထိုးရင်ထိုး၊မထိုးရင် ကိုယ်ကျိုးနည်းပြီ၊(မှန်ပါဘုရား) ငရဲဘဲ သွားဘို့သေချာတယ်၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ချောက်နေတာ မဟုတ်ဘူး ယောဂီတို့၊ (မှန်လှပါ ဘုရား)။

အလုံးစုံသော တရားများကို မြင်တော်မူ သိတော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောထား ပါတယ်၊ ကောင်းပြီ ယောဂီတို့၊ အစားထိုးတယ် ဆိုတာလဲ လွယ်တာမဟုတ်ဘူး၊ (မလွယ်ပါဘုရား)၊ကြိုတင်ပြီး ပြင်ဆင် ထားမှ ဖြစ်မယ်၊ အနားကျမှ အမေရေ- တရားကိုအာရုံပြုပါ ဆိုလို့ စောစောကမှ တရားအားထုတ်တာမှမဟုတ်ဘဲ၊ ဘာကို သွားအာရုံပြုမှာလဲ၊ (မှန်ပါ့ဘုရား)။

အမေကလဲ အဖေကလဲ သားတွေ သမီးတွေကို စွဲမနေ ပါနဲ့၊ ကိုယ့်တရား ကိုယ့်နှလုံးသွင်းပေါ့လို့ ဆိုပေမဲ့ စောစော က တရားနဲ့ မတရား ၂-ပါးကို ကိုယ်က ကွဲကွဲပြားပြား သိအောင် အားထုတ်ပြီး ထားတာမှ မဟုတ်တော့ သေခါနီး မှ နှလုံးသွင်းပါဆိုလို့ ဘာကိုနှလုံးသွင်းမလဲ၊(မှန်ပါ့ဘုရား)။

ဒါဖြင့် ကြိုတင်ပြင်ဆင်မှု မလိုဘူးလား၊ (လိုပါတယ် ဘုရား) ဒါဖြင့် ကြိုတင်ပြင်ဆင်မှု ရှိရင်ရှိ မရှိရင် အစားထိုး ဖို့ မလွယ်ဘူး၊ (မှန်ပါ့ဘုရား)မလွယ်ရင် မျက်ရေကျ သေရ မယ်၊ မျက်ရေကျ သေရင် ဒေါသနဲ့ သေရတယ်၊ ဒေါသနဲ့ သေရင် ဘယ်သွားမယ်၊(ငရဲ သွားပါမယ်ဘုရား)ဒီတလမ်းဘဲ ရှိတယ်၊ (မှန်ပါ့ဘုရား)။

သားတွေ သမီးတွေ အိုးတွေ အိမ်တွေနဲ့ ခွဲပြီး သွားရ တော့မယ်၊ ငါမရှိရင်တော့ သူတို့တတွေ သောင်ပြင်လွှတ်တဲ့ ခွေးတွေလို နေရလိမ့်မယ်ဆိုတဲ့ ပူလိုးတွေ ရင်ထဲရောက်ပြီး၊ စွဲလမ်းပြီးသေရင် အဲဒါလောဘစိတ်၊ လောဘစိတ်နဲ့ သေရင် ပြိတ္တာဖြစ်မယ်တဲ့၊ (မှန်ပါ့ဘုရား)။

ပြိတ္တာကလဲ ဝေမာနိက ပြိတ္တာ၊ တဏှိက ပြိတ္တာလို့ ၂-မျိုး ရှိတယ်၊ ဝေမာနိက ပြိတ္တာဆိုတာက တောကြီး-တောင်ကြီး-မြစ်ထဲ-ချောင်းထဲမှာ သွားပြီးသကာလ ဖြစ်ရတယ်။

တဏှိက ပြိတ္တာ-ဆိုတာက ကိုယ့်အိမ်နားမှာ ဖြစ်တယ်၊ အဝတ်မဲ့ အစားမဲ့နဲ့ အိမ်ကိုစွဲတော့ အိမ်နားက မခွါနိုင်ဘူး၊ သားသမီးစွဲတော့ အိမ်နားမှာဘဲ အဝတ်မဲ့ အစားမဲ့နဲ့ သား-သမီး မျက်နှာမမြင်ရ မနေနိုင်တော့ ဟိုနားကချောင်းကြည့်၊ ဒီနားက ချောင်းကြည့်နဲ့ ဖြစ်နေသတဲ့၊ (မှန်ပါ့ဘုရား) အဲဒါ သားစွဲ သမီးစွဲ ပစ္စည်းစွဲ အိမ်စွဲတွေပေါ့ဗျာ၊ (မှန်ပါ့ဘုရား) အဲဒါ တဏှိက ပြိတ္တာလို့ခေါ်တယ်၊ ခင်ဗျားတို့ကော အစွဲရှိကြသလား၊ (ရှိပါတယ်ဘုရား)ဒါဖြင့် ပြိတ္တာဖြစ်ဘို့ သေချာပီပေါ့၊ (မှန်ပါ)။

တချို့မှာ တဏှိကပြိတ္တာ ဘဝနဲ့ ဘယ်လောက် စွဲပြီးနေသလဲဆိုရင် ဗုဒ္ဓဘာသာသာထုံးစံအတိုင်း သက်ပျောက်ဆွမ်းတွေ သွတ်ကြတယ်၊ ရက်လည်ဆွမ်း၊ လဆွမ်းတွေကျွေး၊ အလှူအဒါန်းတွေ ပေးပြီး အမျှအတန်းတွေ ပေးဝေကြပေမဲ့ အချို့ ပြိတ္တာများ သာဓု-မခေါ်ဘူးတဲ့ဗျ၊ (မှန်ပါ့ဘုရား)။

သာဓုခေါ်ရင် ဒီကုသိုလ် ဇောစိတ်တွေ သူ့ရင်ထဲမှာ ပေါ်မယ်၊ ဒီကုသိုလ်တွေ သူရလို့ရှိရင်ဖြင့် ကျွတ်တမ်းဝင်ပြီး သွားခဲ့လျှင် သားမျက်နှာ သမီးမျက်နှာ မမြင်ရဘဲဖြစ်သွားလိမ့်မယ်၊ အိမ်နားက ခွဲခွါသွားရလိမ့်မယ်ဆိုပြီး သားသမီး မျက်နှာ မမြင်ရမှာ စိုးရိမ်နေတယ်၊ ဒါကြောင့် တချို့များ သာဓုမခေါ်ဘူးတဲ့ ယောဂီတို့၊ (မှန်ပါ့ဘုရား)။

အစွဲများ တယ်ကြောက်စရာကောင်းပါလား၊ အငတ်ငတ် အပြတ်ပြတ်နဲ့ အိမ်နား တဝဲလည်လည်နဲ့ ခွေးကိုကြောက်ရတာတမျိုး၊ ခလေးတွေ ကြောက်ရတာတမျိုး၊ ဟိုက ခဲနဲ့ပစ် ဒီက ခဲနဲ့ပစ်၊ သူ့မှာ အတည်နေစရာမရှိဘူး၊ ဟိုပြေးရ ဒီပြေးရနဲ့ ဟိုကပ် ဒီကပ်နဲ့ ချာလည်ချာလည် နေရရှာတယ်တဲ့၊ (မှန်ပါ့ဘုရား)။

တချို့ကျတော့လဲ အိမ်နားမှာ နေရုံမကဘဲ အိမ်ပေါ် တက်ပြီး ဂျိုးဂျိုးဂျောင်ဂျောင် လုပ်တယ်၊ နင်တို့ကို ငါ မခွဲဘူး ငါ ဒီအိမ်ပေါ်မှာဘဲ ရှိတယ်ဆိုတဲ့အဓိပ္ပါယ်ပေါ့ဗျာ၊ ချစ်လွန်းလို့ စွဲပြီး ပြိတ္တာ ဖြစ်နေတာ၊ (မှန်ပါ့ဘုရား)။

ဒီလို အိမ်ပေါ်မှာ ဂျိုးဂျိုးဂျောင်ဂျောင် လုပ်တော့ ကျန်ခဲ့တဲ့ သားသမီးတွေက ဒီအတိုင်း အိမ်မှာနေပါစေလို့ ထားပါ့မလား၊ (မထားပါဘူး ဘုရား)ဘုန်းကြီးတွေပင့်ပြီး ပရိတ်တွေရွတ် ကမ္မဝါဖတ်ပြီး မောင်းထုတ်ကြမယ်၊ (မှန်ပါ့ဘုရား)ယောဂီတို့ ကြပ်ကြပ်ချစ်ကြ စွဲကြ၊ မောင်းအထုတ် ခံရမယ်၊ (မှန်လှပါတယ်ဘုရား)။

"သုဏာတု မေ ဘန္တေ သံဃော"လို့ ရွတ်တော့ ပြေးဘို့သာ ပြင်ပေတော့ ကြပ်ကြပ် ချစ်ကြ၊ ပြေးရအောင် ပရိတ်တွေ ကမ္မဝါတွေ ကြားရင်တော့ ပြေးပေါက်သာ ရှိတော့တယ်၊ ကြပ်ကြပ် သတိပြုကြတော့ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

တချို့က ဇွဲကောင်းတယ်၊ ပရိတ်တွေရွတ်ရင် ပြေးတယ် နောက်ပြီး ပြန်ကပ်တယ်၊ ဘုန်းကြီးတွေလဲ ကြွရော၊ ပရိတ်

တွေ ကမ္ဘာတွေလဲ ရှုတ်ပြီးရော ပြန်ကပ်တယ်၊ ချီးချီး ချောက်ချောက် လုပ်ပြန်ပြီ၊ (မှန်လှပါ)။

သားသမီးတွေက ဒီအဖွားကြီးတော့ ခက်ပြီ၊ အခုအထိ မကျွတ်သေးဘူး၊ ဒီအဘိုးကြီးတော့ မကျွတ်ဘူး ခက်ပြီ၊ ဒါကြောင့် အောက်လမ်းဆရာခေါ်ပါ၊ သို့မဟုတ် အထက်လမ်းဆရာ ခေါ်ရလိမ့်မယ်၊ (မှန်လှပါ)။

ခေါ်ပြီးတော့ အဖွားကြီး အဘိုးကြီး မကျွတ်လို့ ဆရာကြည့်လုပ်ပါအုံး၊ ဘာကြောင့်လဲဆိုတော့ ဟိုနားတချွတ်ချွတ် ဒီနားက တချက်ချက် လုပ်နေတော့ ခလေးတွေ လန့်ဖြန့်ပြီး ဖျားမှာနာမှာ ကြောက်ရတယ် ဆရာရဲ၊ (မှန်ပါ့ဘုရား) စောစောပိုင်းကတော့ ခင်လိုက် ချစ်လိုက်ရတာ၊ အခုတော့ ပြန်ကြောက်နေပြီ၊ ယောဂီတို့လဲ ပြန်ပြီး အကြောက်ခံရတဲ့ ဘဝ ရောက်မှာစိုးလို့ ဟောနေရတာ၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဆရာကလဲ ကတော့ပွဲတွေ ဘာတွေနဲ့ နှင်ထုတ်တာပေါ့၊ အဲဒီလိုမှ အသာတကြည် နှင်ထုတ်လို့ မရသေးရင် ဆရာက ပြောတယ်၊ တော်တော် စွဲနေတယ်၊ အသာတကြည်နဲ့ မရဘူး၊ သူ့ကို ရိုက်ထုတ်မှ ဖြစ်မယ်လို့ ဆရာက ပြောတော့ သားသမီးတွေက မြန်မြန် ရိုက်ထုတ်စမ်းပါ၊ မြန်မြန် နှင်စမ်းပါ၊ တဂျောင်းဂျောင်း လုပ်လွန်းလို့ပါ ပြောလိမ့်မယ်၊ (မှန်ပါ့ဘုရား) ဒီတော့ ကျောတရာ ရင်တရာခတ်ပြီး ဆေးကြိမ်လုံးနဲ့ အရိုက်ခံပြီး အနှင် ခံရလိမ့်အုံးမယ် ယောဂီတို့၊ (မှန်ပါ့ဘုရား)။

ချစ်လှစွာသော ဇနီး မယား သမီး သားတို့က ဘုတ်ကောင်ဖြစ်နေတဲ့ မိဘကို အိမ်မှာ ထားပါ့မလား၊ (မထားပါဘုရား)ယောဂီတို့က ချစ်လှန်းလို့ ကပ်နေမယ်တော့မကြံနဲ့၊ ရှေးဦးစွာ ကမ္မဝါနဲ့ နှင်မယ်၊ အဲဒါမှမရရင် အောက်လမ်းဆရာ အထက်လမ်းဆရာတို့ရဲ့ ကြိမ်စကြာနဲ့တွေ့ပြီး ပြေးရပါလိမ့်မယ်နော်၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် အစွဲဟာ တယ်ကြောက်စရာကောင်းတယ်၊ ကိုယ့်အစွဲက ကိုယ့်ပြန်ပြီး နှိပ်စက်လို့လဲ နှိပ်စက်မှန်းမသိနော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဤကဲ့သို့ တဏှာစွဲနှင့်စွဲပြီး သေရင် တဏှာကပြိတ္တာ ဖြစ်တတ်ပါသတဲ့၊ ဖြစ်ပါတယ်လို့ သေသေချာချာ ပါရှိပါတယ်နော်၊ (မှန်ပါ့ ဘုရား) ဒါကြောင့် သားစွဲ သမီးစွဲ လင်စွဲ မယားစွဲ ပစ္စည်းစွဲနဲ့ သေရင် တဏှာစွဲတွေ ပေါ့နော်၊ (မှန်ပါ့ ဘုရား) တဏှာစွဲနဲ့သေရင် ဘယ်သွားရမယ်၊ (ပြိတ္တာ ဖြစ်ပါတယ် ဘုရား) ဒေါသစွဲနဲ့သေရင် ငရဲသွားမှာသေချာပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အမှတ်တမဲ့ ကားတိုက်လို့ လေဖြတ်လို့ မြွေကိုက်လို့ အဆိပ်တက်ပြီး ဗြုန်းကနဲ ဗိုင်းကနဲ သေသွားလို့ရှိရင် စွဲစရာမရှိတော့ အမှတ်တမဲ့ဆိုတော့ မေ့ာဟတဲ့၊ တွေးတောပြီးနေချိန်မရလိုက်ဘူး၊ ဗြုန်းဆို သေသွားတာကိုး၊ (မှန်ပါ့ဘုရား)တချို့က ကားတိုက်လို့၊ တချို့က ရေနစ်လို့၊ တချို့က ကြိုးဆွဲချလို့ သေသွားတော့ ဗြုန်းကနဲသေပြီး ဘာမှမသိ

လိုက်တော့ မောဟဘဲ၊ မောဟ-ဆိုတာ ဘာမှမသိဘူးနော်၊ (မှန်ပါ့ဘုရား)မောဟနဲ့သေရင် ဘယ်သွားမှာလဲဆိုတော့။

မောဟေန ဟိ မုယှနသဘာဝတာယ မောဟ
သဒိသံ တိရစ္ဆာန ယောနိယံ ဥပပဇ္ဇန္တိ။

မောဟေန - မောဟ - ဆိုတဲ့ တရားသည်၊ မုယှနသဘာဝ တာယ - မသိတတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ မောဟသဒိသံ - မော ဟ နှင့် တူ သော၊ တိရစ္ဆာနယောနိယံ- တိရစ္ဆာန် ဘုံသို့၊ ဥပပဇ္ဇန္တိ-ကျရောက်ကြရလေကုန်သတည်း။ (သာဓု-သာဓု-သာဓုပါ ဘုရား)။

အမှတ်တမဲ့ သေတာဘဲ၊ မသက်သာဘူး၊ တိရစ္ဆာန် ဖြစ်မယ်တဲ့၊ လောဘနဲ့ သေရင်၊ (ပြိတ္တာပါဘုရား)ဒေါသနဲ့ သေရင်၊ (ငရဲပါ ဘုရား) မောဟနဲ့သေရင်၊ (တိရစ္ဆာန်ပါ ဘုရား)ကောင်းတာ တခုမှ မပါဘူး၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နခသိခ သုတ်မှာ လက်သဲပေါ်မှာ သဲတွေ တင်ပြီးတော့ ချစ်သား တို့ - ငါ့လက်သဲပေါ်မှာရှိတဲ့ သဲနဲ့ နှစ် သိန်း လေး သောင်း အထုရှိတဲ့မြေကြီးနဲ့ ဘယ်ဟာက များသလဲလို့ မေးတော့။

မှန်လှပါ မနှိုင်းယှဉ်နိုင်အောင် ကွာ ခြား လှ ပါ တယ်၊ အဲဒီ ဥပမာ အတိုင်းဘဲ၊ လူ့ပြည် - နတ်ပြည် - ဗြဟ္မာ့ပြည်က လူတွေ, နတ်တွေ, ဗြဟ္မာတွေ သေရင် လူ - နတ် - ဗြဟ္မာ ပြန် ပြီး တော့ ဖြစ်တာက လက်သဲပေါ်မှာရှိတဲ့ သဲပမာဏ,

အပါယ်လေးပါးကျသွားတာက မြေကြီးနဲ့အမျှလို့ ရှင်တော်ဘုရားက ဟောလိုက်တယ် ယောဂီတို့၊ (မှန်ပါ့ဘုရား)။

ဘာကြောင့် ဘုရားဟောရပါလိမ့်မလဲဆိုတော့ လောဘ-ဒေါသ - မောဟ - သမားချည်းဘဲ များနေတာကိုး၊ (မှန်ပါ့ဘုရား) နေ့ဝင်က နေ့ထွက်၊ နေ့ထွက်က နေ့ဝင်၊ ဒီသုံးမျိုးနဲ့ လှည့်နေကြတာချည်းဘဲ၊ (မှန်ပါ့ဘုရား) ရှာဟဲ့-ဖွေဟဲ့-လုပ်ဟဲ့-ကိုင်ဟဲ့-ရောင်းဟဲ့-ဝယ်ဟဲ့-ဆိုတော့ ဒါလိုချင်လို့ လုပ်နေကြတာ၊ လောဘ ပေါ့နော်၊ (မှန်ပါ့ဘုရား)။

လိုချင်လို့လုပ်တဲ့အထဲက ဒေါသတွေလဲ မပြောနဲ့တော့ အားကြီးဘဲ၊ ဒေါသဆိုတာ နင်ဘဲ၊ ငါဘဲ၊ ဆဲဟဲ့၊ ရိုက်ဟဲ့၊ ပုတ်ဟဲ့-ဆိုတာမှ ဒေါသ မဟုတ်ဘူး၊ စိတ်ထဲမှာ ထင့်ကနဲဆို နင့်ကနဲဆို ဖြစ်သွားရင် အဲဒါ ဒေါသဘဲ၊ လက်ထဲက ပုဂံကလေး လွတ်ကျသွားရင် စိတ်ထဲမှာ နင့်ကနဲ ဖြစ်သွားရင် အဲဒါ ဒေါသ ဖြစ်သွားတာဘဲ၊ စိုးရိမ် သွားတာကိုး၊ လန့်သွားတာကိုး၊ (မှန်ပါ့ဘုရား)။

ချက်ပြုတ် နေရင်းက မီးက မတောက်လို့ စိတ်ထဲက ငါ - တယ် - ဆိုပြီး ထင့်ကနဲ ဖြစ်သွားရင် အဲဒါ ဒေါသ ဖြစ်သွားတာဘဲ၊ (မှန်ပါ့ဘုရား) စိတ်ထဲမှာတမျိုးဖြစ်သွားတာပေါ့၊ အဲဒီလိုဖြစ်သွားရင် ဒေါသ ခေါ်တယ်၊ (မှန်ပါ့ဘုရား)။

ဒုတ်တွေ ဒါးတွေ သေနတ်တွေနဲ့ ပစ်ခတ် သတ်နေမှ ဒေါသမဟုတ်ဘူး၊ (မှန်ပါ့ဘုရား)ဆဲကြ အော်ကြ ထိန်းမနိုင်

သိမ်းမရကတော့ ဒါ-လူတိုင်း သိနေတာဘဲ၊ ဒါကြောင့် ရောင်းရင်း ဝယ်ရင်းနဲ့လဲ ဒေါသတွေ အကြိမ်ကြိမ်ဘဲ ဖြစ်တယ်၊ (မှန်ပါ့ဘုရား)။

တနေ့လုံး စားရေး ဝတ်ရေး နေရေး ထိုင်ရေး သွားရေး သိမ်းရေးတွေနဲ့ စီးပွားရေး လောဘ ဒေါသ တွေနဲ့ ဒို့အချိန်ကုန်ခဲ့ပါကလား၊ ဒေါသစိတ် လောဘစိတ် မောဟစိတ်တွေ အမြဲပွားနေပါကလားလို့ ကိုယ့်ဟာကိုယ် ကိုယ်လဲ မရိပ်မိဘူး၊ (မှန်ပါ့ဘုရား)။

အဲဒါ မရိပ်မိတာ မောဟပေါ့၊ ကိုယ့်ဟာကိုယ် မသိ ဘူး၊ (မှန်ပါ့ ဘုရား) ဒေါသဖြစ်နေတာ ဒေါသဖြစ်နေမှန်း သိကို မသိဘူး၊ မသိရုံမကဘူး ဘေးက ဆွဲတဲ့လူပါ ထပ်ရမ်း လိုက်သေးတယ်၊ (မှန်ပါ့ဘုရား) ဒေါသဖြစ်နေလို့ ပုံပျက် ပန်းပျက် ဖြစ်နေလို့ ဘေးကဝင်ဆွဲရင် သူက ပိုကဲသေးတယ်၊ (မှန်ပါ့ဘုရား)။

တနေ့တနေ့ သတ္တဝါတွေရဲ့ ဖြစ်ပုံကို ကြည့်စမ်းပါအုံး၊ ခွေး ဝက် ဆင် မြင်း တိရစ္ဆာန်တွေ လူရော နတ်ရော ဘာနဲ့ အချိန်ကုန်နေသလဲ၊ (လောဘ ဒေါသ မောဟနဲ့ပါ ဘုရား) ဒါနဲ့ဘဲ နေ့ကုန် လကုန် နှစ်ကုန် ဘဝကုန် အချိန် ကုန်နေကြတယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် တနေ့လုံး လောဘ ဒေါသ မောဟနဲ့ အချိန် ကုန်နေပါတယ်၊ တလလုံးလဲဒါဘဲ၊ တနှစ်လုံးကကော၊ (ဒါပါ ဘဲ ဘုရား) တဘဝလုံးကော၊ (ဒါပါဘဲဘုရား) တသံသရာလုံး ကကော၊ (ဒါပါဘဲဘုရား)။

အဲဒီလိုနေ အဲဒီလို ဖြစ်နေလို့ ဒီလိုခံနေရတာ၊ (မှန်ပါ့ဘုရား) တလောကလုံး ဒီလိုနေ ဒီလိုခံရမှာဘဲ၊ ဒီလိုမနေရင် ဒီလိုမခံရဘူးပေါ့၊ (မှန်ပါ့ဘုရား) အခုတော့ တနေ့လာလဲ လောဘ ဒေါသ မောဟ ဟုတ်ပါရဲ့လား၊ မှန်ပါရဲ့လား၊ (မှန်ပါတယ်ဘုရား) ဒါ-ကိုယ်တိုင်ကြုံ ကိုယ်တိုင် ဖြစ်နေတာတွေပါဘဲ၊ (မှန်ပါဘုရား)။

အဲဒါကြောင့် တနေ့လုံး တလလုံး တနှစ်လုံး လောဘ-ဒေါသ-မောဟတွေက အံမျှားဆုံးဖြစ်နေလေတော့ သေရင်လဲ ဒီသုံးမျိုး၊ ပြိတ္တာ ငရဲ တိရစ္ဆာန် တခုခုဖြစ်မှာ သေချာနေပြီ၊(မှန်ပါ့ဘုရား)။

**ဥပမာကလေး**- ဘုန်းကြီး ပေးပါမယ်။

သစ်ပင်ကြီးတပင်ဟာ အရှေ့ဘက် ကိုင်းနေတယ်၊ အဲဒီသစ်ပင် လဲရင် ဘယ်ဘက် လဲမလဲ၊ (အရှေ့ဘက်ကိုသာ လဲပါမယ်ဘုရား) ဘာကြောင့် အရှေ့ဘက် လဲမှာလဲ၊ (အရှေ့ဘက်ကိုင်းနေတာမို့ပါ ဘုရား) ဆယ်ခါ့ တခါ တောင်ဘက် မြောက်ဘက် လဲနိုင်စရာလဲရှိပါတယ်၊ ဒါ-ဆယ်ခါ့ တခါမှ နေ့ာ်၊ (မှန်ပါ့ဘုရား)။

များသောအားဖြင့် ဆယ်ပိုင်းမှာ ကိုးပိုင်းက ဘယ်ဘက်များသလဲ၊ ရာခိုင်နှုန်း ကိုးဆယ်က အရှေ့ဘက်လဲဘို့များနေပါပြီ၊ ကိုင်းနေတာက အရှေ့ဘက် ကိုင်းနေတာကိုး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ ဥပမာလိုဘဲ အားလုံးသတ္တဝါတွေ ရင်မှာ၊ နာမ်အစဉ်မှာ လောဘ-ဒေါသ- မောဟတွေ ဖြစ်နေတယ်ဆိုတော့

တနေ့လုံး၊ တလလုံး၊ တနှစ်လုံး၊ တဘဝလုံး လောဘ- ဒေါသ မောဟတွေ အဖြစ်များနေတယ်ဆိုတော့ သေရင်လဲ ဒါနဲ့ သေရုံဘဲရှိတယ်၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) မှန်ရဲ့ လား၊ (မှန်ပါတယ်ဘုရား) အဲဒါကြောင့် လောဘ- ဒေါသ- မောဟ နေရာမှာ အစားထိုးဘို့ မလိုဘူးလား၊ (လိုပါတယ် ဘုရား)။

လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်၊ ဒေါသနဲ့သေရင် ငရဲ ပြည်သွားရမယ်၊ မောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မယ်၊ ကောင်း တာများ ပါသေးရဲ့လား၊ (မပါ-ပါဘုရား)။

ဒါဖြင့် ယောဂီတို့ ငရဲတိရစ္ဆာန်- ပြိတ္တာ- အသူရကာယ် အပါယ် လေး ပါး သို့ သွား တယ် ဆို တာ ခြေထောက်နဲ့ သွားတာလား၊ လောဘ- ဒေါသ- မောဟ တရားဆိုးကပို့တာ လား၊(လောဘ- ဒေါသ- မောဟ တရားဆိုးတွေက ပို့တာပါ ဘုရား)။

ဒီလောဘ- ဒေါသ- မောဟ ဘယ်မှာ ဖြစ်တာတုံး၊ (မိမိ ရင်ထဲမှာ ဖြစ်တာပါဘုရား) ကိုယ့်ရင်ထဲက ဖြစ်တာ- ကိုယ့် ပြန်နှိပ်စက်တော့မယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ကိုယ့် ရင်ထဲကဖြစ်တဲ့ လောဘက ကိုယ့်ပြန်နှိပ်စက်တယ်၊ ကိုယ့်ရင်ထဲ မှာဖြစ်တဲ့ ဒေါသက ကိုယ့်ပြန်နှိပ်စက်တယ်၊ ကိုယ့်ရင်ထဲမှာ ဖြစ်တဲ့ မောဟက ကိုယ့်ပြန်နှိပ်စက်တယ်၊ (မှန်လှပါဘုရား)။

ယောဂီတို့ ငှက်ပျောပင်များကြီးတော့ သီးတာ တွေ့ဘူး ပါရဲ့လား၊(တွေ့ဘူးပါတယ်ဘုရား)ငှက်ပျောသီးက အပင်ကို သတ်တယ်၊ အသီးလဲ သီးရော အပင်ဘာဖြစ်တယ်၊ (သေပါ

တယ်ဘုရား) အသီးက အပင်ကိုသတ်တယ်၊ ကိုယ့်အသီးက ကိုယ့်အပင် ပြန်သတ်တယ်၊ ကိုယ့်သားကကိုယ့်အမေ ပြန်သတ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ဝါးပင်များ ဝါးသီး သီးရင် အပင်သေရော၊ ကိုယ့်အသီးက ကိုယ့်အပင် ပြန်သတ်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ ဥပမာလိုဘဲ ကိုယ့်လောဘက ကိုယ့်ပြန်နှိပ်စက်တယ်၊ ကိုယ့်ဒေါသက ကိုယ့်ပြန်နှိပ်စက်တယ်၊ ကိုယ့်မောဟက ကိုယ့်ပြန်ဖိစီးတယ်၊ ဒါဖြင့် သူများက နှိပ်စက်တာလား၊ ကိုယ့်မတရားက ကိုယ့်ပြန်နှိပ်စက်တာလား၊ (ကိုယ့်မတရားက ကိုယ့်ပြန်နှိပ်စက်တာပါဘုရား)။

ဒါဖြင့် ယောဂီတို့ အနှိပ်စက်ခံချင်ရင် များများကြီးသာ လက်ခံပေတော့၊ ရင်ထဲမှာ လောဘ ဒေါသ မောဟ များများ ဖြစ်လေ များများ အနှိပ်စက်ခံရလေဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အသတိုရဲ့ မြင်းများမှာလဲ သားကလေး မွေးတာနဲ့ တပြိုင်နက်ထဲ အမေသေရတယ်၊ မမွေးဖွားရင် မသေသေး ဘူး၊ မွေးဖွားပြီးတာနဲ့ တပြိုင်နက်ထဲ အမေသေရတယ်။

အဲဒီ ဥပမာလိုဘဲ၊ လောဘ ဒေါသ မောဟ တရားဆိုး တရားမိုက်တွေဟာလဲ ကိုယ့်သခင် ကိုယ်ပြန်သတ်တယ်၊ ရှင်းပြီ လား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒီတရားဆိုး တရားမိုက်တွေ နေရာမှာ အစား ထိုးတတ်ဘို့လိုတယ်၊ မလိုဘူးလား၊ (လိုပါတယ်ဘုရား) အစား ထိုး အစားထိုးဆိုတာလဲ လွယ်တာမဟုတ်ဘူးနော်၊ (မှန်ပါ

ဘုရား)ကြိုတင် ပြင်ဆင်ပြီး အစားထိုးတတ်အောင် အခုက တဲက ကြိုးစားထားမှ ဖြစ်မယ်၊ (မှန်ပါ့ဘုရား)။

အနားကပ်ပြီးတော့ ညီမလေး မောင်လေး တရားနှလုံးသွင်းပါဆိုလို့ တရားက ဖြူသလား မဲသလားမသိဘဲ နှလုံးသွင်းလို့ ဖြစ်ပါ့မလား၊(မဖြစ်ပါဘုရား) ဘုရား တရား အာရုံပြုခိုင်းလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) သေခါနီးမှ ဘုရားတွေ တရားတွေ သွားအာရုံ အပြုခိုင်း မနေနဲ့တော့ (မှန်ပါ့ဘုရား) ကြိုတင်ပြင်ဆင်ထားရမယ်၊ (မှန်ပါဘုရား)။

ကိုင်း ဒါကြောင့်မို့ ဆိုကြစမ်းပါအုံး။

"ခန္ဓာပြိုကွဲ၊ သေမှာဘဲ၊ သေရဲအောင်သာ ကြိုစားပါ"။

သေရဲအောင် လုပ်ထားပါ၊ အစားထိုးတတ်အောင် အခုကတဲက တရားနဲ့မတရား ကွဲကွဲပြားပြား သိအောင် လုပ်ထားပါ၊ တရားဆင်ခြင်တတ်အောင် တရားနှလုံးသွင်းတတ်အောင် လေ့ကျင့်ထားပါ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အကောင်းဆုံးကတော့ အားကိုးရမဲ့ လောကုတ္တရာတရား မဂ်တရား ဖိုလ်တရားတို့ကို ရင်ထဲ ရောက်နေအောင် အခုကထဲကအရယူထားဘို့ ပို၍ အရေးကြီးတယ်၊(မှန်ပါ့ဘုရား)။

ဘယ်လိုနည်းနဲ့ သေရမယ်ဆိုတာ ဆုံးဖြတ်ချက်မရှိ၊အဆိပ်မိ သေမှာလား၊ကားတိုက် သေမှာလား၊ရေနစ် သေမှာလား၊ မျက်စေ့ရောဂါ နားရောဂါနဲ့ သေမှာလား၊ ပုလိပ်ရောဂါနဲ့ သေမှာလား၊ ဘယ်လိုသေရမယ် မသိဘူး၊ သေမှာ ကတော့ အမှန်ဘဲနော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ကြိုတင် ပြင်ဆင် ထားဘို့ မလိုဘူးလား၊ (လိုပါတယ် ဘုရား) အရေး မကြီးဘူးလား၊ (ကြီးပါတယ် ဘုရား)။ သာသနာတော်ကြီး ဆိုတာ လောဘ - ဒေါသ မောဟ ဆိုတဲ့ တရားဆိုးတွေနေရာမှာ အလောဘ-အဒေါသ- အမောဟ ဆိုတဲ့ တရားကောင်းတွေ အစားထိုးတတ်အောင် လို့ ကရုဏာ ကြီးမားစွာဖြင့် သင်ပေးတော်မူတဲ့ ဘုရားအဆုံး အမတော်ကြီးကို သာသနာ ခေါ်တယ်ဗျ၊ (မှန်ပါ့ ဘုရား)။

ဒီသာသနာတည်းဟူသော သီလ သမာဓိ ပညာ တရား တွေ အစားထိုးလိုက်မယ် ဆိုရင် ယောဂီတို့ သေရဲပါတယ်၊ (မှန်ပါဘုရား)၊ အသေလွတ်တဲ့ နိဗ္ဗာန်အထိ ရသွားနိုင်ပါ တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့်မို့ ဤသာသနာ ဆိုတာ အအို-အနာ-အသေ လွတ်တဲ့တရား၊ အိုပင် အိုရ သော်လဲ နာပင် နာရသော် လဲ သေပင် သေရသော်လဲ အပါယ်မရောက်တဲ့ တရားနော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် သာသနာတော်ကြီးနဲ့ ကြုံနေပါ လျက်ကနဲ့ သီလ-သမာဓိ - ပညာ - သာသနာကြီး လက်လွှတ် သွားရင် ယောဂီတို့၊ ယောဂီတို့ ကိုယ်ကျိုး နည်းပြီ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် ယခုအချိန်အခါမှာ တရားကိုရှာရင် မရနိုင် ဘူးလား၊ (ရနိုင်ပါတယ် ဘုရား) ဘုရားသာသနာတော်ကြီး ရှိနေသေးတယ်၊ (မှန်ပါ့ဘုရား) ရှိပေမဲ့ သိတဲ့လူက နည်း တယ်၊ မနည်းဘူးလား၊ (နည်းပါတယ်ဘုရား)။

သာသနာ ငါးထောင်ဘုရားက ထားခဲ့ပေမဲ့ ယောဂီတို့က ငါးထောင်နဲ့ မဆိုင်ဘူး၊ ယောဂီတို့က သတ်တာဘဲ၊ယောဂီတို့ အခုသေရင် ယောဂီတို့အတွက် သာသနာကွယ်တယ်၊(မှန်ပါ့ဘုရား) မနက်ဖန်သေရင် တရက်စာဘဲ သာသနာရှိတယ်၊ (မှန်ပါ့ဘုရား) နောက် ငါးရက်မှာသေရင် ငါးရက်ဘဲ သာသနာရှိတယ်၊ (မှန်လှပါဘုရား)။

သေပြီ ဆိုတာနဲ့ တပြိုင်နက်ထဲ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ-ဆိုနိုင် သေးရဲ့လား၊ (မဆိုနိုင်ပါဘူးဘုရား) မဆိုနိုင်တာကို ယောဂီတို့က ခေါင်း ပုတ်ပုတ်ပြီး တရားနာ ဘိတ်လိုက်ရတာ မပြောနဲ့၊ (မှန်ပါ့ဘုရား)။ တခါမှ ထလာတာလဲ မတွေ့ဘူး၊ ရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

ဒါကြောင့် သေရင် သရဏဂုံ ကွယ်ပါလိမ့်မယ်၊ ဘုရား ကွယ်ပါလိမ့်မယ်၊ တရား ကွယ်ပါတော့မယ်၊ သံဃာကွယ်ပါ တော့မယ်နော်၊ (မှန်ပါဘုရား) ချောက်နေတာ မဟုတ်ဘူး ယောဂီတို့၊လန့်အောင် ထိတ်အောင် ပြောနေတာ မဟုတ်ဘူး၊ (မှန်ပါဘုရား) ဒီအတိုင်းဘဲ အမှန်အတိုင်းဘဲ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဆိုကြ၊ "သာသနာတွင်း လူ့ဘောင်ဆင်း" အခု လူလာ ဖြစ်နေတယ်၊ လူဆိုတာ အကောင်းအဆိုး အကြောင်းအကျိုး နားလည်တယ်၊ ဒါကြောင့် လူလို့ခေါ် တယ်၊ တိရစ္ဆာန်တွေ နားလည်ပါ့မလား၊ (နားမလည်ပါ

ဘုရား)။ ဒါကြောင့် သူတို့ကို တိရစ္ဆာန်ခေါ်တာ၊ နိဗ္ဗာန်နဲ့ ဖီလာသွားနေတယ်တဲ့၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်က အရှေ့ဆို တိရစ္ဆာန်တွေက အနောက်၊ နိဗ္ဗာန်က မြောက်ဆို တိရစ္ဆာန်တွေက တောင်၊ ဒါကြောင့် တိ-ရ-ဆာန် ဆိုတာ နိဗ္ဗာန်နဲ့ ဖီလာကန့်လန့် သွားနေလို့ တိရစ္ဆာန်ခေါ် တာတဲ့၊ (မှန်လှပါဘုရား)။

လူခေါ်တဲ့ သတ္တဝါတွေမှာလဲ နိဗ္ဗာန်နဲ့ ကန့်လန့်သွားနေ ရင် တိရစ္ဆာန်နဲ့အတူတူဘဲ၊ လူ့တိရစ္ဆာန်ပေါ့ဗျာ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ဒါကြောင့် ယခု ဘုန်းကြီးက ဟောလိုက် ရင် မှန်တယ်၊ ကောင်းတယ် စသည်တို့ကို သိတယ်၊ အကြောင်း အကျိုး ဟောလိုက်ရင် နားမှာကြားပြီး ရင်ကသိတယ်နော်၊ (မှန်ပါ့ဘုရား)။

ဤကဲ့သို့ သိတဲ့ဘဝမှာ ယောဂီတို့ သေမင်း လွှတ်တဲ့လမ်း ကို ပြောင်းရလိမ့်မယ်၊ သိတဲ့ဘဝမှာ အားထုတ်ရလိမ့်မယ်နော်၊ (မှန်ပါ့ဘုရား) မသိရင် လမ်းပြောင်းလို့ ရပါအုံးမလား၊ (မရပါဘုရား)။ ပြောင်းရမှန်း မပြောင်းရမှန်း သိမှမသိဘဲ၊ အကောင်းနဲ့ အဆိုးမှ မခွဲခြားနိုင်ဘဲ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့်မို့ ဆိုကြစမ်းပါအုံး....

"သာသနာတွင်း၊ လူ့ဘောင်ဆင်း၊ သေမင်းလွှတ်ရာ ရအောင်ရှာ"။

သေမင်းလွှတ်တဲ့ နိဗ္ဗာန် ရောက်နိုင်တဲ့ သာသနာတော် ကြီး၊ သာသနာတော်ကြီး ဆိုတာ သေမင်း လက်တွင်းက

လှတ်ကင်းနိုင်တဲ့ အကျင့်ကောင်း အကျင့်မြတ် လမ်းမတော်ကြီးကို သာသနာတော် ခေါ်တယ်၊ (မှန်လှပါဘုရား)။

သီလ သမာဓိ ပညာ လမ်းလျှောက်ရင် ယောဂီတို့ သေမင်းလက်တွင်းက လွတ်မယ်၊ သေမင်းလွတ်တဲ့ နိဗ္ဗာန်ကို ရောက်မယ်၊ သီလ သမာဓိ ပညာကို လောဘ ဒေါသ မောဟ နေရာမှာ အစားထိုးရင် သေမင်းလက်က လွတ်မယ်၊ အစားမထိုးရင် (မလွတ်ပါဘုရား) မလွတ်ရင် လည်စင်းပေးရုံဘဲ ရှိတယ်၊ (မှန်ပါ့ဘုရား) သေမင်းကသတ်ဘို့ လည်စင်းပေးရုံဘဲရှိတယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဆိုကြစမ်းပါအုံး....

"ခန္ဓာပြိုကွဲ၊ သေမှာဘဲ၊ သေရဲအောင်သာ ကြိုးစားပါ"

"သာသနာတွင်း၊ လူ့ဘောင်ဆင်း၊ သေမင်းလွတ်ရာ ရအောင်ရှာ"

သာသနာကြီးဟာ အသေလွတ်တဲ့ နေရာ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဘဲ၊ ယောဂီတို့မှာ အသေလွတ်ပြီလား၊ (မလွတ်သေးပါဘုရား) အိုမင်းလက်ထဲက! (မလွတ်သေးပါ ဘုရား) နာမင်း လက်ထဲက၊ (မလွတ်သေးပါဘုရား) အမွဲအကွဲဘဝက၊ (မလွတ်သေးပါဘုရား)စိုးရိမ်ကြောင့်ကြမှုတွေက၊ (မလွတ်သေးပါ ဘုရား) ငိုလိုက် ရိလိုက်ဆိုတဲ့ အဖြစ်မျိုးတွေက၊ (မလွတ်သေးပါဘုရား)။

ဒါဖြင့် ယောဂီတို့မှာ ဘယ်ဘေးကမှ မလွတ်သေးဘူး၊ (မှန်လှပါဘုရား)ယောဂီတို့ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသည်

ကြီးမှ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ဘေးသင့်နေသူတွေမှ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) မအို မနာ မသေ မပူမဆွေးရအောင် ဘယ်သူတတ်နိုင်သတုံး၊ (မတတ်နိုင်ပါဘုရား)ဒါဖြင့် ယောဂီတို့ ကယ်မဲ့လူ ရှိသေးသလား၊ (မရှိပါဘုရား)ကယ်မဲ့သူ ကင်းနေတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် အားလုံး တကာ-တကာမတွေ ဒုက္ခသယ်တွေမှ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ဘေးသင့်နေသူတွေမှ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) အန္တရာယ်ဆိုက်သူတွေမှ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ရန်တွေစုံနေသူတွေ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ဟုတ်တယ်နော်။

ဒီခန္ဓာကိုယ်ကြီးဟာ အအို အနာ အသေ ခန္ဓာကိုယ်ကြီးပါလား၊ အအို အနာ အသေ အကောင်ကြီးပါလား-လို့ ထပ်ပြန်တလဲလဲ နှလုံးသွင်း ဆင်ခြင်ရမယ်၊ (မှန်ပါ့ဘုရား) ဒါမှ ယောဂီတို့ လောဘ ဒေါသ မောဟတွေ ပြေးမယ်၊ သို့မဟုတ်ရင် လောဘ ဒေါသ မောဟတွေက ထပ်ထပ်ပြီး တိုးတိုးလာတယ်၊ (မှန်ပါ ဘုရား) ကိုယ့်ခန္ဓာကိုယ်ရဲ့ သဘောအမှန်ကို အဖန်ဖန် သုံးသပ်ရင် လောဘ ဒေါသ မောဟတွေ အလိုလို ထွက်ပြေးကုန်ရော၊ ရင်ထဲမှာ မကပ်နိုင်ဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ကိုယ့်ခန္ဓာကိုယ်ကို ပြန်ပြန်ပြီး အအိုကောင် အနာကောင် အသေကောင်ကြီး ပါလားလို့ လူမဟုတ်ပါဘူး၊ ဒီခန္ဓာကြီးက ဒုက္ခကြီးပါဘဲ၊ ဒီဒုက္ခကြီးက အအို

ကြီး အနာကြီး အသေကြီးပါဘဲ၊ အိုခြင်းဆိုး နာခြင်းဆိုး သေခြင်းဆိုးပါဘဲလို့ အကြိမ်ကြိမ် နှလုံး သွင်းရမယ်လို့ မြတ်စွာဘုရားက ဟောခဲ့တယ်၊ (မှန်ပါ့ဘုရား)။

ဟုတ်ကော ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) မငြင်းကြနဲ့တော့နော်၊ ယောဂီတို့သာ မဟုတ်ဘူး၊ တအိမ်သားလုံးလဲ ဒီလိုဘဲ၊ (မှန်ပါဘုရား) တရပ်ကွက်လုံး၊ (ဒါပါဘဲဘုရား) တမြို့လုံး၊ (ဒါပါဘဲဘုရား)။

အမယ်လေး အအိုတွေ စုနေကြတဲ့ အနာတွေစုနေကြတဲ့ မြို့ကြီး ရွာကြီး တိုင်းကြီး ပြည်ကြီး ၃၁-ဘုံကြီးဘဲ၊ အလောင်းကောင်တွေ စုနေတဲ့ သုသာန်ကြီးဘဲ၊ (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ် ဘုရား) ယောဂီတို့က ကြံတော တာမွေသုသာန်၊ ဒီလောက်သာ သိတယ်၊ ဒီခန္ဓာကြီးကလဲ အသုဘကြီးဘဲ၊ ယောဂီတို့ အိမ်ကလဲ သုသာန်ကြီးဘဲ၊ ဒီအိမ်ပေါ် သေ-သေနေတာဘဲ၊ (မှန်ပါဘုရား)။

ဂျပိုးတို့ ပိုးဟတ်တို့လဲ ဒီအိမ်ပေါ်မှာဘဲ သေနေကြတာဘဲ၊ သူတို့လဲ ရုပ်နဲ့နာမ်၊ ယောဂီတို့လဲ ရုပ်နဲ့နာမ်ဘဲ၊ ဒီပေါ်မှာ ထပ်ထပ် သေနေကြတာဘဲ၊ (မှန်ပါ့ ဘုရား) သုသာန်လွတ်တဲ့ နေရာ မရှိဘူး၊ ရှိသေးသလား၊ (မရှိပါဘုရား)။

ဒါကြောင့်မို့ ဒီလူ့ဘုံ နတ်ဘုံ ၃၁-ဘုံကြီးသည် အိုဘေး နာဘေး သေဘေးတွေဖြစ်နေကြသော အို - နာ - သေ - မှဲ့ဆင်းရဲတွေ စုနေကြတဲ့ အအိုရုံ အနာရုံ အသေရုံကြီးလို့

ဒီလိုမြင်ပါ၊ မှန်ကော မှန်ရဲ့လား၊ (မှန်ပါတယ် ဘုရား) အအို - အနာ - အသေတွေ စုနေကြတယ်၊ ဒုက္ခ သယ် တွေ စုနေကြတယ်၊ တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုတာ လိုဘဲ၊ (မကယ်နိုင်ပါဘုရား)။

ရုပ်နာမ်နှစ်ပါးက ဘာဝဋ်လဲ၊ အရင်တပတ်က ဟော လိုက်ပြီးပြီ၊ (ဝိပါကဝဋ်ပါ ဘုရား) ဝိ ပါ က ဝဋ် ဆို တာ ရုပ်နာမ် ၂-ပါး အကျိုးတရား ရနေတာ၊ (မှန်ပါ့ ဘုရား) ယောဂီတို့ ၃၁-ဘုံမှာ ရုပ်နာမ် ၂-ပါး ရနေတာ အကျိုး တရား ရရှိနေတာ ကိုယ် လို ချင် တဲ့ အ တိုင်း ကိုယ်ပြုခဲ့တဲ့ အတိုင်း ကိုယ့်တရားနဲ့ကိုယ် ခံစားနေရတာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီကုသိုလ် အကုသိုလ်ရဲ့ အကျိုးတရား သိပြန် တော့ လူနတ်ဗြဟ္မာဆိုတာကတော့ ကောင်း သော ရုပ်နာမ် အကျိုးရတာနော်၊ (မှန်ပါ့ ဘုရား) အပါယ်လေးပါးဆိုတာ ကတော့ မကောင်းသော ရုပ်နာမ်တို့ရဲ့ ဖြစ်ရာ၊ (မှန်ပါ ဘုရား) ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ် လေးပါးကလဲ ရုပ်နာမ်ဘဲကို၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီရုပ်နာမ်က မကောင်းသောရုပ်နာမ်ဆိုပါတော့၊ (မှန်ပါ့ဘုရား) လူ - နတ် - ဗြဟ္မာတွေကတော့ ကောင်းသော ရုပ်နာမ်လို့ခေါ်ကြစို့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ၃၁-ဘုံ-ဘုံလောက ထဲမှာ အခုဖြစ်နေပါပြီ ရနေပါပြီ ရောက်နေပါပြီ၊ (မှန်ပါ့ ဘုရား) ယောဂီတို့ခန္ဓာမှာလဲ ဒါဘဲ၊ တလောကလုံးမှာလဲ

ဒါဘဲ ရနေကြပါပြီ၊ (မှန်ပါ့ ဘုရား) ယခု တရားနာနေတဲ့ ခန္ဓာကြီးသည် အကျိုးတရားလား အကြောင်းတရားလား၊ (အကျိုးတရားပါဘုရား)။

ဒါဖြင့် ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်လို့ ဘုရားရှင်က ဟောထားတော့ ဒီ ဝဋ်သုံးမျိုးထဲက နံပါတ် (၁) ကိလေသာ ဝဋ်၊ နံပါတ်(၂)က ကမ္မဝဋ်၊ နံပါတ်(၃) ကတော့ ဝိပါကဝဋ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် ဒီ(၁)(၂)(၃) ထဲမှာ ယောဂီတို့ ဘယ်ရောက်နေသလဲ၊ (ဝိပါကဝဋ်ပါ ဘုရား) နံပါတ်(၃)ထဲမှာပေါ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် (၁) (၂) (၃)ကို အကြောင်းအကျိုး ခွဲရမယ်နော်၊ (မှန်ပါ့ ဘုရား) နံပါတ်(၁)က အကြောင်းတရား၊ နံပါတ်(၂)က အကျိုးတရား၊ နံပါတ်(၂)က အကြောင်းတရား၊ နံပါတ်(၃)က အကျိုးတရား၊ ဒီလို အကြောင်းအကျိုး ဆက်ယူပါနော်၊ (မှန်ပါ့ဘုရား)။

နံပါတ် (၁) သည် အကြောင်းလား အကျိုးလား၊ (အကြောင်းပါ ဘုရား) နံပါတ် (၂) က အကျိုးပေါ့၊ (မှန်ပါ့ဘုရား) တခါလာခဲ့၊ နံပါတ်(၂)သည် အကြောင်းလား အကျိုးလား၊ (အကြောင်းပါဘုရား) ဒါဖြင့် နံပါတ် (၃)သည်၊ (အကျိုးပါ ဘုရား) ဟောဒီလို ဆက်ယူရတယ်။

ပဋိစ္စသမုပ္ပါဒ် ဆိုတာ လဲ ဒါ ဘဲ၊ (မှန် ပါ့ ဘု ရား) အကြောင်းအကျိုးဆက်ပြီးတော့ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်လို့ ဟောတာ၊ ပဋိစ္စသမုပ္ပါဒ် ခေါ်တယ်၊ (မှန်ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အကြောင်းကလဲတရားဘဲ အကျိုးကလဲတရားဘဲ၊ ဒါဖြင့် ၁-၂-၃ နံပါတ်စဉ်လိုက်တော့ ယောဂီတို့ ရထားတာသည် ဘယ်နံပါတ်မှာပါလိမ့်၊ (နံပါတ် ၃-မှာပါ ဘုရား)ဘာဝဋ်တဲ့၊ (ဝိပါကဝဋ်ပါ ဘုရား) ဝိပါကဝဋ်ဆိုတာ ရုပ်နာမ် ၂-ပါး အကျိုးတရားကြီး ရနေတယ်လို့ ပြောလိုက်တာ၊ (မှန်ပါ့ ဘုရား)။

ဝဋ် ကင်းနေတာလား-ဝဋ် တွင်းနေတာလား၊ (ဝဋ် တွင်း နေတာပါဘုရား) ဝဋ် လည်နေတာလား-ဝဋ် တရားကြီးက ရပ်နေတာလား၊ (ဝဋ် လည်နေတာပါ ဘုရား) ဝဋ် ခံနေရ တာလား-ယောဂီတို့ ဝဋ်က ကျွတ်နေတာလား၊ (ဝဋ် ခံနေ ရတာပါ ဘုရား)။

အဲဒါ မသိတော့ ယောဂီတို့က မစွမ်းမသန် ကျိုးကန်း နေတဲ့သူတွေကို ဟိုမှာ ကြည့်ပါအုံး၊ ဝဋ် ခံနေရတယ်တဲ့၊ ကိုယ့်ဝဋ်တော့ ကိုယ်ပြန်မကြည့်ဘူး၊ ယောဂီတို့က သူများ ကိုတော့ လက်ညှိုးထိုးတယ်နော်၊ (မှန်ပါ့ဘုရား)။

ကိုင်း-ဒီနေ့ ဝဋ်တရားအစစ်ကို ထုတ်ပြလိုက်ပြီ၊ (မှန်ပါ့ ဘုရား) ထော့နဲ့-ထော့နဲ့-နဲ့ မသွားနိုင် မလာနိုင် ခြေမသန် ခါးမသန် လက်မသန် သူတွေကို ဒါ ဝဋ်လိုက်တယ်ဆိုတာက မျက်မြင်တွေပါ၊ ဉာဏ်မြင်နဲ့ သေသေချာချာကြည့်ရင် အစစ် ကတော့ ၃၁-ဘုံ ယနေ့ကြုံပြီးတော့ နေကြတဲ့ ရုပ်နာမ်တွေ မှန်သမျှ အဲဒါမှ ဝိပါကဝဋ် ခံနေရတာအစစ်ဘဲ၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့်ဘိုလိုတယ်၊ (မှန်ပါ) ကိုယ့်ကိုယ်ကို ဝဋ်ခံနေရမှန်း မသိတော့ လက်မ ထောင်တာပေါ့၊ ကိုယ့်ကိုယ်ကို ဝဋ်ကောင် မှန်း မ သိ၊ ဒုက္ခ ကောင် မှန်း မ သိ တော့ လက်မ ထောင်တယ်၊ (မှန်ပါဘုရား) လက်မ ထောင်တယ်ဆိုတာ မာနတွေ လောဘ ဒေါသ မောဟတွေ ကြီးဒါ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ယောဂီတို့မှာ နံပါတ်(၃) ဝိပါကဝဋ် ခံနေရတယ်၊ ဝိပါကဝဋ်ဆိုတော့ အကျိုးတရားရနေပြီ၊ (မှန်လှပါ ဘုရား) အကျိုးတရား ရတယ်ဆိုတာ အလိုလို ရတာ မဟုတ်ပါ၊ အကြောင်း တ ရား ကြောင့် အ ကျိုး တ ရား ဖြစ်တာနော်၊ (မှန်လှပါဘုရား) အလိုလို ဖြစ်တာမဟုတ်ဘူး၊ သိကြားမင်း နတ်မင်း ဖန်ဆင်းလို့ ဖြစ်တာလား၊ အကြောင်းကြောင့် ဖြစ်တာလား၊ (အကြောင်းကြောင့်ပါဘုရား)။

နံပါတ်(၁) (၂) (၃)ကို ကြည့်ပါ၊ နံပါတ်(၃)သည် ဘာကြောင့်ဖြစ်သလဲ၊ (နံပါတ်(၂)ကြောင့် ဖြစ်ပါတယ်) ကံကြောင့်ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တယ်၊ (မှန်ပါ)။

လူ-နတ်-ဗြဟ္မာ ရုပ်နာမ် ဖြစ်တာကတော့ ကုသိုလ်ကံကြောင့် ဖြစ်တယ်၊ အပါယ်လေးပါး ရုပ်နာမ်တွေ ကတော့ အကုသိုလ်ကြောင့် ဖြစ်ကြပါတယ်၊ဝိပါကဝဋ်တရား ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် ကံကလဲ ၂-မျိုးရှိတယ်နော်၊နံပါတ် ၂-ကတော့ ကမ္မဝဋ် ကုသိုလ်ကံ အကုသိုလ်ကံပေါ့၊ ဝဋ်ဆိုတာလည်တယ်၊

ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဒါဖြင့် ကုသိုလ်ကံ အကုသိုလ်ကံ တရားကြောင့် ၃၁-ဘုံမှာ ရုပ်နာမ် ဝိပါကဝဋ်တရားတွေ ဖြစ်ရပါတယ်။

ဒါဖြင့်ပြန်ပြီးတော့ ဆက်ကြည့် ဒီနံပါတ်(၂) ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကမ္မဝဋ် မိမိရင်တွင်း နာမ်အစဉ်မှာ အတိတ်တုံးက စိတ်စေတနာတွေ ဖြစ်ခဲ့တယ်နော်၊ (မှန်ပါဘုရား) အကုသိုလ်စေတနာ ကုသိုလ်စေတနာ မကောင်းတဲ့ စေတနာ ကောင်းတဲ့စေတနာ ဖြစ်ခဲ့တာပေါ့၊အဲဒီ ကောင်းတဲ့စေတနာ မကောင်းတဲ့စေတနာကိုပင်ကံလို့ ခေါ်တယ်၊(မှန်ပါ့ဘုရား)။

အဲဒီ စေတနာတွေက နံပါတ် ၂၊ ဒီစေတနာတွေက အတိတ်ဘဝတုံးက မနေ့က လွန်ခဲ့တဲ့လ လွန်ခဲ့တဲ့နှစ် လွန်ခဲ့တဲ့ သံသရာ အဆက်ဆက်က မိမိ၏ရင်တွင်း နာမ်အစဉ်မှာ ဒီကောင်းတဲ့ စေတနာ မကောင်းတဲ့ စေတနာတွေဟာ အလိုလိုဖြစ်တာမဟုတ်၊ သိကြားမင်း နတ်မင်းတွေ ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး၊ (မှန်ပါဘုရား)။

နံပါတ် ၁-ကြည့်၊ ဘာဝဋ်လဲ၊ (ကိလေသာဝဋ်ပါ ဘုရား) ထိုကိလေသာဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ရတယ်၊ကမ္မဝဋ်ကြောင့် ဘာဖြစ်တယ်၊(ဝိပါကဝဋ်ပါဘုရား)၊အခု ဝိပါကဝဋ် ယောဂီတို့ အိုတတ် နာတတ် သေတတ်တဲ့ခန္ဓာကြီး ရုပ်နာမ် ၂-ပါး ရနေတယ်၊ ရှင်းပြီလား၊ (ရှင်းပါ့ပြီဘုရား)။

ဒါဖြင့် ကိလေသာဝဋ်ကြောင့် ဘာဖြစ်တယ်၊(ကမ္မဝဋ်ပါ ဘုရား) ကမ္မဝဋ် နံပါတ် ၂-ကြောင့် ဘာဖြစ်တယ်၊ (ဝိပါက

ဝဋ်ပါဘုရား) ဒါဖြင့် ကိလေသာ၊ ကိလေသာဆိုတာ ဘာလဲ ဘုရားလို့ မေးတော့မှ ပူလောင်တဲ့ သဘောတဲ့၊ အကျယ်ပြော ရင် ၁၅၀၀ အရေအတွက်ရှိတယ်နော်၊ အဲဒီ ကိလေသာတွေ ဘယ်မှာဖြစ်တာလဲ ဆိုတော့ စိတ်မှာမှီပြီး စိတ်မှာယှဉ်ပြီး ဖြစ်တယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက "သတ္တာနံ-ဝိသုဒ္ဓိယာ"တဲ့၊ သတ္တာနံ-သတ္တဝါခေါ်ကြတဲ့ ယောဂီ စိတ်တရားတို့ကို၊ ဝိသုဒ္ဓိ ယာ-စင်ကြယ် သန့်ရှင်းပါစေခြင်း အကျိုးငှာတဲ့၊သတိပဋ္ဌာန် ဆိုတဲ့ အကျင့်လမ်း ဝိပဿနာဆိုတဲ့ အကျင့်လမ်းကို စိတ်ဖြူ အောင် ဟောတော်မူပါတယ်တဲ့၊(မှန်လှပါ ဘုရား)။

ယောဂီတို့ သတ္တဝါခေါ်တဲ့ မိမိတို့ခန္ဓာ ပြန်ကြည့်စမ်း ပါအုံး၊ ရုပ်နဲ့ နာမ်မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ရုပ်ကိုလဲ သတ္တဝါ နာမ်ကိုလဲ သတ္တဝါလို့ ခေါ်တယ်၊ ဒါဖြင့် သတ္တဝါဆိုတဲ့ နာမည်လေးဟာ အခေါ် အဝေါ် ကလေးဘဲ၊ (မှန်ပါ့ဘုရား) အဲဒီ နာမည် အခေါ်ကလေး ဖျောက်လိုက်လို့ရှိလျှင် ရုပ်နဲ့နာမ်ဘဲရှိတယ်၊ အဲဒီ ရုပ်နဲ့နာမ် ၂-ပါးမှာ သိတတ်တဲ့ သဘောက နာမ်စိတ်ကလေး ညစ်နွမ်း တယ်ဆိုတာ သူဘဲ၊ (မှန်ပါ့ဘုရား) ဖြစ်ချင်တယ်ဆိုတာ သူ၊ လှူချင်ပါတယ်ဆိုတာ သူ၊ မလှူချင်ပါဘူး ဆိုတာလဲ သူ၊ စိတ် ညစ်တယ် စိတ်ကောင်းတယ် စိတ်နွမ်းတယ် စိတ်ဆိုးတယ် စိတ်မကောင်းဘူးဆိုတာကော၊ (သူပါဘဲဘုရား)။

ဝမ်းသာလိုက်တာ မပြောပါနဲ့ ဆိုတာကကော၊ (သူပါ ဘဲ ဘုရား) ယောဂီ စိတ်လေးဘဲ ဒီစိတ်ကလေး စင်ကြယ်ရ

အောင် ဘုရားရှင်က တရားတွေကို ဟောတော်မူရတယ်နော်၊ (မှန်ပါဘုရား)။

ဒါကြောင့်မို့ ဒီစိတ်အစဉ်မှာ နာမ်အစဉ်မှာ ၁၅၀၀- ကိလေသာတွေက ဝင်ပြီး တွဲတွဲဖြစ်ကြတယ်၊ ၁၅၀၀- ကို အကျဉ်းချုံးလိုက်တော့ ၁၀-ပါး၊ ဆယ်ပါးကို အကျဉ်းချုံ လိုက်တော့ လောဘ ဒေါသ မောဟ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိလေသာတွေ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) လောဘ ဒေါသ မောဟဆိုတာဟာ ဒါကိလေသာ တွေဘဲ၊ (မှန်ပါ့ဘုရား) ဒါနာမ်တရားတွေပေါ့ဗျာ၊ ရှင်းပြီးလား၊ (ရှင်းပါပြီဘုရား)။

ကိလေသာတွေနဲ့ သတ္တဝါတွေ ပျော်နေကြတယ်၊ တနေ့ လုံးဒါဘဲ တနှစ်လုံးကော၊ (ဒါပါဘဲဘုရား) တဘဝလုံး၊ (ဒါပါဘဲဘုရား) တသံသရာလုံး၊ (ဒါပါဘဲဘုရား) ဒါပါဘဲ ဆိုတော့ဒါပါဘဲပေါ့၊ (မှန်ပါ့ဘုရား)။

ဒါနဲ့ နေ- ဒီလိုပူ- ဒါဘဲရ- ဒါဘဲကြုံ- ဒီလိုအို- ဒီလိုနာ- ဒီလိုသေ- ဒီလိုဆွေး- ဒီလိုဘဲငို- ဒီလိုဘဲ မျက်ရေကျဒါဘဲပေါ့၊ ဒါနဲ့ဘဲ နေတာကိုး ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကဲ ဆိုစမ်းပါအုံး....“ဒီလိုနေရင် ဒီလိုဘဲနေရမယ်”ဒီလိုဘဲ နေရမယ်ဆိုတော့ အခုနေတဲ့အတိုင်းပေါ့၊ ဝတ်ရေး စားရေး နေရေးတွေ ပူလိုက်တာ လောင်လိုက်တာ အပူနဲ့ အတူနေ အို- နာ-သေနဲ့ အတူ နေရတယ်၊ (မှန်လှပါ)။

နောက်တဘဝ ရလာပြန်ပြီ သားရေး သမီးရေးတွေနဲ့ ပူလောင်ပြီး အို-နာ-သေနဲ့ အတူတူနေအုံးဘဲ၊ ဘဝအသစ်တခု

ပြောင်းလာပြန်ပြီ၊ အိမ်တခု ပြောင်းပြန်၊ တိုက်တခု ပြောင်းပြန်ပြီ၊ ဇနီး လင် ပြောင်းပြန်ပြီ၊ အို-နာ-သေနဲ့အတူ နေအုံးဘဲ၊ အိုးပြောင်း အိမ်ပြောင်း ဆွေမျိုးပြောင်း ဘဝပြောင်းကဲ-ဒါဘဲပေါ့၊ ဒီလိုဘဲပေါ့၊ (မှန်ပါ့ဘုရား) ဒီလိုနေရင် ဒီလိုဘဲ နေရမှာပေါ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီလို မနေချင်ဘူးဆိုရင် ဒီလိုမနေနဲ့ အနေပြောင်းရလိမ့်မယ်၊ အကျင့်ပြောင်းရလိမ့်မယ်၊ ရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား) ကဲ- လိုက်ဆိုကြပါအုံး။

"ဒီလိုနေရင် ဒီလိုဘဲ နေရမယ်၊ ဒီလိုဘဲ အိုရမယ်၊ ဒီလိုဘဲ နာရမယ်၊ ဒီလိုဘဲသေရမယ်"။

ဒီလို နေရင်ဆိုတာ ဒီလောဘ ဒေါသ မောဟ၊ တနေ့သာလဲ လောဘ ဒေါသ မောဟ၊ ဒါနဲ့ဘဲ နေရင် နောင်လဲ ဒီ အို-နာ-သေနဲ့ ဒီလိုဘဲ အိုရ-နာရ သေရမယ်တဲ့၊ ရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

"ဒီလိုမနေရင် ဒီလိုမနေရပါဘူး" ဆိုတာက လောဘ ဒေါသ မောဟတွေ ရင်တွင်းမလာရအောင် သီလ သမာဓိ ပညာတွေနဲ့ နှင်ထုတ်ရင် လာနိုင်အုံးမလား၊ (မလာနိုင်ပါဘုရား) ကိုင်း ဒီလိုမနေရင် ဒီလိုမနေရဘူး၊ ဆိုကြ-

"ဒီလိုမနေရင် ဒီလိုမနေရဘူး၊ ဒီလိုမပူရပါဘူး၊ ဒီလိုမအိုရပါဘူး၊ ဒီလိုမနာရဘူး၊ ဒီလိုမသေရပါဘူး" ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ အနေပြောင်းရမယ်၊ အကျင့်ပြောင်းရမယ်၊ အပြောအဆိုတွေ ပြောင်းရမယ်၊ အမူအရာတွေပြောင်းရ

မယ်၊လောဘ ဒေါသ မောဟနဲ့ မပေါင်းနဲ့ အလောဘ အဒေါသ အမောဟ သီလ သမာဓိ ပညာနဲ့ ပေါင်းရမယ်၊ (မှန်သ ပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) သဘောပါရဲ့လား၊ (ပါပါတယ်ဘုရား)။

ဒါကြောင့် ယောဂီတို့ ခန္ဓာကြီး ပြန်ကြည့်တော့ ဝိပါက ဝဋ်၊ အဲဒီဝိပါကဝဋ် ရုပ်နာမ် ၂-ပါး ဒီကနေ့ ဘာဖြစ်နေသလဲ လို့ ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ပြန်ကြည့်စမ်းပါအုံး၊ ဘာတွေ ဖြစ်နေကြသလဲ၊ လောဘ ဒေါသ မောဟတွေ ပြန်လာနေ ပြန်ပြီ၊ လောဘ ဒေါသ မောဟအသစ်တွေ ပြန်ဖြစ်ပြန်ပြီ၊ (မှန်ပါဘုရား)။

ဒီလောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ကိလေသာ ဝဋ်တွေ ဟောဒီစိတ်ကလေးနဲ့ တွဲ၊ ရင်ထဲမှာ တဖွဲဖွဲ ဖြစ်ပြန်ပြီ၊ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ရင် ဒီကိလေလာ ဝဋ်ကြောင့် ကာယကံ ဝစီကံ မနောကံ ကိုယ်နှုတ်စိတ်တွေနဲ့ ပြုလုပ်ပြောဆို ကြံစည်တဲ့ အမှု တွေ နံပါတ်(၂)ကမ္မဝဋ် လာနေတယ်၊ဒီကိလေသာဝဋ် ကမ္မဝဋ် ကြောင့် နောင် အနာဂတ်မှာ ဘာဝဋ်လာမလဲ၊ (ဝိပါကဝဋ် ပါဘုရား) ဒီလိုဘဲနေ ဒီလိုဖြစ်ရအုံးမှာဘဲ၊ ဒါမျိုး လာအုံး မှာဘဲ၊ မထူးပါဘူး ယောဂီတို့၊ (မှန်ပါဘုရား) ရှင်းရဲ့လား၊ (ရှင်းပါပြီဘုရား)။

ယောဂီတို့ ငါ့လင် ငါ့သား ငါ့မယား ငါ့သမီး ငါ့ဥစ္စာ ဒါတွေ စွဲနေတာ၊ အရင်ဘဝတုံးကလဲ ဒီလိုဘဲ၊ယခုဘဝအသစ် တွေလို့ အဟောင်းတွေ မေ့ပစ်လိုက်ပြီးပြီ၊ အခုဘဝသေရင်

အခုဟာတွေ မေ့ပစ်အုံးမှာဘဲ၊ နောက်ဘဝ သွားပြီးတော့ ငါ့ဟာ ငါ့ဥစ္စာ ငါ့လင် ငါ့သား ငါ့မယားလို့ စွဲကြအုံးမှာဘဲ၊ (မှန်ပါဘုရား)၊ ထိုနည်း၎င်း၊ ထိုနည်း၎င်းဘဲ၊ (မှန်ပါဘုရား)။

ဂျာအေး သူ့အမေရိုက်တဲ့ သီချင်းလို မဆုံးတော့ဘူး လည်နေတာဘဲ၊ (မှန်ပါ့ဘုရား) ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) လောကကြီး သေသေချာချာကြည့်၊ သတ္တဝါတွေဟာ ဂျာအေးတွေဘဲ၊ မှိုလုံး စက္ကူကပ်နေကြတာဘဲ၊ (မှန်ပါ့ဘုရား)။

ဒါ-ဒါပါဘဲ တနေ့လာလဲ ဒီထမင်း ဒီဟင်း ဒီလိုဘဲဝတ် ဒီလိုဘဲစား ဒီလိုဘဲပြော ဒီလိုဘဲဆို တနေ့လာလဲ တာဘဲ၊ တဘဝလာလဲ တာဘဲ၊ မထူးပါဘူး ယောဂီတို့၊ (မှန်လှပါဘုရား) ထူးသေးသလား၊ (မထူးပါဘုရား) ယောဂီတို့က ထူးတယ်လို့ထင်တာပါ၊ (မှန်ပါ့ဘုရား) ဒါဖြင့် ဒီလိုနေရင်ဒီလိုဘဲ နေရလိမ့်မယ်၊ ဒီလိုဘဲ အို-နာ-သေ ရလိမ့်မယ်၊ (မှန်ပါ)။

ကိုင်း-ဒါကြောင့် ဝိပါကဝဋ်ထဲမှ ကိလေသာတွေဖြစ်ပြန်ပြီ၊ ကိလေသာ တဏှာ မာန ဒိဋ္ဌိတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ကိလေသာဖြစ်ပြန်တော့ ကုသိုလ် အကုသိုလ်ကံတွေ ဖြစ်ပြန်ပြီပေါ့၊ (မှန်ပါ့ ဘုရား) ကုသိုလ်အကုသိုလ်ကံတွေဖြစ်ပြန်တော့ ဘယ်ဝဋ်ကိုပို့အုံးမလဲဆိုတော့ ဝိပါကဝဋ်ရအောင် ပို့အုံးမယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကဲ-ဒါဖြင့် ဝဋ်သုံးပါး လည်ကြည့်ရအောင်၊ ကိလေသာဝဋ်ကြောင့် ဘာဖြစ်တယ်၊ (ကမ္မဝဋ်ပါ ဘုရား) ကမ္မဝဋ်

ကြောင့် ဘာဖြစ်တယ်၊ (ဝိပါကဝဋ်ပါ ဘုရား) ဝိပါကဝဋ် ရုပ်နာမ် ၂-ပါးကြောင့် ဘာ ဖြစ် ပြန် တယ်၊ (ကိလေသာဝဋ်ပါဘုရား) ကိလေသာကြောင့် ဘာဖြစ်ပြန်တယ်၊ (ကမ္မဝဋ်ပါ ဘုရား) ကမ္မဝဋ်ကြောင့် ဘာဖြစ်ပြန်တယ်၊ (ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ်ကြောင့် ဘာဖြစ်ပြန်တယ်၊ (ကိလေသာဝဋ်ပါဘုရား) နံပါတ် ၁-၂-၃၊ ၃-ပြီးပြန် ၁-ပြန်လည်ပေါ့၊ ကဲ-ဒါဖြင့် ဝဋ်လည်နေတာ ထင်ရှားပြီလားယောဂီတို့၊ (ထင်ရှားပါပြီဘုရား)။

ယောဂီတို့သာ မဟုတ် ပိုးရွ ခြ က လေး တွေ က စ ၍ သိကြားမင်း နတ်မင်းကြီးတွေအထိ ၃၁-ဘုံ လောကကြီးမှာ ဘဝခြား၍ အဆင့်အတန်း ကွာကြသော်လည်း ဖြစ်နေပုံက တပုံစံထဲ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီလို ဝဋ်သုံးပါး လည်နေပြီး ဆုံးစမရှိတာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးမှသိတာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဒီလို ဖောက်ထွင်းမမြင်နိုင်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မြင်တော်မူ သိတော်မူပါတယ်၊ ဒါဖြင့် ဒီဝဋ်သုံးပါး ၁-၂-၃ လည်နေပြီး ပြန်လှည့်လိုက်တော့ အစရှိသေးရဲ့လား၊ (မရှိပါဘုရား) အဆုံးကော၊ (မရှိပါဘုရား)။

အခုကြည့်လေ ကိလေသာကြောင့် ဘာဖြစ်တယ်၊ (ကမ္မဝဋ်ပါဘုရား) ကမ္မဝဋ်ကြောင့်၊ (ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ်ကြောင့်၊ (ကိလေသာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူက စတယ်လို့ ပြောစမ်းပါအုံး၊ (အစမရှိပါ ဘုရား) ဝိပါကဝဋ်က စတယ်ဆိုရင် ဝိပါကဝဋ်က

ကမ္မဝဋ်ကြောင့် ဖြစ်တယ်၊ ကမ္မဝဋ်က စပါတယ် ဆိုရင်လဲ သူ့ရှေ့က ကိလေသာကြောင့် ကမ္မဝဋ် ဖြစ်တယ်၊ ကိလေသာ ဝဋ်ကြောင့် ဖြစ်ပါတယ် ဆိုရင်လဲ ကိလေသာဝဋ် ရှေ့က ဝိပါကဝဋ် ရုပ်နာမ် ၂-ပါးကြောင့် ဖြစ်ပါတယ် ဆိုတော့ ဟော-သူကလဲ အစ မဟုတ်ဘူး၊ ရှင်းပြီ လား၊ (ရှင်းပါပြီ ဘုရား)။

ဘဲဥ အစရှာလို့ ရရဲ့လား၊ (မရပါ ဘုရား) ဒါကြောင့် ဝဋ်လည်နေတယ်၊ ဝဋ်ဆိုတာ လည်နေတဲ့အဓိပ္ပါယ်၊ (မှန်ပါ့ ဘုရား) လည်ကော လည်ရဲ့လား၊ (လည်ပါတယ်ဘုရား)။

ယောဂီတို့ တသံသရာလုံး ဘယ်လို နေခဲ့ကြသလဲ မေးရင် လုံးလည် လိုက်နေခဲ့တယ်၊ အော်-သံသရာ အဆက် ဆက်က ယနေ့အထိ သံသရာ လောကခွတ်ကြီးထဲ ဘယ်လို နေခဲ့ကြသလဲ၊ (လုံးလည် လိုက်နေကြပါတယ် ဘုရား) ဘယ် ကအစ ဘယ်က အလယ် ဘယ်က အဆုံးဘဲလို့ မသိဘဲ လုံးလည်လိုက်နေပြီ၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါ ပြီဘုရား) အားလုံး သဘောပေါက်ပါရဲ့လား၊ (ပေါက်ပါတယ် ဘုရား)။

အဲဒီလို ဖြစ်နေတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်ကြီးနဲ့ ကြည့်ပြီးသကာလ အော်-အစ မထင် အဆုံးမမြင်ဘဲ အိုဇာတ်နာဇာတ် သေဇာတ်တွေခင်းပြီးတော့ နေကြပါကလား၊ ဝဋ်သုံးပါးလည်နေပါကလားလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မြင်တော်မူပါတယ်။

အဲဒီက စပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီဝဋ် ၃-ပါးကို ဘယ်ဝဋ်ကစပြီး ဖြတ်ရသတ်ရပါမလဲလို့ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တော့ ယောဂီတို့ ကိလေသာဝဋ်ကို ဖြတ်သတ်ရမယ်တဲ့၊ (မှန်ပါ့ဘုရား)။

နံပါတ် (၁) ကိလေသာကို မြင်တော်မူတယ်နော်၊ (မှန်ပါ့ဘုရား) ကိလေသာသတ်မှ ကိလေသာ ဇာတ်သိမ်းမှ ကံက ဇာတ်သိမ်းမှာကိုး၊ (မှန်ပါ့ဘုရား) ကံဇာတ်သိမ်းမှ ရုပ်နာမ် ၂-ပါး အို,နာ, တေဘေး ငြိမ်းမယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ယောဂီတို့၊ နံပါတ် ၁-၂-၃တို့တွင် ဘယ်သူ့အရင်သတ်ရမယ်၊(နံပါတ် ၁-ပါဘုရား)နံပါတ် ၁-ကိလေသာဝဋ်ကို သတ်ရမယ်၊ဒီ ကိလေသာကို အကျဉ်း ချုံးလိုက်ပြန်တော့လဲ တဏှာ မာန ဒိဋ္ဌိကိုး၊ (မှန်ပါ့ဘုရား)။

အဲဒီ တဏှာ မာန ဒိဋ္ဌိတွင် ခေါင်းဆောင်က ဒိဋ္ဌိ(မှန်ပါ့ဘုရား) သူ့ကိုသတ်ရမယ်၊ သူ့ကို အရင်ဖြတ်ရလိမ့်မယ်နော်၊ (မှန်ပါ့ဘုရား) ဒိဋ္ဌိဆိုတာ ဘာလဲဘုရားဆိုတော့၊ အတ္တဒိဋ္ဌိ သတ္တဒိဋ္ဌိ ပုဂ္ဂလဒိဋ္ဌိ ဆိုတာ အတူတူပါဘဲ၊ (မှန်ပါ ဘုရား)။

ဒီနေရာမှာ ဒီဝဋ်ကျွတ်အောင် ဘယ်လို လုပ်ရပါမလဲ၊ သတ်ရပါ့မလဲ ဖြတ်ရပါမလဲ ဆိုတော့မှ ဝိပါကဝဋ်ဆိုတဲ့ ဒီရုပ်နာမ် ၂-ပါးသတ်လို့ လူသာ သေရုံသာရှိမယ်၊ ဝဋ်မကျွတ်ဘူး၊(မှန်ပါ့ ဘုရား)။

ကုသိုလ် အကုသိုလ်ကံတွေ မလုပ်ရင် ပြီးတာဘဲလို့ တချို့က ပြောနေကြတယ်၊ တချို့ကလဲ ကုသိုလ် အကုသိုလ် လုပ်လဲ

အပိုဘဲလို့ ပြောကြယူကြတယ်၊ ကုသိုလ်လုပ်လဲ နောက်ဘဝ ရှိတာမဟုတ်ဘူး၊ အပိုဘဲလို့ ပြောကြယူကြတယ်၊ ဒီကုသိုလ် အကုသိုလ် လုပ်သည်ဖြစ်စေ၊မလုပ်သည်ဖြစ်စေ နောက်ဝိပါက ဝဋ်က ကျွတ်တာ မဟုတ်ဘူး၊ (မှန်လှပါ)။

ငါ-ကုသိုလ်တွေလဲ မလုပ်ဘူး အကုသိုလ်တွေလဲ မလုပ်ဘူး ဆိုတဲ့ အယူကိုက အကုသိုလ်ဖြစ်နေတာ၊ အဲဒီ အယူမှ မိစ္ဆာဒိဋ္ဌိ အကြီးစားဘဲ၊ အဲဒီအယူကိုက အကုသိုလ် ဖြစ်နေတော့ အဲဒီ အကုသိုလ်ကိုက အပါယ်လေးပါးကို ချမှာ သေချာတယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် နံပါတ်(၃) ဝိပါကဝဋ်ကျွတ်အောင် ကိလေသာဝဋ်ကို သတ်ရမယ်၊ ကိလေသာ သတ်မှ ကံသေမယ်၊ ကမ္မဝဋ်ကျွတ်မှ ဟောဒီ ဝိပါကဝဋ် အို-နာ-သေ ဟောဒီ ရုပ်နာမ် နှစ်ပါး ဇာတ်သိမ်းပြီး နိဗ္ဗာန်ရောက်၍ အေးငြိမ်းမယ်၊ (မှန်ပါ့ဘုရား)။

ကိလေသာ ၃-ပါးတို့တွင် အယူလွဲတဲ့ အတ္တဒိဋ္ဌိ၊အဲဒီ အတ္တဒိဋ္ဌိဆိုတာ ဘာလဲဘုရားလို့ မေးတော့ ရုပ်နာမ်ကို ငါဘဲ သူဘဲ အသက်လိပ်ပြာ သတ္တဝါဘဲလို့ ယူထားတဲ့ အယူမှားပါဘဲ၊ (မှန်လှပါ)။

မြတ်စွာဘုရားက ၃၁-ဘုံမှာ ငါ-သူ-သတ္တဝါ မရှိဘူးတဲ့၊ (မှန်ပါ့ဘုရား)ယောဂီတို့က ရှိတယ်၊ ဘုရားအယူက မရှိဘူး၊ အများအယူက ရှိတယ်၊ ဒါဖြင့် ဘုရားအယူနဲ့ အများအယူ တူသေးရဲ့လား၊ (မတူပါဘုရား) ဘုရားအမြင်နဲ့ အများ

အထင် တူသေးရဲ့လား၊ (မတူပါဘူးဘုရား)တခြားစီ ဖြစ်နေတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရားအယူ ယူရင် အများအယူက လွတ်သွားလိမ့်မယ်၊ ဒိဋ္ဌိပြုတ်သွားလိမ့်မယ်၊ ဒိဋ္ဌိ သေသွားလိမ့်မယ်နော်၊ (မှန်ပါ့ဘုရား) ဒိဋ္ဌိသေရင် တဏှာလဲ ပါပြီးတော့ အိုနာဇာတ်သိမ်း ဝိပါကဝဋ်ကြီး ငြိမ်းပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) ဒါကြောင့် ဒီ ဒိဋ္ဌိကို ရှေးဦးစွာသတ်ရမယ်နော် ယောဂီတို့၊ (မှန်ပါ့ဘုရား) ဘာကြောင့်လဲ၊ (ဒိဋ္ဌိက အပါယ်ချလို့ပါဘုရား)။

ဒါဖြင့် မိဒိဋ္ဌိကို ဘာနဲ့သတ်ရမလဲ ဆိုရင်ဖြင့် ယောဂီတို့ အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်ရတာဘဲ၊ အတ္တဒိဋ္ဌိကိုဖြင့် အနတ္တဝိဇ္ဇာနဲ့ သတ်လိုက်ရင် အတ္တဒိဋ္ဌိသေတာပေါ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲ-ဒါဖြင့်ရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ၃၁-ဘုံမှာ ငါ-သူ-သတ္တဝါ မရှိတဲ့၊ (မှန်ပါ့ဘုရား) သတ္တဝါ မရှိဘူးဆိုတော့ ယောကျ်ားကော၊ (မရှိပါ ဘုရား) မိန်းမကော၊ (မရှိပါ ဘုရား) လူ-နတ်--ဗြဟ္မာ ကော၊ (မရှိပါဘုရား)သတ္တဝါမရှိဘူး ဆိုတာနဲ့ ပုရွက်ဆိတ် ကလေးတွေကစပြီး လူ-နတ်-ဗြဟ္မာ-ဘာမှမရှိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် လူ-နတ်-ဗြဟ္မာ သတ္တဝါ မရှိဆိုတော့ မြတ်စွာဘုရားက ရုပ်နဲ့နာမ်သာ ရှိတယ်၊ (မှန်ပါ့ဘုရား)အဲဒီလိုယူရမယ်နော်၊ (မှန်ပါ့ ဘုရား)တရားသာရှိ သဘောသာရှိတယ်

လို့ ဒီလိုယူရမယ်၊ (မှန်ပါ့ဘုရား) ဒါကြောင့်မို့ အတ္တဒိဋ္ဌိကို ဖြုတ်ကြပါစို့ လိုက်ဆိုကြ....

"မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊အပေါက် အကြားဓာတ်၊ အသိဓာတ်"

ဓာတ်ခြောက်ပါး မဟုတ်လား၊ (မှန်ပါ့ ဘုရား)ယောဂီ တို့ခန္ဓာမှာ၊(ဓာတ် ၆-ပါးပါ ဘုရား)နတ်ခန္ဓာမှာ၊(ဓာတ် ၆-ပါး ပါဘုရား) ခွေး-ဝက်-ဆင်-မြင်း-ကျွဲ-နွားတွေ ခန္ဓာမှာ၊ (ဓာတ် ၆-ပါး ပါဘုရား) ဒါဖြင့် သက်ရှိများမှာ၊ (ဓာတ် ၆-ပါး ပါဘုရား) သက်မဲ့များမှာ၊ ဓာတ် ၅-ပါးပါဘုရား) နှစ်ခု ပေါင်းတော့၊(ဓာတ် ၆-ပါးပါဘုရား) ဒါ ဘယ်လိုမှငြင်းလို့ မရအောင် တကယ်ရှိတဲ့တရား၊ (မှန်ပါ့ဘုရား)။

ဓာတ် ၆-ပါးကို လူလို့ သမုတ်ထားတာ၊ နတ်-ဗြဟ္မာ ရယ်လို့ ပညတ်ထားတာ၊တော တောင် ရေ မြေ သမုဒ္ဒရာ ရယ်လို့ ·ရုပ်ဓာတ်င ါးပါးကို နာမည် တပ်ထားတာ၊ ပညတ် ထားတာ၊ အမှန် အ စစ် က တော့ ဓာတ်သဘောတရား ၆-ပါးအစစ်ဘဲ၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒီလိုယူလိုက်တော့ အတ္တဘဲ သတ္တဝါဘဲလို့ ယူထားတဲ့ အယူ စင်မသွားဘူးလား၊ (စင် သွား ပါ တယ် ဘု ရား) ဘာကြောင့် စင်သွားသလဲ တရားကိုမြင်လို့ အနတ္တကိုမြင်လို့ အတ္တအယူမှားစင်တယ်၊ (မှန်ပါ့ဘုရား) အနတ္တဆိုတဲ့ တရား သ ဘော တွေ မြင် လိုက် တာ နဲ့ အတ္တဆိုတဲ့ သတ္တဝါဆိုတဲ့

မတရားအပြောအယူတွေ စင်သွားတယ်၊ (မှန်ပါ့ဘုရား) ရှင်းရဲ့လား၊ (ရှင်းပါပြီဘုရား)။

ခုတ် ၆-ပါးကို အကျယ်ချဲ့လိုက်တော့ အရင်တပတ်က ဘုန်းကြီးရှင်းပြပြီးပြီ၊ ၅၄-ပါး၊ ၅၄-ပါးသော သဘော တရားတွေ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) ၅၄-ပါးကို အကျဉ်း ချုံးလိုက်ပြန်တော့ ၆-ပါး မဟုတ်လား၊ (ဟုတ် ပါတယ်ဘုရား) ၆-ပါးကို အကျဉ်းချုံးပြန်တော့၊ ရုပ်နာမ် ပါဘဲ၊ (မှန်ပါ့ဘုရား)။

မြေ-ရေ-လေ-မီး-အာကာသက ရုပ်မဟုတ်လား၊ (ဟုတ် ပါတယ်ဘုရား) သိမှုစိတ်ကလေးက၊ (နာမ်ပါဘုရား) ရုပ်နဲ့ နာမ်ဘဲ ပိုသေးသလား၊ (မပိုပါ ဘုရား) ရုပ်နဲ့နာမ်ဘဲလို့ အမှန်သိလိုက်တော့ သတ္တဝါဆိုတာ ခေါ်ရုံခေါ်ရတာကိုး၊ အမှန်ကတော့ ရုပ်သဘော နာမ်သဘောဆိုတာ အမှန် ရှိတာဘဲ၊ (မှန်ပါ့ဘုရား)။

ဒီလို မြင်လိုက်တော့ သတ္တဝါမရှိဘူးဆိုတာ ဉာဏ်ထဲ ရောက်မလာဘူးလား၊ (ရောက်လာပါတယ်ဘုရား)စိတ်ထဲမှာ ဉာဏ်ဝင်လာတော့ အမှန် မြင်မလာဘူးလား၊ (မြင်ပါတယ် ဘုရား)။

ကဲ - ဒါဖြင့် သတ္တဝါရှိတယ်ဆိုတာ သမုတိသစ္စာလား၊ ပရမတ္ထသစ္စာလား၊ (သမုတိသစ္စာပါဘုရား)အများပြောကြ တာနော်၊ တရားသဘောနဲ့ကြည့်လိုက်တော့ သတ္တဝါဆိုတာ၊ (မရှိပါ ဘုရား) ဘာသာရှိတယ်၊ (ရုပ်နာမ်သာ ရှိပါတယ်

ဘုရား) ရုပ်အစု နာမ်အစု ၂-ခုသာ ရှိပါတယ်၊ (မှန်ပါ့ ဘုရား)အာလုံး သဘောပါကြပြီ၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့်ရင် သေသေချာချာ ဉာဏ်မျက်လုံးဖွင့်ကြည့်လိုက်တော့ ငါလဲ မဟုတ်၊ သူလဲ မဟုတ်၊ သတ္တဝါလဲ မဟုတ်၊ ရုပ်နာမ်အစု ဖြစ်လိုက် ပျက်လိုက် နေတာပါကလား၊ (မှန်ပါဘုရား)။

အဲဒီလို တကယ်တမ်း ဝိပဿနာဉာဏ်နဲ့မြင်ရင် လက္ခဏာထင် ဉာဏ်စဉ်တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်မယ်လို့ သေသေချာချာ မှတ်ပါတော့၊ (မှန်ပါ)။

အတ္တဒိဋ္ဌိပြုတ်ပြီ၊ ငါစွဲ သတ္တဝါစွဲ စင်သွားပြီ၊ စင်သွားရင် အပါယ်လေးပါး၊ အို-နာ ဇာတ်သိမ်း အေးငြိမ်းတော့မယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်ရင် အတ္တအယူမှား ပြုတ်၍ အဲဒီ မဂ်ဖိုလ်ဉာဏ်ရအောင်လို့ ဝိပဿနာ အားထုတ်ပါဟု တိုက်တွန်းသဖြင့် အားထုတ်ကြတာ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ယောဂီတို့ခန္ဓာမှာ ဘာနဲ့ဘာသာတွေ့တယ်၊ (ရုပ်နဲ့နာမ်ပါဘုရား)ရုပ်နဲ့နာမ်က ဘယ်လိုနေတယ်၊ (ဖြစ်ပျက်နေပါတယ်ဘုရား)ဝိပဿနာ ဒါ လမ်းဆုံးပြီ၊ (မှန်ပါ့ဘုရား)။

ရှေးဦးစွာ ရုပ်နာမ်ကို မြင်အောင်လုပ်၊ ရုပ်နာမ် မြင်တာနဲ့တပြိုင်နက် ငါစွဲပြုတ်တယ်၊ မပြုတ်ဘူးလား၊ (ပြုတ်ပါတယ်ဘုရား) ကဲ-လိုက်ဆိုကြပါအုံး။

"သွားချင်တာက နာမ်၊ သွားနေတာက ရုပ်၊ ငါ
မဟုတ်၊ သူ မဟုတ်၊ သွားရင်း သွားရင်း ဒိဋ္ဌိပြုတ်"။

သတိရှိမှနေ၁် သတိမရှိရင်တော့ ငါ သွားနေတာဘဲ၊ (မှန်ပါ့ ဘုရား) သတိကလေးရှိရင် ငါ မဟုတ်ပါကလား၊ နာမ်ခိုင်းလို့ ရုပ်လှုပ် တလှုပ်လှုပ်နဲ့ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် နေပါကလား၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါပြီဘုရား) ကဲ-လိုက်ဆို။

"စားချင်တာက နာမ်၊ စားနေတာက ရုပ်၊ ငါ-မဟုတ်၊ သူ မဟုတ်၊ စားရင်း ဒိဋ္ဌိ ပြုတ်"။

သတိရှိရင် ရုပ်နာမ် မြင်တယ်၊ ဖြစ်ပျက်ကို ပေါ်လာမယ်၊ သတိမရှိရင် ငါဘဲ-သူဘဲဟု ထင်နေတာဘဲ၊ စွဲနေတာဘဲ ယောဂီတို့၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကဲဆို...."အိပ်ချင်တာက နာမ်၊ အိပ်နေတာက ရုပ်၊ ငါ မဟုတ်၊ သူ မဟုတ်၊ အိပ်တာ နာမ်နဲ့ရုပ်၊ အိပ်ရင်း ဒိဋ္ဌိပြုတ်"။

"ထိုင်ချင်တာက နာမ်၊ ထိုင်နေတာက ရုပ်၊ ငါ မဟုတ်၊ သူ မဟုတ်၊ ထိုင်တာ နာမ်နဲ့ရုပ်၊ ထိုင်ရင်း ဒိဋ္ဌိပြုတ်"။

မပြုတ်ဘူးလား၊ (ပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိပြုတ်တယ်ဆိုကတဲက အတ္တအစွဲကြီး ပြုတ်သွားတယ်ဆိုကတဲက ကိလေသာဝဋ် သေတာပေါ့၊ ကိလေသာဝဋ် သေရင် ကမ္မဝဋ်ကကော မနေနိုင်တော့ဘူး၊ ကမ္မဝဋ် မနေနိုင်တော့ အပါယ် လေး ပါး ကျရောက်ရမဲ့ ဝိပါကဝဋ်ဆိုတဲ့ အပါယ်လေးပါး ရုပ်နာမ်ခန္ဓာ ဇာတ်သိမ်းငြိမ်းရော၊ (မှန်ပါ့

ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) အားလုံးသဘော ပါရဲ့လား၊ (ပါ-ပါတယ်ဘုရား)။

ဒီကနေ့ ဝဋ်သုံးပါး စက်လည်နေပုံလဲ ပေါ်သွားပြီ၊ (ပေါ်ပါပြီဘုရား)ယောဂီတို့ခန္ဓာမှာ ဝဋ် ၃-ပါးကြီးလည်နေပုံလေ၊ (မှန်ပါ့ဘုရား) ကိလေသာဝဋ်ကြောင့် ဘာဖြစ်တယ်၊ (ကမ္မဝဋ်ပါ ဘုရား)ကမ္မဝဋ်ကြောင့်၊ (ဝိပါကဝဋ်ပါ ဘုရား) ဟာ-ဒါဖြင့် အိမ်တိုင်း အိမ်တိုင်း ဝဋ်ကောင်ချည်းဘဲ၊ သတ္တဝါတိုင်း ဝဋ် လည်နေတာချည်းဘဲ၊ ဝဋ် ခံနေရတာချည်းဘဲ၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် သံသရာဝဋ်ဆင်းရဲဆိုတာ ရုပ်နာမ် ၂-ပါး ဝဋ်လည်နေတာကို ဘုရားဟောလိုက်ပါတယ်၊ (မှန်ပါ့ဘုရား) ရှင်းကြပြီနော်၊ (ရှင်းပါပြီ ဘုရား) သဘောပေါက်ပြီနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဝဋ်ကြီး သံသရာကြီး ဆင်းရဲကြီး ဘာကြောင့် လည်နေတယ်ဆိုတာကို ကောင်း ကောင်း ကြီး သိ ပါ ပြီ၊ (မှန်ပါ့)ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်ကြောင့် ကိလေသာဖြစ်တယ်ဆိုတော့ လုံးလည်လိုက်ပြီး နေတယ်၊ (မှန်လှပါဘုရား)။

ဒီစက်ကြီးကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်ကြီးနဲ့ကြည့်ပြီးတော့ ဟေ့-ကိလေသာသတ်ရင် ကံသေ လိမ့်မယ်၊ ကိလေသာနဲ့ကံသတ်ရင် ဝိပါကဝဋ် ဇာတ်သိမ်း၍ အေးငြိမ်းပါလိမ့်မယ်လို့ ဟောတော်မူလိုက်တယ်၊ (မှန်ပါ့ ဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ ဝိပဿနာ အားထုတ်တယ်ဆိုတာ တိုတိုကလေး မှတ်ပါတော့၊ ယောဂီတို့ ကိလေသာကို သတ်နေတာ၊ (မှန်ပါ့ဘုရား) တနည်းအားဖြင့် ဘာနဲ့တူသလဲဆိုတော့ ယာများ လယ်များ လုပ်တော့မယ်ဆိုတော့ မိုးမကျမီ ယာထဲ လယ်ထဲမှာရှိကြတဲ့အမှိုက်တွေ ပေါင်းတွေ ဆူးတွေ သစ်ပင်တွေ ခုတ်ထွင်ရှင်းလင်းပြီးသကာလ ယောဂီတို့ မီးမတိုက်ဘူးလား၊ (တိုက်ပါတယ်ဘုရား)။

အဲဒီလို လယ်မလုပ်ခင် အမှိုက်သရိုက်တွေ ရှင်းလင်း သုတ်သင် စုဆောင်းတာနဲ့ ဝိပဿနာ အားထုတ်တာနဲ့ တူတယ်၊ (မှန်ပါ့ ဘုရား) အမှိုက်သရိုက်တွေ စုပုံပြီး မီးရှို့လိုက်တာနဲ့ မဂ်ဉာဏ်ရတာနဲ့ တူပါတယ်၊ (မှန်ပါ့ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှေးဦးစွာ အမှိုက်တွေ စုတာက ဝိပဿနာ၊ မီးရှို့ပစ်လိုက်တာက မဂ်ဉာဏ်ရတာ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) မီး တိုက် ချ လိုက် ရင် ဒီ အမှိုက်ပုံကြီးဟာ ပြာမကျသွားဘူးလား၊ (ကျသွားပါတယ် ဘုရား) ပြာကျသွားရင် လယ်ထဲမှာ ရှင်းမသွားဘူးလား၊ (ရှင်းသွားပါတယ် ဘုရား)။

အဲဒီ ဉပမာကဲ့သို့ ဝိပဿနာ အားထုတ် နေတယ် ဆိုတာ ကိလေသာအမှိုက်တွေစုနေတာယောဂီတို့၊ (မှန်လှပါဘုရား) အဲဒီကိလေသာအမှိုက်တွေစုပြီးပုံမိတဲ့အခါကျတော့ မဂ်ဉာဏ် လာပြီးတော့ မီးတိုက်လိုက်တယ်၊ မီးတိုက်ရင် ခုနက တဏှာ မာန ဒိဋ္ဌိ အစွဲတွေ အမှိုက်တွေ ပြုတ်ပြုတ်ပြုန်းသွားလိမ့်မယ်၊

ကိလေသာဝဋ် သေသွားပါလိမ့်မယ်၊ ကိလေသာဝဋ်သေရင် ကမ္မဝဋ် မသေဘူးလား၊ (သေပါတယ် ဘုရား) ကံသေရင် ဝိပါကဝဋ် မငြိမ်းဘူးလား၊ (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခငြိမ်းချင်ရင် ဝိပဿနာအားထုတ်ရလိမ့်မယ်၊ ဘုရားပေးတဲ့ သီလ-သမာဓိ-ပညာဆိုတဲ့ လက်နက်နဲ့ ပယ်ဖျက်ရလိမ့်မယ်၊ သီလ သမာဓိ ပညာဆိုတဲ့ ရေနဲ့ ကိလေသာမီးကို လောင်းရပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီတို့ကို ဒီနေ့ သေနည်း သင်ပေးလိုက်ပြီ၊ သေခါနီးမှ ဘယ်သူ မလာသေးဘူးလား၊ ဘယ်သူ့ခေါ်ပေးပါအုံး လုပ်မနေနဲ့၊ (မှန်ပါ့ဘုရား) အဲဒါ လောဘဘဲ၊ ငါတော့ သေရတော့မှာဘဲ၊ ပရိတ်တွေလဲရွတ်ကြ၊ သက်န်းတွေလဲ အလှူခိုင်းနဲ့ ဆိုပြီး စိတ်မကောင်းခြင်း မဖြစ်ပါနဲ့၊ (မှန်ပါ့ ဘုရား) အဲဒါ ဒေါသဘဲ၊ အမှတ်တမဲ့သေရင် မောဟ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ကြိုတင်ပြီးတော့ တရားရအောင် ကြိုးစားအားထုတ်ထား၊ အဲဒီလို အားထုတ်လို့ မရသေးရင်လဲ သေခါနီးမှာ အနားကို ဘယ်သူမှ မလာစေနဲ့၊ အခုသင်တန်းတက်ထားတယ် မဟုတ်လား၊ ဘယ်လိုရှု၊ ဘယ်လိုပွားရမယ်ဆိုတာ သင်ထားတယ် မဟုတ်လား၊ (မှန်ပါ့ဘုရား)။

ယောဂီတို့ခန္ဓာမှာ ဘာနဲ့ဘာ ရှိ၊ (ရုပ်နဲ့နာမ်ပါဘုရား) ရုပ်နဲ့နာမ် ဘယ်လိုနေ၊ (ဖြစ်ပျက်နေပါတယ် ဘုရား) အဲဒီ

ဖြစ်ပျက်ကလေး အသာကလေး ကပ်ရှုနေ၊ ပူ-ပူတာကလေး ကပ်ရှု၊ ဆင်းရဲလျှင် ဆင်းရဲတာကလေး ဆင်းရဲတာ ရှု၊ ပျက်ပြီ သိ၊ ဆင်းရဲတာရှု၊ ပျက်ပြီ သိ၊ ဟောဒီလိုရှုနေရမယ်နော်၊ (မှန်ပါ့ဘုရား)။

အဲဒီလို တရားကို မဆင်ခြင်ဘဲနဲ့ မမြင်ဘဲနဲ့ လောဘ ဒေါသ မောဟတွေ ဖြစ်ပြီး လောဘ ဒေါသ မောဟနဲ့ သေရင် အပါယ်လေးပါးမှတပါး သွားစရာလမ်း မရှိဘူး နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ယောဂီတို့ သေနည်း သင်ပေးလိုက်ပါတယ်၊ (မှန်ပါ့ဘုရား) သေကော သေတတ်ပြီလား၊ (သေတတ် ပါပြီ ဘုရား) ဟောဒီစိတ်ကလေး တရားပေါ်မှာထားပြီး သေပါ၊ (မှန်ပါ့ဘုရား) တရားကို မှတ်ပြီးတော့ သေပါ၊ တရားကို ရှုပြီးတော့ သေပါ၊ (မှန်ပါ့ဘုရား) တရားကို ဆင်ခြင်ပြီးတော့ သေပါ၊ (မှန်ပါ့ဘုရား)။

ဘယ်သား ဘယ်သမီး ဘယ်သူ မလာသေးဘူးလား ခေါ်ပေးစမ်းပါ လုပ်မနေနဲ့၊ အဲဒါ လောဘတွေနော်၊ (မှန်ပါ့ဘုရား) ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

နိမိတ်မရှိတာတွေ သေနည်း သင်ပေးတယ်လို့ မယူဆနဲ့၊ (မယူဆပါ ဘုရား) သေမှာက နေ့လား ညလား မုချ ဖြစ်နေတယ်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ကိလေသာသတ်ရင် ကံ မသေဘူးလား၊ (သေပါတယ် ဘုရား) ကံ သေရင် ဒိဝိပါကဝဋ် ရုပ်နာမ် ၂-ပါး ဒုက္ခမငြိမ်းဘူးလား၊ (ငြိမ်းပါတယ် ဘုရား) ဒုက္ခ

ငြိမ်းချင်ရင် ကိလေသာ သိမ်းရမယ်၊ (မှန်ပါ့ ဘုရား) ကိလေသာ ဘာနဲ့ သိမ်းရမလဲဆိုရင် ဉာဏ်နဲ့ သိမ်းရမယ်၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)ပေါ်ပြီလား၊ (ပေါ်ပါပြီ ဘုရား)။

အဲ-အချိန်စေ့ပြီ လက်အုပ်ချီကြ အားလုံးသော သင်ယောဂီ ရဟန်းရှင်လူ အပေါင်းတို့အား ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဝဋ် ၃-ပါးကြီး ဤ ၃၁-ဘုံလောက ကြီးမှာ အစမထင် အဆုံးမမြင်အောင် လည်နေပုံကိုရင်း၊

ဤကဲ့သို့ လည်နေသမျှ ဒုက္ခကြီး ဖြစ်နေရပုံကိုရင်း၊ ဒုက္ခတွေ ငြိမ်းချင်ပါတယ် ဆိုလျှင် ဝဋ် ၃-ပါးတို့တွင် ကိလေသာဝဋ်ကို ပညာ လက် နက် ဖြင့် သတ် ရ ပုံ ကို ရင်း ကရုဏာတရား မေတ္တာထား၍ ဟောကြားလိုက်ပါသည်။

ဤကဲ့သို့ ဆုံးမ ဟောကြားလိုက်သော သေနည်းသင် တရားမှန် တရားစစ်တို့ကို ကြားနာ သိမြင်ကြရကုန်သော အားလုံးသော သင်ယောဂီ ရဟန်းရှင်လူ အပေါင်းတို့မှာ ဤကဲ့သို့ ကြားနာရတာ မိမိ တို့ အ တွက် အ သိ ခဝတ် အလိမ္မာခတ်တွေ တိုးပြီးသကာလ သေနည်းတွေ ရခဲ့ပါလျှင် တရားတော်ကို ချီးကျူးသောအလား ဝမ်းမြောက်သောအနေအားဖြင့် ၃-ကြိမ် သာဓု-သာဓု-သာဓုလို့ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# မင်္ဂလသုတ် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၉၇၁-ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ရန်ကုန်မြို့ သမိုင်းရပ်၊ မရမ်းခြံ 'အောင်'မေရိပ်သာ၌ အောင်မင်္ဂလာ ဆရာတော် ဘုရားသည် ရက္ခန်းသည်မလေး အား သက်သေသာဓကတင်၍ နေ့စဉ် မင်္ဂလသုတ် ကမ္မဋ္ဌာန်းပွားကာ တရားသာ အားကိုးရာ ဖြစ် ကြောင်းဟူသော တရားတော်ကို ဟောကြားတော် မူသည်။

မျက်လုံးကလေးမှိတ်ပြီး နားမှာကြားသောတရားတော်ကို ရင်က ခွဲခြမ်းစိတ်ဖြာ၍ နာယူကြပေတော့၊ စိတ်ကို တခြားသို့ မလွင့်ပါးစေဘဲ တရားပေါ်၌သာ အာရုံပြုပြီး နာယူကြပါ။

အနိစ္စာဘူတော အယံလောကော၊
တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊
အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

အယံလောကော- ဤ လူများ အပေါင်းသည်၊ အယံ လောကော - ဤ လူခေါ်ကြတဲ့ သတ္တဝါ အပေါင်းသည်၊ အန္ဓီဘူတော၊ ပညာမျက်စိ လုံးလုံးမရှိသဖြင့် အကန်းအတိ သာ ဖြစ်ပါပေ၏၊ ဧတ္ထ-ဤလူလောကကြီးတခုလုံး၌၊ ဧတ္ထ

လောကေ-လူခေါ်တဲ့ ဤ သတ္တလောက ကြီး အတွင်း ၌၊ တနုကော - အနည်းငယ်မျှသော လူ သား သတ္တ ဝါ သည်၊ ဝိပဿတိ-ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တတရားကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တွေ့နိုင်ပါပေ၏။

ကိမိဝ-ဥပမာပုံဆို အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဇာလ မုတ္တော-မုဆိုးလက်နက် ပိုက်ကွန်ယက်မှ လွတ်ထွက်၍သွားနိုင် သော၊ သကုဏော-ငှက်ဆိုတဲ့ သတ္တဝါသည်၊ အပ္ပေါ-အနည်း ငယ်မျှသာရှိသကဲ့သို့၊ တထာ-ထို့အတူ၊ ဇာလမုတ္တော-မရဏာ ကွန်ယက် သေမင်းလက်မှ လွတ်ထွက်၍၊ သဂ္ဂါယ-နတ်ပြည် နိဗ္ဗာန်သို့၊ဂစ္ဆတိ-သွားနိုင်သောလူသည်၊ အပ္ပေါ-အနည်းငယ် သာလျှင် အမှန်ပင် ဖြစ်ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

အဲဒီ ဒေသနာတော်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက် တော် ထင် ရှား ရှိ တော် မူ စဉ် အခါတုံးက ဘယ်မှာ ဟောကြားတော် မူတာလဲဆိုတော့ ဘုရားရှင် ကိုယ်တော် မြတ် ကြီး သည် သာ ဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပြီးနေတော်မူတယ်။

တနေ့သောအခါ ထိုဇေတဝန်ကျောင်းတော်မှ အာဠဝီ ပြည်သို့ ရဟန်းတော်များနှင့်ကြွ၍ အဂ္ဂါဠဝ ဆို တဲ့ စေတီ ကျောင်းမှာ သီတင်းသုံးပြီး နေတော်မူတဲ့အခါ အာဠဝီ ပြည်သူပြည်သားတွေက ဘု ရား ရှင် ကိုယ် တော် မြတ် ကြီး ကြွလာတော်မူတယ်လို့ သတင်းကြားတော့ တမြို့လုံး အုံးအုံး

ကျက်ကျက်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ ဆည်းကပ်ပြီး မြို့သူမြို့သားတွေဟာ သံဃာတော် ငါးရာကို ဆွမ်းလုပ်ကျွေးကြတယ်။

ဤကဲ့သို့ ဆွမ်းများ လုပ်ကျွေး ပူဇော် လှူဒါန်းပြီးသကာလ တပည့်တော်များအားသနားသဖြင့် အနုမောဒနာ အစဉ်ဝမ်းမြောက်ဘို့ တရားတော်များ ဟောကြားဆုံးမတော်မူပါဘုရားလို့ ဤကဲ့သို့ လျှောက်ထားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အင်မတန် အရေးကြီးတဲ့ တရားတွေ ပထမဆုံးအကြိမ် ဆုံးမတော်မူပါတယ်။

ဘာတွေ ဆုံးမသလဲဆိုတော့ အားလုံးသော တကာ-တကာမ သတ္တဝါတို့အား လေးမျိုး လေးပါးသော တရားစကားကို ဘုရားရှင် ကိုယ်တော်မြတ်က ဆုံးမတော်မူလိုက်တယ်။

မဂ္ဂဿတိံ ဘာဝေထ၊ မဂ္ဂဿတိံ ဘာဝေထ။

ချစ်သား ချစ်သမီးတို့ - သေခြင်းတရားကို အောက်မေ့ကြ၊ သေခြင်းတရားကို မမေ့ကြနဲ့၊ သေခြင်းတရားကို အဖန်ဖန် ပွားကြပါ။ သေခြင်းတရား ဘယ်လို ပွားရမှာလဲဆိုတော့ ဒီလို ပွားရမယ်ဆိုပြီး-

၁။ အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ။

၂။ အဝဿံ မယာ မရိတဗ္ဗမေဝ။

၃။ မရဏပရိယောသာနံ မေ ဇီဝိတံ။

၄။ ဇီဝိတမေဝ အနိယတံ၊ မရဏံ နိယတန္တိ ဧဝံ မဂ္ဂဿတိံ ဘာဝေထ။

၁။ မေ-ငါ၏၊ ဇီဝိတံ - အသက်ရှင်ခြင်းသည်၊ အဒ္ဓုဝံ-အမြဲမရှိပါတကား၊ မေ-ငါ၏၊ မရဏံ-သေရခြင်းသည်၊ ဓုဝံ-အမြဲရှိနေပါတကား။

၂။ မယာ-ငါသည်၊ အဝဿံ-မုချမသွေ၊ မရိတဗ္ဗမေဝ-သေရမှာ အမှန်ပါတကား။

၃။ မေ၊ငါ့အား၊ (ဝါ) ငါ၏၊ ဇီဝိတံ-အ သက်ရှင်ခြင်းသည်၊ မရဏပရိယောသာနံ - သေခြင်းသာလျှင် အဆုံးရှိနေပါတကား။

၄။ ဇီဝိတမေဝ- အသက် ရှင်ခြင်းသည် သာလျှင်၊ အနိယတံ- အမြဲမရှိပါတကား၊ မရဏံ-သေခြင်း ဆိုတဲ့တရားသည်၊ နိယတံ-အမြဲ ရှိနေပါတကား၊ ဣတိဧဝံ-ဤသို့ ဤပုံ၊ မရဏဿတိံ - သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်းကို၊ ဘာဝေထ- ပွားများကြကုန်လော့-လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆုံးမသွားတော်မူတယ်။

အဲဒီတော့ သေခြင်းတရားကို အဖန်ဖန် အောက်မေ့ကြ သေခြင်းတရားကို အဖန်ဖန် ပွားကြ၊ ဘယ်လို အောက်မေ့ ဘယ်လိုပွားရမှာလဲ ဆိုတာကို ဘုရားရှင် ကိုယ်တော်မြတ်က သင်ပေးတော်မူခဲ့တယ်၊ အဲဒီလို သေခြင်းတရားကို အဖန်ဖန် အောက်မေ့ပြီးတော့ နေမယ်ဆိုရင် အဖန်ဖန် ပွားများပြီး နေရင် ဥပမာ ဘာနဲ့ တူသလဲဆိုတော့။

တခါမှ မြွေကိုမမြင်ဘူးသေးတဲ့ သူတဦးက မြွေကြီး တကောင်ကို တွေ့တော့ ဒီမြွေကြီးကို ဘယ်လိုလုပ်ရမယ်လဲ

မသိ- ကြောက်ရွံ့လို့ အော်ဟစ်ကာ ပြေးလွှားပြီး သေပွဲဝင်ရတယ်၊ စောစောထဲက မြွေကို တွေ့ဘူးမြင်ဘူးထားတဲ့ သူကတော့ မြွေကြီး မိမိထံလာရင် ဒုတ်ကိုင်ပြီး ရိုက်နှက် ကာကွယ်ရတယ်ဆိုတာကို သိထားတော့ မြွေတွေ့ရင် မကြောက်တော့ဘူး၊ ကိုယ့်ဆီလာရင် ဒုတ်နဲ့ ကာကွယ်တတ်တယ်၊ ဖယ်ရှားတတ်တယ်၊ အဲဒီလို ဖယ်ရှားလိုက်တော့ မြွေရဲ့ လက်တွင်းမှ လွတ်ပြီး ချမ်းသာရသလို။

ဒီမှာလဲ သေခြင်းတရားကို အဖန်ဖန် မအောက်မေ့ သတိမရ မပွားများတဲ့ ပုဂ္ဂိုလ်ကျတော့ သေဘေးနဲ့ တွေ့တဲ့အခါ ငါတော့ သေရတော့မှာဘဲ သေရတော့မှာဘဲ၊ဒီလင် ဒီမယား ဒီသား ဒီပစ္စည်းဥစ္စာ ရတနာတွေနဲ့ ခွဲရတော့မှာဘဲ ဆိုပြီး ကြောက်လန့်ခါ သေခါနီး မျက်ရည် လည်လာတတ်တယ်၊ ဒါတင်မကသေးဘူး ငါဟာသေရမှာဘဲ ငါဟာသေရမှာဘဲ ငါသည် သေမယ်လို့ ဖြစ်လာတာပါကလားလို့ အဖန်ဖန် ပွားထားတာ မဟုတ်တော့ သေဘေးနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့တဲ့ အခါမှာ ပူပန်စိုးရိမ်ပြီး သေတတ်တယ်၊ ဒီကဲ့သို့သေရရင် လောဘနဲ့သေရင်ပြိတ္တာဖြစ်၊ဒေါသနဲ့သေရင် ငရဲကျ၊မောဟနဲ့ သေရင် တိရစ္ဆာန် အမှန်ဖြစ်ရတယ်။

ဒါကြောင့် ကြိုတင်ပြီး သေခြင်းတရားကိုသတိရ အောက်မေ့ပွားများထားရမယ်တဲ့။

၁။ ငါ၏ အသက် ရှင်ခြင်းသည် အမြဲ မရှိပါတကား၊ ငါ၏ အသက် သေခြင်းသည်သာ အမြဲရှိနေပါတကား။

၂။ ငါသည် မုချသေရမှာပါတကား။

၃။ ငါ၏ အသက် ရှင်ခြင်းသည် သေခြင်းသာလျှင် အဆုံးရှိနေပါတကား။

၄။ အသက် ရှင်ခြင်းသည် အမြဲမရှိ၊ အသက်သေခြင်း သည်သာလျှင် အမြဲရှိပါတကားလို့ ကိုယ့်ခန္ဓာကိုယ်ကို ကြည့် ပြီး အကြိမ်ကြိမ် ပွားထားမယ်ဆိုရင် သေဘေးနဲ့ ကြုံလာတဲ့ အခါ ကိုယ်က သိပြီးသား ပွားများပြီးသား ဖြစ်နေတယ်၊ ဒီတော့ ဘာမှ မကြောက်ဘူး၊ ပြုံးပြုံးကလေးနဲ့ သေရဲ တယ်တဲ့။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မရဏာ နုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် ပွားများကြရမယ်လို့ အားလုံး သော၊ မြို့သူမြို့သားတွေကို ဟောကြား ဆုံးမတော် မူသွား တယ်၊ (မှန်လှပါဘုရား))

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဆုံးမတော် မူသွားသလို ဘဲ တရားနာနေကြတဲ့ ခင်ဗျားတို့တတွေလဲ မရဏာနုဿတိ ကမ္မဋ္ဌာန်း ပွားများတတ်အောင် ကဲဆိုကြ....

၁။ "ငါ၏အသက်ရှင်ခြင်းသည် မမြဲပါတကား၊ ငါ၏ အသက်သေးခြင်းသည် အမြဲပါတကား"။

အဲဒီတရားကို အကြိမ်ကြိမ် ပွားများပြီး ပေးရမယ်နော် (မှန်ပါဘုရား) မသေဘဲနေလို့ရပါ့မလား၊ (မရပါဘုရား)၊ ဖြစ်လာကထဲက ပျက်မယ်လို့၊ (မှန်ပါ့ ဘုရား) မွေးလာကထဲ ကသေမယ်လို့ မွေးလာကြတာ မဟုတ်လား(မှန်လှပါဘုရား) အဲဒီတော့ သေခြင်းတရားတွေ မေ့နေမယ်ဆိုရင် ဘွားကနဲ

သေဘေးနဲ့ ကြုံရင် ကြောက်တယ်လန့်တယ် ထိတ်တယ် ဒီလို မဟုတ်လား၊ (မှန်လှပါဘုရား)။

အပန်ဖန် ပွားများ ထားတော့ သေဘေးနဲ့ ကြုံရင် ကြောက်စရာ လန့်စရာ ထိတ်စရာမလို ပြုံးပြုံးလေး သေရဲ တာပေါ့နော်၊ ဒါ့ကြောင့်-

၁။ "ငါ၏အသက်ရှင်ခြင်သည် မမြဲပါတကား၊ ငါ၏ အသက်သေခြင်းသည် အမြဲပါတကား" အဲဒီလိုပွားကြနော်၊ (မှန်ပါ) အသက်ရှင်တာက အမြဲမရှိဘူး၊ အသက်သေရမှာ ကတော့ ဘယ်သူဖြစ်ဖြစ် အမြဲပါဘဲနော်၊ (မှန်လှပါဘုရား) အဲဒါကလေးကို ထပ်ခါထပ်ခါ ပွားပေးရတယ်တဲ့၊ အရေး မကြီးဘူးလား၊ (ကြီးပါတယ်ဘုရား)။

ပုထုဇဉ်တွေ ဆိုတော့ ကြောက်တယ် ရွံ့တယ် ထိတ်တယ်၊ တကယ်တမ်း ကြောက်လန့်ကြ ထိတ်ကြရင် မဖြစ် မပျက်တဲ့ နိဗ္ဗာန်ရောက်အောင် တကယ်တမ်း အားထုတ်ရဲဘဲ ရှိတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဆိုကြပါအုံး "ငါ၏ အသက်ရှင်ခြင်းသည် မမြဲပါ တကား၊ ငါ၏ အသက် သေခြင်းသည် အမြဲပါ တကား"။

ရှင်းတာကတော့ မမြဲ-သေတာကတော့ အမြဲဘဲ၊ (မှန်ပါ) ဒါဖြင့် ခင်ဗျားတို့သာဘဲလား ဆိုတော့ လောကသုံးပါး အတော အတွင်းမှာ ၃၁-ဘုံမှာ ဖြစ်လာကြတဲ့ လူ-နတ်-ဗြဟ္မာ-သတ္တဝါတွေမှန်သမျှ ဒီအတိုင်းဘဲ မဟုတ်လား၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒီ လောကကြီးသည် အသေ လောကကြီးလို့ မခေါ်ထိုက်ဘူးလား၊ (ခေါ်ထိုက်ပါတယ် ဘုရား) ခေါ်ရင်ကော မှားမလား၊ (မမှားပါဘူးဘုရား) အသေလောကကြီးဘဲ၊ ဒီအသေလောကကြီးဟာ စုံမက်စရာလား၊ (စုံမက်စရာ မဟုတ်ပါဘူးဘုရား) ဒီလောကကြီးကို သာယာစုံမက်နေရင် အသေကို စုံမက်နေတာနဲ့ အတူတူပေါ့၊ (မှန်ပါဘုရား)။

ဒါကြောင့် "အန္ဓိဘူတော- အယံလောကော"တဲ့၊ အယံလောကော- ဤလူများ အပေါင်းသည်၊ အန္ဓိဘူတော- ဉာဏ်မျက်စိ လုံးလုံးမရှိသဖြင့် အကန်းအတိသာဖြစ်ပါပေ၏၊ ဉာဏ်မျက်စိ မရှိတဲ့ လူတွေဟာ အကန်းချည်းဘဲတဲ့၊ (မှန်လှပါ)။

သေဘေးလဲ မမြင် အိုဘေးလဲမမြင် နာဘေးလဲ မမြင် အတိတ်ဘဝ အနာဂတ်ဘဝတွေကို လုံးမမြင်ရင် ထားပါဦးတော့၊ ယခုပစ္စုပ္ပန်ဘဝကိုတော့ မြင်ဘို့ သတိထားဘို့ သင့်ပါတယ်၊ ယခုတော့ အတိတ်လဲမမြင် ပစ္စုပ္ပန်လဲမမြင် အနာဂတ်လဲမမြင်၊ ဒါကြောင့် မြတ်စွာဘုရားသခင်က ဉာဏ်မျက်လုံးမရှိတဲ့ လူသားတွေ အကန်းတွေလို့ ဟောလိုက်တာဘဲ၊ (မှန်လှပါဘုရား) ဟောထိုက် မဟောထိုက်၊ (ဟောထိုက် ပါတယ်ဘုရား) ကိုယ့်အသေ ကိုယ့်အနာ ကိုယ့်အအို ကိုယ်ကမမြင်ဘူး၊ (မှန်လှပါဘုရား)။

ဒါကြောင့် ရှေ့ကိုဆို(၂) ငါသည် မုချမသွေ သေရမှာပါတကား။

ယခုတရားပွဲထဲမှာ အသေလွတ်မဲ့လူ ပါသေးသလား၊ (မပါ-ပါဘုရား) ကမ္ဘာ့လုံး ရှိသူတွေထဲမှာကော၊ (မပါ-ပါဘုရား)ဪ-ဖြစ်လာဟာသည် ပျက်ဘို့၊ မွေးလာတာသည် ကေန်မုချ သေဘို့ချည်းဘဲနော်၊ (မှန်ပါဘုရား)။

မွေးလာတော့လဲ တယောက်ထဲ၊ သေတော့လဲတယောက်ထဲဘဲ၊ခင်ဗျားတို့ အဖော်ပါအုံးမှာလား၊(မပါ ပါဘူးဘုရား) ခင်ဗျားတို့ မွေးလာကထဲက ဆွေမျိုးညာတကာတွေ ပါရဲ့လား၊ (မပါ-ပါဘုရား) ပစ္စည်းဥစ္စာ ရတနာတွေကော ပါရဲ့လား၊ (မပါ-ပါဘုရား)။

ဒါကြောင့် အမွဲကလေး မွေးတယ်လို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား) သေတော့ကော ဘာယူသွားကြမယ်၊ (ဘာမှမယူသွားပါ ဘုရား) ဘာမှ ယူမသွားနိုင်သည့်အတွက် သေတာကော အမွဲသေလို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ လက်ရှိ ဒီလင် ဒီမယား အားကိုးလို့ ရပါ့မလား၊ (မရပါဘုရား)ဆွေမျိုး ညာတကာတွေကကော တကယ်သေဘေးနဲ့ တွေ့တဲ့ အခါကျတော့ ကယ်နိုင်သေးရဲ့လား၊ (မကယ်နိုင်ပါဘုရား)။

ခင်ဗျားတို့ မျက်မြင် လက်တွေ့ဘဲ၊ အဖေ အမေတွေ ညီအစ်ကို မောင်နှမတွေ သေတာနဲ့ ကြုံဘူးတဲ့ ပုဂ္ဂိုလ်တွေ ဒီအထဲမှာ ပါ-ပါလိမ့်မယ်၊ အနားက တမှိုင်မှိုင် တတွေတွေနဲ့ ငိုင်ပြီး ထိုင်ကြည့်ရုံမှတပါး ခင်ဗျားတို့ ဘာတတ်နိုင်သေး

သလဲ၊ (မတတ်နိုင်ပါ ဘုရား) ကိုယ့်အလှည့် ကျတော့လဲ သူများတွေက ဒီလိုဘဲ ထိုင်ကြည့်ကြမှာဘဲ၊(မှန်လှပါဘုရား)

သေမင်းနဲ့ စစ်ခင်းလို့ ရပါ့မလား၊ (မရပါဘုရား) သေမင်းနဲ့ အားချင်းပြိုင်လို့၊ (မရပါဘူးဘုရား) သေမင်းကို ရှိခိုးတောင်းပန်လို့၊ (မရပါဘုရား) ဒါကြောင့်မို့လို့ မေးလာတာသည် သေဘိုဘဲ၊ အဲဒါကို ခင်ဗျားတို့ မေ့နေလို့ တော်ပါ့မလား၊ (မတော်ပါဘုရား) မမေ့ကြနဲ့။

ကဲ-ဆိုကြပါအုံး (၂)"ငါသည် မုချမသေ့ သေရမှာပါတကား"။

အဲဒီလို အခါခါ ပွားရမယ်တဲ့၊ သတိရ ရမယ်တဲ့၊ (မှန်လှပါ) သေဘေးနဲ့ ရဲရဲကြီး ရင်ဆိုင်ရဲအောင် မမေ့ကြနဲ့လို့ ဘုရားက-သတိပေးတော်မူတယ်၊ (မှန်လှပါဘုရား)။

ကဲ-ရှေ့ကိုဆိုကြ (၃) "ငါ၏ အသက် ရှင်ခြင်းသည် သေခြင်းသာလျှင် အဆုံးရှိပါတကား"။

အခုတော့ ခင်ဗျားတို့ ကျုပ်တို့ အသက်ရှင်တယ်လို့ခေါ်ကြရတာဘဲ၊ ဒီလို အသက်ရှင်တာတွေဟာ နောက်မှာအဖြေရှိတယ်၊ သေတဲ့ဆီမှာ သွား အဆုံးသတ်ရမယ်၊(မှန်လှပါ)။

ဒီနေ့တော့ ရုပ်နဲ့နာမ် တွဲနေတော့ ရှင်ဆဲလို့ ခေါ်ကြရတာပေါ့၊ ရုပ်နဲ့နာမ်လဲ ကွဲရော၊ သေပွဲဝင်ပြီဟေ့ ဆိုတော့ အသက်ရှင်တာတွေ ဘယ်မှာ အဆုံးသတ်မယ်၊ (သေတဲ့ဆီမှာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ အသက်ရှင်သူတွေ ဘယ်မှာ

အဆုံးသတ်မယ်၊ (သေတဲ့အိမှာပါ ဘုရား) သေမှသေကြပါ့မလား၊ (သေမှာပါ ဘုရား) သေတဲ့အိမှာ အဆုံးသတ်ကြမှာလား၊ (မှန်ပါ့ဘုရား)။

နေ့လား-ညလား၊ သူ့အလှည့်လား- ကိုယ့်အလှည့်လား၊ အချိန် စောင့်နေကြတာ မဟုတ်လား၊ (မှန်ပါ ဘုရား) အားလုံးသော ယောဂီများ သူ့ အလှည့် - ကိုယ့် အလှည့် စောင့်နေကြတာမဟုတ်လား၊ (မှန်ပါဘုရား)ဒီအထဲ နီးတဲ့လူ လဲပါရဲ့၊ ဝေးတဲ့လူလဲပါရဲ့၊အလတ်စားလဲ ပါတာပေါ့၊၇-ရက်လား-တလလား၊ သူ့အလှည့်လား-ကိုယ့်အလှည့်လား၊သေဘို့ အချိန်နာရီကို စောင့်နေကြတယ်လို့ မဆိုနိုင်ဘူးလား၊(ဆိုနိုင်ပါတယ် ဘုရား)။

ဒါကြောင့် မသေခင်ကလေး ကြိုးစားပြီး အားထုတ်ရမပ၊၊သား- သမီး - လင် - မယား - ပစ္စည်းဥစ္စာ ရတနာတွေက ကော အားကိုးစရာ ဟုတ်ပါရဲ့လား၊ (မဟုတ်ပါ ဘုရား) တကယ်တမ်း သေဘေးနဲ့ တွေ့ကြတော့ သားသမီး ပစ္စည်းဥစ္စာ ရတနာတွေကကယ်နိုင်ကြမလား၊(မကယ်နိုင်ပါဘုရား) ဘေးကထိုင်ပြီး လက်မှိုင်ချ မျက်ရည်တွေ သုတ်နေရုံဘဲ၊ မသေအောင် သေမင်းနဲ့ အားချင်းပြိုင်လို့လဲ မရဘူး၊ (မှန်ပါ)။

ဒါကြောင့် "သေမှာ မုချဖြစ်ကြလေပြီ၊ မသေခင်ကလေး သင်တွေးချိန်မှီ" ဆိုတဲ့အတိုင်း သေမှာ မုချ ဖြစ်နေကြပြီ၊ ငါသည် မုချ သေရမှာပါတကား၊ငါသည် မုချ သေရမှာပါတကား၊ ငါသည် မလွဲကေန် အမှန် သေရမှာပါတကား၊

"ငါသည် မလွဲကေန် အမှန် သေရမှာပါတကား" လို့ ကြိုတင် ပွားများထားရမယ်တဲ့ ယောဂီတို့၊ (မှန်လှပါဘုရား)။

ကဲ-ဆိုကြပါအုံး "ငါ၏ အသက်ရှင်ခြင်းသည် သေခြင်း သာလျှင် အဆုံးရှိပါတကား"။

ဒီလို ကိုယ်သေခြင်းကို ကိုယ်ပြန်ရှုရမယ် ပွားရမယ်တဲ့၊ ကိုယ်သေခြင်း ကိုယ်ပြန်မြင်ရမယ်လို့ ဘုရားရှင်က ဆုံးမ တော်မူတယ်နော်၊ (မှန်ပါဘုရား)။

ကဲဆို (၄) "အသက်ရှင်ခြင်းသည် အမြဲမရှိ" "အသက် သေခြင်းသည် အမြဲရှိ၏" တလောကလုံး အသက်ရှင်တာ အမြဲရှိသလား၊ အသက်သေတာ အမြဲရှိသလား၊ (အသက် သေခြင်းသာ အမြဲရှိပါတယ်ဘုရား)။

ဒါကြောင့် ဆို"အသက်ရှင်ခြင်းသည် အမြဲမရှိ၊ အသက် သေခြင်းသည် အမြဲရှိ၏"လို့ အဲဒီလို ပွားကြလို့ မြတ်စွာ ဘုရားက အာဠဝီမြို့သားတွေကို ဟောကြား လိုက်တယ်၊ (မှန်ပါ)။

ဒါကြောင့်မို့ ဆိုကြ (၁) "ငါ၏ အသက်ရှင်ခြင်းသည် မမြဲပါတကား၊ ငါ၏ အသက် သေခြင်း သည် အမြဲပါ တကား၊(၂)ငါသည် မုချမသွေ သေရမှာပါတကား၊ (၃) ငါ၏ အသက်ရှင်ခြင်းသည် သေခြင်းသာလျှင် အဆုံးရှိပါ တကား၊ (၄) အသက်ရှင်ခြင်းသည် အမြဲမရှိ၊ အသက်သေ ခြင်းသည် အမြဲရှိ၏"၊ အားလုံးပေါင်း လေးပုဒ် ရှိသွားပြီ နော်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အသက်ရှိတဲ့ သတ္တဝါမှန်သမျှ အသက်ရှင်ခြင်းသည် အမြဲမရှိပါတကား ယောဂီတို့၊ (မှန်ပါ့ ဘုရား) လူရော နတ်ရော သက်ရှိသတ္တဝါတွေ ဒီအသက်နဲ့ ဒီခန္ဓာနဲ့ မြဲပါ့မလား၊ (မမြဲပါ ဘုရား) သေတာကတော့ အမြဲပါတကား၊ (မှန်ပါ့ ဘုရား) တွေးကြည့်ရင် ရင်လေးစရာကောင်းလိုက်တာ၊ ဒါဖြင့် နောက်တဘဝမှာ အသက်ရှင်အုံးမယ်ဆိုရင်ကော မြဲသလား၊ (မမြဲပါ ဘုရား) ဒါဖြင့် ဘာက အမြဲရှိသလဲ၊ (သေခြင်းပါဘုရား) ဒါဖြင့် နောက်တခါဖြစ်ရင် နောက်တခါ သေရအုံးမှာဘဲ၊ တတိယဘဝ တခါဖြစ်ရင် တတိယတခါ သေပွဲဝင်ရအုံးမှာဘဲ ယောဂီတို့၊ (မှန်ပါ့ဘုရား)။

ဒီလောကကြီးက မွေးသေ လောကကြီးလို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ် ဘုရား) သေခြင်းမှာ အဆုံးသတ်နေတဲ့လောကကြီးဘဲ၊ လူဖြစ်ပြန်ရင်၊ (သေတဲ့ဆီမှာ အဆုံးသတ်ပါတယ် ဘုရား) နတ်ဖြစ်ပြန်ရင်၊ (သေတဲ့ဆီမှာ အဆုံးသတ်ပါတယ် ဘုရား) ဗြဟ္မာ ဖြစ်ပြန်ရင်၊ (သေတဲ့ဆီမှာ အဆုံးသတ်ပါတယ် ဘုရား) သေသေချာချာ စဉ်းစားကြည့်နော်၊ ဒီလောကကြီးဟာ အသေ လောကကြီး ပါကလား၊ (ဟုတ်ပါတယ်ဘုရား)။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အာဠဝီပြည်သူပြည်သားတွေကို တရားဟောကြားပြသပြီး နောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်ကြွသွားတော်မူတယ်။

အဲဒီလို ပြန်ကြသွားတဲ့အခါမှာ တရားနာ ပရိသတ်ထဲမှ ၁၆-နှစ်အရွယ်လောက်ရှိ၍ သူတပါး ဆီမှာ လက်ခစားနဲ့ ရက်ကန်းရက်စားရတဲ့ အမျိုးသမီးလေး တဦးကတော့ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရပြီးတဲ့ အချိန်က စ၍ မြတ်စွာဘုရားရဲ့ တရားတော်များကို နာလဲ နာရခဲ့တယ်၊ ကြားလဲ ကြားရခဲ့တယ်ဆိုပြီး ကိုယ့်ဘဝကို ပြန်စဉ်းစားလိုက်တော့လဲ ဘုရားရှင်ဟောတာ မှန်လိုက်တာ ဟုတ်လိုက်တာ၊ "အသက်ရှိတယ်လို့ ဖြစ်လာမှဖြင့် သေတဲ့ဆီမှာ အဆုံး သတ်ရတယ်၊" ငါလဲ သက်ရှိ အမျိုးသမီး တယောက် ဖြစ်နေတယ်၊ ငါလဲ သေရမှာပါတကားလို့ မရဏာသတိ ကမ္မဋ္ဌာန်းကို အဖန်ဖန် ပွားနေသတဲ့၊ (မှန်လှပါ)။

ဒီ မရဏာသတိ ကမ္မဋ္ဌာန်းကို အခြားသောမြို့သူမြို့သားတွေက ဘုရားလဲကြွသွားရော မေ့မေ့လျော့လျော့ နေကြတယ်တဲ့၊ ရက်ကန်းသည်မကလေးကတော့ နေ့ရောညပါ ပွားများနေတယ်တဲ့၊ ဘယ်လောက်ကြာအောင် ပွားခဲ့သလဲ ဆိုရင် ၃-နှစ်လောက်ကြာအောင် ပွားများနေခဲ့တယ်။ (မှန်ပါ)။

အဲဒီလို ၃-နှစ်လောက်ကြာလာတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးဆဲဖြစ်တယ်၊ ဘုရားရှင်တို့မည်သည် နံနက် ၄-နာရီလောက် အချိန်ရောက်တဲ့အခါမှာ လောကဓာတ်တခုလုံးကို အရှေ့ အနောက် တောင် မြောက်အရပ်တွေမှာ ကျွတ်ထိုက်သူများကို ကြည့်တော်မူလေ့ရှိပါတယ်။

ဒီနေ့ ဘယ်ပုဂ္ဂိုလ်ကို ချတ်ရမလဲ ဘယ်ပုဂ္ဂိုလ်ကို မသေတရား အမတအမြိုက်ဆေး တိုက်ကျွေးရမလဲလို့ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါမှာ ၃-နှစ်တိုင်တိုင် မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွားများနေတဲ့ အာဠဝီပြည်သူ ရက္ကန်းသည်မကလေးကို ဉာဏ်တော်ကြီးမှာ ပေါ်လာသတဲ့၊ (မှန်လှပါ)။

အဲဒီလို ဉာဏ်တော်ကြီးထဲမှာ ပေါ်လာတော့ သူ့ရဲ့ အနာဂတ်ကို ကြည့်လိုက်တယ်၊ ဒီသူငယ်မသည် ယနေ့ သေတော့မယ်၊ ငါဘုရားကြွပြီးတော့ အမတအမြိုက်ဆေး တိုက်ကျွေးအုံးမှဘဲ၊ သူသေရတော့မယ်ဆိုတာ ရက္ကန်းသည်မ ကလေးက မသိရှာဘူး၊ ဘုရားကတော့ ဉာဏ်တော်ကြီးနဲ့ မြင်နေတယ်၊ (မှန်လှပါ)။

သူသေရင်ဖြင့် တရားလက်လွတ် သေလို့ရှိရင် အပါယ် လေးပါး လားတော့မယ်၊ ဒါကြောင့် လားရာဂတိက ငါးမျိုးရှိတယ်လို့ ဟကာ-တကာမ ယောဂီတို့က မှတ်ထား လိုက်ပါ၊ လူ-နတ်-ဗြဟ္မာ-ခွေး-ဝက်-ဆင်-မြင်း-သတ္တဝါ မည်သူမဆိုသေရင်(၁)အချိုမှာ လူဖြစ်တယ်၊ (၂)အချိုမှာ သေရင် နတ်ဖြစ်တယ်၊ (၃) အချိုသေရင် တိရစ္ဆာန် ဖြစ်တယ်၊ (၄) အချိုကတော့ ငရဲကျတယ်၊ (၅) အချို ကတော့ ပြိတ္တာဖြစ်တယ်တဲ့၊ လားရာဂတိ ငါးမျိုးရှိတယ်လို့ မြဲမြဲမှတ်ထားနော်၊ (မှန်ပါ့ဘုရား)။

နံပါတ်(၁)က ဘာတဲ့၊ (လူ ဖြစ်ပါတယ်ဘုရား)နံပါတ် (၂)၊ (နတ် ဖြစ်ပါတယ်ဘုရား) နံပါတ်(၃)က၊ (တိရစ္ဆာန်

ဖြစ်ပါတယ် ဘုရား) နံပါတ်(၄)၊ (ငရဲပြည်မှာ ဖြစ်ပါတယ် ဘုရား)နံပါတ်(၅)က၊ (ပြိတ္တာဖြစ်ပါတယ်ဘုရား)။

တချို့လဲ လူသေ လူပြန်ဖြစ်တယ်၊ မိန်းမသေ မိန်းမ ပြန်ဖြစ်တယ်၊ ယောကျ်ားသေ ယောကျ်ား ပြန်ဖြစ်တယ်၊ မိမိဘဝကို စွဲလမ်းကြလို့ ပြန်ဖြစ်ကြတယ်လို့ အယူရှိတယ်၊ အမြဲတမ်းကောန်မှုချဖြစ်မယ်လို့ မဆိုနိုင်ပါဘူး၊ ဒါကြောင့် ပုရွက်ဆိပ်ကလေးဘဲ သေသေ၊ ဆင်ကြီးဘဲ သေသေ၊ လူ-နတ်-ဗြဟ္မာဘဲ သေသေတဲ့၊ သူဌေးဘဲ သေသေ၊ ခွေးဘဲ သေသေ၊ သေရင် ငါးပါးသော ဂတိတို့တွင် တခုခုသော ဂတိသို့ ရောက်ရတယ်လို့ ကောင်းကောင်း မှတ်ထားနော်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ငါးပါးသော ဂတိတို့တွင် တခုခုကို ရောက် ရတယ်ဆိုတော့ ပုထုဇဉ်ဆိုတာ တရားမမြင် တရားမသိ ဉာဏ်မျက်လုံး ကန်းနေတဲ့ ပုဂ္ဂိုလ်ဘဲ၊ ပုထုဇဉ် ၂-မျိုးရှိတယ်၊ ရုပ်နာမ် အနိစ္စ-ဒုက္ခ-အနတ္တ-မသိရင် အန္ဓ ပုထုဇဉ်လို့ ခေါ်တယ်နော်၊ (မှန်ပါဘုရား)ရုပ်တရား နာမ်တရား အနိစ္စ-ဒုက္ခ-အနတ္တတွေကို သေသေချာချာ ပိုင်းပိုင်းခြားခြား သိထားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ကလျာဏ ပုထုဇဉ်လို့ ခေါ်တယ်၊ (မှန်ပါ)။

ကလျာဏ ပုထုဇဉ် သောတာပန် - သကဒါဂါမ် - စတဲ့ အရိယာတွေ ဖြစ်နေကြတယ်ဆိုတာ တရားမြင်တဲ့ ဉာဏ် မျက်လုံးရှိတဲ့သူတွေပေါ့နော်၊ (မှန်ပါဘုရား)။

အဲဒီလို ၂-မျိုးရှိနေတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တယ်၊ အော် - ငါ့တပည့်မကလေး ငါ့စကား နားထောင်လိုက်တာ သုံးနှစ်တိတိ မရဏာ နုသတိ ကမ္မဋ္ဌာန်း စီးဖြန်း နေခဲ့ရှာတယ်၊ ဒီနေ့လဲ သေတော့မယ်၊ သူ့ရဲ့ အကြောင်း အကျိုးတွေ ဝေဖန်ကြည့်လိုက်တော့ ငါဘုရားရဲ့တရားတော်ကို နာလိုက်ရရင် သောတာပန်မကလေး ဖြစ်ပြီး ယုံကြည်ချက်ရှိတဲ့ အပါယ်မလားဘဲ နတ်ရွာသာ လားပြီး ဝိသာခါ အနာထပိဏ်တို့လို တဆင့်တဆင့် မြင့်ပြီးတော့ ဘုံစဉ်စံ၍ နိဗ္ဗာန်ဝင်နိုင်သည်အထိ အကျိုးရှိမယ်။

ဒါကြောင့် ငါဘုရားသည် ဒီအမျိုးသမီးကလေးအား ချီးမြှင့်မှဘဲဆိုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သံဃာတော် ၅၀၀-နဲ့တကွ ၄၅-ယူဇနာရှိတဲ့ခရီးကို တန်ခိုးစျာန်နဲ့ တခဏချင်းအရောက် ကြွ သွား တော် မူ တယ် တဲ့၊ (မှန်ပါဘုရား)။

ပုထုဇဉ်ဘဝနဲ့သေရင် ငါးပါးသောဂတိတို့တွင် တခုခုသို့ လားမယ်နော်၊ အရိယာဘဝနဲ့သေရင် ငရဲ-တိရစ္ဆာန်-ပြိတ္တာ-ဒီ သုံးဘဝသို့ မသွားရတော့ဘူးတဲ့၊ အပါယ်လေးဘုံမှ လွတ်သွားတယ်၊ (မှန်ပါဘုရား) ဒါကြောင့် ဂတိမြဲတယ်ဆိုတာ လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာ့ဘုံမှတပါး အောက် သုံးယောက်သော အရိယာပုဂ္ဂိုလ်တွေ သွားစရာလမ်းမရှိဘူးတဲ့၊ (မှန်လှပါ)။

ဘုရား ရဟန္တာတွေကျတော့လဲ ဘယ်ဘုံမှမသွားတော့ဘဲ နိဗ္ဗာန်သို့ ဝင်စံသွားတော့တယ်၊ အဲဒီလို ဘုရား ရဟန္တာ

မဖြစ်သေးလို့ သောတာပန်-သကဒါဂါမ်-အနာဂါမ်လောက် ဖြစ်နေတယ်ဆိုရင်ဘဲ အပါယ်လေးဘုံသို့မသွားတော့ဘဲ သေသည်၏အခြားမဲ့၌ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံမှာ ချမ်းချမ်းသာသာ ဖြစ်ရပါတယ်တဲ့နော်၊ (မှန်ပါဘုရား)။

တရားမမြင်သေးဘဲ တရားမရသေးဘဲ အကန်းအမိုက် လူ့ဘဝနဲ့သေရင်ဖြင့် ငါးပါးသောဂတိတို့တွင် ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်ဆိုတဲ့ ဒီ အောက်ပြည်အောက်ရွာကိုဘဲ စုန်ဘို့ များနေပါတယ် ယောဂီတို့၊ (မှန်ပါဘုရား)။

ဒါနဲ့ ရက္ကန်းသည်မကလေးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သနားတော်မူသဖြင့် တရားချီးမြှင့်ရန် ရက္ကန်းသည်မရှိရာ အာဠဝီမြို့သို့ ကြွမြန်းတော်မူတယ်၊ ဘုရားရှင် ကြွလာတော်မူတော့ အာဠဝီ ပြည်သူပြည်သားတွေက ဘုရားသခင် အရင် ၃-နှစ်လောက်က တခါ ကြွခဲ့တယ်၊ အခု သံဃာတော် ငါးရာနှင့် ဒုတိယမ္ပိ ကြွလာပြန်တယ်ဆိုပြီး ဆွမ်းလုပ်ကျွေးကြပြန်တယ်တဲ့ ယောဂီတို့၊ (မှန်လှပါဘုရား)။

ဤကဲ့သို့ ဆွမ်း လုပ်ကျွေးပြီးတော့ အားလုံးသောတကာ-တကာမတွေက လျှောက်ကြတယ်၊ မြတ်စွာဘုရား တပည့်တော်တို့အား အစဉ်သဖြင့် အောက် မေ့ အပ် သော တရားများ ဆုံး မ တော် မူ ပါ ဘုရားလို့ လျှောက်ထားကြတယ်တဲ့၊ (မှန်ပါ)။

လျှောက်တဲ့အခါ ပရိသတ်ရဲ့အလယ် မဏ္ဍပ်ရဲ့အလယ် ပလ္လင်ပေါ်ကနေပြီး ဆိတ်ဆိတ်နေတော်မူတယ်တဲ့၊ အဲဒီလို ဆိတ်ဆိတ် နေ တော် မူ တော့ လဲ ဘယ်သူကမှလဲ ထပ်မံ

မပျော့ကဝ့်ဘဲ အားလုံးကလဲ ဆိတ်ဆိတ် နေကြတယ်တဲ့၊ ဘာကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဆိတ်ဆိတ် နေတော်မူသလဲဆိုတော့ တရား ဦး မြင့် ရန် လာ တာ က သူများရက္ခန်းရုံမှာ ရက္ခန်းရက်ရတဲ့ သူ ဆင်း ရဲ မ ကလေးကို ဦးမြင့်မယ်လို့ လာတာကိုး၊ (မှန်ပါ)။

ရက္ခန်းသည်မကလေးကလဲ အိမ်မှာ ချက်ရ ပြုတ်ရ လျှော်ရ ဖွတ်ရဆိုတော့ သူ့ခမျာ အိမ်က ရုတ်တရက် မထွက်နိုင်ဘူးတဲ့၊ ဒီနေ့မှ သူ့အဖေက ငါ့သမီး ဒီနေ့ သူများ အထည်တွေ အပ်ရမယ်၊ ရက္ခန်းရုံကို စောစောလာခဲ့ပါ၊ ခါတိုင်းလို နောက်ကျ မ နေ နဲ့ နေ ာ် လို့ မှာ သွား တော့ တဖက်က ထမင်းချိုင့်ကလေးဆွဲ၊ တဖက်က ယက်ဖောက် တောင်းလေး ခါးစောင်းတင်ပြီး ရက္ခန်းရုံဆီသို့ ထွက်လာ ခဲ့ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ သူ့ကို စောင့်နေ တယ်၊ ရက္ခန်းသည်မကလေးကလဲ ရွာလယ်ကမ်းက ဖြတ် သွားတော့ ရွာလယ်မှာ မဏ္ဍပ်ကြီးထိုးပြီး တရားဟောမဲ့ ပလ္လင်ပေါ်က ဘုရားရှင်ကလဲ စောင့်နေတယ်၊ (မှန်လှပါ)။

ရက္ခန်း သည် မ က လေး ဟာ တရားမဏ္ဍပ်ကြီး တွေ့မှ အော် ငါလဲ သတိမေ့နေလိုက်တာ မဏ္ဍပ်မြင်မှ သတိ ရတော့တယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဝပ်ချ အုံးမှဘဲ၊ အဖေကလဲ စောစောလာခဲ့ပါ မှာထားတယ်၊ အဖေ့စကားကိုလဲ ပယ်လို့ မဖြစ်ဘူး၊ ငါ့ကို မရှာ

နသတိကမှဌာန်းပေးသွားတဲ့ ဘုရားသခင်ကြီး၏ ကျေးဇူး ကလဲကြီးလွန်းလို့ ဝင်ရောက်ဖူးမျှော်အုံးမှ ဖြစ်မယ်လို့ ဆုံး ဖြတ်ကာ ယက်ဖောက်တောင်းနှင့် ထမင်းချိုင့်လေး အသာ ချပြီး ပရိသတ်အစွန် ခပ်ဝေးဝေးကနေပြီး ဦးချ ကန်တော့ ပါတယ်တဲ့။

ဦးချတဲ့ အခါကျတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီး က မျက်လွှာအောက်ချထားရာမှ လှမ်းပြီးတော့ ကြည့်တယ်၊ အဲဒီလို ဘုရားရှင်ကကြည့်လိုက်တော့ ရက္ကန်းသည်မကလေးက လဲ ဘုရားရှင်ကို အကြည့်နဲ့ အကြည့်ချင်း ဆုံစည်းသွားတယ်၊ (မှန်လှပါ)။

အဲဒီအခါမှာ ရက္ကန်းသည်မကလေးက အောက်မေ့တယ်၊ အော်-ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် စက္ခုန္ဒြေ မျက်လွှာ အောက်ချပြီး နေရာမှ ငါ့ကို လှမ်းကြည့်တာသည် ငါ့ကို ရှေ့တော်သို့ လာစေလိုလို့ လှမ်းကြည့်တာဘဲဟု ဆုံးဖြတ်ပြီး ပရိသတ်အလယ်မှာ သူ့ရဲ့ ရက်ဖောက်တောင်း ထမင်းချိုင့် များဆွဲပြီး အသာကလေး လျှောက်လာကာ ဘုရားရှေ့သို့ ရောက်ခါမှ ရက်ဖောက်တောင်း ထမင်းချိုင့်များ ချကာ ဘုရားရှင်အား ၃-ကြိမ် ဦးချကန်တော့ပါတယ်တဲ့၊ (မှန်လှပါ ဘုရား)။

ပရိသတ်တွေဘာလဲ ဘယ့်နှဲ့လဲဟော့၊ ဘုရားရှင်က တရားလဲ မဟောဘူး၊ ဒီကောင်မလေး လာမှ ဘုရားရှင်က မျက်လွှာ တော်ပင့်ပြီး လှမ်းကြည့်တယ်၊ ကောင်မလေးကလဲ ဘုရားရှင်

ရွှေ အရောက်လာတယ်ဟဲ့-လို့ ဆိုကြပြီး မင်းတွေ အရာရှိတွေ သူဌေးတွေ သူကြွယ်တွေရော လူမျိုးစုံ ပရိသတ် အုံအားသင့်ပြီး ကြည့်နေကြတယ်တဲ့၊ (မှန်လှပါ)။

ဘုရားရှင် ရွှေရောက်ပြီး ဦး ၃-ကြိမ် ချပြီးတဲ့ အခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မေးလိုက်ပါတယ်တဲ့-ယောဂီတို့။

ကုမာရိကေ ကုတော အာဂစ္ဆသိ။

ကုမာရိကေ- ရက္ကန်းသည်မ ချစ်သမီးကလေး၊ တံ့-သင် ချစ်သမီးသည်၊ ကုတော-ဘယ်အရပ်မှ၊ အာဂစ္ဆသိ - လာခဲ့ပါသနည်း။

ပါဠိလို ကုမာရိကေ ကုတော အာဂစ္ဆသိ၊ မြန်မာလို ချစ်သမီး ဘယ်က လာခဲ့သလဲလို့ မေးလိုက်တယ်၊ (မှန်လှပါ)။

ရက္ကန်းသည်မကလေးက ပြန်ဖြေတယ်၊ န ဇာနာမိ ဘန္တေ "ဘန္တေ-ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား၊ အဟံ တပည့်တော်မသည်၊ န ဇာနာမိ-ဘယ်က လာတယ်လို့ မသိပါဘုရား။"

ဘုရားရှင်ကမေးတယ်၊ ချစ်သမီး - ဘယ်က လာခဲ့သလဲလို့ ရက္ကန်းသည်မကလေးက တပည့်တော်သည် ဘယ်ကလာခဲ့မှန်း မသိပါ ဘုရားလို့ဖြေတယ်၊ (မှန်ပါဘုရား)။

တခါဘုရားရှင်က ထပ်မံမေးတယ်၊ကတ္ထ ဂမိဿသိ၊ကုမာရိကေ-ရက္ကန်းသည်မ ကလေး၊ တံ့-သင် ချစ်သမီးသည်၊ ကတ္ထ-အဘယ်အရပ်သို့၊ ဂမိဿသိ - သွားလတ္တံ့နည်း၊ မြန်မာလို ဆိုတော့ ချစ်သမီး-ဘယ်သွား မလို့လဲ၊ ရက္ကန်းသည်မကလေးက

ဖြေပြန်တယ်၊ န ဇာနာမိဘန္တေ၊ "ဘန္တေ-ရှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ အဟံ-ဘုရား တပည့်တော်မသည်၊ န ဇာနာမိ-ဘယ်သွားရမည် မသိပါဘုရား"၊တပည့်တော်မ ဘယ်ကို သွားရမည် မသိပါဘုရားလို့ ပြန်ဖြေတယ်၊ (မှန်လှပါ)။

မေးခွန်း ၂-ခုရှိပြီနော်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နံပါတ် (၁) ဘယ်လို မေးလိုက်သလဲ၊ (ဘယ်ကလာခဲ့သလဲ လို့ပါဘုရား) အမျိုးသမီးက ဘယ်လိုပြန်ဖြေသလဲ၊(ဘယ်က လာမှန်း တပည့်တော်မ မသိပါဘုရားတဲ့)၊ တခါ ဆက်မေးတယ်၊ နံပါတ် ၂-က ချစ်သမီး ဘယ်သွားမလို့လဲ၊ အဲဒီတော့ အမျိုးသမီးလေးက ဘယ်လိုပြန်ဖြေလိုက်သလဲ၊ (တပည့်တော်မ ဘယ်ကိုသွားရမယ် မသိပါဘုရားတဲ့)။

ပရိသတ်ကြီးကလဲ ဟိုကမေ့ ဒီကမေ့နဲ့ ဒီကောင်မကလေး ဘုရားကမေးတာကို ကောင်းကောင်းဖြေတာ မဟုတ်ဘူး၊ တောင်ပြော မြောက်ပြောနဲ့လို့ ပြောကြသတဲ့၊ (မှန်လှပါ) ဘုရားရှင်က နောက်ထပ် မေးပြန်တယ်၊ ဘယ်လိုမေးလိုက်သလဲဆိုတော့-

"န ဇာနာသိတိ" တဲ့။

ကုမာရိကေ- ရက္ခန်းသည့်မ ချစ်သမီးကလေး၊ တွံ-သင် ချစ်သမီးသည်၊ န ဇာနာသိ- မသိဘူးလား၊ ချစ်သမီး မသိဘူးလားလို့ ဘုရားရှင်ကမေးတယ်။

"ဇာနာမိ ဘန္တေ" ဘန္တေ- ရှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ အဟံ- ဘုရားတပည့်တော်မသည်၊ ဇာနာမိ၊ သိပါ၏ဘုရားတဲ့။

နံပါတ် ၃-မေးခွန်းက ချစ်သမီးမသိဘူးလားလို့ ဘုရားရှင်က မေးတော့ တပည့်တော် သိပါတယ်ဘုရားလို့ ဖြေပြန်တယ်၊ (မှန်လှပါ)။

ပရိသတ်ကြီးကလဲ တမြို့လုံး ပရိသတ်ကြီး ဖြစ်တော့ အံ့အားသင့်ပြီး ဒီကောင်းမလေး တောင်ပြော မြောက်ပြောနဲ့ ဘုရားက မေးတာကို ကောင်းကောင်း မဖြေဘူးလို့ သူတို့က ထင်ကြတယ်။

နောက်တခါ ဘုရားရှင်က နံပါတ် ၄-ဖြစ်တဲ့ မေးခွန်းကို ထပ်မေးတယ်၊ "ဇာနာသိတိ" ကုမာရိကေ- ရဏ္ဍန်းသည်မ ချစ်သမီး၊ တွံ-သင် ချစ်သမီးသည်၊ ဇာနာသိ- သိပါသလား၊ ချစ်သမီး သိပါသလားလို့ မေးလိုက်ပြန်တယ်၊ (မှန်လှပါ)။

"န ဇာနာမိ ဘန္တေ"ဘန္တေ- ရှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ အဟံ- တပည့်တော်မသည်၊ န ဇာနာမိ-မသိပါဘုရား-တဲ့။ ပရိသတ်ကလဲ ဒီကောင်မကလေး ဘုရားရှင်မေးနေတာနဲ့ ပြောင်းပြန်ကြီးဘဲ ဖြေနေတယ်လို့ တီးတိုးပြောကြသတဲ့။

နံပါတ် ၁-မေးခွန်းက ချစ်သမီး ဘယ်က လာခဲ့သလဲ အဖြေက မသိပါဘုရားတဲ့၊ နံပါတ် ၂-က ချစ်သမီး ဘယ်သွားမလို့လဲ၊ မသိပါဘုရားတဲ့၊ နံပါတ် ၃-ချစ်သမီး မသိဘူးလားဆိုတော့ သိပါတယ်ဘုရားတဲ့၊ ၄-နံပါတ် ချစ်သမီး သိရဲ့လားလို့ မေးတော့ မသိပါဘုရားလို့ သူက ဒီလိုဖြေနေတယ်၊ (မှန်ပါတယ်ဘုရား)။

ဒီတော့ ပရိသတ်ကြီးက ရှုံးရှုံး အုံးအုံးနဲ့ ဆူပွက်လာတယ်၊ ဒီကောင်မလေးကလဲ အိမ်ကလာတာ အိမ်ကလာတယ်လို့ ဖြေလိုက်ရောပေါ့၊ ရက္ကန်းရုံ သွားမဲ့ဟာ ရက္ကန်းရုံသွားမယ်လို့ ပြောလိုက်ရောပေ့ါ၊ ဘုရားကိုကပ်သီးကပ်သပ် ကပြောင်းကပြန် ဖြေနေတယ်လို့ ဟိုကတိုးတိုး ဒီကတိုးတိုး ပြောနေကြတော့ မြတ်စွာ ဘုရားက တိတ်ဆိတ်စေရန် မော်ကြည့်လိုက်တော့မှ ပရိသတ်ကြီး ငြိမ်သွားတော့ သတဲ့၊ (မှန်လှပါဘုရား)။

ပရိသတ် ငြိမ်သွားတော့မှ ဒီပြဿနာ လင်းအောင်လို့ ဘုရားရှင်က ထပ်ပြီးမေးတယ်၊ ချစ်သမီး ငါဘုရားက ဘယ်က လာသလဲလို့ မေးတော့ ချစ်သမီးက မသိပါဘုရားလို့ ဖြေတာ ဘယ်လို ရည်ရွယ်ချက်နဲ့ ဖြေတာလဲလို့ ထပ်မံမေးတယ်၊ (မှန်ပါ)။

မှန်လှပါ ဘုရား - ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အလုံးစုံသော တရားတော်များကို သိတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး အမှန်ပင် ဖြစ်ပါပေ၏၊ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မပြောပါနဲ့တော့ တပည့်တော်မ အိမ်ကနေပြီးလာခဲ့တယ်ဆိုတာလူတိုင်းသိပါတယ်တဲ့၊ (မှန်လှပါ)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အိမ်က လာတာကို ရည်ရွယ်ပြီးတော့ မေးတာမဟုတ်၊ချစ်သမီး-ဤလူ့ဘုံလောက လူ့ဘဝသို့ ဘယ်ဘဝက သေပြီး ပြောင်းလာသလဲလို့ အရှင်ဘုရားက ဒီလို ရည်ရွယ်ချက်နဲ့မေးပါတယ်၊ဒါကြောင့် တပည့်တော်မသည် ဤလူ့ဘုံဤလောကသို့ဘယ်ဘဝက လာခဲ့တယ်

ဆိုတာ ဘုရား တပည့်တော်မ မသိပါဘူးဘုရား၊ ဒါကြောင့် မသိပါဘူးလို့ ဖြေပါတယ်ဆိုတော့ မြတ်စွာဘုရားက သာဓု-သာဓု-သာဓုလို့ ၃ - ကြိမ် ခေါ်တော်မူတယ်၊ (မှန်လှပါဘုရား)။

ရှင်တော် ဘုရားရဲ့ ရည်ရွယ်ရိုးရင်း နှလုံးသွင်းကို ဒီအမျိုးသမီးက သိတယ်နော်၊(မှန်လှပါ)ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ မေးခွန်းသည် ဘယ်ဘဝက သေပြီး၍ ဤဘဝသို့ ရောက်လာခဲ့သလဲလို့ မေးတာပါ၊(မှန်ပါ)။

ဒါကြောင့် တပည့်တော်မလဲ ဘယ်ဘုံ ဘယ်ဘဝ ဘယ်လောက-က သေပြီးတော့ အခုလို လူ့လောက ရောက်လာတယ် ဆိုတာ တပည့်တော်မ မသိပါ၊ မသိလို့ မသိပါဘူးလို့ ဖြေပါတယ်ဘုရားလို့ ဖြေရှင်းလိုက်တော့....။

ပရိသတ်ကြီးက ဟင်-တို့ သိတာတ တမျိုး ဘုရားမေးတာက တမျိုး၊ ဘုရားရဲ့ ရည်ရွယ် ရိုးရင်း နှလုံးသွင်းကို အမျိုးသမီးကလေးက တယ်သိပါလား လို့ အချင်းချင်း ပြောသတဲ့၊ (မှန်လှပါ)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နောက်တခါ ချစ်သမီး ဘယ်သွားမလဲလို့ မေးတော့ ချစ်သမီးက မသိပါဘုရားလို့ ဖြေနေတယ်၊ဘယ်လို ရည်ရွယ်ချက်နဲ့ ဖြေတာလဲလို့မေးတော့-

အရှင်ဘုရားသာမက တမြို့လုံးကပင် တပည့်တော်မသည် ရက်ကန်းရက်စားရသူ ဖြစ်သဖြင့် ရက္ကန်းရုံ သွားမလို့ဆိုတာ လူတိုင်း သိပါတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကလဲ

တပည့်တော်မ ရက္ကန်းရုံ သွားမယ်ဆိုတာ ရည်ရွယ်လို့ မေးတာ မဟုတ်၊ ယခု လူ့ဘဝက ချစ်သမီး တနေ့ သေမှာ မုချ၊ သေပြီးရင် ဘယ်ဘုံ ဘယ်ဘဝ ဘယ် လောက သွားမှာလဲ လို့ ဒီလို ရည်ရွယ်ချက်နဲ့ မေးပါတယ်၊ ဒါကြောင့် တပည့်တော်မ ဘယ်ဘဝသို့ ပြောင်းရမည် မသိပါ ဘုရား၊ မသိလို့ မသိပါ ဘုရားလို့ တပည့်တော်မ ဖြေခြင်းဖြစ်ပါတယ်ဘုရားဆိုတော့ မြတ်စွာဘုရားက သာဓု-သာဓု-သာဓုလို့ ၃-ကြိမ် ခေါ်တော်မူပြန်တယ်၊ (မှန်ပါ)။

ယောဂီတို့ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) ဘုရားရှင်ရဲ့ ရည်ရွယ်ရိုးရင်းကို သိတယ်၊ သင် ဘယ်က လာခဲ့သလဲလို့ မေးတော့ ဘယ်လိုဖြေသလဲ၊ (တပည့်တော်မ မသိပါဘုရား) တဲ့၊ ဘယ်သွားမှာလဲဆိုတော့၊ (မသိပါ ဘုရားတဲ့) ဒါဖြင့် ခင်ဗျားတို့ကော ဘယ်က လာခဲ့သလဲ၊ (မသိပါဘုရား) ဘယ်ကို သွားမှာလဲ၊ (မသိပါဘုရား) ဘယ်ကလာလို့ လာမှန်းလဲ မသိ၊ ဘယ်ကို သွားရမယ် ဆိုတာလဲ မသိဘူး ဖြစ်နေပြီ၊ (မှန်လှပါ)။

ပြီးတော့မှ နံပါတ် ၃-မေးခွန်းကို ဘုရားက ဆက်မေး တယ်၊ ချစ်သမီး သင်မသိဘူးလား-လို့ မေးလိုက်တော့ ရက္ကန်း သည်မကလေးက သိပါတယ် ဘုရားလို့ ဖြေတာဘယ်လို ရည်ရွယ်ချက်နဲ့ ဖြေတာလဲလို့ ထပ်မေးပြန်တယ်၊ (မှန်လှပါ)။

မြတ်စွာဘုရားရဲ့ ရည်ရွယ်ရိုးရင်း နှလုံးသွင်းက သင် သေမှာ မ သိ ဘူး လား လို့မေးတာ ဖြစ် လေ သော ကြောင့် တပည့်တော်မ သေမှာကိုတော့ သိပါတယ်လို့ ဖြေပါတယ်

ဘုရားတဲ့၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား) မြတ်စွာဘုရားက သုံး ကြိမ် မြောက် သာဓု ခေါ်ပြန်တယ်နော်၊ (မှန်လှပါဘုရား)။

ဘုရားရှင်က သာဓုခေါ်တယ်ဆိုတာ သာမည မဟုတ်ဘူး၊ တန်ဘိုးကြီးလွန်းလို့ခေါ်တာနော်၊ (မှန်လှပါဘုရား)။

နောက်တခါ နံပါတ် ၄-မေးခွန်းက ချစ်သမီးသိရဲ့လားလို့ ငါဘုရား မေးလိုက်တယ်၊ ချစ်သမီးက မသိပါဘုရားလို့ ဖြေတာ ဘာရည်ရွယ်ချက်နဲ့လဲလို့မေးတော့-

၁-ဘုရားက မေးတော်မူတာ သင် ဘယ်အချိန်မှာ သေမလဲလို့ အရှင်ဘုရားက မေးတော်မူခြင်းဖြစ်ပါတယ်၊ တပည့်တော်မ-နေ့သေမလား-ညသေမလား အတိအကျ မသိပါဘူး၊ ဒါကြောင့် သိရဲ့လားလို့မေးတော့ ဘုရားတပည့်တော်မက မသိပါဘူးဘုရားလို့ ဖြေတာပါဘုရားလို့ လျှောက်သားလိုက်တယ်၊ မြတ်စွာဘုရားက သာဓု ခေါ်ပြန်တယ်၊ ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီ ပြဿနာလေးခုကို မြတ်စွာဘုရားက မေးတဲ့အခါမှာ အမျိုးသမီးကလေးက ပြဿနာလေးခုကို ပြန်ဖြေတယ်နော်၊ (မှန်လှပါဘုရား)။

နံပါတ် ၁-ဘုရားက ဘယ်လို မေးလိုက်သလဲ၊ (ဘယ်ကလာခဲ့သလဲတဲ့) ဘယ်လို ပြန်ဖြေလိုက်သလဲ၊ (မသိပါဘုရားတဲ့) ဒုတိယ သင် ဘယ်သွားမှာလဲ ချစ်သမီးတဲ့၊ (မသိပါဘူးဘုရားတဲ့) နို - သင်မသိဘူးလား မေးတော့ (သိပါတယ်ဘုရားတဲ့) သင်သိရဲ့လားလို့မေးတော့(မသိပါဘူးဘုရားတဲ့)။

ကိုင်း-သူ ဖြေပုံကလေးဟာ ယောဂီတို့ အတုယူဘို့ မကောင်းဘူးလား၊ (ကောင်းပါတယ် ဘုရား) ခင်ဗျားတို့ကော ဘယ်က လာခဲ့သလဲ၊ (မသိပါဘူးဘုရား)။

လူ့ဘုံလောက ဤဘဝသို့ ဘယ်က ကူးလာမှန်း လဲ မသိဘူး၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ခင်ဗျားတို့ ကျုပ်တို့ဟာ အမြဲ နေမှာလား သေမှာလား၊ (သေမှာပါ ဘုရား) နေ့လား ညလား သူ့အလှည့်လား ငါ့အလှည့် လား၊ သေချိန် လုနေကြပြီနော်၊ (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် သေပြီးရင် ဘယ်ဘုံ - ဘယ်ဘဝ ကူးပြောင်းကြမှာလဲ၊ (မသိပါဘုရား) ဟော-မသိပြန်ဘူး၊ ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မေးသလိုဘဲ မသိဘူးလား ဆိုတော့၊ (သိပါတယ်ဘုရား)ဘာသိတာလဲ၊ (သေမှာသိပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သေမှာ မုချ ဖြစ်နေပြီ၊ (မှန်ပါ ဘုရား) ကဲ-ဒါဖြင့် ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ချစ်သမီး သိရဲ့လားလို့မေးတော့ ဘယ့်နှယ်ဖြေသလဲ၊ (မသိပါဘူး ဘုရားတဲ့) အော် - သူက ဘာမသိတာ ဖြေပါလိမ့်၊ (ဘယ်နေ့ ဘယ်အချိန် သေမယ်ဆိုတာတော့ မသိပါဘုရား) ဟုတ်ကြရဲ့လား၊ (မှန်ပါဘုရား)။

ဘုရားက "ပေသကာရဓီတာ"လို့ ခေါ်တဲ့ ရက္ကန်းသည် အမျိုးသမီးကလေးကို မေးသလိုဘဲ၊ အခု ယောဂီတို့ ကိုလဲ ဘုန်းကြီးက မေးရမယ်၊ (မေးတော်မူပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကော ဘယ်က လာခဲ့သလဲ သိသလား၊ (မသိပါ ဘုရား) ဘယ် သွားရမလဲ၊ (မသိပါဘုရား) နို့-သေမှာကော သိရဲ့လား၊ (သိပါတယ် ဘုရား) ဘယ်နေ့ သေမှာ ဆိုတာကော၊ (မသိပါဘုရား) ဘယ်နေ့ သေမယ် ဆိုတာ အတိအကျ မသိလို့ မသေခင် ကြိုးစားပြီး တရားအားထုတ်ရပါတယ်၊ (မှန်လှပါဘုရား)။

နောက်တနှစ်ကျမှ သေမယ်ဆိုရင်လဲ ယခုနှစ်က ရှိသေးတယ်၊ နောက် ၁၀-နှစ်ကျမှ သေမယ် ဆိုရင်လဲ နှစ်တွေ လတွေ ရက်တွေက ရှိသေးတော့ အေးအေး ဆေးဆေး နေလို့ ဖြစ်သေးတယ်၊ ၇-ရက်အတွင်း သေမှာလား၊ တလအတွင်း သေမှာလားလို့ သိပါ့မလား၊ (မသိပါဘုရား)။

တရားလက်လှတ် သေရလို့ရှိရင်ဖြင့် ပုထုဇဉ် အမိုက်အရူး အကန်းဘဝနဲ့ သေရရင် အပါယ်လေးပါးသို့ လားလိမ့်မယ်၊ ဒါကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေကြဘဲ တရားအားထုတ်ရမယ်လို့ ဆိုတာနော်၊ (မှန်ပါဘုရား)။

ဤကဲ့သို့ အမေး အဖြေ ပြဿနာတွေ ဖြေရှင်းပြီးတဲ့နောက် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သာဓု အနုမောဒနာခေါ်တော်မူ၍ အဆုံးသတ်တရား ဟောလိုက်တယ်၊ ဘာတရားဟောလိုက်သလဲဆိုတော့-

အန္ဓဘူတော အယံလောကော၊
တနုကေတ္ထ ဝိပဿတိ။

သကုဏော ဇာလမုတ္တောဝ၊
အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

အယံလောကော - ဤလူများ အပေါင်းသည်၊ အန္ဓီဘူတော - ပညာမျက်စိ အဟုတ်မရှိသဖြင့် အကန်းအတိသာ ဖြစ်ပါပေ၏။

ပညာမျက်စိမရှိတော့ ယောဂီတို့ ဘယ်က လာသလဲလို့ သိရဲ့လား၊ (မသိပါဘုရား)ဘယ်သွားမယ်လို့ကော၊ (မသိပါဘုရား)အဲဒါ ပညာမျက်စိ မရှိလို့ဘဲနော်၊ (မှန်ပါဘုရား)။

ဧတ္ထကမသို့ လောကေ - ဤလောကကြီး အတွင်း၌၊ တနုကော - အနည်းငယ်သော လူသား သတ္တဝါသည်၊ ဝိပဿတိ-ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့တရားကို မြင်နိုင် သိနိုင်၏။

ယောဂီတို့ - ယောဂီဆိုတာ ရုပ်နာမ်တို့၏ အနိစ္စ ဒုက္ခ အနတ္တတွေကို ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်ဟာ ယောဂီလို့ ခေါ်တယ်မဟုတ်လား၊ (မှန်ပါဘုရား) နို-ခင်ဗျားတို့မြန်မာ ပြည်မှာ အနိစ္စ ဒုက္ခ အနတ္တပွားတဲ့ လူတွေနဲ့ မပွားတဲ့ လူတွေ ဘယ်သူက များသလဲ၊(မပွားတဲ့လူက များပါတယ် ဘုရား) ရုပ်မှန်း နာမ်မှန်း သိတဲ့ ပုဂ္ဂိုလ်နဲ့ မသိတဲ့ ပုဂ္ဂိုလ် ဘယ်သူက များပါသလဲ၊(မသိတဲ့ပုဂ္ဂိုလ်က များပါတယ်)။

ဒါဖြင့် ပညာမျက်စိ ရှိသူတွေလား၊ (ကန်းနေသူတွေပါ ဘုရား) ဒါကြောင့် မြတ်စွာဘုရားကလဲ အန္ဓီဘူတော အယံ လောကော - အကန်းတွေလို့ မဟောထိုက်ဘူးလား၊ (ဟောထိုက်ပါတယ် ဘုရား) အကန်းတွေဆိုတာ ဘာကန်း

နေတာလဲ၊ ပညာမျက်စိ ဉာဏ်မျက်စိ ကန်းနေဒါပါဘဲ ဘုရား)။

အမေမွေးတုံးက ပါလာတဲ့ ဒီအသားဆိုင် မျက်စိကြီး ကန်းနေတာကို ပြောတာ မဟုတ်ဘူးနော်၊ (မှန်ပါ့ဘုရား) အသားဆိုင် အသားခဲ မျက်လုံးကြီးတော့ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဒါ မိန်းမ ဒါ ယောကျ်ား ဒါ ပုဂ္ဂိုလ် သတ္တဝါ ဒါ ရန်ကုန်မြို့ကြီး ဒါ တိုက် ဒါ အိမ် ဒါကရွေ ဒါကစိန် ဒါကခွေးဘဲ ဆင်ဘဲ မြင်းဘဲ နွားဘဲလို့ ဒါတွေ တော့ မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား)။

ဒါတွေဟာ မျက်မြင်တွေ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)မျက်မြင်တွေဟာ တရားတွေလား မတရားတွေလား၊ (မတရားတွေပါ ဘုရား) ပညတ်တွေလား၊ ခဲဘတ်တွေလား၊ (ပညတ်တွေပါဘုရား)ပညတ်တွေဆိုရင် ကိလေသာရဲ့ အာရုံ လား ဉာဏ်ရဲ့အာရုံလား၊ (ကိလေသာရဲ့ အာရုံပါ ဘုရား) ကိလေသာရဲ့အာရုံတွေဆိုတော့ ဒါတွေကိုမြင်ရင် ကိလေသာ တွေ ပွားနေတာပေါ့၊ (မှန်ပါ့ဘုရား) ဒီအာရုံတွေမြင်နေရင် လောဘ ဒေါသ မောဟတွေ ဖြစ်တယ်၊ ရှင်းရဲ့လား၊ (ရှင်း ပါတယ်ဘုရား)။

တရားအာရုံကို အာရုံပြုလိုက်တော့ လောဘ ဒေါသ မောဟ လာသေးရဲ့လား၊ (မလာပါဘူးဘုရား) ခင်ဗျားတို့ ခန္ဓာတွင်း ဉာဏ်သွင်းပြီးတော့ လှုပ်တာ မှတ် ပျက်ပြီ သိ၊ လှုပ်တာမှတ် ပျက်ပြီသိ၊ လှုပ်တာမှတ် ပျက်ပြီသိ၊ အဲဒီလို ပွားနေတဲ့အခါ လှုပ်တာကလေးကို မှတ်နေတဲ့ စိတ်

ကလေးဟာ ဘယ်ပေါ်မှာ တည်နေသလဲ လှုပ်တဲ့ တရား ပေါ်မှာ တည်မနေဘူးလား၊ (နေပါတယ် ဘုရား)။

လှုပ်တာရော မှတ်တာပါ ပျက်သွားတာ မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား)လှုပ်တာကလေးက ရုပ်၊မှတ်တာကလေး က နာမ်၊ ရုပ်နာမ် နှစ်ပါး ဖြစ်ပျက်နေတာ မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) ရုပ်နာမ်နှစ်ပါး၊ဖြစ်ပျက်တာကို မြင်နေ တဲ့ ဒီစိတ်ကလေးသည် လောဘစိတ်လား၊ ပညာတရားလား၊ (ပညာတရားပါဘုရား)။

ဒေါသစိတ်လား ပညာတရားလား၊ (ပညာတရားပါ ဘုရား) လူဘဲ-နတ်ဘဲ-ဗြဟ္မာဘဲ မြင်နေတဲ့ မောဟစိတ်လား၊ ရုပ်နာမ်မြင်နေတဲ့ ပညာစိတ်လား၊(ရုပ်နာမ်မြင်နေတဲ့ ပညာ စိတ်ပါဘုရား) ဒါဖြင့် ဒီမြင်လုံး သိလုံးဟာ ဝိဇ္ဇာလား အဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် တရားကိုမြင်နေတယ်၊ တရားကိုဆင်ခြင်နေတယ်၊ တရားကိုသိနေတဲ့ အခါကလေးမှာဖြင့် ယောဂီတို့ လောဘ ဖြစ်သေးသလား၊ (မဖြစ်ပါဘုရား) ဒေါသကော၊ (မဖြစ်ပါ ဘုရား) ရုပ်မှန်း နာမ်မှန်း မသိတဲ့ မောဟဖြစ်သေးသလား၊ (မဖြစ်ပါဘုရား)။

ရုပ်နာမ်ဖြစ်ပျက်ကို ဆင်ခြင်မြင်နေတဲ့အခါမှာ လောဘ ဒေါသ မောဟဆိုတဲ့ တရားဆိုး တရားမိုက်တွေ လာသေး သလား၊ (မလာပါဘုရား) ကင်းမနေဘူးလား၊ (ကင်းနေပါ တယ်ဘုရား) ရှင်းမနေဘူးလား၊ (ရှင်းနေပါတယ် ဘုရား)

တရားမြင်ရင် အမှားတွေ စင်လို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

စိတ်ကလေးက ဉာဏ်နဲ့ယှဉ်ပြီး တရားတွေ မြင်နေတော့ အမှားတွေ စင်နေပါတယ်၊ အမှားတွေမဝင်ဘူး၊ ရှင်းနေတယ်၊ ကင်းနေတယ်၊ မကင်းဘူးလား၊ (ကင်းပါတယ်ဘုရား) ဟုတ်ကော ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တရား မြင်နေတဲ့အခါ လောဘ ဒေါသ မောဟ မရှိဘူးပေါ့၊ (မှန်လှပါဘုရား)။

လူဘဲ-နတ်ဘဲ-ဗြဟ္မာဘဲ၊ ခေါင်း-ကိုယ်- ခြေ- လက် အထီးဘဲ-အမဘဲ၊ သူဘဲ-ငါဘဲလို့ ပညတ်တွေ မြင်တဲ့အခါမှာ လောဘ ဒေါသ မောဟတွေ မလာဘူးလား၊ (လာပါတယ်ဘုရား) မုန်းတဲ့ စိတ်တွေ လိုချင်တဲ့ စိတ်တွေ ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား- မိန်းမဆိုတဲ့ မျက်မြင်တွေဟာ ပညတ်အာရုံတွေ၊ ဒီ ပညတ်အာရုံတွေဟာ ကိလေသာ ထကြွ သောင်းကျန်း တိုးပွားခြင်းရဲ့ အကြောင်းတရားလို့ မှတ်နော်၊ (မှန်ပါ့ဘုရား)။

တရားသဘော သဘောတရားဆိုတဲ့ အာရုံ တွေသည် ပရမတ်၊ ပရမတ်ဆိုတဲ့ အာရုံသည် ကိလေသာ ငြိမ်းကြောင်း ကိလေသာ ရှင်းကြောင်း- ကင်းကြောင်းဖြစ်တဲ့ အာရုံလို့ မှတ်၊ ရှင်းပြီလား၊ (ရှင်းပါတယ်ဘုရား)။

ဒါကြောင့် တရားနဲ့ နေရတာ လောဘလဲ ဖြစ်ရဲ့လား၊ (မဖြစ်ပါဘုရား) ဒေါသကော၊ (မဖြစ်ပါဘုရား) မောဟ

ကော၊ (မဖြစ်ပါဘုရား) တဏှာ မာန ဒိဋ္ဌိတွေကော၊ (မဖြစ်ပါဘုရား) ကိလေသာတွေနဲ့ ဝေးနေတယ်၊ ကိလေသာအညစ်အကြေးတွေ ကင်းနေတယ်၊ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

တရားအမှတ် လွတ်သွားတာနဲ့ တပြိုင်နက် သူဘဲ ငါဘဲ ပုဂ္ဂိုလ်ဘဲ နင်ဘဲ ငါဘဲ ဆိုပြီး ပညတ်အာရုံတွေ ဝင်မလာဘူးလား၊ (ဝင်လာပါတယ်ဘုရား) ဝင်လာတာနဲ့ တပြိုင်နက်ထဲ နောက်က ကောင်းတယ် ဆိုးတယ် ဆိုတဲ့ စိတ်တွေ လိုက်မလာဘူးလား၊ (လိုက်လာပါတယ် ဘုရား) ကောင်းတယ်ဆိုရင် လောဘ၊မကောင်းဘူးဆိုရင်ဒေါသ၊ယောကျ်ား-မိန်မ-ပုဂ္ဂိုလ်-သတ္တဝါမြင်လိုက်တာက ဒိဋ္ဌိ၊လောဘ-ဒေါသ-မောဟ-ဒိဋ္ဌိတွေ ဗွက်ပေါက်ပြီး တိုးမလာဘူးလား၊ (လာပါတယ်ဘုရား)။

ဒါကြောင့် ယောကျ်ား-မိန်းမ ပုဂ္ဂိုလ်-ဆိုတဲ့ အာရုံတွေဟာ ကိလေသာရဲ့ အာရုံ၊ ပညတ်အာရုံ၊ ရုပ်နာမ် ဓမ္မသဘောဆိုတာတွေက ပရမတ် အာရုံလို့မှတ်။ ပရမတ်ကို မြင်ရင် ကိလေသာတွေစင် ပညတ်ဆိုတဲ့ အာရုံကိုမြင်ရင် ကိလေသာတွေဝင်၊ (မှန်ပါ)။

ပညတ်အာရုံတွေ မြင်လိုက်တာနဲ့ တပြိုင်နက်ထဲ စိတ်ထဲမှာ ကိလေသာဆိုတဲ့ လောဘ-ဒေါသ-မောဟ တွေ ဝင်မလာဘူးလား၊ (ဝင်လာ ပါတယ် ဘုရား) ပရမတ်ဆိုတဲ့ ရုပ်နာမ် အနိစ္စ-ဒုက္ခ-အနတ္တတွေ မြင်လိုက်တာနဲ့ တပြိုင်နက်ထဲ စိတ်ထဲမှာ ကိလေသာတွေ စင်မသွားဘူးလား၊ (စင်သွားပါတယ် ဘုရား)။

ဒါဖြင့် တရားနဲ့နေရတာ လောဘလဲကင်းတယ်၊ ဒေါသလဲ မကပ်နိုင်ဘူး၊မောဟလဲ စိတ်ထဲမှာ မဝင်နိုင်ဘူး၊လောဘ-ဒေါသ-မောဟတွေ ဒီအချိန်မှာ ကင်းနေတာဘဲ၊ ရှင်းနေတာဘဲ၊ အပူတွေ ကင်းနေတာပေါ့၊ အယုတ်မာတွေ ပျောက်နေတာပေါ့၊ ဟုတ်ကဲ့လား၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ" အရသာအပေါင်းတို့တွင် တရားတည်း ဟူသော အရသာသည် အကောင်းဆုံးတဲ့ ယောဂီတို့၊အရသာအပေါင်းတွင် ဘာ အရသာက အကောင်းဆုံးလဲ၊ (တရားအရသာက အကောင်းဆုံးပါဘုရား)။

ဒါကြောင့် တရား အရသာကို စားသုံးကြပါ ဆိုတာကို သတိပေးလိုက်ပါတယ်၊ မုဆိုးကြီးတယောက် ပိုက်ကွန်ကြီးနဲ့ ကြွက်-ငှက်-ဇရက်ဆိုတာတွေ လွှမ်းပြီး အုပ်ဖမ်းလိုက်တဲ့ အခါကျတော့ အုပ်မိပြီးပိုက်ကွန်ထဲ ရောက်တဲ့ ငှက်တွေဟာလွတ်ဘို့ မြင်သေးရဲ့လား၊ (မမြင်ပါဘုရား)လွတ်တယ်ဆိုရင် တကောင်နှစ်ကောင်ဘဲ လွတ်မယ်နော်၊ (မှန်ပါ့ဘုရား)။

အမိခံရတဲ့ ကြွက် ငှက် ဇရက် သတ္တဝါတွေဟာ ပိုက်ကွန်ထဲမှာ မုဆိုးလက်ချက်နဲ့ အကုန် အသက် ထွက်ရသလိုဘဲတဲ့၊ (မှန်လှပါ)။

သတ္တဝါတွေဟာလဲ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တကို မမြင်ကြရလေသည် ဖြစ်သောကြောင့် သေမင်းရဲ့ လက်ထဲမှာ အိုရ နာရ သေရတဲ့ သတ္တဝါတွေ များပါတယ် တဲ့၊ (မှန်ပါ) မုဆိုးလက်ထဲက လွတ်သွားတဲ့ ကြွက် ဇရက်

ငှက်ကလေးဟာ တကောင် နှစ်ကောင်ဘဲ ရှိသေးသလို့ တရားမြင်၍ သေမင်းလက်ထဲက လွတ်သွားတဲ့ လူ နတ် ဗြဟ္မာတို့ဟာ အနည်းငယ်မျှသာ ရှိတယ်ဆိုတာကို မြတ်စွာဘုရား ဟောလိုက်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အဲဒီတရားကို ဟောလိုက်တော့ ရက္ကန်းသည်မကလေးလဲ သောတာပန်တည်ပြီး ဘုရားရှင်အား ဦးချ၍ သူ့ရက်ဖောက်တောင်းကလေး ထမင်းချိုင့်ကလေး အသာယူပြီး ရက္ကန်းရုံကို သွားပါတယ်၊ အဖေကလဲ သမီးကို စောစောလာဘို့ ပြောထားကာမှ ဒီနေ့ နောက်ကျနေလို့ ထမင်းဆာဆာနဲ့ စောင့်ရင်း ထိုင်လျက်အိပ်ပျော်နေရှာတယ်၊ ရက္ကန်းသည်မကလေးလဲ ဘုရားရှင်ရဲ့တရားတော်ကိုနာရလို့ သောတာပန် ဖြစ်သွားပြီ၊ ဝိသာခါတို့လိုပေါ့၊ (မှန်လှပါ)။

အဲဒီလို စောင့်ရင်း အိပ်နေခိုက် သမီးက ဖြုံးကနဲရောက်လာပြီး အသံပေးလိုက်တော့ လန့်ပြီး နယ်စုံးနဲ့လှမ်းပစ်လိုက်ရာ ရက္ကန်းသည်မကလေးရဲ့ရင်မှာစိုက်ပြီး တခါတည်း သေရော၊ သေပြီး တုသိတာနတ်ပြည်မှာ နတ်သမီး သွားဖြစ်ရတယ်။

တရားတော်ရဲ့ တန်ခိုး တရားတော်က ဆောင်သွားတယ်နော်၊ (မှန်ပါ့ ဘုရား) အပါယ်လေးပါးသွားသလား-နတ်ပြည် သွားသလား၊ (နတ်ပြည်သို့ သွားပါတယ် ဘုရား) သေပြီး ချက်ချင်းပင် နတ်ပြည်မှာ သွားပြီး ၁၆-နှစ်ရွယ် နတ်သမီးကလေး သွားဖြစ်တယ်နော်၊ (မှန်ပါဘုရား)။

ဋ္ဌာသယ ၅၇၆-၂၅

အဲဒီတော့ ဒီအမျိုးသမီးကလေးကို တယ်ပြီး အတုခိုးဘို့ ကောင်းတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့လို့ ၃-နှစ်လုံးလုံး မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုပွားတယ်၊ အခုလဲ သောတာပန်ဖြစ်ပြီး သေသည်၏အခြားမဲ့၌ နတ်ပြည်မှာ နတ်သမီး ဖြစ်ရတယ်၊ ဝိသာခါ အနာထပိဏ်ဘို့လို ဘုံစဉ်စံ၍ ရဟန္တာ ယောကျ်ားဖြစ်ပြီးတော့ နိဗ္ဗာန်ဝင်မဲ့ အမျိုးသမီးလို့ မှတ်ကြပါတော့နော်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဤအမျိုးသမီးကလေးသည် သောတာပန်ဖြစ်သွားရခြင်း အကြောင်းမှာ ဘုရားရှင် ဟောတော်မူတဲ့ မရဏာဿတိ ကမ္မဋ္ဌာန်းလဲ စီးဖြန်းတယ်၊ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ တရားတွေ တရားနာရင်း ခန္ဓာတွင်းမှာ သွင်းပြီး မြင်လိုက်တယ်၊ ဆင်ခြင်လိုက်တယ်၊ ဒါကြောင့် အရိယာပုဂ္ဂိုလ်ဖြစ်ပြီး နတ်ပြည် သွားရတယ် မဟုတ်လား၊ (မှန်ပါ့ဘုရား)။

ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ် လားရသေးသလား၊ (မလားရပါဘုရား) ဒါ ဘာကြောင့်လဲဆိုတော့ တရားမြင်လို့ဘဲ တရားမြင်တော့ အမှား မစင်ဘူးလား၊ (စင်ပါတယ်ဘုရား) အမှားစင်တော့ အပါယ်လေးပါးသို့ လားရသေးသလား၊ (မလားရပါ ဘုရား) နတ်ပြည် မသွားရဘူးလား၊ (သွားရပါတယ်ဘုရား) နတ်ပြည်ကနေပြီး ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်တော့မယ်ဆိုတော့ မချမ်းသာဘူးလား၊ (ချမ်းသာပါတယ်ဘုရား)။

ဒါကြောင့် အားလုံးသော တကာ-တကာမတွေ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေကြဘဲ ကိုယ့်ဘဝကို ပြန်ပြီးစဉ်းစားမယ်ဆိုရင် ရက္ခန်းသည် အမျိုးသမီးကလေးလို ဘယ်ကလာလို့ လာမှန်းလဲ မသိကြဘူး မဟုတ်လား၊ (မှန်ပါဘုရား) ဘယ်ကို သွားကြရမယ် ဆိုတာလဲ အတိအကျ မသိကြဘူး မဟုတ်လား၊ (မှန်ပါ့ဘုရား) သေမှာကလဲ မုချ ဖြစ်နေပြီ၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ဘယ်နေ့ သေမယ်ဆိုတာ ဘယ်သူမှ အတိအကျ မသိ၊ မသိလို့ ပိုခက်တယ်၊ သိရင် အေးအေးနေလို့ ဖြစ်သေးတယ်၊ နီးသလား ဝေးသလားလို့ သိကြရဲ့လား၊ (မသိကြပါဘုရား)။

ဒါကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေကြဘဲ တရားအလုပ် အားထုတ်ကြပါလို့ ဘုန်းကြီးတို့က တိုက်တွန်း ပါတယ်၊ (မှန်ပါ့ ဘုရား) ကဲ - မရဏာဿတိ ကမ္မဋ္ဌာန်းကလေးကို ဆိုကြပါအုံး-

၁။ "ငါ၏အသက်ရှင်ခြင်းသည် မမြဲပါတကား၊ ငါ၏ အသက်သေခြင်းသည် အမြဲပါတကား"။

အသက်ရှင်တာက မြဲသလား - သေတာက မြဲသလား၊ (သေတာက အမြဲပါဘုရား) ဒါလေးကို ခဏခဏ ပွားရမယ်နော်၊ ကဲ ဆို-

၁။ "ငါ၏အသက်ရှင်ခြင်းသည် မမြဲပါတကား၊ ငါ၏ အသက်သေခြင်းသည် အမြဲပါတကား"။

၂။ "ငါသည် မုချမသွေ သေရမှာပါ တကား"။

၃။ "ငါ၏ အသက်ရှင်ခြင်းသည် သေခြင်း သာလျှင် အဆုံးရှိပါတကား"။

၄။ "အသက် ရှင်ခြင်းသည် အမြဲမရှိ၊ အသက် သေခြင်းသည် အမြဲရှိ၏"။

ဤတရားကို များများကြီး ပွားကြရန် သတိပေးလိုက်တယ်နော်၊ (မှန်ပါ့ ဘုရား) ခင်ဗျားတို့ ကျုပ်တို့မှာ သေရမှာ မုချ ဖြစ်လေတော့ သေရင် ဘာ အားကိုးရမလဲ၊ မေးခွန်း ထုတ်တော့ သားတွေ သမီးတွေ ပစ္စည်း-ဥစ္စာတွေက သေရင် ကယ်နိုင်ပါ့မလား၊ (မကယ်နိုင်ပါဘုရား) ဒါဖြင့် သားသမီး ပစ္စည်း ဥစ္စာတို့သည် အားကိုးရာ ဟုတ်ပါ့ရဲ့လား၊ (မဟုတ်ပါ ဘုရား) ဒါကြောင့် ခင်ဗျားတို့ ကျုပ်တို့ အားကိုးရာသည် တရားရတနာမှတပါး တခြား အားကိုးရာ ရှိသေးသလား၊ (မရှိပါဘုရား)။

ရက္ခန်း သည် မ လေး နတ် ပြည် ကို ဆောင်သွားတာ ဘယ်သူက ဆောင်သွားတာတုံး၊ (တ ရား က ပါ ဘု ရား) မဂ်တရားက ဆောင်သွားတယ်၊ ကိုယ်အားထုတ်လို့ ကိုယ်သိသွားတဲ့တရားက အထက်ကို ဆောင်သွားတာ၊ (မှန်ပါ့ ဘုရား)။

ဘုရားက ပို့တာလား၊ တရားက ပို့တာလား၊ (တရားက ပို့တာပါ ဘုရား) မိဘ - ဆရာသမားက ပို့လိုက်တာလား၊ တရားက ပို့လိုက်တာလား၊ (တရားက ပို့တာပါ ဘုရား) ဒီတရားက သူများရတဲ့ တရားလား၊ ကိုယ်ရတဲ့ တရားလား၊ (ကိုယ်ရတဲ့တရားပါဘုရား)။

သူများ အားထုတ်လို့သိတဲ့ တရားလား၊ ကိုယ် အား ထုတ်လို့သိတဲ့ တရားလား၊ (ကိုယ်ကိုယ်တိုင် အားထုတ်လို့ သိတဲ့တရားပါဘုရား) ဒါဖြင့် ကိုယ်ကိုယ်တိုင် အားထုတ်တဲ့ တရားမှ ကိုယ်ရဲ့ အားကိုးရာ အစစ်ဟု ဆုံးဖြတ်ကြပေတော့၊ ဟုတ်လား၊ (မှန်ပါ့ဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီတော့ ခင်ဗျားတို့ကျုပ်တို့မှာ တရားမှတပါး တခြား အားကိုးစရာမရှိဘူးဆိုတာ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) အားကိုးရာ မရသေးတဲ့ ပုဂ္ဂိုလ်တွေ တရားအားကိုး ရှာကြ ပေတော့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း အချိန်လဲ စေ့ပြီ၊ လက်စုံမိုး ရှိခိုးကြပေတော့၊ အားလုံးသော ရဟန်းရှင်လူ ဓယာဂီ သူတော်စင်အပေါင်း တို့အား သေသေချာချာ ဉာဏ်မျက်လုံးနဲ့ကြည့်လိုက်ပါလျှင် မိမိကိုယ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်ပြီး စီစစ်လိုက်ပါလျှင် ဘယ်ကလာလို့ လာမှန်းမသိ၊ ဘယ်သွားလို့လဲ သွားရမှန်း မသိ၊ မသိတဲ့လောက အကန်းလမ်းလျှောက်သလို အရမ်း လမ်းလျှောက်ပြီး သံသရာ လောကကြီးထဲမှာ သွားလာ နေကြပေသည်။

ဒါကြောင့် ဖြစ်လာသမျှသည် ပျက်မှာမုချ အချိန် ပိုင်းသာ လိုတော့သည် ဖြစ်လေသောကြောင့် အားကိုး စရာသည် တရား ရတနာသာလျှင် ရှိပါသည်၊ တရား ရတနာကသာလျှင် မိမိကို အပါယ်လေးပါးသို့ မကျစေဘဲ သုဂတိဘဝ နတ်ပြည် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို

သောင်ပေါ်လိမ့်မယ်ဆိုတဲ့အကြောင်း ကောင်းကောင်းကြီး သဘော ပေါက်ကြ ပါစေတော့လို့ ရဟန်းသည်မလေး သက်သေသာခက ထုတ်ဆောင်ပြီးသကာလ အားကိုးရာသည် တရားသာလျှင် အစစ်ဖြစ်ကြောင်းကို ဟောပြ ဆုံးမ လိုက်ပါသည်။

ဤကဲ့သို့ ဆုံးမ ဟောကြားလိုက်တဲ့ တရားတော်ကို ကြားနာကြရကုန်သော အားလုံးသော သင် ရဟန်းရှင်လူ ယောဂီ သူတော်စင်အပေါင်းတို့မှာ အော် - လောကကြီး တလောကလုံးအတွင်းမှာ သားသမီး ပစ္စည်းဥစ္စာ ရတနာ တွေဆိုတာ တကယ်အားကိုးရာ အစစ် မဟုတ်ပါလား၊ တကယ် အားကိုးရာသည် ကိုယ်အားထုတ်လို့ ကိုယ်ရတဲ့ တရားမှသာလျှင် ကိုယ်အားကိုးရာ အစစ်အမှန်ပါကလား လို့ဆိုတာကို သေသေချာချာ သဘောပေါက် နားလည် ကြပါလျှင် တရားတော်ကို ချီးကျူးသောအလား ဝမ်း မြောက်သောအနေအားဖြင့် ၃-ကြိမ် သာဓု-သာဓု-သာဓုလို့ ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# ရှုဗိုးခြင်း နှစ်ပါးနှင့် အမှတ် အသိ အယူမှန်ရန် တရားတော်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၇၁-ခု၊ ဇန္နဝါရီလ (၃၁)ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ သမိုင်းရပ်၊ မရမ်းခြံ 'အောင်'ဓမ္မရိပ်သာ၌ အောင်မင်္ဂလာ ဆရာတော်ဘုရားသည် ရှုမှီးခြင်း နှစ်ပါးနှင့် အမှတ်မှန် အသိမှန် အယူမှန်ရန် တရားတော်များကို ဟောကြားတော်မူသည်။

ကဲ - မျက်လုံးကလေးတွေ မှိတ်ထား၊ ဟောကြားမည့် တရားတော်ကို အာရုံပြုကြ၊ ဟောကြားတဲ့ တရားတော် အသံ နားမှာ လာကြားတော့ တရားအသံကလဲ ရုပ်ဘဲ၊ နားကလဲ ရုပ်ဘဲ၊ နာယူနေကြတဲ့ ခန္ဓာကိုယ်ကြီးက ရုပ်စု ရုပ်ပုံကြီးကိုး၊ အဲဒီတော့ ရုပ်-ရုပ်ချင်း တိုက်တာဘဲ၊ ရုပ်-ရုပ်ချင်း တိုက်တော့ သိမှုစိတ်ကလေး ပေါ်လာတယ်၊ အသံနဲ့ နားနဲ့ ထိတိုင်း ထိတိုင်း ထိခိုက်ကလေးမှာ ကြားသိ ကြားသိ ကြားသိဆိုတဲ့ သိစိတ်ကလေးတွေ ပေါ်လာတယ်။

အဲဒီတော့ ကြားတာကို ငါက ကြားတာဘဲလို့ သွားယူတော့ အမှတ် မှားတယ်၊ အသိ မှားတယ်၊ အယူ မှားတယ်၊ အမှတ် မှားတာ သညာဝိပ္ပလ္လာသ၊ အသိ မှားတာ

စိတ္တာ ဝိပ္ပလ္လာသ၊ အယူ မှားတာကို ဒိဋ္ဌိဝိပ္ပလ္လာသလို့ ခေါ်တယ်၊ တစတစ မှားလာလိုက်တာ အမှား တွင်းက နက် - နက်ပြီး လာတော့ ဒိဋ္ဌိ ရောက်သွားတယ်၊ ဒိဋ္ဌိက စွဲလမ်းပြီး ဖြုတ်လို့ မရနိုင်အောင် ဖြစ်ကုန်တယ်၊ (မှန်လှပါ)။

ဒါကြောင့် နံပါတ် ၁-အမှတ်မှားတာကစ၍ ၂-ဒုတိယ အသိ မှားသွားတယ်၊ ၃-တတိယ စွဲလမ်းသွားပြီ၊ အဲဒီတော့ ဒီအမှတ်မှား အသိမှား အယူမှားတွေကို တရားတော်က ဖျက်ပေးနေတာဘဲ၊ ဘယ်တုံးက မှားလာတာလဲ ဆိုရင် ဘယ်တုံးက မှားလာတယ်လို့ ဂဏန်းချပြီး ရေတွက်ခြင်းငှာ မစွမ်းနိုင်ဘူး၊ သံသရာ အဆက်ဆက် ဘဝ အဆက်ဆက်က မှားလာခဲ့တယ်။

မှားနေတယ်ဆိုတာလဲ ဘုရားရှင်ပွင့်မှ ဘုရားရှင်ကသိလို့ ဘုရားရှင်က ဟောကာမှ ဘုရားရှင်ပြောမှ သိကြရတယ်၊ ကိုယ့်ဟာကိုယ်တော့ မှန်တယ်ဘဲ ထင်နေတာဘဲ၊ လူရော နတ်ရော ဗြဟ္မာရော အထူးသဖြင့် လောကထိပ်သီးဆိုတဲ့ ပညာရှိကြီးတွေ ကိုယ်တိုင်လဲ မသိကြဘူး၊ ကိုယ့်ဟာကိုယ် တော့ ဟုတ်တယ် မှန်တယ် ထင်ကြတာဘဲ။

အဲဒါလို အမှတ်မှား အသိမှား အယူမှားတွေကြောင့် စိတ်က ကြားတာကိုက ငါ ကြားတာပါ၊ ငါ ကောင်ထီး ငါ ကောင်မ ယောကျ်ား မိန်းမတွေ ကြားတာပါလို့ မှတ်ထားခဲ့တယ်၊ မှတ်တဲ့အတိုင်း သိတယ်၊ သိတဲ့အတိုင်း စွဲလမ်းပြီးတော့နေပါတယ်၊ (မှန်လှပါတယ်ဘုရား)။

ဒါကြောင့် ငါကြားတာ မဟုတ်၊ နာမ်က စိတ်က ကြား တာပါဘဲ၊ ကြားပြီးရင်လဲ ပျက်တယ်၊ အဲဒီ ဖြစ်ပျက်ကလေး ရှုပြီးတော့ တရားနာရတယ်၊ ယောကျ်ား မိန်းမက နာနေ တယ်လို့ ဒီလိုမယူပါနဲ့၊ ဒါကြောင့် နားမှာကြားသော တရား တော်သံတို့ကို ရင်က ခွဲခြမ်းစိတ်ဖြာပြီး သေသေချာချာ နာယူ ပါလို့ဆိုတာ တိုက်တွန်းလိုက်ပါတယ်။

ဒိဋ္ဌမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာ
သိကြား၊ မိုးဖျားပြဟ္မာ၊ ဖြစ်တုံပါလည်း၊ခန္ဓာပြိုကွဲ၊
ကုသိုလ်စဲက၊ ဖောက်လွဲ ပါယ်ရွာ ရောက်မြဲသာ
တည်း။

လို့ - လယ်တီ ဆရာတော်ဘုရားကြီး ဆုံးမတော် မူတယ်။

(၁) သတ္တသညံ ဂဟေတွာန၊ သဿတုစ္ဆေဒဒဿိနော။
ဒွါသဋ္ဌိဒိဋ္ဌိ ဂဏှန္တိ၊ အညမညဝိရောဓိတာ။

(၂) ဒိဋ္ဌိဗန္ဓနဗဒ္ဓါတေ၊ တဏှာ သောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊န တေ ဒုက္ခာ ပမုစ္စရေ။

ဒီဂါထာရဲ့ ဆိုလိုရင်းကတော့ သတ္တသညံ-သတ္တဝါဆိုတာ တကယ်ရှိ၏ ဆိုတဲ့ အမှတ်သညာကို၊ ဂဟေတွာန-ယူဆကြကုန် ၍၊ သဿတုစ္ဆေဒဒဿိနော-သဿတ အယူ ဉစ္ဆေဒ အယူကို ပြကြကုန်လျက်(ဝါ) ယူကြကုန်လျက်၊အညမညဝိရောဓိတာ- ယူဆပုံ အချင်းချင်း မတူကြကုန်ဘဲ၊ဒွါသဋ္ဌိဒိဋ္ဌိ-ခြောက်ဆယ့် နှစ်ပါးသော အယူမှားတို့ကို၊ ဂဏှန္တိ-စွဲလမ်း၍ ယူဆကြလေ ကုန်၏။

ဒိဋ္ဌိသုနေ့ဗဒ္ဓါ-အမှားအမျိုးမျိုးတို့ကို ယူ၍ထားကြကုန်သော၊ တော-ထို အမှားအရကြီးတို့သည်၊ တဏှာသောတေနအဏှာတည်းဟူသော ရေအယဉ်ဖြင့်၊ ဝုယှရေ-ဝုယှန္တိ-မျောပါး၍ နေကြရလေကုန်၏၊ တဏှာသောတေ- နတဏှာတည်းဟူသော ရေအယဉ်ဖြင့်၊ ဝုယှန္တာ-မျောပါး၍ နေကြကုန်သော၊ တော-ထို အမှားအရကြီးတို့သည်၊ဒုက္ခာ-အို နာ သေမှု ဘင်းရဲ အပေါင်းမှ၊ န ပမုစ္စရေ-န ပမုစ္စန္တိ - မလွတ်မြောက် နိုင်ဘဲ ရှိကြရလေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)။

တကာ - တကာမတို့ ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ကို ဉာဏ်နဲ့ ပြန်ကြည့်တော့ အိုခြင်းဆင်းရဲဟာ ခန္ဓာမှာ ရှိပါရဲ့လား၊ (ရှိပါတယ်ဘုရား) နာခြင်း ဘေးကြီးကော ခန္ဓာမှာ ရှိပါရဲ့လား၊ (ရှိပါတယ် ဘုရား) သေဘေးကြီးကော လက်ရှိ ရှိနေပါရဲ့လား၊ (ရှိပါတယ် ဘုရား) သေဘေးနဲ့ တွေ့တာနဲ့ တပြိုင်နက် အမဲ့ အကဲ့ ဘေးတွေကော တွေ့မှ တွေ့ပါ့မလား၊ (တွေ့မှာပါ ဘုရား) ဒါဖြင့် ခင်ဗျားတို့ တရားနာနေတာဟာ အိုဘေး-နာဘေး-သေဘေး-ကြီးနဲ့ နာနေပါတယ် ဆိုရင် မှားသလား၊ (မမှားပါဘုရား)။

ဒါဖြင့် လူတွေ နတ်တွေ ဗြဟ္မာတွေက တရားနာနေတာလား၊ အိုခြင်း ဆိုး - နာခြင်းဆိုး - သေခြင်းဆိုး က နာနေတာလား၊ (အိုခြင်း - နာခြင်း - သေခြင်း ဆိုးတွေ နာနေတာပါ ဘုရား) အဲဒီလို မြင်ရမယ်၊ ဒီလို မြင်တော့

အောင် - ခန္ဓာကိုယ် ဒုက္ခကြီးပါလား၊ အိုခြင်းဆိုး-နာခြင်း ဆိုး-သေခြင်း ဆိုး-ခန္ဓာကြီး ပါလား၊ ဒီခန္ဓာကြီး ရထားတာ ဟာ အိုခြင်း ဆိုး-နာခြင်း ဆိုး-သေခြင်း ဆိုး-ဘေး ဆိုး-ရန်ဆိုး အန္တရာယ်ဆိုးကြီး ရနေတာပါကလား၊ တွေ့နေပါ ကလားလို့ အဲဒီလို သိလာလိမ့်မယ်၊ (မှန်လှပါဘုရား)။

အဲဒီလို မသိတော့ ကိုယ် ခန္ဓာကြီးကို မခင်ဘူးလား၊ (ခင်ပါတယ်ဘုရား) ဒီခန္ဓာကြီးကို ခင်တွယ်ရုံတင် မဟုတ် သေးဘူး၊ ဒီခန္ဓာကြီး မပြိုကွဲရအောင် နောက်ထပ်ပြီး ဒီခန္ဓာ မျိုးကြီးရအောင် ကြိုးစားနေကြတယ်၊ မကြိုးစားဘူးလား၊ (ကြိုးစားပါတယ်ဘုရား) ဘာတွေနဲ့ ကြိုးစား နေသလဲ ဆိုတော့ ယခုလက်ရှိ ရထားတဲ့ ခန္ဓာကိုယ်ကြီးအတွက် တရား သော မတရားသော နည်းတွေနဲ့ လုံးပမ်း ရှာဖွေနေတယ်၊ ဒီခန္ဓာကိုယ်ကြီး ပြိုကွဲသွားမှာစိုးလို့၊ ဟုတ်ပါရဲ့လား၊ (ဟုတ် ပါတယ်ဘုရား)။

ဒီ ခန္ဓာကိုယ်ကြီး ပြိုကွဲ ပျောက်ပျက် မသွားရအောင် အမျိုးမျိုး နည်းမျိုးစုံနဲ့ အစား အဝတ် ဆေးတွေ အမျိုး မျိုးနဲ့ စောင့်ရှောက် နေတာဟာ ဒီခန္ဓာကြီး ပြိုကွဲ သွားမှာ စိုးလို့ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီခန္ဓာကြီးနဲ့ ခင်ဗျားတို့ ခွဲကို မခွဲချင်ဘူး၊ ယနေ့ ဒီပရိ သတ်ထဲမှ ခွဲချင်တဲ့သူ ပါရဲ့လား၊ (မပါပါဘုရား) အဲဒါ ဘာကြောင့် မခွဲချင်သလဲ ဆိုတော့ ခင်ဗျားတို့ ရထားတဲ့ ခန္ဓာကြီးကို သုခအစစ် ချမ်းသာ အစစ်ကြီးကို ရနေတယ်လို့

အထင်မှား အမှတ်မှားနေလို့ ဟုတ်ရဲ့လား၊ ဟုတ်ပါတယ် ဘုရား)။

အမှန်ကတော့ သေသေချာချာ ဉာဏ်နဲ့ ကြည့်တော့ ဒိဋ္ဌိကြီးသည် အဆိုးနှာကြီး မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား) အနာခန္ဓာကြီး မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) သေမဲ့ဆဲဆဲ ခန္ဓာကြီး မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် ချမ်းသာ ရထားတာလား- ဆင်းရဲ ရထားတာ လား၊ (ဆင်းရဲ ရထားတာပါ ဘုရား) အခု ရထားတာ ဆင်းရဲမှန်းသိတော့ နောက်ထပ်ရမှာ ဘာရမယ်ထင်သလဲ၊ (ဆင်းရဲဘဲ ရမှာပါဘုရား) ဒါက မပိုတော့ဘူးဆိုတာ သိလာ ပြီ၊ ဒါအမှန်သိတာလား- အမှားသိတာလား၊ (အမှန်သိ တာပါဘုရား)။

အမှန်သိတော့ ဒီခန္ဓာကိုယ်မျိုး ရအောင် နောက်ထပ် ကြိုးစားအုံးမလား၊ (မကြိုးစားပါဘုရား) မကြိုးစားရင် ရပါအုံးမလား၊ (မရပါဘုရား) မရရင် အို-နာ-သေ တွေ့အုံး မလား၊ (မတွေ့တော့ပါဘုရား) မတွေ့တော့ အေးရောပေါ့၊ (မှန်လှပါ)။

ဒါကြောင့် “အမှန်သိမှ သာသနာ၊ အမှန်ပြောမှ သာ သနာ၊ အမှန်လုပ်မှ သာသနာ၊ သုံးပါးရှိ အရိယာ ဘုံဝိဇ္ဇာ” တဲ့၊ ဘုရားရှင်၏ တရားနာရတဲ့ ပုဂ္ဂိုလ်တွေမှ အမှားအမှန် ကို ခွဲခြားသိနိုင်တယ်လို့ မှတ်လိုက်ပါ၊ (မှန်ပါဘုရား) ဘုရား ရှင်၏ တရားကို မနာယူရင် အမှားအမှန် သိပါ့မလား၊ (မသိ

ပါဘုရား)မသိရင် အမှားကို အမှန်လို့ ပြောင်းပြန်မယူပေဘူး လား၊ (ယူမှာပါဘုရား)ယူနေသမျှ ကာလပတ်လုံး လုပ်သမျှ ပြောသမျှ ကြံသမျှတွေဟာ အမှန်ဖြစ်ပါမလား၊ (မဖြစ်ပါ ဘုရား)အမှားတွေချည်းဘဲ မနေဘူးလား၊(နေမှာပါဘုရား) ကဲ- ဒါဖြင့် မှားပြီးရင်းမှားရင်း မိုက်တွင်းက နက်ပြီးရင်း နက်ရင်းဖြစ်နေတော့မှာဘဲနော်၊ (မှန်ပါဘုရား)။

ဒါကြောင့် အားလုံး တကာ-တကာမတွေ အမှန်သိအမှန် မြင်ရအောင် သေသေချာချာ မှတ်သားနာယူရမယ်၊ ပရိယေ သနာတဲ့၊ ရှာမှီးခြင်း နှစ်မျိုးရှိတယ်လို့ ဘုရားက ဟောတော် မူပါတယ်၊ ရှာမှီးခြင်းနှစ်မျိုးက ဘာတွေလဲဆိုတော့-

> ဒွေ မာ ဘိက္ခဝေ ပရိယေသနာ၊ အရိယာစ ပရိယေ သနာ အနရိယာ စ ပရိယေသနာ၊ ကတမာ စ ဘိက္ခဝေ အနရိယာ ပရိယေသနာ။ ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိ ဓမ္မံယေဝ ပရိယေသတိ၊ အတ္တနာ ဇရာဓမ္မော သမာ နော ဇရာဓမ္မံယေဝ ပရိယေသတိ။

စသည်ဖြင့် မူလပဏ္ဏာသ ပါသရာသိသုတ်မှာ ဘုရားရှင် ကိုယ်တော်မြတ်က ဟောတော် မူထားပါတယ်၊ (မှန်ပါ ဘုရား)။

ပရိယေသနာ- ဆိုတာ ရှာမှီးတာတဲ့၊ လူ့လောက နတ် လောက ဗြဟ္မာလောက ဘုံးသုံးဆယ့်တစ် ဘုံလောကကြီးမှာ ရှိရှိသမျှ အားလုံးသော လူ-နတ်- ဗြဟ္မာ- သတ္တဝါတွေဟာ

ရှာမှီးပုံ ၂-မျိုးရှိပါသတဲ့၊ ဘယ်နှစ်မျိုးပါလိမ့်၊ (၂-မျိုးပါဘုရား)။

ဒိဋ္ဌိ ပုထုဇဉ် အမိုက်အကန်းတို့ ရှာမှီးခြင်းက တမျိုး၊ အရိယာအရှင် သူတော်စင်တို့ ရှာမှီးခြင်းကတမျိုး၊ ၂-မျိုး ၂-စားရှိပါတယ်၊ နံပါတ် ၁-က ပုထုဇဉ်တို့ ရှာမှီးခြင်း,နံပါတ် ၂-က အရိယာတို့ ရှာမှီးခြင်းလို့ ၂-မျိုးရှိပါတယ်တဲ့၊(မှန်လှပါဘုရား)။

ပုထုဇဉ်တို့၏ ရှာမှီးခြင်းက ဘယ်လို ရှာမှီးခြင်းပါလဲ ဘုရားလို့ ဘုရားရှင်အား မေးတော့မှ မြတ်စွာဘုရားက အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံယေဝ ပရိယေသတိ။ မိမိခန္ဓာကိုယ်ကြီးကိုက ဖြစ်တတ်တဲ့ သဘောတရားကြီးဘဲတဲ့၊ ခင်ဗျားတို့ ခန္ဓာကြီးက ဖြစ်တတ်တဲ့ သဘောတရားကြီး ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ဖြစ်တတ်လို့ ဖြစ်လို့ ယခုခင်ဗျားတို့ ခန္ဓာကြီး ရနေပြီလေ၊ (ဟုတ်ပါတယ်ဘုရား)။

ကိုယ့် ခန္ဓာကြီးကိုက ဖြစ်တတ်တဲ့ သဘော တရားကြီး ဖြစ်ပါလျက် နောက်ထပ်ပြီးဖြစ်တတ်တဲ့ သဘောတရားတွေ လိုက်ပြီး ရှာမှီးနေကြတယ်တဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) မိမိခန္ဓာကြီးသည် အိုခြင်းတရား ဖြစ်ပါလျက်နဲ့ နောက်ထပ် တဖန် အအိုတွေကို လိုက်ရှာနေကြတယ်၊(မှန်ပါဘုရား) မိမိကိုယ်တိုင် နာတတ်တဲ့ သဘောတရားကြီး ဖြစ်ပါလျက်နဲ့ နောက်ထပ် တဖန် နာတဲ့သဘောကို ရှာမှီးနေပြန်တယ်တဲ့၊ (မှန်ပါဘုရား)။

မိမိ ကိုယ်တိုင် အသေကောင်ကြီး ဖြစ်ပါ လျက်နဲ့ နောက်ထပ်တဖန် အသေကောင် အလောင်းကောင်ကြီးကို ရဘို့ ရှုမှီး ကြပြန်တယ်တဲ့၊ (မှန်ပါ့ဘုရား) မိမိကိုယ်တိုင် စိုးရိမ်တုံး စိုးရိမ်ခဲကြီး ဖြစ်နေပါတယ်တဲ့၊ (မှန်ပါ့ ဘုရား) စား ဝတ် နေရေး အတွက်လဲ စိုးရိမ်ရတာဘဲ၊ ကျန်းမာရေး အတွက်လဲ စိုးရိမ်ရတာဘဲ၊ ကဲ မစိုးရိမ်ရတာများ ရှိသေးရဲ့ လား၊ (မရှိပါ. ဘုရား) နေ့ရှိသမျှ စိုးရိမ်နေရတာနဲ့ အချိန် ကုန်ခဲ့ရတာဘဲ၊ (မှန်ပါ့ ဘုရား)။

ချက်ရေး ပြုတ်ရေး စားရေး နေရေး သွားရေး သိမ်းရေး အရေးတွေ စုပုံနေတာဘဲ၊ နေထွက်က နေဝင် စိုးရိမ်မှုတွေနဲ့ အချိန် ကုန်နေခဲ့ရတယ်မဟုတ်လား၊ (မှန်ပါ့ ဘုရား) ကိုယ်-ကိုယ်တိုင် စိုးရိမ်နေရ ပါလျက်နဲ့ နောက်ထပ်ပြီး စိုးရိမ်စရာ ခင်ဗျားတို့ လိုက်ရှာကြ ပြန်တယ်တဲ့၊ (မှန်ပါဘုရား) စိုးရိမ်မှု နောက်က ပူပန်မှု လိုက်မလာဘူးလား၊ (လာပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကိုယ်ထဲမှာ နေ့တိုင်းနေ့တိုင်းပူပန်မှုတွေ ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား) အဲဒီ ပူပန်မှုတွေ မိမိကိုယ်မှာ ဖြစ်နေပါလျက်နဲ့ နောက်ထပ် အပူတွေ ရှာမှီး ကြတယ်၊ (မှန်ပါ့ ဘုရား)အဲဒါ ပုထုဇဉ်တို့ရဲ့ ရှာမှီးခြင်းတဲ့။

ကိုယ်-ကိုယ်တိုင် အိုကောင် နာကောင် သေကောင်ဖြစ်ပါ လျက်နဲ့ နောက်ထပ် ဒီ အို-နာ-သေကောင်တွေကို ရှာမှီးပါ တယ် ဆိုတော့ လိမ္မာလို့လား၊ မိုက်လို့လား၊ (မိုက်လို့ပါ

ဘုရား) မိမိကိုယ်တိုင် အိုတတ်တဲ့ သဘောတရား နာတတ်တဲ့ သဘောတရား သေတတ်တဲ့ သဘောတရား စိုးရိမ်တတ်တဲ့ သဘောတရား ပူပန်တတ်တဲ့ သဘောတရား ခန္ဓာကြီးကို ရနေသည် ဖြစ်ပါလျက်နဲ့ နောက်ထပ်ပြီး သကာလ အိုတယ် နာတယ် သေတယ် စိုးရိမ်စရာ ပူပန်စရာတွေကို ရှာမှီးတယ် ဆိုတော့ ဘယ်လို အို အနာ အသေတွေကို ဘယ်လိုရှာမှီးပါ သလဲဘုရားလို့ မေးတော့-

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လင်ကို ရှာမှီးတယ်၊ မယားကို ရှာမှီးတယ်၊ သားသမီးတွေကိုရှာမှီးတယ်၊ နွားတွေ ဆင်တွေ မြင်းတွေ ရှာမှီးတယ်၊ လယ်တွေ စိန်-ရွှေရတနာ တွေကို ရှာမှီး၍ နေကြပါတယ်တဲ့၊ (မှန်ပါဘုရား) အဲဒီ လင်-မယား-သားသမီး၊ ကျွဲ-နွား-လယ်-ယာ အစရှိတဲ့ သက်ရှိ သက်မဲ့ အရာဝတ္ထု ပစ္စည်းတွေဟာ သူတို့ကိုယ်တိုင်လဲ အိုဘေး ရှိရဲ့လား၊ (ရှိပါတယ်ဘုရား) နာဘေးရှိရဲ့လား၊ (ရှိပါတယ် ဘုရား) သေဘေး ရှိရဲ့လား (ရှိပါတယ်ဘုရား) စိုးရိမ်မှုတွေ ကော၊ (ရှိပါတယ် ဘုရား) ပူပန်မှုတွေကော၊ (ရှိပါတယ် ဘုရား)။

သူတို့လဲ သူတို့ကိုယ်တိုင် အို-နာ-သေ- စိုးရိမ် ပူပန်မှုတွေ ဖြစ်နေကြ တွေ့နေကြတယ်၊ (မှန်လှပါ) မိမိတို့ ကိုယ်တိုင်လဲ အို-နာ--သေ-စိုးရိမ်-ပူပန်မှုတွေ ဖြစ်နေပါလျက်ကနဲ့ အို-နာ - သေ-စိုးရိမ်ပူပန်ရမဲ့ ပစ္စည်းတွေကို ရှာမှီး၍နေကြပြန်တယ်တဲ့၊ (မှန်လှပါ)။

ဒါကြောင့် အို၍မဆုံး နာ၍မဆုံး သေ၍မဆုံး စိုးရိမ်၍ မဆုံး ပူပန်၍ မဆုံးနိုင်အောင် ဖြစ်နေ ကြပါတယ်တဲ့၊ (မှန်ပါ့ ဘုရား) အအေး မရှာကြဘဲ အပူ လိုက်ရှာနေကြ တာကိုး၊ ဟုတ်ပါ့ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ခင်ဗျားတို့ ကိုယ်တိုင်က အပူသယ်တွေ ဟုတ်ပါ့ရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

အပူသယ်တွေဆိုတော့ အအေးရှာရမှာ အခုတော့ အပူ တွေဘဲ ထပ်ရှာနေကြတယ်၊ (မှန်ပါဘုရား)အခု ခင်ဗျားတို့ ရှာမှီးထားတဲ့ သားသမီး ပစ္စည်းဥစ္စာ ရတနာတွေဟာ သူတို့ ကလဲ အို-နာ-သေ-စိုးရိမ် ပူပန်တတ်တဲ့ဒုက္ခသည်တွေဘဲ မဟုတ် လား၊ (ဟုတ်ပါတယ်ဘုရား)။

ကိုယ့်ခန္ဓာကလဲ အိုခြင်း နာခြင်း သေခြင်း တကြောင့် ကြကြ စိုးရိမ်ပူပန်ရတဲ့ခန္ဓာကြီး ဖြစ်နေတော့ အပူသယ် ဘဝကလွတ်ပြီး အေးရအောင် အအေးရှာရမှာ၊ ခင်ဗျား တို့က အပူတွေ လိုက်ရှာနေကြတယ်၊ ဟုတ်ပါ့ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

အိုတတ် နာတတ် စိုးရိမ်တတ် ပူပန်တတ်တဲ့ ဒုက္ခသယ် ဖြစ်ပါလျက်နဲ့ ဒုက္ခလွတ်အောင် မတွေးတော မကြံဆ အားမထုတ် မရှာမှီးဘဲ အအို-အနာ-အသေ-စိုးရိမ်မှု ပူပန် မှုတွေကိုသာ ရှာမှီး၍ နေလေသောကြောင့် ဤရှာမှီးခြင်း တို့သည် အရိယာ သူတော်စင်တို့ရဲ့ ရှာမှီးခြင်းမဟုတ်၊ပုထုဇဉ်

ဇူဆ္ဆာသယ ၃၈၆-၂၆

အမိုက်အကန်းတို့ရဲ့ ရှာမှီးခြင်းသာ ဖြစ်တယ်ဆိုတာ မှတ်ကြပေတော့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပုထုဇဉ် လူမိုက်တို့သည် မိမိခန္ဓာကိုယ်ကြီးသည် အအို-အနာ-အသေကြီး ဖြစ်ပါလျက်ကနဲ့ နောက်ထပ် အအို-အနာ-အသေလွတ်တဲ့ တရားကို ရှာသလား၊ အအိုကို ရှာသလား၊ (အအိုကို ထပ်ရှာပါတယ်ဘုရား) အနာလွတ်တာကို ရှာသလား၊ နောက်ထပ် အနာတခု ရှာသလား၊ (အနာတခုကို ထပ်ရှာပါတယ်ဘုရား)။

မိမိကိုယ်တိုင် အသေကောင် ဖြစ်ပါလျက်နဲ့ အသေလွတ်တဲ့တရားကို ရှာသလား၊ အသေကောင်ကို ရှာသလား၊ (အသေကောင်ကို ရှာပါတယ်ဘုရား) ကိုယ်ကိုယ်တိုင် စိုးရိမ်ပူပန်မှုတွေ ဖြစ်နေပါလျက်ကနဲ့ စိုးရိမ်ပူပန်မှုမှလွတ်အောင် ကြိုးစားအား ထုတ်သလား မေးတော့ ကင်းအောင် လွတ်အောင် မကြိုးစားဘဲ စိုးရိမ်ပူပန်မှုသာ လိုက်ရှာနေကြတယ်၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဘာကြောင့် အအို-အနာ-အသေတွေ လိုက်ပြီး ရှာနေကြပါသလဲလို့ ဉာဏ်မျက် လုံး နဲ့ ကြည့် လိုက် တော့ ကိုယ့်ကိုယ်ကိုလဲ ဒုက္ခသည် အပူသည်မှန်း မသိ၊ မိမိရှာမှီးတဲ့ လင်မယား - သားသမီး - ဥစ္စာရတနာ ဆို တာ တွေ ဟာ လဲ ဒုက္ခသည် အ ပူ သည် တွေ မှန်း မသိ၊ ကိုယ့်ကိုယ်ကိုလဲ အိုဘေး - နာဘေး- သေဘေးမှန်း မသိ၊ သူများတကာတွေကိုလဲ အို-နာ-သေဘေးတွေပါလားလို့ မသိ၊ (မှန်လှပါ)။

ဒါဖြင့် မသိလို့ ရှာမှီးတာလား-သိလို့လား၊ (မသိလို့ပါ ဘုရား) မသိတာ တယ်ကြောက်စရာ ကောင်းပါလား၊ (မှန်ပါ့ဘုရား)ဒါဖြင့် ရှာမှီးရမှာက ကိုယ်ကိုယ်တိုင် အအို-အနာ-အသေဖြစ်နေတဲ့အတွက် အအို အနာ အသေလွတ်တဲ့ တရားကို ရှာမှီးရမှာ မဟုတ်လား၊ (မှန်ပါ့ဘုရား) ခုတော့ အအို - အနာ - အသေ လွတ်ဘို့ ရှာမှီးသလား - ရဘို့ ရှာမှီး သလား၊ (ရဘို့ ရှာမှီးပါတယ် ဘုရား) တော်တော် မမိုက်ဘူးလား၊ (မိုက်ပါတယ် ဘုရား) တော်တော် မသိကန်း မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ဒါကြောင့် ဘုရားရှင် သာသနာတော်ကြီးနဲ့ တွေ့လို့ ဒီအသိတွေ သိရပါတယ်၊ ဒီဉာဏ်တွေ ရကြပါတယ်၊ ဒါဖြင့် အပူသယ်က အပူကို ရှာပါတယ်ဆိုတော့ ကောင်းသလား မကောင်းဘူးလား၊ (မကောင်းပါ ဘုရား) မိုက်လို့လား-လိမ်မာလို့လား၊ (မိုက်လို့ပါ ဘုရား) သိလို့လား-မသိလို့ လား၊ (မသိလို့ပါဘုရား) မသိကန်း ဆိုးဝါးတာဘဲ၊ ရှင်း ပြီလား၊ (ရှင်းပါပြီဘုရား) ဒါဖြင့် ဤလို ရှာမှီးခြင်းကို လူမိုက်တို့ရဲ့ရှာမှီးခြင်း-ပုထုဇဉ်တို့ရဲ့ရှာမှီးခြင်းလို့ခေါ်ပါတယ်၊ (မှန်ပါ့ဘုရား) ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)။

အရိယာတို့ရဲ့ရှာမှီးခြင်းကိုတော့ ကတမာ စ ဘိက္ခဝေ အရိယာ ပရိယေသနာ၊ ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇာတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ-စသည် ဖြင့် ရှင်တော်ဘုရားက ဟောတော်မူ ပြန်တယ်၊(မှန်လှပါ)။

အရိယာတို့ရဲ့ ရှာမှီးခြင်းဆိုတာ ဘယ်လို ရှာမှီးတာလဲ ဆိုတော့ ကိုယ့်ခန္ဓာကိုယ်ကြီးကို ကိုယ့်ဉာဏ်နဲ့ ပြန်၍ ကြည့်လိုက်တော့ အော်-ဖြစ်တတ်တဲ့ သဘောတရားကြီး ရနေပါလား၊ ဖြစ်ရင်တော့ ပျက်အုံးမှာပါကလားလို့ ဉာဏ်ထဲ မြင်၍ မဖြစ် မပျက်တဲ့တရား နိဗ္ဗာန်ချမ်းသာကြီးကို ရှာမှီးပါတယ်တဲ့၊ (မှန်လှပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်နဲ့ ပြန်ပြီး ကြည့် လိုက် တော့ အော်-ဒီ ခန္ဓာကြီးဟာ အိုတတ်တဲ့ သဘော တရားကြီး ပါလား၊ အိုလာသမျှ ဆင်းရဲချည်းပါကလားလို့ သိ၍ အအိုလွတ်တဲ့နိဗ္ဗာန်ကို ရှာမှီးပါတယ်တဲ့၊ (မှန်လှပါ)။

မိမိခန္ဓာကို မိမိဉာဏ်နဲ့ ပြန်ပြီးကြည့်လိုက်တော့ နာတတ်တဲ့ ခန္ဓာကြီးပါကလား၊ အနာခန္ဓာကြီးကို ရနေသရွေ့ ဒုက္ခ ဆင်းရဲကြီးတွေ ရနေပါကလားလို့ သိပြီး ဒီအနာတွေမှ လွတ်အောင် အနာလွတ်တဲ့ နိဗ္ဗာန်ကို ရှာမှီးပါတယ်တဲ့၊ (မှန်လှပါ)။

မိမိခန္ဓာကို မိမိဉာဏ်နဲ့ ပြန်ကြည့် လိုက်တော့ အသေကောင် ခန္ဓာကြီး ရနေပါကလား၊ ဒီ အသေကောင်ကြီးဟာ ဒုက္ခ ဆင်းရဲခြင်းပါကလားလို့ သိပြီး ဒီအသေမှ လွတ်အောင် အသေလွတ် တဲ့ နိဗ္ဗာန် ချမ်း သာ ကြီး ကို ရှာမှီးပါတယ်တဲ့၊ (မှန်လှပါဘုရား)။

မိမိ ခန္ဓာကိုယ်ကို မိမိဉာဏ်နဲ့ ပြန်ကြည့်လိုက်ပြန်တော့ တနာရီ၊ တမိနစ်မျှ မအားလပ်ရအောင် စိုးရိမ်ပူပန်မှုတွေနဲ့ နေရတဲ့ ခန္ဓာကြီးပါကလား၊ တနေ့လာလဲ စိုးရိမ် ပူပန်မှု၊

တနေ့လာလဲ စိုးရိမ်ပူပန်မှုတွေ ထပ်တလဲလဲ ဖြစ်နေပါ ကလား၊ ဒီ စိုးရိမ်ပူပန်မှုတွေသည် ဒုက္ခဆင်းရဲခြင်းကြီးပါ ကလားလို့သိ၍ ဒီ ဒုက္ခဆင်းရဲခြင်းမှ လွတ်အောင် စိုးရိမ် ပူပန်မှု ကင်းတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရှာမှီးပါတယ်တဲ့၊ (မှန်လှပါဘုရား)။

အဲဒါ အရိယာ သူတော်စင်တို့ရဲ့ ရှာမှီးခြင်းတဲ့၊ ရှင်းရဲ့ လား၊ (ရှင်းပါတယ် ဘုရား) ဒါဖြင့် အရိယာတို့ ရှာမှီး တာက အို-နာ-သေဘေးကို ရှာမှီးသလား၊ လွတ်ရာကို ရှာမှီးသလား၊ (လွတ်ရာကို ရှာမှီးပါတယ်ဘုရား) ပုထုဇဉ် တွေကတော့ အအို-အနာ-အသေကို ရှာမှီးသလား၊ လွတ် ရာကို ရှာမှီးသလား၊ (အအို-အနာ-အသေကို ရှာမှီးပါတယ် ဘုရား)ဒါဖြင့် ရှာမှီးပုံချင်း မကွာဘူးလား၊ (ကွာပါတယ် ဘုရား) တူရဲ့လား၊ (မတူပါဘူးဘုရား)။

ဘာကြောင့် မတူပါသလဲဆိုရင် ယောဂီတို့ ဝိဇ္ဇာဉာဏ် ဝိပဿနာဉာဏ် ဉာဏ်မျက်လုံး မရှိတာနဲ့ ရှိတာ ကွာနေလို့ ဆိုတာ မှတ်ကြ၊ (မှန်လှပါ) ဉာဏ်မျက်လုံး မရှိတော့ မိမိ ခန္ဓာကိုယ်ကို အအို-အနာ-အသေ-ခန္ဓာကြီးပါကလား၊ စိုးရိမ် ပူပန်မှုတွေ စုနေတာပါလားဆိုတာကို မသိ မမြင် ဘူးပေါ့၊ (မှန်ပါ)။

မိမိ ရှာမှီးနေတဲ့ သားသမီး ဥစ္စာ ရတနာတွေဆိုတာ အအို-အနာ-အသေတွေပါကလား၊ စိုးရိမ်ပူပန်စရာ ဒုက္ခတွေ ပါလားလို့ သူ မသိ မမြင်၊ "မီးမှန်း မသိတော့ မီးခဲ ကိုင် သလို" အိုဘေး - နာဘေး - သေဘေး - စိုးရိမ် ပူပန်မှုတွေပါ

ကလေး၊ ဒုက္ခဆင်းရဲတွေ ပါကလားလို့ မသိမမြင်တော့ ဒါတွေကို ရှာမှီးတာပေါ့၊ (မှန်လှပါတယ်ဘုရား)။

အရိယာ သူတော်စင်တွေ ကျတော့ ကိုယ့်ကိုယ်ကို အိုဘေး-နာဘေး-သေဘေး သင့်နေပါကလားလို့ သူသိတယ်၊ အအို - အနာ - အသေတွေ အပူတွေ ဆင်းရဲတွေ ဒုက္ခတွေချည်းပါကလားလို့ သိတယ်၊ ဒါကြောင့် အအို-အနာ - အသေ - အပူ- အဆွေးတွေ ရနေရင်ဖြင့် ဒုက္ခပါဘဲ၊ ဒုက္ခပါဘဲလို့ သိသဖြင့် အအို - အနာ - အသေ-စိုးရိမ်ပူပန်မှု လွတ်တဲ့တရားကို ရှာမှီးကြပါတယ်၊ သိလို့လား၊ မသိလို့လား၊ (သိလို့ပါဘုရား)။

သိတော့ သူတော်စင်တို့က အို-နာ-သေ-လွတ်တဲ့တရားကို ရှာတယ်၊ ပုထုဇဉ် အမိုက်အကန်းတွေကတော့ မသိလို့ အိုဘေး-နာဘေး-သေဘေးကိုဘဲ ရှာနေတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အိုဘေး-နာဘေး-သေဘေးတွေ ရှာနေရင် ဘာ ရမယ်၊ (အို-နာ-အေဘေးဘဲ ရပါမယ်ဘုရား) ဒါကိုရှာနေတာ ဒါဘဲ ရမှာပေါ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အို-နာ-သေဘေး လွတ်အောင် အားမထုတ် မရှာမှီးဘဲနဲ့ အို-နာ-သေလွတ်တဲ့ တရားကို ရပါ့မလား၊ (မရပါဘုရား) မကြိုးစားဘဲနဲ့ ရပါ့မလား၊ (မရပါဘုရား)။

ကြိုးစား အားမထုတ်ဘဲနဲ့ ဘယ်တော့မှ မရဘူးဆိုတာ မှတ်ပေတော့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပုထုဇဉ်တွေရှုမိုးတာ မှန်နေသလား၊ မှားနေသလား၊ (မှားနေပါတယ် ဘုရား) ဘာကြောင့် မှားနေသလဲဆိုတော့ ဉာဏ်မျက်လုံး မရှိလို့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) ရှုမိုးတယ်ဆိုတာ လိုချင်လို့ဘဲ၊ လိုချင်တော့ ရှုမိုးတယ်၊ ရှုမိုးတော့ အို - နာ - သေဘေး ဒုက္ခကြီးနဲ့ ခွေ့ရတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) တကောနဲ့ ရှုမိုးရင် အို-နာ-သေ ဆင်းရဲဘဲ ရမယ်၊ (မှန်ပါဘုရား)။

ဘာကြောင့် အို- နာ- သေဘေးတွေကို ရှုမိုးနေတာလဲဆိုတော့ ဒိဋ္ဌိဗန္ဓန ဗဒ္ဓါ-ဒိဋ္ဌိ တည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့၍ ထားအပ်ကုန်သော (ဝါ) ငါမဟုတ်ဘဲ ငါဟု သတ္တဝါမဟုတ်ပါဘဲ သတ္တဝါဟု စွဲလမ်း၍ နေကြကုန်သော၊ တေ- ထို အမှားဆရာကြီး တို့သည်တဲ့၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မဟုတ်ပါဘဲနဲ့ ဟုတ်ပါတယ်ဆိုတဲ့ အစွဲမှားကြီး ရင်ထဲမှာ ရောက်နေလို့တဲ့၊ (မှန်ပါဘုရား)။

ဒါဖြင့် အစွဲက မှားနေတော့ ရှုမိုးတာ မှားနေတယ်၊ ရှုမိုး-တာ မှားနေတော့ အိုဘေး- နာဘေး- သေဘေးတွေ ရနေတယ်၊ ဟုတ်ကဲ့လား၊(ဟုတ်ပါတယ်ဘုရား) နို့- ခင်ဗျား တို့ ကျုပ်တို့ အခုဘာဘေးတွေ ရနေသလဲ၊(အို-နာ-သေဘေးတွေ ရနေပါတယ်ဘုရား)အရှာ လွဲခဲ့တာကိုး၊ လူ-နတ်-ဗြဟ္မာ သတ္တဝါ ထင်ပြီးတော့ ရှုမိုးလာခဲ့တော့ အခု ချမ်းသာရနေသလား- ဆင်းရဲရနေသလား၊ (ဆင်းရဲရနေပါတယ် ဘုရား)။

အိုခြင်း- နာခြင်း- သေခြင်း- စိုးရိမ် ပူပန်မှုတွေ ရမနေဘူးလား၊(ရနေပါတယ်ဘုရား)ကဲ- ဒါ အရှာမှားလို့လား- မှန်လို့

လား- (အရှာမှားလို့ပါဘုရား) ဘာကြောင့် အရှာမှားပါ လိမ့်၊ (ဒိဋ္ဌိစွဲနေလို့ပါဘုရား) ဒိဋ္ဌိစွဲနေလို့ ငါဘဲ သူဘဲ ပုဂ္ဂိုလ် သတ္တဝါ လူ-နတ်-ဗြဟ္မာဘဲဆိုတဲ့ ဒိဋ္ဌိစွဲကြီး ရှိနေ၍ တဏှာ နောက်က လိုက်လာပါတယ်၊ တဏှာစွဲနဲ့ ရှာမှီးလို့ ဘေးဒုက္ခ တွေ ရနေပါတယ်၊ (မှန်လှပါဘုရား)။

ဒီ ဒိဋ္ဌိ ဆိုတဲ့ အမှားစွဲကြီး ဘာကြောင့် ရင်ထဲမှာ စွဲမြဲ နေရပါသလဲလို့ မေးတော့ အမှတ်မှားလို့ပါတဲ့၊ သတ္တသညာ- သတ္တဝါရှိ၏ ဟူသော အမှတ်ကို၊ ဂဟေတွာန- ယူဆကြကုန် ၍၊ ဒွါသဋ္ဌိဒိဋ္ဌိ-၆၂-ပါးသော ဒိဋ္ဌိအယူကို၊ ဂဏှန္တိ- စွဲလမ်းယူ ဆ၍ နေကြရလေကုန်၏။

အယူမှားပေါင်း ၆၂-မျိုး ရှိတယ်တဲ့၊ ဘယ်နှစ်မျိုးလဲ၊ (၆၂-မျိုးပါဘုရား) တမျိုးနဲ့တမျိုး မတူဘူး၊ အယူအဆချင်း မတူကြဘူး၊ မတူလို့ ၆၂-မျိုးတောင် ရှိတယ်လို့ ပြောနေတာ ပေါ့၊ (မှန်ပါဘုရား) ဒီ ၆၂-ပါးသော အယူမှားကြီးတွေ ဘယ်က ဆင်းသက်လာပါသလဲ ဆိုတော့ သတ္တဝါမြဲတယ် ပြတ်တယ်လို့ သဿတဥစ္ဆေဒ အယူက ဆင်းသက်ပြီး လာပါ တယ်တဲ့၊ (မှန်လှပါ)။

သတ္တဝါမြဲတယ် ပြတ်တယ်ဆိုတဲ့ အယူက ဘယ်ကလာ ပြန်သလဲဆိုတော့ ဒိဋ္ဌိအယူမှားတာက စလာပါသတဲ့၊ အယူ မှားတာ ဘယ်က စလာပါသလဲ ဆိုတော့ အသိမှားတာက စလာပါသတဲ့၊ အသိမှားတာ ဘယ်က စလာပါသလဲဆိုတော့ (အမှတ် မှားတာကစ၍ လာပါတယ်) ဘယ်က စလာသလဲ

တကာ တကာမတို့၊ (အမှတ်မှားတာက စ၍ လာပါတယ် အဲဒါသိပ် အရေးကြီးတယ်။

အမှတ် မှားတာကို ပါဠိလို သညာဝိပ္ပလ္လာသတဲ့၊ အဲဒီ သညာနေရာမှာ ဘုရားပေးတဲ့ ပညာထည့်ရမယ်၊ ဘုရားပေး တဲ့ ပညာမျက်လုံး တပ်ရမယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

အမှတ်မှားတော့ အသိမှားတယ်၊ အသိမှားတော့ ဒိဋ္ဌိ အယူမှားတယ်၊ အယူမှားတော့ နောက်က တဏှာက ပါလာ ပြီး ဒုက္ခတွေကို ဒုက္ခမှန်းမသိဘဲ တဏှာနဲ့ရှာမှီးကြတယ်၊ရှာမှီး တော့ ဘေးဒုက္ခ ရလာကြပါတယ်၊ (မှန်ပါဘုရား) ရှင်းပြီ လား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နံပါတ် တပ်ကြပါစို့ ၁-၂-၃-၄၊နံပါတ် ၁-က သညာ၊ နံပါတ် ၂-က ဒိဋ္ဌိ၊ နံပါတ် ၃-က တဏှာ ရှာမှီးခြင်း၊ နံပါတ် ၄-က ရလာတဲ့ ဆင်းရဲဒုက္ခ၊ အဲဒီလို နံပါတ် ၄-အထိ သွားပေတော့၊ ဆင်းရဲ ဒုက္ခဆိုတာ တခြား မဟုတ်ဘူး၊ ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီးတွေကို ပြောတာ၊ (မှန်ပါ ဘုရား) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

အိုခြင်း ဆင်းရဲခြင်း နာခြင်း ဆင်းရဲခြင်း သေခြင်းဆင်း ရဲ စိုးရိမ်ပူပန်မှုဆင်းရဲ၊ အဲဒါတွေရနေတာ အကျိုးတရားရနေ တာဘဲ၊ ဒီအကျိုးတရားကို ဘာကြောင့်ရတာလဲ အဖြေကို ကြည့်၊ နံပါတ် ၃-ရှာမှီးလို့ရတာ၊ ဘာကြောင့် ရှာမှီးသလဲ၊ နံပါတ် ၂-ဒိဋ္ဌိကြောင့် ရှာမှီးတယ်၊ ဒိဋ္ဌိ ဘာကြောင့်ဖြစ်သလဲ၊ နံပါတ် ၁- အမှတ်မှားနေလို့ ဒိဋ္ဌိဖြစ်တယ်။

ဒါဖြင့် နံပါတ် ၁-အမှတ်များတော့ နံပါတ် ၂-ဒိဋ္ဌိ အယူများတယ်၊ အယူများတော့ နံပါတ် ၃-တဏှာတည်း ဟူသော လိုချင်မှုနဲ့ ရှာမှီးတာ များတယ်၊ရှာမှီးတာ များတော့ နံပါတ် ၄-ဘေးဒုက္ခတွေ ရနေပါပြီ၊ ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်ကို ဒီဘေးဒုက္ခတွေမှ လွတ်ချင်ပါတယ်ဆိုရင် နံပါတ် ၃-ကိုကြည့်၊ အရှာများတာကို အရှာမှန်အောင် လုပ်၊ အရှာမှန်ချင်ရင် အယူအဆ မှန်အောင် လုပ်ရမယ်၊ အယူအဆ မှန်ချင်ရင် အမှတ်မှန်အောင် လုပ်ရမယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် နံပါတ် ၁- အမှတ်များက စ၍ ပြင်ရမယ်၊ အမှတ်များတော့ အယူများတယ်၊ အယူများတော့ အရှာများတယ်၊ အရှာများတော့ ဘေးဒုက္ခတွေရတယ်။

အမှတ်မှန်ရင် အယူမှန်မယ်၊ အယူမှန်ရင် ရှာမှီးခြင်းမှန်မယ်၊ ရှာမှီးခြင်း မှန်ရင် ဘေးဒုက္ခတွေ လွတ်ပြီး နိဗ္ဗာန်ရပါလိမ့်မယ်၊(မှန်ပါဘုရား)ဒါဖြင့် နိဗ္ဗာန်ရဘို့ အရေးထက် အရှာမှန်ဘို့ အရေးကြီးတယ်၊ အရှာမှန်ဘို့ထက် အယူမှန်ဘို့ အရေးကြီးတယ်၊အယူမှန်ဘို့ထက် အမှတ်မှန်ဘို့ အရေးကြီးပါတယ်၊ (မှန်လှပါ) ဒါဖြင့် အရေးကြီးဆုံး တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ဘာအရေးကြီးဆုံးလဲ၊ (အမှတ်မှန်ဘို့ပါဘုရား)။

ဒါကြောင့် တကာ - တကာမတွေကို ဘုန်းကြီးက ထပ်ခါထပ်ခါ ဟောနေရတယ်၊ သတ္တဝါဆိုတဲ့ အမှတ်ကို ပယ်ရမယ်၊ ၃၁-ဘုံမှာ သတ္တဝါတွေ ရှိတယ်ဆိုတဲ့ အမှတ်ကို

ပယ်ရမယ်၊ လူသတ္တဝါ နတ်ဗြဟ္မာ သတ္တဝါ ခွေး သတ္တဝါ နွား သတ္တဝါ ငါးသတ္တဝါ ဖားသတ္တဝါတွေဘဲလို့ မှတ်ထားတဲ့ အမှတ်ကို ပယ်ပစ် ရမယ်၊ စွန့်ပစ်ရမယ်တဲ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် လူ-နတ်-ဗြဟ္မာ-ခွေး-နွား-ဆင်-မြင်း အစရှိသည် တို့ကို အစဉ်အလာ မှတ်ထားတာတွေမို့ ဒီ သတ္တဝါဆိုတဲ့ အမှတ်ကို ပယ်ပစ်ရမယ်၊ စွန့်ပစ်ရမယ်၊ ဖျောက်ပစ်ရမယ် ဆိုတော့ သတ္တဝါမဟုတ်ရင် ဘာဘဲ ဆိုတာကို ဒီနေရာမှာ အသစ်မှတ်စရာ အစားထိုးဖို့ လိုလာတယ်၊ မလိုဘူးလား၊ (လိုလာပါတယ်ဘုရား)သတိပြုကြနော်၊ အင်မတန် အရင်း ကျကျ ဟောနေတယ်၊ သတ္တဝါမဟုတ်ရင် တပည့်တော်တို့ ဘာလို့ မှတ်ရမလဲဆိုတော့ ရုပ်အစု နာမ်အစု ဓာတ် ၂-ခုလို့ မှတ်ပါတော့၊ (မှန်ပါ့ဘုရား) ရုပ်နာမ်အစု ဓာတ် ၂-ခုလို့ မှတ်တော့ မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလောကကြီးထဲမှာ သတ္တဝါမှ မရှိဘဲ ဘာသာ ရှိသလဲ၊ (ရုပ်အစု နာမ်အစု ဓာတ် ၂-ခုပါ ဘုရား) ဒါဖြင့် သတ္တဝါမှ မရှိဘဲ၊ အထီး အမကကော၊ (မရှိပါ ဘုရား) လူ-နွား-ဆင်-မြင်း-ခွေး-ဝက် ဆိုတာကော၊ (မရှိပါဘုရား) ဘာသာရှိသလဲ၊ (ရုပ်အစု နာမ်အစု ဓာတ် ၂-ခုပါဘုရား) ရုပ်ဓာတ် နာမ်ဓာတ် ရုပ်သဘော နာမ်သဘော သဘော တရား တရားသဘောတွေချည်းဘဲလို့ ဟောဒီလို ပြင်မှတ် ရမှာဗျ၊ ဒီလိုမှတ်မှ အမှတ်မှန်မှာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရုပ်နဲ့နာမ်ဆိုတော့ ရုပ်ခဲတ်ဆိုတာ ဘာတွေလဲ ဆိုတော့ မြေ-ရေ-လေ-မီး-အာကာသခဲတ် ဟောနေကျ တရားတွေဘဲ၊ (မှန်ပါ့ဘုရား) မြေတွေက၊ (ရုပ်ခဲတ်ပါ ဘုရား) ရေတွေက၊ (ရုပ်ခဲတ်ပါ ဘုရား) လေတွေက၊ (ရုပ်ခဲတ်ပါ ဘုရား) မီးတွေက၊ (ရုပ်ခဲတ်ပါ ဘုရား) အာကာသတွေက၊ (ရုပ်ခဲတ်ပါဘုရား)ဒါတွေဘဲ ရှိတယ်လို့ ဒီအသိပေါ်မှာ ရုပ်နေရမှာနော်၊ (မှန်ပါ့ဘုရား) သညာ နေရာမှာ ပညာသွင်းလိုက်ပြီ၊ (မှန်ပါ)။

ဒါဖြင့် ရုပ်ခဲတ်က ၅-ပါးဆိုတော့ သိမှုစိတ်ခဲတ်က၊ (နာမ်ခဲတ်ပါဘုရား)ဒါဖြင့် ရုပ်ခဲတ် ၅-ပါး၊ နာမ်ခဲတ် ၁-ပါး၊ ပေါင်း ၆-ပါး၊ အဲဒီ ၆-ပါးကို အကျဉ်းချုံးတော့၊ (ရုပ်ခဲတ် နာမ်ခဲတ် ၂-ပါးပါဘုရား)အဲဒီလိုမှတ်ရမှာနော်၊ (မှန်ပါဘုရား)။

ဒါဖြင့် ဤလောကခဲတ်ကြီးဟာ ခဲတ် ၂-ပါးတို့ရဲ့ အစုအဝေးမျှ မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ယခုလို ရုပ်ခဲတ် နာမ်ခဲတ်ဘဲလို့ မှတ်လိုက်တော့ အမှတ် မမှန်ဘူးလား၊ (မှန်ပါတယ် ဘုရား) အမှတ်မှန်တော့ အသိအယူတွေ မမှန်ဘူးလား၊ (မှန်ပါတယ် ဘုရား) ကဲ-ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ခန္ဓာမှာ ဘာနဲ့ ဘာသာ ရှိသလဲ၊ (ရုပ်ခဲတ်နဲ့ နာမ်ခဲတ်သာ ရှိပါတယ် ဘုရား) သတ္တဝါတိုင်း သတ္တဝါတိုင်း ခန္ဓာကိုယ်မှာ၊ (ရုပ် ခဲတ်နဲ့ နာမ်ခဲတ်သာ ရှိပါတယ် ဘုရား)ဒါဖြင့် ၃၁-ဘုံမှာ သတ္တဝါတွေပျောက် ရုပ်ခဲတ် နာမ်ခဲတ် ရောက်ပါစေ၊

(မှန်ပါ ဘုရား) ယောကျ်ား-မိန်းမတွေဆိုတဲ့ အမှတ်တွေ ဖျောက်၊ နာမ်ဓာတ် ရုပ်ဓာတ်ဘဲလို့သာ မှတ်ပါ၊ ဒီလို သိပါ၊ ဒီလိုယူပါ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရုပ်ဓာတ်ဆိုတာ ဘယ်ဟာတွေလဲ မေးတော့၊ (မြေဓာတ် - ရေဓာတ် - လေဓာတ် - မီး ဓာတ် - အ ပေါက် အကြားဓာတ်) ဒါတွေချည်းပါဘဲ၊ (မှန်ပါဘုရား) ဘိလပ် မြေကို လူရုပ်လုပ်တော့ လူရုပ်လို့သာ ခေါ်ရတယ်၊ အမှန်က ဘိလပ်မြေဘဲ၊ နွားရုပ်ကလေး လုပ်ထားရင် နွားလို့ ခေါ် ဝေါ်ကြမယ်၊ အမှန်က ဘိလပ်မြေဘဲ၊ ကျွဲရုပ်လုပ်ထားရင်၊ (ကျွဲလို့ ခေါ်ပါမယ် ဘုရား)အမှန်စင်စစ်ကတော့၊ (ဘိလပ် မြေပါဘုရား)အဲဒီလို အရင်းကျကျ သိရမှာနော်။

အဲ ဒါဖြင့် ဒီ ဘိလပ်မြေနဲ့ အိမ် ဆောက်ချင်ဆောက်၊ ကျောင်း ဆောက်ချင် ဆောက်၊ နာမည်ကတော့ အိမ် ကျောင်း အစရှိသဖြင့် အမျိုးမျိုး ခေါ်တာပေါ့၊ အမှန် ကတော့ ထုံး-သဲ-ဘိလပ်မြေတွေဘဲ၊ (မှန်ပါဘုရား)ခင်ဗျား တို့က ခေါ်တဲ့အတိုင်း သိ၊ သိတဲ့အတိုင်း မှတ်၊ မှတ်တဲ့ အတိုင်း စွဲယူနေကြတယ်၊ (မှန်ပါ) အရင်းအစက ဆောက် တည်ထားတဲ့ ထုံး-သဲ-ရေ-ဘိလပ်မြေတွေကိုမမြင်ဘဲ ဖြစ်နေ တယ်၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကျောင်းဆောက်တော့ ဘာခေါ်ကြတယ်၊ (ကျောင်း ပါ ဘုရား) ဇရပ်ဆောက်တော့၊ (ဇရပ်ပါ ဘုရား) အိမ် ဆောက်တော့၊ (အိမ်ပါဘုရား) အိမ်-ကျောင်း ဇရပ်သာ ခေါ်ရတယ်၊ အမှန်စင်စစ်ကတော့၊ (ထုံး- သဲ- ရေ- ဘိလပ်

မြေပါဘုရား) တလောကလုံး ဆောက်ချင်တာ ဆောက်၊ ထုံး-သဲ-ရေ-ဘိလပ်မြေပါဘဲ၊ (မှန်ပါဘုရား)။

အဲဒီလိုဘဲ ဘုန်းကြီးတို့ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ရုပ်ဓာတ် နာမ်ဓာတ် ဓာတ် ၆-ပါးရဲ့အစုကြီးပါဘဲ၊ ဒါကြောင့် ဘုန်းကြီးက သေသေချာချာ ရှင်းပြနေတာ၊ ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာမှာ မြေကြီးတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) သေတော့ ဘာဖြစ်သလဲ၊ (မြေကြီးပါဘုရား) အဲဒီ မြေကြီးမှာ ဗူးပင်စိုက်တော့ ဗူးသီး မသီးဘူးလား၊ (သီးပါတယ်ဘုရား) အဲဒီ ဗူးသီးဟာ ဘာက ကြီးပွား လာသလဲ၊ (မြေနဲ့ ရေပါ ဘုရား) အဲဒီ ဗူးသီးကို စားပြန်တော့ လူ ဖြစ်ပြန်တယ်၊ လူ ခေါ်ပြန်ပြီ၊ အဲဒီလူ သေတော့ ဘာဖြစ်ပြန်သတုံး၊ (မြေကြီးဖြစ်ပါတယ်ဘုရား) မြေပေါ် ဗူးပင် စိုက်ပြန်တော့ ဗူးသီးဖြစ်ပြန်ရော၊ (မှန်ပါတယ်ဘုရား)။

ခရမ်းသီး- ပြောင်း- ပဲဆံ- စပါး-ပိန္နဲ-သခွါး-ဆိုတာကော၊ (မြေကြီးပါဘဲဘုရား)ကိုယ့်ကိုယ်က ဖြစ်တဲ့မြေကြီး ကိုယ်ပြန် စားနေတာဘဲ၊ (မှန်ပါ ဘုရား) မြေကြီးနဲ့ရေ သံသရာ လည်နေပုံကို ကြည့်ကြပါတော့၊ (မှန်ပါဘုရား) ဗူးသီးသာ ခေါ်ရတယ် မြေနဲ့ရေပါဘဲ၊ (မှန်ပါ) လူသာခေါ်ရတယ် မြေနဲ့ရေ-ပါဘဲ၊ (မှန်ပါ) မြေကြီးသာ နင်းသွားနေရတယ် မြေနဲ့ရေပါဘဲ၊ ဒါဘဲ မဟုတ်လား၊ (မှန်ပါဘုရား)သံသရာ လည်နေပုံကို ဉာဏ်နဲ့ကြည့်ကြပါ၊ (မှန်ပါဘုရား)။

ဒါကြောင့် အမှတ်မှားတွေကို အမှတ်မှန်အောင် ပြင် ပေးနေတယ်၊ လူသာခေါ်ရတယ် ဘာနဲ့ ဘာသာ ရှိသလဲ၊

(ရုပ်ခေတ် နာမ်ခေတ်သာ ရှိပါတယ် ဘုရား) မြေ - ရေ- လေ - မီး - အာကာသ - ရုပ်ခေတ် ငါးပါးနှင့် သိမှု နာမ် ခေတ် တရားတွေပါဘဲ၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) လူ-နတ်-ဗြဟ္မာသာ ခေါ်ရတယ်၊ ရုပ်ခေတ် နာမ် ခေတ်ပါဘဲ၊ ကျွဲ နွား ဆင် မြင်းသာ ခေါ်ရတယ်၊ ဘာနဲ့ ဘာလဲ၊ (ရုပ်ခေတ် နာမ်ခေတ်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ ကြက်- ဝက်- ဘဲ- ငါးသားတွေကို နေ့တိုင်းစားနေကြတယ်၊ ဒီပါးစပ်ကြီးထဲမှာဘဲ မြှုပ်နှံနေ ကြတာဘဲ၊ (မှန်လှပါဘုရား) မစားခင်က ကြက်ကလေး၊ ဘဲကလေး ခေါ်ကြတယ်၊ ချက်ပြုတ် စားလိုက်တော့ လူ့ခန္ဓာတွင်း ရောက်ပြီး လူဖြစ် သွားတာဘဲ၊ အသွေး- အသား-အကြော-အရေ ငါကောင် လူကောင် ဖြစ်ကြလို့ လူကောင်လို့ခေါ်ရတယ်၊ သေသွားတော့ မြေကြီး ပြန်ဖြစ် သွားတာဘဲ၊ ချာလည် လည်နေတယ်၊ (မှန်ပါ့ဘုရား)။

၁-လူ၊ ၂-ဗူးသီး၊ ၃-မြေကြီး၊ ဒီသုံးမျိုးဟာ ဉာဏ် မျက်လုံးနဲ့ကြည့်ရင် ခေတ်ကြီး ၄-ပါး ၅-ပါးတို့ရဲ့ အစုမျှ ပါဘဲ၊ (မှန်ပါ) အတူတူ တဆပ်ထည်း မြင်လိုက်စမ်းပါ၊ (မှန်ပါဘုရား)။

ဒါကြောင့် ဉာဏ်မျက်လုံးနဲ့သာ ကြည့်ကြ ပေတော့၊ ကိုယ့်ခန္ဓာ သူ့ခန္ဓာလဲ ရုပ်အစု နာမ်အစုပါ၊ အထီး- အမ-ခန္ဓာမှာလဲ၊ (ရုပ်အစု နာမ်အစုပါ ဘုရား) လူ-နတ်- ဗြဟ္မာလို့ ခေါ်သာ ခေါ်ရတယ်၊ ရုပ်အစု နာမ်အစုပါ၊

ခွေး- ဝက်- ဆင်- မြင်းလို့ ခေါ်သာ ခေါ်ရတယ်၊ ရုပ်အစု နာမ်အစုပါ။

ထို့ကြောင့် သတ္တဝါ အမှတ်ကို ဖျောက်၊ ယောကျ်ား မိန်းမအယူတွေကို ဖျောက်၊ ရုပ်ဓာတ် နာမ်ဓာတ် ဆိုတဲ့ အမှတ် ရောက်ပါစေ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် သက်ရှိလောကကြီးတခုလုံး သတ္တဝါတွေလား၊ ရုပ်ဓာတ် နာမ်ဓာတ် တွေလား၊ (ရုပ်ဓာတ် နာမ်ဓာတ်တွေပါ ဘုရား) သက်မဲ့ လောကကြီး ကတော့၊ (ရုပ်ဓာတ်တွေပါ ဘုရား)ဒါဖြင့် သက်ရှိသက်မဲ့ နှစ်မျိုးစလုံးပေါင်း၊ (ရုပ်အစု နာမ်အစု ဓာတ် ၂-ခုပါ ဘုရား) ရုပ်နာမ်ပါဘဲ၊ (မှန်ပါ ဘုရား)။

အဲဒီ ရုပ်ဓာတ် နာမ်ဓာတ်တွေဟာ ဘယ်လိုနေသလဲ ဆိုတော့ ဖြစ်လိုက် ပျက်လိုက်နေတယ်၊ ခုစကားပြောနေ တာလဲ တလုံးပြီးမှ တလုံး မဟုတ်လား၊ (မှန်ပါဘုရား) ဖြစ်လိုက်ပျက်လိုက်ဘဲ၊ (မှန်ပါဘုရား)။

ဒါဖြင့် လူတွေ နွား ခွေး တိရစ္ဆာန်တွေ ဘာဖြစ်၍ ဘာပျက်နေတာလဲ၊ (ရုပ်နဲ့နာမ်ဖြစ်၍ ရုပ်နဲ့နာမ် ပျက်နေ တာပါဘုရား) လူတွေ ယောကျ်ား မိန်းမတွေ ရောင်းကြ ဝယ်ကြတယ်ဆိုတာ သမုတိနယ်က ပြောတာပါ၊ ပရမတ္ထ နယ်က ပြောရင် ရုပ်ဓာတ်နဲ့ နာမ်ဓာတ်တွေ ဖြစ်ပျက် နေတာပါလို့ အဲဒီလို ပြောရမယ်၊ သိရမယ်၊ ယူဆရမယ်၊ (မှန်လှပါ)။

ဒါကြောင့် သတိ ရှိဘို့ လိုပါတယ်၊ အချိန်မရွေး ဝိပဿနာ အားထုတ်လို့ ဖြစ်တယ်၊ သွားရင်း လာရင်းလဲ ဝိပဿနာ အားထုတ်လို့ ဖြစ်တယ်၊ ဘယ်လို အားထုတ်မလဲ၊ (ရုပ် နာမ်ဖြစ်ပျက် ရှုရပါတယ် ဘုရား) ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုပေါ့၊ လှုပ်ရင် လှုပ်ဖြစ် လှုပ်ပျက်၊ လှုပ်ဖြစ် လှုပ်ပျက်၊ ဒီလို အားထုတ်ပေါ့၊ (မှန်ပါ့ဘုရား)။

လှုပ်တာရုပ် သိတာနာမ်၊ လှုပ်တာရုပ် သိတာနာမ်၊ လှုပ်တာကလေးကို သတိပြု၍ ပွားနေပေါ့၊ စကားပြောရင်လဲ စကားသံက ရုပ်၊ကြားသိတာက နာမ်၊ ရုပ်နာမ်ဖြစ်ပျက် ဖြစ်ပျက်၊ ထမင်း စားရင်းလဲ ထမင်းနဲ့ ပါးစပ်က ရုပ်၊ စားချင်တာက နာမ် တလုပ်ပြီးမှတလုပ် ဖြစ်ပျက် ဖြစ်ပျက် စသည် မှတ်ရှုပေါ့၊ (မှန်ပါ)။

အဲဒီတော့ စားရင်းကော ဝိပဿနာ အားထုတ်လို့ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) သွားရင်းကော၊(ဖြစ်ပါတယ်ဘုရား)ထိုင်ရင်းကော၊ (ဖြစ်ပါတယ်ဘုရား) အိပ်ရင်းကော၊ (ဖြစ်ပါတယ် ဘုရား) ဒါဖြင့် ဘာလိုသလဲ၊ (သတိတလုံး အမြဲရှိဘို့ လိုပါတယ်ဘုရား)သတိရှိရင် နောက်က အသိရှိမယ်၊ သတိမရှိရင် အသိမရှိ၊ အသိမရှိရင် မိုက်မှားနေတာပေါ့၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် စားရင်းကော အားထုတ်တတ်ပြီလား၊ (အားထုတ်တတ်ပါပြီဘုရား) • သွားရင်းကော၊ (အားထုတ်တတ်ပါပြီဘုရား) ထိုင်ရင်း- အိပ်ရင်းကော၊ (အားထုတ်တတ်ပါပြီ

ဘုရား) ရုပ်ရှင်းကော၊ (အားထုတ်တတ်ပါပြီ ဘုရား)ကြည့်ရှင်းကော၊ (အားထုတ်တတ်ပါတယ် ဘုရား) မြင်ပြီးရင်ပျက်တယ်၊ မြင်တာက စိတ်၊ မြင်စရာကလေးကရုပ်၊ နာမ်ရုပ် မြင်ပျက်လို့ အားထုတ်ရင် မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)။

ကဲ ဒါဖြင့် နားကကြားတိုင်း ကြားတိုင်းကော ဝိပဿနာ အားထုတ်လို့ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား) ကြားတာကလေးက နာမ်၊ အသံက ရုပ်၊နာမ်နဲ့ရုပ်၊ တသံပြီးမှတသံ တနာမ်ပြီးမှ တနာမ်၊ တရုပ်ပြီးမှ တရုပ် ဖြစ်ပျက်ဖြစ်ပျက်ဘဲ၊ မဖြစ်ဘူးလား၊(ဖြစ်ပါတယ် ဘုရား) ဒါကြောင့် ကြားတိုင်း-ကြားတိုင်း ဖြစ်ပျက်-ဖြစ်ပျက်လို့ရှု၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

နံ့ရင်လဲ နံ့ပျက် နံ့ပျက်၊ စားရင်လဲ စားပျက် စားပျက်၊ ကိုယ်မှာလာပြီးတော့ ပူ-အေး-လှုပ်-ဆင်းရဲ-ချမ်းသာတွေ လာပြီး တွေ့ပြန်တော့ ပူပျက်-အေးပျက်-လှုပ်ပျက်-ဆင်းရဲပျက်-ချမ်းသာပျက် မှတ်သွားရင် ဖြစ်တာပေါ့၊ (မှန်ပါ့ဘုရား)။

စိတ်ထဲက တွေးကြံစဉ်းစားရင်လဲ တွေးပျက်-ကြံပျက်-စဉ်းစားပျက်ပေါ့၊တွေးနေတာ ငါမဟုတ် စိတ်တရား နာမ်တရား၊ ကြံနေတာ ငါမဟုတ် စိတ်တရား နာမ်တရား၊စဉ်းစားနေတာ ငါမဟုတ် စိတ်တရား နာမ်တရား၊ စိတ်ကူး တခုပြီးမှ တခု၊ တစိတ်ပြီးမှ တစိတ်ပေါ့၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

ကဲ-ဒါဖြင့် တလောကလုံးမှာ ရှိကြတာက ရုပ်ဓာတ် နာမ်ဓာတ် သဘောတွေဘဲ၊ ဖြစ်စရာရှိရင် ဘာတွေဖြစ်ကြမယ်၊

(ရုပ်ခတ် နာမ်ခတ်ပါ ဘုရား) ပျက်စရာရှိရင် ဘာတွေ ပျက်ကြမယ်၊ (ရုပ်ခတ် နာမ်ခတ်ပါ ဘုရား)။ အဲဒီလို သိလိုက်တော့ အမှန်သိပါပြီ၊ (မှန်ပါဘုရား)။

ဒါဖြင့် သွားရင်း လာရင်း အားထုတ်လို့ မဖြစ်ဘူး လား၊ (ဖြစ်ပါပြီဘုရား) ထိုင်နေရင်း (ဖြစ်ပါတယ်ဘုရား) အိပ်နေရင်း၊ (ဖြစ်ပါတယ် ဘုရား) မြင်တိုင်း မြင်တိုင်း၊ (ဖြစ်ပါတယ်ဘုရား) ကြားတိုင်း ကြားတိုင်း၊ (ဖြစ်ပါတယ် ဘုရား) နံတိုင်းနံတိုင်း၊ (ဖြစ်ပါတယ်ဘုရား) စားတိုင်း စား တိုင်း၊ (ဖြစ်ပါတယ်ဘုရား) ရှုတိုင်းရှုတိုင်း၊ (ဖြစ်ပါတယ် ဘုရား)တွေးတိုင်းကြံတိုင်း၊ (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ရှုတာ ဘယ်သူက ရှုတယ်၊ (နာမ်ကပါဘုရား) အရှုခံတာက၊ (ရုပ်ခတ်ပါဘုရား) ရှုတာက နာမ်၊ အရှုခံတာ က ရုပ်၊ နာမ်နဲ့ရုပ် ရှုပြီးပျက် ဖြစ်ပျက်ဘဲ၊ (မှန်ပါဘုရား) တလောကလုံး ဒါဘဲရှိတယ်။

အဲဒါကြောင့် သတ္တဝါဆိုတဲ့ အမှတ်ကို ဖျက်လိုက်တော့၊ (မှန်ပါ) ငါလဲမဟုတ်၊ သူလဲမဟုတ်၊ နာမ်ခတ်နဲ့ ရုပ်ခတ် တရားသဘော သဘောတရား၊ သူ့သဘော သူဆောင်နေ တာပါလားလို့ အမှန်မြင်ကြပေတော့၊ (မြင်လာပါပြီဘုရား)။

အဲဒီ မြင်လာတဲ့ ခတ် တရားတွေကလဲ တခုမှ ရပ်တည် နေတာမရှိ၊ ငြိမ်နေတာ တခုမှမရှိ၊ အစဉ်မပြတ် မရပ်မနား စက္ကန့်မလပ် ဖြစ်ပျက်နေရတယ်၊ ပြောင်းလဲနေတာဘဲ၊ တမျိုး ပြီး တမျိုး ဖြစ်ပျက်နေတာဘဲ၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါ တယ်ဘုရား)။

ဖြစ်ပျက် ပြောင်းလဲနေတဲ့ တရားသည် မြဲသလား မမြဲဘူးလား၊ (မမြဲပါ ဘုရား) ဒါဖြင့် အနိစ္စချည်းဘဲပေါ့၊ တလောကလုံး ရုပ်နာမ် မှန်သမျှ အနိစ္စဘဲ၊ (မှန်ပါ့ဘုရား) မမြဲသော တရားသဘောသည် ဆင်းရဲလား ချမ်းသာလား၊ (ဆင်းရဲပါဘုရား) ဒုက္ခချည်းဘဲပေါ့၊ (မှန်ပါ့ဘုရား)။

ရုပ်နာမ်တွေကို ပိုင်ဆိုင်သူတွေ ရှိသလား၊ (မရှိပါဘုရား) ဒါဖြင့် အနတ္တချည်းဘဲပေါ့၊ (မှန်ပါ့ဘုရား) တလောကလုံး ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ မြင်လာတော့ အမှန်မြင်တာလား၊ အမှားမြင်တာလား၊ (အမှန်မြင်တာပါဘုရား)။

အမှတ်မှန်တာလား၊ အမှတ်မှားတာလား၊ (အမှတ်မှန်တာပါဘုရား) အမှတ်မှန်တော့ အယူကော မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား) အယူမှန်တော့ သမ္မာဒိဋ္ဌိလို့ ခေါ်တယ်၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တွေမှာ လိုချင်လို့ တဏှာနဲ့ ရှာမှီးကြတာ လူမဟုတ် နတ်မဟုတ် ဗြဟ္မာမဟုတ် ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တတွေချည်းဘဲ ရမှာဘဲလို့ သမ္မာဒိဋ္ဌိဉာဏ်နဲ့ အမှန်မြင်လာတော့ ဒီရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တတွေကို တဏှာက ရှာမှီးအုံးမလား၊ (မရှာမှီးပါဘုရား)။

ဒါဖြင့် အိုဘေး နာဘေး သေဘေးကို မရှာမှီးရင် မအို မနာ မသေတဲ့ နိဗ္ဗာန်ကို ရှာမှီးတော့မှာပေါ့၊ (မှန်ပါဘုရား) နိဗ္ဗာန်ကိုရှာရင် အရှာမှန်သလား မှားသလား၊ (မှန်ပါတယ်ဘုရား) အရှာမှန်ရင် ချမ်းသာခွင့် သက်သာခွင့် (ဝါ)နိဗ္ဗာန်

ရတော့မယ်ဆိုတာ ယုံကြပေတော့၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နံပါတ် ၁-အမှတ် မှားတာက စပြင်ရမယ်၊ ပြင်ကိုပြင်ရမယ်၊ ပြင်လိုက်တော့ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) အမှတ်မှားကို ပြင်လိုက်တော့ သတ္တဝါတွေ မရှိ ရုပ်အစု နာမ်အစု ခေတ် ၂-ခုသာ ရှိပါကလား၊ ဒီလို မှတ်ရမှာ နော်၊ (မှန်ပါ့ဘုရား)။

ဒီရုပ်အစု နာမ်အစုတွေက ဘယ်လိုနေပါသလဲဆိုရင် ဖြစ်လိုက် ပျက်လိုက်နေတယ်၊ အနိစ္စ ဒုက္ခ အနတ္တချည်းပါကလား လို့ ရှုရမယ်၊(မှန်ပါ့ဘုရား) ဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တချည်း မြင်နေတော့ လိုချင်အုံးမလား၊(မလိုချင်ပါ ဘုရား) မလိုချင် ရင် ရှာမှီးအုံးမလား၊ (မရှာမှီးပါဘုရား)မရှာမှီးရင် ဒီ အအို-အနာ-အသေတွေ ရအုံးမလား၊ (မရပါဘုရား) မရရင် ချမ်း သာရော၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အားလုံးသော တကာ-တကာမတွေ အားထုတ်တတ်ပါ စေတော့လို့ ဒီကနေ့ သေသေ ချာချာ အရင်းကျကျ ဟောပြ နေတာ၊ ဘုန်းကြီးတို့လဲ နယ်ထွက် တရားဟောနေတာ ဒီ အတွင်း သေမင်းက သူ့ဆွဲမလား၊ ငါ့ဆွဲမလား၊ မသိရဘူး၊ အခု သီတင်းကျွတ်ပြီး ၂-လလောက်ကလေး အတွင်း နယ် သွားနေတုံးမှာ ရင်းရင်းချာချာ ရင်းရင်းနှီးနှီး တကာ-တကာ မ ၄-ယောက်လောက် သေကုန်နှင့်ကြပြီ၊ မော်လမြိုင်မြို့မှာ၊ မဟာမြိုင် ဆရာတော်ကြီးနဲ့ ဆွမ်းအတူတူ စားခဲ့သေးတယ်၊ အခု ပြန်လွန်တော်မူပြီ၊ ဒီမှာလဲ ဇေယျဝတီ ဆရာတော်လဲ

အခုလို တကာ တကာမတွေကို တရားဟောဘို့ ကန်တော့ခိုင်းတုံး ကန်တော့တာ မဆုံးသေးဘူး ဆရာတော်က ပလ္လင်ပေါ်မှာ ပုံ့ပျလွှန်တော် မူရှာတယ်။

အဲဒီတော့ တကာ-တကာမတွေ ခင်ဗျားတို့ကို ခြောက်နေတာ မဟုတ်ဘူး၊ သေဘေးက မဝေးဘူး ကပ်လျက်ကလေးဘဲ၊ (မှန်ပါ ဘုရား) ဒါကြောင့် ခင်ဗျားတို့ကို သေရဲအောင် ဟောပြနေတာ၊ ငါမဟုတ် သူမဟုတ် နာမ်ရုပ် ဖြစ်ပျက်၊ ဒီအသိကလေးနဲ့ အမြဲကပ်နေပါ။ ဒီအမြင်ကလေးနဲ့ အမြဲကပ်နေပါ။

ငါသေတာ သူသေတာ လူသေတာ နတ်သေတာ ဗြဟ္မာသေတာ မဟုတ်၊ နာမ်ရုပ်ဖြစ်၍ နာမ်ရုပ် ပျက်တာဘဲလို့ ဒီအမြင် အမြဲရှိရမှာနော်၊(မှန်ပါ့ဘုရား) အားလုံးရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ညလဲတရားဟောရအုံးမှာမို့ လက်အုပ်ချီကြပေတော့၊ အားလုံးသော သင်ယောဂီ ရဟန်းရှင်လူ အပေါင်းတို့အား ရှာမှီးခြင်း (၂)မျိုးရှိပုံ၊ ပုထုဇဉ် အမိုက်အကန်းတွေကတော့ ကိုယ့်ကိုယ်ကို အအို-အနာ- အသေကောင်ကြီးဖြစ်နေပါလျက် အအိုအနာအသေတွေကို ထပ်ရှာမှီးနေကြသဖြင့် အရှာမှားနေပုံကိုရင်း၊ အရိယာအရှင် သူတော်စင်တွေကျတော့ ဉာဏ်မျက်လုံးရှိကြတဲ့ အတွက် ကိုယ်ကိုယ်တိုင် အိုဘေး-နာသေး-သေဘေးတွေ ဆိုက်နေသဖြင့် နောက်ထပ်တဖန် အအို-အနာ-အသေမရအောင် အအို-အနာ-အသေ လွတ်နိဗ္ဗာန်ကို ရှာမှီးပုံကိုရင်း။

ဘာဖြစ်၍ အအို-အနာ-အသေ ဘေးတွေကို တွေ့နေရသလဲဆိုရင် အရှာများလို့၊ ဘာကြောင့် အရှာများသလဲဆိုတော့ အစွဲများလို့၊ ဘာကြောင့် အစွဲများသလဲ၊ အယူများလို့၊ ဘာကြောင့် အယူများသလဲ၊ အမှတ်များလို့၊ အမှတ်များလို့ အယူများတယ်၊ အယူများလို့ အရှာများတယ်၊ အရှာများလို့ ဆင်းရဲနေရပုံကိုငင်း။

ဆင်းရဲ လွတ်ချင်ပါတယ်ဆိုရင်ဖြင့် အမှန်တရားကို ရှာမှီးရပုံ၊ အမှန်တရားကို ရှာမှီးချင်ပါတယ်ဆိုရင် အယူမှန်ရပုံ၊ အယူမှန်ချင်ရင် အမှတ်မှန် ရပုံတို့ကိုငင်း၊ အမှတ် မှန်တော့မယ်ဆိုရင်ဖြင့် အယူမှန်တော့မယ်၊ အယူမှန်တော့မယ်ဆိုရင်ဖြင့် အို- နာ- သေဘေးကို မရှာမှီးတော့ဘဲ အို- နာ- သေ လွတ်တဲ့ နိဗ္ဗာန်ကို ရှာမှီးရင်ဖြင့် အေးငြိမ်းတဲ့ နိဗ္ဗာန်ကြီးရ၍ အို- နာ- သေ လွတ်တော့မယ် ဆိုတာကို ကရုဏာ မေတ္တာ များများထား၍ ဆုံးမသွန်သင် ပြသလိုက်ပါသည်။

ဤကဲ့သို့ ဆုံးမ သွန်သင် ပြသလိုက်တဲ့ တရားတော်ကို ကြားနာ လိုက်ရကုန်သော အားလုံးသော သင်ရဟန်းရှင်လူ ယောဂီ သူတော်စင်အပေါင်းတို့မှာ ဤကဲ့သို့ အရင်းကျကျ အတွင်းကျကျ သိသင့်သိထိုက်သော ဓမ္မတွေကို ကြားနာ လိုက်ရတော့ မိမိတို့အတွက် အသိဓာတ် အလိမ်မာဓာတ်တွေ တိုး၍ အကျိုးတွေများ များခဲ့ပါလျှင် တရားတော်ကိုချီးကြူးသော အလား ဝမ်းမြောက်သော အနေအားဖြင့် ၃-ကြိမ် သာဓု- သာဓု- သာဓုလို့ ခေါ်နိုင် ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# နိဗ္ဗာန်သွားရာ-လမ်းပြ
# တရားတော်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၆၉-ခု နိုဝင်ဘာလ (၂) ရက်နေ့၌ ရန်ကုန်မြို့ သမိုင်းရပ် မရမ်းခြံ အောင်ဓမ္မရိပ်သာတွင် 'အောင်'မင်္ဂလာဆရာတော်ဘုရားသည် ခန္ဓာကိုယ် လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်၏ တည်နေရာ ထိုနိဗ္ဗာန်သို့ သွားရာလမ်းပြ တရားတော်ကို ဟောကြားတော်မူသည်။

မျက်လုံးကလေးတွေ မှိတ်သားပြီး နားမှာ ကြားလာသော တရားတော်သံများကို ခွဲခြမ်းစိတ်ဖြာ မှတ်သား၍ နာယူပါ။

ရာဂါဒိအဂ္ဂိဇာလေဟိ၊ ဒဍ္ဎကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

နရနာထော- လူသုံးပါးတို့၏ အားထားရာ ဘဝဂ်ဖြာအောင် ကျော်ညာကျော်ဟီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ နရနာထော- လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားထားမှီခိုရာ ကြည်ညိုရာ ကိုးကွယ်ရာ စင်စစ်ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ရာဂါဒိအဂ္ဂိဇာလေဟိ- တဆယ့်

တသီး ရာဂ အစရှိသော မီးအလျှံကြီးတို့သည်၊ ဒုက္ခကာယံ- အစမသိ သံသရာဘုံဘဝ၌ လောင်အပ်သော ခန္ဓာကိုယ်ရှိ သော၊ဒုက္ခကာယံ-အစမထင် သံသရာမှ စ၍လောင်အပ်သော ကိုယ်ရှိသော၊ မဟာဇနံ- လူနတ်များစွာ သတ္တဝါတွေကို၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ- မဂ္ဂင်ရှစ်ပါး တရားတည်းဟူသော ရေစင် ဖြင့်၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ- အေးမြကြည်လင် မဂ္ဂင်ရှစ်ပါး တရား တည်းဟူသော ရေစင်ဖြင့်၊နိဗ္ဗာပေသိ-အပူခပ်သိမ်း လောင်စာ သိမ်း၍ အေးငြိမ်းချမ်းမြ စေတော်မူခဲ့လေပြီတကား။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

ဝေနေယျသတ္တဝနေ- ဤသို့ မဖောက် မပြန် ဟုတ်မှန်စွာ ထုတ်ပြန်ကာ ရွတ်ဆိုရပါသော သစ္စာစကားကြောင့်၊ မေ- ငါ့အား၊ ဝေါတုမှာကံ- သင် ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့အား၊ ဇယမင်္ဂလံ- တထောင့်ငါးရာ ကိလေသာ အပူမီးတွေကို အေးငြိမ်းစေကြောင်း အောင်မြင်နိုင်ကြောင်း ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတဲ့ တရားကောင်းသည်၊ ဟောတု- ယခုဘဝ ယခုအခါ ယခုသာသနာမှာလျှင် အမြဲ မသေ့ အမှန်မလွဲ တကယ်ဘဲ ရင်ထဲမှာ ဖြစ်ပေါ်၍ လာပါ စေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

အားလုံးသော တပည့် တကာ-တကာမတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လူ့လောက နတ်လောက ဗြဟ္မာ လောကဆိုတဲ့ လောကသုံးခွင် ဘုံအပြင်ကို ဘယ်လိုမြင်တော်

မှုသလဲလို့ ဆိုတော့ မိုးလောင်တိုက်တွင်း အသွင်းခံကြရ၍ မီးဘေးသင့်နေတဲ့ မီးဘေး ဒုက္ခသည်တွေနဲ့ အလားတူစွာ မြင်တော်မူပါတယ်၊ (မှန်လှပါ)။

မီးလောင်တိုက်သွင်းပြီး မီးဘေးဒုက္ခ သင့်နေကြတဲ့ ဒုက္ခသယ်တွေလို့ ဘုရားရှင် ကိုယ်တော်မြတ် မြင်တော်မူပါတယ် နော်၊သို့သော် သတ္တဝါတွေကတော့ ကိုယ့်ကိုယ်ကို မီးလောင်လို့ လောင်မှန်းမသိ၊ ဆင်းရဲလို့ သင်းရဲမှန်းမသိ၊ ဒုက္ခရောက်လို့ ရောက်မှန်းမသိကြဘူး၊ (မှန်ပါတယ်ဘုရား)။

ဘုရားရှင် ကိုယ်တော် မြတ်ကြီးကတော့ ဒုက္ခသည်တွေ ၁၁-ပါးသော မီးတွေ တဟုန်းဟုန်း တောက်လောင်ပြီး မီးလောင်ခံနေကြရတဲ့ မီးဇာတွေ မီးဘေး သင့်နေကြတဲ့ မီးဘေး ဒုက္ခသည်တွေဘဲလို့ ဘုရားရှင် ကိုယ်တော်မြတ်က မြင်တော်မူပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်' သိတော်မူပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် နားလည် သဘောပေါက်တော်မူပါတယ်၊ (မှန်ပါဘုရား)။

အဲဒါကို တကာ- တကာမတွေကတော့ အရတော်လေစွ၊ ချမ်းသာလေစွ-လို့ ထင်နေကြတယ်၊ ရှင်တော်ဘုရားကတော့ ဒုက္ခသယ်တွေ ဘေးသင့်နေကြတယ်လို့ မြင်တယ်၊ဘုရားအမြင်နဲ့ အများအထင် အားလုံး တကာ-တကာမတွေ တူရဲ့လား၊ (မတူပါဘူးဘုရား)သတ္တဝါ အများကတော့ ငါတို့မှာ ချမ်းသာတွေ ရနေတယ်၊ ချမ်းသာတွေနဲ့ ပျော်မွေ့နေတယ်၊ အရတော်လေစွလို့ ဒီလိုထင်ကြတယ် ဟုတ်ကြရဲ့လား၊ (ဟုတ်ပါဘယ်ဘုရား) ရှင်တော်ဘုရားကတော့ အော်-မီးဘေးတွေသင့်

မီးဘေးတွေ တွေ့ပြီးတော့ အန္တရာယ်တွေ တွေ့နေကြတဲ့ မယ် ဒုက္ခမောင် ဒုက္ခတွေချည်း ပါကလားလို့ မြင်တော်မူပါတယ်၊ (မှန်လှပါဘုရား)။

ရှင်တော်ဘုရား မြင်တော်မူတာက ဒုက္ခလို့ မြင်တော် မူတယ်နော်၊ (မှန်ပါ့ဘုရား) သတ္တဝါတွေသိကြ သဘော ပေါက်ကြတာကတော့ သုခလို့ ထင်တယ် သိတယ်၊ (မှန်ပါ ဘုရား)အဲဒီတော့ ဘုရားအမြင်နဲ့အများအထင် တူကြရဲ့လား၊ (မတူပါဘုရား)။

ဒါကြောင့် ဘုရားမြင်တာက မှန်သလား အများထင်တာ က မှန်သလားဆိုတာ သိရအောင် ဒီကနေ့ ရှင်းရလိမ့်မယ် ယောဂီတို့၊-(မှန်လှပါဘုရား) ကိုင်း-ဒါဖြင့် ၁၁-ပါးသောမီး ဆိုတာ လိုက်ဆိုကြ။

"၁-ရာဂမီး၊ ၂-ဒေါသမီး၊ ၃-မောဟမီး၊ ၄-ဇာတိမီး၊၅-ဇရာ မီး၊ ၆-မရဏမီး၊ ၇-သောကမီး၊ ၈-ပရိဒေဝမီး၊ ၉-ဒုက္ခမီး၊ ၁၀-ဒေါမနဿမီး၊ ၁၁-ဥပါယာသမီး"။

အားလုံးပေါင်းက ၁၁-ခုတဲ့၊ ပါဠိလိုဆိုတော့ တကာ-တကာမတို့က နားမလည်ဘူး၊ ဘုန်းကြီးတို့က နောက်ပိုင်းမှာ အဓိပ္ပါယ်နဲ့တကွ မြန်မာလို ရှင်းပြလိုက်မယ်နော်၊ (မှန်လှပါ ဘုရား)။

အားလုံး သတ္တဝါတိုင်း လူ နတ် ဗြဟ္မာ အားလုံးပေါင်း လိုက်တာပေါ့၊ ဒီသတ္တဝါတွေမှာ ရှိကြတာက ကိုယ်နဲ့စိတ် ဆိုတော့ ရုပ်နဲ့နာမ်ပေါ့နော်၊ (မှန်ပါ့ဘုရား) ကဲ-နာမ်အစဉ်

မှာ အကဲခပ်ကြပါစို့၊ လိုချင်တာကလေးတွေ အသီးသီး မရှိကြဘူးလား၊ (ရှိကြပါတယ်ဘုရား)။

အိပ်ရာက နိုးတာနဲ့ တပြိုင်နက်ထဲ ဒီနေ့ ဘာရောင်းမယ်၊ ဘာ ဝယ်မယ်၊ ဘာချက်စားမယ်၊ ဘယ်လို ဝတ်မယ်၊ ဘယ်လို နေမယ် စသည်ဖြင့် လိုတာအမျိုးမျိုးတွေ ရင်ထဲမှာ ရှေးဦးစွာ ပေါ်လာတာပါဘဲ၊ (မှန်လှပါ ဘုရား) မပေါ်ဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

သွားချင်လို့သွားတာလား၊ မသွားချင်ဘဲနဲ့လား၊ (သွားချင်လို့ သွားတာပါဘုရား)ရောင်းချင် ဝယ်ချင်လို့ ရောင်းတာ ဝယ်တာလား၊ မရောင်းချင် မဝယ်ချင်ဘဲ ရောင်းတာ ဝယ်တာလား၊ (ရောင်းချင် ဝယ်ချင်လို့ပါ ဘုရား)။

ဒါဖြင့်ရင် မိုးလင်းတာနဲ့ တပြိုင်နက် အိပ်ရာမှ နိုးတာနဲ့ တပြိုင်နက်ထဲ လိုချင်တဲ့စိတ်ကလေး ရင်ထဲမှာ အရင်ပေါ်တယ်၊ (မှန်လှပါ ဘုရား) မပေါ်ဘူးလား၊ (ပေါ်ပါတယ် ဘုရား)အဲဒါ လုဗ္ဘတီတိ လောဘော၊လုဗ္ဘတိ-လိုချင် တပ်မက်တတ်၏၊ ဣတိ- ထိုကြောင့်၊ လောဘော လောဘမည်၏။ အဲဒီ လိုချင်တာဟာ (၁) လောဘမီးဘဲ၊ ရာဂမီး၊တဏှာမီးလို့လဲ ခေါ်တယ်။

ယောဂီတို့ လိုချင်တာ လောဘတဲ့၊ လိုချင်တာ ဘာတဲ့၊ (လောဘပါ ဘုရား) လိုချင်တယ် ကြည့်ချင်တယ်၊ မြင်ချင်တယ်၊ ရောက်ချင်တယ်၊ ကြားချင်တယ်၊ နံချင်တယ်၊ စားချင်တယ်၊ ချမ်းသာချင်တယ်၊ ကောင်းစားချင်တယ်၊ အဲဒါအကုန်လုံး လောဘမီးတွေပေါ့ဗျာ၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် လိုချင်တော့ ရအောင်မရှာကြဘူးလား၊(ရှာပါတယ်ဘုရား)ရတော့ ပိုပြီးတော့ ဝမ်းသာတယ်၊ တပ်မက်တယ်၊ မရတော့ မရရလေခြင်းလို့ ပိုပြီးတော့ စိတ်မကောင်းဘူး၊ ငါက ဒီလို ရည်ရွယ်တယ်၊ ဒီလို မဖြစ်ပါကလား၊ ဒါ အဆင် မပြေပြန်ဘူး၊ ကိုယ်လိုချင်တာက ဒီလောက်ဆိုပြီး အလိုမပြည့်တော့ စိတ်မကောင်းဘူး၊ စိတ်မကောင်းတာ ဒေါသပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် လိုချင်တာက ဘာတုံး၊ (လောဘမီးပါ ဘုရား) စိတ်မကောင်းတာက၊ (ဒေါသမီးပါဘုရား)ဒါဖြင့် ခင်ဗျားတို့ ကိုယ့်စိတ်ကို ကိုယ်ပြန် အကဲခပ်လိုက်တော့ သဘောကျသဘောမကျတဲ့စိတ်တွေ ရင်ထဲမှာ ပေါ်-မပေါ်၊ (ပေါ်ပါတယ်ဘုရား) ရှိ-မရှိ၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာလေးမှာ သေသေချာချာ ဉာဏ်နဲ့ကြည့်ကြပေတော့၊ လိုချင်တာပေါ်ရင်ဖြင့် အားလုံး သတ္တဝါတွေရဲ့ရင်မှာ လောဘမီး လောင်ပြီ လို့ မှတ် တော့ နော်၊ (မှန်ပါ့ ဘုရား) လို ချင် တာ မ ရ ပြန် တော့ လဲ စိတ်ညစ်တယ်၊ ငါ့နှယ် စိတ်မကောင်း ဖြစ်လိုက်တာ မပြောပါနဲ့တော့၊ ဘာမှ အဆင်မပြေဘူး ဆိုတော့ ယောဂီတို့ ဒါ-ဒေါသတွေ ဖြစ်နေတယ်၊ ဒေါသမီး လောင်နေ ပြန်ပြီ၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် ဒေါသမီးလောင်လို့ လောင်မှန်း သိရဲ့လား၊ (မသိပါဘုရား) လိုချင်တာ လောဘ ဖြစ်နေပါပေါ့

ကလား၊ ငါ့လောဘမီး တောက်နေပါပေါ့ကလား၊ လောဘမီး ညှိနေပါပေါ့ကလား လို့ကော ရိပ်မိကြရဲ့လား၊ (မရိပ်မိကြပါဘုရား) မသိတာက (၃) မောဟမီးပေါ့၊ (မှန်ပါဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ရင်တွင် နာမ်အစဉ်ကို ဉာဏ်နဲ့ပြန်ပြီး အကဲခပ်မယ်ဆိုရင် လောဘမရှိရင် ဒေါသရှိ၊ ဒေါသ မရှိရင် လောဘရှိ၊ တခုမရှိ တခု ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား) တမီးမလောင် တမီးက လောင်နေတယ်၊ (မှန်ပါဘုရား) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် မီးပြတ်တဲ့အချိန် မရှိဘူးနော်၊ (မှန်ပါဘုရား) အိပ်နေတဲ့ အခါကလေးဘဲ၊ ဒါတောင် အိပ်မက်ထဲဝင် လောင်သေးတယ်၊ တော်တော်ဆိုးတဲ့မီးနော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ် ရင်တွင် နာမ်အစဉ်ကို ဉာဏ်နဲ့ ပြန်အကဲခပ်တော့မှ လိုချင်တဲ့စိတ်တွေ တဖွားဖွား လောဘမီးတွေ လောင်လို့ လိုချင်တာတွေ မရတော့လဲ စိတ်မကောင်းဖြစ်ပြီး ဒေါသမီးလောင်လို့ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

လိုချင်တာတွေ ရပြန်တော့ အေးပြီလား ဆိုတော့ ဒါတွေကို ကုန်မှာ ခန်းမှာ ခိုးမှာ တိုက်မှာ စိုးရိမ်ပြီး ထိန်းသိမ်းရတာ တကြောင့်ကြကြ တစိုးရိမ်ရိမ်နဲ့ ချမ်းသာရဲ့လား၊ (မချမ်းသာပါ ဘုရား) စိုးရိမ် ကြောင့်ကြမှုတွေ

မလာဘူးလား၊ (လာပါတယ် ဘုရား) အဲဒါ သောကမီး လောင်နေတာဘဲ၊ (မှန်ပါဘုရား)။

ဒါဖြင့် ရင် မရရင် လဲ တမျိုးခက်တယ်၊ ရရင်လဲ ထိန်းသိမ်းစောင့်ရှောက်မှု စိုးရိမ်မှု မီးတွေကြောင့် တမျိုး ခက်ပြန်တယ်၊ ခင်ဗျားတို့ အထက်မီး အောက်မီး လောင် နေတယ်၊ မရရင်လဲ ပူ၊ ရရင်လဲ ပူ၊ ဒါဖြင့် အထက်မီး အောက်မီးမုန့်နဲ့ အတူတူဘဲ ဖြစ်နေတယ်။

မရရင် မပူဘူးလား၊ (ပူပါတယ် ဘုရား) ရပြန်တော့ ကော ဒါတွေ ကုန်မှာ ပျက်စီးမှာစိုးလို့ ထိန်းသိမ်းရ စိုးရိမ် ကြောင့်ကြရ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် အထက်မီး အောက်မီးဘဲ၊ (မှန်လှပါ ဘုရား) တလောက လုံးလဲ အထက်မီး အောက်မီး လောင်နေတာဘဲ မဆိုထိုက် ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒါက နာမ်အစဉ်မှာ ဝင်လောင်နေတဲ့ (ရာဂ လောဘမီး) ဒေါသမီး မောဟမီး သောကမီးတွေ နော်၊ ရုပ်မှာ လောင်သလား နာမ်မှာ လောင်သလား၊ (နာမ်မှာ လောင်ပါတယ် ဘုရား) ဇာတိ ဇရာ မရဏ မီးကတော့ ရုပ်ရော နာမ်ပါ လောင်ပါတယ်၊ ရုပ်နာမ် ၂-ပါးမှာ လောင်တယ်ဆိုတော့ ဇာတိဆိုတာ ရုပ်နာမ် ၂-ပါး ဖြစ်ပေါ်လာတာကို ခေါ်တယ်၊ (မှန်ပါဘုရား)။

ခင်ဗျားတို့ခန္ဓာမှာ ကိုယ်နဲ့စိတ် မဟုတ်လား၊ (မှန်လှ ပါဘုရား) ရုပ်နဲ့နာမ်ဘဲ၊ ကဲ-အခု ဖြစ်ခဲ့ပြီလေ၊ ရနေကြပြီ

မဟုတ်လား၊ ဘာတွေ ရနေပြီလဲ၊ (ရုပ်နဲ့နာမ် ရနေပါပြီ ဘုရား)။

ရုပ်နဲ့နာမ် ရနေတာကို ဒင်ဗျားတို့က ချမ်းသာလေစွ၊ လူ့ပြည် အရတော်လေစွလို့ ဒီလိုထင်လိုက်တာကို၊ မြတ်စွာ ဘုရားကတော့ ဇာတိပိ ဒုက္ခာ၊ ဟာ ဒုက္ခတွေပြီ၊ ဒုက္ခ ရပေါ့၊ ဒုက္ခဖြစ်ပေါ့၊ ဇာတိမီး လောင်ပေါ့လို့ ဘုရားရှင်က ဒီလိုမြင်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

မြတ်စွာဘုရား - တပည့်တော်တို့ လူ - နတ် - ဗြဟ္မာတွေ အား ဘာကြောင့် ရုပ်နာမ်ဖြစ်ပေါ်တာကို ဒုက္ခလို့ ဟော ပါလိမ့်ဆိုတော့မှ မင်းတို့ဖြစ်တာ အိုမယ် နာမယ် သေမယ် လို့ဖြစ်တာ။ ဘာလုပ်ဘို့ ဖြစ်လာပါလိမ့်၊ (အိုမယ် နာမယ် သေမယ်လို့ ဖြစ်လာတာပါဘုရား)။

ဒီတရားတပွဲလုံး လွတ်တဲ့လူ ပါသေးရဲ့လား၊ (မပါပါ ဘုရား) ခင်ဗျားတို့ ရုပ်နာမ်နှစ်ပါး ဖြစ်လာတာက ဘာ ဖြစ်ဘို့လဲ၊ (အို နာ သေဘို့ပါ ဘုရား) ဒါဖြင့် တရား တပွဲလုံး အိုကောင် နာကောင် အသေကောင်တွေချည်း ဘဲလို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

အိုဘို့ နာဘို့ သေဘို့ ဖြစ်ရခြင်းသည် အကောင်းဖြစ် တာလား၊ အဆိုးဖြစ်တာလား၊ (အဆိုးဖြစ်တာပါ ဘုရား) ဆင်းရဲ ဖြစ်သလား ချမ်းသာ ဖြစ်သလား၊ (ဆင်းရဲဖြစ်ပါ တယ်ဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက ဇာတိပိ ဒုက္ခာ-ငါဘုရား ကတော့ ရုပ်နဲ့နာမ် ဖြစ်တာကို ချမ်းသာဘို့ မမြင်ဘူး၊

ရုပ်နဲ့နာမ် ၂-ပါးဖြစ်လာရင် ၃၁-ဘုံ ဘယ်ဘုံမှာကြည့်ကြည့် ဖြစ်လာရင် ဒုက္ခတွေပြီလို့ ဆင်းရဲဖြစ်ပြီလို့ ဇာတိမီးလောင်တာ လို့ ငါဘုရား မြင်တော်မူပါတယ်တဲ့၊ (မှန်ပါဘုရား)။

ဘုရားမြင်တာနဲ့ ခင်ဗျားတို့ထင်တာ တူရဲ့လား ၊(မတူပါ ဘုရား) မြတ်စွာဘုရား မြင်တဲ့အတိုင်း မှန်ကော မှန်ရဲ့လား၊ (မှန်ပါတယ်ဘုရား)၊ အမျှားထင်တာတွေက (မှားပါတယ် ဘုရား)ဘယ်တုံးကမှားလာခဲ့သလဲဆိုတော့ အစမထင်သံသရာ ကမှားလာခဲ့တယ်။

အခု အမှားဖျက်တဲ့ သာသနာတော်နဲ့တွေ့ပြီ၊ အမှားတွေ ပြင်ပေးနေတဲ့ သာသနာတော်ကြီးနဲ့ တွေ့ပြီ၊ တသံသရာလုံး မသိမမြင်ခဲ့ရတာတွေ၊ဘဝ အဆက်ဆက်က မတွေ့ခဲ့ရတာတွေ၊ ဘုရားရှင်၏ အဆုံးအမနဲ့ တွေ့ရတဲ့အခါမှာ အမှားနဲ့အမှန် ဝေဖန် မသိရဘူးလား၊ (သိရပါတယ်ဘုရား)။

လူလဲဖြစ်ပေလို့ ထောင်နိုင်တဲ့ နားလဲ ရှိပေလို့၊ရတနာ သုံး ပါးလဲ ယုံကြည်တဲ့ဘဝရလို့ ဘုရား-တရား-သံဃာ-ရတနာ သုံး ပါးပွင့်ထွန်း ပေါ်ပေါက်တဲ့ အခါလဲ ကြုံပေလို့ အကြောင်း သုံးပါး ညီညွတ်လို့ ကံကောင်း ထောက်မတယ်၊ ဒါကြောင့် အမှားနဲ့ အမှန်ကို ခင်ဗျားတို့ ဝေဖန်သိရတယ်၊ (မှန်လှပါ)။

ကမ္ဘာလောကကြီး တခုလုံးဟာ အနိစ္စဘူတော အယံ လောကော-တဲ့၊တလောကလုံးအကန်းကြီးဘဲလို့မြတ်စွာဘုရား ဟောလိုက်တယ်၊ မြတ်စွာ ဘုရားက အနိစ္စဘူတော အယံ

ဣန္ဒသာယ ၁၀၆-၂၀

လောကော- လူရော နတ်ရော ဗြဟ္မာရော အကန်းကြီးဘဲတဲ့၊ (မှန်ပါ)။

အကန်းကြီးဘဲဆိုတော့ တပည့်တော်ကို အမေမွေးတုံးက မျက်လုံးပါပါတယ်၊ အရှင်ဘုရား ဘယ့်နှယ် တပည့်တော်တို့ကို အကန်းဆိုပါလိမ့်လို့ မေးတော့ အသားဆိုင် မျက်လုံးကန်းတာကို ငါဘုရား ပြောနေတာ မဟုတ်ဘူးတဲ့၊ ဉာဏ်မျက်လုံးကန်းတာကို ပြောတာ၊ (မှန်ပါ) အမှန်သိနိုင်တဲ့ အသိဉာဏ်မျက်လုံးကန်းနေတယ်လို့ ငါဘုရား ပြောလိုက်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ယောဂီတို့ အိုဘို့ နာဘို့ သေဘို့ ဖြစ်လာတာဆိုတော့ အကောင်းဖြစ်လာတာလား၊ အဆိုးဖြစ်လာတာလား၊ (အဆိုးဖြစ်လာတာပါ ဘုရား) ဒါကြောင့် မြတ်စွာဘုရားက ဇာတိပိ ဒုက္ခာ-မင်းတို့ အိုရန် နာရန် သေရန် ဖြစ်လာတာမို့ ရုပ်နာမ်တွေ ၃၁-ဘုံမှာ ဖြစ်လာတယ်ဆိုတာ မီးလောင်ဘို့ ဖြစ်လာတာမို့ ဇာတိမီး လောင်တယ်လို့ ပြောလိုက်တယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) အဲဒါ ရုပ်နာမ် ဖြစ်တာ၊ (၄) ဇာတိမီး လောင်တာပေါ့။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာက မီးလောင်ဘို့ ဖြစ်လာတယ်၊ ဆိုတော့ မီးဇာကြီး ထင်းတုံးကြီးတွေ လောင်စာတွေ ဟုတ်မှ ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) သေသေချာချာ ဉာဏ်မျက်လုံးကလေးများ ဖွင့်ကြည့်ကြ စမ်းပါအုံး ဟုတ်မှ ဟုတ်ပါရဲ့လား (ဟုတ်ပါတယ် ဘုရား) လက်စ

သတ်တော့ လူသား လာဖြစ်နေသလား အောက်မေ့တယ်၊ လောင်စာ လာဖြစ်နေတာကိုး၊ (မှန်ပါ့ဘုရား)။

ဘာ လောင်စာတွေလဲ ဆိုတော့ ၁၁-မီး လောင်ဘို့၊ (မှန်ပါ) ဇာတိမီး လောင်ပြီးရင် ပြီးရောလား ဆိုတော့ (၅) ဇရာမီးက ဆက်ပြီး လောင်တယ်၊ လွန်ခဲ့တဲ့ ၁၀-နှစ် ၁၅-နှစ် အနှစ် ၂၀-က ရုပ်ရည်တွေ ယခု ရှိကြသေးရဲ့လား၊ (မရှိပါ ဘုရား) ဇရာမီး လောင်လို့ ဟောင်နွမ်း အိုမင်းပြီးသကာလ လွန်ခဲ့တဲ့ အချိန်က ရုပ်ရည်တွေ မရှိတော့ဘဲ ယိုယွင်း အိုမင်းတဲ့ အဆင့်တွေ ရောက်လာကြပြီ၊ (မှန်ပါ) အဲဒါ ဇရာမီး လောင်တာပေါ့၊ (မှန်ပါ) ဆိုင်းထားလို့ ရသေး ရဲ့ လား၊ (မရပါဘုရား) တ မိ နစ် ထက် တမိနစ် ပျိုသလား အိုသလား ယောဂီတို့၊ (အိုပါတယ် ဘုရား) ရင့်သလား-နုသလား၊ (ရင့်လာပါတယ် ဘုရား) တဖြေးဖြေး တစက္ကန့်ထက် တစက္ကန့် ကြာလေ ကြာလေ ဒီရုပ်နာမ် ခန္ဓာကြီးဟာ ရင့်ရင့် ဟောင်းဟောင်းပြီး အိုအို နေပါကလား ယောဂီတို့၊ (မှန်လှပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက ဇရာပိ-အိုမင်း ရင့်ရော်ခြင်းဆိုတဲ့ သဘောမျိုးကိုလဲ၊ ဒုက္ခာ-ဆင်းရဲလို့ ဟောလိုက်တယ်၊ အိုတာကိုလဲ မီးလောင်တယ်လို့ ငါဘုရား ဟောလိုက်တယ်၊ (မှန်ပါ့ ဘုရား) ဘာကို လောင်ပါလိမ့်မလဲ ယောဂီတို့၊ (ရုပ်နာမ်ပါ ဘုရား) အအိုမီးက ရုပ်ရော နာမ်ရော လောင်နေပြီ၊ (မှန်ပါဘုရား)။

ဒါကြောင့် အသက်အရွယ်ကြီးတော့ ငါ့အရင်တုံးကနဲ့ မတူဘူး၊ သတိတွေက သိပ်မေ့တယ်၊ နာမ်တရားတွေလဲ ချို့ယွင်း ပျက်စီးကုန်ပြီ၊ တခုခု ပြောချင်ရင် အင်-အင်နဲ့ စဉ်းစားလိုက်ရတာ တောင်ရောက် မြောက်ရောက် ရောက်ပြီးမှ နောက်ဆုံး အမှန် ရောက်လာတယ်၊ သတိတွေလဲ ချို့ယွင်းလို့၊ ဒါ ဘာလဲဆိုတော့ ယောဂီတို့၊ အအိုမီးလောင်တာ၊ (မှန်လှပါ ဘုရား) ဘာ မီး လောင် တာ၊ (အအိုမီး လောင်တာပါဘုရား)။

ခင်ဗျားတို့မှာသာ လောင်တာ မဟုတ်ဘူး၊ ဒို့ချည်းဘဲ မအောက်မေ့နဲ့၊ တအိမ်သားလုံး အတူတူချည်းဘဲ၊ (မှန်လှပါဘုရား) လောင် - မလောင်၊ (လောင်ပါတယ် ဘုရား) တရပ်ကွက်လုံးကော အအိုမီးက လောင်လျက်ဘဲ၊ ကဲ-သူ့လောင်နေတဲ့မီး ကိုယ်က တားလို့ ရသေးရဲ့လား၊ (မရပါဘုရား) ကိုယ့် လောင်တဲ့မီးကိုကော သူက ငြိမ်းပေးလို့ ရသေးရဲ့လား၊ (မရပါဘုရား)။

ဒါဖြင့် တရပ်ကွက်ထဲလား-တမြို့လုံးလား၊ (တမြို့လုံးပါဘုရား) တမြို့ထဲလား-တနိုင်ငံလုံးလား၊ (တနိုင်ငံလုံးပါဘုရား) တလောကလုံးကိုဖြင့် ဘယ် သူ့ မျက် နှာ မှ မငဲ့ပါကလား၊ (မှန်လှပါဘုရား) အားလုံး လောင်နေပါကလား၊ (မှန်လှပါဘုရား)။

တော တောင် သစ်ပင်တွေ ကြည့်ပြန်တော့လဲ တရိပ်ရိပ်နဲ့ ကြီးပြင်းလာလိုက်တာ တရိပ်ရိပ်နဲ့ ရင့် လာ ကြ တယ်၊ ရင့်လာရာက ပို့ကျ လဲကျ သွားကြပြန်ပြီ၊ တနှစ်တခါ အပွင့်

တွေ့ အရွက်တွေကလဲ လဲနေကြတယ်၊ မျက်စိကမြင်သားနဲ့ မသိချင်ယောင်ဆောင် မမြင်ချင်ယောင် ဆောင်ပြီး နေကြတော့လဲ မမြင်ကြ မသိကြဘူးပေါ့၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် သက်ရှိ သက်မဲ့တွေ အကုန်လုံး အအိုမီးကြီးကလဲ ချန်မထားပါလား၊ (မှန်လှပါ ဘုရား) အပြင်းအထန် လောင်နေတာဘဲ၊ (မှန်လှပါ ဘုရား) အခုလဲ တရားထိုင် တရားနာရင်း မတ်တတ်နဲ့ ခင်ဗျားတို့ လောင်လျက်ဘဲ၊ ခင်ဗျားတို့ ၁၂-နာရီလောက် ရောက်လာတယ် ဆိုပါတော့ အခု တနာရီဆိုတော့ တနာရီတိုး အိုသွားပြန်ပြီ၊ သုံးနာရီ ကျပြန်တော့ သုံး နာ ရီ၊ အို သ ထက် အို သွား ပြန် ပေါ့၊ (မှန်ပါတယ်)။

ဒါဖြင့် နာရီတွေ တိုး တိုင်း တိုး တိုင်း ခင် ဗျား တို့ ခန္ဓာကိုယ် ရုပ်နာမ် ၂-ပါးတို့ ပျိုပျိုလာသလား၊ အိုအို သွားသလား၊ (အိုအို သွားပါတယ် ဘုရား) အပျိုတွေက တိုးသလား၊ အအိုတွေက တိုးသလား၊ (အအိုတွေကတိုးပါတယ်ဘုရား) ကြာလေ ဆိုးလေပါလား၊ (မှန်လှပါဘုရား) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဇရာမီးလောင်လို့အားရတော့ ဒီခန္ဓာကြီးဟာ နည်းမျိုးစုံနဲ့ သေပွဲ ဝင်ရတော့တာပါဘဲ၊ (မှန်ပါ) မြေသြဇာကျွေးလိုက်ရတော့တယ်၊ (မှန်ပါ) ချစ်လှစွာသော ဇနီး မယား သမီး သား စီးပွားဥစ္စာတွေနဲ့ ခွဲပြီး သေပွဲ ဝင်ရတာကိုဘဲ(၆) **မရဏမီး** လောင်တယ်လို့ ခေါ်ပါတယ်၊ (မှန်လှပါဘုရား)။

အားလုံးဘဲ သေမှ သေပါ့မလား၊ (သေကြမှာပါ ဘုရား) ခင်ဗျားတို့ မရဏမီး လွတ်တဲ့လူ ရှိသေးသလား၊ (မရှိပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)ကိုင်း တကာ-တကာမတို့ ဒီခန္ဓာကြီးဟာ မရဏမီး လောင်ပြီးမသေခင် စပ်ကြားမှာ (၇) သောကမီးဆိုတာ ခင်ဗျားတို့ ရင်ထဲမှာ တနေ့မှ မအေးရဘူး၊ (မှန်လှပါဘုရား)။

စိုးရိမ်ပူပန်မှုတွေ သားအတွက် သမီးအတွက် လင်အတွက် စားရေး ဝတ်ရေး နေရေး ထိုင်ရေး ဒီနေ့အရေး မနက်ဖန်အရေး ဒီဘဝအရေး နောင်ဘဝအရေး စသည်ဖြင့် တကာ - တကာမတို့ ခင်ဗျားတို့စိတ်ကလေး ခင်ဗျားတို့ ခန္ဓာကိုယ် ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်၍ အကဲခပ်လိုက်တော့မှ ငါတို့ တနေ့မှ မအေးရပါကလား၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီနေ့ပြီးရင် နောက်နေ့အတွက် ဒီလ စားစရာရှိရင် နောက်လအတွက် လိုသေးတယ်၊ ခင်ဗျားတို့ ပြည့်စုံတဲ့ လလို ရှိသေးရဲ့လား၊ (မရှိပါဘုရား) ပြည့်စုံတယ်လို့ ရှိသေးရဲ့လား၊ (မရှိပါဘုရား) အမြဲ လိုပြီးတော့ နေတာချည်းဘဲ၊ လို - လိုနေတာချည်းဘဲ ယောဂီတို့ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ပြည့်စုံတယ် လို့ကော၊ (မရှိပါ ဘုရား) တင်းတိမ်တယ် လို့ကော၊ (မရှိပါ ဘုရား) လုံလောက်ပြီ ရယ်လို့၊ (မရှိပါဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ရင်ထဲ တလောလော လောတက်နေတယ်၊ (မှန်လှပါ ဘုရား) သောကမီးတွေ လောင်

နေတယ်၊ သားလေးအတွက်လဲ ငါ့သားလေး ကျောင်းကို ဖြောင့်ဖြောင့် သွားလို့ ပညာမှ သင်ပါ့ရဲ့လား၊ ငါ့သမီးလေး စိတ်မှ ချရပါ့မလား၊ သားရေး သမီးရေးတွေကလဲ တလောလော လောင်နေတယ်၊ (မှန်ပါ) မရှိတဲ့လူတော့ အေးတာပေါ့ဗျာ၊ (မှန်ပါ့ဘုရား) ရှိတဲ့ပုဂ္ဂိုလ်တွေမှာ ပူနေတာ လောင်နေတာဘဲ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ကိုယ့်စိတ် ကိုယ်ပြန် အကဲခပ်ကြည့်တော့မှ ဒီနေ့တော့ဖြင့် သားရေး သမီးရေး မပူရပါဘူး၊ ဒီနေ့ဖြင့် ကျန်းမာရေးအတွက်လဲ စိတ်မကူးရဘူး၊ ဒီနေ့ဖြင့် စီးပွားရေးအတွက်လဲ ထည့်မစဉ်းစားရပါဘူး၊ ဒီနေ့ဖြင့် အေးအေးဆေးဆေး ချမ်းချမ်းသာသာ ရှိလိုက်တာရယ်လို့ ရှိသေးသလား၊ (မရှိပါ ဘုရား) အောင်မယ်လေး တယ်အားကောင်းတဲ့ မီးပါလား၊ (မှန်လှပါဘုရား) သောကမီးတွေလေ၊ (မှန်လှပါဘုရား)။

ကိုင်း - သောကမီးတွေက ဘယ်မှာ လောင်သလဲဆိုတော့ ရင်ထဲ စိတ်ထဲ နှာမ်ထဲမှာ ဝင်လောင်လိုက်တယ်၊ (မှန်ပါ့ဘုရား) သောကဆိုတဲ့ စိုးရိမ်မှုတွေက နှာမ်မှာ စိုးရိမ်ပြီး ရုပ်ပါ မီးကူးကာ ရုပ်ပါ လောင်လာတယ်၊ (မှန်ပါ့ဘုရား)။

ရံခါကျတော့လဲ ‘မျက်ရေတွေ ကျပြီး ပရိဒေဝမီး လောင်လာတယ်၊ ငါအစကတဲက ထင်သားဘဲ၊ ဒီလို ဖြစ်လိမ့်မယ်လို့၊ ဟီး-ဆိုပြီး မျက်ရေတွေ ကျမလာဘူးလား၊’

(လာပါတယ် ဘုရား) အဲဒါ (၈) ပရိဒေဝမီး လောင်တယ် လို့ခေါ်တယ် တကာ-တကာမတို့၊ (မှန်လှပါ)။

သောက အားကြီးတော့ ပရိဒေဝမီး လောင်ပြန်တယ်၊ (မှန်လှပါ ဘုရား) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ကိုင်း - ပရိဒေဝမီး လောင်တယ် ဆိုတော့ မျက်ရေတွေ ကျတယ်၊ ဟိုဘက်အိမ် ဒီဘက်အိမ်က ကြားအောင် အသံ တွေထွက်ပြီး ငိုကြတာ၊ အဲဒါ ပရိဒေဝမီး လောင်တယ် လို့ မှတ်လိုက်ပါနော်၊ (မှန်လှပါဘုရား)။

ပရိဒေဝမီး ဆိုတာ စိတ္တဇ ဝိပ္ပလ္လာသသဒ္ဒတဲ့၊ စိတ်ထဲ ရင်ထဲတွင် လောင်လို့ မငြိမ်းနိုင်ဘဲ မီး အား ကြီး လာ ပြီး မီးက ရုပ်ဓာတ်ကို ကူးပြီး လောင်တော့တာကိုး၊ (မှန်ပါ ဘုရား)ထင်းတုံးကို မီးစွဲသလိုပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

မီးလောင်တယ်ဆိုရင် နီးတဲ့အိမ်တွေ လျှောက်ပြီး ကူး ကုန် သ လို ပေါ့ ဗျာ၊ ရင် ထဲ က စိတ် မှာ သောကတွေက အားကြီး အားကြီး လာတော့ ဆူပွက် ဆူပွက် လာပြီး ရုပ်ကြီးကိုပါ မီးကူးတော့ ရုပ်က တကိုယ်လုံး ဖောက်ပြန် ပျက်စီးပြီးသကာလ မျက်ရေတွေ ယိုစီးလာတယ်၊ ဟုတ် ပြီလား၊ (ဟုတ်ပါတယ်ဘုရား)။

ကိုင်း-ဒါကြောင့် ဒီမျက်ရေတွေဟာ အလကားကျတာ မဟုတ်ဘူး၊ မီးလောင်တာ၊ (မှန်လှပါ ဘုရား) မျက်ရေတွေ ကျလာတာဟာ တကာ - တကာမတို့ ပရိဒေဝမီး လောင် တယ်လို့ မှတ်လိုက်၊ (မှန်လှပါဘုရား)။

အဲဒီ မီးလောင်တာ ဘယ် လောက် များ များ သ လဲ ဆိုရင် တကာ-တကာမတို့၊ ဘု ရား ရှင် ကိုယ် တော် မြတ် ကြီးက ဝနဝါသီ တိဿ ရ ဟန္တာ လေး ကို ဟော တယ်၊ တိဿသာမဏေကလေးဆိုတာ ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ် ပါတယ်။

ဘယ်လို ရဟန္တာဖြစ်သလဲဆိုတော့ သူ ဖြစ်ပုံကလေးက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ရှင်တော်ဘုရား သီတင်းသုံးစဉ်က ဒီသာဝတ္ထိမြို့တွင်းက သူဌေးသားကလေး တယောက်ဟာ ခုနစ်နှစ်သား ပြည့်မြောက်တဲ့ အခါမှာ အမေရယ်-ကျုပ် ရှင်သာမဏေ ပြုချင်ပါတယ်လို့ ပြော တယ်၊ (မှန်ပါ)။

သူက ရှင်သာရိပုတ္တရာ ကိုးကွယ်တဲ့ တကာ-တကာမ တို့ရဲ့ သားသမီး ဖြစ်တာကိုး၊ အိမ်ကို နေ့စဉ် ရှင်သာရိ ပုတ္တရာ ကိုယ်တော်ကြီးကလဲ ကြွတော့ အမေရယ်-ကျုပ် တော့ဖြင့် သရာရဟန်းဆီမှာဘဲ ရှင်ပြုချင်ပါတယ် ဆိုတော၊ အမေကလဲ သူ ဖြစ်ချင်တာကို ဘယ်တော့မှ မတားဘူး၊ ဖြစ်စေမယ်လို့ အမေကလဲ စောစောထဲက ဆုံးဖြတ်ထား တယ်တဲ့၊ မနက်ဖန်ကျတော့ ရှင်သာရိပုတ္တရာ ကိုယ်တော် ကြီး ဆွမ်းခံ ကြွလာလို့ အိမ်ရောက်တော့ လျှောက်တယ်၊ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကလဲ ပြုချင်တာပြုပေါ့၊ ကျုပ်တာဝန်ယူ ပြုပေးမယ်လို့ တာဝန်ယူပါတယ်။

ဒါနဲ့ ညနေ ကျတော့ လှည်းတွေနဲ့ လှူစရာတွေ ခုနစ်ရက်စာ ဆန် ဆီ ဆားတွေ တင်ပြီး ကျောင်းတော်သို့

သွားကာ ရှင်ပြုပြီးတော့ သား ကိုရင် မောင်တိဿနှင့် အတူ ဘုရားနှင့်တကွ သံဃာတော်များကို ခုနစ်ရက်တိတိ ဆွမ်းကပ်တယ်တဲ့၊ ခုနှစ်ရက် ဆွမ်းကပ်ပြီး ကိုရင် မောင် တိဿကို နှုတ်ဆက်ပြီး ရှင်တကာကြီးတွေ တကာမကြီး တွေက ပြန်ခဲ့ကြတယ်။

နောက် တရက် နှစ်ရက်လောက်နေတော့ ကိုရင်ငယ်ငယ် ကလေးကို ဆွေတော်မျိုးတော်က ဟိုကလာမေးကြ မြန်းကြ ဒီက ဆွေတော် မျိုးတော်က လာမေးနဲ့မို့ ကိုရင်လေးက စိတ်ညစ်ပြီး ငါ ဒီမှာနေရင် တရားရမှာ မဟုတ်ဘူး၊ ငါ့ဆီ လာကြတဲ့ပရိသတ်က များတယ်၊ ငါတယောက်ထဲ တောထဲ သွားကာ တရားအားထုတ်ရရင် ကောင်းမှာဘဲလို့ စိတ်ကူး တယ်တဲ့၊ (မှန်လှပါ)။

ခင်ဗျားတို့ ကျုပ်တို့နဲ့ မကွာဘူးလား၊ (ကွာပါတယ် ဘုရား) ခင်ဗျားတို့ ကျုပ်တို့က လူရှုပ်ရှုပ် လိုက်ရှာနေတယ်၊ သူကတော့ သူ့အနား လူတွေလာရင် တရားအလုပ် ပျက်တယ်လို့ သူ့စိတ်ထဲက ထင်တယ်တဲ့၊ (မှန်လှပါ ဘုရား)။

ဒါနဲ့ မြတ်စွာဘုရားနဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး တို့ကို လျှောက်ပြီး တောထဲမှာ တပါးတည်း သွား၍ တရား အားထုတ်နေပါတယ် ယောဂီတို့၊ သုံးလလောက် နေတော့ ရပ်ရွာကလဲ သူ့ကို အင်မတန် ကြည်ညိုပြီး နေတယ်၊ ဝါလဲ ကျွတ်ကော ရဟန္တာလဲ ဖြစ်ရော။

ဝါကျွတ်ပြီးတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက ငါ့တပည့်လေး ဘယ်လိုများ နေပါလိမ့်မလဲဆိုပြီး သွားချင်တဲ့ စိတ်ကူးတွေ ပေါက်လာတယ်၊ ဒါနဲ့ မနက်ပန် ကိုရင်လေးရဲ့ ကျန်းမာရေး အခြေအနေ လဲ သိရအောင် သွားမယ်ဆိုတော့ တပည့်သံဃာ ၅၀၀-တို့ကလဲ တပည့်တော်တို့လဲ လိုက်ချင်တယ်လို့ လျှောက်ကြသတဲ့၊ လိုက်ချင် လိုက်ကြပေါ့လို့ အမိန့်ပေးလိုက်တယ်၊ ဘုရားရှင်ကို လျှောက်ထားတဲ့အခါ ဘုရားရှင်က ခွင့်ပြုတော်မူတယ်။

ဒါနဲ့ ရှင်သာရိပုတ္တရာက ရှင်မောဂ္ဂလာန် ရှင်မဟာကဿပ စတဲ့ ရဟန္တာကြီးတွေကို ပြောပြတော့ ထိုရဟန္တာကြီးတွေကလဲ တပည့် ၅၀၀-စီနဲ့ တပါတည်း လိုက်ကြလာကြသတဲ့၊ သံဃာများ ကြွလာတယ်ဆိုတော့ ရွာသူ ရွာသားတွေကလဲ ဝမ်းမြောက် ဝမ်းသာနဲ့ မဏ္ဍပ်ကနားတွေထိုး အိပ်ရာနေရာတွေ ပြင်ပြီး ဧည့်ဝတ်ပြုစုကြသတဲ့၊ ညကျလာတော့ ရွာသူရွာသားတွေကို ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက တကာတို့ မှောင်ပြီ၊ ရွာကို ပြန်ကြတော့လို့ ခိုင်းသတဲ့။

ရွာသူ ရွာသားများက ရွာကို မပြန်ဘူးဘုရား၊ ဒီနေ့ည တရားနာကြဘို့ ဖြစ်ပါတယ်လို့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအား လျှောက်တော့ ကိုယ်တော်ကြီးက မင်းတို့ဆရာ မောင်တိဿ ရှိသားဘဲ၊ မောင်တိဿကို တရားဟောဘို့ လျှောက်ပါလို့ အမိန့်ရှိလိုက်သတဲ့။

မောင်တိဿကို လျှောက်ပါဆိုတော့ တကာ-တကာမတွေကလဲ ပြန်ပြီး ကိုယ်တော်ကြီးကို လျှောက်တယ်၊ အရှင်တိဿ

တရားကိုတော့ တပည့်တော်တို့ နေ့တိုင်း နာနေရပါတယ် ဘုရား၊ ဒါကြောင့် အရှင်ဘုရား ကိုယ်တိုင်သော်ရင်း မဟာ သာဝကကြီး တပါးပါးတို့ ကိုယ်တိုင်သော်ရင်း ဟောကြား ပါစေ၊ ရှင်တိဿ ဟောတဲ့တရားက ဘယ်တော့ဖြစ်ဖြစ်"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ"ချမ်းသာ ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက် ကြပါစေ၊ တာဘဲ ဟောတယ်၊ ဒါကြောင့် တပည့်တော်တို့ ထပ်ဝလဲလဲ နာနေရပါတယ်လို့ လျှောက်ကြ သတဲ့။

ရှင်သာရိပုတ္တရာက မင်းတို့ အကြောင်း မသိသေးလို့ပါ၊ ဒီနေ့ သူဘဲ ဟောပါစေ၊ သူ့တရားကိုဘဲ နာရမယ်လို့ အမိန့် ချလိုက်တယ်၊ (ရွာသားတွေကလဲ ကိုရင်လေး ရဟန္တာဖြစ်နေ တာ သူတို့မသိဘူး၊ ရဟန္တာဆိုတာ ယောဂီတို့ မျက်စိနဲ့ မြင်ရ တာ မဟုတ်ဘူး၊ ဉာဏ်မျက်လုံးနဲ့မှ မြင်တယ်၊ (မှန်လှပါ ဘုရား)။

ရှင်တိဿသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဆိုတော့ တရား တွေကို တတ်သိ နားလည်ပြီးသား ဖြစ်တယ်၊ ဒါကြောင့် နိကာယ် ၅-ရပ်ခြုံပြီး ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတွေကို တညလုံး ရှင်တိဿက ဟောပါ သတဲ့၊ နောက်ဆုံးမှာ "သုခိတာ ဟောထ ဒုက္ခာ မုစ္စထ"လို့ ဟောနေတာ ပေါ့တော့တော့ မဟုတ်ပါဘူး၊ "သုခိတာ ဟောထ- ချမ်းသာကြပါစေ၊ ဒုက္ခာမုစ္စထ- ဆင်းရဲမှ လွတ်ကြ ပါစေ" ဆိုတဲ့ အဓိပ္ပါယ်က ရဟန္တာဖြစ်၍ နိဗ္ဗာန်မြင်မှ ချမ်းသာအစစ် ရမှာဖြစ်တယ်၊ ဒါကြောင့် အရဟတ္တဖို့လ

နိဗ္ဗာန်ကို ရကြပါစေလို့ ဟောတာလို့ ရှင်းပြလိုက်တယ်၊ (မှန်လှပါ)။

အဲဒါကို တကာ-တကာမတွေက မရိပ်မိဘူး၊ ချမ်းသာ အစစ်ဆိုတာ နိဗ္ဗာန်မှရှိတယ်၊ ဒုက္ခလွတ်တယ်ဆိုတာ နိဗ္ဗာန် တရားဘဲ၊ သူခိုတာ ဟောထ-ချမ်းသာကြပါစေဆိုတာ နိဗ္ဗာန် ရောက်ကြပါစေလို့ ဆိုလိုတာဘဲ၊ ဒုက္ခာ မုစ္စန္တု၊ ဆင်းရဲမှ လွတ်ပါစေဆိုတာ နိဗ္ဗာန်သို့ ရောက်ကြပါစေလို့ ဆိုလိုတယ်၊ (မှန်လှပါ)။

နိဗ္ဗာန်မဝင်မချင်း တကာ-တကာမတို့ ဆင်းရဲ လွတ်-မလွတ်၊ (မလွတ်ပါဘုရား) ဇာတိမီးကလဲ လောင်တာဘဲ၊ ဇရာမီးကကော၊ (လောင်တာပါဘဲဘုရား) သေခြင်း ဆိုတဲ့ မရဏမီးကကော၊(လောင်ပါတယ်ဘုရား)စိုးရိမ်ပဲ့ မီးတွေက ကော၊ (လောင်တာပါဘဲဘုရား)ပရိဒေဝဆိုတဲ့ မျက်ရေတွေ ကျရတာကော၊(လောင်တာပါဘဲဘုရား)။

ဘယ်သူ့ကိုမှ မထားဘူး အကုန်လောင်တာဘဲ၊ နိဗ္ဗာန်မှ တပါး ချမ်းသာတာ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ ဘယ်ဘုံမှာမှ မရှိဘူး၊ ရောက်ရက်ခတ်အောင် လောင်နေတာချည်းဘဲ၊ ကိုယ့်မီးက ကိုယ့်လောင်နေတာ လောင်မှန်းမသိဘူး၊ ဟုတ်ကြ ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) မီးကတော့ မပြတ်ဘူး၊ မီး-မီးမှန်း မသိလို့ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဥပမာ-ဘာနဲ့ တူသလဲဆိုတော့ တကာ-တကာမတို့ အကဲ ခပ်လိုက်တာပေါ့၊ မစင်တွင်းထဲက လောက်တွေ ခင်ဗျားတို့ တွေ့ဘူးပါလိမ့်မယ်၊ ဒီလောက်တွေဟာ မစင်ကို မစင်လို့ သိရဲ့

လား၊ (မသိပါဘုရား) မစင်ဟာ မစင်ဘဲ၊ တယ်နံ့တယ် ညစ်ပတ်တယ် ဆိုတာတွေ သူတို့သိရင် ဒီထဲနေပါအုံးမလား၊ (မနေပါဘုရား) မသိတော့ သူတို့က ဒီအထဲ ပျော်နေတယ်။

ငရုတ်သီးများ ထိုးတဲ့ပိုးများ ခင်ဗျားတို့ မြင်ဘူးရဲ့လား၊ (မြင်ဘူးပါတယ်ဘုရား) ငရုတ်သီးစပ်တယ် ပူတယ်လို့ သူတို့ သိသေးရဲ့လား၊ (မသိပါဘုရား) ဒါကြောင့် ပျော်နေတာ၊ (မှန်ပါဘုရား)။

အဲဒီလိုဘဲ ခင်ဗျားတို့ သတ္တဝါတွေမှာလဲ မီးလောင်လို့ လောင်မှန်းမသိ၊ ပူလို့က ပူမှန်းမသိကြဘူး၊ လောင်မှန်းမသိ၊ ပူမှန်း မသိတော့ ဒီမီးကို ခင်ဗျားတို့က အကောင်းထင်နေ တယ် ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ မီးလောင်တာ၊ တချို့က မီးအားနည်း ရင် မကြိုက်ဘူး၊ များမှ သဘောကျတယ်၊ သားသမီးမရှိရင် သူများ သားသမီးများ ယူမွေးရသေးတယ်၊ မီးဇာနည်းလို့ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

လူမှ မရလို့ ကြောင်ကလေး ခွေးကလေး တွေများ ယူမွေးရသေးတယ်၊ မီးအလောင်နည်းလို့ မီးအားနည်းရင် ကြိုက်တာမဟုတ်ဘူး၊ ကြောင်ကလေး ခွေးကလေးတွေကို ကိုင်ကိုင်ပြီး သား-သားနဲ့ လုပ်သေးတယ်၊ (မှန်ပါတယ်)။

ကြောင်ကို ခွေးကို သားသားလုပ်တော့ ကိုယ်ဘာဖြစ်လို့ လဲ ဖြစ်မှန်းမသိဘူး၊ ကြောင်ကို ခွေးကို မွေးထားတဲ့ အမေ ကြီးဆိုတော့ သူက ဘာလိုလို ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) မစဉ်းစားကြဘူး၊ (မှန်ပါတယ်ဘုရား)။

ဒါကြောင့် ကိုယ့်ခန္ဓာကိုယ် လောင်နေတဲ့မီးကို မမြင်တော့ မီးဇာထပ်ရှာကြတယ် ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)။

ဒါကြောင့် ချမ်းသာအစစ်ဟာ နိဗ္ဗာန်မှာ ရှိပါတယ်လို့ နောက်ဆုံး အရှင်တိဿက ဟောလိုက်တော့မှ အားလုံး သဘောပေါက်သွားတယ်၊ အခုကျတော့မှ ဒို့ကိုအရင် ဟောဟောနေတဲ့ တရားကလေး ၂-ပုဒ်က တယ်နက်နဲ ပါကလား လို့ သိသွားကြသတဲ့၊ (မှန်လှပါ)။

ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ဒုက္ခက လွတ်မြောက်ကြပါစေ ဆိုတာ နိဗ္ဗာန် ဆိုက်ရောက်ဘို့ အရဟတ္တဖိုလ် ရဘို့ ဟောတာကိုး၊ ဒီစကားဟာ ဒီတရားဟာ တယ် အရေးကြီးပါလား၊တယ် နက်နဲပါလားလို့ ရှာသူ ရှာသားတွေ အားလုံး သဘောပေါက်သွားကြသတဲ့၊ (မှန်ပါ)။

တရားပွဲပြီးတော့ နံနက်အခါမှာ ဇေတဝန်ကျောင်းတော်မှ ဘုရားရှင်ကလဲ ကြွလာပြီး ရွာသူရွာသားများကို တရား ဟောပါတယ်၊တရားဟောပြီးတော့ ရဟန္တာ ကိုယ်တော်လေး အရှင် တိဿကို ခေါ်သွားပြီး တောင်ကြီး တတောင်ရဲ့ ထိပ်ပေါ် ရောက်တော့ ဘုရားရှင်က ရှင်တိဿကို မေးသတဲ့၊ ချစ်သား - ဒီတောင်ပေါ်က လှမ်းကြည့်လို့ သမုဒ္ဒရာကြီးကို မြင်တဲ့အခါမှာ ချစ်သား ဘယ်လိုများ အောက်မေ့မိပါသလဲ လို့ မေးလိုက်ပါတယ်၊ (မှန်ပါ)။

ဤသို့ မေးလိုက်တဲ့ အခါကျတော့မှ မှန်လှပါ ဘုရား-တပည့်တော်စိတ်ထဲ ထင်မြင်ပုံတွေ လျှောက်ထားပါရစေလို့

ခွင့်ပန်ပြီးတော့ လျှောက်ပါသတဲ့၊ လျှောက်ပုံက အောင်-ငါသည် ဘဝများစွာ သံသရာက ဤကဲ့သို့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ သုံးဆယ့် တဘုံမှာ ကြိမ်ဖန် များစွာ ကျင်လည် ပြေးသွားပြီးသကာလ မွေးလိုက် သေလိုက် မွေးလိုက် သေ လိုက်နဲ့ သံသရာကြီးမှာ လည်ပြီးနေတဲ့ အခါမှာ သားသေလို့ ငိုခဲ့ရတာ၊ သမီးသေလို့ ငိုခဲ့ရတာ၊ လင်သေလို့ ငိုခဲ့ရတာ၊ မယားသေလို့ ပစ္စည်းပျက်လို့ ကိုးဆယ့် ခြောက်ဖြာသော ဝေဒနာ အမျိုးမျိုးတွေရလို့ ဤကဲ့သို့ ဘေးအမျိုးမျိုး ရန် အမျိုးမျိုး အန္တရာယ် အမျိုးမျိုးနဲ့ ကြုံတွေ့တိုင်း မျက်ရေတွေ ကျခဲ့ရတာ ဤသမုဒ္ဒရာထဲ ရှိတဲ့ရေက နည်းပါသေးလား၊ ငါ ကျခဲ့ရတဲ့ မျက်ရေတွေဟာ ဒါထက် များပါကလားလို့ တပည့်တော် စဉ်းစားမိပါတယ် ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက သာဓု-သာဓု-သာဓု-လို့ ခေါ်လိုက်တော်မူ ပါတယ်။

တကာ-တကာမတို့ သမုဒ္ဒရာရေ ပြင်မှာရှိတဲ့ ရေတွေက နည်းသေးတယ်၊ သတ္တဝါတိုင်း ဘဝ အဆက်ဆက် သံသရာ အဆက်ဆက် ကျင်လည်ခဲ့ရတဲ့ ဘဝတွေမှာ လင်အတွက် သားအတွက် နေရေးထိုင်ရေးအတွက်စသည့်အရေးအမျိုးမျိုး တွေ အတွက် ပူဆွေးပြီး ပရိဒေဝမီး တောက်လောင်ကာ ကျခဲ့ ရတဲ့ မျက်ရေတွေဟာ သမုဒ္ဒရာ ရေပြင်မှာရှိတဲ့ ရေတွေထက် များပါသေးတယ်တဲ့၊ (မှန်လှပါ)။

တကာ-တကာမတို့ ယုံကြည်ကြရဲ့လား၊ (ယုံပါတယ် ဘုရား) သေးသေးသိမ်သိမ် မမှတ်နဲ့နော်၊ ရှင်တိဿလျှောက်

ထားလိုက်တော့ မြတ်စွာဘုရားက သာစုခေါ်တယ် ဆိုတာ သေးသေးသိမ်သိမ်နဲ့ မခေါ်ဘူး၊ ဒီနေရာမှာ ငါဘုရားရဲ့ဉာဏ်နှင့် ထပ်တူမြင်ပြီး ဉာဏ်ချင်း ယှဉ်ပါကလားဆိုပြီး ဘုရားက သာစုခေါ်ခြင်းဖြစ်တယ်၊ ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့လဲ ဤကဲ့သို့ ကျရတဲ့ မျက်ရေတွေ သမုဒ္ဒရာရေပြင်ရှိ ရေတွေထက် မကဘူးဆိုတာ မှတ်လိုက်ပါ၊ အခုဘာလဲ ကျခဲ့တာတွေ တော်တော်များပြီ၊နောက်ကျစရာတွေ ကျန်သေးတယ်၊ မသေခင် ကျစရာတွေလာဦးမှာ၊လာမှ လာပါ့မလား၊ (လာမှာပါ ဘုရား) သေချာပါတယ်နော်၊ (မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် ဒါတွင် ပြီးမှာလား ဆိုတော့ ဒီရုပ်နာမ် ဇာတ်မသိမ်းသေးသမျှ လာအုံးမယ်၊ ဘဝအနန္တတွေ၊ (မှန်လှပါ) အဲဒီ အနန္တဘဝတွေမှာလဲ လင်တွေသားတွေ သမီးတွေ အတွက်နဲ့ မျက်ရေတွေ လာမှလာပါ့မလား၊ (လာမှာပါ ဘုရား)။

ဒါကြောင့် တကာ-တကာမတို့ ပရိဒေဝဆိုတဲ့ မျက်ရေ ကျတဲ့ မီးတွေကလဲ သတ္တဝါတဦးတဦးမှာ လောင်လာခဲ့တာ သမုဒ္ဒရာရေတွေက နည်းပါသေးတယ်၊ (မှန်ပါ့ဘုရား)ရှင်းပြီလား၊(ရှင်းပါပြီ ဘုရား)။

ဒီမီးတွင်လား ဆိုတော့ ဒါတွင်မကဘူး၊ ခန္ဓာကိုယ်ကြီးက တော်တော်ကြာ ကိုက်ရပြန်ပြီ၊ တော်တော်ကြာ ခဲရပြန်ပြီ၊တော်တော်ကြာမူးရပြန်ပြီ၊တော်တော်ကြာဆာရပြန်ပြီ

စသည်ဖြင့် အမျိုးမျိုးသော ဘေးရောဂါတွေ မလာဘူးလား၊ (လာပါတယ်ဘုရား)။

လာတိုင်း ကိုယ်ဆင်းရဲမှုတွေ မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား) ကိုယ်ဆင်းရဲမှု မှန်သမျှ ဒုက္ခမီး လောင်တာလို့ မှတ်နော်၊ (မှန်ပါဘုရား)။

အခု တနာရီလောက် တရားထိုင်စမ်းပါ ဆိုရင် ၁၅-မိနစ်လောက် ထိုင်လိုက်ရင် ဒုက္ခဝေဒနာ တက်လာပြီ၊တက်-မတက်၊ (တက်လာပါတယ် ဘုရား)။

ကိုင်း ဒုက္ခဝေဒနာကို ခင်ဗျားတို့က ဘယ်လိုတားတားမရဘူး၊ ဝေဒနာ တက်လာတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခဝေဒနာမီးက လောင်ပြီ၊ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

တထိုင်ထဲမှာဘဲ ခင်ဗျားတို့က ညာဘက်က ဘယ်ဘက်၊ ဘယ်ဘက်က ညာဘက် ပြောင်းတယ်ဆိုတာ တကာ-တကာမတို့နေကောင်းလို့ ပြောင်းတာလား၊နေမကောင်းလို့ ပြောင်းတာလား၊ (နေမကောင်းလို့ပါဘုရား) ခန္ဓာကိုယ် ရုပ်ကြီးက မသက်သာဘူး၊ ဒါကြောင့် ပြောင်း-ပြောင်း ပေးနေရတာ၊ (မှန်လှပါ) ဒါဖြင့်ရင် အဲဒါ ကိုယ်ဆင်းရဲခြင်း (၉) **ဒုက္ခ**မီး လောင်တယ် ဆိုတာလဲ ပေါ်ပါပြီ၊ (မှန်လှပါဘုရား)။

(၁၀) **ဒေါမနဿ**မီး လောင်တယ်ဆိုတာ သားရေး သမီးရေး စီးပွားရေးတွေ အိမ်ထောင်ရေးတွေ အဆင်မပြေတော့ စိတ်ထဲမှာ မကောင်းဘူး၊ စိတ်ဆင်းရဲတယ်၊ စိတ်နောက်တယ်၊

စိတ်ညစ်တယ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) အဲဒါ ဒေါမနဿ၊ စိတ်ဆင်းရဲတဲ့မီး လောင်တာဘဲ၊ (မှန်ပါ)။

(၁၁)**ဥပါယာသ** မီးလောင်တယ် ဆိုတာက လင်သေ မယားသေ သားသေလို့ အစတော့ အသံလေးထွက် ငိုလိုက်သေးတယ်၊ နောက်တော့ အသံပျောက်ပြီး ခိခိနဲ့ တက်သွားတယ်၊ အဲဒါဥပါယာသ မီးလောင် ပါတယ်တဲ့၊ (မှန်လှပါဘုရား)။

ဥပါယာသ မီးဆိုဒါ ပြင်းပြင်းထန်ထန် လောင်တဲ့မီးတဲ့၊ ဘယ်လောက် လောင်လိုက်သလဲဆိုရင် ခန္ဓာကိုယ်ကို မထိန်း နိုင်တဲ့အထိ ရောက်သွားတယ်၊ သတိတွေ ကင်းလွတ်တဲ့အထိ ရောက်သွားတယ်၊ သတိမေ့မြောတဲ့အထိကို ရောက်သွားတယ်၊ တချို့လဲ အဲဒီလို ဖြစ်ပြီး သေသွားတော့တာဘဲ။

တနေ့က တိုးကဘဲ ခရမ်းမြို့မှာ ကြားလိုက်ရသေးတယ်၊ သမီးသေလို့ သူသာန်ကို လိုက်ပို့တယ်၊ သုသာန်ကျတော့ ခေါင်းကို လှုပ်ကြည့် လိုက်တယ်၊ လှုပ်ကြည့် လိုက်ရော၊ ပက်ကနဲဆို လန်သွားပြီး အမေပါ တခါထဲ သေရောတဲ့၊ အဲဒါ ဥပါယာသမီးနဲ့ မရဏမီးလောင်တယ်သို့ မှတ်လိုက်ပါ၊ (မှန်လှပါဘုရား)။

အဲဒီလို လောင်ခဲ့တာတွေလဲ အကြိမ်ကြိမ်ပေါ့၊ (မှန်လှ ပါ)ကဲ-ဒါဖြင့် ၁၁-ပါးသောမီးတို့သည် ခန္ဓာကိုယ်မှာ မွေးတဲ့ အချိန်ကစပြီး သင်္ဂြိုဟ်လ လောင်လာလိုက်ထာ တနာရီမှ မစဲ ဘူး၊ (မှန်လှပါ) ဥပါယာသမီး လောင်ပြီးတဲ့နောက် သေ

သွားတယ်ဆိုတော့ မရဏာမီး လောင်တယ်၊ (မှန်လှပါဘုရား) သေတာက ဘာမီး လောင်ပါလိမ့်၊ (မရဏာမီးပါဘုရား)။

ဒါက သမုတိ သစ္စာနယ်က ပြောလိုက် ပါတယ်တဲ့၊ ခင်ဗျားတို့ ကျုပ်တို့က မေးလာတာက သေကြဘို့ဆိုတော့ တကာ-တကာမတို့ ဒါ ငြင်းစရာ မလိုတော့ဘူး၊ ဒါကတော့ တခါထဲ သေချာပြီးသား ဖြစ်နေတယ်၊ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ-တကာမတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီးကို သေသေချာချာ ဉာဏ်နဲ့ ပြန်ကြည့်လိုက်တော့မှ လက်စသတ်တော့ မီးစာ ရထားပါကလား၊ (မှန်ပါဘုရား) အော်- ထင်းတွေ ဖွဲတွေပါကလား၊ (မှန်လှပါ) ထင်း ဖွဲနဲ့ ဘာထူးသေးသလဲ၊ တကာ-တကာမတို့၊ (မထူးပါဘူးဘုရား)။

၁၁-ပါးသော မီးတို့၏ လောင်စာကြီးဆိုတော့ ဒီရုပ်ရော ဒီနာမ်ဟာဖြင့် ထင်းတွေ ဖွဲတွေနဲ့ အတူတူဘဲလို့ မှတ်လိုက်တော့၊ (မှန်လှပါဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒီလိုလောင်ခဲ့တာဖြင့် ဒီဘဝတွင်လားဆိုတော့ ခင်ဗျားတို့ မရေမတွက်နိုင်သော ဘဝများစွာက ဒီလိုဘဲ လောင်ခဲ့တယ်၊ ရှင်းပြီးလား၊ (ရှင်းပါပြီဘုရား) အခုလဲလောင်ဆဲ၊ (မှန်လှပါဘုရား)။

လောင်မှန်း သိလို့ ဒီမီးကို ငြိမ်းရင် ငြိမ်း၊ မငြိမ်းရင် နောင်ကို လောင်လိမ့်အုံးမယ်၊ (မှန်လှပါဘုရား) ရှေးတုံးကတော့ လောင်မှန်းမသိလို့ မီးမငြိမ်းတာ ထားလိုက်ပါတော့

လောင်မှန်းသိရင် ငြိမ်းတို့ သင့်ပါတယ်၊ သင့်မသင့်၊ (သင့်ပါတယ်ဘုရား)။

ဒီအခွင့်အရေးမျိုးကို အမြဲတမ်း ရလိမ့်မည် မဟုတ်ဘူး၊ သံသရာ အဆက်ဆက် ဘဝ အဆက်ဆက်က ဒီအခွင့်အရေး ခင်ဗျားတို့ မရခဲ့ဘူး၊ ဟုတ်ပါ့ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့်ရင် မီးက ၁၁-ပါး၊ ရုပ်နာမ် ခန္ဓာကြီးက လောင်စာကြီး၊ (မှန်လှပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ် ဉာဏ်မျက်လုံး ဖွင့်ကြည့်လိုက်မှ မီးနဲ့ လောင်စာနဲ့ တွဲလျက် ရထားပါလား၊ (မှန်လှပါ) ဘာနဲ့ဘာ ရထားပါလိမ့်၊ (မီးနဲ့လောင်စာတွဲလျက်၊ ရထားပါတယ် ဘုရား)။

မီးကလဲ တဟုန်းဟုန်း လောင်လို့၊ (မှန်လှပါဘုရား) ခန္ဓာကလဲ ကျွမ်းလို့၊ (မှန်လှပါ) တနေ့ထက် တနေ့ ကျွမ်းနေတယ်၊ တနေ့ထက်တနေ့ ရင့် နေ တာ ကိုး၊ တနေ့ထက် တနေ့ အနာတွေက တိုးလို့လာတာကိုး၊ တနေ့ထက်တနေ့ သေဘို့က နီး-နီးလာတယ်၊ အော်-ဘာကြောင့်လဲမေးတော့မှ မီးလောင်လို့ ဟုတ်ပါ့ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဘာရထားသလဲဆိုတော့ ဉာဏ်မျက်လုံးနဲ့ကြည့်မှ အ ရ တော် လေ စွ လို့ အောက်မေ့တယ်၊ မီးနဲ့လောင်စာ တွဲလျက်ကြီး ရနေပါကောလား၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) တကာ-တကာမတွေ ဘာနဲ့ဘာ ရထားသလဲ၊ (မီးနဲ့ လောင်စာ တွဲလျက် ရထားပါတယ် ဘုရား)။

ဒါဖြင့် အရတော်လေစ့ ဆိုမည်လား၊ အရဆိုးတယ်လို့ ဆိုမည်လား၊ (အရ ဆိုးပါတယ် ဘုရား) ဤကဲ့သို့ မြင်လိုက် သိလိုက်ရခြင်းသည် အမှန်ကို မှန်တဲ့အတိုင်း မြင်သလား၊ အမှားကို မြင်သလား၊ (အမှန်ကိုမြင်တာပါဘုရား)။

မှန်တဲ့ ဓမ္မသဘာဝကို မှန် တဲ့ အ တိုင်း မြင် ပါ တယ်၊ (မှန်ပါ့ ဘုရား) ဒီအမြင်သည် ဘုရားမှ မြင်နိုင်တဲ့ အမြင်၊ ဘုရားရှင်မှ ဟောကြားနိုင်တဲ့ တရား၊ လူတိုင်းသိတဲ့ အသိ မဟုတ်ဘူး၊ လူထူးလူမြတ်တွေမှ သိတဲ့အသိပါ၊ (မှန်လှပါ ဘုရား)။

အခု တကာ-တကာမတွေ ဘုရား-တရား-သံဃာ ရတနာ သုံးပါးအား ဦးထိပ်ထားရသည် ဖြစ် လေ သော ကြောင့် ဤကဲ့သို့ တရားတွေ နာရသည်၊ တရားတွေ အားထုတ်ရသည် ဖြစ်လေသောကြောင့် တကာ - တ ကာ မ တွေ သိရတယ်၊ အော်-အရ တော်လေစွ၊ မတော်ဘူးလား၊ (တော်ပါတယ် ဘုရား)အရ ထူးလေစွ၊ (ထူးပါတယ်ဘုရား)။

အရထူးတယ် အရတော်တယ်လို့ဆိုတာ တကာ-တကာ မတို့ မြဲမြဲမှတ်လိုက်၊ (မှန်လှပါ)။

အရ ထူးတယ် အရ တော်တယ်ဆိုပြီး ဒီတွင် မရပ်လိုက် နဲ့အုံး၊ မရပ်ဘဲနဲ့ တပည့်တော်တို့ ဘာ လုပ် ရ အုံး မှာ လဲ ဆိုတော့ မီးလောင်မှုန်းသိတော့ ဒီမီး ငြိမ်း ရ လိမ့် မယ်၊ (မှန်ပါ ဘုရား) တကာ-တကာမတို့ ဒီမီး မငြိမ်းရင် ဒီမီး သည် သေ-မသေ၊ (မသေပါ ဘုရား) မီးမသေရင် ဆက်

လောင်အုံးမှာဘဲ၊ (မှန်လှပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့်ရင် မီးငြိမ်းဘို့ မီးသိမ်းဘို့ တာဝန်ရှိလာပြီ၊ မီးငြိမ်းဘို့ မီးသိမ်းဘို့ အချိန်ရောက်လာပါပြီ၊ မီးငြိမ်းတယ်ဆိုတော့ အပူငြိမ်းသွားတာပေါ့ဗျာ၊ (မှန် လှ ပါ ဘု ရား) အဲဒီ အပူငြိမ်းတဲ့ နေ ရာ က တော့ ဖြင့် အ ရင် တပတ်က ဘုန်းကြီးရှင်းပြလိုက်တော့ နိဗ္ဗာန်ဘဲရှိတယ်၊ (မှန်လှပါ)။

တကာ-တကာမတို့ ဗုဒ္ဓဘာသာတို့ရဲ့ပန်းတိုင်က ဘာပါလိမ့်၊ (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်သည် ဘယ်လိုသဘောလဲဆိုတော့ ဘုန်းကြီးက ရှင်းပြလိုက်တော့ တကာ-တကာမတို့ အေးငြိမ်းတဲ့သဘော၊ (မှန်လှပါ ဘုရား) နိဗ္ဗာန် ဆို တာ ဘာတဲ့၊ (အေး ငြိမ်း တဲ့ သ ဘော မီးငြိမ်းတဲ့ သဘောပါဘုရား)။

မီးတွေက ခင်ဗျားတို့မှာ ဘယ်နှစ်မီး၊ (၁၁-ပါးသောမီးတွေပါ ဘုရား) အဲဒီ ၁၁-ပါးသော မီးတွေက တစက္ကန့်လောက်လောင်တာလား၊ စက္ကန့်တိုင်းလား၊ (စက္ကန့်တိုင်းပါဘုရား) တမိနစ်လောက် လောင်တာလား၊ မိနစ်တိုင်းလား၊ (မိနစ်တိုင်းပါ ဘုရား) တနာရီ လောင်တာလား နာရီတိုင်းလား၊ (နာရီတိုင်းပါဘုရား)။

တရက်လား ရက်တိုင်းလား၊ (ရက်တိုင်းပါ ဘုရား) တလလား လတိုင်းလား၊ (လတိုင်းပါ ဘုရား) တနှစ်လား နှစ်တိုင်းလား၊ (နှစ်တိုင်းပါ ဘုရား) တဘဝလား ဘဝ

တိုင်းလား၊ (ဘဝတိုင်းပါ ဘုရား) သုံးဆယ့်တဘုံကို မီးပုံကြီးသာ မှတ်လိုက်စမ်းပါ၊ ရုပ်တွေ နာမ်တွေ မှန်သမျှ လောင်စာချည်းဘဲလို့ မှတ်လိုက်ပါ၊ (မှန်လှပါဘုရား)။

ဘယ်ဘုံ ဘယ်ဘဝ ဘယ်အရပ်မှာ သွားနေနေ တကာ-တကာမတို့ လောင်စာနဲ့ မီးနဲ့ နေရတာချည်းဘဲ ဒါကကို မပိုပါဘူး၊ ဉာဏ်မျက်လုံးနဲ့ ဖွင့်ကြည့်ပါ၊ ဉာဏ်နားနဲ့ ထောင်ပါ၊ (မှန်ပါ့ဘုရား)ကဲ-ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ခန္ဓာမှာလဲ လောင်စာနဲ့ မီး၊ ၃၁-ဘုံမှာလဲ လောင်စာနဲ့မီးဆိုတော့ ယောဂီတို့ မီးငြိမ်းတာ နိဗ္ဗာနဲ ရှိတယ်၊ ဒါကြောင့် "သန္တိလက္ခဏံ နိဗ္ဗာနံ"တဲ့၊ ပါဠိလို၊ မြန်မာလို ဆိုတော့ အေးငြိမ်းတဲ့ သဘောဟာ နိဗ္ဗာန် ပါဘဲ၊ (မှန်လှပါ)။

ဘာတွေ အေးငြိမ်းသလဲဆိုတော့ လောင်စာရော မီးပါ အေးငြိမ်းသွားတယ်၊ အဲဒါ နိဗ္ဗာန်ဘဲ၊ ဗုဒ္ဓဘာသာ တကာ တကာမတို့ရဲ့ ပန်းတိုင် ပေါ်လာပြီ၊ ဘယ်လို သဘော ပါလိမ့်၊ (အေးငြိမ်းတဲ့သဘောပါဘုရား)။

အဲဒီ အေးငြိမ်းတဲ့ သဘောဟာဖြင့် နိဗ္ဗာန် ဘဲ ဆိုတာ တကာ-တကာမတို့ ပေါ်သွားပြီနော်၊ (ပေါ်ပါပြီဘုရား) ခင်ဗျားတို့ ဘုရားရှိခိုးတဲ့ ဩကာသထဲမှာလဲ ပါသားဘဲ၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား၊ ဘယ်လို ဆုတောင်းကြသလဲ၊ (နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ ပါဘုရား)။

နိဗ္ဗာန်ဆိုတာ အေးငြိမ်းတဲ့ တရားသဘော ခတ်ဘဲ၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ မြို့ကြီး ရွာကြီး မဟုတ်ပါဘူးဆိုတာလဲ ဘုန်းကြီး ရှင်းခဲ့ပြီ၊ တိုင်းကြီး နိုင်ငံကြီး မဟုတ်ပါဘူး၊ တရားသဘော-သဘောတရားပါ၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီ - ဒါဖြင့် အဲဒီ နိဗ္ဗာန်ဟာ ဘယ်အနားမှာ ရှိတယ်ဆိုတာ ဘုန်းကြီး အရင်တပတ်က ရှင်း ပြ ခဲ့ ပြီ၊ လောင်စာနဲ့မီးက ခန္ဓာကိုယ်ကြီး၊ အဲဒီ ခန္ဓာကိုယ်ကြီးရဲ့ အဆုံးမှာ ကပ်လျက် မီးငြိမ်းတဲ့ နိဗ္ဗာန် ရှိတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) နိဗ္ဗာန်သည် ဝေးသလား၊ နီးသလား၊ (နီးပါတယ် ဘုရား) ခင်ဗျားတို့ ရုပ်နာမ်ရဲ့အဆုံးမှာ ကပ်လျက်ကလေး ရှိတယ်၊ ဒီရုပ် ဒီနာမ် လောင်စာရော မီးပါ ငြိမ်းသွားရင် အဲဒါ နိဗ္ဗာန်ဘဲ၊ (မှန်ပါ)။

အဲဒီ နိဗ္ဗာန်ကို ဘယ်လမ်းက သွားရမယ် ဆိုတာလဲ အရင်တပတ်က ဘုန်းကြီးက ရှင်းပြခဲ့ပြီ၊ သီလ-သမာဓိ-ပညာလမ်းက သွားရမယ်၊ (မှန်ပါ ဘုရား) ဘယ်လမ်းက သွားရမယ်၊ (သီလ - သမာဓိ-ပညာလမ်းက သွားရပါမယ် ဘုရား)။

ကောင်းပြီ-သွားရမဲ့လမ်းလဲ ခင်ဗျားတို့ သိထားပြီ၊ ကဲ-သွားတဲ့အခါ ဘယ်ယာဉ် ဘယ်ရထား စီးသွားရမှာလဲ မေးတော့မှ လက္ခဏာယာဉ်ရထား စီးသွား၊ (မှန်လှပါ ဘုရား) ဘာရထား စီးရမယ်၊ (လက္ခဏာ ယာဉ်ရထား စီးရပါမယ်ဘုရား)။

လက္ခဏာယာဉ်ရထား စီးသွားပါ ဆိုတော့ တကာ-ဘကာမကြီးက မှတ်လိုက်တာပေါ့၊ လက္ခဏာယာဉ်ရထားကတော ဘယ်မှာလဲ၊ ခင်ဗျားတို့ ခန္ဓာကိုယ်မှာဘဲ၊ (မှန်လှပါ) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် လက္ခဏာယာဉ်ရထား စီးသွားပါ ဆိုတာ လက္ခဏာသုံးပါးကို ရထားပုံသဏ္ဌာန်ထားပြီးတော့ ဟော လိုက်တာ၊ (မှန်ပါ့ ဘုရား) ဥပမာ-ဒီကနေပြီး ရန်ကုန်ကို သွားချင် ပါတယ်၊ သို့မဟုတ် ရန်ကုန်မှ ဒီ ရိပ်သာကို လာချင်ပါတယ်ဆိုရင် ခင်ဗျားတို့ သုံးဘီးကား၊ သို့မဟုတ် လေးဘီးကား၊ သို့မဟုတ် ဟီးနိုးကားတွေ စီးပြီးလာမှ ရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

အဲဒီ သဘောကဲ့သို့ ဒီမှာလဲ နိဗ္ဗာန် တည်းဟူသော အေးငြိမ်းတဲ့ တရားသဘောကို ရောက်ဘို့ ရဘို့ရန် အနိစ္စ လက္ခဏာ-ဒုက္ခ လက္ခဏာ-အနတ္တ လက္ခဏာ- တည်းဟူသော လက္ခဏာသုံးပါး ယာဉ်ရထားစီး၍ သွားပါ၊ (မှန်ပါ့ဘုရား) ဟုတ်ပြီလား၊ (ဟုတ်ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် လက္ခဏာသုံးပါး ဆိုတာကလဲ ဘာလဲလို့ မေးတော့မှ ယောဂီတို့ အနိစ္စ လက္ခဏာ-ဒုက္ခ လက္ခဏာ အနတ္တ လက္ခဏာ-အနိစ္စ ဆိုတာ ရုပ်နာမ်၊ လက္ခဏာက ဖြစ်ပျက်၊ ဒုက္ခ-ဆိုတာ ရုပ်နာမ်၊ လက္ခဏာက ဖြစ်ပျက်၊ အနတ္တဆိုတာ ရုပ်နာမ်၊ လက္ခဏာက ဖြစ်ပျက်ဘဲ။

ဒါဖြင့် လက္ခဏာသုံးပါးလို့သာဆိုရတယ် အကျဉ်းချုံး လိုက်တော့ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နဲ့နာမ် ဖြစ်တာ ပျက်တာ

ရှုပြီးတော့ ကြည့်ပြီးတော့ မှတ်ပြီး ပွားပြီး သွားပါ၊ (မှန်ပါ့ ဘုရား) ဒါကိုပြောတာ၊ (မှန်ပါ့ ဘုရား) ရှင်းသွားပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်ရင် ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှု ပျက်မှု လက္ခဏာနှစ်ခုကို ရှုနေခြင်းသည် ပွားနေခြင်းသည် နိဗ္ဗာန် သွား ရထား စီးနေတာလို့ မှတ်လိုက်၊ (မှန်လှပါဘုရား) နိဗ္ဗာန် သွားနေတယ်လို့ မှတ်လိုက်၊ (မှန်လှပါ ဘုရား) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာ ရထား စီးရမယ် ဆိုတော့ အနိစ္စလက္ခဏာ ဖြစ်ပျက်ထာ ဘယ်သူလဲဆိုလျှင် ရုပ်နဲ့နာမ်ကိုးဗျ၊ ကဲ-ဒါဖြင့် ရုပ်နဲ့နာမ်ကလဲ ဘယ်မှာရှိသလဲ မေးတော့မှ တကာ-ဘကာမတို့ ခန္ဓာကိုယ်မှာ ရှိတယ်၊ (မှန်လှပါ) တကာ-တကာမတို့ ခန္ဓာကိုယ်ထဲမှာ ဘာရှိ၊ (ရုပ်နဲ့နာမ်ရှိပါတယ် ဘုရား) ရုပ်နဲ့နာမ် ဘယ်လို နေသလဲ၊ (ဖြစ်ပျက်နေပါတယ်ဘုရား)။

ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကို သွားချင်ပါတယ်ဆိုရင် တကာ-တကာမတို့ လက္ခဏာသုံးပါး ယာဉ် ရထား စီးသွားပါ၊ (မှန်လှပါ ဘုရား) သေသေချာချာ မှတ်ပါနော်၊ (မှန်လှပါ ဘုရား) လက္ခဏာသုံးပါး ယာဉ် ရထားကလဲ ဘယ်မှာရှိပါသလဲ ကြည့်ပြန်တော့ ခန္ဓာမှာ ရှိတယ်၊ ခန္ဓာမှာကြည့်လိုက်တော့ ရုပ်နဲ့နာမ်၊ ရုပ်နာမ်ကလဲ ဖြစ်ပျက်နေတယ်၊ (မှန်လှပါဘုရား)။

ရုပ်နဲ့နာမ် ခန္ဓာမှာ ရှိတယ်ဆိုတာ သိရအောင် ပြပါ ဆိုရင် ခုနက ခန္ဓာတွင်း ဉာဏ်သွင်းပြီးတော့ ရှုစမ်းပါ ဆိုတော့ ပူတဲ့ခဏကလေးများ တွေ့သလား၊ (တွေ့ပါတယ် ဘုရား) လှုပ်တာကလေးများ တွေ့သလား၊ (တွေ့ပါတယ် ဘုရား) ကဲ-ဒါကလေးဘဲ အကဲခပ်ကြစို့၊ (မှန်လှပါ)။

ခင်ဗျားတို့မှာ သံသရာ အဆက်ဆက် ဘဝ အဆက် ဆက်က မှားလာတဲ့အမှားကလဲ နည်းနည်းအမှား မဟုတ်၊ အမှတ်မှား အသိမှား အယူမှားတွေ မှား လာ ခဲ့ တယ်၊ ကဲ-ဒါဖြင့် ပူတာကလေးတခုထဲ အပေါ်မှာ ခင် ဗျား တို့ မှားလာခဲ့တာ ဘယ်လို မှားလာခဲ့သလဲ ဆိုတော့ တကာ-တကာမတို့ ပူတာဟာ ငါဘဲ၊ ပူတာဟာ ခါးက ပူတာ၊ ပူတာဟာ အသဲတွေ နှလုံးတွေက ပူတယ်၊ ပူတာက လက်ဖဝါး ခြေဖဝါးတွေက ပူတယ်၊ ပူတာက ယောကျ်ား မိန်းမပါဘဲ၊ ပူတာဟာ ပုဂ္ဂိုလ် သတ္တဝါပါဘဲ စသည်ဖြင့် အဲဒီအတိုင်း ခင်ဗျားတို့ မှတ်မထားဘူးလား၊ (မှတ်ထား ပါတယ်ဘုရား)။

ကဲ-မှတ်ထားတော့ ပူတာဟာ ရုပ်ခဏ ရုပ်ပရမတ် ရုပ်တရားသဘောဘဲလို့ သိသေးသလား၊ (မ သိ တော့ ပါ ဘုရား) ပူတဲ့တရား ပျောက်ပြီးတော့ ပူတာ ခါး၊ ပူတာ ပေါင်၊ ပူတာက လက်ဖဝါး ခြေဖဝါး ဖြစ်နေတော့တယ်၊ ဟုတ်ပြီလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီလို အမှတ် မှားလာခဲ့ပါတယ်၊ အသိ မှားလာခဲ့ပါ တယ်၊ အယူအဆ မှားလာခဲ့ပါတယ်၊ ဒါဖြင့် တကာ-

တကာမတို့ ရှေးကပြောခဲ့တဲ့ လောင်စာနဲ့ မီး တွဲလျက် ကြီးကို ရနေခြင်း၏ အကြောင်းရှာလိုက်တော့ အမှတ်မှား နေကြလို့ အသိမှားနေကြလို့ အယူမှားနေကြလို့၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် ဒီအမှားတွေ ရှိနေသမျှ အမှန်ကို ရောက်ပါ့ မလား၊ (မရောက်ပါဘုရား) ဒါဖြင့်ရင် မီးငြိမ်း၍ ဒုက္ခသိမ်း ချင်ပါတယ်ဆိုရင် ဒီအမှားတွေကို ဖျက်ပစ်ရလိမ့်မယ်၊ ရှင်း ပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် တကာ-တကာမတို့ ဖျက်ကြစို့၊ ပုတီးကလေး ကို တကာ - တကာမတို့က မှတ်လိုက်ပါတော့၊ ပုတီးဟာ တရားသဘောဘဲ၊ ဘယ်လို မှတ်ကြမလဲ၊ (တရားသဘော ပါဘုရား)ရုပ်ဓာတ်လား-နာမ်ဓာတ်လား မေးရင်၊ (ရုပ်ဓာတ် ပါဘုရား) ဒါဖြင့် ပုတီးသည် ရုပ်ဓာတ်လို့ မှတ်လိုက်ခြင်း သည် အမှတ်မှန်သလား - မှားသလား၊ (မှန်ပါတယ် ဘုရား) တရားပေါ်လာပြီ၊ သဘောကလေး ပေါ်လာပြီ၊ (မှန်ပါ ဘုရား)။

အမှတ် မှန်တော့ အသိကော၊ (မှန်ပါတယ်ဘုရား) အယူ ကော၊ (မှန်ပါတယ် ဘုရား) ဟော-မှန်သွားပြီ၊ အမှတ်မှန်- အသိမှန်-အယူမှန်သွားပြီ၊ ဒါကြောင့် သေသေချာချာ မှတ် လိုက်ပါ၊ ပုတီးသည် ပုတ့် ရုပ်ဓာတ်ကလေးဘဲ၊ ငါမဟုတ်-သူ မဟုတ်-ကုလားမဟုတ်-တရုပ်မဟုတ်-မြန်မာ အင်္ဂလိပ် မဟုတ်- ခွေး-နွား-အိမ်-ကျောင်း-ဇရပ်လဲ၊(မဟုတ်ပါ ဘုရား) နေ-မီး-

တော-တောင်-ရေ-မြေ၊ (မဟုတ်ပါဘုရား) ခါး-တင်ပါး၊ (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ပူတာလေးဟာ ဓာတ်ပေါ့၊ (မှန်လှပါ) ရုပ်ဘဲပေါ့၊ (မှန်လှပါ) တရားသဘောပေါ့၊ (မှန်လှပါ) သဘောတရားပေါ့၊ (မှန်လှပါဘုရား)ကဲ-ဒါဖြင့် ခင်ဗျားတို့ ဒိဋ္ဌိကွာသွားပြီ၊ (မှန်လှပါတယ် ဘုရား) အမှတ်မှားပျောက်တော့-အသိမှားပျောက်တော့ အတ္တဒိဋ္ဌိဆိုတဲ့ အယူမှားပါပျောက်သွားတယ်၊ (မှန်လှပါဘုရား)။

ကဲ-ပူတာ ကလေးဟာဖြင့် ရုပ်ဓာတ် တရားသဘော သဘောတရားဘဲလို့ သိလိုက်ခြင်းသည် အမှန်သိပြီ၊(မှန်လှပါဘုရား) ရှင်းသွားပြီနော်၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ပူတာက ဘယ်ကနေ ပူတာလဲဆိုတော့ ကိုယ်ကနေ ပူတာ၊ ဘယ်ကနေပူ၊ (ကိုယ်ကနေ ပူပါတယ်ဘုရား) ကိုယ်ကနေ ပူတာကို ခင်ဗျားတို့က ဘယ်ကနေသိပါလိမ့်၊ (ရင်ကနေ သိပါတယ်ဘုရား) ဘာနဲ့သိပါလိမ့်၊ (စိတ်နဲ့ပါဘုရား) စိတ်က သိတာလား၊ ယောဂီက သိတာလား၊ (စိတ်က သိတာပါဘုရား)ယောကျ်ား မိန်းမက သိတာလား၊ စိတ်က သိတာလား၊ (စိတ်က သိတာပါဘုရား)။

ကဲ-ဒါဖြင့် ဒီစိတ်ကလေးကိုလဲ ခင်ဗျားတို့က စိတ်မှန်းနာမ်မှန်း ဓာတ်မှန်း မသိဘဲ ငါသိတယ်၊ သူကသိတယ်၊ခလေးက ငယ်ပေမဲ့ အသိသားဘဲဆိုပြီး ဒီစိတ်ကလေးကို ငါ-သူ-ခလေး-အောက်မေ့ မှတ်ထင်နေကြတယ်၊ မှန်ရဲ့လား၊ (မှန်လှပါဘုရား) ယောကျ်ားမိန်းမလို့ စွဲလိုစွဲ၊ (မှန်လှပါ ဘုရား)

သိတာက ကုလား တရုပ် - မြန်မာလို့ ယူလို့ယူ၊ (မှန်လှပါဘုရား)။

သိစိတ်ဟာ တရားသဘော နာမ်ပရမတ်ကလေး ပါလား လို့ ဒီလို သံသရာ အဆက်ဆက် ဘဝ အဆက်ဆက်က မမှတ်ခဲ့ မသိခဲ့ မယူဆခဲ့ဘူး၊(မှန်လှပါဘုရား) ငါ-သူ-လူ-နတ်-ဗြဟ္မာ-ကုလား- မြန်မာ- အင်္ဂလိပ်- တရုပ်- စသည်ဖြင့် ခင်ဗျားတို့က ဒီလို ထင်လာတယ်၊ (မှန်ပါ့ ဘုရား)။

ဤကဲ့သို့ထင် ဤကဲ့သို့မှတ် ဤကဲ့သို့ ယူလာခြင်းသည် လွဲတယ်နော်၊ (မှန်ပါ ဘုရား) ဒါဖြင့် ဒီအမှားတွေ ဖျက်ကြစို့။ သိတဲ့ ဓာတ်ကလေးသည် ငါ-သူတပါး ယောကျ်ား မိန်းမ-မဟုတ်၊ မြန်မာ - အင်္ဂလိပ် - တရုပ် - ကုလား မဟုတ်၊ (မှန်လှပါ) ဘာလေးပါလိမ့်၊ (နာမ်ဓာတ် ကလေးပါ ဘုရား)နာမ်ဓာတ် သိတဲ့ဓာတ် ညွှတ်တဲ့ ဓာတ်သဘောတရား ကလေးဘဲ၊ (မှန်လှပါဘုရား)။

ဒီသိတဲ့နာမ်ဓာတ်ကလေး ယောဂီတို့ခန္ဓာမှာ ရှိ-မရှိ၊(ရှိပါတယ်ဘုရား) သူကလုံးလုံး ပြားပြားလား၊ (မဟုတ်ပါဘူး ဘုရား) ရှည်ရှည် တိုတိုလား၊ (မဟုတ်ပါဘူးဘုရား) ဝဝ-ပိန်ပိန်လား၊(မဟုတ်ပါဘူးဘုရား) နို့- မရှိကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ကိုင်ဆွဲ ပြစရာလဲ မရှိဘူး၊ (မှန်လှပါ) မျက်စိနဲ့ဖွင့် ကြည့်လို့ မြင်-မမြင်၊ (မမြင်ပါဘုရား) ဉာဏ်နဲ့ ကြည့်လိုက်စမ်းပါ၊ (မြင်ပါတယ်ဘုရား) ဟော-ဉာဏ်မြင် တရား၊ (မှန်လှပါ) ရှင်းပြီလား၊(ရှင်းပါပြီဘုရား)။

ပူတဲ့ဓာတ်ကကော ခန္ဓာကိုယ်မှာ မျက်လုံး ဖွင့်ကြည့်လို့ မြင်ရဲ့လား၊ (မမြင်ပါဘုရား)မျက်လုံးမှိတ်ပြီး စိတ် ရင်မှာ ထား ခန္ဓာကိုယ်ကို ပြန်ကြည့်လိုက်တော့ မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) တရားသဘော သဘောတရား ဉာဏ် မျက်စိနဲ့ မြင်ရတယ်၊ အသားစိုင် မျက်စိဖွင့်ကြည့်လို့ မမြင် ပါဘူး။

ဒါ့ကြောင့် ရုပ်နာမ်တရားသည် မျက်မြင် မဟုတ်ဘူး၊ ဉာဏ်မြင်တွေနော်၊ (မှန်လှပါဘုရား)ခင်ဗျားတို့က မျက်မြင် ယောကျ်ား မိန်းမ ခေါင်း ကိုယ် ခြေလက် ဒူး တတောင် ပေါင် ဆိုပြီးတော့ မျက်စိနဲ့ မြင်တဲ့အတိုင်းဘဲ မှတ်သိပြောဆို အကုန်လုံး စွဲနေတော့တယ်၊ အဲဒါတွေ အကုန်ပယ်ပစ်ရမယ်၊ ဉာဏ်မြင်ကို အတည်ပြုရမယ်၊ (မှန်လှပါဘုရား)။

ကဲဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကို မှန်ထဲကြည့်ကြည့်၊ သို့မဟုတ် ကိုယ့်လက်ကလေး၊ ကိုယ့်ခြေဖဝါး ကလေးတွေ ထောင်ဘဲကြည့်ကြည့် ခေါင်းကြီး ကိုယ်ကြီးဘဲ ခြေကြီးဘဲ လက်ကြီးဘဲ ဟောဒီလို မြင်လိုက်တယ်၊ ဒီလိုထင်လိုက်တယ်၊ ဒီလိုစွဲနေတယ်၊ အဲဒါမျက်မြင်တွေ၊ (မှန်လှပါဘုရား) စိတ် ထင်တွေ အမှတ်တွေ အားလုံးမှားနေတယ်၊ ဒါတွေဖျက် လိုက်၊(မှန်လှပါ)။

ဒါဖြင့် ဘာအတည်ပြုရမလဲ ဉာဏ်မြင်အတည်ပြု တရား မြင်ချင်ရင် မျက်လုံးကလေးတွေမှိတ်၊ ဉာဏ်နဲ့ ခန္ဓာကိုယ် ကြည့်၊ ရှိန်-ရှိန်-ရှိန်-ရှိန်နဲ့ အပူဓာတ်တွေ တွေ့ပြီ၊ ကဲ-ဉာဏ်မြင် လားမျက်မြင်လား၊(ဉာဏ်မြင်ပါဘုရား)စိတ်က မြင်တာလား

လား မျက်လုံးကမြင်တာလား၊ (စိတ်ကမြင်တာပါဘုရား) အဲဒါ ဉာဏ်မြင်၊ (မှန်ပါဘုရား)။

ဒါကြောင့် ရုပ်နာမ် ၂-ပါးကို ဘယ်သူနဲ့မှ မြင်ရပါလိမ့်၊ (ဉာဏ်နဲ့မှ မြင်ရပါတယ်ဘုရား)ဉာဏ်နဲ့ နာမ်နဲ့ စိတ်ကို စိတ်နဲ့ ရုပ်ကိုစိတ်နဲ့ ရင်တွင် ဉာဏ်ဝင်တော့မှ မြင်ပါတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့်ရင် ယောဂီတို့ မျက်မြင် အတည် မပြုနဲ့နော်၊ (မှန်လှပါ)ဘာကို အတည်ပြုရမယ်၊ (ဉာဏ်မြင်ကိုပါဘုရား) ကဲ- ခင်ဗျားတို့ ခန္ဓာထဲ ဉာဏ်နဲ့စိုက်ကြည့် စမ်းပါအုံး၊ ယောကျ်ား မိန်းမ ရှာလို့ တွေ့သေးသလား၊ (မတွေ့ပါဘူးဘုရား)။

ရှိန်ရှိန်- ရှိန်ရှိန် ဆိုတဲ့ အပူထဲမှာ ယောကျ်ားတွေပါသလား၊ (မပါပါဘုရား) မိန်းမတွေ၊ (မပါ ပါဘုရား)။ ခေါင်း-ကိုယ်-ခြေလက်-ဒူး- တတောင်- ပေါင်တွေ၊ (မပါပါဘုရား) ပူရှိန်-ပူခိုး-ပူတဲ့ ဓာတ်ဘဲ သွားတွေ့တယ်၊ (မှန်ပါဘုရား) ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဓာတ်ကို အတည်ပြုပါ၊ ပူ-ပူမှန်း သိတာကလေးကလဲ နာမ်ဓာတ်၊ ဓာတ်ကဘဲ သိတာဘဲ၊ ဘယ်သူ ဘယ်ဝါက သိတယ်လို့ သွားမယူနဲ့၊ (မှန်လှပါဘုရား)။

ကိုင်း-ခန္ဓာတွင်း ဉာဏ်သွင်း ကြည့်လိုက်တော့ ရန်ကုန်မြို့ကြီး တွေ့သေးသလား၊ (မတွေ့ပါဘုရား) အိမ်တွေ ကျောင်းတွေ၊ဇရပ်တွေကော၊ (မတွေ့ပါဘုရား)အဲဒါတွေက မျက်မြင်

တွေ့နော်၊ (မှန်လှပါ) မော်တော်ကားတွေ ရထားတွေမြင် သေးသလား၊(မမြင်ပါဘုရား)။

ညာဏ်နဲ့ ခန္ဓာထဲ စိုက်ကြည့်လိုက်၊ ပူတာနဲ့ သိတာဘဲ တွေ့မယ်၊ အမှန်ရှိတော့ မှန်တဲ့အကြောင်း တွေ့ပြီ၊ ဒါဖြင့် တလောက လုံး ပူတာတွေ မှန်သမျှ ကားကပူတယ်၊ ရန်ကုန်ကပူတယ်၊ မြေကြီးကပူတယ်၊လေကပူတယ်၊ နေကပူတယ် လုပ်မနေပါနဲ့၊ ပူတာဟာ ပူတဲ့ဓာတ်ကပူတာ၊ (မှန်လှပါဘုရား၊) အမှတ်မှား တွေ အကုန် ပြောင်းပင်ရမှာနော်၊ ခုဘို အကုန်လုံးဖယ်ပစ်၊ တလောကလုံး ပူရင် ဓာတ်ဘဲ၊ ရုပ်ဓာတ်ဘဲ၊ (မှန်လှပါ ဘုရား)

အဲဒီလို မြင်ရ ယူဆရမှာနော်၊ (မှန်လှပါဘုရား)တလော ကလုံး ပူရင် ဘာလို့မှတ်မယ်၊ (ဓာတ်လို့ မှတ်ပါမယ် ဘုရား) ပူ-ပူမှန်းသိတာ တလောကလုံး ဘာလို့မှတ်မယ်၊(စိတ်ဓာတ်လို့ မှတ်ပါမယ်ဘုရား)ဒါဖြင့်ယောကျ်ား မိန်းမ ပါသေးသလား၊ (မပါပါ ဘုရား) သိသူ-မှတ်သူ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ပါသေးသလား၊ (မပါ ပါဘုရား) လူ-နတ်-ဗြဟ္မာ (မပါပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာမှာလဲ ဓာတ်ဘဲရှိတယ်၊(မှန်လှပါ ဘုရား) တလောကလုံးလဲ ဓာတ်ဘဲရှိတယ်၊ (မှန်လှပါဘုရား) ဒီဓာတ်တွေ ဘယ်လို နေပါလိမ့်မလဲ ဆိုတော့၊ (ဖြစ်ပျက်နေ ပါတယ်ဘုရား)ပူတာလို့ မှတ်လိုက် သိလိုက်၊ပူတာလဲပျောက်၊ မှတ်တာလဲပျက်၊ နောက်ပူတာ အသစ်ဆက်၊ နောက်မှတ်တဲ့ စိတ်ကလဲ အသစ်ဘဲ၊ ခင်ဗျားတို့ ခန္ဓာထဲမှာ ဒီမှတ်တဲ့ စိတ်

ကလေးက အမြဲရှိနေတာ မဟုတ်ဘူးနော်၊ အပုံလိုက်ကြီး အစု လိုက်ကြီး ဝမ်းပိုက်ထဲ ရှိနေတာ မဟုတ်ဘူးနော်၊ (မှန်လှပါ ဘုရား)။

လျှပ်စီး လက်တာကော မြင်ဘူးသလား၊ (မြင်ဘူးပါ တယ်ဘုရား)လျှပ်စီး လက်တာသည် အမြဲဘဲလား၊ လင်း လိုက်-မှောင်လိုက်လား၊ (လင်းလိုက်-မှောင်လိုက်ပါ ဘုရား) ပိုးစုန်းကြူ ကလေးတွေ မြင်ဘူးသလား၊ (မြင်ဘူးပါတယ် ဘုရား) အမြဲတမ်း လင်းနေသလား၊ လင်းလိုက်--မှိန်လိုက်-လား၊ (လင်းလိုက်-မှိန်လိုက်ပါဘုရား) ခင်ဗျားတို့ နာမ်စိတ် ကလေးကလဲ ဒီအတိုင်း ဖြစ်တယ်ပျက်တယ်၊ (မှန်လှပါ) သိ လိုက် - ပျောက်သွားလိုက်၊ နောက် အသိ ပေါ်လာလိုက် ပျောက်သွားလိုက်၊ (မှန်ပါ့ဘုရား)။

အခုဘဲ ခင်ဗျားတို့ ပါးစပ်နဲ့ ဆိုကြည့်ပါလား၊ တစ် တစ်ဆိုတော့ အသံ ၂-ခု မပေါ်လာ ဘူးလား၊ (ပေါ်လာပါ တယ်ဘုရား) တစ်ဆိုတဲ့ အသံသည် ရှေ့အသံ နောက်အသံ ၂-ခု အသံအနေအထားတော့ မတူဘူးလား၊ (တူပါတယ် ဘုရား) နှစ်သံလား- တသံတည်းလား၊ (နှစ်သံပါ ဘုရား) တခုထဲလား၊ (တခြားဆီပါဘုရား)ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒီလို သိရမယ်နော်၊ အဲဒါမှ အနိစ္စ လက္ခဏာထင်ပြီး ရထားစီးနေတာဘဲ၊ (မှန်လှပါဘုရား) သဘောပေါက်ပြီ လား၊ (ပေါက်ပါပြီဘုရား)။

ဒါဖြင့် ပူ-သိ-ပျက်၊ အေး-သိပျက်၊ လှုပ်-သိ၊ (ပျက်ပါတယ်ဘုရား) ဆင်းရဲသိ၊ (ပျက်ပါတယ်ဘုရား) မြင်သိ၊ (ပျက်ပါတယ်ဘုရား) ကြားသိ၊ (ပျက်ပါတယ်ဘုရား) နံ့သိ၊ (ပျက်ပါတယ်ဘုရား) စား သိ၊ (ပျက်ပါတယ်ဘုရား) တွေး သိ၊ (ပျက်ပါတယ်ဘုရား) စဉ်းစားသိ၊ (ပျက်ပါတယ်ဘုရား) လိုချင်သိ၊ (ပျက်ပါတယ်ဘုရား) မုန်းသိ၊ (ပျက်ပါတယ်ဘုရား) ချစ်သိ၊ (ပျက်ပါတယ်ဘုရား)။

ဟော- ရုပ်နာမ်(မှန်သမျှ ခိုင်မာတာ တခုမှမရှိ ဖြစ်ပျက်ဘဲရှိတယ်၊ အဲဒီလို မြင်လိုက်တော့မှ ယောဂီတို့ ခင်ဗျားတို့ လက္ခဏာယာဉ် ရထားစီးနေပြီ၊ (မှန်လှပါဘုရား) ဒီရထားစီးသွားရင် နိဗ္ဗာန်ကို ရောက်မယ်ဆိုတာ သေသေချာချာ မှတ်ပေတော့၊ လောင်စာနဲ့မီး တွဲလျက်ကြီး မီးငြိမ်း၍ ကေန္တဒုက္ခတွေ သိမ်းတော့မယ်ဆိုတာ ယုံပေတော့၊ (မှန်လှပါဘုရား)။

ဒီတော့ တကာ-တကာမတွေ အားကိုးရာ ခင်ဗျားတို့တွေ့ပြီ၊ လက္ခဏာယာဉ် ရထားမှတပါး အားကိုးစရာ မရှိတော့ဘူး၊ (မရှိတော့ပါဘုရား) နိဗ္ဗာန်သွားရင် လက္ခဏာယာဉ်ရထား စီးသွားဘို့ဘဲ ရှိပါတော့တယ်။

ဒါကြောင့် ဒီနေ့ ၃၁-ဘုံ၌ မိမိခန္ဓာကြီးနဲ့တကွ ခန္ဓာမှန်သမျှသည် လောင်စာနဲ့မီး တွဲလျက်ကြီး လောင်နေပုံကိုလဲ သဘောပေါက်သွားပါပြီနော်၊ (မှန်လှပါဘုရား)။

နိဗ္ဗာန်ဆိုတဲ့ တရားလဲ ဘယ်မှာရှိတယ်၊ နိဗ္ဗာန်ရဲ့သဘော နိဗ္ဗာန်သွားရာလမ်း နိဗ္ဗာန်ကို ဘယ်ရထားစီးသွားမယ်ဆိုတာ

ထပ်ရှင်း လိုက်တဲ့ အတွက် လင်းသထက် လင်းသွားပါပြီ၊ (မှန်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့မှာ အားကိုးရာ စစ် စစ် သည် လက္ခဏာယာဉ် ရထားဆိုတာဘဲ ရှိတယ်၊ တရားဘဲရှိတယ် နော်၊ ဒါဖြင့် နိဗ္ဗာန်က တရားလား မြို့ကြီးလား၊ (တရားပါ ဘုရား) ဒါဖြင့် လက္ခဏာသုံးပါး တရားကို ရှုသွားမှာဘဲ၊ မီးငြိမ်းတဲ့ တရားသဘော နိဗ္ဗာန်ကိုရောက်မယ်၊ (မှန်လှပါ ဘုရား) တရားလမ်းကို တရားနဲ့ဘဲသွားပါ၊ (မှန်ပါဘုရား)။

ဒါမှ နိဗ္ဗာန်ရောက်မယ်၊ (မှန်လှပါဘုရား) အားလုံး ရှင်းပြီလား၊ (ရှင်းပါပြီဘုရား) အားလုံး သဘောပေါက်ပြီ လား၊ (ပေါက်ပါပြီဘုရား) ကိုင်း အားကိုးစရာ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား) ကဲ-ဒါဖြင့် ခင်ဗျားတို့ ဒါကို မမေ့နဲ့နော်၊ (မှန်ပါလှပါဘုရား)။

ဒါဖြင့် ချမ်းသာအစစ် မီးငြိမ်းတဲ့နိဗ္ဗာန်သို့ သွားရာလမ်း လဲ မြင်ပြီ၊ စီးသွားရမဲ့ယာဉ်လဲ သိပါပြီဆိုတော့ ဘုရားတာ ဝန် တရားတာဝန် သံဃာ့တာဝန်ကုန်ပြီ၊ (မှန်ပါလှဘုရား)။ ရောက်ချင်တဲ့ ပုဂ္ဂိုလ်က မြန်မြန်ကြီးစီးပြီး မြန်မြန်ကြီးမောင်း မြန်မြန်ကြီးသွားပေတော့၊ (မှန်လှပါဘုရား)။

ကဲ-လက်စုံမိုး ရှိခိုးကြပေတော့၊ အားလုံးသော တပည့် တကာ- တကာမတွေ ဒီနေ့ မိမိ ခန္ဓာကိုယ်ကြီး ရထားတာ လောင်စာနဲ့မီး တွဲလျက်ကြီးရထားပုံကိုရင်း၊ လောင်စာသိမ်း ၍ မီးငြိမ်းသွားတာကို နိဗ္ဗာန်ခေါ်ပုံကိုရင်း၊ ထိုနိဗ္ဗာန်ဆိုတဲ့

တရားကြီးသည် မိမိခန္ဓာရဲ့ အဆုံး ရုပ်နာမ်ရဲ့ အဆုံးမှာ ရှိနေပုံကိုရှင်း၊ ထိုမြင့်မြတ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးရအောင် သီလ သမာဓိ ပညာလမ်းကသွားရပုံကိုရှင်း၊ သီလ သမာဓိ ပညာလမ်းက လက္ခဏာယာဉ် ရထားစီးပြီးတော့ သွားရပုံတို့ကိုရှင်း ကရုဏာ မေတ္တာထား၍ ဆုံးမ ပေးခဲ့ကြား လိုက်ပါသည်။

ဤကဲ့သို့ ဆုံးမ ဟောကြားလိုက်သော အရင်းကျကျ အတွင်းကျကျ တရားမှန် တရားစစ်တွေကို ကြားနာလိုက်ရတာ အားလုံးသော တပည့် တကာ-တကာမတွေမှာ တရားနာရတဲ့ အကျိုး များ-များပါရဲ့လား၊ (များပါတယ်ဘုရား) အသိဉာဏ်တွေ တိုးပါရဲ့လား၊ (တိုးပါတယ်ဘုရား)အရများ တော်ပါရဲ့လား၊ (တော်ပါတယ်ဘုရား)။

အသိ အလိမ္မာတွေ တိုး၍ အကျိုးတွေများ- များခဲ့ပါလျှင် တရားတော်ကို ချီးကျူးသောအလား ဝမ်းမြောက်သော အနေအားဖြင့် သုံးကြိမ် သာဓု-သာဓု-သာဓုလို့ ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

**မှတ်ချက်။**　။ဝိပဿနာ"အောင်"ဓမ္မဒေသနာ ပထမတွဲတွင် ရေးထားသော နိဗ္ဗာန်အကြောင်း တရားတော်နှင့် တွဲ၍ ဖတ်ပါက ပိုမိုသင့်တော်ပါသည်။

# သစ္စာလေးပါး တရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၉၇၁-ခု၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့၊ သမိုင်းရပ်၊ မရမ်းခြံ 'အောင်' ဓမ္မရိပ်သာ၌ အောင်မင်္ဂလာ ဆရာတော်ဘုရားသည် သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူသည်။

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ၊
သံသရိတံ ဒီဃမဒ္ဓါနံ၊ တာသုတာသွေဝ ဇာတိသု။

ဘိက္ခဝေ - သံသရာဘေး လာမည့် အရေးတွေကို ဖြင့် မျှော်တွေး ကြောက်ငြား အို-ချစ်သား ချစ်သမီးများတို့၊ စတုန္နံ-သင်္ချာအားဖြင့် လေးမျိုးလေးပါး ရှိကြကုန်သော၊ အရိယသစ္စာနံ - သဘောအားဖြင့် မဖောက်မပြန် အမှန်စင်စစ် အနှစ်သာရ ဓမ္မမြူတေ ဆိုအပ်ပေငြား အရိယာသစ္စာတရားတို့ကို၊ ယထာဘူတံ-အကြောင်းက ဘယ်အမျိုး အကျိုးက ဘယ်အနေဟု အခြေပါပါ ဉာဏ်ပညာဖြင့် ဟုတ်မှန်တဲ့အတိုင်း၊ အဒဿနာ - အဝိဇ္ဇာမှောင် ပိတ်ဖုံးသဖြင့် လုံးလုံးကြီး အမှန် မပေါ်အောင် ဉာဏ်ချော်၍ နေကြကုန်သောကြောင့်၊ သတ္တာ-လူရော နတ်ပါ သတ္တဝါ မှန်သမျှ အနန္တတို့သည်၊ တာသုတာသွေဝဇာတိသု - ထိုထို များစွာ ဘဝသံသရာတို့၌၊ တာသုတာသွေဝဇာတိသု - လူ

အစားစား နတ်အဖုံဖုံ ဗြဟ္မာဘုံအရပ်ရပ် သုံးဆယ့်တင ဘုံလောက တည်းဟူသော ဘဝသံသရာ လောကကြီး အရပ်ရပ်တို့၌၊ ဒီဃမဒ္ဒါနံ-ကြာမြင့်စွာသော ကာလပတ်လုံး၊ ဝါ-ဘယ်တုံးက စလို့ စမှန်းမသိ၊ ဘယ်တော့မှ လတ်စသတ် ကြမယ်လဲ မသိကြဘဲ ရှည်ကြာလှစွာ ကာလပတ်လုံး၊ သံသရိတံ-သံသရိံ-ကျင်လည်ပြေးသွား မျောပါးနစ်မြုပ်ခါ နေခဲ့ကြရလေပြီတကား။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

အားလုံး တကာ-တကာမတွေ အားလုံး သတ္တဝါတွေကို မြတ်စွာဘုရားက ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက် ပါတယ်၊ တကာ-တကာမတွေ ဘယ်ဘုံ ဘယ်လောက ဘယ်ဘဝက စလာခဲ့ကြတယ်ဆိုတာ သိကြရဲ့လား၊ (မသိပါဘုရား) အစလဲ မသိဘူး၊ (မှန်ပါဘုရား)။

ဒါဖြင့် အစမသိတာ ထားပါတော့၊ အခုဘယ်ရောက် နေတာလဲလို့ အချိုက အကဲမခပ်ကြတော့ ကိုယ့်ရဲ့အဖြစ် မှန်ကို မသိကြဘူး၊ တကာ-တကာမတို့ ကိုယ် ရထားတဲ့ ခန္ဓာကိုယ်ကြီးသည် ဘယ်လို အဖြစ်မျိုးကို ရထားတယ်၊ ဘယ်လို ကြုံပြီးတော့ နေရတယ်၊ ဘယ်လို စခန်းသွားပြီး နေရတယ်ဆိုတာကို အမှတ်တမဲ့ နေတော့ မသိကြဘူး၊ (မှန်လှပါ)။

ကဲ-ဒါဖြင့် အမိဝမ်းမှာ သန္ဓေတည်တယ်ဆိုရင် ရုပ်နဲ့ နာမ်ကလေး အမိဝမ်းတွင်းမှာ ရှေးဦးစွာ ဖြစ်ရပါတယ်၊

(မှန်ပါဘုရား)ဖြစ်ရာမှ တဖြေးဖြေး ရင့်ရော်ပြီး မွေးဖွား လာလိုက်တာ ယခုတော့ ခင်ဗျားတို့ အိုပွဲခံနေကြပါတယ်၊ (မှန်ပါဘုရား) အိုပွဲခံပြီးသကာလ နောက်ကို လာအုံးမဲ့ပွဲက နာပွဲ-သေပွဲ-မလာလို့ မရဘူး၊ နာပွဲ သေပွဲသို့ အရောက် သွားနေကြပါတယ်၊ (မှန်လှပါဘုရား)။

သေပြီးရင် အိုလက်စ နာလက်စ သေလက်စတွေ ဇာတ်သိမ်းပြီး သကာလ ချမ်းသာတော့မှာလား ဆိုတော့ ဘယ်ဘုံ ဘယ်ဘဝ ဘယ်လောကမှာ သွားဖြစ်ပြီးတော့ နောင် ဘယ်နှစ်ဘဝ လောက်မှာ ဇာတ်သိမ်းမယ် ဆိုတာ ကော သိကြရဲ့လား၊ (မသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ပန်းဒိုးတိုင်မရှိဘဲ ဒိုးပြေးနေတဲ့ လူတွေဘဲ၊ (မှန်လှပါ ဘုရား) အခုကာလမှာ ဒိုးပြေးပြိုင် ပွဲမှာ ပန်းတိုင်ရှိတယ်၊ ပန်းတိုင်ရောက်ရင် အရင်ရောက်တဲ့ သူက ပထမ၊ နောက်ရောက်သူက ဒုတိယ၊ တတိယ-အစ ရှိသဖြင့် ရွေးကြတာပေါ့၊ (မှန်လှပါ ဘုရား) သူတို့မှာ ပန်းတိုင်ရောက်ရင် ပြေးပွဲပြီးပြီ၊ (မှန်ပါ ဘုရား) ခင်ဗျား တို့မှာ ပြေးပွဲ မပြီးသေးဘူး၊ အိုပွဲ နာပွဲ သေပွဲက မပြီး သေးဘူး၊ ယခုဘဝမှာ အိုပွဲ နာပွဲ သေပွဲတွေ တွေ့ပြီး နောက်လာမဲ့ ဘဝတွေ ဘယ်ဘဝမှာ လက်စသတ်မှာလဲလို့ ရည်ရွယ်ချက် ဆုံးဖြတ်ချက် ရှိ-မရှိ၊ (မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပန်းတိုင်မရှိဘဲ အိုပွဲ နာပွဲ သေပွဲ များကို ဒိုးပြေး ပြိုင်နေကြတယ်၊ ဘာတွေ ပြိုင်နေကြသလဲ

ဆိုတော့ ခင်ဗျားတို့က အိုပွဲ နာပွဲ သေပွဲ ပြိုင်နေကြတာဘဲ၊ (မှန်ပါဘုရား)။

ဒါကြောင့် လာခဲ့တဲ့ဘဝတွေကိုလည်း ရေတွက်မယ်ဆိုရင် မရေတွက်နိုင်ဘူး၊ နောက်ကို ဘယ်လောက်အထိ သွားရအုံးမယ်ဆိုတာလည်း မရေတွက်နိုင်ဘူး၊ (မှန်ပါဘုရား) အဲဒီ မရေတွက်နိုင်တဲ့ ဘဝများစွာ သံသရာမှာ ကျင်လည်ပြီးတော့ နေခဲ့ရတဲ့ အထဲမှာ ခင်ဗျားတို့ အခုဘဝ ဘဝနဲ့ ဆင်းရဲ ဘဝချည်းဘဲ၊ (မှန်လှပါ) ဒီလိုနဲ့ဘဲ အချိန်ကုန်ခဲ့ရပါတယ်။

ရှေးဘဝက ဘာတွေယူလာခဲ့သလဲ၊ (ဘာမှ ယူမလာပါဘုရား) မွေးတုံးက လုံချည်အင်္ကျီများ ပါရဲ့လား၊ (မပါ-ပါဘုရား) အခုတော့ ငါ့ဥစ္စာ ငါ့အိမ် စိန်ရွှေ ရတနာတွေနဲ့ပေါ့၊ (မှန်လှပါ) သေသွားပါပြီတဲ့၊ လင်သေရင် မယားပါလိုက်လို့ ရ-မရ၊ (မရပါဘူးဘုရား) မယားသေရင် လင်ပါလိုက်လို့ ရ-မရ၊ (မရပါ ဘုရား) ကိုယ်မှာ ဝတ်ထားတဲ့ စိန်ရွှေရတနာတွေကော ပါ-မပါ၊ (မပါ-ပါ ဘုရား)။

ကိုင်း-ဒါဖြင့် မွေးတုံးကလည်း ဘာလာ ဘာမှမပါဘူး၊ သေတော့လည်း ဘာလာ ဘာမှ မပါဘူး၊ ဒါဖြင့် ယခုလက်ရှိ တိုက်တွေ အိမ်တွေ စိန်တွေ ရွှေတွေဟာ ကိုယ်ပိုင်လား ဘုံဆိုင်ပစ္စည်းလား၊ (ဘုံဆိုင်ပစ္စည်းပါ ဘုရား) သေရင် လက်မဲ့သွားရမှာဘဲ၊ (မှန်လှပါ)။

ကိုယ့်အဖြစ်ကို ကိုယ်ဆိုးမှန်း မသိဘူး၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်လာပြီး ဟောကြားလို့ ကိုယ့်ဘဝကို

သိပြီး ဒို့အဖြစ်ဟာ အတော်ဆိုးပါလားဆိုတာ သိရတယ်၊ အမွဲမွေးပြီး အမွဲသေနဲ့ သေကြတဲ့သူချည်းပါလား၊ (မှန်ပါ ဘုရား) ဒါနဲ့ ဘုရားရှင်က ဒီသံသရာကြီးထဲမှာ သတ္တဝါ တွေဟာ ဘာကြောင့်အမွဲမွေးပြီး အမွဲနဲ့သေကြပါလိမ့် မလဲလို့ အကြောင်းရှာလိုက်တယ်၊ အကြောင်းရှာလိုက် တော့မှ ဘုရားရဲ့ ဉာဏ်တော်ကြီးမှာ ပေါ်လာတယ်၊ ဘယ်လိုပေါ်လာသလဲဆိုတော့ သစ္စာလေးတန် အမှန် မသိလို့တဲ့၊ (မှန်ပါဘုရား) အမွဲမွေး အမွဲသေနဲ့ သေကြပြီး အသေလက်စ မသတ်ကြတာတော့ သစ္စာလေးတန် အမှန် မသိလို့ပါတဲ့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါထက်ရှင်းအောင်ပြောရရင် ဒုက္ခတွေ လက်စမသတ် တာဟာ မသိတဲ့အပြစ် သင့်နေတယ်၊ မိုက်ပြစ် သင့်နေ ပါတယ်လို့ ဒီလိုလဲ ဆိုနိုင်ပါတယ်၊ (မှန်ပါဘုရား) မိုက် တယ်ဆိုတာ မလိမ်မာတာ၊ မလိမ်မာတော့ မသိဘူး၊ ဘာ မသိတာလဲဆိုတော့ အမှန်လေးချက် သဘောနက်၊ သစ္စာ လေးတန် တရားမှန် မသိလို့ပါဘဲ၊ (မှန်ပါဘုရား)။

ကိုင်း-ဒါဖြင့် သစ္စာလေးတန် တရားမှန် သိရင် ဆင်းရဲ လက်စ သိမ်းတော့မယ်၊ အေးငြိမ်းတော့မယ်၊ မသိရင်တော့ ဆင်းရဲတွေ လက်စသိမ်းတော့မယ် မဟုတ်ဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်လာတော့မှ ဘဝ အဆက်ဆက်က ကန်းလာခဲ့တဲ့ အဝိဇ္ဇာ တိမ်သလာတွေ ဖုံးလာတဲ့မျက်စိကို မြင်နိုင်အောင် ဘုရားရှင် ကိုယ်တော်

မြတ်ကြီးက အဝိဇ္ဇာ တိမ်သလာတွေ ကင်းအောင် သစ္စာလေးတန် မျက်စဥ်းကို ခတ်ပေးပါတယ်၊ (မှန်ပါဘုရား)။

သစ္စာလေးတန် သိဘို့ အရေးကြီးပါတယ်၊ မသိလို့ အကန်းကလေးမွေး အကန်းကလေးသေ ဖြစ်နေကြပါတယ်၊ သစ္စာလေးတန်တရားကို သိရင် အမှန်တရားကြီးကို မြင်ပြီး အမှန်မြင်ရင်ဖြင့် အကန်းပျောက်ပြီပေါ့၊ အမိုက်ပျောက်ပြီပေါ့၊ အလင်းရောက်ပြီပေါ့၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဒီနေ့ သစ္စာလေးတန် အမှန် တရားကို သိအောင် ဘုရားရှင်ကိုယ်စား ဘုန်းကြီးတို့က ခင်ဗျားတို့ကို ပြောဟောပြရတော့မယ်၊ (ဟောတော်မူပါဘုရား)။

သစ္စာလေးပါး သစ္စာလေးပါးနဲ့ လေးပါးဆိုတာက အရေအတွက်၊ သစ္စာဆိုတာ အမှန်ဆုံး တရား၊ အမှန်လေးချက် သဘောနက်လို့ ခေါ်ပါတယ်၊ များများမဟုတ်ပါဘူး၊ လေးပါးထဲပါ၊ ရှင်းကြရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်ပြီးတဲ့နောက် ဓမ္မစကြာတရားကို ဟောပါတယ်၊ (မှန်ပါဘုရား)ဓမ္မစကြာတရားကို အကျဉ်းချုံးတော့လဲ သစ္စာလေးပါးပါဘဲ၊ (မှန်ပါဘုရား) ဘုရားဖြစ်လျှင်ဖြစ်ချင်း အဦးဆုံး ဟောတဲ့တရားဟာ သစ္စာလေးပါးဘဲ၊ (မှန်ပါဘုရား)။

တလောကလုံး "အန္ဓဘူတော အယံလောကော"တဲ့၊ တလောကသားလုံးဟာ အကန်းတွေဘဲဖြစ်နေတယ်၊ သစ္စာ

ဉာဏ် မရကြဘဲကိုး၊ တ လော က လုံး လူ တွေ က လည်း လူကန်းချည်းဘဲ၊ နတ်တွေကလဲ နတ်ကန်းချည်းဘဲ၊ ဗြဟ္မာ တွေကလဲ ဗြဟ္မာကန်းချည်းဘဲ၊ (မှန်ပါဘုရား)။

ဉာဏ်မျက်လုံး ကန်းနေတယ်၊ သစ္စာလေးတန် တရားမှန် မသိလေသောကြောင့် အကန်းလောကကြီး ဖြစ်နေတယ်၊ အကန်းလောကကြီးကို မြင်သွားအောင် လင်းသွားအောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာ ဒေသနာဖြင့် သစ္စာလေးတန် တရားမှန်ကို ပထမဦးစွာ ဟောကြားတော် မူလိုက်တယ်၊ (မှန်လှပါဘုရား)။

ထိုသစ္စာလေးပါးတရားသည် ဘယ်လို သဘောတရား တွေလဲ ဒီသစ္စာလေးပါး တရားသည် ဘယ်မှာ ရှိဒါလဲ ဘာကိုခေါ်ပါသလဲလို့ တကာ-တကာမတွေ သိဘို့ မလို ဘူးလား၊ (လိုပါတယ်ဘုရား)။

ဒါကြောင့် ဒီနေ့ ဘုန်းကြီးက ရှင်း ရှင်း လင်း လင်း ဟောပြပေးမယ်။

ကိုင်း-လိုက်ဆိုကြ....

"ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ" ဒါ ပါဠိလိုပေါ့၊ ခင်ဗျားတို့ နားလည်အောင် မြန်မာလို ပြန် လိုက်မယ် လိုက်ဆိုကြ....

ဒုက္ခဆိုတာက ဆင်းရဲတာ၊ သစ္စာဆိုတာက အမှန်ပါ။

ဒုက္ခသစ္စာ၊ ဆင်းရဲတာအမှန်ပါ။

အမှန် ဆင်းရဲတဲ့သဘော အမှန်ဆင်းရဲတဲ့ တရားဟာ ဒုက္ခသစ္စာပါဘဲ။

ကောင်းပြီ အမှန်ဆင်းရဲတယ်ဆိုတော့ ဘာတွေ ဆင်းရဲသလဲ၊ သရုပ်သကောင် ထုတ်ဆောင်ပြီးတော့ အရှင်ဘုရားလက်ဆွဲပြပါဆိုရင် ဇာတိပိ ဒုက္ခာတဲ့၊ ဇာတိ - ပဋိသန္ဓေတည်နေရခြင်းသည်လည်း၊ ဒုက္ခာ-မချိုပြင်းသဲ တကယ်ပင် ဆင်းရဲလှပါပေ၏တကား။

သုံးဆယ့်တဝ ဘုံလောကမှာ လူရယ် နတ်ရယ် ဗြဟ္မာရယ်ဆိုတာ သမ္မုတိသစ္စာ အခေါ်အပြောပါဘဲ၊ ပရမတ္ထသစ္စာနဲ့ကြည့်လိုက်ပြန်တော့ ရုပ်နာမ်မှတပါး အပိုရှိသေးသလား၊ (မရှိပါဘုရား)။

ဒါဖြင့် ရန်ကုန်မြို့မှာဘဲ ဖြစ်ဖြစ်၊ မန္တလေးမြို့မှာဘဲဖြစ်ဖြစ်၊ အင်္ဂလန်မှာဘဲ ဖြစ်ဖြစ်၊ လူ့လောက တရပ်လုံးမှာဘဲ ဖြစ်ဖြစ်၊ နတ်ပြည်ခြောက်ထပ် ဗြဟ္မာဘုံ နှစ်ဆယ်မှာဘဲ ဖြစ်ဖြစ်၊ သုံးဆယ့်တဘုံမှာဖြစ်ရင် ရုပ်နာမ်မှတပါး အပိုဖြစ်စရာမရှိ၊ (မှန်ပါဘုရား)။

ဒီရုပ်နှင့်နာမ် ဖြစ်ခြင်းသည် မြတ်စွာဘုရားက ဆင်းရဲတယ်လို့ ဟောလိုက်တယ်၊ (မှန်လှပါ ဘုရား) ရုပ်နာမ်ဖြစ်တာကို ဆင်းရဲတယ်လို့ ဟောတယ်၊ လူ့ရုပ်နာမ် နတ်ရုပ်နာမ် ဗြဟ္မာ ရုပ်နာမ် သုံးဆယ့်တဘုံမှာ ရုပ်နာမ်ဖြစ်တာကို ဘုရားရှင်က ဆင်းရဲဖြစ်တာလို့ ဘာ့ကြောင့်ဟောပါသလဲဆိုရင် ရုပ်နာမ်နှစ်ပါး ဖြစ် ပြီ ဟော့ ဆို တာ နဲ့ တပြိုင်နက်ထဲ အဲဒီရုပ်နာမ် ဖြစ်တဲ့ အထဲမှာ အိုတာလဲပါတယ်၊ နာတာလဲ ပါတယ်၊ သေတာလဲ ပါတယ်၊ ပျက်ဘို့အပြီး ပါတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် ဖြစ်ပြီဆိုတာနဲ့ တပြိုင်နက်ထဲ (ဥပမာ) ဘာနဲ့ တူသလဲဆိုတော့ လူသတ်သမားအား သူတပါးအသက်ကို သတ်သဖြင့် သေစားသေစေလို့ တရားရုံးက အမိန့်ချလိုက် သလို ရုပ်နာမ် ဖြစ်သည်နှင့် အိုစေ နာစေ သေစေ-ဆိုတဲ့ အမိန့်ချပြီးသား တပါတည်း ပါလာပြီး ဖြစ်တယ်၊ (မှန်ပါ ဘုရား)။

ခင်ဗျားတို့ဟာ အမိန့်တော်ရတွေဘဲ၊ အားလုံးသတ္တဝါ တွေဟာ အမိန့်တော်ရတွေဘဲ၊ ဘာအမိန့်တွေလဲ၊ (အိုမိန့် နာမိန့် သေမိန့်တွေ ရပြီးသားပါ ဘုရား)။

ဒါကြောင့် သုံးဆယ့်တဘုံ၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ အားလုံး သော ဘုံလောကမှာ ရုပ်နာမ် ဖြစ်တာသည် ဆင်းရဲဖြစ်တာဘဲလို့ ဘုရားရှင်က ဟောကြားခြင်းကို ရိပ်မိ ပြီလား၊ (ရိပ်မိပါပြီ ဘုရား) အိုဘေး နာဘေး သေဘေး တွေ ရနေကြလို့ ဆင်းရဲတာဘဲလို့ ဘုရားက ဟောလိုက်တာ၊ (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဇာတိပိ ဒုက္ခာ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှချေ၏လို့ ဟော တာဘဲ၊ ခင်ဗျားတို့ ပဋိသန္ဓေ ဆင်းရဲကို တွေ့ကြုံခဲ့ရဲလား၊ (တွေ့ခဲ့ပါတယ်ဘုရား) ဒါဖြင့် ဇာတိပိဒုက္ခာ-ဆိုတဲ့ဆင်းရဲကို တကာ-တကာမတွေ့ ကြုံခဲ့ပြီပေါ့၊ (ကြုံခဲ့ပါပြီဘုရား)။

အဲဒီ ဇာတိပိ ဒုက္ခာ-သည် အပြင်မှာ ရှိတာလား၊ ဒီခန္ဓာကိုယ်ကြီး ဘဲလား၊ (ဒီခန္ဓာ ကိုယ်ကြီးပါ ဘုရား) ဒုက္ခသစ္စာလို့ ဘုရားဟောတာ ဒီခန္ဓာ ရုပ်နာမ် နှစ်ပါးဘဲ၊

(မှန်ပါ ဘုရား) ခင်ဗျားတို့ ခန္ဓာသည် ဇာတိပိ ဒုက္ခာ-ဆိုတော့ ဖြစ်လာပြီးလျှင် ပျက်တဲ့နေရာမှာ မရပ်ဘဲ ဒီခန္ဓာသည် တရက် တနာရီ တမိနစ်မှ ရပ်နား မနေဘဲ ဟောင်းနွမ်း အိုမင်း ရင့်ရော် မနေဘူးလား၊ (နေပါတယ် ဘုရား)။

ခင်ဗျားတို့က ပျိုတာ ကြိုက်သလား အိုတာ ကြိုက်သလား၊ (ပျိုတာ ကြိုက်ပါတယ် ဘုရား) ခင်ဗျားတို့ကြိုက်တာက တမျိုး၊ ရုပ်နာမ်နှစ်ပါး သွားနေတာက တလမ်း ဖြစ်နေတယ်၊ (မှန်ပါဘုရား)။

ရုပ်နာမ်က ခင်ဗျားတို့ အလိုကို လိုက်ရဲ့လား၊ (မလိုက်ပါဘုရား) ဒီနေ့ ၇-ရက်ဆိုတော့ ၆-ရက် မနေ့ကထက် ပိုပြီး အို-မအို၊ (အိုပါတယ် ဘုရား) ကိုင်း-နံနက် ၁၀-နာရီကနဲ့ ယခု နေ့လည် ၂-နာရီသည် လေးနာရီကွာခြားသဖြင့် ပိုပြီး အို-မအို၊ (အိုပါတယ် ဘုရား) ဒါဖြင့် ဒီ ရုပ်နာမ်နှစ်ပါးသည် အိုတဲ့ဆီ သွားနေတယ်၊ (မှန်ပါဘုရား)။

ခင်ဗျားတို့အားလုံး သတ္တဝါတွေက အိုတာ မကြိုက်ဘူး၊ မအိုချင်ပါဘူး တားလို့ ရရဲ့လား၊ (မရပါဘုရား) ခင်ဗျားတို့ မျက်နှာကို မငဲ့ဘူး၊ ခင်ဗျားတို့လမ်းစဉ် မလိုက်၊ သူ့လမ်းစဉ် သူသွားနေတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အိုတာကို ခင်ဗျားတို့က ကြောက်ပါတယ် ဆိုတော့ အိုတာသည် ကောင်းသလား မကောင်းဘူးလား၊ (မကောင်းပါဘုရား) အိုတာဟာ ဆင်းရဲလား ချမ်းသာလား၊ (ဆင်းရဲပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဆင်းရဲရနေကြတာပေါ့၊ (မှန်ပါဘုရား)။

ခန္ဓာကိုယ်မှာ အိုခြင်း ဆင်းရဲနဲ့ အခုကြုံနေတယ်၊ အခု ပြောနေတုံးပင် တမိနစ်ထက် တမိနစ် အိုမင်း ရင့်ရော် သွား နေပြီ၊ ခင်ဗျားတို့ ရှောင်လို့ ရသေးရဲ့လား၊ (မရပါဘုရား)။

ကဲ ဒါဖြင့် ဇရာပိ ဒုက္ခာလို့ ဘုရားဟောတာ၊ ရိပ်မိပြီ လား၊ (ရိပ်မိပါပြီ ဘုရား) အိုခြင်းသည် ဆင်းရဲပါတယ်၊ ဆင်းရဲမှု အမှန်ဆိုတာ အိုတာကို ဘုရား ဟောလိုက်ပါတယ်၊ (မှန်လှပါတယ်ဘုရား)။

ဆင်းရဲတာနဲ့ အိုတာ နှစ်ခု မဟုတ်ဘူး၊ တခုထဲဘဲ၊ အိုအို နေတာကိုပင် ဆင်းရဲတာလို့ ဘုရားက ဟောလိုက်တယ်၊ ဘယ်သူ အိုနေတာလဲ၊ (ရုပ်နာမ် နှစ်ပါးပါ ဘုရား) ခင်ဗျား တို့ ခန္ဓာကလဲ ရုပ်နာမ်ဘဲ ရှိတော့ ခင်ဗျားတို့အိုခြင်း ဆင်းရဲ ရနေတာပေါ့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒီခန္ဓာကြီးသည် အိုတဲ့နေရာ မရပ်ဘဲနဲ့ နာတဲ့ ဆီသို့သွား - မသွား၊ (သွားပါတယ် ဘုရား) အနာတွေနဲ့ တွေ့လဲ တွေ့ခဲ့ပါပြီ၊အနာတွေနဲ့ ကြုံလဲကြုံခဲ့ပါပြီ၊ ရှေ့ကိုလည်း တွေ့ရပါလိမ့်အုံးမယ်၊ (သေချာပါတယ်ဘုရား)။

ခင်ဗျားတို့ အို-နာ-သေ လွတ်ရာ ကျွတ်ရာကို ရှောင်တိမ်း နေလို့ ရရဲ့လား၊ (မရပါဘုရား) ဘာ့ကြောင့် မရပါလဲဆိုရင် ခင်ဗျားတို့မှာ အို-နာသေရမဲ့ ရုပ်နာမ် ခန္ဓာကြီး ရထားတာ ကိုး၊ (မှန်ပါ)။

ဒီနာခြင်း ဆင်းရဲကြီးကိုလည်း လူတိုင်းလူတိုင်း မကြိုက် ပါဘူး မလိုချင်ကြပါဘူး၊မတွေ့ချင်ပါဘူး၊ ကြားကိုမကြား

ချင်ဘူး၊ ဘယ်သူ့ကားတိုက်လို့ ဘယ်သူ နာနေပြန်ပြီဆိုတဲ့ သတင်းတွေကို ကြားကို မကြားချင်ဘူး၊ မင်္ဂလာ မရှိလှန်းလို့ မကြားချင်ပေမဲ့ မိမိခန္ဓာကိုယ်ကြီးက အနာကြီး ဖြစ်နေတယ်၊ ဟုတ်ကဲ့လား ၊(ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် နာခြင်းသည် ဆင်းရဲခြင်းလား၊ ချမ်းသာခြင်းလား၊ (ဆင်းရဲခြင်းပါ ဘုရား) ဆင်းရဲတာနဲ့ နာတာ နှစ်ခု မဟုတ်ဘူး၊ တခုထဲဘဲ၊ ဆင်းရဲတယ် ဆင်းရဲတယ် ဆိုတာ နာတာကို ဘုရား ဟောလိုက်ပါတယ်၊ နာတာကိုပင် ဆင်းရဲ အမှန်ဘဲလို့ ဘုရား ဟောလိုက်ပါတယ်၊ ဟောတဲ့အတိုင်းမှန်ရဲ့ လား၊ (မှန်ပါတယ်ဘုရား)။

ခင်ဗျားတို့ အနာကော ရထားရဲ့လား၊ (ရထားပါတယ် ဘုရား)ဒါဖြင့် ခင်ဗျားတို့ ဆင်းရဲ ရထားတာပေါ့၊(မှန်လှပါ ဘုရား) နာလို့ ဆေးကျွေး ပြုပြင်သော်လည်း မရဘူး၊ နာမြဲ ပြန်နာလာအုံးမှာဘဲ၊(မှန်ပါ ဘုရား) ဒီနေ့ မနာသော်လည်း မနက်ဖန်အတွက် စိတ်မချရသေးဘူး၊ ဒီလ လွတ်ပြန်သော် လည်း နောက်လအတွက် စိတ်မချရသေးဘူး၊ ဒီနှစ်လွန်ပြန် တယ်ဆိုပါတော့ နောက်နှစ်အတွက် စိတ်ချရရဲ့လား၊ (မချရ ပါဘုရား)။

အဲဒီလို တကြောင့်ကြကြ စိတ်မချရတဲ့အထဲ တနေ့နေ့ မှာတော့ လဲသေတော့မှာဘဲ၊ (မှန်ပါဘုရား) သေမှသေပါ့ မလား၊ (သေပါတယ်ဘုရား) အဲဒီသေခြင်းကို ဘယ်သူ ကြိုက်ကြ သလဲ။ (မကြိုက်ကြပါဘုရား) ဆင်းရဲလား ချမ်းသာလား၊ (ဆင်းရဲပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အသေကိုရထားတယ်၊ဆင်းရဲကို ရထားပါတယ်၊ သေတာနဲ့ဆင်းရဲတာ နှစ်ခု မဟုတ်ဘူး၊ တခုထဲပါဘဲ၊ (မှန်ပါဘုရား)။

ဒါကြောင့် သေခြင်း သည်ပင် ဆင်းရဲတာ အမှန်အစစ်ဖြစ်တယ်လို့ ဘုရားက ဟောတာဘဲ၊ သေတာလဲ၊ (ရုပ်နာမ်သေတာပါဘုရား)။

ခုနက ဥပမာမှာ - လူသတ်သမားမှာ ကြိုးမိန့် တမိန့်ဘဲရပါတယ်၊ ခင်ဗျားတို့မှာ ဖြစ်ပြီဟေ့-ဆိုတာနဲ့ တပြိုင်နက်အိုမိန့် နာမိန့် သေမိန့် အမိန့်သုံးမျိုး တပြိုင်နက်ထဲ ရပါတယ်၊ (မှန်လှပါ ဘုရား)။

ကဲ-ဒါဖြင့် ဒုက္ခသစ္စာဆိုတာ အပြင်မှာ သွားရှာမနေနဲ့၊ ဒုက္ခသစ္စာ-ဆိုတာ ကျုပ်မှာဖြစ်တာပါလို့သာ ဖြေလိုက်တော့၊ ခင်ဗျားတို့ ရထားတာက အိုခြင်းနာခြင်း သေခြင်းတွေဘဲ၊ ဒုက္ခ ရထားတာပေါ့၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဆင်းရဲမှ ဆင်းရဲပါရဲ့လား၊ (ဆင်းရဲပါတယ် ဘုရား) အိုရ နာရ သေရတာသည် ဆင်းရဲမှဆင်းရဲပါရဲ့လား၊ (ဆင်းရဲပါတယ် ဘုရား) ခင်ဗျားတို့က လိမ်ပြောတာလား၊ အမှန်အတိုင်း ပြောတာလား၊ (အမှန် အတိုင်းပါ ဘုရား) ဒါကြောင့် သစ္စာဆိုတာ အမှန်ပါတဲ့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီ ဘုရား)။

ကဲ-လိုက်ဆိုကြ....

ဒုက္ခ ဆိုတာက ဆင်းရဲတာ၊ သစ္စာ ဆိုတာက အမှန်ပါ၊ ဒုက္ခ သစ္စာ ဆင်းရဲတာ အမှန်ပါ။

တကာ-တကာမတို့ ဆင်းရဲတာ တွေ့ပြီလား၊ ဒုက္ခသစ္စာ တွေ့ပြီလား၊ (တွေ့ပါပြီ ဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ဘဲ၊ (မှန်ပါဘုရား)။

ဒါဖြင့် သစ္စာလေးတန် တရားမှန် ဘုရားဟောတဲ့ အထဲမှာ ဒုက္ခသစ္စာ ဒုက္ခသစ္စာ ဆိုတာ တခြား လိုက်ရှာ မနေနဲ့၊ ဒီရုပ်နဲ့ ဒီနာမ်ဒီခန္ဓာကို ဘုရား ဟောတာပါလားလို့ သိပေတော့၊ (မှန်လှပါဘုရား)။

အိမ်မှာ ဒုက္ခသစ္စာတွေ စုရုံးနေကြတယ်၊ ဒုက္ခသစ္စာနဲ့ အတူတူပင် နေကြသော်လည်း ပါးစပ်က အိုခြင်း တရား နာခြင်းတရား သေခြင်းတရားတွေကို ပြောနေကြသော်လည်း စိတ်ဆင်းရဲလိုက်တာ စိတ်မကောင်းလိုက်တာ လို့၊ (မှန်လှပါ) ဒါတွေ ပြောနေပေမဲ့ ခင်ဗျားတို့ ဒုက္ခ ရှာမတွေ့ဘူး၊ခက်တယ်၊ (မှန်လှပါ)။

ခင်ဗျားတို့ ဒုက္ခနဲ့ အဝေးကြီးမှာ နေရင်တော့ ထားပါ အုံးတော့၊ အခုတော့ ဒုက္ခနဲ့ အတူနေပါလျက်နဲ့ မသိ မမြင်ဘူး ဆိုတော့ ကန်းကို ကန်းလွန်းနေတယ်၊ (မှန်ပါ) မသိကန်းက အတော်ဆိုးဝါးတယ်၊(မှန်လှပါ) မိုက်လုံး အတော်ကြီးတယ် ရှင်းပြီလား၊(ရှင်းပါပြီ ဘုရား)။

ဒီနေ့တော့ ဉာဏ်မျက်လုံး ဖွင့်ပေးလိုက်ပြီ၊ ဖွင့်ပေးလိုက်မှ ဒုက္ခသစ္စာဟာ ငါ့ခန္ဓာကြီးပါလား၊ တအိမ်လုံး နေကြတာလဲ ဒုက္ခသစ္စာတွေချည်းပါလား၊ တလောကလုံး သုံးဆယ့် တဘုံလုံးမှာ ဒုက္ခသစ္စာချည်းပါဘဲ ဆိုတာ မြင်လာပြီ ၊(မှန်ပါ)။

လူဖြစ်တာလား ဒုက္ခဖြစ်တာလား၊ (ဒုက္ခဖြစ်တာပါဘုရား) နတ်ဖြစ်တာလား ဒုက္ခဖြစ်တာလား၊ (ဒုက္ခဖြစ်တာပါ ဘုရား) ဗြဟ္မာဖြစ်တာလား၊ ဒုက္ခ ဖြစ်တာလား၊ (ဒုက္ခဖြစ်တာပါဘုရား)။

အဲဒါ ဒုက္ခလို့ မယူဘဲ လူ့စည်းစိမ် နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ သွားယူကြတယ် ထင်ကြတယ် မြင်ကြတယ် အတော်ကန်းတဲ့ သူတွေဘဲ (မှန်ပါဘုရား)။

တကာ - တကာမတို့ သေသေချာချာ မှတ်ပေတော့၊ သုံးဆယ့်တဘုံမှာ ဘာဖြစ်ဖြစ် ဖြစ်ဖြစ်သမျှသည် ဒုက္ခပါဘဲ၊ ဒုက္ခဖြစ်တယ်ဆိုတာ အပိုင်ယူပေတော့၊ နောက်တုံးက ဖြစ်ခဲ့တာလဲ ဒုက္ခသစ္စာ၊ အခုဖြစ်ပျက်နေတာလဲ ဒုက္ခသစ္စာ၊ ရှေ့ဖြစ်ပျက်အုံးမှာလဲ ဒုက္ခသစ္စာဘဲ၊ ဒါထက်မပိုပါဘူး၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒီနေ့ ဒုက္ခဆိုတာကို သေသေ ချာချာ မြင်သွားပါပြီတဲ့၊ ခင်ဗျားတို့က အထင်မှား အမြင် မှားပြီး လူ့စည်းစိမ် နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ထင်ပြီး ပိုးဖလံမျိုး မီးကိုတိုးသလို ပိုးဖလံလေးတွေဟာ မီးကို ရွှေတောင်ကြီးအောက်မေ့လို့ မီးကိုတိုး၍ သေကြတယ်၊ (မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့က ပိုးဖလံ လေးတွေကို ကြည့်ပြီး တိရစ္ဆာန်တွေဟာ တယ် မိုက်လုံးကြီးတယ်လို့ အကဲဖြတ်ကြတယ်၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ လူ့စည်းစိမ် နတ်ချမ်းသာ ဗြဟ္မာချမ်းသာထင်ပြီး ရအောင်လုပ်လာလို့ ရကုန်ပြီ၊ ဘာတွေရနေ

ပါလိမ့်၊(ဒုက္ခတွေ ရနေပါတယ်ဘုရား)။

ဘာကြောင့် ဒီဒုက္ခတွေ ရနေပါ လိမ့်မလဲ၊ ခင်ဗျားတို့ ဒုက္ခကို သုခထင်လို့ တိရစ္ဆာန် ပိုးဖလလေးတွေ ကျတော့ မိုက်လုံးကြီးတယ်လို့ ပြောကြတယ်၊ ကိုယ့်မိုက်ပြစ်တော့ ကိုယ် မသိဘူး၊ (မှန်လှပါ) ကိုယ်ခံနေရတာ ကိုယ်မသိဘူး၊ ပိုးဖလံ ထက် မိုက်တယ် မှတ်ပါ၊(မှန်လှပါဘုရား)။

ခင်ဗျားတို့ဟာ ဘဝ များစွာကလည်း ပိုးဖလံနဲ့ အတူတူ ဘဲ၊ ပိုးဖလံ ဘဝက လွတ်အောင် ဒီနေ့ ရှေ့တောင်မဟုတ်ဘူး၊ မီးတောင်ကြီးဟော့လို့ လက်ညှိုးထိုးပြနေပြီ၊(မှန်ပါဘုရား)။

သုံးဆယ့်တဘုံမှာ ဖြစ်ရင် ဒုက္ခသစ္စာ ဖြစ်မယ်၊ ဒုက္ခရမယ်၊ ဒုက္ခ ကြုံမယ်လို့သာ မှတ်ပေတော့၊ (မှန်လှပါဘုရား) ဒီ ဒုက္ခ ဘာဖြစ်လို့ ရနေပါသလဲဆိုရင် ခင်ဗျားတို့ လိုချင်လို့ ရတာ၊ (မှန်ပါဘုရား)။

အဲဒီ လိုချင်တာဟာ သမုဒယ သစ္စာ လို့ မှတ်လိုက် ပါ၊ (မှန်လှပါ) သမုဒယဆိုတာ ဒုက္ခ ဖြစ်ကြောင်း သစ္စာ ဆိုတာ အမှန်ပါဘဲ၊ ဒုက္ခ ဖြစ်စေတတ်တဲ့ အကြောင်းတရား အမှန်တဲ့။

ကဲ-လိုက်ဆိုကြ....

> သမုဒယ ဆိုတာက ဒုက္ခဖြစ်အောင်လုပ်တာ၊
> သစ္စာဆိုတာက အမှန်ပါ။
> သမုဒယသစ္စာ ဒုက္ခဖြစ်အောင် လုပ်တာ အမှန်ပါ။

သမုဒယသစ္စာက ပါဠိစကား၊ မြန်မာပြန်တော့ ဆင်းရဲဖြစ် အောင် လုပ်တာ အမှန်ပါဘဲတဲ့။

အဲဒါကို ရှင်းသထက်ရှင်းအောင် ပြောလိုက်မယ်၊ လိုချင်တဲ့ သဘောတရားကလေးပါဘဲ၊ ခင်ဗျားတို့ ရင်ထဲက "ချင်" ကလေးပါဘဲ၊ ဘာဘဲဖြစ်ဖြစ် ခင်ဗျားတို့မှာ ကြည့်ချင်တယ်၊ ကြားချင်တယ်၊ စားချင်တယ်၊ ရချင်တယ်၊ လူဖြစ်ချင်တယ်၊ နတ်ဖြစ်ချင်တယ်၊ ဗြဟ္မာဖြစ်ချင်တယ်၊ အဲဒီချင်ကလေးဟာ သမုဒယသစ္စာပါဘဲ၊ဆင်းရဲဖြစ်အောင် လုပ်လုပ်နေတာသူဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ရင်ထဲမှာ ဒီ "ချင်" ကလေး ရှိ-မရှိ၊ (ရှိပါတယ်ဘုရား)လက်စသတ်တော့ ဒီသမုဒယ သစ္စာကလည်း ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ရောက်နေတာကိုး၊(မှန်ပါတယ်ဘုရား)။

ဒုက္ခသစ္စာကတော့ ခန္ဓာကိုယ်ကြီး ပါဘဲတဲ့၊ (မှန်လှပါဘုရား) သစ္စာနှစ်ပါးတွေ့ပြီ၊ ဘုရားဟောတဲ့ သစ္စာနှစ်ပါး ဆိုတာ တကာ-တကာမတို့ တခြားမှာလား၊ ဒီခန္ဓာကိုယ်ဘဲလား၊ (ဒီခန္ဓာပါဘုရား) အဝေးကြီးလား၊ အနီးကလေးလား၊ (အနီးကလေးပါဘုရား)။

နီးရက်နဲ့ဝေးနေတယ်၊ဘာဖြစ်လို့လဲဆိုတော့ ဟောပြနိုင်တဲ့ အရာသမားငကို ခင်ဗျားတို့က မကပ်ခဲ့ဘူး၊ (မှန်လှပါဘုရား) ဘုရား တရား သံဃာ ရတနာသုံးပါးကို ခင်ဗျားတို့က ကျောပေးလာခဲ့တယ်၊ အမှန်တရား ပြောမဲ့ပုဂ္ဂိုလ်တွေ အနား ခင်ဗျားတို့က မချဉ်းကပ်တော့ သိပါအုံးမလား၊ (မသိပါဘုရား)။

အမှန်တရားကို မသိကြတော့ဘူး၊ အမှန်တရား မသိတော့ ဒုက္ခခန္ဓာကို ရအောင် လုပ်လာကြတယ်၊ ရအောင်လုပ်တော့

အခု ဒုက္ခရနေပြီ၊အဲဒီဒုက္ခကို ဘယ်သူလုပ်လို့ ရတာလဲဆိုတော့ ခင်ဗျားတို့ ခန္ဓာထဲမှ သမုဒယသစ္စာက လုပ်လို့ရတာပေါ့၊ အို-ကိုယ်လုပ်လို့ ကိုယ်ရတာလို့ မှတ်လိုက်စမ်းပါ၊(မှန်ပါဘုရား)။

ဒါဖြင့်ရင် သူများက တိုက်တွန်းလို့လား၊ ကိုယ်လုပ်လို့ ကိုယ်ရတာလား၊ (ကိုယ်လုပ်လို့ ကိုယ်ရတာပါဘုရား) ကိုယ့်အပြစ်ကိုယ်ခံ၊ ကိုယ့်မိုက်ပြစ် ကိုယ်ခံပေတော့၊ (ခံနေရပါပြီဘုရား)။

ဘာ့ကြောင့်လဲ ဆိုတော့ ဖြစ်အောင်လုပ်တဲ့ သမုဒယသစ္စာကလည်း ခန္ဓာထဲမှာ ရှိတာကိုး၊ဖြစ်လာတဲ့ ဒုက္ခကလည်း ဒီရုပ်နာမ် နှစ်ပါး ခန္ဓာကိုယ်ကြီးဆိုတော့ ဒုက္ခနဲ့ သမုဒယ တွဲရက်ကြီးဘဲ၊ (မှန်လှပါ)။

ဥပမာ·အားဖြင့် မီးနဲ့ ထင်းနဲ့ တွဲရက်ကြီးလိုပေါ့၊ ထင်းချောင်းကြီး မီးသွားရှို့တော့ မီးဟုန်းဟုန်း တောက်တယ်၊ မီးနဲ့ ထင်းနဲ့ တွဲရက်ကြီးဘဲ၊ မီးစာနဲ့ မီးတောက် တွဲရက်ကြီးပါ၊ (မှန်လှပါဘုရား)။

အဲဒီလိုဘဲ ရုပ်နာမ်နှစ်ပါးက လောင်စာကြီး ထားလိုက်တာပေါ့၊ လိုချင်တဲ့ သမုဒယကလေးက မီးဆိုပါတော့၊ ဒါဖြင့် ခင်ဗျားတို့ ခန္ဓာမှာ လောင်စာနဲ့မီး တွဲရက်ကြီးဘဲ၊ သမုဒယနဲ့ ဒုက္ခ တွဲရက်ဘဲ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။ အဲဒါ ဘဝများစွာ သံသရာက လူ့လောက နတ်လောက ဗြဟ္မာလောက သံသရာ အဆက်ဆက်က ဘာတွေများ ဖြစ်၍ ဘာတွေ ပျက်ခဲ့ပါသလဲလို့ မေးရင် သမုဒယနဲ့ ဒုက္ခဖြစ်၍ သမုဒယနဲ့ ဒုက္ခ ပျက်ခဲ့တယ်လို့ မှတ်လိုက်၊(မှန်လှပါဘုရား)။

သစ္စာနှစ်ပါး ဖြစ်၍ သစ္စာနှစ်ပါး ပျက်တယ်၊ ဘာ့မှ အပို မပါဘူး၊(မှန်ပါ) ဒုက္ခရောက်ကြောင်းနဲ့ ဒုက္ခရောက်ကျိုး၊ ဒါချည်းဘဲ၊ (မှန်ပါဘုရား) ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး၊ ဒါချည်းဘဲ၊ (မှန်ပါဘုရား) ဆင်းရဲအောင်လုပ်လိုက် ဆင်းရဲလိုက်၊ (မှန်ပါဘုရား) ဆင်းရဲအောင် လုပ်နေတာကိုး၊ ကိုယ့်အထင်က ချမ်းသာအောင် လုပ်တယ်လို့ ထင်နေတာကိုး၊ ရုပ်နာမ်နှစ်ပါ းရလာရင် ကောင်းလိမ့်မယ်၊ ကောင်းလိမ့်မယ် ထင်ထင်နေတော့ ဖြစ်အောင်ချည်းဘဲ လုပ်လုပ်နေတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဖြစ်အောင်လုပ်လို့ ဖြစ်လိုက်၊ ဖြစ်ပြီးပျက်သွားလိုက်၊ ဖြစ်အောင်လုပ်လို့ကလဲ မဆုံး၊ဖြစ်ပြီး ပျက်လို့ကလည်း မဆုံး၊ ဒီလိုဘဲ သံသရာမှာ လာခဲ့ပါလား ယောဂီတို့၊ လာခဲ့တဲ့ လမ်းစဉ် ပြန်ကြည့်တော့ အတော်ဆိုးနေတယ်၊ (ဆိုးပါတယ် ဘုရား)။

အဲဒီဒုက္ခနဲ့ သမုဒယ နှစ်ပါးကို အမိုက်သစ္စာ အမှောင်သစ္စာလို့ မှတ်လိုက်ပေတော့။

နိရောဓနဲ့ မဂ္ဂသစ္စာ နှစ်ပါးကိုတော့ အလိမ္မာသစ္စာ အလင်းသစ္စာလို့ မှတ်လိုက်ပါ၊ (မှန်ပါဘုရား) ဘဝတိုင်း ဘဝတိုင်းတွင် သမုဒယသည် ဒုက္ခဖြစ်လိမ့်မယ်လို့ သိခဲ့ရဲ့လား၊ (မသိခဲ့ပါဘုရား)မသိခဲ့ဘူးဆိုကထဲက ခင်ဗျားတို့မှာ အလင်းရောင်မဂ္ဂသစ္စာ တခါမှ ရင်ထဲကို မရောက်ခဲ့ဘူး၊(မှန်ပါ)။

အလင်းရောင် တခါမှ မရခဲ့ဘူး၊ (မှန်လှပါ) အမှန်ကို တခါမှ မသိခဲ့ဘူး။ (မှန်လှပါ) မှားပြီးရင်း မှားရင်းဘဲ၊

(မှန်လှပါ) မိုက်ပြီးရင်း မိုက်ရင်း၊ (မှန်လှပါ) မှောင်ပြီးရင်း မှောင်းရင်းဘဲ၊ (မှန်လှပါ) အဆိပ်သောက်လိုက် သေလိုက် အဆိပ်သောက်လိုက် သေလိုက်နဲ့ ဒါနဲ့ အချိန် ကုန်ခဲ့တယ်၊ (မှန်ပါဘုရား)။

ကဲဒါဖြင့် သစ္စာနှစ်ပါး ခင်ဗျားတို့ ခန္ဓာမှာ တွေ့ပါပြီ၊ ဒုက္ခသစ္စာ ဆိုတာလဲ ဒီရုပ်နာမ် နှစ်ပါးစု ခန္ဓာကိုယ်ကြီးကို ဟောလိုက်တယ်၊ သမုဒယသစ္စာ ဆိုတာလည်း ခင်ဗျားတို့ ခန္ဓာထဲက "ချင်"တဲ့ သဘောကလေးဘဲ၊။

ဒီသမုဒယနဲ့ ပေါင်းနေသမျှ နောက်က ဒုက္ခဘဲလာမယ်၊ ဒီသမုဒယ ဘာ့ကြောင့် လိုချင်ပါလိမ့်မလဲ ဆိုတော့ မသိလို့တဲ့၊ ပိုးဖလံက ဘာဖြစ်လို့ မီးကိုတိုးသလဲ၊ (မသိလို့ပါ ဘုရား) မီးမှန်းကိုသူမသိ၊လောင်သေလိမ့်မယ်လို့ သူမသိ၊ဉာဏ်မျက်လုံး ကန်းနေရှာတယ်၊ (မှန်လှပါဘုရား)။

အဲဒီလို ဘုန်းကြီးတို့ အားလုံးသော သတ္တဝါတွေမှာ လည်း သုံးဆယ့် တဘုံလောကမှာ ရုပ်နာမ်ဖြစ်လာလို့ ရှိရင် လှချမ်းသာ နတ်ချမ်းသာဖြစ်တယ်လို့ အထင်မှားလိုက်တယ်၊ (မှန်ပါဘုရား)။

ဖြစ်မှာက ဒုက္ခမီး၊ မီးလောင်မှာကို မမြင်ဘူး၊ အိုဘေး နာဘေး သေဘေး အမှဲ့ဘေးနဲ့ ကြုံပါလိမ့်မယ် ဆိုတာကို မမြင်ဘူး၊ (မှန်ပါ) လူချမ်းသာ နတ်ချမ်းသာလို့ ထင်လိုက် ဘယ်၊ ပိုးဖလံက - မီးရောင်ကို ရွှေတောင် ထင်သလိုပေါ့၊ (မှန်လှပါဘုရား)။

အဲဒီတော့ မသိလို့ ရအောင်လုပ်တယ်၊ ရအောင်လုပ်တော့ ဒုက္ခ ရဒါပေါ့၊ ဒါကြောင့် ကိုယ့်ဒုက္ခ ကိုယ်ခံလိုက်ပေတော့၊ မိုက်ပြစ် ခံရတယ်ဆိုတာ အသေအချာ သိပြီပေါ့၊ (မှန်ပါဘုရား)။

ကိုင်း-လိုက်ဆိုကြ....

"မသိတော့ လိုချင်၊ လိုချင်တော့ ရအောင်လုပ်၊
ရအောင်လုပ်တော့ ရ၊ ရနေတာက ဒုက္ခ"

ဒုက္ခကို ဒုက္ခမှန်းမသိတော့ နောက်ထပ်ပြီး လူ့ဘဝ နတ်ဘဝ ပြဟ္မာဘဝတွေကို ထပ်တောင်းပြန်ရော၊ အိမ်တွေ တိုက်တွေ ကားတွေ စိန်တွေ ရအောင် လုပ်ပြန်ရော၊ ဒုက္ခမှန်း မသိဘူး၊ မသိတော့ နောက်ထပ် လိုချင်ပြန်တယ်၊ လိုချင်ဇတော့ ရအောင်လုပ်၊ ရအောင်လုပ်တော့ ရ၊ ဒုက္ခတွေ ရလာပါလိမ့်အုံးမယ်၊ (မှန်ပါဘုရား)။

ကဲ-လိုက်ဆိုကြ....

"ရနေတာက ဒုက္ခ၊ ဒုက္ခ ဒုက္ခမှန်းမသိ၊ မသိတော့
လိုချင်ပြန်၊ လိုချင်တော့ ရအောင်လုပ်၊ ရအောင်
လုပ်လို့ ရ၊ ရနေတာက ဒုက္ခ"။

အဲဒါ ရအောင်လုပ်လို့ ရနေတာ၊ ရအောင် ဘာလို့လုပ်သလဲ၊ (လိုချင်လို့ပါဘုရား) လိုချင်တာက သိလို့လား-မသိလို့လား၊ (မသိလို့ပါ ဘုရား) ဘာ မသိလို့လဲ၊ (ဒုက္ခရမယ်ဆိုတာ မသိလို့ပါ ဘုရား) အိုဒုက္ခ နာဒုက္ခ သေဒုက္ခ အကဲ့ဒုက္ခ တွေ့ရပါလိမ့်မယ်ဆိုတာ မသိလို့ဘဲ၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ယောဂီတို့ "အသိတလုံး အမြတ်ဆုံးဘဲ" အသိဉာဏ် ကင်းနေကြတဲ့ သတ္တဝါတွေဘဲ၊ ဘုရားပွင့်လာတာ ဒီအသိဉာဏ်ပေးမယ်လို့ ပွင့်လာတာဘဲ၊ အမြင်မှန် အသိမှန် ဒီသိလုံးတွေက အဘိုးမဖြတ်နိုင်ဘူး၊ (မှန်လှပါတယ်ဘုရား)။

ဒါကြောင့် ဘဝအဆက်ဆက်က အမိုက် သစ္စာ တွေ နဲ့ ပေါင်းလာကြတာမို့ အခုတော့ဖြင့် မဂ္ဂသစ္စာနဲ့ ပေါင်းပါတော့၊ မဂ္ဂဆိုတာ ပါဠိစကား ဖြစ် နေ တယ်၊ မြန်မာလို ပြန်လိုက်ကြပါစို့။

ကဲ-လိုက်ဆိုကြ....

မဂ္ဂဆိုတာက ကိလေသာကို သတ်လို့ နိဗ္ဗာန်သို့သွားတာ၊ သစ္စာဆိုတာ အမှန်ပါ၊ မဂ္ဂသစ္စာ ကိလေသာကို သတ်လို့ နိဗ္ဗာန်သွားတာ အမှန်ပါ။

ကိလေသာကိုသတ်ပြီး နိဗ္ဗာန်ကိုသွားတဲ့ သစ္စာကို မဂ္ဂသစ္စာလို့ ခေါ်ပါတယ်၊ (မှန်လှပါ)။

မဂ္ဂသစ္စာကို ရှင်း သ ထက် ရှင်း အောင် ဟောပြမယ်၊ ခင်ဗျားတို့ခန္ဓာမှာ ရုပ်နဲ့နာမ် နှစ်ပါး ရှိပါတယ်၊ ရုပ်နဲ့နာမ် နှစ်ပါးက ဒုက္ခသစ္စာကြီး ဖြစ်နေတယ်၊ ဒီ ဒုက္ခသစ္စာထဲမှာ နာမ်ဆိုတဲ့ စိတ်ကလေးက သ မု ဒ ယ သစ္စာ ဆို တဲ့ "ချင်" ကလေးနဲ့ အမြဲ ပေါင်းနေတယ်၊ ဒီစိတ်ကလေးက ဘာနဲ့ ပေါင်းနေပါလိမ့်၊ (ချင် ဆိုတဲ့ သမုဒယနဲ့ အမြဲပေါင်းနေပါတယ်ဘုရား)။

သမုဒယရဲ့ အ ကျိုး သည် ဒုက္ခ ကြီး ဘဲ ဖြစ်နေတယ်၊ ဒါကြောင့် ဘုရားသခင်က မင်းတို့ရဲ့ စိတ်ကလေး နာမ်

ကလေးဟာ သမုဒယ တဏှာ "ချင်"နဲ့ အမြဲ ပေါင်းနေတယ်၊ ဘာကြောင့်လဲ၊ (မသိလို့ပါ)မသိလို့ လိုချင်၊ လိုချင်လို့ ရအောင်လုပ်၊ ရအောင်လုပ်လို့ ရ၊ ရနေတာက ဒုက္ခကြီးဘဲ၊ "ချင်"နဲ့ပေါင်းလို့ ဒုက္ခတွေ၊ ဒုက္ခနဲ့ကြုံ ဒုက္ခနဲ့ ရင်ဆိုင်ပြီး ဒုက္ခတွေ ပင်လယ် ဝေနေပါတယ်တဲ့၊ (မှန်ပါတယ်ဘုရား) ဒါကြောင့် ယောဂီတို့ရဲ့ နာမ်ဆိုတဲ့ စိတ်ကလေးကို မဂ္ဂနဲ့ ပေါင်းပါ၊ (မှန်လှပါဘုရား) ရှင်းကြရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

မဂ္ဂသစ္စာနဲ့ ပေါင်းပါဆိုတော့မှ ဘယ်လို ပေါင်းရပါ့မလဲ မေးစရာ ရှိတယ်၊ မဂ္ဂသစ္စာဆိုတာ ပုဗ္ဗဘာဂမဂ် ဝိပဿနာဉာဏ်ကို ပြောတာပါ၊ဝိပဿနာဉာဏ်သည် မဂ္ဂသစ္စာဘဲလို့ မှတ်လိုက်၊လောကီသစ္စာပေါ့ဗျာ၊ (မှန်လှပါဘုရား)။

ပေါင်းပုံကတော့ ယောဂီတို့ ခန္ဓာကိုကြည့်၊ ပူတဲ့ဓာတ်ကလေး ပေါ်လာတော့ ရင်ကနေပြီး စိတ်ကလေးနဲ့ ဘယ်လို ရှုလိုက်တယ်၊ ပူတာလို့ ရှုသလား၊ ယောကျ်ား ကလေးလို့ ရှုသလား၊ (ပူတာကို ရှုပါတယ် ဘုရား) မိန်း ကလေးကို ရှုသလား၊ ပူတာကို ရှုသလား၊ (ပူတာကို ရှုပါတယ်ဘုရား)။

ဒါဖြင့် ပူတာလို့ သိလိုက်တာနဲ့ ယောကျ်ား၊ မိန်းမ- ပျောက်ထွက်သွားတယ်၊ (မှန်ပါ ဘုရား) ခေါင်း - ကိုယ်- ခြေ - လက် - ဒူး - တတောင်-ပေါင်ဆိုတဲ့ အစွဲတွေ ပျောက် ထွက်သွားပြီ၊ (မှန်ပါဘုရား) ပူတာ ဓာတ်သဘောကလေး ပါလားလို့ အမှန်ကို သွားမြင်လိုက်တယ်၊ (မှန်လှပါ)။

ဒါဖြင့် ပုမှန်း သိတာ ကလေးက ငါ သိတာလား၊ နာမ်က သိတာလား၊ (နာမ်က သိတာပါ ဘုရား) ယောကျ်ား-မိန်းမ-က သိတာလား၊ နာမ်က သိတာလား၊ (နာမ်က သိတာပါဘုရား) နာမ်က သိပါတယ် ဆိုကထဲက ယောကျ်ား-မိန်းမ-က သိတာ ဆိုတဲ့ အစွဲ ပျောက်ကွယ် သွားပြီ၊ (မှန်ပါတယ် ဘုရား) ပုတာကလည်း ခဏ်၊ သိတာကလည်း ခဏ်၊ ခဏ်နှစ်ခုပါကလား၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ပုတာကလေးကလည်း ခဏ်တရားသဘောကလေး၊ သိတာကလေးကလည်း နာမ်ခဏ်တရားသဘောကလေး ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား၊ (မပါပါ ဘုရား)မပါခြင်း ကြောင့် လောဘလည်း မဖြစ်၊ ဒေါသလည်း မဖြစ်၊ မောဟ လည်း မဖြစ်ဘူး၊ (မှန်လှပါဘုရား) တဏှာ မာန ဒိဋ္ဌိလည်း မဖြစ်ဘူး၊ (မှန်လှပါဘုရား)။

ယောကျ်ား-မိန်းမ- ပုဂ္ဂိုလ် သတ္တဝါ ပါလာရင် တဏှာ မာန ဒိဋ္ဌိ ဖြစ်ကုန်ရော၊ (မှန်လှပါဘုရား)ဖြစ်ပုံ ဟောမယ်၊ (မှန်ပါ) ပုတာကလေးကို ငါပါဘဲလို့ အဲဒီလို သွားစွဲရင် ဒိဋ္ဌိစွဲဘဲ၊ အကုသိုလ်ဝင်ပြီး၊ တိုးပူလာရင် ငါတော့ ဒုက္ခ ရောက်လေမလားဆိုပြီး သောက စိုးရိမ်မှုတွေ လာပြန်ပြီ၊ သောကဆိုကတည်းက အကုသိုလ်တွေ ဖြစ်နေပြီ၊ ခန္ဓာမှာ အလွန်အေးတာ တွေ့ပြန်တော့ ငါ့အေးလိုက်တာ အေးလိုက် တာနဲ့ ဒိဋ္ဌိအကုသိုလ်တွေ ဒုက္ခ ဝေဒနာတွေနဲ့ တွေ့နေပြီ။

အလွန်အေးနေရာမှာ အပူဓာတ်ကလေးက ရောက်လာပြန်တော့ အခုမှဘဲ ငါ့မှာ သက်သာတော့တယ် ဆိုတော့ အေးတာကလေး ပျောက်ပြီး ပူတာကလေး ရောက်လာတော့ ခင်ဗျားတို့က သဘောကျတယ်၊ငါ ချမ်းသာသွားတာကိုး၊ ငါအေးနေရာက ပူတာကလေးရောက်လာပြီး အေးတဲ့ ဝေဒနာပျောက် ပူတာရောက်လို့ သဘောကျသွားတယ်ဆိုတော့ လောဘ ဖြစ်တယ်၊ (မှန်လှပါဘုရား)။

ယောကျ်ား မိန်းမ မပါဘဲ ပူတာသည် ဓာတ်၊ သိတာတွေ ဓာတ်တွေပါ ကလားလို့ ရှုလိုက်တော့ ပူတာထဲမှာ ယောကျ်ား မိန်း ပါအုံးမလား၊ (မပါပါဘုရား) ကဲ ဒါဖြင့် ပူတာကို ယောကျ်ား မိန်းမ ငါ သူတပါးမပါရင် ချစ်တဲ့စိတ် လာအုံးမလား၊ (မလာပါဘုရား)မုန်းတဲ့စိတ် လာအုံးမလား၊ (မလာပါဘုရား)။

ဒါဖြင့် ပူတာကို ငါဘဲဆိုတဲ့ ဒိဋ္ဌိအစွဲ လာသေးသလား၊ (မလာပါဘုရား) ဘာဖြစ်လို့ မလာသလဲဆိုရင် ပူတာဟာ ဓာတ်ဘဲလို့ ဝိဇ္ဇာဉာဏ် ဝိပဿနာဉာဏ်နဲ့ ရှုသိနေတာကိုး၊ (မှန်လှပါ) ဝိဇ္ဇာဉာဏ် ခင်ဗျားတို့ နာမ်မှာ ကပ်နေပြီ၊ မဂ္ဂသစ္စာ ဝင်နေပြီ၊ မဂ္ဂသစ္စာနဲ့ ပေါင်းနေတဲ့အတွက် ငါ သူ ပုဂ္ဂိုလ် သတ္တပါ လူ နတ် ဗြဟ္မာ ခေါင်း ကိုယ် ခြေ လက် ယောကျ်ား မိန်းမဆိုတဲ့ အယူမှား ဒိဋ္ဌိတွေ အကုန်စင်တယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် မှတ်တိုင်းမှတ်တိုင်း ဝိဇ္ဇာလား- အဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာ ဝိပဿနာဉာဏ် ဝင်တိုင်းဝင်တိုင်း ငါ

သူ လူ နတ် ဗြဟ္မာ သတ္တဝါ ပုဂ္ဂိုလ် ဒိဋ္ဌိစွဲ ပြုတ် မပြုတ်၊ (ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိ ကွာနေတယ်၊ ဒိဋ္ဌိကွာသွားခြင်းဖြင့် နောက်က လောဘ ဒေါသ မောဟတွေ လာ-မလာ၊ (မလာပါဘုရား)။

ပူ- သိ- ပျက်၊ ပူ- သိ ပျက်ချည်းဘဲ မြင်နေတော့ ပူတာလဲခေတ်၊ သိတာလဲခေတ်၊ မှတ်ပြီး ပျက်တယ်၊ ဖြစ်ပြီး ပျက်တယ်၊ ခေတ်ကလေးတွေ ဖြစ်ပျက်နေတာပါကလား၊ ဖြစ်ပျက်နေတာပါ ကလားလို့ မြင်တော့ လောဘက လာသေးသလား၊ (မလာပါဘုရား) ဒေါသကော လာသေးရဲ့လား၊ (မလာပါဘုရား) ရုပ်မှန်း နာမ်မှန်းမသိတဲ့ အဝိဇ္ဇာ လာသေးရဲ့လား၊ (မလာပါဘုရား)။

ဝိဇ္ဇာရောက်နေလို့ အဝိဇ္ဇာပျောက်နေတာပါဘဲ၊ ဝိဇ္ဇာလဲ ရောက်ရော အဝိဇ္ဇာရဲ့နောက်လိုက်ဖြစ်တဲ့ တဏှာမာန ဒိဋ္ဌိတွေလဲ ပျောက်ရော၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ-တကာမတို့ တိုတိုဘဲ မှတ်လိုက်ပါတော့၊ မှတ်တိုင်း မှတ်တိုင်း အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဉာဏ် မဂ္ဂသစ္စာ ရောယ်တယ်၊ (မှန်လှပါဘုရား) မဂ္ဂသစ္စာ ရောက်တိုင်း ရောက်တိုင်း တဏှာ မာန ဒိဋ္ဌိ ပျောက်တယ်။

ဒါကြောင့် ဝိပဿနာဉာဏ်သည် မဂ္ဂသစ္စာ ဖြစ်တယ်၊ ဒီမဂ်နဲ့ ယောဂီတို့ စိတ် ကလေး ပေါင်းနေ တယ် ဆိုရင် သံသရာ နယ်ချဲ့သမားကြီးတွေ တဏှာ မာန ဒိဋ္ဌိ ပျောက်နေပါတယ်၊ ပျောက်တိုင်း ပျောက်တိုင်း နိဗ္ဗာန်နဲ့ နီးတယ်လို့ မှတ်လိုက်ပါ၊ (မှန်လှပါ) ဒါကြောင့် တကာ-တကာမတို့

အားကိုးစရာသည် မဂ္ဂသစ္စာလို့ မှတ်ပေတော့၊ ဝိပဿနာ ဉာဏ်လို့ မှတ်ပေတော့၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ပူတာလို့ တမှတ် မှတ်လိုက်တော့ လောဘ လာသေးသလား၊ (မလာပါဘုရား) မလာရင် ဒီလောဘ ကြောင့် ဖြစ်ရမဲ့ နောက်ဒုက္ခတွေ လာအုံးမလား၊ (မလာ ပါဘုရား) ဒုက္ခငြိမ်း ဒုက္ခသိမ်း နိဗ္ဗာန်လို့ မှတ်ပေတော့၊ (မှန်လှပါဘုရား) ရုပ်နာမ်ဇာတ်သိမ်း နိဗ္ဗာန်လို့ မှတ်တော့၊ (မှန်လှပါဘုရား)။

ဘာ့ကြောင့် ဒီလောဘပျောက်ပါလိမ့်မလဲ၊ (မဂ္ဂနဲ့ပေါင်း နေလို့ပါ) ခင်ဗျားတို့ စိတ်ကလေးဟာ ဝိပဿနာဉာဏ် မဂ္ဂသစ္စာနဲ့ ပေါင်းနေရင် လောဘလည်း ပျောက်တယ်၊ ဒေါသလည်း ပျောက်တယ်၊ ဒိဋ္ဌိလည်း ပြုတ်တယ်၊ အဝိဇ္ဇာ လည်း အနားမကပ်နိုင်ဘူး၊ (မှန်လှပါ)။

ကဲ-ဒါဖြင့် သံသရာ နယ်ချဲ့သမားတွေ ပျောက်နေပြီ ဖြစ်သောကြောင့် နောက်က ဒုက္ခသစ္စာတွေ လာအုံးမလား၊ (မလာတော့ပါဘုရား)ဒုက္ခငြိမ်းရင် နိဗ္ဗာန်ဘဲ၊ (မှန်ပါဘုရား)

အဲဒါ နိရောဓသစ္စာဘဲ၊ နိရောဓ သစ္စာဆိုတာ ဒုက္ခ ငြိမ်းတာ၊ အို-နာ-ဇာတ်သိမ်းတာပါဘဲ၊ တဏှာ ငြိမ်းတာ နိဗ္ဗာန်ပါဘဲ၊ အဲဒီ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာသည် အကျိုး တရားပါ၊ ဘာ့ကြောင့် ဒီ အို-နာ-သေ-လွတ်တဲ့ အကျိုးကြီး ရပါလိမ့်မလဲလို့ မေးတော့မှ ခင်ဗျားတို့ နာမ်ကလေးက မဂ္ဂသစ္စာနဲ့ ပေါင်းလို့၊ (မှန်လှပါဘုရား)။

ဇူလိုင်ဘဿသယ ၅၈၆-၇၂

ခင်ဗျားတို့ စိတ်ကလေး နာမ်ကလေးကို မဂ္ဂသစ္စာနဲ့ ပေါင်းရင် နိရောဓသစ္စာရမယ်၊ နိဗ္ဗာန်ကိုရမယ်၊ (မှန်လှပါဘုရား)ခင်ဗျားတို့ စိတ်ကလေးက သမုဒယနဲ့ ပေါင်းရင် ဒုက္ခရမယ်၊(မှန်လှပါဘုရား)ရှင်းကြပလား၊(ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့်ရင် အပေါင်းမှန်ရန်အတွက် အခုသာသနာကြီးနဲ့ တွေ့ပါပြီ ဝိပဿနာဉာဏ်နဲ့ တွေ့ပါပြီ၊ ဝိပဿနာမဂ္ဂသစ္စာနဲ့ ပေါင်းလိုက်ရင် သုခသစ္စာ နိဗ္ဗာန်ရမယ်၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့်ရင် ပေါင်းရမဲ့သစ္စာလည်း သိပါပြီ၊ (သိပါပြီဘုရား) အပေါင်းမှားလာတာလည်း သိပါပြီ၊ (သိပါပြီဘုရား) ခင်ဗျားတို့ခန္ဓာမှာ ဒုက္ခနဲ့သမုဒယနဲ့ အမြဲနေသည်ဖြစ်လေသောကြောင့် ခင်ဗျားတို့မှာ တချက်ကလေးမှ တမိနစ်ကလေးမှ တစက္ကန့်ကလေးမှ မအေးကြရဘဲ တဆွေးထဲဆွေး၊ တပူထဲပူ၊ တကြောင့်ကြကြ၊ တစိုးရိမ်ရိမ်၊ အိုဘေးနာဘေး သေဘေးတွေ ကြုံနေတယ်ဆိုတာ၊ သမုဒယနဲ့ အပေါင်းမှားလို့ဘဲ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒီဒုက္ခတွေ သိမ်းချင်တယ်၊ ငြိမ်းချင်တယ်ဆိုရင် မဂ္ဂသစ္စာ ဝိပဿနာနဲ့ ပေါင်းပါ၊ တစက္ကန့် တမှတ်နဲ့ ပေါင်းရင်၊ တစက္ကန့်တမှတ် ချမ်းသာတယ်လို့ မှတ်လိုက်၊ တနာရီပေါင်းရင် တနာရီငြိမ်းတယ်လို့ မှတ်လိုက်၊ အဲဒီလို ပေါင်းနေရင်းကနေပြီး ပုဗ္ဗဘာဂမဂ်နောက် ပစ္ဆာဘာဂ အရိယာမဂ်အစစ်ဝင်လာရင်၊ ဒိဋ္ဌိဟာ သေခန်းပြတ် ရှင်ခန်းပြတ် ငြိမ်းပြီလို့ မှတ်လိုက်၊(မှန်ပါဘုရား)။

ကဲဒါဖြင့် ပေါင်းရမှာက မဂ္ဂသစ္စာ၊ မပေါင်းရမှာက သမုဒယသစ္စာ၊ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား) မဂ္ဂသစ္စာနဲ့ ပေါင်းရင် နိရောဓသစ္စာ နိဗ္ဗာန်ရမယ်လို့ မှတ်လိုက်၊ (မှန်ပါ ဘုရား)။

နိဗ္ဗာန်-နိဗ္ဗာန် ဆိုတာ တခြားမဟုတ်ဘူး၊ တိုတို မှတ်လိုက်ပါတော့၊ တကာ-တကာမတို့ ခင်ဗျားတို့ ရထားတာ ယခုလက်ရှိ ခန္ဓာကိုယ်ကြီးက ဇာတိပိ ဒုက္ခသစ္စာ အိုခြင်း ဒုက္ခသစ္စာ နာခြင်းဒုက္ခသစ္စာ သေခြင်း ဒုက္ခသစ္စာဘဲ။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာမှာ ဒုက္ခချည်းဘဲ သုခမရှိဘူး၊ ဒုက္ခသစ္စာ တရားကို ကောက်ပြပါဆိုတော့ ရုပ်နဲ့နာမ်ဘဲ၊ (မှန်ပါ) ရုပ်နာမ် ဇာတ်သိမ်းတာ နိရောဓသစ္စာ မှတ်လိုက်၊ တဏှာဇာတ်သိမ်းတာ နိရောဓ သစ္စာဘဲ၊ (မှန်လှပါဘုရား) ရုပ်နာမ်ဖြစ်ရင် ဒုက္ခဖြစ်ပြီ၊ (မှန်လှပါ) ဒါဖြင့် ရုပ်နာမ် မဖြစ်တော့ဘူးတဲ့၊ ဒုက္ခငြိမ်းပြီ၊ (မှန်လှပါဘုရား)။

ဒါကြောင့် နိရောဓသစ္စာသည် တိုတိုပင် မှတ်လိုက်ပါတော့၊ အအို - အနာ -အသေ အေးငြိမ်းတာ နိရောဓသစ္စာ နိဗ္ဗာန်ပါဘဲ၊ တဏှာဇာတ်သိမ်းတာ နိရောဓသစ္စာ နိဗ္ဗာန်ပါဘဲ၊ (မှန်ပါဘုရား၊) အို -နာ- သေနေတာ ရုပ်နာမ် နှစ်ပါးပါဘဲ၊ ခန္ဓာငါးပါးပါဘဲ၊အာယတန တဆယ့်နှစ်ပါးပါဘဲ၊ ဓာတ် တဆယ့်ရှစ်ပါး ပါဘဲ၊ ဒုက္ခ သမုဒယ သစ္စာနှစ်ပါး ပါဘဲ၊ ပဋိစ္စသမုပ္ပါဒ်ပါဘဲ၊ ၂၄-ပစ္စည်းပါဘဲ၊ တကာ-တကာမတို့၊ (မှန်လှပါဘုရား)။

စာတတ်ရင် အမျိုးမျိုး ပြောလို့ရတယ်၊ အို - နာ - သေ ဇာတ်သိမ်းတယ် ဆိုတာနဲ့ ရုပ်နာမ်ဇာတ်သိမ်းတယ် ဆိုတာ အတူတူပါဘဲ၊ အို-နာ-သေ ဇာတ်သိမ်း ငြိမ်းတယ်ဆိုတာနဲ့ ခန္ဓာဇာတ်သိမ်း ငြိမ်းတယ်ဆိုတာနဲ့-အတူတူပါဘဲ၊ (မှန်လှပါဘုရား)။

ဒီကနေ့ သစ္စာလေးတန် တရားမှန် ဖော်လိုက်ပြီ၊ ဒုက္ခနှင့် သမုဒယ ခင်ဗျားတို့ ခန္ဓာမှာ အမြဲရှိတယ်၊ မဂ္ဂနဲ့ နိရောဓသစ္စာ နှစ်ပါးက ကွယ်နေတယ်၊ အေးငြိမ်း ချမ်းသာခွင့် လိုချင်ရင် မဂ္ဂသစ္စာနဲ့ ပေါင်းပေတော့၊ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား) ပေါင်းရမဲ့သစ္စာ မပေါင်းရမဲ့သစ္စာ သိပြီလား၊ (သိပါပြီဘုရား)။

ဒီနေ့ တရားပွဲလဲ သိမ်းပြီဖြစ်၍ ဒို့လဲသိပြီးပြီလို့ ဒီနေရာလေးတွင် မရပ်ပါနဲ့ (မှန်ပါ) လျောင်း-ထိုင်-ရပ်-သွား-ဣရိယာပထ လေးပါးကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတော်မူပါတယ်၊ (မှန်ပါဘုရား) ဣရိယာပထပဗ္ဗဆိုတာ ဝိပဿနာအလုပ်သည် အနေမရွေးနဲ့၊ အနေမရွေးနဲ့ဆိုတာ တခြားပြောတာ မဟုတ်ဘူး တကာ-တကာမတို့။

' ထိုင်နေရင်းလဲ အားထုတ်လို့ဖြစ်တယ်၊ လမ်းသွားရင်းလဲ အားထုတ်လို့ဖြစ်တယ်၊ အိပ်နေရင်းလဲ အားထုတ်လို့ရတယ်၊ ရပ်နေရင်းကော၊ (ဖြစ်ပါတယ်ဘုရား) ချက်ရင်း ပြုတ်ရင်းကော၊ (ဖြစ်ပါတယ်ဘုရား) သွားရင်း လာရင်းကော၊

(ဖြစ်ပါတယ်ဘုရား) ကားပေါ်မှာကော(ရပါတယ်ဘုရား) သတိစိတ်သာလျှင် ပဓာနပါဘဲ၊ (မှန်လှပါ ဘုရား)။

ဒါကြောင့် တရားထိုင်တယ် ဆိုတာကို တိုတိုရှင်းပြမယ်၊ ပူတာသည် လူလား- တရားလား၊ (တရားပါ ဘုရား) ပူတဲ့ဓာတ်ကလေးသည် ယောကျ်ားလား - မိန်းမလား - တရားသဘောကလေးလား၊ (တရားပါ ဘုရား) လှုပ်တာကလေးသည် ယောကျ်ားကလေးလား - မိန်းမကလေးလား - တရားသဘော ကလေးလား၊ (တရားသဘော ကလေးပါ) အဲဒီလှုပ်တာ ကလေးကို စိတ်ကလေးက လှုပ်တာ လှုပ်တာလို့ရှုနေတော့ ဟောဒီ စိတ်ကလေးဟာ ယောကျ်ားလား-မိန်းမလား- စိတ်ကလေးလား၊ (စိတ်ကလေးပါဘုရား)။

စိတ်တရားပေါ့၊ သိတဲ့ တရား သဘောကလေးပေါ့၊ (မှန်ပါ့ဘုရား) အဲဒီသဘောကလေးက လှုပ်တာ လှုပ်တာလို့ရှုနေတော့ ရှုနေတဲ့ စိတ်ကလေးသည် လှုပ်တာကိုရှုခြင်းကြောင့် လှုပ်တဲ့တရားပေါ်မှာ တည်မနေဘူးလား၊(တည်နေပါတယ်ဘုရား) အဲဒါ တရား ရှုမှတ်တယ်၊တရား ဒႋ ားထုတ်တယ်၊ တရားထိုင်တယ်လို့ ခေါ်ပါတယ်၊ (မှန်လှပါဘ ုရား)။

ပူ-အေး- လှုပ်- ဆင်းရဲ- ချမ်းသာ ဓမ္မတခုခု ပေါ်မှာ မိမိနာမ်ဆိုတဲ့ စိတ်ဓမ္မကလေးကို ကပ်ပြီး ရှုနေတာကို တရားထိုင်တယ် တရားအားထုတ်တယ်၊ ဝိပဿနာ တရားအားထုတ်တယ် ခေါ်တယ်၊ (မှန်ပါဘုရား)။

လျောင်း-ထိုင်-ရပ်-သွား ဣရိယာပထက အရေးမကြီးပါဘူး၊ပေါ်တဲ့တရားပေါ်မှာ မိမိစိတ်ကလေးက ကပ်သိနေဖို့ ရှုနေဖို့ အရေးကြီးတယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ထိုင်နေရင်း လမ်းလျှောက်ရင်း အိပ်နေရင်း ရပ်နေရင်း ချက်ပြုတ်နေရင်း လျှော်ရင်းဖွတ်ရင်း တရားအားထုတ်၍ ရ-မရ၊ (ရပါတယ်ဘုရား)။

နေ့-ည ရွေးရအုံးမှာလား၊ (မရွေးရပါဘူးဘုရား)။

ဒါကြောင့် အနေလဲ မရွေးပါနဲ့၊ အချိန်လဲ မရွေးပါနဲ့၊ အလုပ်လဲ မရွေးပါနဲ့၊ နေရာလဲ မရွေးပါနဲ့၊ ခန္ဓာကိုယ်မှာ ပေါ်စရာက ရုပ်နဲ့နာမ်ဘဲ ရှိတယ်၊ (မှန်လှပါဘုရား)။

ပေါ်တဲ့ တရားကလေးပေါ်မှာ သတိ မလစ်စေဘဲ အမြဲတမ်း အားထုတ်သွားမယ်ဆိုရင် တကာ-တကာမတို့ ထမင်းချက်ရင်းလဲ တရားထူး ရနိုင်တယ်၊ (မှန်လှပါဘုရား) လျှော်ရင်း ဖွတ်ရင်းလဲ တရားရနိုင်တယ်၊ (မှန်လှပါဘုရား) ရောင်းရင်း ဝယ်ရင်းလဲ တရား ရနိုင်တယ်၊ (မှန်လှပါဘုရား)။

အရေးကြီးတာက သတိ အမြဲရှိဖို့ပါဘဲ၊ သတိလက်လွှတ်နေရင် [illegible]ကုန်တရားတွေ ပျောက်နေတာဘဲ၊ သတိထားလိုက်ပြီး သ[illegible]ဝင်လာတာနဲ့ တပြိုင်နက် ငါအမှားတွေနဲ့ အချိန်ကုန်နေပါလား၊ တရားနှလုံး သွင်းအုံးမှပါလားလို့ သတိကပ်လိုက်၊ ကပ်လိုက်တာနဲ့ တပြိုင်နက် စိတ်ကလေးဘာ ဖြတ်ကနဲဆို ပေါ်လာပြီး ခန္ဓာကိုယ်ပေါ်မှာ ပူတာတွေ့ ပူတာ၊ အေးတာတွေ့ အေးတာ၊ လှုပ်တာတွေ့ လှုပ်တာလို့ မှတ်လိုက်တော့ တရားပေါ် စိတ်ရောက်သွားတာဘဲ၊

တရားပေါ် စိတ်ရောက်တာနဲ့ မတရားတွေ ချက်ချင်းပျောက်ပါတယ်၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် သတိဟာ အရေးကြီးပါတယ် ဆိုတာ ဘုန်းကြီးက များများကြီး သတိပေးလိုက်ပါတယ်၊ (မှန်လှပါ)။ ခန္ဓာကိုယ်ကြီးကလဲ ဒုက္ခသစ္စာ ရထားတာ ဆိုတော့ ဒီနေ့ပင် သေခြင်းနဲ့ ဆုံရင်ဆုံမယ်၊ မဆုံဘူးလို့ စိတ်မချရလေသောကြောင့် နောက်နေ့ နောက်လ နောက်နှစ်ကို ရွှေ့နေလို့ မဖြစ်တော့ဘူး၊ ဒီဆရာနဲ့ ဒီတကာ - တကာမတွေ နောက်ထပ် ပြန်တွေ့ပြီး ဒီလို တရားတွေ နာရလိမ့်အုံးမယ်လို့ ကေန်ဆုံးဖြတ်ထားလို့လဲ ရတာမဟုတ်ဘူး၊ (မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကို ကိုယ်ကပိုင်တာမဟုတ်ဘူး၊ အိုမင်း နာမင်း သေမင်းက ပိုင်တယ်၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကို အအို အနာ အသေကပိုင်တယ်၊ သူတို့ ပြုသမျှ ခံနေရတာ၊ ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် သမုဒယကိုပယ်ပြီး မဂ္ဂနဲ့ ပေါင်းကြပေတော့လို့ သတိပေးလိုက်ပါတယ်၊ အားလုံး ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

ကဲ - လက်အုပ်ချီကြ၊ အားလုံးသော တပည့် တကာ-တကာမ သင်သူတော်စင် အပေါင်းတို့အား သစ္စာလေးပါး တရားမှန်ကို မသိကြတဲ့အတွက် အမွဲမွေး အမွဲသေနဲ့ဘဲ သံသရာကြီးထဲမှာ လျှောက်၍ အိုလို့ မဆုံး နာလို့မဆုံး သေလို့မဆုံး၊ အိုလက်စ နာလက်စ သေလက်စ မသတ်နိုင်ဘဲ ဒုက္ခတွေ အဖုံဖုံ

ဆုံပြီးတော့ နေကြရပါတယ်၊ ဘာ့ကြောင့် နေကြရပါသလဲ မေးရင် သစ္စာလေးတန်' တရားမှန်ကို မသိလို့ပါဘဲ။

ဒါကြောင့် ဒီကနေ့ သစ္စာလေးတန် တရားမှန်တို့ကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် သိကြ မြင်ကြ နားလည် သဘော ပေါက်ကြပါစေတော့လို့ ကရုဏာ သန့်သန့်ထား၊ မေတ္တာ များများဖြင့် သစ္စာလေးတန် တရားမှန်တို့ကို ဟောဖော် ညွှန်ကြား ဆုံးမလိုက်ပေသည်။

ဤကဲ့သို့ ဟောဖော် ညွှန်ကြား ဆုံးမလိုက်သော သစ္စာ လေးတန် တရားမှန်တို့ကို ကြားနာ လိုက်ကြရကုန်သော အားလုံးသော သင်သူတော်စင် အပေါင်းတို့မှာ ဤကဲ့သို့ အမှန်တရားတွေကို ကြားနာလိုက်ရတာ မိမိတို့အတွက် အသိ ခေတ် အလိမ္မာခေတ်တွေ တိုးပြီး သကာလ တရားနာရတာ တရားအားထုတ်ရတာ အကျိုးများ များခဲ့ပါလျှင် တရား တော်ရဲ့ ဂုဏ်တော်တွေ ကျေးဇူးတော်တွေ ကြီးမားပါပေစွဟု တရားတော်ကို ချီးကျူးသောအလား ဝမ်းမြောက်သော အနေအားဖြင့် သုံးကြိမ် သာဓု-သာဓု-သာဓုလို့ ခေါ်နိုင်ကြ ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု-ပါ ဘုရား)။

ရန်ကုန်မြို့ သမိုင်းရပ် မှရမ်းခြံ

အောင်ဓမ္မရိပ်သာ

အောင်မင်္ဂလာဆရာတော်ဘုရား

၏

ဝိပဿနာ

အောင်

ဓမ္မဒေသနာ

ဒုတိယတွဲ

★

ပဌမတွဲကို ဆက်သက် ထုတ်ဝေရန် အတွက်

ဆောင်ရွက်လျက် ရှိပါသည်။